# ဆန်းလွင်

(ရှင်အာဒိစ္စရံသီ)

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )



ပထမကဏ္ဍ

( စာအုပ် အမှတ် ၁ မှ ၁၀ အထိ )

ဆန်းလွင် ● မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရားစာအုပ် ၃၉ အုပ် အနှစ်ချုပ် (ပထမကဏ္ဍ)

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား
စာအုပ်အမှတ်(၁)မှ အမှတ်(၁၀) အထိ၊
ကျမ်း ၁၀ အုပ်ကို
အနှစ်ချုပ်၍ ဖော်ပြထားသည်။
ဤစာအုပ်တွင် ဆရာတော် ဟောထားသော
တရားအပုဒ်ပေါင်း ၁၃၂ ပုဒ် ပါသည်။
ထို စာအားလုံးကို တစ်ပုဒ်ချင်း အရသာခံ၍
တရားသဘောကို ထိထိမိမိ သိရအောင်
အနှစ်ချုပ် (Digest) ရေးထားပါသည်။
ဤ စာတစ်အုပ်ကို ဖတ်ရလျှင်
မူရင်း စာအုပ်ကြီး ၁၀ အုပ်ကို ဖတ်ရသကဲ့သို့
တရားအရသာ ခံစားရအောင်
တရားအမြင် အားလုံးကိုပါ သိနားလည်အောင်
ဆရာဆန်းလွင် (ရှင်အာဒိစ္စရံသီ) က
ကြိုးပမ်းထားပါသည်။

နန်း ဒေ ဝီ စာ ပေ
အမှတ် ၂၀၀၊ ပထမထပ်၊ ၃၆ လမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၃၈၃၀၂၅၊ ၃၉၁၆၃၃
E-mail:naneizar@myanmar.com.mm

**စာမူခွင့်ပြုချက်အမှတ်**

၄၀၂/၂၀၀၂ (၁၁)

◆

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**

၄၀၁၀၁၉၀၉၀၈

◆

**ပထမအကြိမ်**

၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ

◆

**မျက်နှာဖုံးပန်းချီ**

ကျော်ဖြူစံ

◆

**မျက်နှာဖုံးဒီဇိုင်း**

ချစ်ကြည်

◆

**အတွင်းဖလင်**

AZ

◆

**တန်ဖိုး**

၃၀၀၀ ကျပ်

◆

**အုပ်ရေ**

၅၀၀

◆

**ထုတ်ဝေသူ**

ဦးကျော်ဟင်း၊ ယုံကြည်ချက်စာပေ (၀၉၁၈)

အမှတ် ၁၁၁၊ ၁၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ**

ဦးကျော်ဇင်၊ ခိုင်ရည်မွန်ပုံနှိပ်တိုက် (၀၄၂၂၉)

အမှတ် ၈၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

◆

# ခင်းရှစ်

(ရှင်အာဒိစ္စရံသီ)

# ဖိုးကုတ်ဝိပဿနာ

## အလေ့ပ်စဉ်တရားစာအုပ်

( ၃၉ အုပ် အနှစ်ချုပ် )

ပဌမကဏ္ဍ

( စာအုပ် အမှတ် ၁ မှ ၁၀ အထိ )

# မိုးကုတ်ဆရာတော်ဘုရားကြီး
# ဦးဝိမလ
# (၁၂၆၁–၁၃၂၄)

မန္တလေးတိုင်း၊ မြစ်ငယ်မြို့နယ် (ဒုဋ္ဌဝတီ) ခေါ် မြစ်ငယ်မြစ် တစ်ဖက်ကမ်းရှိ ဉယျာဉ်တော်ရွာတွင် ခမည်းတော် *ဦးအောင်ထွန်း၊* မယ်တော် *ဒေါ်ရွှေအိတ်* တို့မှ သက္ကရာဇ် ၁၂၆၁ ခုနှစ်၊ နတ်တော် လပြည့်ကျော် ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် နှစ်နာရီ မိနစ်သုံးဆယ်အချိန်တွင် ဖွားမြင်တော်မူသည်။ အမည်ရင်းမှာ မောင်လှဘော်ဖြစ်သည်။ အသက် ၉ နှစ်သားအရွယ်တွင် ဉယျာဉ်တော်ရွာ ဝွေးပင်တောရကျောင်းဆရာတော် *ဦးဇာဂရ* ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ် သွတ်သွင်းပြီး ဘွဲ့တော်မှာ **ရှင်ဝိမလ** ဖြစ်သည်။ ကိုရင်ဝိမလ ၁၂ နှစ်သားအရွယ်တွင် သက်န်းတော်ကို ပထမအကြိမ် ပျားစွဲသည်။

အစ်မကြီး အရင်းဖြစ်သူ သီလရှင် *ဒေါ်သုစာရီ* က အမရပူရမြို့ မင်္ဂလာကျောင်းတိုက် ဆရာတော်ကြီး *ဦးသုဇာတ* ထံ အပ်နှံ၍ ဆရာတော်ကြီးနှင့် အဘိဓမ္မာအရာတွင် နာမည်ကျော် *ပထမကျော် ဦးအုန်း* တို့ထံတွင် အဘိဓမ္မာပညာရပ်များကို သင်ယူခဲ့သည်။

၁၂၈၁ ခုနှစ်၊ ဝါဆိုလဆန်း ၈ ရက်နေ့၊ သက်တော် ၂၀ အရွယ်တွင် မင်္ဂလာတိုက် ဆရာတော်ဘုရားကြီးအား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိသည်။ ရဟန်းခံယူသောနေ့ အိမ်မှ ထွက်တော်မူရာတွင် သက်န်းတော်ကို ဒုတိယအကြိမ် ပျားစွဲသည်။

၁၂၈၃ ခုနှစ်တွင် အစ်မဖြစ်သူ သီလရှင် *ဒေါ်သုစာရီ* နှင့် မိုးကုတ်မြို့သူ သီလရှင် *ဒေါ်ဝိစာရီ* တို့က ဒုတိယအကြိမ် သိမ်ထပ်သိက္ခာတင် မင်္ဂလာပြုကြရာမှ မိုးကုတ်ဆရာတော် ဟူသော အမည်တော်ကို ခေါ်ဝေါ်နိုင်ရန် အခြေခံ အကြောင်းတစ်ရပ် ဖြစ်ခဲ့သည်။

၁၂၈၆ ခုနှစ်တွင် ပထမကျော်ဆရာကြီး ဦးအုန်း လက်စမသတ်ခဲ့ရသော နာမည်ကျော် ***'အဘိဓမ္မာတံခွန်ကျမ်းကြီး'*** ကို လက်စသတ် ရေးသားတော်မူသည်။ ***'ယမကမဉ္စရီကျမ်း'*** နှင့် ***'ပုထုဇန အလင်းပြကျမ်း'*** များကိုလည်း ပြုစုတော်မူခဲ့သည်။


ပဋ္ဌိစ္စသမုပ္ပာဒ်တရားတော်ကို မိုးကုတ်ဆရာတော်၏ တရားစာအုပ်များကို ဖတ်ကြည့်မိမှ နားလည်သည်ဟု စာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးများကပင် ချီးကျူးရသည်။

၁၃၀၃ ခုနှစ်မှစ၍ ဒုတိယကမ္ဘာစစ်ကြီးအတွင်း မိုးကုတ်မြို့၌ သီတင်းသုံး နေထိုင်တော်မူသည်။ ၁၃၀၇ ခုနှစ်တွင် ညောင်လေးပင်၊ အမရပူရ၊ မန္တလေးနှင့် မိုးကုတ်မှ တပည့်ဒါယကာ၊ ဒါယိကာမများကို နှီးဆော်ကာ ရန်ကုန်မြို့၊ ဗိုလ်တထောင်စေတီတော်၌ ရတနာစိန်ဖူးတော်ကို တင်လှူတော်မူခဲ့သည်။

၁၃၁၆ ခုနှစ်တွင် *ဒေါ်ဒေါ်အုံ၊ ဒေါ်ဒေါ်ဖုံ* တို့က မိုးကုတ်မြို့တွင် ***'မင်္ဂလာတိုက်'*** ဟု ကမ္ပည်းထိုးကာ တိုက်ကျောင်း ဆောက်လုပ်လှူဒါန်းတော်မူသည်။ စစ်ဘေးစစ်ဒဏ်မှ ပို၍ စိတ်ချရန် မိုးကုတ်မြို့နှင့် ၄ မိုင်ခန့်ဝေးသော ဘော်ဘတန့် တောင်ပေါ်ရွာရှိ ကျောက်လိုဏ်ဂူများတွင် ကြွရောက် သီတင်းသုံးတော်မူသည်။

၁၃၂၄ ခုနှစ် ဝါဆိုလဆန်း ၇ ရက်နေ့တွင် သာသနာရေးဦးစီးဌာနမှ လှူဒါန်း ဆက်ကပ်သည့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို အလှူခံတော်မူသည်။

၁၃၂၄ ခု သီတင်းကျွတ်လပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် တစ်နာရီ မိနစ်နှစ်ဆယ် အချိန်တွင် ခန္ဓာဇတ်သိမ်း၍ အကြွင်းမဲ့ အေးငြိမ်းတော်မူပြီး ဘဝနတ်ထံ ပျံလွန်တော်မူသည်။



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး



ဆန်းလွင် (ရှင်အာဒိစ္စရံ့သီ)

# ဆန်းလွင် (ရှင်အာဒိစ္စရံသီ)

# (၁၉၃၈-၂၀၀၂)

ရခိုင်ပြည်နယ်၊ သံတွဲမြို့တွင် အဘ ဦးဖိုးညွန့်၊ အမိ ဒေါ်လှကြီးတို့မှ ၁၉၃၈ ခု ဇန်နဝါရီ လ ၁၃ ရက်၊ တနင်္ဂနွေနေ့တွင် မွေးဖွားသည်။ အမည်ရင်းမှာ ဦးဆန်းလွင် ပင် ဖြစ်သည်။ ၁၉၆၂ ခုနှစ်တွင် ဒဿနိကဗေဒ ဂုဏ်ထူးဖြင့် ဝိဇ္ဇာဘွဲ့ (ရွှေတံဆိပ်) ရသည်။ မဟာဝိဇ္ဇာတန်း တက်ပြီးနောက် မြစ်ကြီးနား ကောလိပ်နှင့် ရန်ကုန်တက္ကသိုလ်များ၌ ကထိက အဖြစ် အမှုထမ်းဆောင်ခဲ့သည်။

အသက် ၁၈ နှစ်အရွယ်တွင် မိဘရိုးရာ အစ္စလာမ်ဘာသာမှ ခရစ်ယာန် ဘာသာသို့ ဝင်ရောက် လေ့လာပြီး မနှစ်သက်၍ လေးနှစ်အကြာတွင် ခရစ်ယာန် ဘာသာကို စွန့်လွှတ်လိုက်သည်။

အသက် ၂၂ နှစ်တွင် ကွန်မြူနစ်ဝါဒကို လေ့လာပြီး ဘာသာအယူဝါဒများကို စွန့်ပယ်၍ ကမ္ဘာ့အတွေးအခေါ်မျိုးစုံ၊ ဘာသာမျိုးစုံကို လေ့လာသည်။

အသက် ၃၂ နှစ်တွင် ဗုဒ္ဓကိုယ်ကျင့်တရား ပညာကျမ်း ပြုစုရန် ပါမောက္ခ၏ တာဝန် ပေးချက်အရ ကမ္ဘာ့အေး ဗုဒ္ဓဘာသာ တက္ကသိုလ်တွင် ကမ္ဘာ့ဗုဒ္ဓဘာသာကို စတင်လေ့လာသော အခါမှ စ၍ မိမိ ရှာဖွေနေသော သစ္စာဝါဒကို တွေ့ပြီဟု ဝမ်းသာပြီး ပိဋကတ်သုံးပုံ (မြန်မာပြန်) ကို ကုန်အောင် လေ့လာသည်။

၁၉၇၂ တွင် တက္ကသိုလ်က ထွက်ပြီး ရုပ်ရှင်ဒါရိုက်တာ လုပ်သည်။ ဒါရိုက်တာ အဖြစ် *'မျက်နှာငယ်ရမှာက မောင့်ချစ်ဦး'*၊ *'လောကကို အလှဆင်မယ်'*၊ *'မနေ့ာ်ဟာရီအလှ'* ရုပ်ရှင် ဇာတ်ကားများနှင့် ရုပ်ရှင်ဇာတ်ညွှန်း အနေဖြင့် *'ငါ့ညီ ငါ့မြေ ငါ့အမေ'*၊ *'လကွယ်မိုးနှောင်း'* နှင့် *'မသည်းနုရဲ့ သံသရာ'* ဇာတ်ကားများကို ရေးသားခဲ့သည်။ *'ရုပ်ရှင်အနုပညာနှင့် ရုပ်ရှင် အတတ်ပညာကျမ်း'* ကို ဆန်းလွင် အမည်ဖြင့် ပြုစုခဲ့သည်။ *'ဖဲသမား'* (Gambler) အမည်ဖြင့် ပြန်ဆိုခဲ့သော ဘာသာပြန်ဝတ္ထုမှာ ၁၉၆၈ ခုနှစ် အမျိုးသားစာပေဆု၊ ဘာသာပြန် စာပေ စတုတ္ထဆု ရရှိခဲ့သည်။

*လုံးချင်းစာအုပ်များ အနေဖြင့် သျှင်ဥက္ကဋ္ဌသို့ ပြန်ကြားချက်နှင့် ရွှေဥဒေါင်းသို့ ပြန်ကြားချက်၊ ဖီလိုဆိုဖီ ကကြီး ခကွေး၊ ကမ္ဘာ့တွေးခေါ်ရှင်ကြီးများ၊ ဘိုင်းစတိုင်း၊ ဘာထရန်ရပ်ဆယ်၊ တရုတ် တွေးခေါ်ရှင်ကြီးများ၊ ရုရှားတွေးခေါ်ရှင်ကြီးများ၊ တရားတွေ့ဖို့ ချမ်းမြေ့ဖို့ အတွေးအမြင် ဆောင်းပါး များ၊ ကျူရိုးရှင်၊ ထိပ်ဆုံးက စပိုင်၊ ရွှေတောင်တက်ဒဿန၊ ရတနာ သုံးပါးကို ယုံကြည်ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း၊ သစ္စာဉာဏ်ပွင့် ဒဿန၊ သေခြင်း ဒဿန၊ ဂိုးလ်စတိန်း ကိုယ်တွေ့ ဝိပဿနာ (ဦးဟန်ဌေးနှင့် ပူးတွဲရေးသည်)၊ မိုးကုတ် ဝိပဿနာ ရှုနည်း၊ ထေရဝါဒ အုတ်မြစ်များအဖွင့်၊ ဘုံစဉ်စံ ဘဝလမ်းပြ ဒဿန၊ ဗုဒ္ဓဘာသာ သိမှတ်ဖွယ်ရာများ၊ ထေရဝါဒ အခြေခံ အယူအဆများကို အဆင့်မြင့် နားလည်ခြင်း၊ ဗုဒ္ဓ၏ ကိုယ်ရည်ကိုယ်သွေး မြင့်မားရေး တရား၊ ဓမ္မ ဒဿနစာစု စသည်များအား ရေးသားခဲ့သည်။ တက္ကသိုလ် အောင်မှူး အမည်ဖြင့် လည်း စိတ်ညှို့ အိပ်မွေ့ချနည်းနှင့် အသုံးချနည်း အပြည့်အစုံ စာအုပ်ကို ရေးသားပြုစုခဲ့သည်။* အင်တာနေရှင်နယ် မဂ္ဂဇင်းနှင့် ဓမ္မရုပ်စုံမဂ္ဂဇင်းတို့တွင် အယ်ဒီတာချုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။

အသက် ၅၈ နှစ်တွင် ပဲခူးတိုင်း၊ ဒိုးသောင်ကျေးရွာ၊ ရွှေမင်းဝင်ရပ်ကွက်၊ ဓမ္မစာရီကျောင်း တွင် ရဟန်းအဖြစ် ခံယူပြီး ရွှေမင်းဝင် နိုင်ငံတကာ ဝိပဿနာ အလုပ်စခန်းကို ဖွင့်လှစ်ခဲ့သည်။ ၂၆၊ ၁၁၊ ၂၀၀၂ (အင်္ဂါနေ့) ည ၁၀ နာရီ ၁၀ မိနစ်တွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

# ရည်ညွှန်းချက်

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရားစာအုပ်များကို ရက်ရောသော စေတနာဖြင့် လှူဒါန်းခဲ့ကြသော ဓမ္မမိတ်ဆွေ၊ ဦးဝင်းလှိုင်၊ ဒေါ်အေးအေးရီ မိသားစုနှင့် ဦးမြင့်တင်၊ ဒေါ်သိန်းသိန်းဆင့် မိသားစုတို့အတွက် . . .

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁)** | | |
| ၁။ | ဝိပဿနာ အလုပ်ပေးတရား | - | ၂၄ |
| ၂။ | ဒိဋ္ဌိ ဝိစိကိစ္ဆာပယ်ပုံတရား | - | ၂၅ |
| ၃။ | ပဋိစ္စသမုပ္ပါဒ်ဆက်ပုံတရား | - | ၂၇ |
| ၄။ | အဂ္ဂိဝစ္ဆသုတ်တရား | - | ၃၀ |
| ၅။ | အဂ္ဂိဝစ္ဆသုတ် (အဆက်) | - | ၃၃ |
| ၆။ | တေဝဇ္ဇသုတ်တရား | - | ၃၄ |
| ၇။ | ဇရာ၊ မရဏ၊ တရား | - | ၃၆ |
| ၈။ | သုတဝါ၊ အသုတဝါ ကွာခြားပုံတရား | - | ၃၈ |
| ၉။ | ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တရား | - | ၄၀ |
| ၁၀။ | သဗ္ဗေသင်္ခါရာ အနိစ္စတရား | - | ၄၀ |
| ၁၁။ | စေတနာ၊ ကံ၊ သင်္ခါရတရား | - | ၄၂ |
| ၁၂။ | အနာထပိဏ္ဍိကောဝါဒသုတ် တရား | - | ၄၄ |
| ၁၃။ | သုသိမသုတ် - ပညာဖြင့် ကိလေသာမှ လွတ်ပုံတရား | - | ၄၅ |
| ၁၄။ | သံယောဇနသုတ် - ဆီမီးစာကုန် မီးငြိမ်းပုံတရား | - | ၄၈ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၂)** | | |
| ၁။ | သစ္စာလေးပါး တရားတော် | - | ၅၄ |
| ၂။ | ပဋိစ္စသမုပ္ပါဒ် ဖြတ်ရေး တရားတော် | - | ၅၆ |
| ၃။ | ဉာဏ်စဉ်သုံးပါး တရားတော် | - | ၅၇ |
| ၄။ | ဉာဏ်စဉ်သုံးပါး အဆက် တရားတော် | - | ၅၉ |
| ၅။ | ပဋိစ္စသမုပ္ပါဒ် တရားတော် | - | ၆၁ |
| ၆။ | နိဗ္ဗာန်ရောက်ကြောင်း တရားတော် | - | ၆၃ |
| ၇။ | လောင်စာသိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်တရားတော် | - | ၆၄ |
| ၈။ | ဒုက္ခ ထွက်မြောက် နိဗ္ဗာန်ရောက် တရားတော် | - | ၆၆ |
| ၉။ | သစ္စာလေးပါး အလုပ်ပေး တရားတော် | - | ၆၈ |
| ၁၀။ | သစ္စာသိဖို့ အရေးအကြီးဆုံး တရားတော် | - | ၆၉ |
| ၁၁။ | သောတပန်တည်ပုံ အလုပ်ပေးတရားတော် | - | ၇၁ |
| ၁၂။ | သစ္စာလေးပါး အလုပ်ပေးတရားတော် | - | ၇၃ |
| ၁၃။ | သစ္စာနှင့် ကံလေးပါး တရားတော် | - | ၇၅ |
| ၁၄။ | သစ္စာနှင့် ကံလေးပါး (အဆက်) အလုပ်ပေး တရားတော် | - | ၇၇ |
| ၁၅။ | ပဋိစ္စသမုပ္ပါဒ် သစ္စာလေးပါးတရားတော် | - | ၇၈ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၃)** | | |
| ၁။ | မသေရာ ရှာနည်း | - | ၈၄ |
| ၂။ | သက္ကပဉ္ဟာသုတ် | - | ၈၅ |
| ၃။ | သက္ကပဉ္ဟာသုတ် (အဆက်) | - | ၈၇ |
| ၄။ | မရဏာဘေး ကာကွယ်ရေး မဂ္ဂင်ဖောင်ဖြင် | - | ၈၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | အချိန်ကာလ၏ စားဖတ်ဝါးဖတ် ဖြစ်ပုံ | - ၉၁ |
| ၆။ | ကံအမျိုးမျိုးကို အဟောသိကံ ဖြစ်အောင်လုပ်နည်း | - ၉၃ |
| ၇။ | သခ်တဒုက္ခမှ အသခ်တ နိဗ္ဗာန် ပေါ်လာပုံ | - ၉၅ |
| ၈။ | နိဗ္ဗာန်ရောက်ချင်လျှင် ခန္ဓာဖြစ်စဉ် ဖြတ်ရန် | - ၉၆ |
| ၉။ | အရှိနှင့် အသိ ကိုက်အောင် လုပ်နည်း | - ၉၈ |
| ၁၀။ | စိတ္တာနုပဿနာ | - ၉၉ |
| ၁၁။ | ခန္ဓာ ပဋိစ္စသမုပ္ပာဒ် ခန္ဓာအစဉ်သိ၊ ဒိဋ္ဌိဖြုတ်ရေး | - ၁၀၁ |
| ၁၂။ | ဒိဋ္ဌိခံနေရင် မဂ်ဖိုလ် မရနိုင် | - ၁၀၃ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၄)** | |
| ၁။ | ဝိပဿနာ မလုပ်ခင် ဒိဋ္ဌိ အရင်ဖြုတ်ရမည့် တရားတော် | - ၁၀၈ |
| ၂။ | လောင်စာနှင့် မီးတွဲပုံ တရားတော် | - ၁၀၉ |
| ၃။ | တဏှာထက် ဒိဋ္ဌိက ပို၍ ကြောက်စရာကောင်းပုံ တရားတော် | - ၁၁၁ |
| ၄။ | ဒိဋ္ဌိခွာမှ ရှေ့ထား တရားတော် | - ၁၁၃ |
| ၅။ | ကာယဝိညာဉ်ကို ဝိပဿနာရှုနည်း တရားတော် | - ၁၁၄ |
| ၆။ | မနောပေါက် ဝိပဿနာရှုနည်း တရားတော် | - ၁၁၆ |
| ၇။ | မဂ္ဂပြဟ္မစရိယာ ကျင့်ပုံ တရားတော် | - ၁၁၈ |
| ၈။ | လူမိုက်နှင့် ပညာရှိ ခွဲပုံ တရားတော် | - ၁၂၀ |
| ၉။ | ဒိဋ္ဌိ မကွာရင် နိဗ္ဗာန် မမြင်နိုင် တရားတော် | - ၁၂၂ |
| ၁၀။ | လူမိုက်နှင့် လူလိမ္မာ ထူးပုံ တရားတော် | - ၁၂၄ |
| ၁၁။ | ကမ္မဋ္ဌာန်း ပေးရပုံ တရားတော် | - ၁၂၅ |
| ၁၂။ | ကမ္မဋ္ဌာန်း ပေးပုံ (အဆက်) တရားတော် | - ၁၂၇ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၅)** | |
| ၁။ | ဝိပဿနာ လုပ်သင့်ကြောင်း တိုက်တွန်းခြင်းတရား | - ၁၃၃ |
| ၂။ | အချိန်မဖြုန်းသင့်ကြောင်း တိုက်တွန်းခြင်းတရား | - ၁၃၆ |
| ၃။ | ဝေဒနာ နုပဿနာ ရှုနည်း | - ၁၃၈ |
| ၄။ | အဖုံး ငါးချပ် ဖွင့်လှစ်နည်း တရားတော် | - ၁၃၉ |
| ၅။ | သမ္မသန တရားတော် | - ၁၄၁ |
| ၆။ | မဂ်ဉာဏ်သို့ ကူးပြောင်းပုံ | - ၁၄၂ |
| ၇။ | ကိုယ့်ခန္ဓာကိုယ် သုံးသပ်ပုံ | - ၁၄၄ |
| ၈။ | ပဋ္ဌတူပမသုတ် | - ၁၄၆ |
| ၉။ | ခန္ဓာခေါ်ရာ ဉာဏ်သွင်းရမည် | - ၁၄၈ |
| ၁၀။ | ခန္ဓာဝန်ထမ်း ခရီးကြမ်းသွားရပုံ | - ၁၄၉ |
| ၁၁။ | အဓိပတိ ထား၍ အားထုတ်ရမည် | - ၁၅၁ |
| ၁၂။ | တရားနာနည်း နိသျရည်း | - ၁၅၂ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၆)** | |
| ၁။ | ကိုယ်အသေကိုယ် ရှုနည်း တရားတော် | - ၁၅၈ |
| ၂။ | သတိပညာနှင့် ရှုရန် ပဋိစ္စသမုပ္ပာဒ် တရားတော် | - ၁၆၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ခန္ဓာ ပဋိစ္စသမုပ္ပာဒ် ဖြစ်စဉ် တရားတော် | - ၁၆၁ |
| ၄။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၁) | - ၁၆၂ |
| ၅။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၂) | - ၁၆၃ |
| ၆။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၃) | - ၁၆၅ |
| ၇။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၄) | - ၁၆၇ |
| ၈။ | ကထိန်ရေစက်ချ တရားတော် | - ၁၆၈ |
| ၉။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၅) | - ၁၇၀ |
| ၁၀။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၆) | - ၁၇၂ |
| ၁၁။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၇) | - ၁၇၃ |
| ၁၂။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၈) | - ၁၇၅ |
| ၁၃။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၉) | - ၁၇၇ |
| ၁၄။ | ပဋိစ္စသမုပ္ပာဒ် တရားတော် (၁၀) | - ၁၇၈ |


**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၇)**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ချည်တိုင် ကြိုးနှင့် လည်ပတ်ပြတ် ဥပမာ - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၈၄ |
| ၂။ | တရားအားထုတ်မှ နိဗ္ဗာန်ရ - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၈၆ |
| ၃။ | ကိုယ်သာနာ၍ စိတ်မနာစေနှင့် - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၈၇ |
| ၄။ | ကိုယ်သာနာ၍ စိတ်မနာစေနှင့် (အဆက်) - ပဋိစ္စသမုပ္ပာဒ်တရား | -၁၈၉ |
| ၅။ | ကိုယ်သာနာ၍ စိတ်မနာစေနှင့် (အဆက်) - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၉၁ |
| ၆။ | ကိုယ်သာနာ၍ စိတ်မနာစေနှင့် (အဆက်) - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၉၂ |
| ၇။ | ရှေ့နှင့်နောက် ခွဲခြားသော - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၉၄ |
| ၈။ | ရှင်သာရိပုတ္တရာနှင့် ဘုရား အမေးအဖြေ - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၉၅ |
| ၉။ | လောကီမဂ္ဂင် ငါးပါးကို လောကုတ္တရာ မဂ္ဂင် ရှစ်ပါး ဖြစ်အောင် အားထုတ်သင့်ကြောင်း - ပဋိစ္စသမုပ္ပာဒ်တရား | - ၁၉၆ |
| ၁၀။ | ခန္ဓာဖြစ် စက်ဝိုင်း ထောက်ပြ၍ ဟောသော ပဋိစ္စ သမုပ္ပာဒ်တရား | - ၁၉၈ |
| ၁၁။ | အားကိုးရာအစစ် ရှာကြပါ တရားတော် - ပဋိစ္စသမုပ္ပာဒ်တရား | - ၂၀၀ |
| ၁၂။ | အားကိုးရာအစစ် ရှာကြပါ တရားတော် - ပဋိစ္စသမုပ္ပာဒ်တရား | - ၂၀၁ |
| ၁၃။ | အိမ်တွင်း ပဋိစ္စသမုပ္ပာဒ် တရား | - ၂၀၂ |


**မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၈)**


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ညအလုပ်ပေးတရား | - ၂၀၈ |
| ၂။ | အဖုံးနှစ်ချပ်ဖွင့်မှ နိဗ္ဗာန်မြင်မည့်တရား | - ၂၀၉ |
| ၃။ | ညအလုပ်ပေးတရား | - ၂၁၁ |
| ၄။ | ကာမစ္ဆန္ဒနီဝရဏ သဘောနှင့် ၎င်းမှ ထွက်မြောက်ကြောင်း | - ၂၁၃ |
| ၅။ | ဗျာပါဒနီဝရဏနှင့် ထိနမိဒ္ဓနီဝရဏတို့အကြောင်း | - ၂၁၅ |
| ၆။ | ထိနမိဒ္ဓနီဝရဏနှင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ အဆက် | - ၂၁၇ |
| ၇။ | ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ အာသန္နကံ ပြောင်းနည်း | - ၂၁၉ |
| ၈။ | ဥဒ္ဓစ္စနှင့် ဝိစိကိစ္ဆာ နီဝရဏ ဆိုးဝါးပုံနှင့် မဂ်အမြတ်ထုတ်ပုံ | - ၂၂၀ |
| ၉။ | အဓိပတိ သုံးပါးထား၍ တရားအားထုတ်ရပုံ | - ၂၂၂ |
| ၁၀။ | ဒွါရခြောက်ပေါက် တစ်ပေါက်ကနေ အမိ ဖမ်းရမည် | - ၂၂၄ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁။ | ဝိဝေက သုံးပါး ကျင့်ရမည် | -၂၂၅ |
| ၁၂။ | ကံနှင့် တဏှာတွင် တဏှာ အရေးကြီးပုံ | -၂၂၇ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၉)** | |
| ၁။ | နှလုံးသွင်းမှား၍ ဝိပ္ပလ္လာသသုံးပါး ဖြစ်လာပုံ (ညအလုပ်ပေးတရား) | -၂၃၄ |
| ၂။ | ဝိပ္ပလ္လာသ အရှ ၁၂ မျိုး (ညအလုပ်ပေးတရား) | -၂၃၆ |
| ၃။ | အနိစ္စသညာကြောင့် ပပဥ္စဖြစ်ပေါ်လာပုံ (ညအလုပ်ပေးတရား) | -၂၃၈ |
| ၄။ | ဝိပ္ပလ္လာသ တံတိုင်းကြီး ဖြိုဖျက်ရန် (ညအလုပ်ပေးတရား) | -၂၃၉ |
| ၅။ | ဒိဋ္ဌိဝိပ္ပလ္လာသ ပြုတ်ရေး (ညအလုပ်ပေးတရား) | -၂၄၀ |
| ၆။ | ကြောက်စရာ ဒိဋ္ဌိကြီး | -၂၄၂ |
| ၇။ | သဿတနှင့် ဥစ္ဆေဒ ဒိဋ္ဌိပြုတ်ရေး | -၂၄၄ |
| ၈။ | ဆားတစ်လျက်နှင့် သံသရာအကြွေး ကြေအောင်ဆပ်နည်း (ညအလုပ်ပေးတရား) | -၂၄၆ |
| ၉။ | သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိရှိပုံ အကဲခတ်နည်း (ညအလုပ်ပေးတရား) | -၂၄၈ |
| ၁၀။ | သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒ ဒိဋ္ဌိသဘော အလေ့အကျင့် | -၂၄၉ |
| ၁၁။ | အလယ်လမ်းသို့ ရောက်ရန် နည်းလမ်း (ညအလုပ်ပေးတရား) | -၂၅၁ |
| ၁၂။ | ဝိသာခါနှင့် ဓမ္မဒိန္နာ အမေးအဖြေ (၁) | -၂၅၂ |
| ၁၃။ | ဝိသာခါနှင့် ဓမ္မဒိန္နာ အမေးအဖြေ (၂) | -၂၅၅ |
| | **မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ် (၁၀)** | |
| ၁။ | ကိလေသာ အစေး မပယ်သေးလျှင် ချမ်းသာ မရှိနိုင်ပုံ (စီရ ရှက္ကောပမသုတ်) - (ညအလုပ်ပေးတရား) | -၂၆၀ |
| ၂။ | ဆပ္ပာဏကောပမသုတ် | -၂၆၁ |
| ၃။ | စကားခြောက်ခွန်း လှည့်တွန်း နှစ်ခွန်းကိုအောင် လေးခွန်းရှောင် - ပပဉ္စနှင့် နိပ္ပပဉ္စဖြစ်ပုံ | -၂၆၂ |
| ၄။ | ဓမ္မစိမ်တဲ့ အတိုင်း ဖြစ်ပေါ်နေကြပုံ | -၂၆၄ |
| ၅။ | ဒုက္ခချဲ့တတ်ပုံ၊ ဒုက္ခသိမ်းတတ်ပုံ | -၂၆၇ |
| ၆။ | ဝိဇ္ဇာနှင့် စရဏ ဒေသနာ | -၂၆၉ |
| ၇။ | လူ့ဘဝရခိုက် ဝဋ်သုံးပါးမှ လွတ်အောင် | -၂၇၁ |
| ၈။ | ဇာတိ၊ ဇရာ မရဏာ၊ ဒုက္ခမြင်အောင် ရှုပုံ | -၂၇၄ |
| ၉။ | တဏှာကို ပယ်ခြင်းသည် ဘုရား၏ ဝါဒ | -၂၇၆ |
| ၁၀။ | ဉာဏ်ကမှ နိဗ္ဗာန် ပို့နိုင်သည် | -၂၇၈ |
| ၁၁။ | သာသနာနှင့် ဆရာကောင်း တွေ့ခိုက် လုံ့လစိုက် | -၂၈၀ |
| ၁၂။ | သစ္စာလေးပါး ညအလုပ်ပေးတရား | -၂၈၄ |
| ၁၃။ | ဗာလပဏ္ဍိတသုတ် (၁) | -၂၈၈ |
| ၁၄။ | ဗာလပဏ္ဍိတသုတ် (၂) | -၂၉၁ |
| ၁၅။ | ခန္ဓာရှိရင် အိုနာ သေဘေး မလွတ်နိုင် | -၂၉၇ |

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ပြောပြချင်သော အမှာစကား

စာရေးသူ ဆယ်တန်းအောင်ပြီးနောက် ရန်ကုန်သို့ ရောက်ပါသည်။ ၁၉၅၅ ခုနှစ်ဦးပိုင်းမှာ ဖြစ်သည်။ ဇာတိ ရခိုင်ပြည်ကိုရော၊ မိဘပတ်ဝန်းကျင်ကိုပါ အပြီးစွန့်ခွာလာခြင်း ဖြစ်သည်ဟု ဆိုနိုင်သည်။ လေယာဉ်ပေါ် ရောက်ပြီး လေယာဉ်ပျံတက်တော့ ငပလီပင်လယ်ရေပြင်ကျယ်ကို လှမ်းကြည့်မိတော့ ရင်ထဲမှာ အလွမ်း မရှိဖြစ်နေသည်ကို သတိပြုမိသည်။ လူက မိုးပေါ်ကို ပျံတက်သွားသလို စိတ်ကလည်း အပေါ်သို့ မြင့်မြင့်မားမား တစ်ဟုန်ထိုး တိုးတက်နေသည်ကို တွေ့ရသည်။ လှောင်အိမ်ထဲက ငှက်ကို လွှတ်ပေးလိုက်သောအခါ အားရဝမ်းသာ တောင်ပံခတ်ပြီး တဖျတ်ဖျတ် ပျံသန်းသွားသလို အကျွန်ုပ်ရင်ထဲမှာ ခံစားရသည်။ စိတ်ရောကိုယ်ပါ တဒင်္ဂ လွတ်ထွက်သွားသည်။ လေယာဉ်က ရန်ကုန်ရွှေမြို့တော်ကြီးကို ရှေးရှုပျံသန်းနေသည်။ ရင်ထဲမှာလည်း အနာဂတ်ဆီသို့ အတွေးတွေ အကြံတွေက ရှေးရှုပျံသန်းနေကြသည်။ မိမိ၏ အတွေးအခေါ် ဘဝသစ် စခဲ့သော အချိန်ဟု ဆိုနိုင်မည် ထင်၏။

ခရီးသည်တင် (ယူဘီအေ) ကားကြီး ရန်ကုန်မြို့ထဲ ဝင်လာတော့ သကြိန်ရေဖြင့် ပက်ဖျန်းကြသည်။ သကြိန်ရေသည် ပူနေသော ရင်ထဲသို့ အေးစိမ့်ပြီး ဝင်သွားသည်။ လောလောဆယ် ဘဝက ပူစပ်ပူလောင် ရှိနေလင့်ကစား အေးချမ်းမည့် အတိတ်နမိတ်ပဲဟု ခံယူကာ စိတ်တက်ကြွ၍ လန်းဆန်းနေသည်။

ရခိုင်ပြည်မှာ ပိတောက်ပန်းကို မြတ်နိုးခြင်း မရှိခဲ့။ ရန်ကုန်ရောက်တော့ ပိတောက်ပန်းကို ချစ်မြတ်နိုးလာတတ်သည်။ မိမိနှလုံးသားမှာ ရသခံစားမှုတွေ ပြောင်းလဲ ဖြစ်ပေါ်နေပြီကို သတိပြုခဲ့မိပါသည်။ တက္ကသိုလ်ပညာတွေကို အလုပ်တစ်ဖက်နှင့် အပြေးအလွှား သင်ကြားနေရစဉ်အခါက မိုးကုတ်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်ဖြစ်ပါ၏။ သို့သော် မိမိ၏ နား၊ မျက်စိတွေ မပွင့်သေးပါ။ ဟိုအယူဝါဒ ကောင်းနိုးနိုး၊ ဒီအယူဝါဒ ကောင်းနိုးနိုးနှင့် မှောင်ထဲမှာ စမ်းတဝါးဝါး လျှောက်နေရဆဲ ဖြစ်ပါသည်။ သက်တော် ထင်ရှားဆဲ အရိယာပုဂ္ဂိုလ်ထူးကို မိလိုက်ပါလျက် အသိနောက်ကျသဖြင့် မဖူးလိုက်ရခြင်းအတွက် ယူကျုံးမရ ဝမ်းနည်းဖွယ် ဖြစ်ရလေသည်။

နောက်တက္ကသိုလ်မှာ အထက်တန်းပညာတွေကို သင်နေစဉ် ကလည်း မိစ္ဆာဒိဋ္ဌိ ရုပ်ဝါဒ အစွဲအလမ်းက သန်နေသည်။ ရတနာသုံးပါးကို မကိုးကွယ်တတ်သေး။ ရင်ထဲမှာ သဒ္ဓါတရား မဖြစ်ပေါ်သေး။ အရာရာကို လောကီတန်ဖိုးတွေနှင့်ချည်းသာ တိုင်းတာ၍ အကဲဖြတ်တတ်သည်။ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောသော တရားများကို စုစည်းထားသော ဦးမြင့်ဆွေ၏ ဒုလ္လဘ တရားစာအုပ်တွေကို ဝယ်ပြီး မြည်းစမ်းကြည့်သည်။ စိတ်ထဲမှာ "အလကားပဲ၊ သေရေးကိစ္စချည်းပဲ ထပ်တလဲလဲ ပြောနေသည်။ လူ့ဘဝမှာ သေရေးက အရေးကြီးသလား၊ အသက်ရှင်နေစဉ် လူ့ဘဝ အေးချမ်းသာယာရေး၊ တိုးတက်ရေးသာ အရေးကြီးသည် မဟုတ်လား။ ဒီဆရာတော်ကြီးဟာ လူတွေကို အို၊ နာ၊ သေဘေးနဲ့ချည်း ခြိမ်းခြောက်နေတာပဲ" ဟု အမြင်စောင်းသွားပြန်သည်။ ထိုစာအုပ်များကို ဝယ်ထားသော်လည်း နောက်ထပ် မဖတ်ဖြစ်တော့ပါ။ ကိုယ့်ကိုယ်ကိုယ် နှလုံးသွင်း မှားခဲ့လေခြင်းဟု လုံးလုံး မသိခဲ့ပါ။

သို့သော် ဘဝက နပျိုခြင်း ဆုတ်ယုတ်သွားသောအခါ မျက်မှောက်ပြုရသော အိုခြင်း၊ နာခြင်း ဆင်းရဲကို မလွှဲသာ မရှောင်သာ ရင်ဆိုင်လာရပြီ ဖြစ်၏။ ထိုအခါမှ အသိဉာဏ်တစ်ခု ဖြစ်ပေါ်လာသည်။ "သြော် ရုပ်အင်အားတွေ ရှိတုန်းကတော့ ဉာဏ်အင်အား မရှိခဲ့ဘူး။ ဉာဏ်အားတွေ ရှိလာတော့ ရုပ်အင်အားတွေက မရှိတော့ပါကလား" ဘဝသည် ဖြည့်ဆည်းခြင်းဖြင့် ပြည့်အပ်သောအရာ မဟုတ်ပါတကား ဆိုသည်ကို သိလာသည်။ ထိုအခါ 'အိုခြင်း'ကို မစဉ်းစားဘဲ မနေနိုင်ဖြစ်လာရ၏။ နောက်မကြာမီမှာပင် နာခြင်းက ရောက်လာသည်။ ကိုယ့်ကိုယ်ထဲမှာ ဘာတွေ ဖြစ်နေသလဲ၊ ဘာဆိုဘာမှ မသိခဲ့။ တဏှာနိုင်းသမျှကို စိတ်မောကိုယ်မော

ခံပြီး လိုက်လုပ်နေမိသည်။ လိုချင်ရချင်သော သဘောဖြင့် မဂ္ဂဇင်းနှစ်စောင်မှာ အယ်ဒီတာချုပ် လုပ်သည်။ ခက်ခဲ ကျပ်တည်းသော ကာလ၌ လကုန်လျှင် မဂ္ဂဇင်းနှစ်စောင် မှန်မှန်ထွက်နိုင်အောင် အပြေးအလွှား လိုက်လုပ်ရသည်။ ကိုယ်လည်း ပင်ပန်းသည်။ စိတ်လည်း ပင်ပန်းသည်။ သည်ကြားထဲ စက်ဘပူကို ရောက်နေကြသော သားသမီးများက လှမ်းပြီး နိုင်းနေသမျှကိုလည်း ပြေးပြေးလွှားလွှား လုပ်နေရသည်။

ထိုအခါ အမှတ်မထင်သော တစ်နေ့သ၌ ရုတ်တရက် နလုံးရောဂါ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ ငါသန်မာသေးတာပဲဟု ထင်ခဲ့သော မာနအိုးကလေး ကျကွဲသွားသည်။ ထိုအခါ အိုဘေး၊ နာဘေး၊ သေဘေး ရောက်လာပြီ။ ကိုယ့်အိမ်တံခါးကို လာခေါက်နေပြီဟု နားလည်လိုက်သည်။ သေခြင်းတရားသည် ခေါင်းထဲကို ရောက်လာပြီး ဦးနှောက်ကို လှုံက်စားနေပြီ။ ငါ လုပ်ခဲ့တာတွေ၊ ငါ ရှာခဲ့တာတွေ၊ ငါ ဖြစ်ခဲ့တာတွေ ငါ သေသောတစ်နေ့မှာ တန်ဖိုးအားလုံး ဆုံးရှုံးသွားတော့မှာပါကလားဟု ကောင်းကောင်း သိသွားသည်။ ကိုယ့်မှာ ဆုပ်ကိုင်အားထားစရာ တရားမရှိသေးသည်ကို တွေးမိသည်။ အမှန်သစ္စာတရားကို သိမှဖြစ်တော့မည်ဟု စတင်စဉ်းစားလာသည်။

[ ၂ ]

နာလန်ထစ လူနာသည် ကိုယ့်ခြေထောက်ပေါ်မှာ ခိုင်ခိုင်မာမာ မရပ်တည်နိုင်သလို၊ ကိုယ့်မှာ အားထား မှီခိုစရာ တရားဓမ္မလက်ကိုင် မရှိသေးသော ဘဝ၏ အခြေမခိုင်ခြင်းကိုလည်း နားလည်လိုက်ပါပြီ။ တိုက်တိုက်ဆိုင်ဆိုင် တပည့်ဖြစ်သူကို ကျော်ခင်မြင့်က သူ့အိမ်မှာ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနစရိယ ဆရာတော်ကြီး တစ်ပါး တရားချီးမြှင့်မည်။ ဆရာ လာပြီး မေးပါ၊ ဆွေးနွေးပါဟု ဆိုသည်။ သူ့ကို အကျွန်ုပ် လေးစားမှု ရှိသည်။ သူသည် ဟိန္ဒူနွယ်ဖွား ဖြစ်သော်လည်း ဗုဒ္ဓဘာသာအပေါ် အလွန် ကြည်ညိုသူ၊ လူငယ် သာသနာ့ဒါယကာ တစ်ဦးဖြစ်ပါသည်။ သူက မိုးကုတ်ကမ္မဋ္ဌာနစရိယ ဆရာတော်ကြီးကို မေးပါ၊ ဆွေးနွေးပါ။ ထိုဆွေးနွေးချက်များကို သူ အသံဖမ်းထားလိုကြောင်း ကြိုတင် အသိပေးထားပါသည်။ ထိုအခါမှ အကျွန်ုပ်သည် မိုးကုတ်ဆရာတော်ကြီး၏ ဝိပဿနာ အလုပ်စဉ်တရား စာအုပ်များကို ပြေးပြေးလွှားလွှား ဖတ်ရသည်။ ဤတစ်ကြိမ်တွင် ဤစာအုပ်များအပေါ် ထင်မြင်ယူဆပုံတွေ ပြောင်းသွားသည်ကို တွေ့ရသည်။ အို၊ နာ၊ သေဘေး၊ အပါယ်ဘေးကို

ခေါင်းထဲမှာ ထည့်မစဉ်းစားဘဲ တဏှာခိုင်းသမျှကို ဉာဏ်အသိ မရှိဘဲ လိုက်လုပ်နေသော ပုထုဇဉ်၏ အလွဲအမှားကို မြင်လာသည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ သုံးမျိုးပေါ်တိုင်း လိုချင်ရချင်သော တဏှာ ဖြစ်ပေါ်လာပုံကို သိမြင်လာသည်။ လိုချင်ရချင်မှုကြောင့် ရှာမှီးမှု ဖြစ်လာရပုံကို ဉာဏ်သက်ဝင်လာသည်။ စွဲလမ်းမှုကြောင့် ကံသခၤါရတွေ ဖြစ်နေရပုံ ပဋိစ္စသမုပ္ပါဒ်ကို ကောင်းကောင်းသဘောပေါက်လာသည်။ ထိုအခါ သက္ကပညာသုတ်မှာ မြတ်စွာဘုရား သိကြားမင်းကို ဟောသော တရားများသည် မိမိ၏ နှလုံးသားကို ရစ်ပတ် ဖွဲ့နှောင်လာသည်။ သတ္တဝါတွေသည် ကိုယ်ကျန်းမာ၍ စိတ်ချမ်းသာစွာ နေလိုကြသည်ချည်း ဖြစ်သည်။ သို့ပါလျက် ဘာကြောင့် ထိုသို့ မနေရပါသလဲဆိုသော အမေးကို ဘုရားသခင်ကိုယ်တော်မြတ် ကြီးက မကျန်းမာတာ၊ အသက်တိုရတာသည် ဣဿာမစ္ဆရိယကြောင့်ဟု ဖြေသည်။ သိကြားမင်းက ဒါဆို ဣဿာမစ္ဆရိယ ဘယ်က လာတာလဲဟု ထပ်မေးသည်။ ဣဿာမစ္ဆရိယသည် ချစ်ခြင်း၊ မုန်းခြင်းက လာသည်ဟု ဘုရားက ဖြေသည်။

သိကြားမင်းက ထပ်မေးသည် ချစ်ခြင်း၊ မုန်းခြင်း ဘယ်က လာသလဲ။ ချစ်ခြင်း၊ မုန်းခြင်းသည် ဆန္ဒက လာသည်ဟု ဘုရားက ဖြေသည်။ ဆန္ဒကကော ဘယ်က လာသလဲဟု သိကြားမင်း မေးသည်။ ဘုရားက ဆန္ဒသည် ဝိတက်က လာသည်ဟု ဖြေသည်။ သိကြားမင်းက နှိုက်နှိုက်ချွတ်ချွတ် မေးသည်။ ဝိတက်ဘယ်ကလာသလဲ။ ဘုရားက ဝိတက်သည် တဏှာ၊ မာန၊ ဒိဋ္ဌိ(ပပဉ္စတရား)က လာသည်ဟု ဖြေသည်။ ထိုအခါ သိကြားမင်းက ပပဉ္စက ဘယ်က လာသလဲဟု မေးပြန်သည်။ ဘုရားက ပပဉ္စ(တဏှာ၊ မာန၊ ဒိဋ္ဌိ)သည် ဝေဒနာသုံးပါးက လာသည်ဟု ဖြေသည်။

ဤတွင် ဆရာတော်ကြီး၏ ထိုးထွင်း သိမြင်မှုကို သတိထားမိလာသည်။ ဝေဒနာကို ဝိပဿနာရှုလျှင် ပပဉ္စချုပ်သည်။ ပဋိစ္စသမုပ္ပာဒ်တွင်လည်း ဝေဒနာနိရောဓာ၊ တဏှာနိရောဓောဟု ပြထားသည်။ ဤအချက်သည် အကျွန်ုပ်၏ ခေါင်းထဲသို့ သံမှိုကို တူဖြင့် ရိုက်သွင်းလိုက်သလို စွဲစွဲမြဲမြဲ ဝင်သွားသည်။ ဝေဒနာနုပဿနာ ရှုနည်းကို အကျွန်ုပ် ကောင်းစွာ မသိသေးပါ။ ထို့ကြောင့် “ဝေဒနာနိရောဓာ၊ တဏှာနိရောဓော” (ဝေဒနာချုပ်လျှင် တဏှာချုပ်သည်)ဆိုတာ ခန္ဓာမှာ ဘယ်လိုဖြစ်တာလဲဟု မေးချင်သော မေးခွန်းသည် အကျွန်ုပ် ခေါင်းထဲမှာ စီကာစဉ်ကာ ပေါ်လာပါသည်။

ထိုညက ကိုကျော်ခင်မြင့်အိမ်သို့ တရားနာ သွားပါသည်။ ကမ္မဋ္ဌာန ဆရာတော်ကြီးက သူ ပရိယတ်လုပ်ငန်း လုပ်နေရာမှ ပဋိပတ်လုပ်ငန်းဘက်သို့ ပြောင်းလာရပုံကို ရှင်းလင်း ဟောကြားပါသည်။ တရားပွဲ အပြီးမှာ ကိုကျော်ခင်မြင့်က အကျွန်ုပ်ရှေ့မှာ မိုက်ကရိုဖုန်းတစ်လုံး လာချပေးသည်။ ဆရာ မေးချင်တာ မေးပါဟု ဖိတ်ခေါ်လေသည်။ အကျွန်ုပ်သည် ရင်ထဲမှာ အရေးပါသည်ဟု ထင်နေသော ခန္ဓာမှာ ဝေဒနာ ချုပ်ဆုံးပုံ ပြဿနာကို ဆရာတော်ကြီးအား မေးပါသည်။ ပြီးမှ တပည့်တော် မေးတာကို စာလိုမဖြေပါနှင့် ဘုရား၊ ခန္ဓာဉာဏ်ရောက် ဝိပဿနာအမြင်ပေါက်အောင် ဖြေတော်မူပါဘုရားဟုလည်း လျှောက်ထားလိုက်ပါသည်။ ဆရာတော်ကြီးလည်း သူ နားလည်သလို ဖြေသည်ဟု ထင်ပါသည်။

သို့သော် အကျွန်ုပ် ရင်ထဲမှာ ဘဝင်မကျပါ။ ဘဝင်မကျ ဆိုခြင်းမှာ မိမိ ရင်ထဲ၌ သံသယ မရှင်းဘဲ ကျန်နေခြင်းကို ဆိုလိုပါသည်။ ဤသို့ ဖြစ်ရခြင်းသည် ဆရာတော်ကြီး၏ အပြစ်ကြောင့် မဟုတ်ပါ။ မိမိ၏ ဝိပဿနာဉာဏ်အမြင် မကြည်လင်မှု၊ ထိုးထွင်း သိမြင်နိုင်ခြင်း မရှိမှုကြောင့် ဖြစ်မည် ထင်ပါသည်။ သို့သော် ဝေဒနာကို ဝိပဿနာ မရှုတတ်သောကြောင့် ထင်၏။ ရင်ထဲမှာ ပပဥ္စခံနေသည်။ တဏှာမာန ခံနေသည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ မချုပ်ကြောင်း နားလည်လိုက်ပါသည်။ ထိုတဏှာမာနကြောင့်လား မသိ၊ မိမိ ရင်ထဲမှာ မိုးကုတ်ဝိပဿနာအပြောပဲလား၊ အလုပ်သဘောအရ ဟုတ်ပါ့မလားဟု သံသယအစွန်း ငြိသွားပြန်သည်။ ထိုအချိန်က စပြီး အကျွန်ုပ်သည် မိုးကုတ်ဝိပဿနာနှင့် အလှမ်းဝေးသွားရပြန်၏။

## [ ၃ ]

မိုးကုတ်ဆရာတော်ဘုရားကြီး သက်တော်ထင်ရှား ရှိစဉ်ကပင် အကျွန်ုပ်သည် လှူပြည်မှာ လူလားမြောက်သော အရွယ်သို့ ရောက်နေပြီ ဖြစ်ပါလျက် ရင်ထဲမှာ သဒ္ဓါတရားလည်း မရှိ၊ ဉာဏ်ထဲမှာ သာသနာလည်း မရှိသေးသဖြင့် ကြားတတ်သော နား၊ ထောင်တတ်သော နားမရှိ ဖြစ်နေခဲ့လေသည်။ ဆရာတော်ကြီး၏ တရားခွေများ ဟောပြောနေသော အသံသည် မြန်မာပြည် တစ်နံ့တစ်လျားမှာ ပွဲတင်ထပ်နေပါလျက် အကျွန်ုပ် မကြားခဲ့မိခြင်းမှာ ထိုစဉ်က အကျွန်ုပ်၏ ဉာဏ်နားသည် ကန်းနေခဲ့သောကြောင့် ဖြစ်ပါလိမ့်မည်။ နောင်ကြီးမြင့်သောအခါမှာလည်း ဆရာတော်ကြီး၏ တရားခွေများကို စာအုပ်များမှတစ်ဆင့် နှလုံးသွင်း လာတတ်ပါလျက် ဆရာတော်ကြီးတစ်ပါးအပေါ် မိမိ၏ ဉာဏ်အမြင် လွဲခဲ့မှုကြောင့် မိုးကုတ်

ဝိပဿနာနှင့်ပါ အလှမ်းဝေးသွားခဲ့ရပြန်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိကြောင့် ဝိတက် ဖြစ်ရသည်။ ဝိတက်ကြောင့် ဆန္ဒဖြစ်ရသည်။ ဆန္ဒကြောင့် အချစ်အမုန်း ဖြစ်ရသည်။ အချစ်အမုန်းကြောင့် ဣဿာမစ္ဆရိယ ဖြစ်ရသည်ဆိုသော ဆရာတော်ကြီး၏ စကားသံသည် နောင်သောအခါကျမှ အကျွန်ုပ်၏ ဉာဏ်နားထဲမှာ ဆူညံစွာ၊ ကျယ်လောင်စွာ ကြားလာရပါသည်။

မိမိ ခန္ဓာအစဉ်ကို ကောင်းစွာ ဆင်ခြင်တတ်လာသော အခါကျမှ သစ္စာဉာဏ်အမြင်က ပေါ်လာသည်။ သိကြားမင်းကို ဟောတော်မူသော မြတ်စွာဘုရား၏ တရားစကားတွေက မှန်ကန်လှပါတကားဟု လွန်စွာ အားရပီတိ ဖြစ်ပြီး မိမိကိုယ်ကိုလည်း မာနတက်၍ ဉာဏ်ဘက်က ချွတ်ယွင်းခဲ့ရပုံကို သုံးသပ်လာမိပါသည်။

၁၉၉၁ ခုနှစ်နှောင်းပိုင်းမှာ ခလရ ၅၀ တပ်ရင်းမှူးဟောင်း ဒေါက်တာဂျယ်နီကိုကြီး ဖိတ်ကြားချက်အရ အကျွန်ုပ်သည် မုံလယ်ဆရာတော်ဘုရားကြီးကို ဂန့်ဂေါမြို့မှာ သွားရောက် ဖူးမြော်ခွင့် ရခဲ့ပါသည်။ ထိုအခါကျမှ မုံလယ်ဆရာတော်ကြီးသည် မိမိ ရင်ထဲက သံသယအားလုံးကို ခန္ဓာဉာဏ်ရောက် ပယ်ရှင်းပေးနိုင်ကြောင်း သိမြင်လာရသည်။ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဝိပဿနာတရားများကို ပရိယတ် အခြေခံမရှိသော မုံလယ်ဆရာတော်ကြီးက ခန္ဓာဉာဏ်ရောက် ရှင်းလင်းဟောကြားပုံမှာ ထူးခြားသည်ဟု ထင်ပါသည်။ အကျွန်ုပ်သည် ဂန့်ဂေါမြို့ မုံလယ်တောရစခန်းမှ ရန်ကုန်သို့ ပြန်ရောက်လာသောအခါ မိုးကုတ်ဝိပဿနာကို စိတ်ဝင်စားမှု ထက်သန်နေပြီ ဖြစ်ပါသည်။

တိုက်ဆိုင်သည်ဟု ဆိုရမည်လား၊ ကံအလှည့်အပြောင်း ဖြစ်သည်ဟု ယူရမည်လား၊ မဆိုနိုင်ပါ။ ရန်ကုန်ရောက်တော့ ဂျယ်နီကိုကြီး မိတ်ဆက်ပေးလိုက်သော ဒဂုံမြောက်ပိုင်းမှ ဓမ္မမိတ်ဆွေ မိုးကုတ်ယောဂီ ဒေါ်အေးအေးရီနှင့် သူ၏ ဓမ္မမိတ်ဆွေ ဒေါ်သိန်းသိန်းဆင့်တို့ကို တွေ့ဆုံ ရင်းနှီးမှု ရခဲ့သည်။ သူတို့နှစ်ဦးက အကျွန်ုပ်ကို "မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်စာအုပ် ၃၄ အုပ်ကို သဒ္ဓါတရား ထက်သန်စွာဖြင့် လှူဒါန်းကြလေသည်။ ထိုအခါမှ စ၍ အကျွန်ုပ်လည်း အားလပ်သောအခါများ၌ ဖြစ်စေ၊ တမင်တကာ လုပ်ငန်းတစ်ရပ်အနေနှင့် ဖြစ်စေ ထိုစာအုပ်ထူကြီးများကို ဖတ်ရှု လေ့လာခဲ့လေသည်။

၁၉၉၅ ခုနှစ် ဝါတွင်းကာလ၌ အကျွန်ုပ်သည် ရန်ကုန်မြို့ မဟာဝိသုဒ္ဓါရုံ ဆရာတော် အရှင်ကောဏ္ဍညနှင့် တိပိဋကဓရ ယောဆရာတော်ဘုရားများကို ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုကာ ပဲခူးမြို့ နရဏီသိမ်ကျောင်းမှာ ဝါဆိုသည်။ ဝါတွင်း

တစ်တွင်းလုံး ထိုတောရမှာ တရားအားထုတ်ခဲ့လေသည်။ ထိုစဉ်အခါက အမေရိကန်ပြည်မှ ဆေးကုပြီး ပြန်လာသူ မိုးကုတ်ဝိပဿနာရိပ်သာကြီး ရန်ကုန်မြို့၏ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဦးအောင်ချိုသည် အကျွန်ုပ်အတွက် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဟောတရားခွေများကို ရာနှင့် ချီကူးပြီး တရားနာသော အချိန်မှာ တရားနာရန် နရဏီသိမ်သို့ ပို့ပေးပါသည်။ ထိုအခါမှစ၍ အကျွန်ုပ်၏ ရင်ထဲတွင် ဆန္ဒနှစ်ခု ဖြစ်ပေါ်လာခဲ့လေသည်။

၁။ ပထမဆန္ဒမှာ ကျယ်ဝန်းလှသော မိုးကုတ်ဆရာတော်ကြီး၏ ဟောတရားများကို လေ့လာပြီး တရားအားထုတ်သူများ လက်စွဲပြုနိုင်ရန်အတွက် 'မိုးကုတ်ဝိပဿနာရှုနည်းလက်စွဲ' ကျမ်းငယ်တစ်စောင်ကို ရေးသားလိုစိတ် ဖြစ်ပေါ်လာပါသည်။

၂။ ဒုတိယဆန္ဒမှာ ဆရာတော်ကြီး၏ ဟောတရားများမှာ စာမျက်နှာအားဖြင့် အလွန် များပြားလှပါသည်။ ဟောတရားများကို စာအုပ်အဖြစ် ထုတ်ဝေသောအခါ စာအနေနှင့် ဖတ်ကောင်းအောင် တည်းဖြတ် ပြုပြင်ခြင်း မရှိဘဲ ပုံနှိပ်ထားသဖြင့် တချို့ဝါကျများမှာ မဆုံး၊ ဝါကျတစ်ခု မဆုံးမီ တခြားသော အကြောင်းအရာ တစ်ခုကို ဆရာတော်ကြီးက သူသတိရလျှင်ရသလို ထည့်သွင်း ပြောတတ်ခြင်းကြောင့် ဖတ်ရ ခက်ခဲသော စာအုပ်များ ဖြစ်နေသည်ကို တွေ့ရသည်။ မိမိလို စာရေးဆရာ စာပေဖြင့် အသက်မွေးသူတစ်ယောက် အဖို့ပင် ဖတ်ရန် ခက်ခဲသော ဤစာအုပ်ကြီးများ (အစက ၃၄ အုပ် ယခု ဤစာရေးချိန်မှာ ၃၉ အုပ်)ကို သာမန်စာဖတ်သူများ ပြီးအောင် ဖတ်ဖို့ဆိုသည်မှာ လွန်စွာ ခက်ခဲနိုင်ကြောင်း သတိပြုမိလာပါသည်။

ဟောတရားကို transcribe လုပ်ထားသောကြောင့် ဖတ်ရ ခက်ခဲသည် တစ်ကြောင်း၊ စာမျက်နှာ များလွန်း၍ အချိန်ပေး ဖတ်ရှုရန် ခက်ခဲသည် တစ်ကြောင်း၊ အကြောင်းအရာတွေကလည်း များလွန်းသဖြင့် ရှေ့က ဖတ်ပြီး နောက်က မေ့ဖြစ်နိုင်သည်တစ်ကြောင်း စာအုပ်တန်ဖိုးများ ကြီးမြင့်လာသောအခါ ၃၉ အုပ်လုံးကို ဝယ်ဖတ်နိုင်မည့်သူ ရှားပါးလာနိုင်သည်တစ်ကြောင်း စသော အခက်အခဲများ အားလုံးကို ထည့်သွင်း စဉ်းစားပြီး၊ လွယ်ကူပြီး လူတိုင်း လက်လှမ်းမီအောင် ဘယ်လိုလုပ်လျှင် ကောင်းမလဲဟု အဖြေကောင်းတစ်ခု ရှာမိခဲ့ပါသည်။ ထိုအခါ မိမိ အပင်ပန်းခံနိုင်ပါက စာအုပ်အားလုံးကို အနှစ်ချုပ် (Digest) ရေးရလျှင်

ကောင်းမည်ဟူသော စိတ်ကူးပေါ်လာပါသည်။ ဤအချက်သည် ကြိုးပမ်းမှုကြီးတစ်ရပ်၊ စွန့်စားမှုကြီးတစ်ရပ် ဖြစ်နိုင်သည်ကိုလည်း သတိပြုမိသည်။ ထိုအခါ အောက်ပါ အချက်အလက်များကို မေးခွန်းထုတ်ပြီး အဖြေရှာကြည့်သည်။

(က) ဆရာတော်ကြီး၏ အာဘော်နှင့် နှလုံးသွင်းကို ထိထိမိမိ ပြတ်ပြတ်သားသား ပေါ်လွင်အောင် ဖော်ပြနိုင်မလား။

(ခ) ဆရာတော်ကြီး၏ တရားချဉ်းကပ်ပုံကို စာဖတ်သူ အလွယ်တကူ သိမြင်အောင် အနှစ်ချုပ် ရေးနိုင်မလား။

(ဂ) ဆရာတော်ကြီးသည် အလွန် စကားပရိယာယ် ကြွယ်သည်။ သူ၏ ထက်မြက်သော စကားလုံးများကို ပရိသတ် ရင်ထဲ ရောက်အောင် တစ်ဆင့် ပို့ဆောင်ပေးနိုင်မလား။

(ဃ) ကျယ်ဝန်း များပြားလှသော တစ်သက်တာ ဟောတရားများကို တစ်အုပ်တည်းနှင့် အပြီး အနှစ်ချုပ်ရေးလျှင် မူလ စာအရသာ မပျက်အောင် ရေးနိုင်မလား ဆိုလိုရင်းကို ထိထိမိမိ ရောက်အောင် ပို့ဆောင်နိုင်မလား။

ဤသို့ ဆင်ခြင်ဖွယ် ကိစ္စအားလုံးကို ဆင်ခြင် တိုင်းထွာပြီးနောက် မိမိ၏ အားကို စမ်းသောအားဖြင့် 'မိုးကုတ်ဝိပဿနာရှုနည်း လက်စွဲ' ကျမ်းကို ရေးသားခဲ့လေသည်။ ထိုကျမ်းငယ်ကို စာဖတ်ပရိသတ်ကရော၊ မိုးကုတ်ယောဂီများကပါ နှစ်မြို့က် လက်ခံကြကြောင်း တွေ့ရသည်။

## [ ၄ ]

မူလ အားထုတ်စဉ် အခါက လုပ်ငန်းစဉ် စာအုပ်အားလုံး ၃၉ အုပ်ကို တစ်အုပ်တည်း အပြီးရေးဖို့ စိတ်ကူးထားခဲ့သည်။ သို့သော် ဆရာတော်ဘုရားကြီး ဟောတရားများမှာ အကြမ်းအားဖြင့် တစ်ပုဒ်လျှင် ပုံနှိပ်စာမျက်နှာ ၅၀ မှ ၆၀ ကြား ရှိသည်။ ထိုမျှလောက် များသော ဟောတရားများကို အကျဉ်းချုပ် ရေးရာတွင် လျှောက်လွှာ စာရွက်တစ်ရွက်မျှဖြင့် အပြီးရေးလျှင် အာဘော်မိအောင် ရေးဖို့ပင် အတော် ခက်ခဲသည်။ ဆရာတော်ကြီး၏ ဥပမာပေးများနှင့် စကား အသုံးအနှုန်း ထက်မြက်ပုံများကိုပါ ချန်လှပ်ထားခဲ့မှသာ ရနိုင်ပေတော့မည်။ ထိုသို့လည်း မဖြစ်စေသင့်ဟု စဉ်းစား ဆုံးဖြတ်ရပြီး ပါသင့်သည်ကို ပါအောင်ရေးဖို့ ပြန်၍ နှလုံးသွင်း ရပြန်သည်။

ထို့ကြောင့် တစ်ခါတလေ ဆရာတော်ကြီး၏ ဟောတရား မူရင်းတစ်ပုဒ်ကို အနှစ်ချုပ် ရေးသောအခါ လျှောက်လွှာ သုံးမျက်နှာလောက်အထိ ရေးရသည်။ တချို့နေရာများတွင် မှတ်ချက်များ၊ သုံးသပ်ချက်ကလေးများကိုလည်း ထည့်ပေးချင်ပြန်သည်။ ထို့ကြောင့် မူလက ရည်ရွယ်ခဲ့သော တစ်အုပ်တည်း အပြီးရေးမည်ဆိုသော ရည်ရွယ်ချက်ကို ပြောင်းပြီး စာအုပ်အမှတ်(၁)မှ (၁၀)အထိကို (ပထမကဏ္ဍ) အမှတ်(၁၁)မှ (၂၀) အထိကို ဒုတိယကဏ္ဍ၊ စာအုပ်အမှတ်(၂၁)မှ (၃၀) အထိကို တတိယကဏ္ဍ၊ အမှတ်(၃၁)မှ (၃၉) အထိကို စတုတ္ထကဏ္ဍထားပြီး ထုတ်ဝေဖို့ စီစဉ်လိုက်ရပါသည်။

ဤအလုပ်ကို လုပ်ရသည်မှာ မိမိဘဝတွင် အကြီးဆုံး အားထုတ်မှုတစ်ခုကို ပြုရခြင်း ဖြစ်ပါသည်။ 'ရတနာသုံးပါးကို ယုံကြည်'ကိုးကွယ် ဆည်းကပ်လာသူ တစ်ယောက်အကြောင်း' ကို ရေးရစဉ်က စိတ်ပင်ပန်းခြင်း၊ ကျပ်တည်းခြင်း မရှိပါ။ ဤစာအုပ်ကို ရေးရာ၌မူ မိမိ၏ အားထုတ်မှု မပီပြင်လျှင် ဆရာတော်ကြီး၏ ဂုဏ်သိက္ခာကို ထိပါးအောင် လုပ်ရာကျမည်ကို များစွာ စိုးရိမ်ရပါသည်။ ထို့ကြောင့် စိတ်မှာ ကျဉ်းမြောင်းပါသည်။ ဤမျှလောက်ဆိုလျှင် စာရေးသူ၏ စေတနာကိုရော၊ သဒ္ဒါတရားကိုရော ဆရာတော်ကြီးအပေါ် ထားအပ်သော ဂါရဝတရားကိုပါ စာဖတ်သူ ရိပ်စားမိပါလိမ့်မည်။ မိမိအနေနှင့်မူ ရင်ထဲမှာ ဖြစ်ပေါ်လာသော ကုသိုလ်ဆန္ဒတစ်ရပ်၏ တိုက်တွန်းမှုကြောင့် စာရေးသူ တစ်ဦးအနေနှင့် လုပ်သင့်သည်။ ကိစ္စတစ်ရပ်ကို လုပ်လိုက်ရပြီဖြစ်၍ နှစ်ထောင်းအားရ ရှိပါသည်။ ဤကြိုးပမ်းမှုကို အကဲဖြတ်ရန်မှာ စာဖတ်သူ၌သာ တာဝန်ရှိမည် ထင်ပါသည်။ ချီးကျူးခြင်းကို မမျှော်လင့်ပါ။ ကဲ့ရဲ့ခြင်း မခံရလျှင်ပင် ကြိုးပမ်းရခြင်းအတွက် ကျေနပ်ရပါမည်။

မေတ္တာဖြင့်

စာရေးသူ

[illegible]

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၁)

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၁)

**နိဒါန်း**

ဤစာအုပ်၏နိဒါန်းကို ဆရာကြီး ဦးသံဒိုင် ရေးပါသည်။ ဦးသံဒိုင်က ဝိပဿနာတရား အားမထုတ်မီ ယောဂီသည် (၁) ဆရာကောင်းကို ရှာပါ၊ (၂) အသိဖြင့် ဒိဋ္ဌိကိုဖြုတ်ပါ၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို (ဉာတပရိညာ) အသိဖြင့် မဖြုတ်ဘဲ တရားအားမထုတ်ဖို့ ဆရာတော်ကြီး မှာကြားထားကြောင်း သတိပေးထားသည်။ ရှေ့ကဖြစ်ပျက် နောက်ကမဂ် ဆိုသည့်အတိုင်း ဖြစ်ပျက်နှင့် မဂ်ကိုက်အောင်၊ ကိလေသာ ကြားမဝိုအောင် အားထုတ်ကြရန် မှာကြားခြင်းဖြစ်သည်။ ဦးသံဒိုင်က ဤအလုပ်စဉ်တရား စာအုပ်များသည် ရေးတရားမဟုတ်၊ ဟောတရားများသာဖြစ်၍ ဖတ်သောအခါ မချောလျှင် သည်းခံကြဖို့ တိုက်တွန်းထားခြင်းဖြစ်သည်။

ဤစာအုပ်တွင် ဟောတရား (၁၄)ပုဒ် ပါသည်။ (၁) ဝိပဿနာ အလုပ်ပေးတရား၊ (၂) ဒိဋ္ဌိဝိစိကိစ္ဆာ ပယ်ပုံ၊ (၃) ပဋိစ္စသမုပ္ပါဒ် ဆက်ပုံ၊ (၄) အဂ္ဂိဝစ္ဆသုတ်၊ (၅) အဂ္ဂိဝစ္ဆသုတ်အဆက်၊ (၆) ဓာတုဝိဘင်္ဂသုတ်၊ (၇) ဇရာမရဏ၊ (၈) သုတဝါနှင့် အသုတဝါ ကွာခြားပုံ၊ (၉) အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်၊ (၁၀) သဗ္ဗေသင်္ခါရာ အနိစ္စာ၊ (၁၁) ဓေတနာ၊ ကံ၊ သင်္ခါရ ရှင်းတမ်း၊ (၁၂) အနာထပိဏ္ဍိကောဝါဒ၊ (၁၃) သုသိမသုတ်၊ (၁၄) သံယောဇနသုတ် တို့ ဖြစ်သည်။

## ၁။ ဝိပဿနာအလုပ်ပေးတရားတော်
(၁၃–၁၁–၆၀ ရန်ကုန်ဧည့်သည်များကို ဟောတရား)

ဤတရားတွင် ပထမမဂ် (သောတာပတ္တိမဂ်) ရရေးမှာ ပါရမီမလို၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ပယ်နိုင်ဖို့သာ လိုရင်းဖြစ်ကြောင်း၊ ထိုဒိဋ္ဌိကို ခွာပုံ နှစ်မျိုးရှိသည်။ ပထမ ဝိပဿနာနှင့် ခွာရမည်၊ ထိုနောက်မှ မဂ်နှင့် ခွာရမည်။ ဒိဋ္ဌိ ဘယ်မှာကပ်နေသလဲ။ ခန္ဓာငါးပါးမှာ ဒိဋ္ဌိကပ်နေသည်။ ထို့ကြောင့် ဒိဋ္ဌိခွာချင်လျှင် ခန္ဓာငါးပါး ဖြစ်ပေါ်ပုံကို ပြရမည်၊ နားလည်ရမည်။ ခန္ဓာဖြစ်ပေါ်ပုံကို သိချင်လျှင်လည်း ပဋိစ္စသမုပ္ပါဒ်ကို နားလည်အောင် ပြရမည်။ ပဋိစ္စသမုပ္ပါဒ် ဆိုရာတွင် စာပဋိစ္စသမုပ္ပါဒ်နှင့် ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို ခွဲပြရမည်။ အဓိကမှာ ခန္ဓာပဋိစ္စသမုပ္ပါဒ်ကို နားလည်ရန် အရေးကြီးသည်။ ခန္ဓာငါးပါး ဖြစ်ကြောင်း ချုပ်ကြောင်း မသိလို့ ဒိဋ္ဌိကပ်နေခြင်း ဖြစ်သည်။

ဤတွင် ပစ္စုပ္ပန် ပဋိစ္စသမုပ္ပါဒ်ကို သိဖို့သာ ပဓာနဖြစ်သည်။ ပုထုဇဉ်သည် ခန္ဓာငါးပါးကို ငါ (သက္ကာယဒိဋ္ဌိ) စွဲနေသည်။ ရုပ်နာမ်ကွဲရင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကွာတယ် ဆိုသော အဆိုကို ဆရာတော်က လက်မခံ။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှ ခန္ဓာ ဖြစ်ပုံ ချုပ်ပုံကိုသိ၍ ဒိဋ္ဌိကွာနိုင်သည်ဟု ယူသည်။ ဘာကြောင့်ဆို ခန္ဓာ ဆိုသည်မှာ ပဋိစ္စသမုပ္ပါဒ် ကျိုးကြောင်းဆက်နေသော ခန္ဓာ ဖြစ်သော ကြောင့် ဖြစ်၏။

ခန္ဓာကို သိပြီး၊ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွာနိုင်လျှင် အဝိဇ္ဇာနှင့် သင်္ခါရ (သမုဒယသစ္စာ)ကို အလိုလိုပယ်ပြီး ဖြစ်သည်။ ဝိပဿနာ ရှုသူသည် အတိတ်က ဖြစ်ပြီးခန္ဓာကိုလည်း မရှုရ၊ အနာဂတ်ဖြစ်မည့် ခန္ဓာကိုလည်း မရှုရ၊ ပစ္စုပ္ပန်မှာ ပေါ်သော ခန္ဓာကိုသာ ပစ္စုပ္ပန်တည့်အောင် ရှုရမည်။ ပစ္စုပ္ပန်မှာ ပေါ်သော ခန္ဓာ ငါးပါးကို ပစ္စုပ္ပန်ဉာဏ်နှင့် ရှုရမည်။ ယောဂီသည် မျက်လုံးနှင့် အဆင်းတိုက်မှ ပစ္စုပ္ပန်မှာ မြင်စိတ် (စက္ခုဝိညာဉ်) ပေါ်ပုံ၊ ထိုဝိညာဉ်နှင့်အတူ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာများ အတူတကွပေါ်ပုံကိုသိပြီး ထိုခန္ဓာကိုသာ ဝိပဿနာ ရှုရမည်။ နာမက္ခန္ဓာ လေးပါးသည် တစ်ပြိုင်နက်ပေါ်ပြီး တစ်ပြိုင်နက် ချုပ်ကြောင်း ကို နားလည်ရမည်။ ဤတွင် ဆရာတော်က စာထဲဟောတဲ့ ခန္ဓာကို မယူပါနှင့်၊ အဲဒီစာကို ထိုးထွင်းသိတဲ့ ဆရာကဟောတဲ့ ပစ္စုပ္ပန်ခန္ဓာကို ယူပါ–ဟု ဆိုသည်။ မှတ်သားရမည့် စကားပင်။ ဤတွင် ဆရာတော်ကြီးသည် နိဒါနဝဂ္ဂသံယုတ်လာ

'စက္ခုံစ ပဋိစ္စရူပေစ ဥပဇ္ဇတိ' ပါဠိတော်ကို ကိုးကား၍ ဟောခြင်းဖြစ်သည်။ ထိုနောက် ဆရာတော်သည် ခန္ဓာငါးပါးအကြောင်း အကျိုးဆက်၍ ဖြစ်ပုံကို ဟောပြန်သည်။ ပြီးမှ ပုဂ္ဂိုလ် သတ္တဝါမရှိ၊ အကြောင်းအကျိုးသာ ရှိပုံကို ပြသည်။ ကံကဖြစ်စေသော စက္ခုပသာဒ၊ ဥတုက ဖြစ်စေသော အဆင်း ထိုရုပ်နှစ်ခု တိုက်ဆိုင်သောအခါ အကျိုးအားဖြင့် နာမ်ခန္ဓာလေးပါး၊ (ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်) ပေါ်လာသည်။

ရုပ်နှစ်ခုကို အကြောင်းပြုပြီး နာမ်လေးခု ပေါ်လာသည်ဟု သိလျှင် နာမ်နှင့်ရုပ်ကို ပိုင်းခြား၍သိပြီ၊ ထိုသို့သိလျှင် ပုဂ္ဂိုလ် သတ္တဝါစွဲ အတ္တဒိဋ္ဌိကို ခွာနိုင်ပြီ။ ဒွါရ ခြောက်ပေါက်မှာ ခန္ဓာငါးပါးစီ အလှည့်ကျပေါ်နေသည်။ ထိုသို့ပေါ်သော ခန္ဓာများမှာလည်း ခုပေါ်ပြီး ခုပျက်၊ ခုမွေးပြီး ခုသေ ဖြစ်နေကြသည်။ တစ်နေ့ တစ်နေ့ ခန္ဓာတွေ မွေးပြီး သေနေတာ မရေတွက်နိုင်ဘူး။ ကိုယ့်အသေ ကိုယ်မြင်မှ ဝိပဿနာဖြစ်ကြောင်း ဆရာတော် ဟောပါသည်။ ဤသို့ ကိုယ့်အသေတွေကို ကိုယ်မြင်နေမှသာ နောက်ခန္ဓာတွေကို မလိုချင်တော့ဘူး။ အသေမြင်တယ် ဆိုတာ ဒုက္ခသစ္စာကို မြင်တာ၊ ဒုက္ခသစ္စာကို မြင်မှသာ လိုချင်သော သမုဒယတဏှာကို ပယ်နိုင်မည်ဖြစ်ပါသည်။ ကိုယ့်အသေကို ကိုယ်မြင်တာက ဝိပဿနာမဂ်၊ ထိုမဂ်က နောက်တဏှာ ဥပါဒါန်ကံတွေ မလာအောင် တားဆီးပေးသည်။ ဖြစ်ပျက်နောက်က မဂ်ဝင်တားလိုက်ပြီ ဆိုမှ နောက်ဒုက္ခသစ္စာ မလာတော့ဘူး။ မလာလျှင် နိရောဓသစ္စာ ဆိုက်ပြီ။

ဤပထမတရားတွင် ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်လျှင် မဂ္ဂသစ္စာ ဖြစ်သည်၊ မဂ်ဝင်လျှင် သမုဒယသစ္စာကို ပယ်သည်၊ သမုဒယချုပ်လျှင် နောက်ဒုက္ခ မလာတော့၊ နိရောဓသစ္စာ ဆိုက်ပြီ။ ဤကား ပထမတရား၏ လိုရင်း အနှစ်ချုပ်ဖြစ်၏။

*

## ၂။ ဒိဋ္ဌိဝိစိကိစ္ဆာပယ်ပုံတရားတော်

(၁၄–၁၁–၆၀ ရန်ကုန်ဧည့်သည်များကို ဟောတရား)

သောတာပန်ဖြစ်ချင်ရင် ဒိဋ္ဌိ ဝိစိကိစ္ဆာ ပယ်ရလိမ့်မည် ဆိုသော သတိပေးစကားဖြင့် ဤတရားကို အစပျိုး၍ ဟောကြားတော်မူသည်။ ဒိဋ္ဌိသည် ခန္ဓာငါးပါးမှာ ငြိကပ်နေသည်။ ထို့ကြောင့် ဒိဋ္ဌိကို ပယ်ချင်လျှင် ခန္ဓာငါးပါး ဖြစ်ပုံပျက်ပုံ

သဘောကို ကောင်းစွာသိရမည်။ ခန္ဓာသဘောကို မသိလျှင် ဒိဋ္ဌိကို မပယ်နိုင်ဟူလို။ 'ခန္ဓာဖြစ်လာတာမှ မသိလို့ရှိရင် ခန္ဓာမှာ ကပ်နေတဲ့ ဒိဋ္ဌိခွာနည်း နိဿရည်းကိုလည်း ရနိုင်မှာမဟုတ်ဘူး' ဟု ဆရာတော်က ဆိုထားသည်။ 'ဒိဋ္ဌိကို ခွာချင်လို့ရှိရင် ပဋိစ္စသမုပ္ပာဒ်ကို အရင်းကျကျ သိအောင်လုပ်ပါ' ဟုလည်း လမ်းညွှန် ပြတော်မူသည်။ ပဋိစ္စသမုပ္ပာဒ် ဆိုရာမှာလည်း 'ပစ္စုပ္ပန် ယခုရောက်ဆဲ၊ ယခုဖြစ်ဆဲ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှသာလျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ကွာမယ်' ဟုလည်း ပြတ်သားစွာ ပြညွှန်ထားလေသည်။ ပြီးမှ 'ခန္ဓာဖြစ်ကြောင်းကို မသိရင် ဝိစိကိစ္ဆာ ကပ်လိမ့်မယ်၊ ခန္ဓာဖြစ်ကျိုးကို မသိရင် ဒိဋ္ဌိကပ်လိမ့်မယ်' ဟု ရှင်းလင်းဖော်ပြပြန်သည်။ ဤတရားတွင် ဖော်ပြထားသော ဆရာတော်ကြီး၏ ထူးခြားသောစကားမှာ 'အလာကြီး လာရပြီးကာမှ စုဋ္ဌသောတာပန် အခြေအနေ မရောက်ဘဲနှင့် မပြန်ကြပါနဲ့' ဆိုသော ဆုံးမစကားဖြစ်၏။

ဒိဋ္ဌိဖြုတ်ရေးသည် အရေးကြီးပုံကို သံယုတ်ပါဠိတော်မှ 'သတ္တိယာ ဝိယသြမဋ္ဌော' ဂါထာကိုပြ၍ ဟောသည်။ ရင်ဝလှံစူး ထိပ်ဦးမီးလောင် သူသည် လှံကိုနုတ်ပြီး ဆေးကုဖို့ထက် ဦးခေါင်းမှာလောင်သော မီးကို ငြိမ်းသတ်ဖို့ထက် အရင်ဦးစွာ ဒိဋ္ဌိဖြုတ်ဖို့ကို အရေးထားအပ်ကြောင်း ပြပါသည်။ ဒိဋ္ဌိက အပါယ်သို့ ဆွဲချသည်၊ ဒိဋ္ဌိလောက် ကြောက်စရာကောင်းတာ ဘာမှမရှိဟု ဟောတော်မူသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို တားတာ တဏှာမဟုတ်ဘူး၊ ဒိဋ္ဌိက တားတာ၊ **'ဒိဋ္ဌိကို မခွာဘဲ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အာပေါက်အောင် အားထုတ်၊ ဖြစ်ပျက်ကို မြင်ချင် လည်း မြင်မယ်၊ မဂ်မရဘူး'** ဟု ယတိပြတ် အခိုင်အမာ ဆိုပါသည်။ ခန္ဓာဝဂ္ဂသံယုတ်မှာ အနုရာဓမထေရ် ဖြစ်ပျက် မြင်သော်လည်း မဂ်မရပုံကို နမူနာပြပါသည်။ အရှင်ဆန္န (မြင်းမြီးဆွဲ) လည်း ဖြစ်ပျက်မြင်သည်၊ ဒိဋ္ဌိမပြုတ်၍ မဂ်မရကြောင်း နမူနာပြသည်။ အရှင်ဆန္နကို အရှင်အာနန္ဒက ဒိဋ္ဌိပြုတ်အောင် ပဋိစ္စသမုပ္ပာဒ်ကို ပြပြီးဟောမှ မဂ်ရသည်။ ဤသို့ ကြောင်းကျိုးပြ စကားကိုဆိုပြီးမှ ဆရာတော်က မျက်စိနှင့် အဆင်းတိုက်၍ မြင်စိတ်ပေါ်ပုံ ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ မြင်စိတ်နှင့် အတူ နာမ်ခန္ဓာလေးပါး တစ်ပေါင်းတည်း (သမ္ပယုတ္တဓမ္မအဖြစ်) ပါပုံကို ပြသည်။ ပစ္စုပ္ပန် ခန္ဓာငါးပါးပေါ်ပုံကို ပြသည်။ ဖြစ်ဆဲ ခန္ဓာငါးပါးကို ကျကျနနသိမှ သဿတဒိဋ္ဌိ ဖြုတ်နိုင်သည်။ အကြောင်းနှစ်ခုကြောင့် အကျိုး နာမ်ခန္ဓာ လေးခု ပေါ်လာပုံကို သိသဖြင့် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။ သဿတဥစ္ဆေဒ ဒိဋ္ဌိ အစွန်းနှစ်ဖက်ကို အသိနှင့် ခွာပြီးမှ တရားအားထုတ်ခြင်း ကိစ္စကို ဆောင်ရွက်ရမည်။

ဤတွင် မျက်စိနှင့် အဆင်း (ရုပ်နှစ်ခု) တိုက်ဆိုင်မှု အကြောင်းကြောင့် မြင်စိတ်နှင့်အတူ ဝေဒနာ၊ သညာ၊ စေတနာ(သင်္ခါရ) နာမ်ခန္ဓာများ အကျိုးအဖြစ် ပေါ်လာပုံကို သိရမည်။ ပုဂ္ဂိုလ် သတ္တဝါ၊ သူ၊ ငါ၊ ယောကျာ်း၊ မိန်းမ ပေါ်လာသည် မဟုတ်၊ ဓမ္မမျှသာ။ အကြောင်းနှင့် အကျိုးမျှသာ ဖြစ်သည်။ 'ဘယ်ခန္ဓာဖြစ်ဖြစ် အကြောင်းအကျိုးချည်းပဲ'ဟု ဆရာတော်က ဆိုသည်။ ဤသို့ ခန္ဓာငါးပါးသည် အကြောင်းအကျိုးချည်းပဲဟု သိလျှင် အသိဖြင့် ဒိဋ္ဌိကို ပယ်ခွာနိုင်ပြီ။ ထိုကဲ့သို့ ခန္ဓာငါးပါးအပေါ် စွဲသော ဒိဋ္ဌိနှင့် သံသယ ဝိစိကိစ္ဆာကို ပယ်နိုင်ပြီဆိုလျှင် ကလျာဏ ပုထုဇဉ် (စူဠသောတာပန်ပဲ)ဟု ဆရာတော်က အတိအကျ ဆိုပါသည်။ ဤသို့ ဒိဋ္ဌိဝိစိကိစ္ဆာကို အသိဖြင့် (ဉာတပရိညာ) ဖြင့် ဖြုတ်ပြီးမှ ဝိပဿနာအလုပ်စခန်းသို့ တက်လှမ်းကြရမည်။

ဤတရားတွင် နာမ်ရုပ်ကို ဝိပဿနာရှုပုံကိုလည်း ပြသည်။ ဝိပဿနာ အလုပ်သည် ကံအလုပ်မဟုတ်၊ ဉာဏ်အလုပ် ဖြစ်ကြောင်းကိုလည်း ပြတော်မူသည်။ ပြီးမှ ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးဖြင့် ခွဲဝေပုံကိုလည်း ပြထားသည်။ ရုပ်ကို ရှုလျှင် ကာယာနုပဿနာ၊ စိတ်ဝိညာဉ်ကို ရှုလျှင် စိတ္တာနုပဿနာ၊ ဝေဒနာကိုရှုလျှင် ဝေဒနာနုပဿနာ၊ သင်္ခါရနှင့် သညာကိုရှုလျှင် ဓမ္မာနုပဿနာ ဖြစ်ကြောင်း ပြသည်။ ဤတရားတွင် ဆရာတော်ကြီး၏ ထူးခြားသောစကားမှာ 'ကံစီမံသလို ခံကြ ရင်တော့၊ လူ့ဘောလုံး ဖြစ်လိမ့်မယ်' ဟု ဆိုပြီး ဝိပဿနာ အလုပ်သည် ကံဖြတ် အလုပ်ဖြစ်ကြောင်းကို ဟောလေသည်။

*

## ၃။ ပဋိစ္စသမုပ္ပါဒ်ဆက်ပုံတရားတော်

(၁၅–၁၁–၆၀ ရန်ကုန်ဧည့်သည်များကိုဟောတရား)

ဤတရားကို 'ပဋိစ္စသမုပ္ပါဒ် ဆက်စပ်နေတော့ ဒွါရခြောက်ပါးမှာ လှည့်ပြီး ခန္ဓာငါးပါး ဆက်ပေါ်တယ်၊ အကြောင်းအကျိုးမျှဖြစ်သော ခန္ဓာကြီးဖြစ်တယ်၊ အကြောင်းကြောင့် ဖြစ်တဲ့ အကျိုး၊ ဒါကြောင့် အကြောင်းချုပ်ရင် အကျိုးချုပ်မှာပဲ' ဆိုသော သဘောဖြင့် စတင်ဟောကြားတော်မူလေသည်။ ဤတွင် ခန္ဓာတွေ ဖြစ်ပေါ် နေခြင်းသည် အကြောင်းမကင်းလို့ ဖြစ်နေတာဟု သိနားလည်လျှင် ဥစ္ဆေဒဒိဋ္ဌိ (ဘဝပြတ်သည်ဆိုသော အယူမှား) ကွာသည်။ ထို့အတူ အကြောင်းချုပ်မယ်ဆိုရင်

အကျိုးခန္ဓာတွေလည်း ချုပ်မှာပဲဟု သိမြင်လျှင် (နိုင်တယ်၊ မြဲတယ်ဟု ယူသော) သဿတဒိဋ္ဌိ ကွာသည်။ တစ်နည်း အဖြစ်ကိုသိလျှင် ဥစ္ဆေဒဒိဋ္ဌိ ကွာသည်။ အပျက်ကို သိလျှင် သဿတဒိဋ္ဌိကွာသည်။ 'သဿတ ဥစ္ဆေဒဒိဋ္ဌိကွာတာ တခြားမဟုတ်ဘူး၊ ဖြစ်ပျက်မြင်မှ ကွာတာ' ဟု ဆရာတော်က ဆိုသည်။ ဤသို့ ကြောင်းကျိုး၊ ဖြစ်ပျက်ကိုမြင်ပြီး (ဒိဋ္ဌိကွာပြီး) ဝိပဿနာရှုမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရနိုင်သည်။ ဤသို့ ကြောင်းကျိုးသိ၊ ဖြစ်ပျက်မြင်၊ ဒိဋ္ဌိကွာဖို့မှာ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ ဖြစ်သည်။

ဤသို့ဆိုပြီးနောက် ခန္ဓာငါးပါးဖြစ်ပုံကို ကြောင်းကျိုး ဆက်စပ်ပြသည်။ ဤသို့ ခန္ဓာငါးပါး ဖြစ်ပုံပျက်ပုံကို အကြောင်းအကျိုးစပ်၍ ဖော်ပြပြီးနောက် ဥစ္ဆေဒ၊ သဿတဒိဋ္ဌိကို ခွာပုံကိုပြသည်။ ပြီးလျှင် ဤတရားတွင် **စိတ္တာနုပဿနာရှုပုံ** ကို ပြသည်။ ဆရာတော်က 'ဒိဋ္ဌိကွာချင်ရင် စိတ္တာနုပဿနာကိုရှု' ဟုဆိုသည်။ 'တဏှာ ကွာချင်ရင် ဝေဒနာနုပဿနာကို ရှုပါ'ဟုလည်း ဆိုသည်။ ဤသည်မှာ မိုးကုတ် ဆရာတော်၏ ထူးခြားသော အဆိုအမိန့်ဖြစ်သည်ဟု ဆိုသင့်သည်။ မိုးကုတ် ဆရာတော်၏ ဝိပဿနာအလုပ်စဉ် တရားများတွင် စိတ္တာနုပဿနာကို အထပ်ထပ် အခါခါ အရေးပေးပြီး ဟောကြားတော်မူသည်။

ဆရာတော်က ကိုယ့်စိတ် ကိုယ် အကဲခတ်တာ စိတ္တာနုပဿနာဟုလည်း ဆိုသည်၊ ပြသည်၊ ညွှန်းသည်။ ပုထုဇဉ် သန္တာန်မှာ ပေါ်ချင်တဲ့ စိတ်ပေါ် ပေါ်သောစိတ်သည် ဝိပဿနာအာရုံချည်းပဲ ဟုလည်း ယတိပြတ်ပြောပါသည်။ 'ဝိပဿနာ မရကောင်းတာ တစ်ခုမှမပါဘူး၊ ဘဝင်စိတ်မှ အပ ဇောစိတ်မှန်သမျှ အကုန်သာရှုချ' ဟုလည်း ပြတ်ပြတ်ပြောသည်။ ပြီးမှ ကိုယ့်စိတ်ကို အကဲခတ်ရာမှာ ကိုယ့်စိတ်က တစ်မျိုး၊ အကဲခတ်သော စိတ်က တစ်မျိုး နှစ်မျိုးဖြစ်သည်။ စိတ္တာနုပဿနာတွင် ရှေ့စိတ် (၁)ကို နောက်စိတ် (၂)နှင့် ရှုရသည်။ ပေါ်လာသမျှ စိတ်တွေကို ရှုဉာဏ်ငါးပါးနှင့် ရှုချရမည်။ ဤသို့ ရှုလိုက် သဖြင့် ဖြစ်ပြီး ပျက်သွားသော ဖြစ်ပျက်စိတ်နောက်က မဂ်စိတ်လိုက်လာလျှင် သံသရာပြတ်သည်၊ ကံပြတ်သည်။ ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုလိုက်သောအခါ (စိတ်နှစ်စိတ် တစ်ပြိုင်နက်မဖြစ်နိုင်၊ နောက်စိတ်ပေါ်လျှင် ရှေ့စိတ်ပျက်သော ကြောင့်) ရှေ့စိတ်ကို နောက်စိတ်နှင့် ရှုလိုက်သောအခါ ရှေ့စိတ်မရှိတာ တွေ့မည်။ ထိုသို့ 'မရှိတာကိုရှုတာ ဝိပဿနာပေါ့' [နှ၁–၁၂၀] ဟု ဆိုသည်။ 'ဝိပဿနာဆိုတာ မရှိတာကို ကြည့်နေတာပါလား' [နှ၁–၁၂၁] အစိပ္ပာယ်က ဒီရောက်မသွားဘူးလား ဟု

မေးထားသည်။ ဒါဖြင့် 'ဝိပဿနာဆိုတာ မရှိတာကို အရှုခိုင်းတာကိုး [နှာ–၁၂၃] တစ်မရှိတာကို နှစ်နဲ့ အရှုခိုင်းတာကိုး'၊ ဝိပဿနာဆိုတာ အနိစ္စကို မြင်ရမယ် [နှာ–၁၂၅]။ ဤသို့ ဖော်ပြပြီးနောက် 'မရှိတာ' ဆိုသည်မှာ လုံးဝမရှိတာကို ဆိုလိုခြင်းမဟုတ်၊ ရှိပြီးမှ ချုပ်သွားလို့မရှိတာ (ဆရာတော်အခေါ် တဒ္ဓရိပညတ်) ဟုတ္တာအ ဘာဝတ္တေန အနိစ္စာ' ဖြစ်ကြောင်း ရှင်းပြန်သည်။ 'ဒါဖြင့် တဒ္ဓရိပညတ်ကို ရှုရမယ်၊ တဒ္ဓရိပညတ်ဆိုတာ တခြားမဟုတ်ဘူး။ ထိုတရား၏ မရှိတာကို ရှုတာ' ဟုလည်း ရှင်းလင်းအောင် ဖွင့်ပြပါသေးသည်။

**ကံဖြတ်တရား။** ။ ယနေ့ဟောသော တရားတွင် စိတ္တာနုပဿနာဆိုင်ရာ အရေးပါသော အချက်အလက်များကို ဟောပြီးနောက် ကံပြတ်တရားကို ဆက်ဟောပါသည်။ ပဋိစ္စသမုပ္ပာဒ် တရားအရဆိုလျှင် တဏှာ၊ ဥပါဒါန် ကံဆက်သည်၊ ကံဖြစ်လျှင် ဇာတိ၊ ဇရာ၊ မရဏ အနာဂတ်ခန္ဓာ ငါးပါးပေါ်တော့မည်။ ထိုပဋိစ္စသမုပ္ပာဒ်ကို မဂ်ဖြင့် ဖြတ်ရသည်။ ဝေဒနာပေါ်လျှင် ဝေဒနာကို ရှုလိုက်၊ ဝေဒနာ ချုပ်ပျောက်သွားသည်။ ဝေဒနာနိရောဓ ဖြစ်သွားလျှင် တဏှာမလာတော့၊ တဏှာ မလာလျှင် ဥပါဒါန်၊ (ကံ) မလာတော့၊ ကံပြတ်ပြီ။ သံသရာပြတ်ပြီ။

ဝေဒနာနောက်က မဂ် လာတယ်၊ တဏှာ အလာမခံဘူး။ မဂ်ဆိုတာ ဘာတုံးလို့ မေးရင် ကံဖြတ်တာ၊ သောတာပတ္တိမဂ်က အပါယ်လေးပါး သွားတဲ့ ကံကို ဖြတ်တယ်။ [နှာ–၁၃၇] ပထမမဂ်က အပါယ်လေးပါးသွားမည့် ကံကို ဖြတ်သည်။ မဂ်လေးပါးစလုံး ကံဖြတ်တာချည်းပဲ။ [နှာ–၁၃၈] ထိုနောက် ကံဖြတ်ဝတ္ထုကို ဟောသည်။

သီလဗ္ဗတ ပရ မာသ အကျင့်ကို ကျင့်နေသော ပုဏ္ဏနှင့် သေနိယတို့ကို ဟောသောဝတ္ထု ဖြစ်သည်။ ထိုဝတ္ထုတွင် အဖြူ ၊ အမည်း ကံလေးမျိုး ပြားပုံကို ဟောသည်။ ပြီးမှ ဝိပဿနာရှုသော ကံသည် အဖြူ၊ အမည်း မရောသော ကံဖြစ်ကြောင်း၊ မဂ်က ကံကိုဖြတ်ချကြောင်း ဟောသည်။ ဝိပဿနာဉာဏ်က စပြီး မဂ်ဉာဏ်အဆုံးသည် အဖြူ၊ အမည်း မရောသောကံ ဖြစ်ကြောင်းကို ရှင်းထားသည်။ ဤတရားကို 'ပဋိစ္စသမုပ္ပာဒ်ဆက်ပုံ' ဟု အမည်ပေးထားသော်လည်း ပဋိစ္စသမုပ္ပာဒ် ဖြတ်ပုံ၊ ကံ ဖြတ်ပုံကို ပဓာနထား၍ ဟောထားခြင်းဖြစ်ကြောင်း လေ့လာမိပါသည်။

*

## ၄။ အဂ္ဂိဝစ္ဆသုတ်တရားတော်
(၁၆–၁၁–၆၀ ရန်ကုန်ဌေးဌေးသည်များ ကိုဟောတရား)

ဤတရားကို မိုးကုတ်ဆရာတော်သည် 'နိဗ္ဗာန်မြင်ချင်ရင် ဒိဋ္ဌိပြုတ်သွားမှ မြင်နိုင်သည့် အကြောင်းကို ဘုရားက အဂ္ဂိဝစ္ဆကို ဟောတယ်' ဟု အစချီပြီး ဟောတော်မူသည်။ အဂ္ဂိဝစ္ဆ ပုဏ္ဏားက ဘုရားကို 'ရှင်ကြီးဂေါတမ– ရုပ်နာမ် လောကဟာ မြဲသလား' ဟု မေးသည်။ ဤအယူ ဒိဋ္ဌိအယူ (သဿတအယူ)ဖြစ်၍ ဘုရားက 'ငါ ဒီအယူမယူဘူး'ဟု ဖြေသည်။ ထိုအခါ အဂ္ဂိဝစ္ဆက 'ဒါဖြင့်ရင် ရုပ်နာမ် လောကဟာ မမြဲဘူးလား' ဟု မေးသည်။ မမြဲဘူးဟုဖြေလျှင် ထိုပုဏ္ဏား ဥစ္ဆေဒ ဒိဋ္ဌိဘက်ကို ပြေးမည်။ ထို့ကြောင့် 'ထိုအယူလည်း ငါမယူ' ဟု ဘုရားက ဖြေသည်။ ဒိဋ္ဌိအမေးပုစ္ဆာ ၁၀ ခုဖြင့် အဂ္ဂိဝစ္ဆ မေးသမျှကို ဘုရားက 'ဒီအယူ ငါမယူ'ဟု ဖြေသည်။ ထိုအခါ အဂ္ဂိဝစ္ဆက 'ဒါဆို ရှင်ကြီးဂေါတမ အယူကို ပြောပါ' ဟု မေးသည်။ ထိုအခါ ဘုရားက 'ဣတိရူပံ၊ ဣတိရူပဿ သမုဒယော' အစချီ၍ 'ရုပ်သည် ဖြစ်၍ပျက်တယ် (အစချီ၍) ခန္ဓာငါးပါးဟာ ဖြစ်၍ပျက်သော သဘောရှိပုံကို ဟောသည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားဟာ ဖြစ်လည်းဖြစ်၍ ပျက်လည်းပျက်တယ်'ဟု ဖြေသောအခါ ပုဏ္ဏားက 'အဲဒီအယူ ယူရင် ဘာအကျိုး ရှိသလဲ'ဟု မေးပြန်သည်။ ဘုရားက 'ဒီအယူကို ယူရင် တဏှာ၊ မာန၊ ဒိဋ္ဌိ ချုပ်တယ်' [နှာ–၁၅၁] ဟု ဖြေသည်။

ပြီးမှ ဆရာတော်က ဝေဒနာဖြစ်ပြီး ပျက်ပုံကို (မျက်စိ၊ နား၊ နှာ၊ လျှာ) မှာ ဥပေက္ခာဝေဒနာ ပေါ်ပုံ ပျက်ပုံကို ပြပြီးရှင်းသည်။ ကိုယ်မှာ သုခဝေဒနာ၊ ဒုက္ခ ဝေဒနာ ပေါ်ပြီး ပျက်ပုံကိုရှင်းသည်။ ထို့နောက် ပေါ်ဆဲဝေဒနာက တစ်ခုတည်းသာ ပေါ်နိုင်ကြောင်း ရှင်းသည်။ [နှာ–၁၅၃]

ထိုပေါ်ဆဲဝေဒနာသည်လည်း ဖြစ်ပြီးသည်နှင့် ပျက်သည်။ ထိုပေါ်ဆဲ ဝေဒနာ၊ ဒုက္ခ၊ သုခ၊ ဒေါမနဿ၊ သောမနဿကို ရှုရင်ရှု၊ မရှုလိုက်မိလျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေ ဆက်ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်က အဝိဇ္ဇာကျအောင် လည် သွားသည်။ ထိုအဝိဇ္ဇာမှ အဝိဇ္ဇာသင်္ခါရဖြစ်ပြီး ပဋိစ္စသမုပ္ပာဒ် ဆက်တော့သည်။ ဤတွင် ဆရာတော်က ကမ္မသဘောဟု သဘောထားရာ၌ ထိုကမ္မသဘောကို ဥပေက္ခာဝေဒနာဟု မသိဘဲ မရှုလိုက်မိလျှင် ၎င်းသည် အဝိဇ္ဇာသို့ သွားကြောင်းကို ထောက်ပြသည်။ ဖြစ်တာ ပျက်တာကို သိအောင်ရှုတဲ့ အယူဟာ ဗုဒ္ဓရဲ့အယူ။

ထိုအယူကို ယူ၍ ဘာအကျိုးကျေးဇူး ရှိသလဲဟု ပုဏ္ဏားက ဆက်မေးပြန်သည်။ တဏှာမာနဒိဋ္ဌိ ကွာကြောင်း ဘုရားက မိန့်တော်မူသည်။ တဏှာသည်ကား ဥပါဒါန် ဖြစ်၍ ဖြစ်ပျက် ရှုခြင်းဖြင့် ဥပါဒါန်ချုပ်သည်။ ထိုအခါ ပုဏ္ဏားက ဥပါဒါန်ချုပ်တဲ့ ပုဂ္ဂိုလ် ဘာဖြစ်သွားသလဲ ဟုမေးပြန်သည်။ ဥပါဒါန်ချုပ်ရင် ဒိဋ္ဌိပြုတ်တယ်၊ ဒိဋ္ဌိပြုတ်ရင် နိဗ္ဗာန်ကို မျက်မှောက်ပြုကြောင်း ဤဝတ္ထုတွင် ဟောတော်မူသည်။

သို့သော် ပုဏ္ဏားက ဥပါဒါန်ချုပ်တဲ့ပုဂ္ဂိုလ် ဘယ်ကိုရောက်သလဲ၊ ဘယ်မှ မရောက်ဘူးလားဟု မေးနေသည်။ ဤတွင် ဘုရားက နိဗ္ဗာန်ကို ဖြေရမည်။ ထိုအခါ ဘုရားက ပုဏ္ဏားကိုပင် ပဋိစ္စသမုပ္ပါဒ် တရားကို နားလည်အောင် သင်ဦး ဆိုပြီး ခန္ဓာငါးပါးမှာ ဒိဋ္ဌိကပ်နေပုံကို ရှင်းပြသည်။ ပဋိစ္စသမုပ္ပါဒ် နားလည်မှ ဝေဒနာကို ရှု၍ ဝေဒနာ ဖြစ်ပျက် မြင်လျှင် တဏှာဥပါဒါန်ချုပ်ပုံ၊ တဏှာဥပါဒါန်က ကိလေသဝဋ်၊ ကမ္မဘဝက ကမ္မဝဋ်၊ ဇာတိ ဇရာ မရဏာက ဝိပါကဝဋ်၊ ဥပါဒါန် ချုပ်သောပုဂ္ဂိုလ် ဝဋ်ကျွတ်တဲ့ဆီသွားတယ် [နှာ-၁၆၄]၊ တဏှာဥပါဒါန်ချုပ်လျှင် ဝဋ်ကျွတ်သည်ဆိုသော အဓိပ္ပာယ် ရောက်သည်။ ဆုတောင်းနေရုံဖြင့် ဝဋ်မကျွတ်၊ အလုပ်လုပ်မှ ဝဋ်ကျွတ်နိုင်ကြောင်းလည်း ဆရာတော် မိန့်တော်မူသည်။

ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ် ချုပ်တာ နိဗ္ဗာန်။ ပြီးမှ ဆရာတော်က ပုဏ္ဏားကို ဘုရားက နိဗ္ဗာန်ကို ဥပမာပြပြီးရှင်းပုံ ဟောသည်။ ဤတွင်လည်း ဒိဋ္ဌိ ဖြုတ်တဲ့နည်းကို နားလည်မှ နိဗ္ဗာန်ကို နားလည်နိုင်ကြောင်း အထပ်ထပ် မိန့်ပြန် သည်။ ပြီးနောက် မီးဥပမာဖြင့် နိဗ္ဗာန်ကိုပြသည်။ လောင်စာသိမ်း၍ မီးငြိမ်းတဲ့ သဘောသည် နိဗ္ဗာန်ဖြစ်ကြောင်း ပုဏ္ဏားနားလည်အောင် ရှင်းပြသည်။ ခန္ဓာက လောင်စာ၊ (ဇာတိ၊ ဇရာ၊ မရဏ) တဏှာ၊ ဥပါဒါန် ကိလေသာတွေက မီး၊ ဘဝ တိုင်း တွဲလျက်ချည်းဖြစ်ခဲ့သည်။ မီးငြိမ်းအောင် မသတ်နိုင်ခဲ့ကြ။ ဖြစ်ပျက်နောက်က မဂ်ဝင်မှ မဂ်က ကိလေသာလည်းသိမ်း၊ ခန္ဓာလည်းသိမ်းသည်။ မဂ်က ကိလေသ ဝဋ်ရော ကမ္မဝဋ်ပါ သိမ်းသည်။ ထိုကြောင့် ဝိပါကဝဋ် မလာနိုင်၊ သိမ်းပြီး ဖြစ်တော့သည်။ ပြီးမှ 'ခင်ဗျားတို့ ဘုရားအယူ ဘာအယူလဲ ဆိုတော့ ဖြစ်ပျက်ကို ရှုတဲ့အယူ' ဟု ဆရာတော်က အဖြေထုတ်ပြသည်။ နိဗ္ဗာန်သည် လောင်စာသိမ်း၍ မီးငြိမ်းခြင်းသာ ဖြစ်ကြောင်း၊ ဘုံကြီး၊ နန်းကြီး၊ မြို့ကြီးပြကြီး မဟုတ်ကြောင်း ရှင်းပြသည်။ နိဗ္ဗာန်ဆိုတာ ဘာလဲမေး၊ တိုတိုဖြေရင် လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်လို့ ခေါ်ပါတယ် [နှာ-၁၈၂] ဟု အဓိပ္ပာယ် သတ်မှတ်ပေးထားသည်။

နိဗ္ဗာန်ကို ရှင်းပြီးမှ ဖြစ်ပျက်မြင်လျှင် ဒိဋ္ဌိပြုတ်ပုံကို ထပ်ရှင်းပြန်သည်။ အဖြစ်မြင်ရင် ဥစ္ဆေဒဒိဋ္ဌိ မရှိဘူး။ အပျက်မြင်ရင် သဿတဒိဋ္ဌိ မရှိဘူး။ ဖြစ်ပျက်မြင်သော မဂ်သည် သဿတဥစ္ဆေဒ နှစ်ခုကြားကသွားတဲ့ ဉာဏ်ဖြစ်သည်ဟုလည်း ဆရာတော်က ထိုးထွင်းသိမှုကို ဖော်ပြသည်။ နိဗ္ဗာန်ကို မိဘရိုးရာအသိနှင့် မရောက်နိုင်။ သဿတဥစ္ဆေဒဒိဋ္ဌိကို ဉာဏ်ထဲရှင်းမှ ရောက်မှာဟုလည်း ထပ်မံ၍ ထောက်ပြထားပြန်သည်။ ဒိဋ္ဌိခံနေရင် သစ္စာနုလောမိကဉာဏ်တောင် မရနိုင်၊ သောတာပတ္တိမဂ်ဉာဏ် ရဖို့မှာ အဝေးကြီးဟုလည်း ပြတ်ပြတ်ပြောသည်။ ထိုနောက်မှ ဒိဋ္ဌိကို အသိနှင့် ဖြုတ်၊ အပွားနှင့်ဖြုတ်၊ အပယ်နှင့်ဖြုတ်ပုံကို ဆက်၍ဟောသည်။

ဤတရားတွင် အလုပ်ပေးတရားအဖြစ် ဝေဒနာနုပဿနာ ရှုပုံကို ဟောသည်။ သုခ ဝေဒနာပေါ်လည်း ဖြစ်ပျက်ရှု၊ ဒုက္ခဝေဒနာပေါ်လည်း ဖြစ်ပျက်ရှု၊ ဥပေက္ခာ ဝေဒနာပေါ်လည်း ဖြစ်ပျက်ရှု၊ သောမနဿ၊ ဒေါမနဿ ပေါ်လည်း ဖြစ်ပျက်ရှု၊ ပေါ်တိုင်းရှု၊ ဝိပဿနာမဂ် ငါးခုရသည်။ (သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ) ဖြစ်ပျက်ရှု၍ မဂ်ပေါ်ရင် တီရဏပရိညာပဲဟုလည်း ဆုံးဖြတ်ပြသည်။ [နှာ-၁၉၀] တဒင်္ဂပေါ်သော ဝိပဿနာမဂ်၊ ပွားလို့ပေါ်တာ ဒါကြောင့် ပွားရှု မလျှော့ပါနဲ့လို့ သတိပေးလိုက်တယ်။ ဖြစ်ပျက်ရှုရင်း ပျက်ဒုက္ခချည်း တွေ့နေမယ်၊ သေမလိုရယ်၊ သေတာရယ် နှစ်ခုတည်းတွေ့တယ်။ ဒုက္ခသစ္စာ မြင်အောင် ယောဂီဉာဏ်က တည့်ပြီဆိုလျှင် မဂ္ဂင်ရှစ်ပါး ပြည့်သွားတယ်။ ရှစ်ပါးမဂ္ဂင် တည့်သွားရင် ဒိဋ္ဌိကြောင့်ဖြစ်တဲ့ အပါယ်လေးပါး ဝိပါကဝဋ် မရှိတော့ဘူး။ 'ကျွတ်တယ်'ဟု ဟောလေသည်။

အဲဒါက ပယ်သိ၊ ဒုက္ခသစ္စာလို့ သိသွားမယ်။ ဒီအခါကျမှ သီလမဂ္ဂင်သုံးပါး (သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ) ပေါ်လာ တယ်။ မဂ္ဂင်ငါးပါးနဲ့ ရှုနေတုန်းက အရိယာမဖြစ်သေးလို့ သီလ မလုံသေးဘူး။ (မူလက သီလယူထားရင်ကော)ဟု တစ်ဦးကမေးသည်။ သီလယူထားပေမယ့် အဲဒါ တမင်သီလပဲ ဖြစ်တယ်ဟု ဖြေထားသည်။ အနိယတသီလ ဖြစ်နေသေးတယ် ဟုလည်း ထပ်၍မိန့်ထားသည်။ သမာဒါနသီလပဲ ရှိသေးတယ်။ သမုစ္ဆေဒသီလ မဖြစ်သေးဘူးဟုလည်း ဖြေသည်။ ဒုက္ခသစ္စာကို ပိုင်းခြားသိလို့ ဝင်လာတဲ့ သီလ သုံးမျိုးလာမှ သမုစ္ဆေဒသီလဟု ဆိုပါသည်။

ထိုနောက် ဆောက်တည်၍ရသော သီလနှင့် ပွားများပြီး ဖြစ်ပေါ်လာသော သီလ မတူပုံကိုလည်း ဤတရားမှာ ရှင်းပြထားပါသည်။ ထိုသို့ အရိယာသီလသည်

ဖြစ်ပြီးနောက် မပျက်တော့ကြောင်း၊ နောက်ဘဝ အမိဝမ်းထဲမှာကတည်းက မြဲသော သီလ ဖြစ်ကြောင်း၊ စင်စစ်တော့ သမုစ္ဆေဒသီလ မှသာ နိယတသီလ ဖြစ်ကြောင်း၊ ထိုသီလရှိမှ ဂတိ မြဲကြောင်း၊ အပါယ်ဘေး (ဝိနိပါတဘေး) မှ လွတ်သွားကြောင်း အထိ ရှင်းပြထားလေသည်။

*

## ၅။ အဂ္ဂိဝစ္ဆသုတ် (အဆက်) တရားတော်
(၁၇-၁၁-၆၁ ရန်ကုန်ညှော်သည်များကို ဟောတရား)

ဤတရားကို အဂ္ဂိဝစ္ဆသုတ် (အဆက်) ဟု အမည် တပ်ထားသော်လည်း အဂ္ဂိဝစ္ဆ ပုဏ္ဏားကို တိုက်ရိုက်ဟောသော တရားစကားမပါပါ။ တရားအစမှာ အတိတ်ဘဝ အဝိဇ္ဇာသင်္ခါရကြောင့် ပစ္စုပ္ပန်ဘဝမှာ ပဥ္စဝေါဟာရ ခန္ဓာငါးပါး ပေါ်လာပုံ၊ ပဋိစ္စသမုပ္ပါဒ်တရားဖြင့် အစပြုဟောသည်။ ပြီးမှ လူမိုက်လည်း အဝိဇ္ဇာသင်္ခါရကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာ ရခဲ့သည်။ လူလိမ္မာလည်း အဝိဇ္ဇာ သင်္ခါရကြောင့် ခန္ဓာငါးပါး ရခဲ့ကြပုံ တူကြောင်း လူမိုက်နှင့် လူလိမ္မာ အလာပုံ တူကြသော်လည်း အသွားပုံမှာ မတူကြကြောင်း၊ ဘယ်လို မတူတာလဲ၊ ဘာထူး သလဲ။ လူမိုက်က ဇာတိဘက်ပြန်သွားသည်၊ လူလိမ္မာက အဇာတိဘက် သွားသည်။ လူမိုက်က နောက်ပဋိသန္ဓေ နေသည်။ လူလိမ္မာက နောက်ထပ် ပဋိသန္ဓေ မနေဘူး။ လူလိမ္မာက မိုက်တာကို မိုက်မှန်းသိသည်။ လူမိုက်က မိုက်မှန်းမသိ။ လူမိုက်က မှောင်ထဲကလာပြီး မှောင်ထဲပြန်သွားသည်။ လူလိမ္မာက အမှောင်က လာပြီး အလင်းဘက်သွားသည်။ လူလိမ္မာက ဝိပဿနာဉာဏ်ရအောင် မဂ္ဂဗြဟ္မစရိယအကျင့်ကို ကျင့်သည်။

ထိုနောက် ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ် မတူပုံကို ခွဲခြားပြသည်။ ပုဗ္ဗဘာဂမဂ်က ငါးခု၊ ပစ္ဆာဘာဂမဂ်က ရှစ်ခု၊ ပုဗ္ဗဘာဂမဂ် ဝိပဿနာမပါဘဲ ပစ္ဆာဘာဂ မဂ် လောကုတ္တရာမဂ်ကို မရနိုင်ပုံကို ပြသည်။

ဤတွင် ဆရာတော်က ယောဂီများအား တဏှာနားနဲ့ မနာနှင့်၊ ဉာဏ်နားနဲ့ နာပါဟု ဆုံးမသည်။ ဤသို့ပြောပြီးနောက် ယောဂီ၏ အပွားဉာဏ်မှာ ခန္ဓာ၏ ဖြစ်ပျက်ကို မြင်အောင်၊ ဖြစ်ပျက်ကို မုန်းအောင်ရှုဖို့၊ ဖြစ်ပျက် ဆုံးအောင် လိုက်ဖို့ လမ်းညွှန်ပြသည်။ ဆရာတော်က သုံးဉာဏ်ပဲ ဟောသည်။ [နာ-၂၁၇]

ဖြစ်ပျက် မြင်တာ ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်းတာ နိဗ္ဗိန္ဒာဉာဏ်၊ ဖြစ်ပျက်ဆုံးတာ မဂ်ဉာဏ် ဖြစ်ကြောင်း ရှင်းသည်။ ထို့နောက် မဂ်ဉာဏ်၊ နောက်က ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် များပေါ်ပုံကို ရှင်းသည်။ [နာ၁-၂၂၀] ထူးခြားသော ဆရာတော်၏ စကားမှာ 'မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အမျှပေးလို့မရဘူး' ဆိုသောစကား ဖြစ်သည်။ ပြီးနောက် 'ဝိဇ္ဇာဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏံ ဥဒပါဒိ' ဆိုတာ သောတာပန်အတွက် ဟောတာဟုလည်း ပိုင်းခြားပြထားသည်။

ပြီးမှ စရိုက်နှင့် ကမ္မဋ္ဌာန်းကို လိုက်အောင် ပေးရပုံကို ပြပြန်သည်။ ဒိဋ္ဌိစရိုက်က စိတ္တာနုပဿနာရှု၊ တဏှာစရိုက်က ဝေဒနာနုပဿနာရှု၊ ပညာစရိုက်က ဓမ္မာနုပဿနာရှု၊ ရာဂစရိုက်က ကာယာနုပဿနာကို ရှုဟု လမ်းညွှန်တော်မူထားသည်။ 'စရိုက်နှင့် ကမ္မဋ္ဌာန်း လွဲနေရင် မရဘူး' [နာ၁-၂၂၄] ဟုလည်း ဆိုပါသည်။ ဤတွင် အရေးပါသော မှတ်သားဖွယ် ဆရာတော်ကြီး၏ ဟောကြားချက်တစ်ခုမှာ 'ဘာဝေတဗ္ဗကိစ္စ ဆိုတာ သောတာပတ္တိမဂ်ကို ဆိုတာမဟုတ်ဘူး၊ ပုဗ္ဗဘာဂမဂ်ကို ဆိုတာ၊ မဂ္ဂင်ငါးပါးကိုဆိုတာ" ဖြစ်၏။ ပုဗ္ဗဘာဂမဂ် (မဂ္ဂင်ငါးပါး)ကို ကြိမ်ဖန်များစွာ အထပ်ထပ် ပွားများပြီးမှ 'အဂ္ဂ ဘိညာ သကိံ မတာ' အရ လောကုတ္တရာမဂ်တစ်ကြိမ်သာပေါ်သည်ဟုလည်း ခွဲခြား၍ နားလည်အောင် ပြထားသည်။ ဝါးနှစ်လုံးကို မီးထွက်အောင် ပွတ်တာ ဝိပဿနာမဂ် (ပုဗ္ဗဘာဂ) မီးထွက်တာ လောကုတ္တရာမဂ်နှင့်တူပုံကိုလည်း ဥပမာဖြင့် ပြသည်။ ဝိပဿနာမဂ်ကို ပွားများခြင်းသဘောကို ဘာဝေတဗ္ဗ ကိစ္စဟုခေါ်သည် [နာ၁-၂၃၂]။ ထို့နောက် ဝဋ်သုံးပါး လည်ပုံကို ပြပြန်သည်။ ကိလေသဝဋ်ကြောင့် ကမ္မဝဋ်၊ ကမ္မဝဋ်ကြောင့် ဝိပါကဝဋ် လည်ပုံကို ပြခြင်းပင်ဖြစ်၏။ ဝဋ်မလည်ချင်ရင် မဂ္ဂဖြဟ္မာစရိယ အကျင့်ကို ကျင့်မှ (ဝိပဿနာအားထုတ်မှ) ဖြစ်ကြောင်း နိဂုံးချုပ်မှာ ဆိုထားပါသည်။

*

## ၆။ ဓာဝဇ္ဇသုတ်တရားတော်

(၁၉-၁၁-၆၀ ရန်ကုန်ဩဇာညဩသည်များကို ဟောတရား)

ဤတရားကို ဓာဝဇ္ဇသုတ်ဟု အမည်ပေးထားသော်လည်း ဓာဝဇ္ဇသုတ်ကို တိုက်ရိုက် ဟောကြားခြင်းမဟုတ်ပါ။ ထိုသုတ်မှ အချက် နှစ်ချက်ကို ထုတ်နုတ်၍ ဟောကြားခြင်းသာ ဖြစ်၏။ အချက်နှစ်ချက် ဆိုသည်မှာ (၁) မြတ်စွာ

ဘုရားသည် အိပ်နေသည်ဖြစ်စေ၊ စားနေသည်ဖြစ်စေ၊ သွားနေသည်ဖြစ်စေ၊ အချိန်တိုင်း၌ အလုံးစုံသော တရားတွေကို အကုန်သိသည် ဆိုတာ မှန်သလားဟု ဝစ္ဆပုဏ္ဏား၏ အမေးပုစ္ဆာတစ်ချက်။ (၂) လူသည် လူ့သံယောဇဉ် မစွန့်ဘဲနှင့် ဒုက္ခအဆုံးဖြစ်သော နိဗ္ဗာန်ကို ရောက်နိုင်သလား သို့မဟုတ် လူ့သံယောဇဉ်ကို မစွန့်ဘဲနှင့် နတ်ရွာသုဂတိကိုကော ရောက်နိုင်သလား ဆိုသော အမေးပုစ္ဆာတစ်ချက်။

မြတ်စွာဘုရားက မိမိသည် အချိန်တိုင်းမှာ အလုံးစုံသော တရားတွေကို သိသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ နှလုံးသွင်းစဉ်အခါမှသာ သိကြောင်း၊ မိမိသည် တေဝိဇ္ဇာ (ပု၊ ဒိ၊ အာ ဉာဏ်) ကိုသာရကြောင်း ရှင်းလင်းဖြေကြားသည်။

မိုးကုတ် ဆရာတော် ဘုရားကြီးက ဒုတိယ အမေးပုစ္ဆာ (လူသည် လူ့သံယောဇဉ် မစွန့်ဘဲနှင့် ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်နိုင်သလား) ဆိုသော အမေးကို ဤတရားတွင် ဖြေကြားခြင်းဖြစ်သည်။

လူ့သံယောဇဉ် မစွန့်ဘဲနှင့် ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်နိုင်မလား ဆိုသော အမေးကို မြတ်စွာဘုရားက မရောက်ဘူးဟု ဖြေသည်။ လူ့သံယောဇဉ် မစွန့်ဘဲနှင့် နတ်ရွာသုဂတိကို ရောက်သလား ဆိုသောအမေးကို ရောက်သည်ဟု ဖြေသည်။ ထို့နောက် ဆရာတော်က 'ခင်ဗျားတို့ ဉာဏ်နှင့် စဉ်းစားဖို့ အချိန်ရောက်ပြီ' [နှ၁–၂၄၀] ဟု ဆိုပြီး ဆရာတော်က လူ့သံယောဇဉ် ဆိုတာ ခန္ဓာငါးပါး (ကိုယ့်ကိုယ်ကိုယ်ခင်သော သံယောဇဉ်) ဖြစ်ပုံကို ရှင်းပြသည်။ ထို ကိုယ့်ကိုယ်ဟုထင်သော ခန္ဓာငါးပါးကို အနိစ္စလက္ခဏာ မြင်အောင် ဖြစ်ပျက်မှုကို ရှုနိုင်လျှင် ရှုနေသော အချိန်မှာ လူ့သံယောဇဉ်ပြတ်သည်။ ထိုအချိန်တွင် ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်နိုင်ပုံကို အကျယ်ရှင်းပြထားသည်။ 'ပဋိစ္စသမုပ္ပာဒ် မပြတ်ဘဲနှင့် နိဗ္ဗာန်ရနိုင်ပါ့မလား၊ ပဋိစ္စသမုပ္ပာဒ် ပြတ်နေတဲ့အချိန်မှာ လူ့သံယောဇဉ် ရှိမှ မရှိဘဲ [နှ၁–၂၄၃] ဟု ပြဆိုသည်။ စိတ္တာနုပဿနာ ရှုရင်း၊ ဝေဒနာနုပဿနာ ရှုရင်း၊ ဝေဒနာမှ တဏှာ မကူးအောင် ဖြစ်ပျက်ရှုရမည်။ ထိုသို့ရှုနိုင်လျှင် လူ့သံယောဇဉ်ပြတ်သည်။ ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်သည်။ ဝိပဿနာအလုပ် လုပ်သောသူ ရောက်သည်။ အလုပ် မလုပ်သောသူ မရောက်ကြောင်း၊ ပရိယာယ်စကား အသွယ်သွယ်ဖြင့် ဤတရားတွင် ရှင်းပြသည်။

ဤတရားတွင် ယောဂီသည် ကိလေသာ ကြားမခိုအောင် ဖြစ်ပျက်နှင့် မဂ် ကိုက်နေအောင် အားထုတ်နိုင်လျှင် (ကိလေသာ ကြားမခိုပါက) နံနက်

အားထုတ်လျှင် ညနေ တရားရနိုင်သည်။ ပါရမီကို အားကိုးစရာမလိုကြောင်း ရှင်းပြထားသည်။ ထို့နောက် ဝိပဿနာရှုရာတွင် ဖြစ်ပျက်မြင်သော ယထာဘူတ ဉာဏ်၊ ဖြစ်ပျက်ကို မုန်းသော နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်ဆုံး မဂ်ဉာဏ်ရလျှင် ပြီးပြီ။ ဉာဏ် သုံးဉာဏ်ထဲနှင့် သွားနိုင်ပုံကို ကျမ်းဂန် အထောက်အထားများဖြင့် ရှင်းထား ပါသည်။ ထူးခြားသည်မှာ ဖြစ်ပျက်မြင် ဆိုရာ၌ စိတ်ကိုသိ၊ ဝေဒနာကိုသိ၊ (အဖြစ်သိ)ခြင်းသည် အောက်ဉာဏ်ဖြစ်၍ အပျက် (အနိစ္စ) ကိုတွေ့မှ အထက်ဉာဏ် ရကြောင်းကိုလည်း ထိုးထွင်းဉာဏ်ဖြင့် ပြဆိုထားပါသည်။ အထက်ဉာဏ် ရောက်တဲ့ အခါ ဒိဋ္ဌိပြုတ်သည်။ [နှာ–၂၆၇] ဟုလည်း ပြတ်ပြတ်သားသား ပြောထားသည်။ ဤတရား၏ လိုရင်းမှာ ဝိပဿနာအလုပ်ကိုသာ လုပ်နေလျှင် လူ့သံယောဇဉ် အကုန်ပြတ်ပြီး ဒိဋ္ဌိချုပ်သည်၊ နိဗ္ဗာန် မဂ်ဖိုလ်ကို ရနိုင်သည် ဆိုသော အချက်ဖြစ်၏။

*

## ၇။ ဇရာ မရဏတရားတော်

(နေ့စွဲမပါ ရန်ကုန်ဟောသည်များကိုဟောတရား)

ရဟန်းများ၊ ယောဂီများ ကိုယ့်ကိုယ်ကိုယ် သုံးသပ် ဆင်ခြင်ရန် တိုက်တွန်း သော တရားဖြစ်သည်။ ဘုရားက ရဟန်းများအား မိမိကိုယ်၌ ဖြစ်နေ ပျက်နေသော ဇရာ(အိုခြင်း)၊ မရဏ (သေခြင်း) တရားကို ဆင်ခြင်ကြရန် ဆုံးမတော်မူသော 'သမ္မာသနသုတ်'ကို ကိုးကား၍ ဆရာတော်က ဟောခြင်းဖြစ်၏။

ဆရာတော်က ခန္ဓာကိုယ်ရှိ ဇရာ သဘော၊ မရဏ သဘောသည် တဏှာ (မီးစာတ်) ချည်းဖြစ်ပုံ။ တဏှာစာတ်က ရင့်ကျက်အောင်လုပ်ပြီး မရဏ အရောက် ပို့ပုံကို ရှင်းပြသည်။ ဇရာ မရဏသည် ဒုက္ခသစ္စာဖြစ်၏။ ဒုက္ခသစ္စာကို ဒုက္ခမှန်း သိအောင် ဆင်ခြင်နိုင်လျှင် မဂ္ဂသစ္စာ ဖြစ်သည်။ (သုံးသပ် ဆင်ခြင်သော ဉာဏ်က မဂ္ဂသစ္စာ) ရင့်အောင် ဆွေးအောင် လောင်တာက ဇရာ၊ ပျက်အောင် ပျောက်အောင် လောင်တာက မရဏ၊ တဏှာချည်းဖြစ်၏။ အရှိကို အသိနှင့်ကိုက်အောင် နေခြင်း သည် သုံးသပ်ဆင်ခြင်ခြင်း ဖြစ်သည်။

ထို့နောက် ဇရာမရဏ (ဒုက္ခသစ္စာ) ဘယ်က လာသလဲ၊ ဆက်စဉ်းစားသည်။ ဥပဓိနိဒါန–ဟု ခေါ်သော ခန္ဓာငါးပါးက လာသည်။ ခန္ဓာငါးပါးမရှိလျှင် ဇရာမရဏ မရှိ။ ခန္ဓာငါးပါးရှိလို့ ဇရာမရဏ ရှိနေခြင်းဖြစ်သည်။ ခန္ဓာငါးပါးချုပ်လျှင်

(အကြောင်းချုပ်၍) အကျိုး ဓရာမရဏ(ဒုက္ခ) ချုပ်သည်။ ဤသို့သိလျှင် နိရောဓ နှင့် မဂ္ဂ သိသည်။ ပြီးမှ ဆရာတော်က တဏှာ ဆုတောင်းရှိ၍ ခန္ဓာပေါ်ပုံကို အကျယ်ဖွင့်၍ ဟောတော်မူသည်။ ဤတွင် တဏှာမရှိလျှင် ခန္ဓာမရှိနိုင် ဆိုသော ဉာဏ်အမြင်သို့ ရောက်သည်။ တဏှာချုပ်အောင် သိတဲ့ဉာဏ်က မဂ်ဉာဏ် (မဂ္ဂသစ္စာ)၊ ခန္ဓာချုပ်သွားတာက နိရောဓသစ္စာ [နှာ–၂၈၄]။ ထိုနောက် ခြောက်ဒွါရ မှာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း တဏှာ (ပိယသာတ)။ ချစ်ခင် နှစ်သက် သာယာခြင်းဖြစ်ပုံကို ဥပမာများဖြင့် ပြပါသည်။

ကိုယ့်ကိုယ်ကိုယ် သုံးသပ်မှသာ သစ္စာတိုက်တဲ့ မဂ်ဉာဏ်ဝင်လာမယ် [နှာ–၂၈၇]။ ငါ့ခန္ဓာထဲ ဇရာမရဏ ဖြစ်နေတာ ဘယ်က လာပါလိမ့်လို့ တွေးမှ မတွေးဘဲ [နှာ–၂၈၈]။ ဒါတွေကို မတွေးရင် ကိုယ့်ခန္ဓာ သမုဒယသစ္စာ ရှိမှန်းလည်း မသိဘူး[နှာ–၂၈၉]။ ဤသို့ ရှုခြင်းသည် ကိုယ့်ကိုယ်ကိုယ် သုံးသပ်နည်းဟု ဆရာတော်က ပြည့်နှင်ခြင်းဖြစ်၏။ ကိုယ့်ကိုယ်ကိုယ် မသုံးသပ် မဆင်ခြင်မိလို့ နှလုံးသွင်း မှားနေကြတာ ဟုလည်း ထောက်ပြထားသည်။ နှလုံးသွင်းမှန်မှ ဒုက္ခ လမ်းဆုံးသည်။ ဝိပဿနာမရှုတဲ့ ပုဂ္ဂိုလ် နှလုံးသွင်းမှားသည်။ ဝိပဿနာရှုမှ နှလုံး သွင်းမှန်သည်။ သံသရာခရီးသည်သည် နှလုံးသွင်းမှားသူ ဖြစ်သည်[နှာ–၂၉၃]။ သံသရာ ခရီးသည်သည် သားခင်လို့မဝ၊ သမီးခင်လို့မဝ၊ ပစ္စည်းခင်လို့ မဝနိုင်ဘဲ အငတ်ဘဝနှင့် သေသွားရသည်။ သိန်းပေါင်းတစ်ထောင် ချမ်းသာသူလည်း လိုနေ သေးရင် ငတ်နေတာပဲဟု တစ်တစ်ခွခွ ဆိုသည်[နှာ–၂၉၄]။ ခန္ဓာငါးပါးရှိသည်။ ကိုယ့်ကိုယ့်ကိုယ် အတ္တ၊ အနိစ္စ မြဲသည်၊ သုခချမ်းသာသည်၊ အာရောဂျံ ကျန်းမာ သည်၊ ခေမ ဘေးမရှိလို့ ထင်နေသရွေ့ နှလုံးသွင်းမှားနေကြတာ ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ခင်လို့၊ ချစ်လို့မဝဘဲ သေတဲ့ဘဝချည်းဖြစ်နေလို့ အငတ် ကြီး သေသည်ဟု ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် နှလုံးသွင်း မမှားရအောင် ဘုရားက ဝိပဿနာရှုပါဟု တိုက်တွန်းထားကြောင်း သမ္မာသနသုတ်ကို ညွှန်းပြီး ဆရာတော်က ထပ်ဆင့် ဆုံးမတော်မူသည်။ ဝိပဿနာ အလုပ်မှ တစ်ပါး ကယ်မည့်သူ မရှိ [နှာ–၃၁၀] ဟုလည်း ဆုံးဖြတ်ချက်ပေးသည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးများမှာ ဆုမတောင်းကောင်းတာတွေ ဆုတောင်း နေကြသည်။ ဆုတောင်းမပြည့်လျှင် ဘုရားကို အပြစ်တင်ကြဦးမည်။ အမှန်က ဝိပဿနာဉာဏ်နှင့် ခန္ဓာကို ရှုပြီး ဆင်ခြင်မှသာ တဏှာဥပါဒါန် ကံမလာအောင် သံသရာဖြတ် ခန္ဓာဖြတ်နိုင်မည်။ မဂ္ဂင်ပေါ်လာရင် တဏှာသေတယ်[နှာ–၃၂၂]၊

တဏှာသေရင် ခန္ဓာဆုံးတယ်ဟု ပြပြီး သစ္စာလေးချက် ပေါ်ပုံကို ဟောထားပါသည်။

*

## ၈။ သုတဝါနှင့် အသုတဝါ ကွာခြားပုံတရားတော်
(၁၉–၁၁–၆၀ ရန်ကုန်ဧည့်သည်များကို ဟောတရား)

ဤတရားပါရက်စွဲနှင့် အမှတ်(၆) တောဝဋ္ဋသုတ်တရား ဟောရက်စွဲ ထပ်နေသည်။ ၁၉–၁၁–၆၀ ချည်း နှစ်ကြိမ် ဖြစ်နေသည်။ ကြားက ဇရာမရဏ တရားမှာ ရက်စွဲ ပျောက်နေသည်။ 'တရားနာတာ၊ တရားအားထုတ်တာ၊ ကုသိုလ်ရဖို့ မဟုတ်ဘူး၊ ပဋိစ္စသမုပ္ပာဒ် ဖြတ်ဖို့ဆိုတာ အဓိကအချက်ပါ' ဆိုသော လမ်းညွှန်စကားဖြင့် ဤတရားကို စဟောသည်။

တရားအားထုတ်သူမှာ ပစ္စုပ္ပန်အကြောင်း ပဋိစ္စပြတ်၍ အနာဂတ်အကျိုး ခန္ဓာရမှုပြတ်သည်။ ပဋိစ္စသမုပ္ပာဒ်ပြတ်အောင် အားထုတ်သူလည်း ခန္ဓာကြည့်ရသည်။ အားမထုတ်သော ပုဂ္ဂိုလ်လည်း ခန္ဓာကို ကြည့်ကြသည်ပင်။ သို့သော် ကြည့်ပုံမတူပါ။ တရားအားထုတ်သူ ခန္ဓာကြည့်တာက ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောကို သိအောင်ကြည့်တာ။ တရားအားမထုတ်သူ ခန္ဓာကြည့်တာက တဏှာ၊ ဥပါဒါန်၊ ကံလုပ်ဖို့ ကြည့်တာ။ ကွာခြားပါသည်။ ခန္ဓာကို လုပ်ကျွေးဖို့ တဏှာ၊ ဥပါဒါန်နှင့်ကြည့်သူက အသုတဝါ–ပုထုဇ္ဇနော ဖြစ်သည်။ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို ဖြတ်ဖို့ တရားအားထုတ်သူက သုတဝါ အရိယာ သာဝက ဖြစ်ကြောင်း ဆရာတော်က ထုတ်ဖော်ပြသည်။[နာ–၃၂၅] ပုထုဇဉ် မျက်လုံးထဲမှာ ခန္ဓာကိုကြည့်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိပဲ မြင်သည်။ သုတဝါ အရိယာ သာဝက (ကလျာဏပုထုဇဉ်)က ခန္ဓာကို ကြည့်သောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်သည်။ တရားအားမထုတ်သော ပုထုဇဉ်က ခန္ဓာကိုကြည့်သောအခါ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာလို့ မြင်သည်။ တရားအားထုတ်သော အရိယာသာဝကက ခန္ဓာကို ကြည့်သောအခါ အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာကိုပဲ မြင်သည်။ ငါ၊ ငါ့ဟာ၊ ငါ့ဥစ္စာ မစွဲတော့ပါ။ ဒါဖြင့် ခန္ဓာဟာ တဏှာမာနဒိဋ္ဌိလည်း ပေါ်သည်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တလည်း ပေါ်သည်။ နှစ်ဖက်သွားလို့ မှတ်ရမည်။[နာ–၃၃၁] နှစ်ဖက်သွားဆိုခြင်းမှာ အပါယ်ကိုလည်း သွားနိုင်သည်။ နိဗ္ဗာန်ကိုလည်း သွားနိုင်သည်ဟု နားလည်ရမည်။ ပုထုဇဉ် မျက်လုံးနှင့်ကြည့်လျှင် သံသရာ(ခန္ဓာ) ဆက်သွားသည်။

အရိယာသာဝက မျက်လုံးနှင့်ကြည့်လျှင် ခန္ဓာ(သံသရာ) ပြတ်သည်။ ကြည့်ပုံချင်း ကွာသွားသည်။ သောတာပန်ဖြစ်ချင်ရင် မျက်လုံးအကြည့်က စခွဲရမည်[နာ-၃၃၅] ဟု ဆရာတော်က ဆိုထားသည်။

ထိုနောက် ဝိပဿနာ စလုပ်ပုံကို ဟောသည်။ 'နာမ်ရုပ် ခွဲရလိမ့်မယ်၊ အကြောင်း အကျိုး ဝေဖန်ရလိမ့်မယ်' [နာ-၃၃၆] ထိုသို့ ပြုလုပ်ခြင်းကို ပုဗ္ဗဘာဂ နှစ်ခုဟု ဆိုသည်။[နာ-၃၃၈] ပြီးမှ သုတဝါ အရိယာသာဝကသည် ခန္ဓာ၏ အနိစ္စအချက် ဖြစ်ပျက်ကို ရှုရမည်။ ဤတွင် သန္ဒိဋ္ဌိကော ဖြစ်အောင် ရှုရမည်။ အင်္ဂလိပ်လိုဆိုလျှင် **Empirical Knowledge** ဖြစ်အောင် ရှုရမည်။ ပစ္စက္ခ ပရမာဏ (အသိ) ဖြစ်အောင် ရှုရမည်။ ထိုသို့ရှုမှသာ သန္ဒိဋ္ဌိကောဖြစ်လျှင် အကာလိကော အဖြစ် အကျိုးပေါ်လာမည်။ ဖြစ်ပျက် အနိစ္စ၊ ဒုက္ခသစ္စာ မြင်လိုက်သည်နှင့် အကျိုးအားဖြင့် သမုဒယသစ္စာကို ပယ်ပြီးဖြစ်တော့သည်။ ဖြစ်ပျက် ကိုယ်တိုင် မြင်အောင် ကြည့်ရမည်။ ကိုယ်တိုင်မြင်သည်နှင့် ဝိပဿနာဉာဏ် အဆုံးသို့ ရောက်ပြီ[နာ-၃၄၅] ကိုယ်တိုင် ခန္ဓာဖြစ်ပျက်ကို ဝိပဿနာမဂ်နှင့် မြင်သည်နှင့် ချက်ချင်း တဏှာ၊ ဥပါဒါန်ကံ၊ ဇာတိ၊ ဇရာမရဏ ချုပ်တော့သည်။[နာ-၃၄၇]

ဤတွင် မိုးကုတ်ဆရာတော်ကြီး၏ ထူးခြားသော ဟောပြောချက်ကို တွေ့ရသည်။ အရှေ့တိုင်းသားများ လက်ခံထားသော သိနည်း ခြောက်နည်းကို ပြသည်။ ၎င်းတို့မှာ (၁) ပစ္စက္ခသိ၊ (၂) သဒ္ဒါသိ၊ (၃) အနုသာဝသိ၊ (၄) ရုဓိသိ၊ (၅) အာကာရပရိဝိတက္ကသိ၊ (၆) ဒိဋ္ဌိနိဇ္ဈာန ခန္တီ သိ။ ထိုအသိ ခြောက်မျိုးအနက် ဗုဒ္ဓဘာသာက သန္ဒိဋ္ဌိကော၊ သာမံပဿိတဗ္ဗော ဆိုသည်မှာ ပစ္စက္ခ အသိကိုသာ ယူကြောင်း၊ ကျန် အသိအားလုံးကို ပယ်ကြောင်း ရှင်းထားသည်။ ထိုအချက်ကို ခိုင်မာ စေရန် နိဒါနဝဂ္ဂသံယုတ်မှာ လာကြောင်း ရည်ညွှန်းထားသေး၏။ ပစ္စက္ခသိမှသာ ကိုယ်တိုင်သိ ဖြစ်သည်။ ကျန်အသိများမှာ သူများပါးစပ်ဖျား လမ်းဆုံးသိများ ဖြစ်သည်ဟုလည်း ဆုံးဖြတ် ပြထားသည်။

ကိုယ်တိုင်သိဖြစ်မှ (သန္ဒိဋ္ဌိကော) ချက်ချင်း (အကာလိကော) အကျိုး ပေးသည်။ ဤသို့ရှုပြီးမှ သစ္စာမြင်အောင် ဧဟိပဿိကောနှင့် ရှုရမည်ဟု ဆိုသည်။ ဒုက္ခသစ္စာကလည်း ကိုယ်ကို ပိုင်ပိုင်နိုင်နိုင်သိအောင်ရှု။[နာ-၃၅၉] ဧဟိပဿိကော နှင့်ရှု။ ဒီနေရာမှာ နိဗ္ဗာန်ပေါ်လိမ့်မယ်။[နာ-၃၅၉] ဒုက္ခကို မပိုင်းခြားဘဲနဲ့ နိရောဓ မပေါ်နိုင်ကြောင်း ပြထားသည်။ ပြီးမှ ဝိပဿနာဉာဏ်စဉ် အကြောင်းကို ပြော သည်။ ဝိသုဒ္ဓိမဂ်မှာ ဖော်ပြထားတာက ပါဠိတော်မဟုတ်။ အင်္ဂုတ္တိုရ်က ပါဠိတော်၊

ပါဠိတော်အတိုင်းသာ လိုက်ပါ။ ဉာဏ်စဉ် အရေးမကြီးဘူး။ အလုပ်စဉ်ပဲ အရေးကြီးကြောင်း [နှ၁–၃၆၅] မှာ အတိအလင်း ဖော်ပြထားသည်။

'အလုပ်စဉ်ရှိရင် ဉာဏ်စဉ် ပေါ်ရမယ်' ဟု [နှ၁–၃၆၆] မှာ ဆိုသည်။ 'သန္တိဋ္ဌိကောရယ် ဧဟိပဿိကော ရယ် နှစ်ဉာဏ်လုပ်လို့ရှိရင် ကိစ္စပြီးမှာပဲ' [နှ၁–၃၆၈] ဟုလည်း ပြထားပါသည်။ မဂ်ကို အဖျူဝေ၍ မရဟုလည်း ဆရာတော်က မိန့်တော်မူပါသည်။

*

## ၉။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တရားတော်
(နေ့စွဲမပါ ရန်ကုန်ဒေသသည်များကို ဟောတရား)

ဤတရား၏ ရည်ရွယ်ချက်မှာ တရားအားထုတ်ရာတွင် ဉာဏ်မများဖို့၊ မှတ်တမ်းတွေ လုပ်မနေဖို့၊ အလွယ်ဆုံးနည်းရှိလျှင် အလွယ်ဆုံးနည်းဖြင့် အားထုတ်ကြဖို့ တိုက်တွန်းခြင်းဖြစ်သည်။ အရှင်သာရိပုတ္တရာက ဉာဏ်ကြီးသည်။ အရှင်မောဂ္ဂလာန်က ဉာဏ်မကြီး။ သို့သော် တရားထူးရတော့ အရှင်မောဂ္ဂလာန်က ခုနစ်ရက် စောပြီး ရသည်။ တောင်ပတ်ပြီး တက်လမ်းတွေရှာမနေဘဲ တွေ့သည့် လမ်းက တောင်ထိပ် ကို ရောက်အောင် တက်သောကြောင့် အရှင်မောဂ္ဂလာန် တရားထူး ဦးဦးဖျားဖျား ရခြင်းဖြစ်သည်။ ယောဂီများလည်း ဝိပဿနာ အားထုတ်ရာမှာ ဉာဏ်စဉ် ၁၆ ခုနဲ့ တက်မှဟု လုပ်မနေသင့်။ ဉာဏ်နှစ်ဉာဏ်တည်းနှင့် တက်လည်းရသည်။ ဖြစ်ပျက် မြင် (ဥဒယဗ္ဗယဉာဏ်)၊ ဖြစ်ပျက် မုန်း (နိဗ္ဗိန္ဒဉာဏ်)၊ ဖြစ်ပျက် ဆုံး (မဂ်ဉာဏ်) သုံးဉာဏ်တည်းနှင့် တက်လည်းရသည်။ တောင်ထိပ် ရောက်ဖို့ (မဂ်ရဖို့)သာ ပဓာန ဖြစ်သည်ဟု ဆရာတော်က ဆုံးမခြင်းဖြစ်၏။

*

## ၁၀။ သဗ္ဗေသင်္ခါရာ အနိစ္စာတရားတော်
(နေ့စွဲမပါ ရန်ကုန်ဒေသသည်များကို ဟောတရား)

စိတ္တာနုပဿနာ ရှုနည်းကို ဟောကြားသော တရားဖြစ်သည်။ ဝင်လေစိတ် ဖြစ်ပျက်၊ ထွက်လေစိတ် ဖြစ်ပျက်ကို ဉာဏ်နှင့်လိုက်ပေး ဆိုသောစကားဖြင့် စတင်ဟောကြားသည်။ ဝင်လေစိတ်၊ ထွက်လေစိတ် ရှုနေစဉ် (ဉာဏ်လိုက်နေစဉ်)

ကြားစိတ် ပေါ်လာပါက ကြားစိတ် ဖြစ်ပျက်ကိုရှု။ ရှုစရာ အခြားစိတ်မရှိလျှင် ဝင်လေစိတ်၊ ထွက်လေစိတ်ကို ပြန်ကောက်။ စိတ်သည် တစ်ချိန်တွင် တစ်ခုသာ ပေါ်သည်။ 'ကေစိတ္တ သမ္ပယုတ္တာ'။ ပဋ္ဌာန်ပါဠိ ဒါးပေါက်မှာပေါ်သော စိတ်တွေကိုရှု။ မဟုတ်လျှင် မနောဒွါရမှာ ပေါ်သောစိတ်ကိုရှု။ 'ဟုတွာ အ ဘာဝတ္တေန အနိစ္စံ' ဘယ်စိတ်ဖြစ်ဖြစ် ပေါ်ပြီးပျက်တာပဲ။ စိတ္တာနုပဿနာမှာ အပြင်ကလာသော အပြင်ညွှဲသည်စိတ် ခြောက်ယောက်။ (မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ဖျားနာ၊ ကောင်းစိတ်)။ အတွင်းကလာသော ညွှဲသည်စိတ် ငါးစိတ် (လောဘ စိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ အလောဘစိတ်၊ အဒေါသစိတ်) အမောဟကို မထည့်ရ။ အမောဟသည် ပညာစေတသိက် (ရှုဉာဏ်) ဖြစ်သည်။ (ဤတရားတွင် အပြင်ညွှဲသည် ခြောက်ယောက်၊ အတွင်းညွှဲသည် ငါးယောက်[နှာ–၃၈၅] ဟု ဟောသည်။ ဤအမှတ်စဉ်(၁) စာအုပ်အဖွင့်တွင် စိတ္တာနုပဿနာ အကျဉ်းကို ပြထားရာတွင်မူ အပြင်ညွှဲသည် ငါးယောက်၊ အတွင်းညွှဲသည် ခြောက်ယောက် ဟု ပြထားသည်။ ကွဲလွဲနေသည်)။ 'အမောဟစိတ်က အမြဲ စောင့်ဖမ်းသမား [နှာ–၃၈၇] မှတ်ထား'ဟု ဆိုသည်။ အိမ်သည် စိတ်နှစ်ခုမှာ ဝင်လေစိတ်၊ ထွက်လေ စိတ် ဖြစ်ကြောင်းလည်း သတ်မှတ် ပြထားသည်။ စိတ်ကိုရှုလိုက်လျှင် 'သဗ္ဗေ သင်္ခါရာအနိစ္စာ'ချည်း ဖြစ်နေသည်။ ၎င်းကို 'ယဒါပညာယ ပဿတိ' ဆိုသော ပါဠိအရ အကြောင်စိတ်တို့၏ ဖြစ်ပျက်ပုံကို ပညာယ–အမောဟ ပညာနဲ့ ပဿတိ ရှုပေး။ ပေါ်ပလား'ဟု ရှင်းရှင်းဆိုထားသည်။ ဤပါဠိသည် ရွတ်ဖို့မဟုတ်၊ အလုပ် လုပ်ဖို့ အလုပ်စဉ်ကိုပြသော ပါဠိဖြစ်ကြောင်းလည်း တစ်မူထားခြားသော အမြင်ကို ဖော်ပြထားပါသည်။ စိတ်တွေဖြစ်ပြီး ပျက်သွားတာကို ပညာက ပဿတိ ရှုလို့ မြင်လိုက်သည်။ ဤအတိုင်း ရှုနေလျှင် အားချိန် နားချိန်မရှိပါ။ သို့မှသာ ကိလေသာ ကြားမထိုးနိုင်ပါ။ ကိလေသာ ကြားမထိုးလျှင် မနက်အားထုတ် ညနေ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရသည်။ ထို့ကြောင့် ကိလေသာ ကြားမခိုဖို့ အရေးကြီးသည်။ ကြားထိုး တယ်ဆိုတာ အနိစ္စလက်လွတ်တာကို ပြောတာ။ 'သဗ္ဗေသင်္ခါရာ အနိစ္စာနှင့် ယဒါ ပညာယ ပဿတိ ကြားမှ တစ်ခုခု (ကိလေသာ) ဝင်လာလို့ဖြစ်တာ[နှာ–၃၉၂] ကို ကြားထိုးတယ်မှတ်ပါ'ဟု ဆိုသည်။

ဆရာတော်က ကိလေသာကြား တိုးလာ လျှင်လည်း ထိုကိလေသာကို ပေဗိပဿိကောနှင့် ရှုရမည်၊ သူက ငါ့ကိုရှုပါ ဆိုတာကို ရှုလိုက်လျှင် ကိလေသာ ကြားမခိုနိုင်ကြောင်း သွန်သင်ထားသည်။ ထူးခြားသောအမြင်ပင်။ ရှေ့တစ်ဆင့်

တက်။ အထဒုက္ခေ နိဗ္ဗိန္ဒတိ အရ ရှုဆဲအခါ၌ ဒုက္ခသစ္စာကို နိဗ္ဗိန္ဒတိ ငြီးငွေ့အောင်ရှု။ ဖြစ်ပျက်မြင်ရင် ယထာဘူတဉာဏ်၊ ဖြစ်ပျက်မုန်း (ငြီးငွေ့)လျှင် နိဗ္ဗိန္ဒဉာဏ်၊ ဖြစ်ပျက်ဆုံးရင် မဂ်ဉာဏ်၊ သုံးဉာဏ် တည်းဖြင့် ကိစ္စပြီးနိုင်ကြောင်း မိုးကုတ်မှု လမ်းညွှန်သဘောတရား ဖြစ်ပါသည်။ [နှာ–၄၀၄] "ယထာဘူတဉာဏ်၊ နိဗ္ဗိန္ဒဉာဏ်၊ မဂ်ဉာဏ် ဆိုရင် အကုန်ပြတ်တယ်"[နှာ–၄၀၉] ဤကား မိုးကုတ်မှု ဝိပဿနာအလုပ်စဉ်တရား ဖြစ်ပါသည်။ ဒါ အတိုချုပ်ထွင်ပေးလိုက်တာ[နှာ–၄၂၂] ဟုလည်း ဆိုထားပါသည်။

*

## ၁၁။ စေတနာ ကံ သင်္ခါရ ရှင်းပုံတရားတော်
(နေ့စွဲမပါ ရန်ကုန်ဒေသသည်များကို ဟောတရား)

ဤတရားနှင့် နောက်လာမည့် တရားမှာလည်း နေ့စွဲမပါ။ သို့သော် သုသိမသုတ် တရား၌မှု (၂၇–၁၁–၆၀)ဟု နေ့စွဲပါသည်။ ထို့ကြောင့် ဤတရားများမှာ ၁၉၆၀ ခု နိဝင်ဘာလမှာ ဟောတော်မူသော တရားများပင် ဖြစ်တန်ရာ၏။ ဤတရားတွင် ပဋိစ္စသမုပ္ပာဒ် စက်လည်ရာ၌ ကမ္မဘဝနှင့် သင်္ခါရသဘော၏ အရေးပါပုံကို ရှင်းပြလိုရင်း ဖြစ်သည်။ တစ်နည်းအားဖြင့် ကံနှင့်စပ်သော ဆရာတော်၏ ထူးခြား ထိုးထွင်းသော အမြင်ကို ဖော်ပြသော တရားဟုလည်း ဆိုသင့်မည် ထင်ပါသည်။

လူတို့ ယုံကြည်ကိုးကွယ်သော အခြားဘာသာ အယူဝါဒများမှာ သတ္တဝါ၏ အစကို လူ၏အစ (ကမ္ဘာဦးအစ)ကို ရှာကြသည်။ မြတ်ဗုဒ္ဓကမူ လူ၏အစ ကမ္ဘာ၏အစကို ရှာခြင်းသည် အကျိုးမများပါ။ သတ္တဝါ၏ အစကိုရှာလျှင်လည်း ဘယ်နည်းနှင့်မျှ မတွေ့နိုင်။ သတ္တဝါ၏ အစသည် အဝိဇ္ဇာတဏှာကပဲဟု ဓမ္မ သဘောဖြင့်သာ ပြောနိုင်သည်။ ပဋိစ္စသမုပ္ပာဒ် အစမှာ အဝိဇ္ဇာနှင့် သင်္ခါရကို တွေ့သည်။ အဝိဇ္ဇာသည် သစ္စာလေးပါးကို မသိခြင်းဖြစ်သည်။ မသိသောကြောင့် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ ဆိုသော ကံတွေ (ကုသိုလ်/အကုသိုလ်) ကို လုပ်သည်။ သင်္ခါရက ပြုပြင်တတ်သောတရား၊ ထိုသင်္ခါရက ပြုပြင်သောကြောင့် ခန္ဓာငါးပါး ဖြစ်ပေါ်လာရသည်။

ပစ္စုပ္ပန်ဘဝမှာလည်း ခန္ဓာငါးပါးကြောင့် ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ကံတွေ ဖြစ်ပေါ်လာသည်။ ဤတွင် စေတနာကို ဘုရားက ကံဟု ဟောသောကြောင့် စေတနာရယ်၊ ကံရယ်၊ သင်္ခါရရယ်ကို သဘောရှင်းအောင် ပြဖို့ လိုလာသည်။ စေတနာသည် ကံဖြစ်သည်ဆိုရာ၌ ဝဋ်ဖြစ်သော ပုဂ္ဂိုလ်မှာသာ စေတနာသည် ကံ(ကမ္မဘဝ) ဖြစ်ပြီး ဝိဝဋ္ဋပုဂ္ဂိုလ် (ရဟန္တာ)မှာ စေတနာသည် ကံမဖြစ်ကြောင်းကို ဆရာတော်က ရှင်းလင်းထားသည်။ တစ်ဖန် သင်္ခါရနှင့် ကမ္မဘဝ ခြားနားပုံကိုလည်း အတိတ်၊ ပစ္စုပ္ပန် ကာလသဘောဖြင့် ရှင်းလင်းထားသည်။ အတိတ်ကံ (ပစ္စုပ္ပန် အကျိုးပေါ်ပြီးကံ)ကို သင်္ခါရခေါ်သည်။ အနာဂတ် အကျိုးမပေးသေးသော ပစ္စုပ္ပန်ကံသည် ကမ္မဘဝဟု နားလည်ရမည်။ 'သင်္ခါရ ဆိုတာက အမြဲ ပဋိသန္ဓေကို အကျိုးပေးတယ်' [နှာ-၄၃၀] ဟုလည်း ရှင်းပြထားသည်။ ကမ္မဘဝ ကတော့ ပဋိသန္ဓေ အကျိုးပေးလည်း ရှိ၊ မပေးလည်း ရှိနိုင်သည်။ [နှာ-၄၃၁] ကမ္မဘဝနှင့် သင်္ခါရသည် ဤသို့ ထူးခြားကြောင်း မိန့်ဆိုပါသည်။ ကမ္မဘဝက ကလျာဏမိတ္တ ဆရာကောင်းနှင့်တွေ့လျှင် အကျိုးမပေးတော့ဘူး။ [နှာ-၄၃၂] ဆရာတော်သည် သူ၏ သူများနှင့်မတူ၊ တစ်မူထူးခြားသောအမြင်ကို ဖော်ပြလိုသော အခါ 'နားကြီးကြီးနှင့်ထောင်'ဟု သတိပေးတတ်သည်။

ပုဏ္ဏမသုတ်ကို ကိုးကားပြီး ဗုဒ္ဓဘာသာဝင်များ စိတ်မှာ ခန္ဓာငါးပါးကို အားကိုးစရာ မရှိဘူးဟု နားလည်သောအခါ ကံကိုသာ အားကိုးရတော့မည်ဟု ကံကို ဒိဋ္ဌိစွဲတတ်ကြပြန်သည်။ 'ကံကိုသာ အတ္တစွဲတယ်' [နှာ-၄၃၀] ဤတွင် ရန်ကုန် ဒကာများက အဘိဏှသုတ်တွင် ကံသာ ဥစ္စာရှိသည်။ ကံသာ အမိ၊ ကံသာ အဖ ဆိုသော ဘုရားဟောတရားကို ထောက်မေးသည်။ ထိုအခါ ဆရာတော်က ကံကို သုတ္တန်နည်းယူပုံ၊ အဘိဓမ္မာနည်းယူပုံကို ခွဲပြသည်။ ကံသည် ငါ့ဥစ္စာပဲဟု ယူလျှင် ကမ္မဝါဒီဒိဋ္ဌိ သွားစွဲသည်။ [နှာ-၄၄၃] သင်္ခါရက္ခန္ဓာမှာ စေတနာကံ ပါနေသည်။ ထို့ကြောင့် သူသည် ခန္ဓာငါးပါးမှ တစ်ပါးကို အတ္တ စွဲခြင်း ဖြစ်သည်။

ဝိပဿနာနည်းအရ ကံလည်း ဒီနေရာဖြစ်၊ ဒီနေရာမှာပင် ချုပ်သည် [နှာ-၄၄၅] ဒါကြောင့် ကံကိုလည်း ဖြစ်ပျက်ရှု။ ကံကိုလည်း ဖြတ်မှရမည်။ သဗ္ဗေဓမ္မာ အနတ္တာ ထဲမှာ ကံလည်း ပါသွားသည်။ ကံဟာ ဘဝတစ်ခုမှ တစ်ခုသို့ အထည်နှင့်မလိုက်။ သို့သော် သတ္တိ (စွမ်းအင်) အဖြစ်နှင့်တော့ လိုက်သည်။ ကံအကျိုးပေးတာမှန်သမျှ ကံသတ္တိ၊ ကံစွမ်းရည်ချည်းမှတ်ဟု ဆိုသည်။ [နှာ-၄၄၉]

ဝိပဿနာရှု၊ ဝိပဿနာက ကံကို ဖြတ်တာ၊ နိဗ္ဗာန်သွားချင်တဲ့လူ ကံလုပ်နေလို့ မဖြစ်ဘူး။ **တဏှာစားခွက် မှောက်ထား** ဟု စကားပြင်းပြင်းနှင့် ဆုံးမ လမ်းညွှန်ထားပါသည်။

ကံနှင့် ဒီဘဝမှာ ဟိုးဘဝကို ရောက်အောင်လုပ်ထားသည်။ **ထောင်ပြောင်းတာ** ဟု ပြည့်သွန်တော်မူပြီး သစ္စာဉာဏ်နှင့် လုပ်မှသာ ဝဋ်ကျွတ်ချင်လို့ လုပ်တာ။ ထိုသို့မဟုတ်ဘဲ ဘဝ သမ္ပတ္တိ လိုချင်လို့လုပ်တာ ဖြစ်ပါက ရှေ့တိုးပြီး နောက်ထပ်ထောင်ချနိုင်းတာနှင့် တူကြောင်း ဟောထားပါသည်။ ဝိပဿနာအလုပ်မှာ သံသရာဝဋ်ကျွတ်ချင်လျှင် ကံကို အားမကိုးရကြောင်း ပြတ်ပြတ်သားသား ပြဆိုတော်မူထားပါသည်။

*

## ၁၂။ အနာထပိဏ္ဍိကောဝါဒသုတ် တရားတော်
### (နေ့စွဲမပါ ရန်ကုန်ဒေသည်များကို ဟောတရား)

မိုးကုတ် ဆရာတော်က သူသည် ပါဠိတော်မူရင်းကိုသာ အခြေခံ၍ ဟောသည်။ အဋ္ဌကထာကို အင်မတန်လိုမှသာ ယူသည်ဟုဆိုပြီး ဤဒေသနာကို ဟောပါသည်။

အနာထပိဏ္ဍိကောဝါဒသုတ်သည် ဥပရိပဏ္ဏာသ ပါဠိတော်မှာ လာသည်။ အနာထပိဏ် သူဌေးကြီး နာမကျန်းစဉ် အရှင်သာရိပုတ္တရာ သွားပြီး တရားဟောတရားပြပုံ ဖြစ်သည်။ 'ဒီခန္ဓာငါးပါးကို မစွဲလမ်းလျှင် နောက်ခန္ဓာငါးပါးကို မရဘူး'[*နှာ–၄၆၀*] ဟု အနာဂတ် ခန္ဓာငါးပါးကို ဖြတ်သောတရားကို ဟောသည်။ **ဝေဒနာ နိရောဓိ တဏှာ နိရောဓော** ဖြစ်အောင် အနာထပိဏ်ကို ဝိပဿနာရှုနိုင်းသည်။ ဝေဒနာနုပဿနာမှ ဝေဒနာကို လက္ခဏာရေးသုံးပါးဖြင့် မြင်အောင် ရှုနိုင်လျှင် နောက်ခန္ဓာ မလာတော့ပါ။[*နှာ–၄၆၃*] နိဗ္ဗာန်ကို လိုချင်သောပုဂ္ဂိုလ်သည် ဤဘဝ ဟိုဘဝ မစွဲရ။[*နှာ–၄၆၃*] ဒီလိုမစွဲလို့ရှိရင် ကိစ္စပြီးနိုင်တယ်။[*နှာ–၄၆၆*] ဤတရားကို နာပြီးနောက် အနာထပိဏ်သူဌေး ကွယ်လွန်သောအခါ တုသိတာနတ်ပြည်မှာ နတ်ဖြစ်သည်။ နတ်ဖြစ်ပြီးမှ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားကို လာဖူးသည်။ လောကမှာ ပစ္စည်းပေါခြင်း၊ အမျိုးအနွယ် ကောင်းခြင်းကြောင့် နိဗ္ဗာန်ကို မရနိုင်။ မဂ္ဂင်ရှစ်ပါးဖြင့်သာ နိဗ္ဗာန်ကို ရနိုင်ကြောင်း လျှောက်သွားသည်။

ပွားများသည်ဆိုရာ၌ လောကုတ္တရာမဂ်ကို မပွားများရ၊ လောကီမဂ်ကိုသာ ပွားများရကြောင်း၊ 'မဂ္ဂဘိညာ သက်ိမတော' ပါဠိတော်အရ လောကုတ္တရာမဂ်သည် တစ်ကြိမ်သာ ကျပုံများကို ဆက်ဟောပါသည်။ လောကီ ဝိပဿနာမဂ်ကိုသာ အကြိမ်ကြိမ် ပွားဖို့လိုပုံကို သိစေလို၍ဖြစ်၏။ ထိုနောက် လောကီမဂ်က ငါးပါးရှိပုံ၊ (သမာဓိမဂ္ဂင် ငါးပါး) သီလမဂ္ဂင် မပါသေး။ ဘာလို့ မပါသတုန်းဆိုတော့ မမြဲဘူး၊ ဝိရတိ ဆိုတာ အနိယတစေတသိက်၊ ပုထုဇဉ် သီလမမြဲသေး။ သီလမြဲရင် သူက အရိယာဖြစ်သွားတယ် [နှာ–၅၂၅] ဟုလည်း သဘောရှင်းအောင် ညွှန်ပြထားပါသည်။ ဤတွင် လောကီမဂ် ရင့်လာရင် လောကုတ္တရာမဂ်ကို အနန္တရပစ္စည်း ဆက်ပြီး ကျေးဇူးပြုတယ် [နှာ–၅၂၆] ဟုလည်း ရှင်းထားသည်။

ဆရာတော်က ဝိပဿနာအလုပ်မှာ ဉာဏ်စဉ် ၁၆ မျိုး သိနေဖို့မလို။ အနတ္တလက္ခဏာသုတ်အရ ဉာဏ်စဉ် သုံးပါးဖြင့်လည်း ပြီးနိုင်ပုံကို ရှင်းထားပါသည်။ ဤတွင် ထူးခြားသည်မှာ ယောဂီသည် မဂ်ဉာဏ်ကို မရသေးသမျှ ဘယ်ဉာဏ်ရောက်ရောက် ပြန်ပြီးလျောကျဆင်းသွားနိုင်သည် ဆိုသော အချက်ဖြစ်၏။ မြန်မာနိုင်ငံတွင် အပြောများနေကြသော ဉာဏ်စဉ်ကိစ္စကို ဆရာတော်က ခွဲခြမ်းစိတ်ဖြာပြထားသည်။ ဝိပဿနာဉာဏ်ကိုလုပ်၊ မဂ်ဉာဏ် ရတယ်။ ဒီနှစ်ဉာဏ်တည်းနှင့်လည်း ပြီးနိုင်ကြောင်း ဆုံးဖြတ်ချက်ချ [နှာ–၅၃၆] ဟုလည်း ဆိုပါသည်။ ထို့ပြင် 'အာစယဂါမိနောဓမ္မာ၊ အပစယဂါမိနောဓမ္မာ၊ နေဝါစယဂါမိနော ပဝယဂါမိနော ဓမ္မ' ပါဠိတော်ဖြင့် စုတိပဋိသန္ဓေသို့ ရောက်ကြောင်း၊ တရားကံ၊ စုတိပဋိသန္ဓေသို့ မရောက်ကြောင်း၊ မဂ္ဂင်စုတိပဋိသန္ဓေသို့ ရောက်ကြောင်းလည်းမဟုတ်။ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း မဟုတ်တဲ့ ကိရိယာစိတ်တွေ ဓမ္မသုံးမျိုး အကြောင်းကို ဆက်ရှင်းသည်။ ဝိပဿနာအလုပ်သည် စုတိပဋိသန္ဓေ သို့ မရောက်ကြောင်း အလုပ်ဖြစ်ပုံကို ဟောသည်။

ထိုနောက် သာသနာတွင်း ပုထုဇဉ်နှင့် သာသနာပ ပုထုဇဉ် မတူပုံကို ပြည့်ပြန်သည်။ သာသနာပ ပုထုဇဉ်က ကံပေါ်မှာ အားကိုးပြီး ကံကို ဒိဋ္ဌိကပ်နေသည်။ [နှာ–၅၄၆] သာသနာတွင်းသား ပုထုဇဉ်က ကံကိုလည်း ဒုက္ခသစ္စာဟု မြင်ကြောင်း၊ ထို့ကြောင့် သာသနာတွင်းသားက ကံလည်းသိ၊ သစ္စာလည်း သိသူဖြစ်ပုံကို ရှင်းထားသည်။

*

## ၁၄။ ဆီမီးစာကုန် မီးငြိမ်းပုံ၊ သံယောဇနနိယသုတ် တရားတော်

(နေ့စွဲမပါ ရန်ကုန်ညေ့်သည်များကို ဟောတရား)

မိုးကုတ် ဝိပဿနာလုပ်ငန်းစဉ်တရား အမှတ်(၁) စာအုပ်၏ နောက်ဆုံး ဟော တရားဖြစ်သည်။ သံယောဇနသုတ်ကို အခြေခံပြီး ဟောသည်။ ပုထုဇဉ်သည် ခန္ဓာငါးပါးကို သာယာမှု၊ နှစ်သက်မှု၊ ချစ်ခင်မှု၊ ကြင်နာမှု သဘောဖြင့်သာ အစဉ် ရှုတတ်သည်။ ထို့ကြောင့် တဏှာ၊ ဥပါဒါန်ကံ၊ ပဋိစ္စသမုပ္ပာဒ် ဆက်ရသည်။ ခန္ဓာပေါ် ခန္ဓာဆင့်သည်။ အသေပေါ် အသေဆင့်ခဲ့ရသည်။ အာစာယဂါမိ စုတိ ပဋိသန္ဓေ ရောက်ကြောင်း တရားချည်းပေါ်ခဲ့သည်။ ထိုအဖြစ်ကို မြတ်စွာဘုရား က ဥပမာဖြင့် ထင်ရှားအောင်ပြသည်။ ထွန်းညှိထားသော ဆီမီးခွက်တစ်ခုကို မီးစာကုန် မီးစာလဲ၊ ဆီကုန် ဆီထည့်နေသရွေ့ ထိုမီး ဘယ်တော့မှ မငြိမ်းသလို ဖြစ်နေသည်။ ပုထုဇဉ်သည် ဘုံဘဝကိုပဲ ဆုတောင်းသည်။ ဘဝပြီး ဘဝ ဆက်၍ နေချင်သည်။ ဘဝခန္ဓာတွေက မီးစာတွေ၊ လိုချင်မှုတဏှာက ဆီထည့်တာ၊ ဒီတော့ ဇာတိ ဇရာ မရဏ မီးက လောင်ပြီးရင်း လောင်ရင်းဖြစ်နေသည်။ မီးကို လုပ်ကျွေး တဲ့အမျိုး ဖြစ်နေတယ်။ [နှာ-၅၅၉] နိဒါနဝဂ္ဂသံယုတ်ပါဠိတော် သံယောဇနိယ သုတ်မှာ ဘုရားက ဆီကုန် ဆီမထည့်မှ၊ မီးစာကုန် မီးစာမလဲမှ လောင်စာသိမ်းပြီး မီးငြိမ်းမှာပဲ ဟု ဟောထားကြောင်း ဖော်ပြသည်။ သဘောမှာ သမုဒယသစ္စာလည်း မလုပ်နှင့်။ ဒုက္ခသစ္စာလည်း မလုပ်နှင့်။ သမုဒယသစ္စာကဆီ၊ ဒုက္ခသစ္စာက မီးစာ၊ ဇာတိ၊ ဇရာ၊ မရဏက မီးလောင်တာ။ မီးလောင်တော့ နိပ်စက်ခံရတယ်။ သမုဒယ သစ္စာနှင့် ဒုက္ခသစ္စာကာ ပယ်ရမည့်သစ္စာတွေ ဖြစ်သည်။ ထိုသို့ပယ်နိုင်ရန် ဒုက္ခကို ပိုင်းခြားသိရမည်။ သိရန်အတွက် ဝိပဿနာအလုပ်ကို လုပ်ရမည်။ [နှာ-၅၆၁] ဘုရားက မီးစာကုန် မီးစာမလဲနဲ့၊ ဆီကုန် ဆီဖြည့်မလုပ်နဲ့ဟု မှာထားသော်လည်း ဗုဒ္ဓဘာသာဝင် မြန်မာတွေက အသက်ဆက်ဦးမှဆိုပြီး စာကလေးလွှတ်၊ ငါးတွေ ဖမ်းပြီး ရေထဲပြန်လွှတ်တဲ့။ ကဲ ဆက်အလုပ်တွေ လုပ်နေကြကြောင်း ခေတ်မြင် သဘောဖြင့်လည်း ဟောပါသည်။

ပြီးနောက် 'ခင်ဗျားတို့က လူ့စည်းစိမ် ကြိုက်တယ်၊ မီးပုံကြီးမှ ကြိုက်တယ်။ မီးပုံကြီးအောင် လောင်စာဆီတွေပဲ ထပ်ထပ်ထည့်နေကြတယ်။ ရွှေဒင်္ဂါးပြား တစ်ဆယ်ထုပ်နှင့် ပေါက်တာကြိုက်သလား၊ တစ်ထောင်ထုပ်နဲ့ ပေါက်တာ ကြိုက်သလားဆိုရင် တစ်ထောင်ထုပ်၊ တစ်သိန်းထုပ်နှင့် ပေါက်မှ ပိုကြိုက်သည်။

[နာ-၅၆၅၊၅၆၆] အထုပ်ကြီးနဲ့ပေါက်မှ ကြိုက်တာ သေခြင်းဆိုး သေချင်လို့ပေါ့လေ’ ဟုလည်း နားလည်လောက်အောင် စကားလုံးရင့်ရင့်ဖြင့် ဆိုပါသည်။

ပြီးမှ သဿတဒိဋ္ဌိ သမားတွေဟာ ကုသိုလ် အင်မတန်ပြုတယ်။ အကုသိုလ်ကို သိပ်ကြောက်တယ်။ ဘုံဘဝတော့ သိပ်ခင်တယ်ဟု မဇ္ဈိမပဏ္ဏာသ မှာ ဟောတော်မူကြောင်း ဖော်ပြသည်။ ဥစ္ဆေဒဒိဋ္ဌိသမားက ဘုံဘဝကို မခင်ဘူး။ ထိုကြောင့် ဒုစရိုက်ကို ပြုရဲသည်။ သို့သော် ဘုရားနှင့် ဆရာကောင်းနှင့် တွေ့လျှင် ချက်ချင်း သူ့အယူကိုစွန့်ပြီး ဘုရားဆု ပန်ချင်တဲ့စိတ် ဖြစ်တတ်ပုံကိုလည်း ဖော်ပြသည်။ ထိုနောက် ကျွတ်ခန်းပြမည်ဆိုပြီး ပြသည်။ ခန္ဓာငါးပါးကို အပြစ်မြင်အောင် ဝိပဿနာရှုရမည်။ ခန္ဓာငါးပါးကို အပြစ်မြင်မှ ခန္ဓာခင်တဲ့စိတ် ကုန်မည်။ သမုဒယ ချုပ်မည်။ ရှုတဲ့ပုဂ္ဂိုလ်မှာ ရှေ့ကဖြစ်ပျက်၊ နောက်ကမဂ်ဝင်မှ မီးကို လုပ်ကျွေးသည့် ဘဝက လွတ်မည်။ ဖြစ်ပျက်မြင်လျှင် ဖြစ်ပျက်မုန်းအောင်လိုက်၊ ဖြစ်ပျက်ဆုံးအောင်လိုက်၊ ဖြစ်ပျက်ဆုံးလျှင် လောကုတ္တရာမဂ် ပေါ်ပြီး အဖြစ်အပျက်မရှိသော အသခ်တနိဗ္ဗာန် ပေါ်လာနိုင်ပုံကို ဟောထားခြင်းဖြစ်၏။ [နာ-၅၈၁/၅၈၂]

ယထာဘူတဉာဏ်နှင့် နိဗ္ဗိန္ဒာဉာဏ်သည် သခ်တနယ်ပဲ။ မဂ်ဉာဏ်ကသာ အသခ်တနယ် ဆိုတော့ သခ်တ သိရင် သစ္စာနှစ်ပါး ကိုယ်တိုင်မြင်သည်။ သမုဒယနှင့် ဒုက္ခနှင့် အိုးစားကွဲသည်။ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ကိုယ်ပိုင်ဖြစ်လာသည်ဟု ဆိုကာ ‘ကမ္ဘာ့ဌာန်းဆုံးအောင် သင်လွှတ်လိုက်တယ်’ ဟု အဆုံးသတ်ထားသည်။

○

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁) ပြီး၏။

[illegible]

[illegible]

[illegible]

[illegible]

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၂)

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂)

**နိဒါန်း**

ဤစာအုပ်၏ နိဒါန်းကို ဆရာကြီးဦးသံဒိုင် ရေးသည်။ ဤစာအုပ်သည် ဆရာတော်ဘုရားကြီး ခန္ဓာဝန် မချမီ လပိုင်းအလိုတွင် ရန်ကုန်မြို့သို့ ကြွခဲ့စဉ် ကြွတော်မူပြီး ရန်ကုန်မြို့မှာ ဟောကြားသော တရားများကို စုပေါင်း ပုံနှိပ်ထားသော စာအုပ် ဖြစ်သည်။ တစ်နေ့လျှင် နှစ်ပွဲဟောသည်။ ဆရာကြီးဦးသံဒိုင်က ဗုဒ္ဓဘာသာ ဝင်တိုင်း သိသင့်သော အခြေခံတရားများ (ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်) ကို သိထားသင့်ကြောင်း တိုက်တွန်းထားသည်။ ထိုအချက်များကို နားလည်ထားမှသာ ဆရာတော်ကြီး၏ တရားများကို နားလည်ရန် လွယ်ကူသောကြောင့် ဖြစ်၏။ ဤစာအုပ်တွင် ဆရာတော်ကြီးသည် သစ္စာလေးပါးကို အသားပေး၍ ဟောထားသည်။ ထို့ကြောင့်လား မသိ။ အမှတ်စဉ်(၁) စာအုပ်ကို ဝိပဿနာ အလုပ်ပေးတရားဟု အမည်ပေးထားသော်လည်း ဤစာအုပ်နှင့် နောက် စာအုပ်များကို 'သစ္စာလေးပါးတရားတော်' ဟု အမည်ပေးထားပါသည်။ ဆရာကြီး ဦးသံဒိုင်က နိဒါန်း ရေးသားရာ၌ ဆရာတော်ဘုရားကြီး၏ တရားတစ်ပုဒ်တွင် ပါဝင်သော ဆုံးမစကား၊ ရှင်းလင်းစကား၊ သံဝေဉာဏ်ပွားရေးစကား၊ အလုပ်ပေး တရားစကားများ၊ တိုက်တွန်းစကားများကို အရသာခံတတ်ဖို့ လမ်းခင်းထားသည်။ ဤစာအုပ်ကို မဖတ်မီနှင့် ဖတ်ပြီး နောက်တွင် စာဖတ်သူ၏ စိတ်အစဉ်၌ ကိလေသာ ပါးမပါး အခြေအနေကို သုံးသပ်ကြည့်ဖို့လည်း မှာကြားထားသည်။

## ၁။ သစ္စာလေးပါးတရားတော်

[၆-၇-၆၂ ရန်ကုန်မှာ ဟောသောတရား]

ဤတရားကို အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အမေးအဖြေပြုလုပ် ကြသော မူလပဏ္ဏာသပါဠိတော်၊ အနင်္ဂဏသုတ်ဖြင့် စတင် ဟောကြားသည်။ လောကမှာ ဘယ်ပုဂ္ဂိုလ်ကို လူမြတ်လို့ ခေါ်သင့်သလဲဆိုသော မေးခွန်းကို အရှင်သာရိပုတ္တရာက ဖြေသည်။ လောကမှာ လူနှစ်မျိုး ရှိသည်။ ကိလေသာ အညစ်အကြေး ရှိလျက်ရှိမှန်း မသိသူ တစ်မျိုး။ အညစ်အကြေး ရှိလျက်ရှိမှန်း သိသူတစ်မျိုး၊ ထိုနှစ်မျိုးတွင် ကိလေသာ အညစ်အကြေး ရှိတာကို ရှိမှန်း သိသူက၊ သူ့ကိုယ်သူ အညစ်အကြေး စင်အောင် အားထုတ်သောကြောင့် သူ့ကို သူမြတ်ခေါ်သင့်ပုံကို ရှင်းထားသည်။

ဥပမာပြပါ ဆိုသောကြောင့် ကြေးဖလားကို ဥပမာပြ ဟောထားသည်။ ကိလေသာ အညစ်အကြေး ရှိသူဆိုတာ ကိလေသာ ခိုင်းတာလုပ်နေသူ၊ ကိလေသာ အညစ်အကြေး ရှိလျက်ရှိမှန်း မသိသူသည် ကိလေသာ ခိုင်းသမျှ လုပ်နေသည်။ ကိလေသာ ဆေးကြောကြောင်း ဝိပဿနာအလုပ် မဂ်အလုပ်ကို မလုပ်ပါ။ ကြေးဖလား ဝယ်လာပြီး ချောင်ထိုးထားသူနှင့် တူသည်။ အညစ်အကြေး ရှိမှန်းသိသူက သူ့ကိုယ်သူ အညစ်အကြေး စင်ကြယ်အောင် အားထုတ်သည်။ ကြေးဖလား ဝယ်လာပြီး ချောင်မထိုးဘဲ စင်အောင် ပွတ်တိုက်သူနှင့် တူသည်။ ပုထုဇဉ်တွေမှာ နေ့စဉ်တဏှာနှင့် စီးပွားရှာနေကြရသဖြင့် တဏှာဥပါဒါန်ကံ ပဋိစ္စသမုပ္ပာဒ် ဆက်နေသည်။ စက်လည်နေသည်။ တဏှာ၊ ဥပါဒါန်၊ ကံဖြစ်တော့ ဇာတိ ဇရာ မရဏ မလာပါနှင့် ဆို၍မရ လာတော့မည်။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်အတိုင်း ကိုယ် သွားရပေတော့မည်။

လူတွေမှာ နေ့တိုင်း မျက်စိပေါက်၊ နားပေါက်တွေက ပဋိစ္စသမုပ္ပာဒ်တွေ စက်လည်နေပုံကို ပြထားသည်။ ထိုပဋိစ္စသမုပ္ပာဒ်ကို မဖြတ်တတ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံကြောင့်၊ ဇာတိ(အပယ်)၊ ဇရာ၊ မရဏ၊ သောကပရိဒေဝတွေ ဖြစ်ကုန်သည်။ ထိုအပါယ်ဘေးကို ဒါန၊ သီလက မကယ်နိုင် [*နှာ-၁၀*]။ မြန်မာ ဗုဒ္ဓဘာသာဝင်တွေ ဒါနပြု၊ ဆွမ်းကျွေးပြီး ဘဝသမ္ပတ္တိကို ဆုတောင်းနေကြတာ အသေကို ရှာတဲ့ အဓိပ္ပာယ်၊ အထုပ်ထမ်းပြီး သံသရာမှာ ပြေးနေချင်တဲ့ အဓိပ္ပာယ် ရောက်ကြောင်း ညွှန်ပြထားသည်။ [*နှာ-၁၂*] သစ္စာ မသိဘဲ ကောင်းတာလုပ်လုပ်၊

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၂)

**နိဒါန်း**

ဤစာအုပ်၏ နိဒါန်းကို ဆရာကြီးဦးသံဒိုင် ရေးသည်။ ဤစာအုပ်သည် ဆရာတော်ဘုရားကြီး ခန္ဓာဝန် မချမီ လပိုင်းအလိုတွင် ရန်ကုန်မြို့သို့ ကြွခဲ့စွာ ကြွတော်မူပြီး ရန်ကုန်မြို့မှာ ဟောကြားသော တရားများကို စုပေါင်း ပုံနှိပ်ထားသော စာအုပ် ဖြစ်သည်။ တစ်နေ့လျှင် နှစ်ပွဲဟောသည်။ ဆရာကြီးဦးသံဒိုင်က ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သော အခြေခံတရားများ (ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါး၊ အာယတန၊ ဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပာဒ်) ကို သိထားသင့်ကြောင်း တိုက်တွန်းထားသည်။ ထိုအချက်များကို နားလည်ထားမှသာ ဆရာတော်ကြီး၏ တရားများကို နားလည်ရန် လွယ်ကူသောကြောင့် ဖြစ်၏။ ဤစာအုပ်တွင် ဆရာတော်ကြီးသည် သစ္စာလေးပါးကို အသားပေး၍ ဟောထားသည်။ ထို့ကြောင့်လား မသိ။ အမှတ်စဉ်(၁) စာအုပ်ကို ဝိပဿနာ အလုပ်ပေးတရားဟု အမည်ပေးထားသော်လည်း ဤစာအုပ်နှင့် နောက်စာအုပ်များကို 'သစ္စာလေးပါးတရားတော်' ဟု အမည်ပေးထားပါသည်။ ဆရာကြီးဦးသံဒိုင်က နိဒါန်း ရေးသားရာ၌ ဆရာတော်ဘုရားကြီး၏ တရားတစ်ပုဒ်တွင် ပါဝင်သော ဆုံးမစကား၊ ရှင်းလင်းစကား၊ သံဝေဂဉာဏ်ပွားရေးစကား၊ အလုပ်ပေးတရားစကားများ၊ တိုက်တွန်းစကားများကို အရသာခံတတ်ဖို့ လမ်းခင်းထားသည်။ ဤစာအုပ်ကို မဖတ်မီနှင့် ဖတ်ပြီး နောက်တွင် စာဖတ်သူ၏ စိတ်အစဉ်၌ ကိလေသာ ပါးမပါး အခြေအနေကို သုံးသပ်ကြည့်ဖို့လည်း မှာကြားထားသည်။

## ၁။ သစ္စာလေးပါးတရားတော်

[၆–၇–၆၂ ရန်ကုန်မှာ ဟောသောတရား]

ဤတရားကို အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ အမေးအဖြေပြုလုပ် ကြသော မူလပဏ္ဏာသပါဠိတော်၊ အနင်္ဂဏသုတ်ဖြင့် စတင် ဟောကြားသည်။ လောကမှာ ဘယ်ပုဂ္ဂိုလ်ကို လူမြတ်လို့ ခေါ်သင့်သလဲဆိုသော မေးခွန်းကို အရှင်သာရိပုတ္တရာက ဖြေသည်။ လောကမှာ လူနှစ်မျိုး ရှိသည်။ ကိလေသာ အညစ်အကြေး ရှိလျက်ရှိမှန်း မသိသူ တစ်မျိုး။ အညစ်အကြေး ရှိလျက်ရှိမှန်း သိသူတစ်မျိုး၊ ထိုနှစ်မျိုးတွင် ကိလေသာ အညစ်အကြေး ရှိတာကို ရှိမှန်း သိသူက၊ သူ့ကိုယ်သူ အညစ်အကြေး စင်အောင် အားထုတ်သောကြောင့် သူ့ကို သူမြတ် ခေါ်သင့်ပုံကို ရှင်းထားသည်။

ဉပမာပြပါ ဆိုသောကြောင့် ကြေးဖလားကို ဉပမာပြ ဟောထားသည်။ ကိလေသာ အညစ်အကြေး ရှိသူဆိုတာ ကိလေသာ ခိုင်းတာလုပ်နေသူ၊ ကိလေသာ အညစ်အကြေး ရှိလျက်ရှိမှန်း မသိသူသည် ကိလေသာ ခိုင်းသမျှ လုပ်နေသည်။ ကိလေသာ ဆေးကြောကြောင်း ဝိပဿနာအလုပ် မဂ်အလုပ်ကို မလုပ်ပါ။ ကြေးဖလား ဝယ်လာပြီး ချောင်ထိုးထားသူနှင့် တူသည်။ အညစ်အကြေး ရှိမှန်းသိသူက သူ့ကိုယ်သူ အညစ်အကြေး စင်ကြယ်အောင် အားထုတ်သည်။ ကြေးဖလား ဝယ်လာပြီး ချောင်မထိုးဘဲ စင်အောင် ပွတ်တိုက်သူနှင့် တူသည်။ ပုထုဇဉ်တွေမှာ နေ့စဉ်တဏှာနှင့် စီးပွားရှာနေကြရသဖြင့် တဏှာဥပါဒါန်ကံ ပဋိစ္စသမုပ္ပာဒ် ဆက်နေသည်။ စက်လည်နေသည်။ တဏှာ၊ ဥပါဒါန်၊ ကံဖြစ်တော့ ဇာတိ ဇရာ မရဏ မလာပါနှင့် ဆို၍မရ လာတော့မည်။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်အတိုင်း ကိုယ် သွားရပေတော့မည်။

လူတွေမှာ နေ့တိုင်း မျက်စိပေါက်၊ နားပေါက်တွေက ပဋိစ္စသမုပ္ပာဒ်တွေ စက်လည်နေပုံကို ပြထားသည်။ ထိုပဋိစ္စသမုပ္ပာဒ်ကို မဖြတ်တတ်လျှင် တဏှာ၊ ဥပါဒါန်၊ ကံကြောင့်၊ ဇာတိ(အပယ်)၊ ဇရာ၊ မရဏ၊ သောကပရိဒေဝတွေ ဖြစ်ကုန်သည်။ ထိုအပါယ်ဘေးကို ဒါန၊ သီလက မကယ်နိုင် [နှာ–၁၀]။ မြန်မာ ဗုဒ္ဓဘာသာဝင်တွေ ဒါနပြု၊ ဆွမ်းကျွေးပြီး ဘဝသမ္ပတ္တိကို ဆုတောင်းနေကြတာ အသေကို ရှာတဲ့ အဓိပ္ပာယ်၊ အထုပ်ထမ်းပြီး သံသရာမှာ ပြေးနေချင်တဲ့ အဓိပ္ပာယ် ရောက်ကြောင်း ညွှန်ပြထားသည်။ [နှာ–၁၂] သစ္စာ မသိဘဲ ကောင်းတာလုပ်လုပ်၊

မကောင်းတာလုပ်လုပ် စုံလုံးကန်း လမ်းသွားသည်နှင့် တူနေသည်။ [နာ–၁၅] ဤတရားကို သဘောထား လွဲကုန်မည်စိုးသောကြောင့် နားကြီးကြီးနှင့် ထောင်ဟု လည်း သတိပေးသည်။ [နာ–၁၅] ကံအလုပ်မှာ ဒိဋ္ဌိမပြုတ်ပုံကို ထပ်ရှင်းသည်။ ကမ္မသကတဉာဏ် တစ်ခုတည်း အားမကိုးသင့်၊ ကမ္မသကတဉာဏ်ကို ဝိပဿနာ ဉာဏ်၊ သစ္စာဉာဏ် ကူပေးရဦးမည်။ [နာ–၁၇] သစ္စာသိဖို့ သိပ်အရေးကြီးတယ်။ [နာ–၁၈] စာတွေ မယူနဲ့၊ ကိုယ်ခန္ဓာက ပြတဲ့ သစ္စာကို ကိုယ့်ဉာဏ်နဲ့သိအောင် လုပ်ရမည်။ ခန္ဓာ ဒုက္ခသစ္စာကို ဉာဏ်ကသိမှ သစ္စာဉာဏ်ပေါ်သည်။ စာအုပ်ထဲက စာဖတ်ပြီး ရွတ်နေကြတာ မှတ်တမ်းနဲ့ လမ်းဆုံးတာဟု ဆိုသည်။ ခန္ဓာက ပြတဲ့ သစ္စာကို သိဖို့ အရေးကြီးသည်။

သစ္စာကို ဟောမည်ဆိုလျှင် တရားနာ ပရိသတ်မှာ ရင်ထဲ ကိလေသာ ဖြူစင်ချိန်မှာ ဟောရကြောင်း။ ကာမဂုဏ်၏ အပြစ်ကို မြင်ချိန်မှာ ဟောရသည်။ သားတစ်ရသော ကျီးကို တခြားကျီးများ ဝိုင်းထိုးဆိတ်ပုံ ဥပမာ ပြသည်။ သစ္စာ မသိရင် လုပ်သမျှအလုပ် အဝိဇ္ဇာ ဦးစီးသည်။ [နာ–၂၅] အဝိဇ္ဇာနှင့် လုပ်နေလျှင် အဝိဇ္ဇာကံပစ္စယာ သင်္ခါရာ ဆက်ပြီ။ 'သံခိတ္တေနပဥ္စုပါဒါနက္ခန္ဓာဒုက္ခာ' လို့ ဟောထားသောကြောင့် ခန္ဓာမှာပေါ်တာ ဒုက္ခသစ္စာချည်းပဲ။ [နာ–၂၈] ခန္ဓာမှာ ဘယ်ခမ္ဘ ပေါ်ပေါ် ဒုက္ခသစ္စာချည်းပဲ မှတ်၊ ဖြစ်ဆင်းရဲ ပျက်ဆင်းရဲချည်း မှတ်ရမည်။ ဆင်းရဲတာက ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ၊ (လောကီမဂ်) ကိုယ့်အရှိ ကိုယ် သိလိုက်တာ၊ ဒီလို မသိဘဲ သေသွားရင် စုံလုံးကန်းသေတာ 'ဒါကြောင့် မသာဖိတ် စာထဲမှာ အကန်းမသာလို့ ဖိတ်ပါ'ဟု နာတတ်အောင် ဆိုထားပါသည်။ [နာ–၃၁]

ဒုက္ခသစ္စာ၊ ဖြစ်ပျက်ကို မြင်လိုက်ပြီဆိုလျှင် နောက်ထပ် လာမည့် တဏှာ ဥပါဒါန်၊ ကံ သမုဒယတွေကို မဂ်က ဝင်တားလိုက်သည်။ ဒီတစ်လုံး ကြားရတာနဲ့ ဉာဏ်နားနဲ့သာ နားထောင်ရင် သေပျော်ပြီ [နာ–၃၂]ဟု ထိုက်တန်စွာ ဆိုထားသည်။ ခန္ဓာမှာ ပေါ်လာသမျှ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်အောင်ရှုရသည်။ မရှုဘဲနေလျှင် မသိဘဲ အဝိဇ္ဇာ ဝင်လာမည်။ ဟေတုပသိကောနှင့် ရှုရမည်။ ထို့နောက် သန္တိဋ္ဌိကောကို ရှင်းသည်။ [နာ–၃၇] ကိုယ်တိုင် မြင်အောင် ရှုရမည်။ ဟေတုပသိကော၊ သန္တိဋ္ဌိကော၊ အကာလိကော ဆိုတာ အလုပ်စဉ် ဖြစ်သည်။ ရွတ်ပြီး ပူဇော်ဖို့ မဟုတ်ကြောင်း သူ့အမြင်ကို ရှင်းသည်။ *[နာ–၃၈]* ဟေတုပသိကောကို သန္တိဋ္ဌိကောနှင့်လိုက်၊

အကာလိကော– အခါမလင့် အကျိုးပေးသည်။ ကမ္မဝဋ်ကျွတ်တယ်။ နောက်ဘဝ မရဘူး။ [နှာ–၄၄] ကံပြုတာ ဝိဝဋ္ဋဖြစ်အောင် ပြုတတ်မှုဖြစ်ကြောင်း ဟောပါသည်။

*

## ၂။ ပဋိစ္စသမုပ္ပာဒ် ဖြတ်ရေး တရားတော်

[၇–၇–၆၂ ရန်ကုန်မှာ ဟောသောတရား]

အလုပ်စဉ် တရားစာအုပ် အမှတ်(၁)တွင်လည်း တရားအမှတ်(၆)တွင် တေဝိဇ္ဇသုတ် အမည်ဖြင့် ဤတရားကို ဟောခဲ့ပြီးပြီ။ အမရပူရမှာ ဟောသည်။ ရန်ကုန်က လာသော ဧည့်သည်များ ဦးသံဒိုင်တို့ အဖွဲ့ကိုပင် ဟောသည်။ ယခု ရန်ကုန် ရောက်သောအခါမှာလည်း ဦးသံဒိုင်တိုက်မှာ ထပ်မံဟောခြင်း ဖြစ်သည်။ ဤသုတ်ကို ဆရာတော် နှစ်သက်ဟန်တူသည်။ ဤတရား(ဤသုတ်)တွင် အဓိက အချက် နှစ်ချက်ပါသည်။ ၎င်းတို့မှာ (၁) ဗုဒ္ဓသည် အချိန်တိုင်းမှာ (အိပ်နေလျှင် လည်း) တရားအားလုံးကို သိနေသည်ဆိုတာ မှန်ပါသလား။ (၂) လူ့သံယောဇဉ်ကို မစွန့်ဘဲနှင့် အာသဝေါတရားကုန်ရာ နိဗ္ဗာန်ကို ရနိုင်ပါသလား။ (နတ်ရွာသုဂတိကော ရနိုင်ပါသလား) ဤအမေးနှစ်ခုကို မြတ်စွာဘုရား ဖြေကြားတော်မူပုံကို အခြေခံ၍ ဆရာ တော်သည် သူ၏ ဝိပဿနာ အလုပ်ပေးတရားကို ဟောတော်မူခြင်း ဖြစ်၏။

ဘုရားက လူ့သံယောဇဉ် မစွန့်ဘဲနှင့် ဒုက္ခအဆုံးဖြစ်သော နိဗ္ဗာန်ကို မရနိုင်၊ သို့သော် ဝိပဿနာ အလုပ်လုပ်ရင်း ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်အောင် အားထုတ်နေစဉ် (သံယောဇဉ် ပြတ်နေစဉ်)ဖြစ်လျှင် ဒုက္ခအဆုံး နိဗ္ဗာန်ကို ရနိုင်ပုံကို အကျယ်ဟောခြင်း ဖြစ်ပါသည်။ ဝေဒနာပစ္စယာတဏှာ၊ မလာလျှင် ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်အောင် ဖြစ်ပျက်နှင့် မဂ်ကိုက်နေလျှင် ဝေဒနာနှင့်တဏှာ ကြားမှာ မဂ်ဝင်လိုက်လျှင် သံယောဇဉ် ပြတ်သည်။ ထိုအချိန်မှာ ဒုက္ခအဆုံး နိဗ္ဗာန်ကို ရနိုင်ပုံများကို ပရိယာယ် အမျိုးမျိုးဖြင့် ရှင်းပြထားသည်။

အကြောင်းအရာ တစ်ခုတည်းကို ဟောသော်လည်း ဆရာတော်သည် စကား ပရိယာယ် အမျိုးမျိုးဖြင့် ဟောတတ်သည်။ တပည့်ဒကာများအား ဗုဒ္ဓဘာသာကို ခံယူပုံ မှန်အောင်လည်း ဟောသည်။ အလုပ်လုပ်ဖို့သာ ပဓာန၊ ဆုတောင်းဖို့ ပဓာန မဟုတ်။ ဆုတောင်းလို့လည်း နိဗ္ဗာန်ကို မရနိုင် [နှာ–၆၃]ပုံ။ နိဗ္ဗာန် လိုချင်သူမှာ ပါရမီစကားကိုလည်း ပြောဖို့မလိုပုံ၊ ဆုကြီးပန်မှာသာ ပါရမီလိုပုံကို

သဘောရှင်းအောင် ဟိုအကြောင်း ဒီအကြောင်း ဆင်ခြေမလဲနိုင်အောင် ပိတ်ပင်ပြီး ဟောပြသည်။ စကား အသုံးအနှုန်းကလည်း ကြွယ်သည်။ ထက်မြက်သည်။

တဏှာရှိရင် ဥပါဒါန်၊ ကံလာသည်။ ရတ်နာရှိရာ ရတနာလာသည်။ အမှိုက်ပုံရှိရင် ခွေးချေးလာသည်ဟု ထောက်ပြသည်။ ကိုယ်ခန္ဓာကို ကြည့်ပြီး ဝိပဿနာ အလုပ် လုပ်တတ်ဖို့ အရေးကြီးသည်။ သူများ သာစုခေါ်လို့ ဘဝင်မြင့်မနေနဲ့ [နှာ–၇၉]ဟုလည်း ဆုံးမသည်။ လူ့သံယောဇဉ် မစွန့်ဘဲနှင့် သုဂတိနတ်ပြည် ရောက်နိုင်သလားဆိုတော့ ရောက်နိုင်သည်။ ဤတွင် သုဂတိ အကျိုးပေးဖို့ ကုသိုလ်တွေ လုပ်နေလျှင် ဒုက္ခသစ္စာပဲ ရမည်။ သုဂတိရတာကို ကြံဖန်ပြီး ခင်ဗျားတို့က ဝမ်းသာနေသည်။ [နှာ–၈၆] သစ္စာနဲ့ ကြည့်လိုက်တော့ ဒုက္ခသစ္စာရတာ ဖြစ်နေသည်။ ဒါကို သစ္စာ မသိသူက တော်သေးရဲ့ဆိုပြီး ပြုံးနေသည်။ ခွေးသေကောင်ပုပ် စားရလို့ ပြုံးတဲ့ လင်းတအပြုံးမျိုး ဖြစ်နေသည်ဟု နာလောက်အောင် ဆိုသည်။

သစ္စာ မသိသေးသရွေ့ ကာလပတ်လုံး စုံလုံးကန်းလို့သာမှတ် [နှာ–၈၈] မသာဖိတ်ရင် စုံလုံးကန်းမသာ ကြွပါလို့ဖိတ်ဆိုသော စကားကိုလည်း ထပ်မံမိန့်ကြားသည်။ မာတိကာတွင် ပဋိစ္စသမုပ္ပာဒ် ဖြတ်ရေးတရားဟု အမည်ပေးထားသည်။

*

## ၃။ ဉာဏ်စဉ်သုံးပါး တရားတော်
### [၈–၇–၆၂ (ညဦး) ရန်ကုန်မှာ ဟောသောတရား]

သစ္စဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ဉာဏ်စဉ်သုံးပါး အကြောင်း ဟောမည်ဆိုပြီး တရားကို စတင် ဟောကြားသည်။ သစ္စာဉာဏ် မပါဘဲ နိဗ္ဗာန် ရောက်သည်ဟု ဘယ်သူပြောပြော မယုံပါနဲ့ဟုလည်း သတိ ပေးထားသည်။ သစ္စာဉာဏ်ဖြင့်သာ နိဗ္ဗာန် ရောက်သည်ဟု ဆုံးဖြတ်ချက်ချဟုလည်း ဆိုသည်။

ဘုရားလည်း ပဉ္စဝဂ္ဂီငါးဦးအား တရားဦး ဟောသောအခါ သစ္စာဉာဏ်ကို ပထမ ဦးစားပေး ဟောတော်မူသည်။ ထို့နောက် သစ္စာဉာဏ်ဟောရင် ပဋိစ္စသမုပ္ပာဒ်ပဲ ပြရမည်ဖြစ်ကြောင်း [နှာ–၉၇] ကိစ္စဉာဏ် ဟောရင်လည်း ပဋိစ္စသမုပ္ပာဒ်ပဲ ပြရမည်။ ကတဉာဏ် ဟောမှ ပဋိစ္စသမုပ္ပာဒ်ကို ပြည်ဖုံးကား ချရမည်ဖြစ်ကြောင်း [နှာ–၉၇] မှာ ဟောပါသည်။ ပြီးလျှင် ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ အတိတ်ဘဝ

အဝိဇ္ဇာက လာခဲ့ကြပုံကို ပြသည်။ အဝိဇ္ဇာကြောင့် သစ္စာကို မသိခဲ့ကြပုံ သစ္စာမသိလို့ နိဗ္ဗာန် မရောက်ဘဲ ဝဋ်သံသရာရှည်သော ကုသိုလ်ကို ပြုခဲ့ကြပုံ၊ ကုသိုလ်ဆို နိဗ္ဗာန်ရောက်တယ် ထင်ကြသော်လည်း ကုသိုလ်ကြောင့် ဒုက္ခရောက်ကြောင်း မသိခဲ့ကြပုံ၊ သစ္စာ မသိသူပြုတဲ့ ကုသိုလ်နိဗ္ဗာန် မရောက်ပုံ [နှာ–၁၀၃] များကို ရှင်းပြပါသည်။

ပဋိစ္စသမုပ္ပာဒ် အကွက် ၁ သည် သမုဒယသစ္စာအခန်း၊ သမုဒယသစ္စာ ပြုခဲ့ကြ၍ အမှတ် ၂ အကွက်မှာ ဒုက္ခခန္ဓာ ရကြသည်။ ထို့ကြောင့် အဝိဇ္ဇာနှင့် နေခဲ့သူ၊ သစ္စာ မသိသူသည် စုံလုံးကန်းသူ ဖြစ်ပုံကို ရှင်းပြထားသည်။ ငါသည် သမုဒယသစ္စာ(ဒုက္ခရောက်ကြောင်း)တွေ လုပ်နေပါလျက် လုပ်မှန်းမသိခဲ့၍ စုံလုံးကန်းသည်ဟု ဆိုရကြောင်း။ မသိချက်က ပြင်းထန်ခဲ့သည်။ [နှာ–၁၀၇] မသိတာ (အဝိဇ္ဇာ) ပြုလုပ်တာ(သင်္ခါရ) ဖြစ်လာတော့ သမုဒယသစ္စာ။ လူတွေက ကုသိုလ် လုပ်ပြီး သာဓု ခေါ်ချလိုက်တာပဲ။ ဒီတော့ သမုဒယသစ္စာ(ဒုက္ခရောက်ကြောင်း ဖြစ်တာ) သာဓု ခေါ်သလို ဖြစ်နေတယ် [နှာ–၁၀၉]ဟု ထောက်ပြသည်။ ရိုးရာ အမြင်ကို ပြုပြင်ခြင်းဖြစ်သည်။ သမုဒယသစ္စာ(တဏှာ)နဲ့ လုပ်တာကို ခင်ဗျားတို့က သာဓု(ကောင်းပါပေရဲ့)ဆိုတာ အဆင်းတွန်းတာဟုလည်း ပြောသည်။ သစ္စာ မသိဘဲ နှင့် ပြုသောကုသိုလ် ဒုက္ခသစ္စာရောက်ကြောင်း ရှင်းထားသည်။

ဒါတွေ သစ္စာ မသိဘဲ လုပ်နေတာ သစ္စာမသိတဲ့ ဗုဒ္ဓဘာသာဟုလည်း ခေါ်ထားသည်။ သစ္စာမသိလျှင် သာသနာတွင်း ဗုဒ္ဓဘာသာ မဟုတ်ကြောင်းလည်း ညွှန်းပြပါသည်။ မှားယွင်းသော အမြင်များကိုလည်း ပြုပြင်ရေး သဘောထားဖြင့် ဟောသည်။ စာသိဖြင့် နိဗ္ဗာန်မရောက်ကြောင်း စာသိသည် အရိယသိ မဟုတ်ကြောင်း ခန္ဓာကို သိမှ နိဗ္ဗာန်ရောက်ကြောင်း ဟောသည်။ [နှာ–၁၂၄] ခန္ဓာပဋိစ္စသမုပ္ပာဒ် ပေါ်ပုံကို ပြသည်။ မြင်စိတ်ပေါ်တာ ပဋိစ္စသမုပ္ပာဒ် ကြားစိတ်ပေါ်တာ ပဋိစ္စသမုပ္ပာဒ် ပဲဟု ရှင်းရှင်း နားလည်စေသည်။ [နှာ–၁၂၆] မြင်စိတ်ပေါ် ဖြစ်ပျက်ရှု၊ ကြားစိတ်ပေါ် ဖြစ်ပျက်ရှု ဒီနေရာ မင်ပေါ်ရင် ပဋိစ္စသမုပ္ပာဒ် ပြတ်တယ်ဟုလည်း နည်းပေးသည်။ ပဋိစ္စသမုပ္ပာဒ် အကွက် ၂ က အကွက် ၃ ကို မကူးစေနဲ့၊ မကူးအောင် ဘယ်လိုလုပ် မလဲ၊ ဘာစိတ်ပေါ်ပေါ် ပေါ်တိုင်း ဖြစ်ပျက် ဒုက္ခသစ္စာရှု၊ ဖြစ်ပြီးပျက်တာအားလုံး ဒုက္ခသစ္စာလို့ သိရင် မဂ္ဂသစ္စာဖြစ်တယ် [နှာ–၁၃၀] စက္ခုဥဒပါဒိ ဖြစ်တယ် [နှာ–၁၃၁] မိမိသန္တာန်ပေါ်တဲ့ စိတ်ဟူသရွေ့ ဒုက္ခသစ္စာချည်းပဲ။

ဒါဖြင့် သစ္စာသိသွားပြီ။ သစ္စာသိမှ သံသရာတွေ ပြတ်တယ်။ သစ္စာသိမှု အလုပ်ဟာ ဆုတောင်းတဲ့အလုပ် မဟုတ်ဘူး။ ဆရာ့ထံ နည်းယူပြီး လုပ်ရသော အလုပ်ဖြစ်ကြောင်း ဟောသည်။ ဖြစ်ပျက်မြင်မှ ဝိဇ္ဇာဉဒပါဒီ ဖြစ်တယ်။ ဒုက္ခသစ္စာကို သိလျှင် သမုဒယသစ္စာ တဏှာမလာတော့ဘဲ ဖြတ်သည်။ တဏှာသိမ်းနိဗ္ဗာန်၊ ဒုက္ခသိမ်းနိဗ္ဗာန် ဖြစ်ပုံကို ပြသည်။ [နာ–၁၃၃] လူတွေ ရှာဖွေ၍ရလျှင် ဝမ်းသာနေကြသည်။ ဒုက္ခသစ္စာမှန်း မသိ၊ ဒုက္ခရချင်လို့ ထိထိုးကြသည်။ မာဖိးယား ထိုးသလို ဖြစ်နေသည်ဟု မိန့်သည်။ ဆရာတော်၏ ခေတ်အခြေအနေကို မျက်ခြည် မပြတ်ပုံကို ဖော်ပြခြင်း ဖြစ်သည်။ သစ္စာဉာဏ် အကြောင်းကို သရုပ်ပေါ်အောင် ပြောပြီးနောက် ထိုညဥ့်က ကိစ္စဉာဏ်အကြောင်း နည်းနည်းဟောသည်။ ခန္ဓာငါးပါး ကိစ္စကပေါ်ပြီး ပျက်သောကိစ္စရှိသည်။ ထိုကိစ္စကို သိသောဉာဏ်သည် ကိစ္စဉာဏ် ဖြစ်ပုံပြသည်။ တရားမဆုံး၊ နာရီစေ့၍ နားလိုက်သည်။

*

## ၄။ ဉာဏ်စဉ်သုံးပါး (အဆက်) တရားတော်

[၉–၇–၆၂ ရန်ကုန်မှာ ဟောသောတရား]

'သစ္စာမသိသမျှ ကာလပတ်လုံး နိဗ္ဗာန်မရသေး' ဆိုသော နှလုံးသွင်းသင့်သော စကားဖြင့် ဤတရားကို စတင်ပါသည်။ ထို့ကြောင့် သစ္စာသိအောင် လုပ်ကြရမည်(နိဗ္ဗာန် လိုချင်ရင်)။ သစ္စာသိဖို့ အရေးမှာ သစ္စာ ဘယ်မှာရှိသလဲ သိရမည်။ သစ္စာ ခန္ဓာမှာ ရှိသည်။ ထို့ကြောင့် ခန္ဓာအရှိကို ကိုယ့်အသိနှင့် ကိုက်လို့ရှိရင် သစ္စာသိတာပဲ [နာ–၁၄၄]ဟု တိတိကျကျ ထောက်ပြထားပါ၏။ ခန္ဓာငါးပါးမှာ ဘယ်ခန္ဓာ၊ ဘယ်အပုံဖြစ်ဖြစ် ဒုက္ခသစ္စာချည်းသာ ဖြစ်သည်။ ဤသို့ ခန္ဓာငါးပါးစလုံး ဆင်းရဲတာ အမှန်ချည်းပဲ သိမှ ဝဋ်ကျွတ်နိုင်သည်ဟု ဆိုပါသည်။ သစ္စာ မသိဘဲနှင့် နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုရင် မယုံနဲ့ဟုလည်း မှာသည်။

ထို့နောက် ဆရာတော်က သစ္စာဉာဏ် အကြောင်းကို ဟောသည်။ ဓမ္မစကြာမှာလာသော 'စက္ခုံဉဒပါဒိ' သည် သစ္စာဉာဏ်ကို ဟောခြင်းဖြစ်သည်။ လူတွေက ဓမ္မစကြာကို ကျင့်ရမှန်း မသိသဖြင့် ရွတ်ရုံသာ ရွတ်နေကြသည်။ သောက်ဆေးကို လိမ်းဆေး လုပ်နေကြသည်ဟုလည်း ပြုပြင်ရေး သဘောကို ဟောသည်။

အတိတ်ဘဝတုန်းက ပုထုဇဉ်တွေသည် ဒုက္ခအညာဏ် သစ္စာမသိခဲ့၊ အဝိဇ္ဇာဖြင့်သာ နေခဲ့ကြသည်။ ထို့ကြောင့် စက်ူဥဒပါဒိ မဖြစ်ခဲ့ပုံကို ဟောသည်။ သစ္စာမသိရာ အကန်း၊ အကန်းနေ၊ အကန်းသေ ဖြစ်ခဲ့ကြသည်။ 'ဒီတစ်ခါ ဘုန်းကြီးနဲ့တွေ့လို့မှ မျက်စိနှစ်ကွင်း အလင်းမရဘူးဆိုရင် အကန်းမသာ ကြွပါလို့သာ ဖိတ်ပါတော့' [နှာ–၁၅၄]ဟု ထပ်မံဆိုသည်။ အဝိဇ္ဇာနှင့် နေခဲ့သောကြောင့် လုပ်သင့်တာ၊ သစ္စာသိအောင် မလုပ်ခဲ့၊ ဒုက္ခရောက်ကြောင်း လူ့ပြည်နတ်ပြည် ရောက်စရာတွေ လုပ်ခဲ့ကြတယ်။ [နှာ–၁၅၅] မသိတဲ့ အဝိဇ္ဇာနှင့် လုပ်ခဲ့ကြတာတွေသည် ဒုက္ခရောက်ကြောင်း သမုဒယသစ္စာတွေပဲ လုပ်ခဲ့ကြသည်(သင်္ခါရတွေ) သင်္ခါရတွေ လုပ်ခဲ့ကြသောကြောင့် ကံသတ္တိတွေ ဖြစ်ပေါ်ပြီး ပဋိသန္ဓေဝိညာဉ် ဖြစ်ကာ နောက်ခန္ဓာကို ရကြရပြန်သည်။ ဒုက္ခသစ္စာ ရခဲ့ကြပြန်သည်။ သို့သော် ပုထုဇဉ်က ခန္ဓာငါးပါးကို ဒုက္ခသစ္စာမှန်း မသိဘဲ သုခသစ္စာ ထင်နေကြသည်။ ကျန်းမာပါသည်။ ချမ်းသာပါသည် လုပ်နေကြသည် [နှာ–၁၆၇]ဟုဆိုကာ ခန္ဓာ၏ အပြစ်တွေကို ပြပြီး ဒုက္ခသစ္စာကို မြင်လာစေပါသည်။

ဤသို့ ဟောနေခြင်းကို တဏှာကြိုက် မပါဘူး၊ ဉာဏ်ကြိုက် ဟောနေတာဟုလည်း ဆိုသည် [နှာ–၁၇၉] ပြီးမှာ စာတွေ မှတ်တမ်းတွေ ဖတ်နေရုံဖြင့် ခန္ဓာကို ဉာဏ်မရောက်နိုင်ဘူးဟုလည်း ဆုံးမပါသည်။ ဝေဒနာဝိပဿနာရှုလို့ စာမှာဆိုသဖြင့် ဝေဒနာရှုလို့ နိဗ္ဗာန်မရောက်ဘူး။ ဝေဒနာကို ဒုက္ခသစ္စာလို့ သိမှရောက်ကြောင်းလည်း သဘောပေါက်အောင် ရှင်းပြန်သည် [နှာ–၁၈၃] ဝေဒနာပေါ် ဝေဒနာ ဖြစ်ပျက်ရှု၊ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက ဉာဏ် ပေါင်းလိုက်တော့ သစ္စာဉာဏ်ဖြစ်ကြောင်း ရှင်းရှင်းပြထားသည် [နှာ–၁၈၇] သစ္စာဉာဏ်ရမှ တဏှာသိမ်းနိဗ္ဗာန် ခန္ဓာသိမ်းနိဗ္ဗာန်ကို သိသည် [နှာ–၁၉၀]။

ထို့နောက် ကိစ္စဉာဏ်ကို ပြောမယ်ဆိုပြီး ဟောသည်။ ကိစ္စဉာဏ်ဆိုတာ သောတာပန် တည်ခါနီးဉာဏ်လို့ မှတ်လိုက် [နှာ–၁၉၀] ကိစ္စဉာဏ်ပြီးရင် သောတာပန် တည်လိမ့်မယ် [နှာ–၁၉၁] ဆရာတော်က သောတာပန်တည်မှုသည် ပါရမီအလိုက် မဟုတ်ဘူး။ ဉာဏ်ထက်မြက်တဲ့ အလိုက်သာဖြစ်ကြောင်း [နှာ–၁၉၃] ဟောသည်။ ကိစ္စဉာဏ်ဟုဆိုလျှင် ခန္ဓာ၏ ကိစ္စကို သိရမည်။ ဖြစ်ပြီးပျက်တာ ခန္ဓာ၏ကိစ္စ၊ ဝေဒနာသည် ခံစားတဲ့ ကိစ္စရှိသည်။ သို့သော် နောက်ဆုံးမှာ ခံစားမှု

သိမ်းသွားသော၊ ချုပ်ပျောက်သွားသော ကိစ္စလည်း ရှိသည်။ ထိုသဘောကို မြင်အောင် ကြည့်ရမည်။ [နာ–၁၉၈] ခန္ဓာမှာ အိုမှု၊ နာမှု၊ နှိပ်စက်သော ကိစ္စရှိသည်။ ခန္ဓာ၏ ကိစ္စ ဘာလဲ မြင်အောင်ကြည့် ထိုကိစ္စကို သိလျှင် ကိစ္စဉာဏ်ပေါ်ပြီး ရပြီ။ ဤတရား တွင် ကိစ္စဉာဏ်ကိုသာ ရောက်သည်။ ကတဉာဏ်သို့ မရောက်ဘဲ အချိန်ကုန်သွား သဖြင့် တရားသိမ်းလိုက်ရသည်။

*

## ၅။ ပဋိစ္စသမုပ္ပာဒ်တရားတော်

[၁၀–၇–၆၂(ညဦး) ရန်ကုန်မှာ ဟောသောတရား]

မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား၏ သူများနှင့်မတူ တစ်မူထူးခြား၍ နိုင်ခံ့ခြင်းမှာ ပဋိစ္စသမုပ္ပာဒ် တရားအမြင်ကို တွင်တွင် အသုံးပြုခြင်းပင် ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်ကို ရှင်းရှင်း နားလည်စေခြင်းနှင့် ဉာဏ်အဆင့်တိုင်းတွင် သစ္စာအမြင် ဆိုက်အောင် ပဋိစ္စသမုပ္ပာဒ် အမြင်ကို အသုံးချတတ်အောင် မိုးကုတ်ဆရာတော် ဘုရား သင်ကြားပေးပါသည်။ ပဋိစ္စသမုပ္ပာဒ် တရားအမြင်ကို စက်ဝိုင်းဖြင့် ဆရာ တော်ကြီး လက်ထက်မှာ သရုပ်ဖော် တီထွင်ပေးသည်။ ထို့နောက် ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းသည် ခန္ဓာစက်ဝိုင်းဖြစ်ပြီး ပုထုဇဉ်သည် သံသရာမှာ ဝဋ်ခန္ဓာ ဒုက္ခသစ္စာကို ရ၍ အဝိုင်းပြေး ပြေးနေရပုံကို ထင်မြင်အောင် ပြသည်။

အဝိဇ္ဇာကို ရှင်းပြရာ၌ အဝိဇ္ဇာသည် သမုဒယသစ္စာကို မသိတာ၊ မသိလို့ တဏှာ ကိလေသာဝဋ်တွေ ဖြစ်နေသည်။ ဤတွင် လူ့ဒါန်းပေးကမ်းပြီး ဘုံဘဝ(ဘဝ သမ္ပတ္တိ) ဆုတောင်းနေတာသည် ကိလေသာဝဋ်ကြောင့် ကမ္မဝဋ်လိုက်နေခြင်း ဖြစ်သည်။ ဝဋ်ကျွတ်ချင်လို့ လှူတာ မဟုတ်ခဲ့သော် ကိလေသာဝဋ်နှင့် ကမ္မဝဋ် လိုက်သည် [နာ–၂၀၇] (ကိလေသာဝဋ်နှင့် ကမ္မဝဋ်လိုက်တာကို သာဓုခေါ်ရမလား) [နာ–၂၀၈] ဟုလည်း မေးထားသည်။

မသိတဲ့ပုဂ္ဂိုလ် အလှူပေးမှာ ကြောက်တယ် [နာ–၂၀၉]ဟုလည်း မိန့်ပါ သည်။ ကိလေသာဝဋ်၊ ကမ္မဝဋ် ပြုထားသူသည် ဝိပါကဝဋ် ပြေးမလွတ်ကြောင်း လည်း ပြသည်။ အဝိဇ္ဇာကြောင့် သင်္ခါရတွေပြု၊ ပြုတော့ အကျိုးပဋိသန္ဓေဝိညာဉ် ရသည်။ သမုဒယနှင့် လှူသော် ဒုက္ခရောက်ပုံ(ဒုက္ခသစ္စာ) ရပုံကို ပြသည်။ သစ္စာ

မသိဘဲ လှူသော် အကျိုးရလဒ်မကောင်း၊ သစ္စာသိပြီး လှူမှ ဝဋ်ကျွတ်နိုင်ပုံကို ပြသည်။

ဤသို့ ဟောသဖြင့် ဒါန၊ သီလ ပယ်နေသည်ဟု စွပ်စွဲမည်ကို မြင်သောကြောင့် ဒါန၊ သီလ ပယ်နေတာ မဟုတ်ဘူး [နှာ-၂၁၃] ဟုလည်း အတိအကျ ရှင်းထားသည်။ သစ္စာမသိဘဲ လုပ်ရင် သံသရာရှည်တယ် [နှာ-၂၁၄] သစ္စာသိမှ ခန္ဓာ မလိုချင် (အဝိဇ္ဇာက ဝိဇ္ဇာဖြစ်၊ လောဘက အလောဘ)ဖြစ်သွားသည်။ ဤနေရာ သံသရာဘီးကြီးကို ဝင်ရိုးချိုးလိုက်ခြင်း ဖြစ်သည်။ [နှာ-၂၁၉] အဝိဇ္ဇာနှင့် တဏှာချုပ်အောင် လုပ်တာသည် အဝိဇ္ဇာပုံတောင်းနှင့် အာသာဝင်ရိုးကို ချိုးဖြတ်ခြင်း ဖြစ်ပုံကို ရှင်းထားသည်။ [နှာ-၂၂၁] လှည်းဘီး ဥပမာဖြင့် ပြ၍ ရှင်းသည်။ အဝိဇ္ဇာပုံတောင်းနှင့် အာသာဝင်ရိုး မရှိမှ သခ်ါရဒေါက်တွေ ထောက်၍မရဘဲ ဘီးဝန်းအပတ်ကြီးက မြေပေါ် ပုံကျသွားမည် [နှာ-၂၂၃]ဟု သရုပ်ပေါ်အောင် ပြသည်။

ထို့နောက် ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးနှင့် ခွဲဝေပုံကို ရှင်းပြန်သည်။ ခန္ဓာငါးပါးကို ချိုးလိုက်လျှင် နာမ်ရုပ်ပဲရသည်။ နာမ်ရုပ်ကို ချိုးလိုက်တော့ ဖြစ်ပျက်ပဲ ရသည် [နှာ-၂၂၆]။ သတိပဋ္ဌာန်တရား နောက်ဆုံးပိုင်းမှာ သမုဒယဓမ္မာ၊ ဝယဓမ္မာ နုပဿီဝါဟု ဖြစ်ပျက် မြင်အောင်ရှုဟု ညွှန်ပြထားပုံကို ကိုးကားပြသည်။ ယခင် တရားများမှာ လုပ်နည်းပြသည့်အတိုင်း ဖဿိပဿိကောကို သန္တိဋ္ဌိကောနှင့် လိုက်ရန် ဆုံးမသည် [နှာ-၂၂၉]။ ဒုက္ခဖြစ်ပျက်ပေါ်တိုင်း ဉာဏ်နှင့်လိုက် ခေါ်တိုင်း လိုက်တာ ဝိပဿနာဟုလည်း အဓိပ္ပာယ် ဖွင့်ပြသည် [နှာ-၂၃၂] ဖဿိပဿိကော၊ သန္တိဋ္ဌိကောသည် အလုပ် လုပ်ရမည့်တရား၊ ဘုရားရှေ့မှာ ခင်ဗျားတို့က သွားရွတ်နေကြတယ်ဟုလည်း အမှားအယွင်း ပြုပြင်ပေးသည်။ ဘုရားပယ်တယ်လို့ မယူပါနှင့်ဟုလည်း မှာသည်။

ဉာဏ်နဲ့လိုက်မှ လောဘ မတွေ့ဘဲ အနိစ္စတွေ့သည်။ တွေ့တာက အနိစ္စ၊ ဉာဏ်က မဂ္ဂဖြစ်သည်(လောကီမဂ်) ဤသို့ အနိစ္စခေါ်ရာ မဂ္ဂနှင့်လိုက်မှ ဥပါဒါန် ကံချုပ်ပြီး အခါမလင့် အကျိုးပေးမည်။ ဤကား အလုပ်စဉ်တရားပင် ဖြစ်၏။ ဝိပဿနာ အလုပ်စဉ်ကို တရားဂုဏ်ခြောက်ပါးမှာ ဟောခဲ့သည် [နှာ-၂၄၄] ဟုလည်း ဆိုထားသည်။ ဝိပဿနာရှုမှ ဒုက္ခသအန္တံကရိဿတိ ဒုက္ခအဆုံး နိဗ္ဗာန် ရောက်နိုင်မည် ဖြစ်၏။ ဝိပဿနာအဆုံးမှာ မဂ်လာသည်။

*

## ၆။ နိဗ္ဗာန်ရောက်ကြောင်း တရားတော်
[၁၀–၇–၆၂(ညဥ့်) ရန်ကုန်မှာ ဟောသောတရား]

အမှတ်(၅)တရား (ရှေ့က ပြခဲ့သောတရား) ကိုလည်း ၁၀–၇–၆၂(ညဥ့်) ဟောတရားအဖြစ် ဖော်ပြထားသည်။ တစ်နေ့မှာ နှစ်ကြိမ်ဟောသည် ဆိုသောကြောင့် ရှေ့က တရားသည် နေ့ဟောတရား ဖြစ်လိမ့်မည် ထင်သည်။ ဤတရားသည် နိဗ္ဗာန်နှင့်စပ်သော အမြင်များကို စတင် ဟောကြားခြင်းဖြင့် စသည်။ နိဗ္ဗာန်ကို ဒိဋ္ဌိဖုံးနေပုံကို ဦးစွာရှင်းသည်။ နိဗ္ဗာန်ဆိုတာ တဏှာလည်း မရှိ၊ ခန္ဓာလည်း မရှိ၊ ဘာမျှမရှိဆိုတော့ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ နိဗ္ဗာန် လိုချင်တယ်ဆိုသော ပုဂ္ဂိုလ်ကလည်း တဏှာနှင့် လိုချင်နေ၍ သဿတဒိဋ္ဌိ ဖြစ်ပြန်သည်။ ဤဒိဋ္ဌိနှစ်ခုကို လွတ်အောင် ဆင်ခြင်ဉာဏ်ရှိမှသာ နိဗ္ဗာန်ကို သိနိုင်သည်။ ဒိဋ္ဌိရှိနေသရွေ့ နိဗ္ဗာန်ကို မရနိုင်။ ဤတွင် သဿတဥစ္ဆေဒဒိဋ္ဌိ လွတ်အောင်ရှုပုံကို အဂ္ဂိဝစ္ဆသုတ်ကို အခြေခံ၍ ဟောပါသည်။ (အဂ္ဂိဝစ္ဆသုတ်ကို အလုပ်စဉ်တရား စာအုပ်အမှတ်(၂)မှာလည်း တရားအမှတ်(၄) မှာ ဟောခဲ့ပြီ။)

အဂ္ဂိဝစ္ဆပုဏ္ဏားနှင့် မြတ်စွာဘုရား အမေးအဖြေ လုပ်ရာက နိဗ္ဗာန်၏ သဘောကို ဟောခြင်းဖြစ်သည်။ အဂ္ဂိဝစ္ဆမေးသော မေးခွန်းများမှာ (၁) ရုပ်နာမ်လောကသည် မြဲသလား၊ (၂) ရုပ်နာမ်လောကသည် မမြဲဘူးလား၊ (၃) ရုပ်နာမ်လောကသည် အဆုံးရှိသလား၊ (၄) ရုပ်နာမ်လောကသည် မဆုံးတော့ဘူးလား၊ (၅) သတ္တဝါသေရင် ဖြစ်သေးသလား၊ (၆) သတ္တဝါသေရင် မဖြစ်တော့ဘူးလား၊ (၇) သတ္တဝါသေရင် ဖြစ်ချည်တစ်လှည့် မဖြစ်ချည်တစ်လှည့်လား၊ (၈) သတ္တဝါသေရင် မဖြစ်သည် မဟုတ် ဖြစ်သယောင်ယောင်လား မေးခွန်း ၁၂ ခုမှ ၈ ခုကိုသာ ဆရာတော်က ထုတ်၍ ဟောသည်။

ဘုရားက ထိုမေးခွန်းများ အားလုံးကို 'ငါ ဒီအယူ မရှိဘူး' ချည်း ဖြေသည်။ ပုဏ္ဏားက ဘာကြောင့် ဒီအယူ မယူတာလဲဟု မေးသည်။ ထိုအယူတွေကို ယူလျှင် ဒိဋ္ဌိဖြစ်၍ မယူဟုဆိုသည်။ ပုဏ္ဏားက ထိုစကားကို မကျေနပ်။ ဒါဖြင့် ရှင်ကြီးဂေါတမ အယူ ဘာလဲဟု မေးပြန်သည်။ ဘယ်ဒိဋ္ဌိ အယူ ယူသလဲ။ ဘုရားက ဒိဋ္ဌိ အယူ အားလုံး ပယ်ခဲ့ပြီးပြီ။ ဘုရားက ငါ ခန္ဓာငါးပါးဟာ ဖြစ်ပြီး ချုပ်တယ်ဆိုတဲ့ အယူကို ယူတယ်။ (ဖြစ်ပျက်ရှုနိုင်းတာ ဘုရားအယူဖြစ်ကြောင်း) ဆရာတော် ထောက်ပြသည်။ ဖြစ်တာက ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ ဒုက္ခသစ္စာကို မဂ္ဂသစ္စာနဲ့ လိုက်တဲ့အယူ [*နှာ–၂၈၆*]၊ ဒါ ဗုဒ္ဓဘာသာအယူဟု ဆိုသည်။

ပြီးနောက် မြန်မာဗုဒ္ဓဘာသာဝင်များ ဒိဋ္ဌိကပ်တတ်ပုံကို ဖွင့်ဟောသည်။ ထို့နောက် ဒိဋ္ဌိခံနေရင် ရွှေတိဂုံ ရွှေအပြည့်ကပ်၊ နိဗ္ဗာန် မရဘူး [နှာ–၂၈၈]ဟု ရှင်းသည်။ ဒိဋ္ဌိခွာတာကို အဓိကထား လုပ်ပါဟု တိုက်တွန်းသည်။ အလှူနောက်ထား ဒိဋ္ဌိအရင်ခွာ၊ ဤကား ဆရာတော်၏ လက်ကိုင်လက်စွဲမှု ဖြစ်သည်။ 'ဒိဋ္ဌိအလှူ နိဗ္ဗာန် မရဘူး' ဟု ရဲရဲတောက် ဟောသည် [နှာ–၂၈၉] ဒိဋ္ဌိ ခွာပေးတတ်တဲ့ ဆရာကောင်းရဖို့ အရေးကြီးကြောင်းလည်း သတိပေးသည်။ သတင်းစာမှာ ကြော်ငြာ ထည့်ပြီး အမျှဝေတာကိုလည်း ဒိဋ္ဌိစွဲကြီးပုံ ထောက်ပြသည်။

ထို့နောက် တရားသားကို ဟောသည်။ ဖြစ်ပျက်ရှုတဲ့ အယူ ယူရင် ဘာ ကျေးဇူးရှိသလဲဟု ပုဏ္ဏားက မေးပြန်သည်။ ဘုရားက တဏှာ၊ မာန၊ ဒိဋ္ဌိချုပ်သော အကျိုးရှိသည်ဟု ဖြေသည်။ သံသရာချဲ့တဲ့ တရားချုပ်သည် [နှာ–၂၉၃] ထို့နောက် နိဗ္ဗာန်အကြောင်း ဟောမည်ဆိုပြီး တရားနိဂုံးမှာ ပပဉ္စသံသရာချဲ့ တရားချုပ်သော နိပ္ပပဉ္စ ဖြစ်တာသည် နိဗ္ဗာန်(ပပဉ္စမရှိတာ နိဗ္ဗာန်) လောက်သာ မှတ်ထားကြဦး ဆိုပြီး အချိန်စေ့၍ တရားနိဂုံး ချုပ်လိုက်သည်။

*

## ၇။ လောင်စာသိမ်း၍ မီးငြိမ်းရာ နိဗ္ဗာန်တရားတော်

[၁၂–၇–၆၂ ရန်ကုန်မှာ ဟောသောတရား]

အဂ္ဂိဝစ္ဆသုတ်ကို အခြေခံ၍ ဟောသော ဤနိဗ္ဗာန် မြင်ပုံတရားကို မိုးကုတ် ဝိပဿနာ အလုပ်စခဲ့ တရားစာအုပ် အမှတ်(၁)တုန်းကလည်း နှစ်ပုဒ် ဆက်ဟော သည်။ တရားသားမှာ အတူတူပင် ဖြစ်သည်။ သို့သော် ဟောပုံကွာသည်။ 'မနေ့က နိဗ္ဗာန်အကြောင်း ဟောမယ်ဆိုပြီး နိဗ္ဗာန်မပါသေးဘဲ ဒိဋ္ဌိခွာတာပဲ ရှိသေးကြောင်း' မိန့်ကြားသည်။ ထို့နောက် ယမန်နေ့က ဟောပြီးအတိုင်း နိဗ္ဗာန်ကို စဉ်းစားတိုင်း ဒိဋ္ဌိတစ်ဖက်စွန်းသို့ ရောက်တတ်ပုံကို ပြန်ပြောသည်။

ထို့နောက်မှ "နိဗ္ဗာန်ကို သဘောမကျဘဲနှင့် ဝိပဿနာ အားထုတ်ရင် မရဘူး" [နှာ–၃၁၂] ဆိုသော ထူးခြားသော စကားကိုဆိုသည်။ ထိုစကား၏ ဆိုလိုချက်မှာ ဒိဋ္ဌိက လွတ်ပြီး နိဗ္ဗာန်ကို သဘောမကျဘဲနှင့် ဝိပဿနာ အားထုတ်၍

မရ၊ မဂ်ဉာဏ်မရနိုင်ခြင်းကို ဆိုလိုကြောင်း ရှင်းထားသည်။ ဒိဋ္ဌိ နှစ်ခုခံနေရင် နိဗ္ဗာန် မရသလို ပဋိစ္စသမုပ္ပါဒ် နားမလည်လျှင်လည်း နိဗ္ဗာန်မရ [နှာ–၃၀၃]ဟုလည်း ဆုံးဖြတ်ပြသည်။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်မှသာ နိဗ္ဗာန်ကို သဘောကျမည် [နှာ–၃၀၄]။ အဂ္ဂိဝစ္ဆပုဏ္ဏား မေးသောမေးခွန်းများ အကြောင်းကို ယမန်နေ့က အတိုင်း ဟောနေပြန်သည်။

ပဋိစ္စသမုပ္ပါဒ် နားလည်မှသာ ပုဂ္ဂိုလ်သတ္တဝါ သညာပျောက်ပုံကို ဟောသည်။ နိဗ္ဗာန်ကို ဟောရန် ဒိဋ္ဌိကို ရှင်းပေးနေခြင်း ဖြစ်သည်။ [နှာ–၃၁၁] နိဗ္ဗာန်ကို ဟောတော့မည် ဆိုပြီးမှ ရှင်ဆန္နအကြောင်းကို စကားလမ်းလွှဲပြီး ရောက်သွားပြန်သည်။ [နှာ–၃၁၅] ပဋိစ္စသမုပ္ပါဒ် ဆက်ပုံ၊ ပြတ်ပုံကို မသိဘဲ နိဗ္ဗာန်ကို မရနိုင်ကြောင်း ပြောလို၍ ဖြစ်သည်။ နိဗ္ဗာန်ကို ဆုတောင်း၍ မရဆိုသော ဩဝါဒကိုပင် တစ်ဖန် မိန့်ပြန်သည်။

ထို့နောက် 'ပဋိစ္စသမုပ္ပါဒ်ဖြစ်ပုံကို နားလည်ရင် ဒုက္ခသစ္စာကို နားလည်သည်။ ပဋိစ္စသမုပ္ပါဒ် ဖြစ်ပုံကို နားလည်ရင် မဂ္ဂသစ္စာကို နားလည်သည်။ မဂ္ဂသစ္စာ နားလည်မှ နိရောဓသစ္စာ အလိုလို ဝင်လာသည်' [နှာ–၃၁၇]ဟု မိန့်ပါသည်။ နိဗ္ဗာန် လိုချင်ရင် ပဋိစ္စသမုပ္ပါဒ် ဆက်ပုံ၊ ဖြတ်ပုံကို နားလည်အောင် လုပ်ပါ [နှာ–၃၁၇] ဟု တိုက်တွန်းထားသည်။ ဒုက္ခသစ္စာက ပဋိစ္စသမုပ္ပါဒ် ဆက်တဲ့အထဲ ဝင်နေတယ်။ နိဗ္ဗာန်က ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့အထဲ ဝင်နေတယ် [နှာ–၃၁၈] ဟု မိန့်ထားပါသည်။

ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ဖြစ်ကြောင်း ဟောသည်။ ဟောနေကျပုံစံအတိုင်း ဟောသည်။ တဒင်္ဂနိရောဓနိဗ္ဗာန်၊ ခန္ဓာနိရောဓနိဗ္ဗာန်၊ တဒင်္ဂခန္ဓာချုပ်နိဗ္ဗာန် ဖြစ်ကြောင်း နိဗ္ဗာန်ကို သဘောကျအောင် ဟောသည်။ ပဋိစ္စသမုပ္ပါဒ်ပြတ်အောင် ရှုခြင်းဖြစ်သည်။ ခန္ဓာပဋိစ္စသမုပ္ပါဒ်ဖြတ်မှ နောက် ဒုက္ခ သစ္စာ မလာတာ နိဗ္ဗာန်ဖြစ်ပုံကို ပြသည်။ [နှာ–၃၃၄]

ဤသို့ ဟောပြီးသောအခါ အဂ္ဂိဝစ္ဆပုဏ္ဏားက နောက်ထပ် မေးပုံကို ဆက်သည်။ အရှင်ဘုရား ပဋိစ္စသမုပ္ပါဒ်ပြတ်ပြီး ပပဉ္စချုပ်တဲ့ ပုဂ္ဂိုလ် ဘယ်သွားသလဲ၊ ဤမေးခွန်း၏ အဖြေကို ဗုဒ္ဓရှင်တော်မြတ်က မီးပုံဥပမာဖြင့် ရှင်းပြသည်။ လောင်နေသော မီးငြိမ်းသွားလျှင် ထိုမီး ဘယ်ကိုသွားသလဲဟု ဘုရားက ပြန်မေး သည်။ ဤကား နိဗ္ဗာန်၏ သဘောဖြစ်၏။ နိဗ္ဗာန်ဟူသည် လောင်စာသိမ်း၍

မီးငြိမ်းသွားခြင်းကို ဆိုလိုသည်။ ခန္ဓာက လောင်စာ၊ ကိလေသာက မီး၊ ခန္ဓာငါးပါး ဒုက္ခသစ္စာရခြင်းသည်(ပဋိစ္စသမုပ္ပာဒ်) လောင်စာနှင့်မီး တွဲလျက်ချည်း ရခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ဖြတ်ခြင်းသည် လောင်စာသိမ်းခြင်းဖြစ်၍ နိဗ္ဗာန်သည် မီးငြိမ်းခြင်း ဖြစ်ပုံကိုပေါ်အောင် ရဲ့၍ ဟောထားခြင်း ဖြစ်၏။ [နှာ–၃၅၉] ပြီးမှ နိဗ္ဗာန်ရှိကြောင်း၊ အထည်ဒြပ်နှင့် ရှိခြင်းမဟုတ် ငြိမ်းအေးတဲ့ သဘောရှိခြင်း ဖြစ်ကြောင်း [နှာ–၃၆၄] ရှင်းထားသည်။ တရားသဘော ပြောလျှင် သမုဒယ သိမ်း၍ ဒုက္ခမလာတာ နိဗ္ဗာန်ဖြစ်ပုံကိုလည်း ထပ်ဆင့် ဟောပြထားသည် [နှာ–၃၆၆]။

*

## ၈။ ဒုက္ခထွက်မြောက် နိဗ္ဗာန်ရောက် တရားတော်
[၁၃–၇–၆၂ ရန်ကုန်မှာ ဟောသောတရား]

ဒုက္ခသိမှ ဒုက္ခငြိမ်းရာကို ရောက်မယ်။ အစဦး၌ ဤတရားကို ဟောသည်။ ပုထုဇဉ်တွေသည် ဘုံဘဝ ရစေတတ်သော ကုသိုလ်ကောင်းမှုများကို ပြုခဲ့ကြသည်။ အဝိဇ္ဇာကြောင့် သင်္ခါရတွေ ပြုခဲ့ကြသည်။ အကန်းလမ်းသွားသည်နှင့် တူသည်။ အဝိဇ္ဇာက ကန်းတာ၊ သင်္ခါရက လမ်းသွားတာ၊ ဝိညာဉ်က ချော်လဲတာ၊ နာမ်ရုပ်က အနာရတာ၊ သဠာယတနက အနာပြည် တည်တာ၊ ဖဿက အနာဆိုး ထိုးမိတာ၊ ဝေဒနာက ပြင်းထန်စွာ ခံစားရတာဟု ပဋိစ္စသမုပ္ပာဒ်ကို ဥပမာ၊ ဥပမေယျဖြင့် ရှင်းပြသည်။ အကန်းလမ်းသွား လုပ်ခဲ့ကြလို့ ဒုက္ခခန္ဓာကြီး ရနေရကြောင်း ဖော်ပြသည် [နှာ–၃၇၃]။

လူတွေက ကံကောင်းလို့ လူဖြစ်တာဟု မြင်နေကြသည်။ အမှန်က အကန်းဘဝနှင့် လမ်းသွားမိခဲ့လို့ ချော်လဲပြီး ဒုက္ခခန္ဓာကြီး ရလာတာဟု နားလည်သင့်ပုံကို ရှင်းပြသည်။ သစ္စာမသိလို့ လူဖြစ်ရတာ တော်သေးရဲ့ ပြောနေကြသည်ဟု မိန့်ပါသည်။ တရား နာတာ၊ တရား အားထုတ်တာသည် အနာပျောက်ချင်လို့ ဆေးရှာတာဟု သရုပ်ဖော်၍ ဟောသည်။ သို့သော် ဆေးရှာရင်းလည်း ဝဋ်ဘဝကို ရောက်စေတတ်သော၊ ဒါနကံ၊ သီလကံ၊ အကုသိုလ်ကံတွေ လုပ်မိကြပြန်သည်။ ဆေးမှားလိမ်းသည်နှင့် တူပြန်သည်။ ဆေးမှား၍ နောက်အနာတစ်ခု ရပြန်သည်။ အတိတ်ဘဝက ဘာဖြစ်ခဲ့သလဲ မေးရင် မပြောတတ်ဘူး။ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာတွေ လည်ပြီး

ဖြစ်ခဲ့ကြသည်ဟုသာ ပြောနိုင်ကြောင်း မိန့်ကြားသည်။ ဘုရားအဆူဆူနှင့် လွဲခဲ့တာသည် မိုက်ကြောင်းတွေ လုပ်ခဲ့လို့ မိုက်ကျိုးတွေ ဖြစ်ခဲ့တာဟု ဆိုသည်။ ဘာကြောင့် သံသရာ ရှည်ခဲ့တာလည်း ဆိုတာ သိရောပေါ့ဟု ထောက်ပြသည်။

ခန္ဓာငါးပါးကို ဒုက္ခသစ္စာဟု မသိခဲ့ကြ၍ တဏှာ၊ ဥပါဒါန်၊ ကံ(သမုဒယတွေ) လုပ်ခဲ့ကြသည်။ ပစ္စုပ္ပန်ဘဝမှာ ဒုက္ခခန္ဓာ ရသည်။ ပစ္စုပ္ပန်ဘဝမှာလည်း ဒုက္ခခန္ဓာ ရနေတာ ဒုက္ခသစ္စာမှန်း မသိသောကြောင့် ထပ်ပြီး တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ သမုဒယတွေ ထပ်လုပ်ပြန်သည်။ အနာဂတ် ဘဝမှာ ဒုက္ခသစ္စာ ရကြရပေဦးမည်။ ဤပုံဤနည်း သံသရာစက်ကြီး လည်နေကြရသည်။ [နှာ-၃၈၀] ဒီစက်ကို ဖြတ်ပေးမည့် ပုဂ္ဂိုလ်ရှာဖို့ အရေးတကြီး လိုအပ်သည်။ တရားလာနာတာသည် ဒီအဝိုင်းပြေး ဓာတ်သိမ်းချင်လို့ မဟုတ်လားဟု မေးသည်။ "ခင်ဗျားတို့ တစ်သံသရာလုံးမှာ သမုဒယသစ္စာမီးနှင့် ဒုက္ခသစ္စာ ခန္ဓာထင်းနှင့် လောင်ပြီး လှည့်နေတာ၊ မဂ္ဂသစ္စာနှင့် နိရောဓသစ္စာကို သပိတ်မှောက်ထားခဲ့ကြသည်ဟု ထိထိမိမိ ဆိုပါသည်။

ဤသို့ ဆိုပြီးနောက် ဒကာဒကာမတွေ ကိုယ့်ဒုက္ခကို သိပြီလားဟု မေးသည်။ ဤတွင် ပရိယတ် အရေးပါပုံကိုလည်း ဟောသည်။ (ပရိယတ်နှင့် ပရိသတ် စကားနှစ်လုံး ရောနေသည်။) [နှာ-၃၈၄/၃၈၅] ထို့နောက် ထွက်ပေါက်ကို ပြတော့မည်ဆို၍ ဝိပဿနာရှုနည်း(စိတ္တာနုပဿနာ) ရှုနည်းကို ပြသည်။ စိတ်ကို ငါးခွဲဒိဋ္ဌိကပ်ပုံများကို ပြသည်။ ကိုယ့်စိတ်ကိုယ်ရှုဟု ဆိုသည်။ စိတ် ပုထုဇဉ်သန္တာန်ပေါ်သော စိတ်မှန်သမျှကို ဖြစ်ပျက်ရှုရန် မိန့်သည်။ စိတ်ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ၊ သေတာက သမုဒယသစ္စာ၊ နောက်ခန္ဓာ မလာတာက နိရောဓသစ္စာ ဖြစ်ပုံကို ပြသည်။ တဏှာသိမ်းနိဗ္ဗာန်၊ ဒုက္ခသိမ်းနိဗ္ဗာန် ဖြစ်ပုံကို ပြသည်။ ဝေဒနာနှင့် တဏှာကြားမှာ ပြတ်လျှင် ဒီနေရာ ဘုရားပွင့်သည်။ အိန္ဒိယ သွားဖူးနေစရာ မလိုဘူးဟု မိန့်ပါသည်။ အကွက် ၂က အကွက် ၃ ကို မကူးအောင် ဖြတ်တတ်လျှင် ဒီနေရာမဂ်ပဲ၊ နိဗ္ဗာန်ပေါ်တာပဲဟုလည်း ရှင်းရှင်း ဆိုပါသည်။

ဤတရားတွင် ကိုယ့်အသေ ကိုယ်မြင်အောင် ရှုတတ်ဖို့လည်း သင်ပေးထားသည်။ သံယုတ်ပါဠိတော်မှာ နိဗ္ဗာန်အနီးကလေးဟု ဟောထားသော်လည်း ဘာကြောင့် မရောက်သလဲ၊ အကွေ့အကောက် သွားနေ၍ မရောက်တာဟု ဖြေပါသည်။ ဖြစ်ပျက် မဂ်ဆိုက်အောင် မရှု၊ ဒုက္ခနိရောဓ နိဗ္ဗာန်ဖြစ်ကြောင်း ဟောကြားထားသည်။

*

## ၉။ သစ္စာလေးပါး အလုပ်ပေးတရားတော်
[၇-၇-၆၂ (နံနက်) ရန်ကုန်မှာ ဟောသောတရား]

'သစ္စာမသိရင် သံသရာကြီးဟာ ဘယ်တော့မှ မပြတ်ဘူး' ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ သစ္စာ မသိဘဲလုပ်သော သင်္ခါရတွေ (ကုသိုလ်၊ အကုသိုလ်တွေ) အားလုံး အမှားချည်းပဲ၊ အမှားချည်းပဲဟု ဆိုခြင်းမှာ ထိုသင်္ခါရတွေကြောင့် ဒုက္ခခန္ဓာကိုသာ ရနိုင်သောကြောင့် ဖြစ်၏။ မသိတာသည် အဝိဇ္ဇာ ဖြစ်၏။ အဝိဇ္ဇာသည် အကန်းနှင့် တူသည်။ လောကအလို သားရေး သမီးရေး စီးပွားရေး လုပ်နေကြတာသည် ဝဋ္ဋရားဟု ထင်နေကြသည်။ တရားအမြင်မှာ အမိုက်ခံပြီး အချိန်ဖြုန်းနေကြတာ [နှာ-၄၁၇] ဟု မိန့်သည်။ အမိုက်ခံရဲနေကြတာဟု မိန့်ပါသည်။ ထို့နောက် သင်္ခါရကြောင့် ဝိညာဉ် နာမ်ရုပ်ဖြစ်ပေါ်ပုံကို ယခင် ဟောတရားမှာကဲ့သို့ အကန်းလမ်းသွားလို့ ချော်လဲ၊ အနာတရ ဖြစ်ပုံနှင့် နှိုင်းပြီး ဟောသည်။

ဤတွင် ထူးခြားသော တရားမှာ 'ကုသိုလ်ပေမယ့် လုပ်ကောင်းတာ၊ မလုပ်ကောင်းတာ ရှိတယ်' ဆိုပြီး နိဗ္ဗာန်ရောက်သော ကုသိုလ်နှင့် နိဗ္ဗာန် မရောက်သော ကုသိုလ်ကို ရှင်းပြသည်။ လူတွေက ကံကောင်းချင်လိုက်တာ လွန်ရောဝင်ကြိုက်တာကိုးဟုလည်း ထူးထူးခြားခြား ဆိုပါသည်။ ခင်ဗျားတို့ ဗေဒင်ဆရာဆီသွားပြီး ကံဇာတာ မေးမနေနဲ့၊ ဘုရားဟောတာသာ ယုံ၊ ခန္ဓာပြောတာသာ ယုံ၊ ဝိပါကဝဋ်ထဲ ရောက်နေတယ် [နှာ-၄၂၁]ဟုလည်း ထောက်ပြပါသည်။ ဒုက္ခသစ္စာထဲ ရောက်နေတာအမှန်၊ ဒုက္ခရောက်နေတာမှတစ်ပါး ဘာမှ မရှိဘူး [နှာ- ၄၂၂] ဟုလည်း သဘောပေါက်လွယ်အောင် ဟောပါသည်။

ပြီးမှ '၁ တုန်းကလည်း မလိမ္မာခဲ့၊ ၂ တုန်းက ဒုက္ခ ရောက်တာလည်း မသိ၊ ၃ အကွက်မှာ ထပ်မိုက်ပြန်တယ်ဆိုတော့ သွားပြီ' ဟု မိန့်ပြန်သည်။ ပဋိစ္စသမုပ္ပာဒ်ဖြင့် သံသရာစက်ကို အဝိဇ္ဇာ အမိုက်တိုက်ဖြင့် လည်ပုံကို ပြသည်။ ထို့နောက် ၂ အကွက်မှ ၃ အကွက်ကို မကူးအောင် ဖြတ်တတ်ဖို့ လိုပုံကို ပြသည် [နှာ-၄၂၄]။ ထို့နောက် စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက် ဝိပဿနာရှုရန် သင်ကြားပေးသည်။ ကုသိုလ်မှာလည်း ဒုက္ခရောက်သည့် ကုသိုလ်၊ ဒုက္ခလွတ်သော ကုသိုလ်ရှိကြောင်း ပြပြန်သည်။

အဝိဇ္ဇာ ဦးစီးပြီးလုပ်တဲ့ ကုသိုလ်ကောင်းပါ့မလားဟုလည်း မေးထားသည် [နှာ-၄၂၇]။ ဒုက္ခရောက်မည့် ကုသိုလ်ကို ခင်ဗျားတို့ ရဲရဲကြီးလုပ်တယ်။ ဒုက္ခ

မရောက်မည့် ကုသိုလ်ကို အချိန်ဆွဲတယ်ဟုလည်း ဆုံးမသည်။ သနားလို့ သိအောင် ပြောနေရကြောင်းလည်း မိန့်ကြားသည်။ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာကို ပြပြီး ပုထုဇဉ်တွေ အဝိုင်းပြေး ပြေးနေပုံကို ပြပြန်သည်။ ထွက်ပေါက်ပါကြသေးရဲ့လားဟု မေးသည်။ ထွက်ပေါက် ပြတော်မူပါဟု တောင်းပန်ရန် အချိန်ရောက်ပြီဟုလည်း သတိစကား ဆိုပါသည် [နှာ-၄၃၂] ဝေဒနာနုပဿနာ ပေးရင် ဒုက္ခတစ်လုံးတည်း တွေ့နေတာ များသောကြောင့် စိတ္တာနုပဿနာ ပေးမယ် ဆိုပြီး ပေးသည်။ [နှာ-၄၃၃] အောက်မဂ်အတွက် စိတ္တာနုပဿနာပေး၊ အထက်မဂ်အတွက် ဝေဒနာနုပဿနာ ပေးရမည် [နှာ-၄၃၄] ဟုလည်း မိန့်ကြားသည်။

ထို့နောက် စိတ္တာနုပဿနာရှုနည်းကို ပြပါသည်။ အပြင်ညွှတ်သည့် စိတ်၊ အတွင်းညွှတ်သည့် စိတ်များကို ရှုပုံကို ပြသည်။ ဖြစ်ပျက်နေသော စိတ်များသည် ဒုက္ခသစ္စာပါလားဟု မသိတော့ အဝိဇ္ဇာက လာပြန်ရောဟု ဆိုသည်။ ဖြစ်ပျက်ရှုတတ်မှ ပဋိစ္စသမုပ္ပါဒ် ပြတ်လမ်း ဖြစ်သည်။ မရှုတတ်လျှင် ပဋိစ္စသမုပ္ပါဒ် လည်လမ်းဖြစ်ပုံကို ပြသည်။ သစ္စာမသိသူ လုပ်သမျှ အလွဲချည်းပဲဆို၍ တရားအဆုံးမှ ဆိုထားသည်။

*

## ၁၀။ သစ္စာသိဖို့ အရေးအကြီးဆုံး တရားတော်

[၈-၇-၆၂ ရန်ကုန်မှာ ဟောသောတရား]

သစ္စာသိဖို့ အရေးအကြီးဆုံးဆိုသော အမှာစကားဖြင့် ဤတရားကို စတင်ထားသည်။ သစ္စာမသိလျှင် ဘုရားမဖြစ်နိုင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ စသည် မဖြစ်နိုင်ကြောင်း မှတ်ရမည်။ သစ္စာ မသိလျှင် ပဋိစ္စသမုပ္ပါဒ်အရ ဘုံဘဝကို လိုချင်သော ကံတွေကို ပြုကြမည်သာ ဖြစ်သည်။ ဒုက္ခရောက်ဖို့ အလုပ်သာ လုပ်နေကြတော့မည်။ တဏှာဥပါဒါန်ကံတွေ လုပ်လျှင် ဒုက္ခသစ္စာကိုသာ ရမည်ဟု မသိသောကြောင့် ကိုယ်ဒုက္ခရောက်မည့်အရေး ကိုယ်တိုင်.လုပ်နေကြသည်။

ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်လည်ပြီး သံသရာ အရှိုင်းပြေး ဖြစ်ကြရသည်။ ဗုဒ္ဓဘုရား ဖြစ်လာခြင်းသည် သံသရာ ဖြတ်လမ်း၊ ထွက်လမ်းကို ပြချင်၍ ဖြစ်လာခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ် ဖြတ်တဲ့နည်းကို သူပြချင်လို့ 'လောကတ္ထစရိယံ' ဆိုပြီး ရည်ရွယ်ချက်နှင့် လာခဲ့သည် [နှာ-၄၆၄]ဟု ဆိုပါသည်။ ပဋိစ္စသမုပ္ပါဒ်

ဖြတ်လမ်းကို သိဖို့မှာ ခန္ဓာကို ဉာဏ်စိုက်ရမည်။ ခန္ဓာကို ဉာဏ်မစိုက်တတ်လျှင် သမုဒယသစ္စာကို အားပေးသလို ဖြစ်နေမည် [နှာ–၄၆၆] ဟုလည်း သတိပေးသည်။

ဤသို့ မိန့်တော်မူပြီးနောက် နိဗ္ဗာန်ကို မသိဘဲ တရားအားထုတ်လျှင် တရားမပေါက်နိုင်ဘူးဟုလည်း ဆိုပါသည်။ ထို့နောက် နိဗ္ဗာန်သဘောကို ရှင်းသည်။ နိဗ္ဗာန်ဆိုတာ ဒုက္ခခပ်သိမ်း ငြိမ်းအေးခြင်းဟု မှတ်ထားဟု ဆုံးမသည်။ [နှာ–၄၆၈] နိဗ္ဗာန်သည် ဒုက္ခငြိမ်းအေးခြင်း ဆိုသောကြောင့် ဒုက္ခကို သိအောင် ဟောမှ ဖြစ်မည်ဟု ဆိုသည်။

ထိုသို့ ဆိုပြီးမှ လူ့သံယောဇဉ် မစွန့်ဘဲနှင့် နိဗ္ဗာန်ရပါ့မလား ဆိုသော အကြောင်းကို မိန့်ပြန်သည်။ လူသည် သံယောဇဉ် မရှိလျှင် မနေတတ်ဘူး။ တဏှာနှင့်သာ အဖော်လုပ်ပြီး နေတတ်သည်။ ထိုသို့နေလျှင် နိဗ္ဗာန် ဘယ်တော့မှမရ။ သဒ္ဓါနှင့် ပညာကိုသာ အဖော်လုပ်ရမည်။ တဏှာဥပါဒါန် ကံကိုပြတ်ဖို့မှာ ဝိပဿနာ အလုပ်ကို လုပ်မှသာ ပြတ်သည်။ စိတ်ဖြစ်တိုင်း စိတ်ကို ဉာဏ်နှင့်ရှုလျှင် တဏှာ ဥပါဒါန်ကံ ပြတ်နိုင်သည်။ ဉာဏ်နှင့်ရှုတော့ စိတ်(ဝိညာဏက္ခန္ဓာ) သေသွားတာ မြင်နိုင်သည်။ ဤသို့ မြင်ခြင်းသည် ကိုယ့်အသေ ကိုယ်မြင်ခြင်း ဖြစ်သည်။ ဝိပဿနာ ဆိုတာ ကိုယ့်အသေ ကိုယ်မြင်အောင် ရှုခြင်းဖြစ်ကြောင်း မိန့်ပါသည်။

ကုသိုလ်ရအောင် ဝိပဿနာရှုတာ မဟုတ်ပါ။ ကုသိုလ် ရချင်ရင် ဝိပဿနာ ရှုကို မရှုနဲ့၊ ကုသိုလ်ရချင် ရေအိုးစင်တည်ဟု မိန့်ကြားသည် [နှာ–၄၇၄]။ ကိုယ့်အသေ ကိုယ်မြင်မှ နောက်ထပ် ကိုယ်ခန္ဓာကို မလိုချင်စိတ် ဖြစ်မည်။ ထို့နောက် မနုဿတ္တဘာဝေါဒုလ္လဘော လူ့ဘဝ ရခဲပုံကို ဟောပြန်သည်။ ရခဲသော လူ့ဘဝ သက်တမ်းကလည်း တိုသည်။ တိုသော လူ့ဘဝကို သစ္စာသိအောင် မလုပ်ဘဲ မသုံးဘဲ တဏှာခိုင်းရာသာ လုပ်နေခြင်းသည် အလကား ဖြုန်းပစ်သည်နှင့် တူကြောင်း ဟောသည်။ အပိုအလုပ်တွေကိုသာ သွားရည်ကျပြီး လုပ်နေကြသည်။ အားကိုးစရာ အစစ်က သစ္စာမြင်တဲ့ ဉာဏ်သာဖြစ်သည်ဟုလည်း ဆိုပါသည်။ သစ္စာမသိလို့ သံသရာ ရှည်ခဲ့ကြတာ ဖြစ်သည်။ သံသရာရှည်တယ် ဆိုတာ အိုဘေး၊ နာဘေး၊ သေဘေး ရောက်တာကိုဆိုခြင်း ဖြစ်သည်။ သစ္စာမမြင်ဘဲနှင့် နိဗ္ဗာန်ကို ဘယ်တော့မှ မရောက်ဘူး။ သစ္စာမှတစ်ပါး ကိုးကွယ်စရာ ဆည်းကပ်စရာ မရှိဘူး။

ပြီးမှ ဝစ္ဆဂေါတပုဏ္ဏားမေး လူ့သံယောဇဉ်ကိစ္စကို ပြန်ကောက်ပြန်သည်။ ထို့နောက် သမုဒယကို လက်ညှိုးညွှန်ပြီး ဂုဏ်ယူမနေနဲ့ [နှာ–၄၈၄] ဟု ဆုံးမသည်။ ပုထုဇဉ် ကိုယ့်ကိုယ်ကိုယ် မိုက်မှန်းမသိတာ ဆိုးသည်ဟုလည်း ဆိုသည်။ သမုဒယ

ချုပ်တဲ့ နေရာမှာ နိဗ္ဗာန်ရှိသည် [နှာ-၄၈၆] မသွားတတ်လို့ နိဗ္ဗာန် ဝေးနေတာ ဖြစ်သည်။ ထို့နောက် စိတ်ကို ဖြစ်ပျက်ရှုနည်းကို ဟောသည်။ ဝိပဿနာမဂ်နှင့် သမုဒယသံယောဇဉ် ဖြတ်ပုံကို ဟောသည်။ ဝိပဿနာကို နေရာမရွေး လုပ်၍ရပုံကို ပြသည်။ ကိလေသာ ရှေ့နေ လိုက်နေ၍ ဝိပဿနာမလုပ် ဖြစ်တာဟုလည်း မိန့်ပါသည်။

ဝိပဿနာလုပ်သူ စိတ္တာနုပဿနာ ရှုသူမှာ လူ့သံယောဇဉ် ပြတ်သည်။ တဏှာသိမ်း နိဗ္ဗာန်၊ ခန္ဓာသိမ်း နိဗ္ဗာန်ကို ရသည်။ စိတ္တာနုပဿနာ ရှုပါဟုလည်း တိုက်တွန်း ထားသည်။ မဂ်ကို ဆုတောင်း၍မရ၊ မရှိတာကို သိအောင်လုပ်မှ ရသည်။ မရှိတာသည် အနိစ္စ၊ သိတာသည် မဂ္ဂ၊ သေတာသည် သမုဒယ၊ နောက်ခန္ဓာ မလာတာသည် နိရောဓနိဗ္ဗာန်ဖြစ်ကြောင်း ရှင်းထားသည်။ ကိုယ့်ဒုက္ခ ကိုယ်သိတာ သည် သစ္စာသိခြင်း ဖြစ်ကြောင်း ထပ်ရှင်းသည်။ လူတွေ စာသမားတွေက စာ အားကိုးပုံကိုလည်း ဝေဖန်ပြထားသည်။ စာက ပြောတာကို အမှန်မယူရ၊ ခန္ဓာက ပြောတာသာ အမှန် ယူသင့်ကြောင်းလည်း ဆုံးမသည်။

ဒုက္ခသစ္စာဆိုတာ ကိုယ့်စိတ်ကိုယ်ကြည့်ပြီး ရှုမှမြင်သည်။ သစ္စာမြင်အောင် ကြည့်၊ သစ္စာသိအောင် လုပ်ဖို့သာ အရေးကြီးကြောင်း စကားတန်ဆာ အမျိုးမျိုး ဆင်၍ နားလည်အောင် လှည့်ဟောထားခြင်း ဖြစ်သည်။ သစ္စာမြင်ခြင်းသည် မီးတွန်းခြင်းနှင့် တူပုံကို ပြသည်။ အမှောင်ပျောက်၊ အလင်းရောက်၊ ပစ္စည်းမြင်အောင် မီးထွန်းခြင်းက ဆောင်ရွက်သလို သစ္စာအလင်းရောင်ရမှ နိဗ္ဗာန်ကို မြင်ရသည်။ အဝိဇ္ဇာ အမှောင်ပျောက်သည်၊ ဝိဇ္ဇာဉာဏ် အလင်းရောက်ပုံကို နှိုင်းယှဉ်ပြထား ပါသည်။

*

## ၁၁။ သောတာပန်တည်ပုံ အလုပ်ပေးတရားတော်

[၉-၇-၆၂(နံနက်) ရန်ကုန်မှာ ဟောသောတရား]

ဤတရား ခေါင်းစဉ်ကို မာတိကာတွင် 'အရှင်ကောဏ္ဍည သစ္စာသိပြီး သောတာပန်တည်ပုံ' ဟု အမည် ပေးထားသည်။ 'အညာသိကောဏ္ဍည' ဆိုသော ပါဠိစကား၏ အနက်မှာ 'ကောဏ္ဍညသည် သိသွားပြီ' ဖြစ်သည်။ ဘာသိသွားသလဲ ဆိုတော့ သစ္စာကို သိသွားတယ်ဆိုပြီး ဤတရားကို စဟောသည်။

သစ္စာသိမှ မြဲသောသီလ ဖြစ်ပေါ်ပုံကို ပြသည်။ သစ္စာကို ဘယ်လို သိသလဲ၊ တစ်ပြိုင်နက် သစ္စာလေးပါးစလုံးကို သိလျှင် ကိစ္စပြီးမည်။ သစ္စာလေးပါးကို တစ်ပြိုင်နက် သိဖို့ကိစ္စမှာ ပွားသိ သိရမည် *[နှာ–၅၁၃]* ပွားများ အားထုတ်ခြင်းဖြင့် သစ္စာကို သိပြီဆိုလျှင် အပါယ်ကို သွားစေတတ်သော ကံတွေ အားလုံးကို ပယ်ချပြီး ဖြစ်တော့သည်။ အကုသိုလ်ကြွေး အကုန်ရှင်းသည်။ မဂ်တစ်ချက် ပေါ်လိုက်လျှင် ကိစ္စပြီးသည် *[နှာ–၅၁၄]* 'ဆားတစ်လျက်နှင့် ကြွေးအားလုံးကျေသည်' ဟု သုံးနှုန်းထားပါသည်။ ထို့နောက် မဂ်ပေါက်အောင် အလုပ်ကိုသာ ဘုန်းကြီးပေးမည် နည်းပေးမည်ဟု ဆိုပြီး ဆရာသမားကောင်းနှင့် တွေ့တုန်း ကြွေးကျေအောင် ဆပ်သော အလုပ်ကို လုပ်ကောင်းကြောင်း ဟောသည်။

ပထမဦးစွာ ခင်ဗျားတို့ အပေါင်းအသင်း မမှားနှင့်ဟု သတိပေးသည်။ တဏှာနှင့် မပေါင်းနှင့်။ သဒ္ဓါ၊ ပညာနှင့်ပေါင်းဟု သတိပေးသည်။ တဏှာနှင့် ပေါင်းလျှင် သံသရာရှည်မည်။ သဒ္ဓါ၊ ပညာနှင့် ပေါင်းလျှင် သံသရာ ပြတ်မည်ဟု ဆိုသည်။ တဏှာနှင့်ပေါင်းလျှင် ဥပါဒါန်ကံ လာပြီး သံသရာရှည်ပုံ ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ အင်္ဂုတ္တိုရ်ပါဠိတော်ကို မှီးပြီး တဏှာနှင့် မပေါင်းသင့်ဟု ဘုရားဟောပုံကို လည်း အထောက်အထား ပြပါသည်။

ထိုနောက် အညာသိကောဏ္ဍည ဆိုသည်။ ကောဏ္ဍညသည် သဒ္ဓါပညာနှင့် ပေါင်းရမှန်း သိသွားပြီဟု အဓိပ္ပာယ် ဖွင့်ပြန်သည် [နှာ–၅၂၀] ပြီးနောက်မှ သဒ္ဓါကြောင့် ပညာဖြစ်ပုံကို ဟောသည်။ ခန္ဓာ ဒုက္ခသစ္စာဖြစ်မှန်း အမှန်သိမှ ယုံကြည်မှု၊ သဒ္ဓါဖြစ်သည်။ သဒ္ဓါဖြစ်မှ ရှုရှုစိုက်စိုက် ရှုမှုပညာ(ဝိပဿနာ) ဖြစ်သည်။ မဂ် ဆိုတာ သိလုံးကို ခေါ်သည်ဟု မှတ်ပါဟုလည်း မိန့်သည်။ သိလုံး ဆိုတာက ဒုက္ခသစ္စာကို သိတာလို့ မှတ်ပါ။ ပဋိစ္စသမုပ္ပာဒ် ၂အကွက်ထဲ ဘာပဲပေါ်ပေါ် ဒုက္ခသစ္စာချည်းပဲ မှတ်ရမည်။ ဒုက္ခသစ္စာဆိုတာ အနာပေါက်တာ၊ ခွေးကိုက်လို့ နာတာ မဟုတ်ဘူး။ ပစ္စုပ္ပန်ခန္ဓာ ပေါ်တာကို ဆိုပါတယ်ဟုလည်း ခွဲခြားပြသည်။ ဒုက္ခသစ္စာဆိုတာ ခန္ဓာငါးပါးပေါ်တာ [နှာ–၅၂၁]။ ဒါကို သိဖို့ပဲ လိုတယ်၊ ဒီသိလုံး တစ်လုံးကပဲ ကယ်မယ်ဟုလည်း ဆုံးမသည်။ ခန္ဓာပေါ်တိုင်း သိပေး *[နှာ–၅၂၆]* ထိုသို့သိအောင် စိတ္တာနုပဿနာ ရှုပေးပါဟု တိုက်တွန်းထားသည်။

ဤတရားတွင်လည်း ကိုယ့်အသေ ကိုယ် မြင်တာ ဝိပဿနာဟု ထပ်မံ၍ ဆိုသည်။ အသေဆိုတာ ရုပ်အသေ၊ စိတ်အသေ (ဖြစ်ပျက်) ဒုက္ခသစ္စာ၊ သိတာက

မဂ္ဂသစ္စာ၊ ကိုယ်ဉာဏ်နဲ့ ကိုယ့်အသေ ကိုယ်သိတာ ဝိပဿနာ ခေါ်တယ် [နှာ-၅၂၈]။ ဝိပဿနာ ဆိုတာ အသေကို အရှင်နဲ့ ကြည့်တာ *[နှာ-၅၃၁]* လို့ မှတ်။ ဝိပဿနာကို တောကျောင်းတောင်ကျောင်း သွားရှာရတာ မဟုတ် ဘူး။ ကိုယ့်ခန္ဓာ အသေကို မြင်အောင် ကိုယ့်ခန္ဓာကို ရှုရတာဖြစ်ကြောင်း ပြသည်။ စက်ဝိုင်း ပြောနေတာမဟုတ်၊ ခန္ဓာထဲပေါ်သော ပဋိစ္စသမုပ္ပာဒ်ကို ပြောနေခြင်း ဖြစ်သည် [နှာ-၅၃၂] ဤသို့ သိလျှင် ဒကာဒကာမတွေလည်း အညာသိ ဖြစ်သည်ဟု ဆိုသည် [နှာ-၅၃၃]။

ထို့နောက် ထူးခြားသော စကားကို ဆိုသည်။ ဘုရား ကြည်ညိုတာ သုဂတိ၊ ဘုရား ဟောတာ သိအောင်လုပ်တာမှ နိဗ္ဗာန်ဟု ဆိုသည် [နှာ-၅၃၄]။ အလုပ်တရားမှာ စိတ္တာနုပဿနာပင် ဖြစ်သည်။ ကိုယ့်စိတ်ကိုယ်ရှု၊ ကိုယ့်အသေ ကိုယ်သိအောင် လုပ်ဖို့ပင် ဖြစ်သည်။ ဘာလာလာ ဖောက်ပြန်သိကောနှင့် ရှု၊ သန္တိဋ္ဌိကော ဖြစ်အောင်လုပ်ဖို့ တိုက်တွန်းသည်။ ဒါမှ အကာလိကော ချက်ချင်း အကျိုးပေးမည် ဖြစ်ကြောင်းပြသည်။ နိဗ္ဗာန်ကို ဆုတောင်းမနေနှင့် လုပ်မှရသည်ဟုလည်း ဆုံးမ ထားသည်။ ဒုက္ခသစ္စာ သိလျှင် သမုဒယသစ္စာ သေသည်။ သမုဒယသေမှ နိရောဓ သစ္စာ ဖြစ်ပေါ်လာပုံကို ရှင်းထားသည်။

*

## ၁၂။ သစ္စာလေးပါး အလုပ်ပေးတရားတော်

[၁၀-၇-၆၂ ရန်ကုန်မှာ ဟောသောတရား]

ဤတရားတွင်လည်း နိဗ္ဗာန်ကို ရောက်ချင်ရင် သစ္စာကို သိအောင်လုပ် ဆိုသော ဆုံးမစကားဖြင့် စတင် ဟောကြားပါသည်။ ဒါန၊ သီလ၊ သမထတရား တွေသည် သစ္စာသိမှု၏ အခြံအရံများ ဖြစ်သည်။ နီးသောအကြောင်း မဟုတ်၊ သစ္စာသိဖို့သာ အရေးကြီးသည်။ သစ္စာ မသိဘဲနှင့် နိဗ္ဗာန်မရနိုင်။ သစ္စာဉာဏ်ရမှ ကိစ္စဉာဏ် တက်နိုင်သည်။ ကိစ္စဉာဏ်ရမှ ကတဉာဏ်ကို ရနိုင်သည်။

ဤတရားတွင် သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ်ကို ဟောမည်ဟု ဆိုသည် [နှာ-၅၆၂]။ ထို့နောက် ခန္ဓာမှာ သစ္စာရှိကြောင်း ပြောပြီး ပဋိစ္စသမုပ္ပာဒ် နှင့် ရှင်းသည်။ သစ္စာလေးပါး မသိတာ အဝိဇ္ဇာက စ၍ ရှင်းသည်။ အတိတ်ဘဝ

ကပင် အဝိဇ္ဇာ(သစ္စာမသိတာ)နှင့် နေခဲ့ကြသည်။ သစ္စာမသိဘဲ ကုသိုလ်တွေ ပြုကြသည်။ ဘဝတဏှာနှင့် ဆုတောင်းကြသည်။ သင်္ခါရ (ပုညာ၊ အပုညာ၊ အာနဉ္ဇ) တွေ လုပ်ခဲ့ကြသည်။ မသိဘဲလုပ်တော့ သမုဒယသစ္စာတွေ လုပ်မိကြသည် [နှာ–၅၆၇] သမုဒယသစ္စာလုပ်တော့ ဇာတိ၊ ခန္ဓာငါးပါး(ဒုက္ခသစ္စာ)ကို ရသည်။ သစ္စာမသိဘဲလုပ်သော ပုဂ္ဂိုလ် ဒုက္ခရောက်သည်။ သစ္စာ သိပြီးလုပ်သော ပုဂ္ဂိုလ်မှာ ဒုက္ခလွတ်တယ် [နှာ–၅၆၈] ဟု မိန့်ပါသည်။ သစ္စာမသိသော အဝိဇ္ဇာဖြင့် သင်္ခါရ (ကံ)တွေ ပြုသဖြင့် ခန္ဓာငါးပါး ဒုက္ခသစ္စာကိုသာ ရသည်။ ထိုဖြစ်စဉ်သည် အကန်းလမ်းသွား၍ ချော်လဲရသည်နှင့် တူပုံကို ပြပြန်သည်။

ထို့နောက် တရားနာ ပရိသတ်ထဲမှာ လူချမ်းသာပါသလား မေးပြီး ဒုက္ခသစ္စာ ရနေကြတဲ့ လူတွေအားလုံး အမွဲချည်းပဲ။ လူဆင်းရဲချည်းပဲဟု ကောက်ချက်ချပြသည်။ ဘာမွဲတာလဲ၊ သစ္စာမသိလို့ သူတော်ကောင်းတရား မွဲသည်။ ဤစကားကို ပြောရာ၌ သုပ္ပဗုဒ္ဓ သောတာပန်ဖြစ်ပြီး သိကြားမင်းနှင့် စကားပြောရာတွင် သိကြားမွဲဟုခေါ်ပုံ ဝတ္ထုကို တင်ပြသည်။ မဂ်မရသေးသမျှ သူတော်ကောင်း ရတနာမွဲတာပဲ [နှာ–၅၇၅]ဟု မိန့်ထားသည်။ ဒုက္ခနှင့် နေရတာ အမွဲချည်း မှတ်ပါဟုလည်း မိန့်ပါသည်။

ပြီးမှ မသိတဲ့ အကန်းပုဂ္ဂိုလ် လမ်းသွားလျှင် ဒုက္ခဆင်းရဲအတိ ဖြစ်မည်။ ဒုက္ခသစ္စာ ခေါ်ရသည်။ ဒုက္ခသစ္စာမှာ ပီဠနတ္ထော်ဆိုသော နှိပ်စက်တတ်သော သဘောရှိပုံကို ဟောသည်။ ခန္ဓာကိုယ်သည် ဘယ်အချိန်မှ အနာရောဂါ မကင်းပုံကို ပြသည်။ အိုနာသေဘေးရှိသော ခန္ဓာကြီး ဖြစ်ပုံကို ရှင်းသည်။ သုသာန်သွားရင်း တရားဟော၊ တရားနာနေကြရပုံကို ပြောသည်။

ပြီးမှ ဒုက္ခသစ္စာ၏ အနက်လေးချက်ကို ဟောသည်။ ဒုက္ခသစ္စာ၏ နှိပ်စက်ခြင်း ကိစ္စရှိပုံကို သိလျှင် ကိစ္စဉာဏ်ဖြစ်ပြီဟု ဆိုသည် [နှာ–၅၉၀]။ ကိစ္စဉာဏ်ကို ကျွတ်တန်းဝင်မည့် ပုဂ္ဂိုလ်မှ သိသည် [နှာ–၅၉၁]ဟုလည်း မိန့်ပါသည်။ ဒုက္ခသစ္စာ ခန္ဓာမှာ ပီဠနတ္ထော နှိပ်စက်တတ်သော ကိစ္စရှိသည်။ သင်္ခတတ္ထော၊ တဏှာ၏ ပြုပြင်စေခိုင်းခြင်း ခံနေရသော ကိစ္စရှိသည်။ သန္တာပတ္ထော ပူတတ်လောင်တတ်သော ကိစ္စရှိသည်။ ဝိပရိနာမတ္ထော ဖောက်ပြန် ပျက်စီးတတ်သော ကိစ္စလည်း ရှိသည်။ ကိစ္စဉာဏ်လေးချက်ကို ပြသည်။

ဝိပဿနာ လုပ်သောအခါ ဥဒယဗ္ဗယဉာဏ်က မတက်ဘဲ သစ္စာဉာဏ်က စတက်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ရောက်လည်းဖြစ်ပုံကို ပြသည် [နှာ-၅၉၅]။ သက်တမ်းပိုတဲ့လူတွေ ဉာဏ်သုံးဉာဏ်နှင့် တက်လည်းရကြောင်းကို ပြသည်။ ဤသို့ သစ္စာ၊ ကိစ္စကို သိသောဉာဏ်(မဂ်ဉာဏ်)က တဏှာ၊ ဥပါဒါန်ကံကို ဖြတ်ချနိုင်သည်။ တဏှာသိမ်းနိဗ္ဗာန်၊ ခန္ဓာသိမ်းနိဗ္ဗာန် ဖြစ်ကြောင်းပြသည်။

ထို့နောက် ကိစ္စဉာဏ်သည် ဝိပဿနာဉာဏ်၊ ကတဉာဏ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြစ်သည် [နှာ-၅၉၇]ဟု မိန့်ထားသည်။ ဤကား လမ်းတိုကို ပြခြင်းဖြစ်သည်ဟုလည်း ဆိုသည်။ အရှင်ကောဏ္ဍညသည် ဤဉာဏ်သုံးဉာဏ်ဖြင့် ကိစ္စပြီးကြောင်း အထောက်အထား ပြသည်။ တရားဦးကို လိုက်ဖို့သင့်ကြောင်း၊ ပုဂ္ဂိုလ်ကိုလိုက်ပြီး ဟောသော အလယ်တရားများကို မလိုက်သင့်ကြောင်းလည်း ဟောသည်။ ပုဂ္ဂိုလ်အလိုက် ဟောသောတရားများက လူတိုင်းနှင့် မဆက်ဆံကြောင်းကို ဒါရုစိရိယအား ဟောသော ဒိဋ္ဌေဒိဋ္ဌမတ္တံကို နမူနာ ပြသည်။ ဉာဏ်သုံးဉာဏ်နှင့် အလုပ် လုပ်တတ်ဖို့ကို အထပ်ထပ် ဟောသည်။

ထို့နောက် စိတ္တာနုပဿနာရှုပုံကို ဟောသည်။ ဖြစ်ပျက်မြင်ရင် ဒုက္ခသစ္စာသိပုံကို ပြသည်။ ကိုယ့်စိတ်ကိုယ်ရှု၍ ကိုယ့်စိတ်အသေ ကိုယ်မြင်လျှင် ဤခန္ဓာကို မလိုချင်တော့၊ ခန္ဓာ မလိုချင်မှ ခန္ဓာငါးပါးလုံး ဖြတ်ကြောင်း၊ ဒုက္ခမရှိမှ ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်ပုံကို ပြသည်။ အချိန်ကုန်၍ တရားပွဲ ရပ်လိုက်သည်။

*

## ၁၃။ သစ္စာနှင့် ကံလေးပါးတရားတော်

[၁၁-၇-၆၂ ရန်ကုန်မှာ ဟောသောတရား]

မြန်မာလူမျိုး ဗုဒ္ဓဘာသာ ဒကာ ဒကာမတွေ ကံကိုအမိ၊ ကံကိုအဖ လုပ်ပြီး ကံကိုပဲ အားကိုးပြီး သေကြတယ်ဟု အစချီ၍ ဤတရားကို ဟောသည်။ ပဋိစ္စသမုပ္ပာဒ် အရမှာက ကမ္မဘဝပစ္စယာဇာတိ ဖြစ်နေသည်။ ကံကဇာတိ (ဒုက္ခသစ္စာ) ကိုပဲ အကျိုး ပေးနေသည်။ ကံအားကိုးတော့ ဒုက္ခသစ္စာရသည်။ ကံက သမုဒယသစ္စာ ဖြစ်နေ သည်။ ဒကာ ဒကာမတွေ အားကိုးလွဲနေသည် [နှာ-၆၁၇]ဟု ဘုန်းကြီး စွဲချက် တင်လိုက်တယ်ဟု မိန့်ပါသည်။

ကံကို ဘာကြောင့် အားကိုးနေကြသလဲ ကောင်းသော အကျိုးပေးအောင်လို့ ဖြစ်သည်။ လူ့ဇာတိ၊ နတ်ဇာတိ၊ သုဂတိဘဝတော့ ရပါ၏။ သို့သော် သစ္စာအမြင် သစ္စာဉာဏ်နှင့် ကြည့်လိုက်တော့ ဒုက္ခသစ္စာပဲ ရတယ်။ အားကိုးသော ကံက ချောက်တွန်းချသည် [ နှာ–၆၁၈ ]။ ပဋိစ္စသမုပ္ပာဒ် နားမလည်သောသူ တွန်းချမှန်း မသိ။ လူတွေမှာ သူများပါးစပ် လမ်းဆုံးပြီး ရိုးရာအားဖြင့် ကံပဲ အားကိုးရှိတယ် ပြောနေကြသည်။ အထူးသဖြင့် ကုသိုလ်ကံကို အားကိုးတတ်ကြသည်။ ဘုရားက ကမ္မဇန္တု၊ ကမ္မပဋိသရဏာ ဟောတာသည် ပစ္စုပ္ပန် နေမှုထိုင်မှု သက်သာမှုအတွက် ဟောခြင်းသာ ဖြစ်သည်။ ဘဝအတွက် ရပ်လမ်းအတွက် ဟောခြင်းမဟုတ် [ နှာ–၆၂၀ ] အမှန်က ကမ္မဘဝပစ္စယာဇာတိသာ ဖြစ်သည်။ ဒါက ဘဝအရကို ပြောခြင်း ဖြစ်သည်။ ရထားတာက ဇာတိ(ဒုက္ခသစ္စာ) ခင်ဗျားတို့ ကျားကို အားကိုးလို့ အကိုက်ခံရတာ [ နှာ–၆၂၁ ] ဟု မိန့်သည်။

ဗုဒ္ဓဘာသာဝင်တွေ ကံမှာ လမ်းဆုံးတာက များနေသည်ဟုလည်း သုံးသပ်ပြသည်။ တဏှာဦးစီးသော ကံက သမုဒယသစ္စာ၊အကြောင်း သမုဒယဆိုလျှင် အကျိုး ဒုက္ခသစ္စာပဲ ရသည်။ ဒုက္ခ လွတ်ချင်လို့ အားကိုးကံ ကံကြောင့် ဒုက္ခပဲ ပြန်ရသည်။ [ နှာ–၆၂၂ ]

ဤတွင် တရားသဘော နက်ရှိုင်း သိမ်မွေ့ပုံကို ဟောသည်။ ဆရာကောင်း လိုပုံကို ပြောသည်။ ကံ၏ အကျိုးပေးပုံကို မသိသဖြင့် လူတွေက ကံဆက်သော အလုပ်တွေသာ လုပ်နေကြသည်။ ပြုပြင်ရေး တရားများကို ဟောခြင်းဖြစ်သည်။ ငါးလွတ်၊ စာကလေးလွှတ် လုပ်နေကြတာသည် ကံဆက်ဖို့ လုပ်နေကြပုံကို ထောက်ပြသည်။ သူ့တရားသည် စာကျက်ဟောနေသည့် တရားဟု မယူဖို့လည်း သတိပေးသည် [ နှာ–၆၂၉ ] ကံအကျိုးပေးပုံကို ဇောဖြင့် ဝေဖန်ပြပြန်သည်။ ပထမဇော၊ ဒိဋ္ဌဓမ္မဝေဒနီယကံ ဇရာကို အကျိုးပေး သတ္တမဇော ကံက နောက်ဘဝ ဇာတိကို အကျိုးပေးသည်။ မကြားဘူးတဲ့ စကား မသိသေးတဲ့ အဓိပ္ပာယ်ဟု မှတ်ပါ [ နှာ–၆၁၃ ] ဟုလည်း ထူးခြားချက်ကို ဖွင့်ပြသည်။

အားကိုးရာ အစစ်သည် ကံမဟုတ်ပုံပြပြီး အားကိုးရာအစစ်သည် ဉာဏ် ဖြစ်ကြောင်း ပြသည်။ ဉာဏ်ကိုပဲ အားကိုးရမယ် [ နှာ–၆၁၅ ] ဟု မိန့်ကြားသည်။ ပုဏ္ဏနှင့် သေနိယတိတ္ထိ နှစ်ဦးဝတ္ထုကြောင်း ဟောသည်။ ခွေးကျင့်နွားကျင့် ကျင့်သူများ ဖြစ်သည်။ ကံက ကိလေသာ မပြတ် ဉာဏ်ကသာ ကိလေသာ ဖြတ်ပုံကို ပြသည်။ ကံမလုပ်နှင့် ဉာဏ်အလုပ် လုပ်ဆို၍ ဒါန၊ သီလ မလုပ်ရဟု မဆိုကြောင်း ရှင်းပြထားသည်။ [ နှာ–၆၉၃ ] ဉာဏ်နှင့်ယှဉ်သော စေတနာဖြင့် ပြုလျှင် ကံပြတ်ပုံကို

ပြသည်။ ကဲ ဆက်၍ ဒုက္ခရောက်သည်။ ကံဖြတ်လျှင် ဒုက္ခသိမ်းသည် [နှာ-၆၄၀]။

ထို့နောက် ကံလေးမျိုးကို ဟောသည်။ အမည်းကံ၊ အဖြူကံ၊ အဖြူအမည်း ရောသောကံ၊ အဖြူအမည်း မရောသော ကံသဘောကို ရှင်းသည် [နှာ-၆၄၃]။ အဖြူအမည်း မရောသောကံသည်သာ ကံဖြတ်တရားဟု မှတ်နေမည်ဖြစ်ကြောင်း ဟောသည်။ ကံကောင်းလို့ လူ့ဘဝ၊ နတ်ဘဝ ရသည်ဟု ဆိုခြင်းမှာ သစ္စာဖြင့် ဝေဖန်လိုက်လျှင် လင်းတ ခွေးကောင်ပုပ် စားရသည်နှင့် တူကြောင်း ပုံနှိုင်း ပြောပြန်သည်။ ဘုရားက 'ကုသလာ၊ ကုသလံ၊ ဇာဟံ' ဆိုပြီး အဖြူကံ၊ အမည်းကံ စွန့်ကြောင်း ဟောပုံကို တင်ပြသည်။ သစ္စာဉာဏ်မှာ ကုသိုလ်ကံ၊ အကုသိုလ်ကံ အားလုံး စွန့်ပယ်ရသည်။ [နှာ-၆၅၆] ဘုံဘဝ ဆုမတောင်းဘဲ လှူမှုသင့်ကြောင်း တိုက်တွန်းသည်။ အချိန်စေ့၍ တရားရပ်သွားသည်။

*

## ၁၄။ သစ္စာနှင့် ကံလေးပါး(အဆက်) အလုပ်ပေးတရားတော်

[၁၂-၇-၆၂ ရန်ကုန်မှာ ဟောသောတရား]

မဇ္ဈိမပဏ္ဏာသ၊ ဂဟပတိဝဂ်၊ ကုက္ကုရဝတိကသုတ်မှာလာသော ပုဏ္ဏနှင့် သေနိယတို့၏ ဝတ္ထုမှာလာသော ကံ၏ အလားကို ဝေဖန်ခြင်းဖြင့် ဤတရားကို စတင် ဟောပါသည်။ မည်းသောကံ၊ ဖြူသောကံ၊ အဖြူအမည်း ရောသောကံ၊ အဖြူအမည်း မရောသောကံ လေးမျိုးကို ထပ်မံ ဝေဖန်ပြသည်။ အဖြူကံ၊ အမည်းကံ၊ အဖြူအမည်းရောသောကံ သုံးမျိုးစလုံးသည် သမုဒယသစ္စာချည်း ဖြစ်၍ ဒုက္ခသစ္စာချည်း အကျိုးပေးပုံကို ဟောသည်။ [နှာ-၆၆၇] ထိုကံသုံးမျိုး မလိုလားအပ်၊ အားကိုးသင့်သော ကံမှာ အဖြူအမည်း မရောသောကံ ဖြစ်သည်။

ထိုကံသည် ဒုက္ခသစ္စာကို အကျိုးမပေး။ ခန္ဓာငါးပါး ဖြစ်ပြီးပျက်သော ဒုက္ခသစ္စာဖြစ်မှန်းသိအောင် ရှုပေး၊ သိလျှင် မဂ္ဂသစ္စာ ဖြစ်သည်။ ထိုမဂ်က သမုဒယ သစ္စာကိုရော မဂ္ဂသစ္စာကိုရော ဖြတ်ချပေးသည်။ အဖြူအမည်း မရောတဲ့ ကံ ကံပြတ် ဖြစ်သည်။ အဖြူအမည်း မရောတဲ့ ကံသည် သစ္စာသိတဲ့ ဉာဏ်တို့၊ ကံတို့ကို ဆိုပါသည် [နှာ-၆၆၉]ဟု အဓိပ္ပာယ် ဖွင့်ပြထားပါသည်။ ထိုကံသည် မဂ်ကံ ဖြစ်သည်။ ထိုကံသည်သာ ဒုက္ခခန္ဓာကို ဖြတ်၍ ဇာတ်သိမ်းစေသည်။ ထိုကံကိုသာ အားကိုးထိုက်သည် [နှာ-၆၇၀] ထိုမဂ်ကံသည် ဒုက္ခသစ္စာကို အကျိုးမပေး။ ကံပြတ်သည်။ ကံကောင်းတာ မကြိုက်သင့် ကံပြတ်တာသာ ကြိုက်သင့်သည်ဟုလည်း ညွှန်ပြထားသည် [နှာ-၆၇၁] ဤသဘောကို သေနိယနှင့် ပုဏ္ဏတို့ကို ဟောခဲ့သည်။

ဒါနလုပ်လည်း သစ္စာသိပြီးလုပ်၊ သီလလုပ်လည်း သစ္စာသိပြီးလုပ် ဒါမှ ကံပြတ်သည်။ မဂ်ချည်းသွားဖြစ်သည် [နှာ-၆၇၄] ဒါကြောင့် ဒါနလည်းလုပ် ကုသိုလ်လည်းလုပ်၊ သစ္စာလည်းသိဟု ဆရာတော်ကြီး တိုက်တွန်းသည်။ သစ္စာသိတဲ့ ဉာဏ်သည် ကံကိုဖြတ်သည် [နှာ-၆၇၄]ဟုလည်း မိန့်ပါသည်။ ကံကုန်မှ နိဗ္ဗာန် ရောက်သည် [နှာ-၆၈၀] ဒါကြောင့် ဒကာ ဒကာမတွေ ကံဆက်တဲ့ အလုပ်ကို မလုပ်ချင်ပါနဲ့ဟု သတိပေး တားမြစ်သည်။ ငါးလွှတ်၊ စာကလေးလွှတ် အလုပ်တွေ လုပ်မနေကြနှင့်ဟု ဉာဏ်အမြင် ပွင့်လာအောင် ဟောသည်။ နင့်တစ်ခါလွှတ် ငါ့ဆယ်ခါလွှတ် မလုပ်ပါနှင့် နင့်ကို ဒုက္ခဝဋ်မှ ကျွတ်အောင် ငါ လုပ်ရတဲ့အတွက် ငါလည်း ခန္ဓာဝဋ်၊ ဒုက္ခဝဋ်မှ ကျွတ်ရပါလို၏လို့ ဆိုပါဟုလည်း သင်ပြသည် *[နှာ-၆၈၀ ]* သူများ ပါးစပ်လမ်းမဆုံးကြပါနဲ့ ကိုယ့်ဉာဏ် ကိုယ်သုံးကြပါဟုလည်း တိုက်တွန်းသည်။

ဝိပဿနာမဂ်ကသာ ကံတွေ အကုန် ဖြတ်ချသည်။ ကံအမိ ကံအဖ လုပ်ပြီး ကံအားကိုးနေလျှင် ဒုက္ခရောက်နေမည်သာ ဖြစ်သည်။ ဉာဏ်အမိ၊ ဉာဏ်အဖ လုပ်ရမည်။ မဂ္ဂသစ္စာဟာ ဉာဏ်ပဲ [နှာ-၆၈၃] ကံကို မလုပ်နဲ့ဟု မဆိုလို။ သစ္စာ သိပြီး လုပ်တဲ့ကံကို လုပ်ပါဟုသာ ဆိုသည်။ [နှာ-၆၈၄] ဘုန်းကြီးက ဒါနသီလ ပယ်တာ မဟုတ်၊ အလုပ်ကို ပြုပြင်ပေးတာသာ ဖြစ်ကြောင်း ရှင်းထားသည် [နှာ-၆၈၅] နေ့စဉ် ပဋိစ္စသမုပ္ပာဒ် အကွက် ၂က အကွက် ၃ကို မကူးအောင် ဖြတ်တတ်ရမည်။

ထို့နောက် ခွေးအကျင့်၊ နွားအကျင့်ကို ကျင့်သော သေနိယနှင့် ပုဏ္ဏဝတ္ထုကို ဟောသည်။ ခွေးလိုကျင့်သေလျှင် ခွေးဖြစ်သည်။ နွားလိုကျင့်သူ သေလျှင် နွား ဖြစ်သည်။ သစ္စာသိမှ သံသရာပြတ်သည်။ ကံဆက်ရင် ဒုက္ခရောက်သည် [နှာ-၆၉၄] ကံပြတ်မှ သမုဒယသစ္စာချုပ် ဒုက္ခသစ္စာ ဇာတ်သိမ်းသည်။ ဝိပဿနာရှုမှုသည်သာ ကံပြတ်အလုပ်၊ သံသရာပြတ်အလုပ် ဖြစ်ပုံကို ဟောသည်။ 'အဝိုင်းပြေးမှ ထွက်ချင်ရင် သစ္စာသိပြီး လုပ်ပါ' [နှာ-၇၀၅]ဟု မိန့်ပြီး တရားနိဂုံးချုပ်သည်။

*

## ၁၅။ ပဋိစ္စသမုပ္ပာဒ် သစ္စာလေးပါးတရားတော်

[၁၄-၇-၆၂ ရန်ကုန်မှာ ဟောသောတရား]

အလုပ်စခန်းကို ဟောမည်ဟု မိန့်ပြီး 'သင်္ခါရ'ပုဒ်ကို ရှင်းခြင်းဖြင့် ဤ တရားကို စတင် ဟောကြားပါသည်။ မသိဘဲ ပြုလုပ်တာ သင်္ခါရ၊ ပြုပြင် စီမံတာ

သင်္ခါရခေါ်ကြောင်း ပြုပြင်မှု သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ်စာတ် ပစ္စုပ္ပန်မှာ ပေါ်လာတယ် [နှာ-၇၀၇] သင်္ခါရပစ္စယာဝိညာဏံ၊ ဝိညာဏ ပစ္စယာနာမရူပံ စသည် ပဋိစ္စသမုပ္ပာဒ်အင်္ဂါများ ဖြစ်လာကြပုံပြသည်။ ပြုပြင်လို့ ပေါ်လာတဲ့ တရား မှန်သမျှ သင်္ခါရချည်း မှတ်လိုက် [နှာ-၇၀၇] ဟု ဆိုသည်။ သဗ္ဗေသင်္ခါရာ အနိစ္စာ၊ အနိစ္စဝတသင်္ခါရာဆိုတော့ သင်္ခါရတရားတို့သည် စင်စစ် အမြဲမရှိကုန်။ ပြုပြင်၍ ပေါ်လာသော တရားမှန်သမျှ ပေါ်ပြီးနောက် အမြဲမရှိ၊ ဖြစ်ပြီး ပျက်တာချည်းပဲ။

ခင်ဗျားတို့ သန္တာန် ဘာစိတ်ပေါ်ပေါ် သင်္ခါရချည်းမှတ် [နှာ-၇၀၈] အကြောင်းတရား ပြုပြင်လို့ ပေါ်လာတာ သင်္ခါရ၊ သင်္ခါရဟာ အမြဲမရှိ ပြုပြင်လို့ ပေါ်လာတာ သင်္ခါရ၊ ပေါ်ပြီးပျက်တာ အနိစ္စ၊ စိတ်ဆိုတာလည်း ပြုပြင်လို့ ပေါ်လာတဲ့ တရား၊ ပြုပြင်လို့ ပေါ်လာတာ သင်္ခါရပဲ။ [နှာ-၇၀၉] ဒါကြောင့် ပေါ်ဆဲမှာ သင်္ခါရ ပျက်သွားတော့ အနိစ္စ။ မိမိတို့ သန္တာန် ဘယ်တရားရှိသလဲ သင်္ခါရနဲ့ အနိစ္စပဲ ရှိတယ် [နှာ-၇၁၀] အနိစ္စဝတ သင်္ခါရပဲ။ တရားနာနေတာ ဘယ်သူလဲ သင်္ခါရနဲ့ အနိစ္စပဲ [နှာ-၇၁၂] ယောက်ျားမိန်းမတွေ မဟုတ်ဘူး။ ဥပ္ပါဒဝယဓမ္မိနော ပါဠိအရလည်း ဖြစ်မှုပျက်မှုသာ ရှိတယ်။ တစ်ကိုယ်လုံးမှာ ဖြစ်ပျက်ပဲ ရှိတယ်။ ပါဠိ နှစ်ခုလည်း အတူတူပဲ [နှာ-၇၁၄] နောက်တစ်ခါ ဥပ္ပဇ္ဇိတွာ၊ နိရုဇ္ဈန္တိကလည်း ဖြစ်ပြီး ချုပ်တာပျက်တာပဲ။ ဖြစ်ပျက် အရေးကြီးလို့ သုံးခါထပ်ဟောသည်။

ဘာကြောင့် အရေးတကြီး ဟောသလဲ။ အလုပ်လုပ်ဖို့ ဟောသည် [နှာ-၇၁၅] ခင်ဗျားတို့ သန္တာန်စိတ်ပေါ်လည်း ဖြစ်ပျက်၊ ရုပ်ပေါ်လည်း ဖြစ်ပျက် ဝေဒနာပေါ်လည်း ဖြစ်ပျက်ရှုဖို့ပဲ ဖြစ်သည်ဟု ဆိုသည်။ ဤကဲ့သို့ ပေါ်တိုင်း ဖြစ်ပျက်ရှုနေလျှင် တဏှာ၊ ဥပါဒါန်၊ ကံပြတ်သည်။ သံသရာချဲ့တရား ပပဉ္စချုပ် သည်။ ပပဉ္စချုပ်ရင် နိဗ္ဗာန်ပဲ [နှာ-၇၁၆]။ ၂ အကွက်နဲ့ ၃ အကွက်ကြားမှာ မင် လာသောကြောင့် ၃ အကွက်ချုပ်သည်။ အဲဒါ ခချက်ချင်းရတဲ့ နိဗ္ဗာန်မှတ်ပါဟု ဆိုသည်။ ခန္ဓာဆုံးမှ ရမည့် နိဗ္ဗာန်က ရှိသေးသည်။

ယနေ့ဟောမည့် တရားတွင် ပစ္စုပ္ပန်မှာ ခချက်ချင်းရသော နိဗ္ဗာန်ကို ဟောမည်ဟု ဆိုသည်။ သဉပါဒိသေသနိဗ္ဗာန်ကို ဟောမည်ဟု ဆိုခြင်းဖြစ်သည်။

အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ သုံးခုစလုံး ဖြစ်ပျက်ချည်း ဟောသည်။ ခန္ဓာမှာ ဖြစ်ပျက်ပဲ ရှိသည်။ ထိုပါဠိအရ တေသံဝူပ သမောသုခေါဟု လာသည်။ ထိုဖြစ်ပျက်တို့၏ ချုပ်ဆုံးခြင်းသည် သုခေါချမ်းသာဟု ဟောသည် နိဗ္ဗာန်ကို ဆိုသည်။ ဖြစ်ပျက်သိမ်း နိဗ္ဗာန်။

ဝိပဿနာ ရှုသောအခါ ဖြစ်ပျက်မဂ် ကိုက်အောင်ရှုပေး၊ ကိလေသာ ကြားမခို အောင် ရှုနိုင်လျှင် ညနေရှု မနက်သောတာပန် ဖြစ်သည် [နာ-၇၁၉] ရှုသာနေ၊ တိဟိတ်ဖြစ်ရင် ဒီဘဝမဂ်ရမည်။ ဒွိဟိတ်ဆိုလျှင် နောင်ဘဝ မဂ်ရမည် [နာ-၇၂၀]။ နိဗ္ဗာန်သည် အနီးကလေးမှာ ရှိသည် [နာ-၇၂၂] ဖြစ်ပျက်ဆုံး နိဗ္ဗာန်သိတဲ့ ဉာဏ်က မဂ်ဉာဏ်လို့ မှတ်ပါဟု ဆိုသည်။ နိဗ္ဗာန်နှင့် မဂ်ဉာဏ်သွားကိုက်ရင် ခန္ဓာရှိတုန်းရတဲ့ နိဗ္ဗာန်ပေါ်သည် [နာ-၇၂၃]၊ နိဗ္ဗာန်ကို ဆုတောင်းပြီး သေလျှင် ကတိမမြဲ၊ နိဗ္ဗာန်မြင်ပြီးသေလျှင် ကတိမြဲသည်။ အပါယ်တံခါး ပိတ်သည်(ဓတုပာ ပါယေဟိစဝုပ္ပမုတ္တော)၊ နိဗ္ဗာန်ကို မဂ်ဉာဏ်နှင့် မြင်အောင်သာ လုပ်ပါ။

ထို့နောက် ဝိပဿနာနှင့် မဂ်ဉာဏ်ကူးပုံကို ပြသည်။ [နာ-၇၂၈] ဖြစ်ပျက်ကို မြင်အောင်ရှုတာသည် ဝိပဿနာမဂ်၊ ဝိပဿနာမဂ်က အကြိမ်ကြိမ် ရှုရတာ၊ တစ်ကြိမ်တည်း ရှုရတာက လောကုတ္တရာမဂ် ဖြစ်ကြောင်း ရှင်းပြသည်။ [နာ-၇၂၉] ဖြစ်ပျက်ကို မြင်တာ ဝိပဿနာ မဂ်၊ ဖြစ်ပျက် အဆုံးကို မြင်တာ လောကုတ္တရာမဂ် ဖြစ်သည်။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ဖြစ်ပျက်အဆုံး၊ ဖြစ်ပျက် မရှိတာက နိရောဓသစ္စာ(နိဗ္ဗာန်)၊ ဒုက္ခအဆုံး(နိဗ္ဗာန်) မြင်တာသည် လောကုတ္တရာ မဂ်ဉာဏ် [နာ-၇၃၂] ဝိပဿနာမဂ်နောက်ကမှ လောကုတ္တရာမဂ် လိုက်သည်။ သင်္ခါရ (သင်္ခတ) ကို ရှုတာ ဝိပဿနာမဂ် အသင်္ခတကိုရှုတာ လောကုတ္တရာမဂ် ဖြစ်သည်။ ဆုတောင်းဆုပေး လုပ်နေကြပုံကို ဝေဖန်သည်။ ပေးတဲ့ ဆုအတိုင်း ပြည့်ရပါလို့၏လို့ ပြောမနေကြနဲ့ဟု ဆိုသည်။ မဂ်ဖိုလ်ကို ဆုပေး အမျှဝေ၍ မရပုံကို ဟောသည်။ ရန်ကုန်မှာ နောက်ဆုံး ဟောသောတရား ဖြစ်သည်။

ဤတရားအဆုံးတွင် ပေးသော တရားသံပေါက်မှာ-
"ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင် သိမြင်မဂ်ဟုမှတ်" ဖြစ်သည်။
ဖြစ်ပျက်မှန်သမျှ သင်္ခါရ၊ ဒုက္ခသစ္စာမှတ်၊
ဖြစ်ပျက်မှုပင်၊ ငါကောင်ထင်၊ ခင်မင်သမုဒယမှတ်၊
ရုပ်နာမ်အားလုံး၊ ဖြစ်ပျက်သုဉ်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်၊
ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟုမှတ်။

ဝ

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၂) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၃)

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ် အမှတ်(၃)

**နိဒါန်း**

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ၁၉၆၁ ခုနှစ်ဦးပိုင်းမှာ ဟောသောတရားများကို ဤစာအုပ်တွင် စုစည်း တင်ပြထားသည်။ ဆရာကြီးဦးသံဒိုင်က နိဒါန်းရေးသည်။ ဦးသံဒိုင်က သာဝကပါရမီဉာဏ်ရဖို့ ကိစ္စ၌ သစ္စာတရားကို နားဖြင့်နာကြားရမည်။ တရားမနာဘဲနှင့် သာဝက ပါရမီဉာဏ် မရနိုင်ကြောင်း ရှင်းထားသည်။ သာဝကပါရမီဉာဏ်ရရေး၌ သံဝေဂဉာဏ်ရဖို့လည်း အရေးကြီးကြောင်း ဆရာတော်ကြီး၏ ဟောတရားများတွင် သံဝေဂဉာဏ် ဖြစ်ပေါ်အောင် ပထမဟောသည်။ ပြီးမှ ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာကို တွဲပြီး ခန္ဓာဖြစ်စဉ်ကို ဟောပါသည်။ ဆရာကြီးက ခန္ဓာအရှိနှင့် ဉာဏ်အသိကိုက်အောင် လုပ်သင့်ကြောင်းကိုလည်း တိုက်တွန်းထားသည်။ ဝိပဿနာ အလုပ်သည် ဉာဏ်အလုပ်၊ ပညာအလုပ်ဖြစ်သည်။ ပညာ ဦးစီးရသော အလုပ်ဖြစ်သည်။ ခန္ဓာအရှိကို ဉာဏ်အသိနှင့် ကိုက်အောင်သာ ဝေဖန်၊ ခန္ဓာက ပြောတာကိုသာ အမှန်ယူ၊ သို့မှသာ ယထာဘူတဟုတ်တိုင်းမှန်စွာသိသော ဉာဏ်ကိုရမည်။ စာပေါ်မှာ သောင်တင်ပြီး မဝေဖန်သင့်ကြောင်း သတိပေးထားသည်။ ယထာဘူတဉာဏ်ရမှ ခန္ဓာကို ငြီးငွေ့သော နိဗ္ဗိန္ဒာဉာဏ်ရင့်သန်လာကာ နောက်ဆုံး မဂ်ဉာဏ်ဖိုလ်ဉာဏ် ရနိုင်ကြောင်း ဖော်ပြထားသည်။

## ၁။ မသေရာရှာနည်း အလုပ်ပေးတရားတော်

[၂၉-၁-၆၁ ဦးချစ်ဆွေ၏မွှာရုံ၊ မန္တလေးမှာ ဟောသောတရား]

ခန္ဓာကိုယ်ကြီး ဘယ်သွားနေသလဲဆိုသော အမေးဖြင့် ဤတရားကို စတင်ဟောကြားသည်။ ခန္ဓာသည် ပဋိသန္ဓေနေတဲ့ အချိန်ကစပြီး သေရာဌာနသို့ သွားနေသည်။ ဤလမ်းမှတစ်ပါး လမ်းခွဲမရှိ။ မိစ္ဆာမဂ္ဂင်လမ်း လိုက်လျှင် သေရာသို့သာ သွားမည်။ သမ္မာမဂ္ဂင်လမ်း လိုက်မှသာ မသေရာသို့ ရောက်မည်ဟု ဆိုပါသည်။ ပရိသတ်များ တရားလာနာတာသည် မသေရာ နည်းလမ်း လာရချင်လို့ နာတာဖြစ်ကြောင်း ရှင်းပြသည်။ ဝိပဿနာအလုပ်သည် မသေရာ ဌာနသို့ သွားသည့် အလုပ်ဟု မှတ်ရမည်။ မဂ်ဆိုက်ရင် ဒီတစ်ခါ သေပြီး နောက်ထပ် သေစရာ မရှိသော အလုပ်ဖြစ်သည်။

'ညာယထာဘိက္ခဝေ မာပမာဒတ္တ' ပါဠိတော်အရ ဘုရားက ဝိပဿနာအားထုတ်ဖို့ တိုက်တွန်းကြောင်း ပြသည်။ မသေခင် မရဏာသန္နဇောမှာ လာရာဂတိနိမိတ် ပေါ်တတ်ပုံကို ပြောပြီး၊ အနေဆိုးနေခဲ့သူများ အသေဆိုး သေရမည့် အရေးကို သေခါနီးကျမှ သိရပုံကို ပြောသည်။ ငါသည် သားရေး၊ သမီးရေး၊ စီးပွားရေးနှင့် အချိန်ကုန်ခဲ့မိသည်ဆိုပြီး ယူကျုံးမရ၊ မျက်ရည်ကျသည်။ ထိုအခါကျမှ ကယ်မည့်သူမရှိ ဖြစ်တော့သည်။ ဘဝတစ်လျှောက်လုံး တဏှာခိုင်းသည့် အလုပ်ဖြင့်သာ အချိန်ကုန်ခဲ့ရခြင်း အမှားကို သိမြင်ရတော့သည်။ နောင်တရနောက်ကျသွားပြီ။ ဒါကြောင့် အသေဆိုးဘဝက လွတ်မည့်လမ်းခွဲကို ရှာရန်လိုသည်။ ယခုအချိန်က စ၍ ပြင်မှ ဖြစ်တော့မည်ဟု သတိပေးသည်။

အနေဆိုး၍ အသေဆိုး ဘဝမှလွတ်အောင် အသေပြင်နည်း နိဿရည်းကို ဤတရားမှာ ဟောလိုကြောင်း မိန့်ထားသည်။ ဤတွင် တိဿရဟန်းကြီး၏ ဖခင်မုဆိုးကြီး သေခါနီး ဂတိနိမိတ်ထင်ပုံ ဝတ္ထုကြောင်းကို ထုတ်ပြသည်။ သိကြားမင်း တရားလာနာရင်း သောတာပန် တည်သည်။ ထို့နောက် ဖျတ်ဆိုစုတိစိတ်ကျပြီး ပြန်ဖြစ်တော့ သိကြားမင်းပြန်ဖြစ်ပုံ ဝတ္ထုကိုလည်း ထုတ်ပြသည်။ ထို့နောက် ဣဿာမစ္ဆရိယတရား၏ ဆိုးပုံများကို ဟောပြန်သည်။ ဣဿာမစ္ဆရိယလာလျှင် ထိုတရားများကို ဝိပဿနာ တင်ပြီး ဖြစ်ပျက်မြင်အောင် ရှုရန် တိုက်တွန်းထားသည်။ ဤသို့ ရှုလျှင် ဣဿာမစ္ဆရိယသည် ရန်သူပင် ဖြစ်သော်လည်း ဖြစ်ပျက်အနိစ္စ မြင်လျှင် မဂ္ဂင် ဖြစ်သွားပုံကို ဟောသည်။ ဣဿာမစ္ဆရိယကို ဝိပဿနာမရှုနိုင်လျှင် ပဋိစ္စသမုပ္ပါဒ် ဆက်၍ လည်သွားပုံကို ပြသည်။ [နှာ-၂၂] ဣဿာ

မစ္ဆရိယကို ဝိပဿနာတင်ပြီး မရှုတတ်လျှင် ဤဘဝမှာ ရန်များပြီး၊ နောက်ဘဝမှာ အပါယ်လားရသည်။

ပြီးမှ ခန္ဓာကို ဉာဏ်လှည့်ပြီး ရှုပုံရှုနည်းကို ပြသည်။ [နှာ–၂၃] သိကြားမင်း၏ အမေးနှင့် ဆက်စပ် ဟောကြားခြင်း ဖြစ်သည်။ ဣဿာမစ္ဆရိယ ဘယ်က လာတာလဲဟု သိကြားမင်းက မေးပြန်သည်။ ချစ်ခြင်းမုန်းခြင်းက လာသည်ဟု ဘုရားက ဖြေသည်။ [နှာ–၂၇] ချစ်ခြင်း၊ မုန်းခြင်းဆိုတာ လောဘနှင့် ဒေါသ ဖြစ်သည်။ ထိုတရားများကိုလည်း ဝိပဿနာ ရှုရမည်။ [နှာ–၃၁] မရှုမိလျှင် တဏှာ၊ ဥပါဒါန်ကံလာမည်။ ကံလာလျှင် နောင်ဘဝ ဇာတိ၊ ဇရာ၊ မရဏ လာမည်။ သံသရာ ဆက်ပြီး လူတွေ အန္တရာယ် မကင်းရခြင်းမှာ ဣဿာမစ္ဆရိယကြောင့် ဖြစ်သည်။ ချစ်ခြင်းမုန်းခြင်းကြောင့် ဣဿာမစ္ဆရိယ ဖြစ်သည်။ ဒါကိုပါ ဝိပဿနာ ရှုရမည် [နှာ–၃၄]။

ဤသို့ရှုလျှင် ပစ္စုပ္ပန်မှာ အန္တရာယ်ကင်းပြီး သံသရာမှာ အပါယ်ဘေးကင်းသည်။ ရှုတဲ့မဂ်က သံသရာကို ဖြတ်သည်။ ဤသို့ရှုလျှင် ဓမ္မာနုပဿနာ ဖြစ်သည် [နှာ–၃၆]။ မရှုမိလျှင် ဣဿာမစ္ဆရိယ တောထနေမည်။ ဝိပဿနာ ရှုနေသော ပုဂ္ဂိုလ်မှာ သေခါနီး ခန္ဓာကိုရှုပြီး သောတာပန် တည်နိုင်သည်။

ပြီးမှ ဆရာတော်ကြီးက သိကြားမင်း၏ ဘုရားကို မေးသော အမေးကို ဆက်ပြောသည်။ ချစ်ခြင်းမုန်းခြင်း ဘယ်ကလာသလဲ။ ဘုရားက ဆန္ဒက လာသည်ဟု ဖြေသည်။ ဆန္ဒငါးမျိုးရှိကြောင်း ဟောသည် [နှာ–၃၉] ပစ္စည်းရှာလိုသော ဆန္ဒ၊ ပစ္စည်းရလိုသော ဆန္ဒ၊ ပစ္စည်းသုံးလိုသော ဆန္ဒ၊ ပစ္စည်းသိမ်းလိုသော ဆန္ဒ၊ ပစ္စည်းခွဲခြမ်းဝေဖန်လိုသော ဆန္ဒတို့ ဖြစ်သည်။ ဤတရားသည် သိကြားမင်း သောတာပန် တည်သောတရား။ ဆန္ဒသည် တရားကိုထောက်သော် တဏှာလောဘပင် ဖြစ်၏။ ဤဆန္ဒကို နေရာတိုင်းမှာ လာတိုင်းမှာ ဖြစ်ပျက်ဝိပဿနာ ရှုရမည်။ သို့မှသာ တဏှာ၊ ဥပါဒါန်ကံ ပြတ်သည်။ ဇာတိ၊ ဇရာ၊ မရဏချုပ် နိဗ္ဗာန် ရောက်သည်။

*

## ၂။ သက္ကပဉှာသုတ် အလုပ်ပေးတရားတော်

[၃၀–၁–၆၁ ဦးချစ်ဆွေ ဓမ္မာရုံ၊ မန္တလေးမှာ ဟောသောတရား]

ခန္ဓာကိုယ်ကြီး ဘယ်သွားနေသလဲ၊ သေရာဌာနသို့ သွားနေသည်။ သေရာသို့ သွားနေသူများတွင် တစ်ဘဝမှ တစ်ဘဝ ကူးပြောင်းသူလည်းရှိ၊ မကူးပြောင်းသူ

လည်း ရှိသည်။ ဘဝကူးသည်မှာ စုတိ ပဋိသန္ဓေနေခြင်းကို ဆိုသည်။ လူတွေမှာ ဘဝကူးကောင်းဖို့ဟု ပြောလေ့ပြောထ ရှိကြသည်။ [နာ၁–၅၀] တစ်ဘဝ စုတိရတာ ဒုက္ခ၊ နောက်ဘဝ ပဋိသန္ဓေနေရတာလည်း ဒုက္ခပဲ ဖြစ်သည်။ [နာ၁–၅၁] သေက္ခ ပုဂ္ဂိုလ်(ကျင့်ဆဲပုဂ္ဂိုလ်) ဖြစ်အောင် မကြိုးစားခဲ့လျှင် စုတေပြီး ပဋိသန္ဓေ လာပါလိမ့်မည်။ ဒုက္ခသစ္စာနှင့် ခွဲပြီး ဒုက္ခသစ္စာနှင့် ပြန်ပေါင်းထုတ်ကြရခြင်း ဖြစ်သည်။ ဒါကို ပြင်ကြရမည်။ စုတေပြီး ဇာတိ ဒုက္ခမလာဘဲ ဇာတိချုပ်သော နိရောဓသစ္စာ လာမှ ကောင်းမည်။

အရင်တုန်းက မသိခင်ကတော့ လူ့ဘဝက သေ ၊ နတ်ဘဝ နတ်စည်းစိမ် ရလျှင် ကောင်းမည်ဟု ထင်ခဲ့ကြသည်။ အမှန်က စုတေပြီး ပဋိသန္ဓေ နောက်ထပ် မလာမှသာ ကောင်းသည်။ ဘဝကူးတာ ဆိုးပါတယ် [နာ၁–၅၄] ဇာတိပိဒုက္ခော ချည်းသာ ဖြစ်သည်။ သို့သော် လူတွေက ဘဝကူးကောင်းဖို့ပဲ ကြိုးစားနေကြတယ် [နာ၁–၅၆] ဉာဏ်မရှိသောကြောင့် ဤဘဝ ဆင်းရဲတာ နောက်ဘဝတော့ ချမ်းသာမှာပဲ ထင်နေကြခြင်း ဖြစ်သည်။ ဘဝကူးဆိုတာ ဒုက္ခသစ္စာက ဒုက္ခသစ္စာကို ကူးတာ [နာ၁–၅၉] အရှုံးက အရှုံးပြန်ရတာသာ ဖြစ်သည်။ သစ္စာမသိသူ သံသရာ ရှည်သည်။ ကျင့်ဆဲသေက္ခပုဂ္ဂိုလ်မှသာ ဒုက္ခသစ္စာက လွတ်သည်။ ဒါကြောင့် ဘဝမကူးချင်ပါနှင့်၊ ဘဝသိမ်းချင်စမ်းပါဟု တိုက်တွန်းထားသည် [နာ၁–၆၁] သေခါနီးမှာ စွဲမိစွဲရာ စွဲသော ဥပါဒါန်တွေ ဖြစ်တတ်သည်။ ဒီခန္ဓာကို မလိုချင်သော ဉာဏ်နှင့် ဖြစ်ပျက်ရှုတတ်ပြီး သေမှ ဘဝပြတ်သည်။ ခန္ဓာကို မလိုချင်တဲ့ ဉာဏ်နှင့် သေမှကောင်းမည် [နာ၁–၆၆] ယနေ့ သေနည်းသင်နေတာ [နာ၁–၆၈] ဟုလည်း မိန့်သည်။

ဒါကြောင့် မသေခင် ဝိပဿနာအလုပ် လုပ်ထားမှ ရသည်။ စောစောစီးစီး လုပ်ထားမှ ဖြစ်သည်။ [နာ၁–၇၁] မသေခင် အရေးကြီးသည်။ အာစိဏ္ဏကံ ရှိအောင် လုပ်ထားရမည်။ ဝိပဿနာကို မဂ်တိုင်အောင် လုပ်နိုင်ရင်လုပ်၊ ဝိပဿနာချည်း လုပ်နိုင်လည်းလုပ် [နာ၁–၇၉] ပြီးမှ သိကြားမင်း သောတာပန်တည်သော သက္ကပဉှာ သုတ်ကို ဟောသည်။ ဣဿာမစ္ဆရိယတရားကြောင့် သတ္တဝါတွေ အန္တရာယ်မကင်း ဘေးမရှင်း ဖြစ်ပုံကို ပြန်ဟောသည်။ ဣဿာမစ္ဆရိလာလည်း ဖြစ်ပျက်ရှုရမည်။ ရှေ့က တရားမှာ ဟောထားသော ဆန္ဒငါးမျိုးကို ပြန်ရောက်သည်။ သံသရာချဲ့တရား ပပဉ္စချုပ်ရန် ဝေဒနာနုပဿနာရှုမှ ချုပ်တယ် [နာ၁–၉၆]ဟု မိန့်ထားသည်။ ဝေဒနာ နုပဿနာရှုနည်း မဟောမီ အချိန်စေ့၍ တရားပွဲသိမ်းသည်။

*

## ၃။ သဏ္ဍာပဥ္စာသုတ်(အဆက်) အလုပ်ပေးတရားတော်
[၃၁-၁-၆၁ ဦးချစ်ဆွေဓမ္မာရုံ မဏ္ဍပ်လေးမှာ ဟောသောတရား]

လူတွေက ကံကောင်းလို့ အသက်ရှည်နေတာဟု ထင်လည်းထင် ပြောလည်း ပြောကြသည်။ ထိုအဖြစ်ကို ဆရာတော်ကြီးက နွေအခါ ရေခန်းလာသော ကန်ငယ် ထဲက ငါးတွေ၏အဖြစ်နှင့် ပုံနှိုင်းပြခြင်းဖြင့် ဤတရားကို စဟောသည်။ နွေအပူက ပြင်းလာ ကန်ရေက ခန်းလာ၊ ငါးတွေမှာ ဉာဏ်မရှိလို့ မသိပါ။ သို့သော် သိသူတွေက ကြည့်တတ်လျှင် ငါးကလေးတွေသည် ရေခန်းလျှင် သေကျေ ပျက်စီးရတော့မည်။ ကျီးစာ၊ သိမ်းစာ၊ တောခွေးစာ ဖြစ်ကုန်ကြတော့မည်ဟု သိသည်။ ငါးတွေကတော့ မသိ၊ ကန်ရေခန်းလာလေလေ ငါးအသက်တိုဖို့ နီးလာလေလေ ဖြစ်သည်။

လူမှာလည်း ထို့အတူ ဖြစ်သည်။ လူတွေမှာလည်း ပြုလုပ်ခဲ့သော ကံတွေက ရေတွေနှင့် တူသည်။ အသက်ရှည်သည် ဆိုခြင်းမှာ ကံကုန်လာခြင်း ဖြစ်သည်။ အသက်ရှည်လေ ကံသတ္တိကုန်လေ၊ သေဖို့ နီးလာလေ ဖြစ်သည်။ ငါးတွေမှာ ဉာဏ်မရှိသောကြောင့် သေဘေး နီးလာသော်လည်း ပြေးလိုက်ဆော့လိုက်နှင့် လုပ်နေကြသည်။ လူတွေမှာလည်း တစ်နေ့တစ်ရက် သေဘေးက နီးလာသော်လည်း သေဘေးကို မတွေးမိဘဲ ပျော်နေကြသည်။ စဉ်းစားဖို့ ကောင်းပါ၏။ လူမှာလည်း အသက်ကြီးလာတာသည် အတိတ်ကံ သတ္တိတွေ ကုန်ခန်းလာခြင်း ဖြစ်၏။ သို့ပါ လျက် ကန်ရေခန်း၍ သေဘေး ရောက်လာမည့် အရေးကို မသိသော ငါးများ ပျော်နေသလို လူတွေမှာလည်း သားရေး၊ သမီးရေး၊ စီးပွားရေးနှင့် ပျော်နေကြသည် မှာ သေဘေး ရောက်လာတော့မည်ကို မသိ၍ ငါးပျော်ပျော်နေသည်နှင့် တူကြောင်း ဆရာတော်က ရှင်းပြထားသည် [နှာ-၁၀၃] ထိုသို့ ပျော်နေခြင်းကို တိရစ္ဆာန် ပျော် ပျော်တာဟု ဆရာတော်က ဆိုသည်။

ဤအဖြစ်ကို နားလည်လျှင် ယခု အချိန်သည် ငါးတိရစ္ဆာန်ပျော် ပျော်ဖို့ အချိန်မဟုတ်၊ မသေရာတရားကို ရှာဖို့အချိန်ဖြစ်ကြောင်း စဉ်းစားသင့်ပုံကို သတိ ပေးသည်။ ဤသို့ မစဉ်းစားဘဲ ရောင်းရေး၊ ဝယ်ရေး၊ လူမှုရေးတွေနှင့် အချိန်ကုန် ခံနေလျှင် 'လူ့တိရစ္ဆာန်စာရင်းထဲ ပါသွားမည်' ဟုလည်း ဆုံးမပါသည်။ ခု တရား နာဖို့ လာတာ မသေရာ ရှာဖို့လာတာဟု ဆုံးဖြတ်ချက်ချဟုလည်း မိန့်သည် [နှာ-၁၀၅] အသိဉာဏ်မရှိတဲ့ငါး ပျော်ပျော်နေလျှင် ကန်ရေခန်းတော့ ငါးတွေမှာ ကျီး၊ လင်းတ၊ သိမ်း၊ စွန်တို့၏ အစာဖြစ်ရသည်။ လူတွေမှာလည်း တိရစ္ဆာန်ပျော်

ပျော်နေလျှင် သေပါက အပါယ်လေးပါး၏ အရာဖြစ်ရမည် [နှာ–၁၀၇] ဟု မိန့်ပါသည်။

တိရစ္ဆာန်ပျော် ပျော်နေလျှင် တိရစ္ဆာန် သေသလို သေခြင်းဆိုး သေရလိမ့်မည်။ သားရေးသမီးရေးအတွက် အလုပ်တွေ လုပ်နေရလို့ဟု ဆင်ခြေပေးနေလျှင် သေခါနီးက သေခါဝေးအတွက် ပူနေသည်။ ကိုယ့်အရေး ကိုယ်မတွေးမိ မိုက်မဲရာ ကျလွန်းသည်ဟုလည်း သံဝေဂဖြစ်အောင် ဟောသည်။ အတိတ်ကံကုန်၍ သေဖို့နီးပြီ။ ကိုယ့်အရေးကို ကိုယ်မတွေး၊ မသေရာရှာရေးကို မလုပ်ခြင်း အမှားတစ်ချက်၊ သေဖို့ဝေးသူတွေအတွက် သေဖို့နီးသူတွေက အချိန်ကုန် လူပန်းခံပြီး လုပ်နေခြင်း အမှားတစ်ချက်ကို ထောက်ပြသည် [နှာ–၁၁၀] ဒီအမှားနှစ်ချက်ကို ပြင်ဆင်ပါဟုလည်း တိုက်တွန်းထားသည်။ ဤအမှားနှစ်ချက်နှင့် နေသွားမည် ဆိုပါလျှင် အသေဆိုး သေချင်လို့ပဲဟု ကောက်ချက်ချသည် [နှာ–၁၁၂]

ယနေ့တရားတွင် သံဝေဂကထာကို ဟောပြီးနောက် မသေရာရှာတဲ့ အလုပ်ကို ဟောပါတော့မည်ဟု မိန့်သည်။ ထို့နောက် မသေရာရှာတဲ့ အလုပ်သည် တဏှာသတ်သည့်အလုပ်ဟု အဓိပ္ပာယ် ဖွင့်ပြသည်။ သက္ကပဉှာသုတ်ကိုပင် ပြန်ကောက်ပြီး ဟောသည်။

လူတွေမှာ ရောဂါဥပဒ်အန္တရာယ်တွေ ကျရောက်နေတာ ဘာကြောင့်လဲ၊ ဣဿာမစ္ဆရိယကြောင့် ဣဿာမစ္ဆရိယ ဘာကြောင့်ဖြစ်သလဲ၊ ချစ်ခြင်းမုန်းခြင်းကြောင့်။ ချစ်ခြင်းမုန်းခြင်း ဘာကြောင့်ဖြစ်သလဲ၊ ဆန္ဒကြောင့်။ ဆန္ဒ ဘာကြောင့်ဖြစ်သလဲ၊ ဝိတက်ကြောင့်။ ဝိတက် ဘာကြောင့်ဖြစ်သလဲ တဏှာမာနဒိဋ္ဌိ(ပပဉ္စတရား)ကြောင့်။

သိကြားမင်း သဘောကျပြီး ပပဉ္စချုပ်အောင် ဘယ်လို လုပ်ရမလဲဟု မေးသည်။ ဝေဒနာနုပဿနာရှုဟု ဘုရားက မိန့်သည်။ ဤတရား၏ လိုရင်းအချက်မှာ ဝေဒနာနုပဿနာရှုနည်း ဟောရန်ဖြစ်သည်။ 'ဝေဒနာပစ္စယာတဏှာ' ဆိုသောကြောင့် တဏှာသတ်ချင်လျှင် ဝေဒနာကို ဝိပဿနာ ရှုရန်လိုကြောင်း ဖော်ပြသည်။

ဤတွင် သိကြားမင်းအား ဘုရားက သောမနဿဝေဒနာ နှစ်မျိုး၊ ဒေါမနဿ ဝေဒနာနှစ်မျိုး၊ ဥပေက္ခာဝေဒနာနှစ်မျိုးထား၍ ဟောရခြင်း အကြောင်းကို ပြောသည်။ အပါယ်ကျစေတတ်သော သောမနဿ၊ ဒေါမနဿ ဥပေက္ခာဝေဒနာနှင့် အပါယ်မကျ စေတတ်သော ဝေဒနာကို ခွဲခြားပြသည်။ [နှာ–၁၂၁] ဝိပဿနာရှုစဉ် တရားတွေ့၍ သောမနဿဖြစ်လျှင် ဖြစ်ကောင်းသည်။ တရား အားထုတ်စဉ်

တရားမရ၍ ဒေါမနဿဖြစ်လျှင် ဖြစ်ကောင်းသည်။ မဟာသိဝ ကိုယ်တော်ကြီးကို ဥပမာပြ၍ ဟောသည်။ တရားမရ၍ ငိုသည်။ သစ်ပင်စောင့်နတ်သမီးက သူ့အနား လာငိုသည်။ ငိုလျှင် တရားရမည်ထင်၍ ငိုကြောင်းပြောမှ သံဝေဂရပြီး အားထုတ်ရာ တရားရပုံကို ဟောသည်။

ထို့နောက် ဥပေက္ခာ နှစ်မျိုးဖြစ်ပုံကို ဟောသည်။ ဖြစ်ပျက်မြင်၍ ဝိပဿနုပက္ခာဖြစ်ပုံကို ပြသည်။ ဖြစ်ကောင်းသော ဥပေက္ခာဝေဒနာ ဖြစ်သည်။ ပြီးမှ ဝိပဿနာအစစ်ကို ပြတော့မယ်ဆိုပြီး ပြသည်။ ဝေဒနာသုံးမျိုး ဘယ်ဟာ လာလာ ဝိပဿနာရှုပုံကို ပြသည်။ ခန္ဓာမှာ ဝေဒနာကင်းချိန် မရှိပါ။ ဝေဒနာကို မိအောင် ရှုရမည်။ ကိုယ်ပေါ်မှာနှင့် စိတ်ပေါ်မှာ ဝေဒနာပေါ်ပုံကို ပြသည်။ ဝေဒနာ ပေါ်ရာခြောက်ခု ဖြစ်သွားသည်။ ဝေဒနာရှုမှ ပပဉ္စ၊ တဏှာမာနဒိဋ္ဌိ သေမည်။ ဝမ်းထဲမှာ ဝေဒနာသုံးခု၊ အပြင်မှာ သုံးခု ပေါ်သည်။ ဝေဒနာ ဘာပဲလာလာ ရှုရမည်။(ဟေိပဿိကော) ရှုဉာဏ်ငါးပါးနှင့် လိုက်ပြီးရှု၊ ဤကား အလုပ်စဉ် ဖြစ်၏။ ရှုပါဟု ခေါ်တာက အနိစ္စ၊ လိုက်ပြီး ရှုတာက မဂ္ဂင်၊ အနိစ္စနောက် မဂ္ဂင် လိုက်ဟု နည်းပေးသည်။

ဟေိပဿိကောကို သန္ဒိဋ္ဌိကောနှင့် လိုက်ပါဟု ဆိုသည် [နှာ–၁၅၃]။ အချိန်စေ့၍ တရားနာ ရပ်သည်။

*

## ၄။ မရဏာဘေး ကာကွယ်ရေး မဂ္ဂင်ဖောင်ပြင် တရားတော်

[၁–၂–၆၁ မန္တလေးမြို့ ဦးချစ်ဆွေမွှာရုံမှာ ဟောသောတရား]

ညအခါ လူတွေ အိပ်ပျော်နေစဉ် မိုးကြီးပြီး တောင်ကျရေများ လျှံလာပါက မြို့ပေါ် ရေကြီးသဖြင့် လူတွေအိမ်တွေ မျောပါရသလို လူတွေမှာလည်း ယခုအခါ မရဏာရေယာဉ်က တိုက်စားလာနေပြီလို့ အောက်မေ့ပေါ။ သေမည့် ဘေးကြီးက လာနေပြီ။ လှေတွေဖောင်တွေ ပြင်ထားမှ တော်ကာကျမည်ဟု သတိပေးစကား ပြောသည်။ ရေတွေ ကြီးလာနေစဉ် ကိုယ်ကလည်း အိပ်မပျော်ဘဲနေမှ လှေတွေ ဖောင်တွေလည်း အသင့်ပြင်ထားမှ ဖြစ်ပေမည်။ မရဏာရေသည် အမြဲတက်နေ သည်။ အသက်အရွယ်အလိုက် မရဏာ ရေနစ်နေကြသည်။ လောဘ၊ ဒေါသ၊ မောဟတွေနှင့် အိပ်ပျော်မနေဘဲ မဂ္ဂင်ဖောင် ဝိပဿနာဖောင်ကို လုပ်ထားကြရမည်။

[နှာ–၁၅၅] ရှုဉာဏ် ငါးပါးက ငါးလုံးတွဲဖောင် မဂ္ဂင်ရှစ်ပါးက ရှစ်လုံးတွဲဖောင် ဤဖောင်များသည် ကိလေသာရေကို ဆန်ပြီး နိဗ္ဗာန်ကို သွားသော ဖောင်များ ဖြစ်သည်။

ယခုအခါ ဖောင်ပြင်ချိန်၊ ဖောင်ဆင်ချိန် ရောက်ပြီ။ ဝိပဿနာမဂ်ဖောင်နှင့် လောကုတ္တရာမဂ်ဖောင်ကို ပြင်ထားရမည်။ မရဏဒီရေက တက်လာပြီး ဖောင်ပြင် မထားလျှင် ငါးလိပ်မကန်းတို့၏ အစာဖြစ်ပြီး သေရတော့မည်။ ခုလူပြည်ကို ရောက်လာတာ အပါယ်လေးပါးက တက်လာတဲ့ ပုဂ္ဂိုလ်ကများတယ် [နှာ–၁၅၉] ဟု ဆိုသည်။ ကိလေသာတဏှာ မရဏရေယာဉ်ကြောမှာ မျောပြီး အိပ်ပျော်နေလို့ မေ့ပြီးသေရင် အပါယ်ကို ပြန်ရောက်ရပေဦးမည်။ အဲဒါကြောင့် မေ့လည်း မနေကြနှင့်၊ အိပ်လည်း မနေကြနှင့်ဟု ဆရာတော်က တိုက်တွန်းသည်။ [နှာ–၁၆၀]

ဝိပဿနာမဂ်က ငါးလုံးဖောင်၊ လောကုတ္တရာမဂ်က ရှစ်လုံးဖောင်၊ နိဗ္ဗာန်ကို မဂ္ဂင်ဖောင်နှင့်မှ သွားး၍ရသည်။ [နှာ–၁၆၂] ထို့ကြောင့် မဂ္ဂင်ဖောင်ပြင်နည်းကို ပေးမည်ဆိုပြီး ပေးသည်။ သိကြားမင်းက ပပဥ္စချုပ်သော တရားကို တောင်းသဖြင့် ဘုရားက ဝိပဿနာ(ဝေဒနာနုပဿနာ) ရှုနည်းပေးသည်ကို ပြန်ရှင်းပြသည်။ ထို့နောက် ဥပရိပဏ္ဏာသပါဠိတော် ဆဆက္ကသုတ်ကို ညွှန်း၍ ဟောပြန်သည်။ [နှာ–၁၆၆]

သုခဝေဒနာနောက်က တဏှာလာသည်။ ပဋိစ္စသမုပ္ပာဒ်အရ ဖြစ်သည်။ တဏှာနောက်က ဥပါဒါန်ကံ၊ ဇာတိ၊ ဇရာ၊ မရဏ ဆက်သည်။ သုခဝေဒနာကို ပယ်နိုင်ခြင်း မရှိလျှင် မြုပ်လမ်းမျောလမ်းသို့ ရောက်သည်။ ဓမ္မနိယာမဖြစ်သည် [နှာ–၁၆၉] ထိုကြောင့် သုခဝေဒနာလာလျှင် ဖြစ်ပျက်အနိစ္စ မြင်အောင်ရှု၊ ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်ဖြစ်သွားသည်။ ဝေဒနာနောက်က တဏှာ မလာတော့။ တဏှာမလာမှ ဒုက္ခသိမ်းသည်။ ဝေဒနာဖြစ်ပျက်ကို မဂ္ဂင်ငါးပါးနှင့် မြင်လိုက်ခြင်း ဖြစ်သည် [နှာ–၁၇၇] ထိုသို့မြင်လျှင် သေသောအခါ နတ်ရွာသုဂတိ ရောက်သည် [နှာ–၁၇၈] ဝိပဿနာဉာဏ်နှင့် သေသောပုဂ္ဂိုလ် အချည်းနှီးအဖြစ် ကျေးဇူး များသည်။ သားသမီး၊ စီးပွားဉစ္စာက မကယ်နိုင် မဂ္ဂင်ဖောင်ကမှ ကယ်နိုင်သည်။

သုခဝေဒနာ ဝိပဿနာမဂ္ဂင်နှင့်ရှု၊ အရှုခံက ဖြစ်ပျက်၊ ရှုဉာဏ်က မဂ်၊ သေတာက သမုဒယ၊ နောင်မရတာက ဒုက္ခ(နိရောဓ) ဖြစ်သွားသည်။ ဝိပဿနာ မရှုသော ပုဂ္ဂိုလ်မှာ သမုဒယနှင့် ဒုက္ခပဲ တန်းနေသည်။ [နှာ–၁၈၄] အပြောနှင့် သမုဒယ မပြတ်၊ ဒုက္ခမပြတ်၊ အလုပ်နှင့်မှပြတ်သည် [နှာ–၁၈၅] သုခဝေဒနာ

လာတာကို တဏှာနှင့်ရှုလျှင် အပူနှင့် ဆင်းရဲပဲ ရသည်။ မဂ်နှင့်ရှုမှ အပူကင်း ဆင်းရဲကင်းသည်။ [*နှာ–၁၈၇*] ဟေဝိပဉ်ဿိကော ခေါ်ရာ သန္ဒိဋ္ဌိကောနှင့်လိုက်၊ အကာလိကော အပူငြိမ်းသည် [*နှာ–၁၈၉*]တွင် အပူငြိမ်းခြင်းသည် ဆုတောင်း၍ ရခြင်းမဟုတ် [*နှာ–၁၉၀*] တရားဂုဏ်တော်ခြောက်ပါးထဲမှာ အလုပ်စဉ်ပါသည်ဟု သိရမည်။

သုခဝေဒနာက ကိုယ်မှာပေါ်သည်။ သောမနဿဝေဒနာက ဝမ်းထဲမှာ ပေါ်သည်။ သူ့ကို မရှုဘဲထားလျှင်လည်း တဏှာ၊ ဥပါဒါန်က လာဦးမည်။ နိဗ္ဗာန် မရောက်နိုင်သေး၊ ဖြစ်ပျက်ရှုမှ မဂ်ပေါ်လာမည်။ မဂ်ဆိုတာ ဖောင်ပဲ[*နှာ–၁၉၆*] မဂ္ဂင်ငါးပါးဖွဲ့ ဖောင်ထက် ရှစ်လုံးပြည့်ဖောင်ကမှ ပိုပြီး စိတ်ချရသည်။ [*နှာ–၁၉၇*] ဖြစ်ပျက်ရှုတာက ဝိပဿနာ ဒုက္ခချည်းပဲဟု မြင်မှ သစ္စာဖြစ်သွားသည်။ ဒုက္ခသစ္စာလည်း ပိုင်ပိုင်သိရော မဂ္ဂင်ရှစ်ပါး ဖြစ်သွားပြီ [*နှာ–၁၉၉*] မဂ္ဂင်ရှစ်ပါး ဖြစ်သောအခါ အာသဝေါတွေ မလာဘဲ ချုပ်သွားသည်။ မဂ္ဂင်ရှစ်ပါး ပြည့်ပြီးသေရင် နိဗ္ဗာန်ကို မျက်မှောက်ပြုသည် [*နှာ–၁၉၉*]။ နာရီစေ့၍ တရားပြီးဆုံးသည်။

*

## ၅။ အချိန်ကာလ စားဖတ်ဝါးဖတ်ဖြစ်ပုံ တရားတော်

[၃–၂–၆၁ ဦးချစ်ဆွေမွှာရုံ မန္တလေးမြို့မှာ ဟောသောတရား]

မိမိ ခန္ဓာကိုယ်ကြီး ဘာဖြစ်နေတယ်ဆိုတာ သိဖို့ အရေးကြီးသည်။ ခန္ဓာ ကိုယ်ကြီးကို အချိန်ကာလက တိုက်စားနေသည်။ ပျို့ရုပ်တွေ ပျောက်ပြီး အိုရုပ်တွေ ပေါ်ပေါက်နေသည်။ ဘယ်ဘဝ ဘယ်ဘုံဌာနမှာပဲဖြစ်ဖြစ် ခန္ဓာရှိလျှင် ကာလ၏ စားဖတ်ဝါးဖတ်ပဲ ဖြစ်နေမည်။ သုံးဆယ့်တစ်ဘုံ အပြင်ဘက်ထွက်မှ လွတ်မည်။ [*နှာ–၂၀၃*] ကာလဝိမုတ္တိဖြစ်သော နိဗ္ဗာန်ရောက်မှ ကာလစားဖတ်ဝါးဖတ် အဖြစ်က လွတ်မည်။ ဒါကြောင့် ကာလပြင်ဘက်ကို ထွက်ကြရမယ် [*နှာ–၂၀၅*] ကာလကို လူက ပြန်စားတဲ့နည်း မရှိတော့ဘူးလား မေးသင့်သည်။ [*နှာ–၂၀၈*] မိမိ ခန္ဓာကိုယ် ကို အသုံးပြုပြီး ရဟန္တာဖြစ်အောင် လုပ်နိုင်လျှင် ပရိနိဗ္ဗာန်စံပါက ကာလကို ပြန်စားနိုင်သည်။ ကိုယ်က ကာလကို ပြန်စားရမည် [*နှာ–၂၀၉*]။

ရှေးက မိဘဘိုးဘွားတွေ ကာလကို ပြန်မစားတတ်လို့ သေပွဲဝင်ခဲ့ကြရ သည်။ ဒါနတွေ လုပ်ပြီး ကာလစားဖတ်ဝါးဖတ် ဖြစ်ရပါလို၏ ဆုတောင်းခဲ့ကြ

သည်။ နောက်ဘဝ လူချမ်းသာ နတ်ချမ်းသာ ဖြစ်ရပါလို၏ ဆုတောင်းတာသည် ကာလ စားဖတ်ဝါးဖတ် ဖြစ်မှန်းမသိ၍ ဖြစ်သည်။

ထို့နောက် ခန္ဓာကိုယ်ထဲက ဓာတ်စာ သတ်ဖြတ်နေပုံကို ဟောပြန်သည်။ ကာလစားမျိုးခြင်းမှ ထွက်အောင်လုပ်သော ဉာဏ်ရပြီဆိုမှ ဇာတိ ပဋိသန္ဓေ မရတော့ ဇရာမရဏာလည်း မလာတော့၊ ကာလကို နိဗ္ဗာန်ဝင်သော တရားနှင့် ပြန်ပြီး စားနိုင်ရမည်။ [နှာ–၂၁၆] နိဗ္ဗာန်ဝင်သောသူသည် ကာလကို ပြန်စားသွားသည်မှတ် [နှာ–၂၁၇] ဟု မိန့်ပါသည်။

ထို့နောက် သုခဝေဒနာကို စ၍ ဝိပဿနာ ရှုနည်းကိုပင် ပြပြန်သည်။ [နှာ–၂၁၈] ဝေဒနာက သုခဆိုလျှင် သုခနောက်က တဏှာ ဥပါဒါန် ကံလိုက်ပုံ ပဋိစ္စသမုပ္ပါဒ်ကိုပင် ပြပြန်သည်။ ဤတရားတွင် 'ကာလေ ဘက္ခတိ ဘူတာနိ' ဆိုသော ဂါထာကို မူတည်၍ ဟောသည်။ ထုံးစံအတိုင်းပင် သုခဝေဒနာနောက်က တဏှာ မလာအောင် ဖြစ်ပျက်ရှုရန် တိုက်တွန်းသည်။ သောမနဿဝေဒနာ လာရင်လည်း ဖြစ်ပျက် ရှုရမည်။ ဒါကြောင့် အအိုအနာအသေ လွတ်ချင်ရင် မဂ်အလုပ်(ဝိပဿနာ အလုပ်)ကို လုပ်ပါဟု တိုက်တွန်းသည် [နှာ–၂၂၃] ဖြစ်ပျက်ကို မုန်းသည့်တိုင်အောင် ရှုရမည်ဟုလည်း နည်းပေးသည်။ [နှာ–၂၂၄] ထို့နောက် ဖြစ်ပျက်ကို ဆုံးသည့်တိုင် ရှုဟုလည်း ဆိုသည်။

ဖြစ်ပျက်ဆုံးလျှင် မဂ္ဂင်ရှစ်ပါး ဇောက်ဖြစ်သည်။ တဏှာ ဥပါဒါန်ကံတွေ ချုပ်ဆုံးသည်။ အိုနာသေဘေး အကုန်လွတ်ပြီး သေပြီးရင်း သေခဲ့ကြတာသည် မဂ်အလုပ် မလုပ်ခဲ့ကြလို့ဟု ဆိုသည်။ မဂ်အလုပ်သည်သာ အားအကိုးရဆုံး အလုပ်ဟု မှတ်ရမည်။ သိကြားမင်းက မေး၍ ဘုရားက ဝေဒနာနုပဿနာ ရှုနည်းပေးသည့် အကြောင်းကိုလည်း ပြန်ပြောသည် [နှာ–၂၂၇]။ ဆဆက္ကသုတ်မှာ ဟောသော အကြောင်း(ဒုက္ခဝေဒနာကိုလည်း ဝိပဿနာရှုဖို့အကြောင်း)ကိုလည်း ပြန်ပြော သည်။

ထို့နောက် ဥပေက္ခာဝေဒနာကို ပြောသည်။ မြင်စိတ်ပေါ်ရင် မျက်လုံးထဲမှာ ဥပေက္ခာဝေဒနာပါတွဲ ဖြစ်သည်။ မြင်ကာမတ္တကို ဥပေက္ခာဝေဒနာ ဆိုရသည်။ ဥပေက္ခာဝေဒနာကိုလည်း ဖြစ်ပျက်သိအောင် ရှုရမည်။ မရှုမိလျှင် သူလည်း ပဋိစ္စ သမုပ္ပါဒ် တန်းသွားမည်။ ဇာတိဇရာလာလျှင် ကာလစားဖတ် ဖြစ်ရပြန်ဦးမည်။ ရှုတတ်မှတ်တတ်ဖြစ်တတ်မှ သံသရာစခန်း သတ်မည်။ ဥပေက္ခာ ပေါ်နိုင်သော နေရာငါးနေရာကို ပြသည်။ [နှာ–၂၄၁] မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်မှာ

ပေါ်သည်။ ဝေဒနာကို ပေါင်းလိုက်လျှင်လည်း သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာသုံးမျိုးပဲ ရှိသည်။

မိလိန္ဒမင်းကြီးမေး၍ ဝိပဿနာရှုရင်း နိဗ္ဗာန်ရောက်ပုံကို အရှင်နာဂသေန ဖြေပုံကို ပြသည်။ ဖြစ်ပြီးပျက်တာသည် မိမိသေတာ ဖြစ်သည်။ ဝိပဿနာ ရှုသူသည် ကိုယ့်အသေ ကိုယ်မြင်အောင် ရှုရသည်။ [နှာ–၂၄၇] ကိုယ့်အသေ ကိုယ်မြင်လျှင် ဖြစ်ပျက်ကို ရွံ့မုန်းလာသည်။ ထိုသို့ ရှုဖန်များမှ မသေတာမြင်ပြီး ဖြစ်ပျက်ဆုံးသွားမည်။ နိဗ္ဗာန်ကို မြင်ခြင်းဖြစ်၏။ [နှာ–၂၄၉] ဖြစ်ပျက်ဆုံး မသေရာကို ပထမမြင်လျှင် သောတာပန်ဖြစ်ပြီလို့ မှတ်ပါ [နှာ–၂၅၁] အချိန်ကုန်၍ တရားသိမ်းသည်။

*

## ၆။ ကံအမျိုးမျိုးကို အဟောသိကံဖြစ်အောင် လုပ်နည်းတရားတော်

[၄–၂–၆၁ ဦးချစ်ဆွေမွှေးရုံ မန္တလေးမြို့မှာ ဟောသောတရား]

ပဋိစ္စသမုပ္ပါဒ်ဆိုတာ မိမိခန္ဓာမှာ နေ့တိုင်း ဖြစ်နေသည့် တရားဟု မှတ်ပါ ဆိုသော စကားဖြင့် ဤတရားကို စတင်ထားသည်။ ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် တခြား ခန္ဓာ တခြားဟု မမှတ်ရဟု မိန့်ထားသည်။ ပဋိစ္စသမုပ္ပါဒ် ဖြစ်သောအချိန်တွင် ထိုတရားကို ဖြတ်ရမည်။ မဖြတ်နိုင်လျှင် ကံတွေ စုနေသလို ဖြစ်မည်။ သိကြားမင်း တရားနာသော ဝတ္ထုကိုပင် ဆက်ပြောထားသည်။ ဝေဒနာပေါ်တာသည် ပဋိစ္စသမုပ္ပါဒ် စဖြစ်တာဟု သိရမည်။ ဝေဒနာပေါ်ရင် ဝေဒနာခန္ဓာပေါ်သည် [နှာ–၂၅၄] တဏှာပေါ်လျှင် သင်္ခါရက္ခန္ဓာ ပေါ်သည်မှတ်။ အကြောင်းအကျိုး ဆက်ပါက ဝေဒနာပေါ်လျှင် တဏှာပေါ်သည်။ တဏှာချုပ်လျှင် ဥပါဒါန်ချုပ်သည်။ မဂ္ဂနိယာမအတိုင်း ကံတွေချုပ်သည်။ ပဋိစ္စသမုပ္ပါဒ် ဆိုတာသည် ခန္ဓာတစ်ခု ချုပ်ပြီး နောက်တစ်ခု ပေါ်တာပဲဟု သိရမည်။ [နှာ–၂၅၆] ကံကြောင့် ဇာတိပေါ်တာလည်း ခန္ဓာငါးပါးပေါ်ခြင်း ဖြစ်သည်။ ရောင်းနေဝယ်နေ လုပ်နေကြတာသည် ဘဝနှစ်ခု (ပစ္စုပ္ပန်အနာဂတ်) ဆက်မိအောင် လုပ်နေကြတာပင် ဖြစ်သည်။

ဘာလုပ်နေကြတာလဲဆို ဒုက္ခရှာနေကြတာ [နှာ–၂၅၉] တစ်နေ့မှာ တဏှာ ဥပါဒါန်ကံတွေ ဘယ်လောက် လုပ်နေကြသလဲ မရေမတွက်နိုင်အောင်ပင် လုပ်နေကြသည်။ ဤကံတွေက နောက်ဘဝမှာ ဇာတိဇရာမရဏကို အကျိုးပေးမည်။ ကံလည်း အနိစ္စပဲ ပျောက်ပျက်သွားပါတော့လားဟု ဆိုသင့်သည်။

သို့သော် ကံသတ္တိသည် အနုသယကိလေသာအဖြစ် မဂ်ဉာဏ် မပေါ်သေးသရွေ့ အမြဲတမ်း ရှိနေသည် [နှာ–၂၆၁] ကံသတ္တိတွေ လာသိမ်းထားသလို ရှိနေသည်။ တစ်ဘဝမှာ စုထားသည့် ကံတွေက မရေမတွက်နိုင်အောင်ပင် များသည်။ ဒါကြောင့် ကံအကျိုးပေးမှာ မကုန်နိုင်အောင်ပင် များသည်။ ကံသည် တစ်ခုတည်းမဟုတ်၊ တစ်ခု ချုပ်သွားတော့ နောက်တစ်ခု ဆက်တိုက်လာနေသည်ဟု မှတ်ရမည်။ ကံက ဇာတိ ဇရာ မရဏကို အကျိုးပေးသည်။ ကံတွေက ဒုက္ခသစ္စာဝဋ်တွေပဲ အကျိုးပေးသည် [နှာ–၂၆၅] ဝေဒနာက္ခန္ဓာက တဏှာ၊ ဥပါဒါန်ကံတွေ ပေါက်ဖွားလာသည်။ ဒီကံတွေကို အဟောသိကံ ဖြစ်အောင် လုပ်ပေးမည့် တရားကို ရှာရမည်။ အချိန်လည်း ရောက်နေပြီ။ လူတွေမှာက ပြုထားသော အကုသိုလ်ကံတွေ များလွန်းသည်။ [နှာ–၂၆၉] ဒါကြောင့် ဒီကံတွေကို အဟောသိကံ (အကျိုးမပေးသောကံ) ဖြစ်အောင် လုပ်ရမည်။

သောတာပတ္တိမဂ်ရလျှင် အပါယ်ပို့မည့် ကံတွေကို မဂ်က ဖြတ်လိုက်မည်။ သောတာပတ္တိမဂ် တစ်ကြိမ်ပေါ်လျှင် အပါယ်ကံတွေအားလုံး အဟောသိကံ ဖြစ်သွားသည်။ အပါယ်တံခါး ပိတ်သည်။ အပါယ်ကံတွေ အဟောသိကံ မဖြစ်သေးသရွေ့ အမှုမဲ့ အမှတ်မဲ့ မနေသင့်၊ စိတ်ချလက်ချ မနေသင့်။ ဝေဒနာနုပဿနာ ရှုရမည်။ မရှုလျှင် ဒုက္ခသစ္စာ ကိုယ်ပိုင်ပစ္စည်းလို့မှတ် [နှာ–၂၇၂]။ ဝေဒနာရှုရင် တဏှာသေမည်။ တဏှာသေလျှင် ကံပြတ်သည်။ ငရဲမျိုးစေ့တုံးအောင် လုပ်ရမည်။

မဂ်ရမှ 'စတုပာယေဟိ ဝိပ္ပမုတ္တော' ဆိုသည့်အတိုင်း အပါယ်လေးပါးမှ လွတ်မည်။ မဂ်ဉာဏ် အမြင်ရမှ ဖြစ်မည်။ ကံကျေးတွေကို မဂ်နှင့် ဆပ်မှ ပြတ်မည်။ တဏှာဥပါဒါန်က ကံကို ပျောက်ပျက် မသွားအောင် ထိန်းသိမ်းထားသည် (ကမ္မသမင်္ဂီ) [နှာ–၂၇၆] ဝိပဿနာ မရှုလို့ စုထားနိုင်ခြင်း ဖြစ်သည်။ ဝေဒနာကို ဝိပဿနာရှုရမည်။ ဘဝဘဝက စုံလာသော ကံကျေးတွေက များလွန်းသည်။ ခန္ဓာနှင့် ဆပ်၍ မကျေ၊ မဂ်နှင့် ဆပ်မှ ကျေသည်။ မဂ်က တဏှာဥပါဒါန်ကို ဖြတ်လိုက်လျှင် ကံကို ထိန်းသိမ်းမည့်သူလည်း မရှိတော့ [နှာ–၂၇၉]။

ဒါကြောင့် ဝေဒနာပေါ်တိုင်း ဖြစ်ပျက်ရှုရမည်။ ဝိပဿနာမဂ်ရင့်လျှင် လောကုတ္တရာမဂ်လာသည်။ အပါယ်ကံတွေအားလုံး အဟောသိကံ ဖြစ်သည်။ ဒါကြောင့် ဝိပဿနာ ရှုပါ။ ဝေဒနာနုပဿနာ ရှုပါ၊ မအားဘူး လုပ်မနေကြပါနှင့်ဟု ဆရာတော် တိုက်တွန်းထားသည်။ ကမ္မသကတဉာဏ်နှင့် မနေဘဲ မဂ်ဉာဏ် အလုပ်

ကို လုပ်ပါ။ ဒီကာတွေကို မင်နှင့် မဖြတ်သရွေ့ ကျေတယ်လို့ ထုံးစံမရှိဟု မိန့်ပြီး အချိန်စေ့၍ တရားပွဲသိမ်းသည်။

*

## ၇။ သစ်တဒုက္ခမှ အသစ်တနိဗ္ဗာန်ပေါ်လာပုံ တရားတော်

[၅-၂-၆၁ ဦးချစ်ဆွေဓမ္မာရုံ မန္တလေးမြို့မှာ ဟောသောတရား]

သစ်တတရားနှင့် ပဋိစ္စသမုပ္ပာဒ်တရားဟာ အတူတူပဲဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ခန္ဓာငါးပါးသည် တည်ဆဲကာလမှာ တစ်ပေါင်းတည်း ဖြစ်သည်ဟု ယူရမည်။ ဝေဒနာက္ခန္ဓာဟု ဆိုသော်လည်း ခန္ဓာငါးပါး ပေါင်းနေသည်ဟု မြင်ရမည်။ ခန္ဓာငါးပါးသည် အကြောင်းမဲ့ ဖြစ်သည် မဟုတ်ပါ။ ခန္ဓာငါးပါးသည် သစ်တတရား ဖြစ်သည်။ ပြုပြင်မှုကြောင့် ပေါ်လာသော တရားဖြစ်သည်။ ပြုပြင်မှု သတ္တိကုန်လျှင် ခန္ဓာငါးပါး ပျက်စီးသွားသည်။ အကြောင်းချုပ်သွားသောကြောင့် ဖြစ်သည်။ အကျိုးခန္ဓာချုပ် ရသည်။ [နှာ-၃၀၅] ခဏခဏ ပျက်ပျက်သွားတတ်သောကြောင့် ထပ်တလဲလဲ ပြုပြင်နေရသည်။ သစ်တ တရားကြီး ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ်တရားကြီးဟုလည်း ဆိုနိုင်သည်။ ဖြစ်မှုနှင့်ပျက်မှုပဲ ရှိသည်။ တစ်သံသရာလုံး မွေးလိုက်သေလိုက် (ဖြစ်လိုက်ပျက်လိုက်)ပဲ ရှိခဲ့သည်။ [နှာ-၃၁၀] အဝိဇ္ဇာက ဖုံးထားလို့ ဖြစ်လိုက်ပျက်လိုက် ဖြစ်နေတာကို မသိခြင်း ဖြစ်သည်။ သစ်တဒုက္ခကို မသိကြ။ မသိကြသောကြောင့် ဖြစ်လိုက်ပျက်လိုက် ကြားထဲမှာ ပျော်နေကြသည်။ [နှာ-၃၁၄] ဒုက္ခသစ္စာကြီးနှင့် ပျော်နေကြသည်။ ဉာဏ်မဝင်လို့ မသိပျော် ပျော်နေကြသည်။ [နှာ-၃၁၅]

သစ်တကို သိရမည်။ သစ်တသိမှသာ အသစ်တနိဗ္ဗာန်သို့ ကူးနိုင်မည်။ သစ်တကို ကောင်းကောင်း မမြင်လျှင် အသစ်တနိဗ္ဗာန်သို့ သွားချင်မည်မဟုတ် [နှာ-၃၁၉]။ သစ်တဒုက္ခကို သိအောင် ဝိပဿနာဉာဏ်နှင့် ကြည့်ရမည် [နှာ-၃၂၁] ဖြစ်ပျက်သည် သစ်တတရား၊ သစ္စာဖွဲ့လိုက်တော့ ဒုက္ခသစ္စာဖြစ်သည်။ သစ်တဒုက္ခသစ္စာသည် ရထားသော ခန္ဓာပင် ဖြစ်သည်။ ခန္ဓာသည် အဖြစ်ဆိုးကြီး ပါလားဟု မြင်မှ ခန္ဓာဝဋ်မှ ကျွတ်ချင်မည် [နှာ-၃၂၃] ခန္ဓာ ဒုက္ခသစ္စာကြီး မြင်အောင် တရားနာရုံ၊ ဆရာဟောရုံဖြင့်လည်း မပြီးသေး စိုက်ပြီး ကြည့်မှပြီးမည်။ စိုက်ပြီးကြည့်မှ ခန္ဓာရတာ အရတော်သည် မဟုတ်၊ အရဆိုးတာပါကလားဟု သိမြင်လာမည်။

ခန္ဓာကိုယ်ကို ဉာဏ်ဖြင့်ကြည့်ပုံမှာ(ဝိပဿနာရှုပုံ)မှာ သခ်တဒုက္ခသစ္စာကို သိအောင်ရှုနေ ဖြစ်ပျက်သခ်တကို မြင်နေဖန်များသော် ထိုဉာဏ်သည် အသခ်တ နိဗ္ဗာန်သို့ အဆုံးမှာ လှည့်သွားမည်။ [နှာ-၃၃၁] ခန္ဓာကရှိလျက်ပင် ဉာဏ်က အသခ်တဘက်သို့ လှည့်သွားခြင်း ဖြစ်သည် [နှာ-၃၃၄]။ မဂ္ဂင်ငါးပါးဖြင့် ရှုနေရာမှ ဉာဏ်ရင့်လာပြီး မဂ္ဂင်ရှစ်ပါး ပြည့်သွားခြင်း ဖြစ်သည်။

ထို့နောက် နိဗ္ဗာန်(အသခ်တ)သဘောကို ရှင်းပြသည်။ နိဗ္ဗာန်သည် ပစ္စုပ္ပန်မှာ ရှိသည်။ ဝါးနှစ်လုံးကို ပွတ်သော် အပူမီး ထွက်ပေါ်လာသော ဥပမာဖြင့် ရှင်းပြသည်။ အလုပ်တရားမှာ သခ်တဖြစ်ပျက်ကို စိုက်ရှုဖို့သာ ဖြစ်သည်။ ဉာဏ်ရင့်လာသောအခါ ဉာဏ်က ဖြစ်ပျက်ဆုံး အသခ်တသို့ လှည့်သွားမည် ဖြစ်သည်။ [နှာ-၃၄၉] ဝါးကို ပူအောင် ပွတ်နေဖို့သာ အရေးကြီးသည်။ အချိန်ကျလျှင် မီးထွက်လာမည် ဖြစ်၏။ သခ်တက အသခ်တ ကူးအောင်လုပ်လျှင်(အားထုတ်လျှင်) ဒီဘဝနိဗ္ဗာန်ရသည်ဟု ဆိုပြီး တရားဆုံးသည်။

*

### ၈။ နိဗ္ဗာန်ရောက်ချင်လျှင် ခန္ဓာဖြစ်စဉ်ဖြတ်ရန် တရားတော်
[၆-၂-၆၁ ဦးချစ်ဆွေ၏မွှောရုံ မန္တလေးမြို့မှာ ဟောသောတရား]

‘နိဗ္ဗာန်ရတယ်ဆိုတာ မိမိတို့ရဲ့ ခန္ဓာပဋိစ္စသမုပ္ပာဒ် ပြတ်တာ’ ကို ဆိုသည်ဟု အဓိပ္ပာယ် ဖွင့်ဆိုချက်ဖြင့် ဤတရားကို စသည်။ ပဋိစ္စသမုပ္ပာဒ် မပြတ်ဘဲ ဘယ်သူမှ နိဗ္ဗာန် မရောက်ဘူး [နှာ-၃၅၁] ပဋိစ္စသမုပ္ပာဒ်ဆိုတာက ခန္ဓာအစဉ်ပဲ။ မူလ ခန္ဓာအစဉ်က ဒုက္ခသစ္စာ၊ ပြတ်သွားတာက နိရောဓသစ္စာ [နှာ-၃၅၂] ဒါကြောင့် နိဗ္ဗာန် ရောက်ချင်ရင် ခန္ဓာအစဉ် ဖြတ်တတ်မှဟု ညွှန်ပြတော်မူသည်။ ခန္ဓာအစဉ်ကို ဖြတ်ရန်မှာ ပဋိစ္စသမုပ္ပာဒ် မသိဘဲနှင့် မဖြစ်နိုင်။ ဉာဏ် မဝင်နိုင်။ ခန္ဓာဒုက္ခသစ္စာ ဖြစ်လို့ သူ့ဖြတ်မှ နိဗ္ဗာန်ကိုရသည်။

ခန္ဓာအစဉ် ဖြတ်ပုံကို ပြမည်ဆိုပြီး ပဋိစ္စသမုပ္ပာဒ်ကို ပြသည်။ သင်္ခါရပစ္စယာ ဝိညာဏ်မှ စသည်။ နာမ်ရုပ်၊ သဠာယတန ဖဿ၊ ဝေဒနာဖြစ်ပုံ ခန္ဓာအစဉ်လာသည်။ ဒါဟာ ဒီဘဝခန္ဓာအစဉ်ပဲ၊ နောက်ဘဝ ခန္ဓာအစဉ်ဖြစ်ကြောင်းက တဏှာ၊ ဥပါဒါန်၊ ကံ တဏှာဥပါဒါန်က စေတနာ၊ သင်္ခါရက္ခန္ဓာပဲ။ အဲဒီ ခန္ဓာအစဉ်ကို ဖြတ်ရမယ်။ [နှာ-၃၅၆] ဝေဒနာနှင့် တဏှာကြား နှစ်အကွက်နှင့် သုံးအကွက် အကြားမှာ ဉာဏ်သွင်းရမည်။ ဝိပဿနာမဂ်ဉာဏ်က ဝင်တားလိုက်သောကြောင့် ဟိုဘက်က

တဏှာ၊ ဥပါဒါန်၊ ကံချုပ်သည်။ သခ်ါရက္ခန္ဓာချုပ် အကြောင်းချုပ်သဖြင့် အကျိုးဒုက္ခသစ္စာတွေ မလာနိုင်တော့ပါ။ အနာဂတ် ခန္ဓာ ဇာတိ၊ ဇရာ၊ မရဏ မလာတော့ပါ။ ခန္ဓာအစဉ် ဖြတ်လိုက်လျှင် နှစ်အကွက်က ငါးလုံး(ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) နှင့် သုံးအကွက်က သုံးလုံး(တဏှာ၊ ဥပါဒါန်၊ ကံ) မဆက်တော့ပါ။ [နာ-၃၆၂] ဒါကြောင့် ဘုရားဖြစ်တာ ဝေဒနာနှင့် တဏှာကြားမှာ ဖြစ်တာ၊ မဂ်ဝင်လို့ဖြစ်တာ သံသရာကို ဖြတ်သူတိုင်း ဝေဒနာနှင့် တဏှာကြားမှာ အလုပ်လုပ်၊ မဂ်ဝင်ရင် ပြတ်သည်။ ဒါကြောင့် နိဗ္ဗာန်ရောက်ချင်ရင် ခန္ဓာအစဉ် ဖြတ်ရမည်ဟု မှတ်ပါ။

ဒီမှာ ဝိပဿနာ ရှုစရာက နှစ်အကွက် ငါးလုံးဘက်ကပဲ၊ ဝိပဿနာရှုလို့ ကိစ္စပြီးသွားတာက သုံးအကွက် သုံးလုံးဘက်ကလို့ မှတ်ပါ။ [နာ-၃၆၅] နှစ်အကွက်ထဲ ငါးလုံး ကြိုက်ရာရှုပါ။ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ဘာပဲဖြစ်ဖြစ် ကြိုက်ရာသာရှုပါဟု မိန့်ပါသည်။ ဒီငါးခုသည် ခန္ဓာငါးပါး ဖြစ်သည်။ သတိပဋ္ဌာန် လေးပါးနှင့် ဝေဖန်လိုက်လျှင် သတိပဋ္ဌာန်ထဲ ဝင်သွားသည်။ ခန္ဓာတွေဟာ ဒုက္ခသစ္စာချည်းပဲ၊ ခန္ဓာရှိမှ အပါယ်ရှိသည် [နာ-၃၆၉] ခန္ဓာဖြစ်လို့ အပါယ်ကြောက်ရတာ။ ဝိပဿနာဆိုတာ ခန္ဓာကို မလိုချင်အောင် ရှုရတာ ဖြစ်သည် [နာ-၃၇၀] ဒါကြောင့် ခန္ဓာကို မရှုဘဲ နိဗ္ဗာန်ကို ဘယ်တော့မှ မရောက်ဟု မှတ်ပါ။ ဗောဓိပင်နှင့် ရွှေပလ္လင်ဆိုတာက အထည်ကို ပြတာ၊ အမှန်က မြတ်စွာဘုရားသည် သူ့ရင်ထဲက တဏှာကို သတ်ဖို့ ဝေဒနာနဲ့ တဏှာကြား မဂ်ဝင်ပြီး ဖြတ်လိုက်တာသာ ဖြစ်သည် [နာ-၃၇၁] ဘုရားက ပဋိစ္စသမုပ္ပါဒ်ကို မဂ်ဉာဏ်နှင့် ဖြတ်လိုက်တာသာ ဖြစ်သည်။

ထို့နောက် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာကို ခန္ဓာဖွဲ့ပြသည်။ ခန္ဓာငါးပါးပဲ ရသည်။ ထိုခန္ဓာငါးပါးကိုပင် ဝိပဿနာ ရှုရမည်။ [နာ-၃၇၄] ခန္ဓာငါးပါး ဝိပဿနာရှုလျှင် ခန္ဓာပြတ်သည်။ တဏှာချုပ် နိဗ္ဗာန်ဖြစ်သည်။ ခန္ဓာငါးပါးပုံလိုက်တော့ ရုပ်နာမ်ပဲ ရသည်။ ရုပ်ရှုရှု၊ နာမ်ရှုရှု၊ ရုပ်မရှုနှင့် ဖြစ်ပျက်ရှု၊ နာမ်မရှုနှင့် ဖြစ်ပျက်ရှု 'သဗ္ဗေသင်္ခါရာ အနိစ္စ' တစ်ခုတည်းရှု [နာ-၃၇၇] ဝိပဿနာ မဂ်ပေါ်ပြီးလျှင် လောကုတ္တရာမဂ် လာတော့မည်။ ထို့နောက် ယခင် ဟောပြီး တေဝိဇ္ဇသုတ်လာသော ဝစ္ဆဂေါတပုဏ္ဏား အကြောင်းကို ဟောသည်။ လူဟာ လူ့သံယောဇဉ် မစွန့်ဘဲ နိဗ္ဗာန်ရမရ ပြဿနာဖြစ်၏။ ထိုအကြောင်းကို ဟောပြီး တရားသိမ်းသည်။

*

## ၉။ အရှိနှင့်အသိကိုက်အောင်လုပ်နည်း တရားတော်

[၇-၂-၆၁ ဦးချစ်ဆွေဓမ္မာရုံ မန္တလေးမြို့မှာ ဟောသောတရား]

'သတောဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ' ပါဠိတော်အရ သတိရှိသည်ဖြစ်၍ ပညာ အဆင်အခြင်နှင့် ဖြစ်ပျက်ရှုလေ့ ရှိသည်ဖြစ်၍ နေရစ်ကြပါဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။

သတိကိုရှေ့ထား၊ ပညာနှင့်နောက်ကနေ ကြည့်ပါဟု တိုက်တွန်းထားသည်။ ခန္ဓာကို သတိထားပြီး ပညာနှင့် ကြည့်လျှင် ခန္ဓာကဲ ကျူပ်ဟာ အနိစ္စပါဟု ပြောမည် ဖြစ်သည်။ ခန္ဓာငါးပါး ဆိုသည်မှာ ယခု တရားနာနေသည့် ခန္ဓာပင် ဖြစ်သည်။ ထိုခန္ဓာငါးပါးကို ချုံးလိုက်လျှင် ရုပ်နာမ်ပဲ ဖြစ်သည်။ ရုပ်နာမ်ကို ထပ်ပြီး ဆင်ခြင် ဉာဏ်နှင့် ဆင်ခြင်လိုက်လျှင် ရုပ်လည်း အနိစ္စ၊ နာမ်လည်း အနိစ္စသာ ဖြစ်ပါသည်။

သတိထားပြီး ကြည့်လျှင် ခန္ဓာက အနိစ္စပဲ ပြောသည်။ [နာ-၄၀၂] အနိစ္စ ဆိုသည်မှာလည်း ဖြစ်ပျက်ပင် ဖြစ်၏။ သတိထားကြည့်လျှင် ရုပ်ရော နာမ်(စိတ်)ပါ ဖြစ်ပြီး ပျက်သွားတာကို ပညာက မြင်ရသည်။ ခန္ဓာဖြစ်ပြီး ပျက်သွားသည်ကို နောက်က မဂ်နှင့် လိုက်ရှုရမည်။ ရှုလျှင် လောကီမဂ်ရသည်။ စောင့်တာက သတိ၊ ကြည့်တာက ပညာဖြစ်သည် [နာ-၄၀၅]။ တစ်နည်းဖြစ်တာက အနိစ္စ၊ သိတာက မဂ္ဂ ဖြစ်သည်။ အနိစ္စကို မရှုမိ၍ မသိဘဲ သေသွားသော ပုဂ္ဂိုလ်မှာ စုံလုံးကန်း သေသွားသည်ဟု မှတ်ရမည်။ [နာ-၄၀၇] စုံလုံးကန်း လမ်းသွားအဖြစ်ကို ဆရာတော်က တိရစ္ဆာန် တီကောင်သွား သွားခြင်းဟု ပုံခိုင်းပြသည်။

ဒါကြောင့် အရှိကို အသိဉာဏ်နှင့် ကိုက်အောင် လုပ်ရမည်။ အရှိနှင့် အသိ မကိုက်လျှင် နောက်ဘဝမှာလည်း ဇာတိဘေး၊ ဇရာမရဏဘေး သင့်ကြရဦး မည်။ သံသရာ တစ်လျှောက်လုံး အရှုံးသမား ဖြစ်ခဲ့ကြရတာသည် အရှိနှင့်အသိ မကိုက်ခဲ့လို့ဟုလည်း ကောက်ချက်ချသည်။ အရှိက ဖြစ်ပျက် အနိစ္စပဲ၊ အနိစ္စကို အနိစ္စမှန်းသိလျှင် သံသရာ ပြတ်သည် [နာ-၄၁၄] ဟုလည်း မိန့်ပါသည်။

ပြီးနောက် စိတ္တာနုပဿနာ ရှုနည်းကို သင်ပေးသည်။ [နာ-၄၁၆] ဒိဋ္ဌိအား ကြီးသူသည် စိတ်ကိုရှုဖို့ တိုက်တွန်းသည်။ မျက်စိနှင့် အဆင်းတိုက်လျှင် မြင်စိတ် ပေါ်သည်။ နားနှင့် အသံတိုက်လျှင် ကြားစိတ်ပေါ်သည်။ ထိုပစ္စုပ္ပန်ကာလမှာ ပေါ်သောစိတ်ကို ရှုရမည်။ အပြင်ဒွေ့သည် ဓာတ်ခြောက်မျိုး၊ အတွင်းဒွေ့သည် ဓာတ်ငါးမျိုး၊ အိမ်ရှင်စိတ် နှစ်မျိုးပေါင်း ဓာတ် ၁၃ မျိုးကို ဝိပဿနာ ရှုရမည်။ စိတ်ဖြစ်ပြီး ပျက်ပုံကို ရှုရမည်။

ရှုညာဏ်မဂ္ဂင်ငါးပါးဖြင့် ရှုရမည်။ ထိုရှုညာဏ်ငါးပါးသည် အမောဟ (ပညာစေတသိက်) ပြဋ္ဌာန်းသည်။ စိတ်ကလေး ဖြစ်ပျက်တာကို ရှုပါ။ ရှုစရာ မရှိတော့ဟု ထင်လျှင် ဗင်လေစိတ်၊ ထွက်လေစိတ် (အိမ်ရှင်စိတ်) ကို ပြန်ရှုရမည်။ ညှော်သည်စိတ် ပေါ်လာလျှင် ထိုစိတ်ကို ရှုပါ။ ရှုညာဏ်ထဲမှာ အမြဲ ဖြစ်ပျက်နှင့်မဂ် တွဲနေအောင် အားထုတ်ရမည်။ ကိလေသာ ကြားမခိုစေရ။ ကြားမခိုလျှင် မနက်အားထုတ်၊ ညမှာ တရားထူး ရသည်။ ဗောဓိရာဇကုမာရမင်းသားကို ဘုရားက ဟောသည်ဟုလည်း ပြထားသည်။ ထိုသို့ရှုလျှင် အရှိနှင့်အသိ ကိုက်ပြီ။ ကိုယ့်ကိုယ်ကိုယ် ချစ်လျှင်၊ သစ္စာရှိလျှင် အပါယ်ဘေးက ကျွတ်အောင် အရှိနှင့်အသိ ကိုက်အောင် လုပ်ရမည်။ [နှာ–၄၃၄] ဒိဋ္ဌိ ပြုတ်ချင်လျှင် စိတ္တာနုပဿနာ ရှုပါ။ ကိုယ့်အသေ ကိုယ်မြင်အောင် ရှုပါ။ ထို့နောက် ဝဋ္ဋအကြောင်းကို ပြန်ပြောပြန်သည်။ တရားအားထုတ်မှ လူ့သံယောဇဉ် ပြတ်ပုံကို ပြလိုခြင်း ဖြစ်သည်။ အချိန်စေ့၍ တရားပွဲ ရပ်လိုက်သည်။

*

## ၁၀။ စိတ္တာနုပဿနာတရားတော်

[၈–၂–၆၁ ဦးချစ်ဆွေမှော်ရုံ မန္တလေးမြို့မှာ ဟောသောတရား]

'တရားရှာ ခန္ဓာထဲမှာတွေ့' ဆိုတဲ့အတိုင်း ခန္ဓာထဲမှာ တရားရှိတယ်။ ခန္ဓာထဲမှာ တရားရှာပါ ဆိုပြီး တရားကို စတင်ဟောသည်။ ခန္ဓာထဲမှာ တရားရှာ ဆိုခြင်းမှာ ခန္ဓာကို စောင့်ကြည့်ရခြင်း ဖြစ်သည် [နှာ–၄၅၆]။ အသက်ကလေး မှန်မှန်ရှူ(သမာဓိကို ထူထောင်ပြီး) ခန္ဓာမှာ ပေါ်ရာကို စောင့်ရှုပါ။

ထိုအခါ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ပေါ်မှာ အမြင်အာရုံတွေ တိုက်သဖြင့် အပြင်ညှော်သည် စိတ်တွေပေါ်မည်။ ပစ္စုပ္ပန်စိတ်ချည်းပင် ဖြစ်သည်။ ဘဒ္ဒေကရတ္တသုတ်မှာ ပစ္စုပ္ပန် တည့်အောင်ရှုဖို့ ညွှန်ပြထားသည်ဟု မိန့်သည်။ စောင့်တာက သတိ၊ သမာဓိ၊ ပညာနှင့် စောင့်ပြီးလျှင် စောင့်နေသော ရှုညာဏ်စိတ်ကလေးနှင့် ပေါ်ရာစိတ်ကို လိုက်ရှု၊ ရှုလိုက်သည်နှင့် တစ်ပြိုင်နက် အရှုခံစိတ် မရှိတော့ 'စက္ခုဝိညာဏံ အနိစ္စံ' ဖြစ်သွားသည်။

ပုဂ္ဂိုလ်သတ္တဝါ သူငါမြင်တာမဟုတ်၊ မြင်စိတ်က ပြန်ပြီး ချုပ်သွားသည်။ မြင်စိတ်က ဖြစ်ပျက်လိုက်ပြီး ရှုလို့ သိလိုက်တာက မဂ် [နှာ–၄၅၇]။ ထိုသို့ မရှု

လိုက်မိလျှင် မြင်စိတ်က နှစ်သက်၊ လိုချင်၊ စွဲလမ်း၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်တွေ ဆက်ဖြစ်သွားမည်။ တဏှာ၊ ဥပါဒါန်ကံ၊ ပဋိစ္စသမုပ္ပါဒ် ဆက်သွားလျှင် ဇာတိ၊ ဇရာ၊ မရဏ ဒုက္ခသစ္စာတွေ မုချလာတော့မည်။ ဒုက္ခသစ္စာ မပေါ်နိုင်အောင်၊ ဘယ်စိတ်ပေါ်ပေါ် ပေါ်ရာစိတ်ကို ဖြစ်ပျက်မြင်အောင် ဝိပဿနာ ရှုရမည်။ အနိစ္စကို သိအောင် လုပ်ရမည်။ (ဤတရားသည် အလုပ်သင်တရား ဖြစ်သည်။) ဘာကြောင့် စိတ္တာနုပဿနာကို သင်ရသလဲ။ ပုထုဇဉ်တွေမှာ ဉာဏ်လည်းနုံ့သည် ဒိဋ္ဌိလည်း များသည်။ ဒိဋ္ဌိများသော ပုဂ္ဂိုလ်များမှာ စိတ္တာနုပဿနာကို ရှုရမည်။ သူ့ကို အရင်ရှုမှ ဒိဋ္ဌိပြုတ်သည်ဟု ဆရာတော်ကြီးက ယူဆသည်။ [နှာ-၄၆၂] စိတ္တာနုပဿနာ ရှုတာသည် ဒိဋ္ဌိသတ်တာဟု ဆိုသည်။

နံလျှင် နံစိတ်ကလေး ဖြစ်ပျက်ရှု၊ မရှုမိပါက ဘယ်သူက နံတယ်။ ဘယ်က နံတယ်ဆိုပြီး ဒေါသ၊ သောက၊ ပရိဒေဝတွေ လိုက်လာလိမ့်မည်။ ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုမှ အနာဂတ် အကြောင်းတွေ ပြတ်ပြီး အနာဂတ်အကျိုး(ဒုက္ခသစ္စာ) မပေါ်တော့ပေ။ [နှာ-၄၆၄] ဝိပဿနာသည် နောက်ခန္ဓာ အစဉ်ပြတ်အောင် ရှုတာ ဖြစ်သည်။ မရှုမိဘဲ နှစ်သက်နေလျှင် တဏှာဥပါဒါန်ကံ လာမည်။ မနှစ်သက်လျှင် သောကပရိဒေဝ ဒုက္ခ၊ ဒေါမနဿလာသည်။ စိတ်ကလေး ဖြစ်သွားမှန်း မသိ လိုက်လျှင် မောဟကြောင့် အဝိဇ္ဇာ၊ သင်္ခါရလာမည်။ ပဋိစ္စသမုပ္ပါဒ် သုံးမျိုး လည်တော့ မည်။ ဆရာတော်က သောတာပန် တည်အောင်လို့ စိတ္တာနုပဿနာ ရှုနိုင်းခြင်း ဖြစ်သည်ဟု ဆိုသည်။ [နှာ-၄၆၆] စိတ်ကြောင့် ပုထုဇဉ်မှာ ငါနှင့် ငါ့ဥစ္စာစွဲ (အတ္တနှင့် အတ္တနိယ) လာပုံကို ရှင်းပြသည်။

ဖြစ်ပျက်ဟူသရွေ့ ဒုက္ခသစ္စာချည်း ဖြစ်သည်။ ဖြစ်ပျက်အနိစ္စကို သိအောင် ရှုလိုက်တာက ဝိပဿနာမဂ္ဂသစ္စာ ဖြစ်သည်။ ထိုမဂ်က အနာဂတ်အကြောင်းကို ရော၊ အနာဂတ်အကျိုးကိုပါ ဖြတ်ချလိုက်သည်။ သမုဒယနှင့် ဒုက္ခကို ဖြတ်ပေးခြင်း ဖြစ်သည်။ စိတ္တာနုပဿနာသည် သမုဒယနှင့် ဒုက္ခကို ဖြတ်တာဖြစ်သည်။ [နှာ-၄၇၀] တဏှာထုထဲ နစ်မွန်းမည့် ပုထုဇဉ်ကို ဝိပဿနာမဂ်က ကယ်မည်။

ဒါကြောင့် အတွင်းချေ့သည်စိတ်တွေ၊ ဥဒ္ဒစ္စ၊ ကုက္ကုစ္စ၊ ဗျာပါဒ ဘာပဲလာလာ ရှု၊ အလောဘလာလည်း ရှု၊ မလိုချင်ဘဲ ရပ်မနေနှင့် [နှာ-၄၇၆] အဒေါသစိတ် (မေတ္တာစိတ်) လာလည်း ရှုသာရှု၊ ရှုစရာ မရှိတော့လျှင် ဝင်လေစိတ်၊ ထွက်လေစိတ် ကို ရှု၊ ရှုသောအခါ အနိစ္စကို မြင်ပြီး နိစ္စထင်သော ဒိဋ္ဌိပြုတ်သည်။ [နှာ-၄၇၈] အပါယ်လေးပါး၊ ရပ်ပြစ်ရစ်ပါး လွတ်ချင်လျှင် စိတ္တာနုပဿနာရှုပါ [နှာ-၄၇၉]

ဟု တိုက်တွန်းထားသည်။ စိတ္တာနုပဿနာသည် ကိုယ့်စိတ် ကိုယ်အကဲခတ်တာ ဖြစ်သည်ဟုလည်း ဆိုသည်။

ကာမစိတ် ၅၄ မျိုး ရှိသည်။ ရဟန္တာများရသော မဟာကြိယာစိတ် ရှစ်ခု ဟသိတုပ္ပာဒ်စိတ် ၁ ကို နုတ်၊ ၄၅ ပါး ကျန်သည်။ ထိုစိတ် ၄၅ ပါးပဲ လှည့်ပေါ်နေမည် ဖြစ်သည်။ ပေါ်ချင်ရာ စိတ်ပေါ်ပေါ်လာတိုင်း သိအောင်လုပ်၊ ပျက်သွားတာ မြင်အောင်ရှုရမည်။ ပေါ်စိတ်က အနိစ္စ၊ အကဲခတ်သော စိတ်က မဂ်စိတ်၊ မဂ်ရဖို့ အရေးသည် ဆုတောင်းခြင်း အလုပ်မဟုတ် ရှေ့စိတ်ကို နောက်စိတ်နှင့် အကဲခတ်ဖို့သာ လိုသည်။ အကဲခတ်လျှင် ရှေ့စိတ်က ဖြစ်ပျက်၊ နောက်စိတ်က မဂ်၊ ရှေ့စိတ်က ဒုက္ခသစ္စာ၊ နောက်စိတ်က မဂ္ဂသစ္စာ ဖြစ်သည် [နှာ-၄၈၉] အကဲခတ်တတ်လျှင် ကိုယ့်အသေ ကိုယ်မြင်လာမည်။

ဤတရားတွင်လည်း ဝစ္ဆပုဏ္ဏား၏ အမေးကို ထည့်ဟောသည်။ လူ့သံယောဇဉ် မစွန့်ဘဲ နိဗ္ဗာန် ရနိုင်သလား အမေးဖြစ်၏။ ဖြစ်ပျက်နောက်က မဂ်လိုက်နေလျှင် လူ့သံယောဇဉ် ပြတ်ပုံကို ရှင်းပြသည်။ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လျှင် နိဗ္ဗာန်ရသည်။ ဒိဋ္ဌိ မပြုတ်ဘဲ ကုသိုလ်ကံတွေ လုပ်လျှင် နိဗ္ဗာန် မရသော်လည်း သုဂတိရပုံ၊ အာဇီဝကများ၏ အကျင့်သည် နိဗ္ဗာန်ကို မရနိုင်ကြောင်း ဟောပုံကို ပြသည်။ မိစ္ဆာဒိဋ္ဌိ ခံနေ၍ မရပုံကိုလည်း ရှင်းပြသည်။ သက္ကာယဒိဋ္ဌိပယ်ဖို့ အရေးကြီးပုံကို ရင်ဝလှံစူး ဥပမာဖြင့် ဟောပုံကို ပြသည်။ ဖြစ်ပျက်မြင်လျှင် ဒိဋ္ဌိပြုတ်ပုံကို ရှင်းသည်။ ဒိဋ္ဌိပြုတ်လျှင် မနက်အားထုတ် ညနေမှာ တရားထူးရမည်ဟု အားပေးစကား ဆိုပြီး တရားသိမ်းသည်။

*

## ၁၁။ ခန္ဓာပဋိစ္စသမုပ္ပာဒ်၊ ခန္ဓာအစဉ် သိ၊ ဒိဋ္ဌိပြုတ်ရေးတရားတော်

[၉-၂-၆၁ ဦးချစ်ဆွေဓမ္မာရုံ မန္တလေးမြို့မှာ ဟောသောတရား]

မိမိ၏ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို သိအောင် တရားအားထုတ်ရမယ်။ ပြီးလျှင် သက္ကာယဒိဋ္ဌိကို အသိနှင့်ဖြုတ်ရမည် စသော လမ်းညွှန်စကားဖြင့် ဤတရားကို စဟောပါသည်။ ပဋိစ္စသမုပ္ပာဒ်ထဲမှာ ခန္ဓာဖြစ်စဉ်ကြီး တန်းနေတာသာ ဖြစ်သည်။ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်သတ္တဝါ၊ သူငါမပါဟု သိလာသည်။ ဝိပဿနာဉာဏ်မှာ ပရမတ္ထသစ္စာကို သိမြင်လာလျှင် ဒိဋ္ဌိပြုတ်သည်။ [နှာ-၅၁၂] အနုရာဓဝတ္ထုကို

ထောက်၍ ဒိဋ္ဌိပြုတ်ပြီး ဝိပဿနာ ရှုမှ လိုရာကိစ္စပြီးကြောင်း ပြသည်။ မျက်စိနှင့် အဆင်းတိုက်၊ မြင်စိတ်ပေါ် ဖဿဖြစ်၊ ဤဖြစ်စဉ်တွင် ပုဂ္ဂိုလ်သတ္တဝါ မပါပါ။ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကံဖြစ်ရာမှာလည်း ပုဂ္ဂိုလ်သတ္တဝါမပါ၊ ဇာတိ ဖြစ်ရာမှာလည်း နာမ်ရုပ်ပဲ ပုဂ္ဂိုလ်သတ္တဝါမပါ။ ဇရာမရဏာစုတိထဲမှာလည်း နာမ်ရုပ်ချုပ်တာပဲ ပုဂ္ဂိုလ်သတ္တဝါ မပါ။ နာမ်ရုပ်တွေ တန်းသွားနေတာသာ ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါသည် အပြောသာ ရှိသည်။ တကယ် အရှိတရား မဟုတ်။ ခန္ဓာငါးပါးကလည်း ဒုက္ခသစ္စာ၊ ဖြစ်လည်းဒုက္ခ၊ ပျက်လည်းဒုက္ခပင်။ အသိနှင့် ဒိဋ္ဌိ ကွာသွားလျှင် ဝိပဿနာရှုနိုင်ပြီ [နှာ-၅၁၆]။

ထို့နောက် အနုရာဓဝတ္ထုကို ဆက်ဟောသည်။ သတ္တဝါသေရင် ဖြစ်သေးသလား ဆိုသော အမေးပုစ္ဆာ ဖြစ်သည်။ ထိုအမေးသည် သဿတဒိဋ္ဌိအမေး ဖြစ်မည်။ ဒိဋ္ဌိပြုတ် အမြင်ကိုရသူသည် သတ္တဝါကို မမြင် ခန္ဓာဖြစ်စဉ်တွေ တန်းနေတာကိုသာ အရှိအဖြစ် မြင်သည်။ ထို့ကြောင့် သတ္တဝါကို အမည်တပ်မေးလျှင် အဖြေမရှိဟု သိရမည်။ ပစ္စုပ္ပန်မှာ ပေါ်တာ မြင်စိတ်၊ ကြားစိတ်၊ ခံစားစိတ်၊ မှတ်သားစိတ်၊ စေ့ဆော်စိတ်၊ လိုချင်စိတ်၊ စွဲလမ်းစိတ်၊ အားထုတ်စိတ်တွေပဲ ရှိသည်။ ပုဂ္ဂိုလ် သတ္တဝါမပါ။

တိတ္ထိတွေက အရှင်အနုရာဓကို သတ္တဝါသေရင် မဖြစ်တော့ဘူးလားဟု ဆက်မေးပြန်သည်။ အရှင်အနုရာဓက မဖြေ၊ သတ္တဝါ ပါနေသည့်အတွက် ဖြစ်သည်။ သတ္တဝါသည် အရှိတရားမဟုတ် အခေါ်ပညတ်သာ ဖြစ်၏။ ခန္ဓာထဲမှာ ဘယ်ခါကြည့်ကြည့် ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာပဲ ရှိသည်။ ထို့ကြောင့် ဝိပဿနာ မလုပ်ခင် ပုဂ္ဂိုလ်သတ္တဝါ မရှိဘူးဆိုတာ ပထမဖြစ်အောင် လုပ်ရမည်။ တိတ္ထိများ အမေးပုစ္ဆာကြောင့် အရှင်အနုရာဓ စိတ်ထဲမှာ ဝိစိကိစ္ဆာ ဖြစ်လာသည်။ သတ္တဝါ ရှိသလား။ သတ္တဝါသေရင် နိဗ္ဗာန် ရောက်သွားသလား စသည်ဖြစ်၏။

အရှင်အနုရာဓ ရင်ထဲက သံသယရှင်းရန် ဘုရားထံ သွားသည်။ ဘုရားက အကဲခတ်သည်။ အနုရာဓ ဝမ်းထဲမှာ ဒိဋ္ဌိဝိစိကိစ္ဆာ ဖြစ်နေသည်ကို မြင်တော်မူသည်။ ထို့နောက် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်ပြီးမှ ဝိပဿနာ ရှုရမည်ဟူသော တရားကို ဟောသည်။ ထို့နောက် ဖဿပေါ်ပုံကို ပြပြီး ပုဂ္ဂိုလ်သတ္တဝါ မပါပုံ အကြောင်းကြောင့် အကျိုး ဖြစ်ပုံကို ပြသည်။ ဤသို့သိလျှင် ဝိစိကိစ္ဆာ ပြုတ်သည်။ ဘုရားက ဉာဏ်မရှင်းဘဲ ဒိဋ္ဌိကပ်နေသော အနုရာဓရဟန်းကိုပင် ဒိဋ္ဌိပြုတ်တရားကို ဟောရပြန်သည်။ [နှာ-၅၁၇] စိတ္တာနုပဿနာ ရှုဖို့ တိုက်တွန်းထားသည်။ ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရန်

ဖြစ်သည်။ ခန္ဓာငါးပါးအပြင် ပုဂ္ဂိုလ်သတ္တဝါ မရှိကြောင်း ပြသည်။ ဒိဋ္ဌိဖြုတ်ဖို့ အရေးကြီးပုံကို ပြသည်။ ဖြစ်ပျက်ရှု၊ ဖြစ်ပျက်မြင်လျှင် ဒိဋ္ဌိကွာသည်။ ဖြစ်ပျက်ပြင်ပြီးလျှင် ဖြစ်ပျက်မုန်းဉာဏ် ပေါ်သည်။ ထို့နောက် ဆက်ရှုပါက ဖြစ်ပျက်ဆုံး နိဗ္ဗာန်ပေါ်သည်။ ဒုက္ခချုပ်ရာဖြစ်မှ ငရဲမျိုးစေ့ လုံးဝ ကင်းရှင်းသွားပါသည်။ နာရီ စေ့၍ တရားပြီး၏။

*

## ၁၂။ ဒိဋ္ဌိခံနေရင် မဂ်ဖိုလ်မရနိုင်ကြောင်းတရားတော်

[၁၂-၁၂-၆၁ ဦးချစ်ဆွေမွှာရုံ မန္တလေးမြို့မှာ ဟောသောတရား]

မြတ်စွာဘုရားသည် သဿတဥစ္ဆေဒ အစွန်းနှစ်လမ်းကို ရှောင်ပြီး မဇ္ဈိမ ပဋိပဒါ အလယ်လမ်းက သွားသည်ဆိုသော အဆိုပြုချက်ဖြင့် ဤတရားကို စတင် ဟောကြားသည်။ မဇ္ဈိမလမ်းက သွား၍ ဘုရားဖြစ်သည်။ နိဗ္ဗာန်ကို ရောက်သည်။ ဘဝကို ခင်တွယ်ကာ သဿတဒိဋ္ဌိ ဘဝကို ပညာမပါဘဲ အရမ်း ပြတ်ချင်တာ ဥစ္ဆေဒဒိဋ္ဌိ ဘုရားတွေ ဂင်္ဂါသဲစုနှင့်အမျှ ပွင့်ခဲ့ကြပါလျက် မိမိတို့ မကျွတ်ဘဲ ကျန်ရစ် နေတာသည် ဘဝကို ခင်တွယ်သော သဿတဒိဋ္ဌိကြောင့် [နှာ-၅၆၃] ဖြစ်သည်ဟု ဖော်ပြသည်။ ဗုဒ္ဓဘာသာမှန်က သဿတဒိဋ္ဌိ ခံနေတာများသည် [နှာ-၅၆၅] ဘုံဘဝမှာ လုပ်သော တဏှာနှင့် နေကြတာ များသည်။

ဒါကြောင့် နိဗ္ဗာန်ကို အရောက်နှေးသည်။ [နှာ-၅၆၆] သဿတဒိဋ္ဌိသည် အပြစ်မကြီးသော်လည်း ကျွတ်ခဲသည်။ ဥစ္ဆေဒသာ၊ အပြစ်ကြီးသည်။ သို့သော် ဘုရားတပည့်သားနှင့် တွေ့လျှင် ချက်ချင်း ကျွတ်လွတ်သည်။ ဤဒိဋ္ဌိနှစ်မျိုးလုံးကို ခန္ဓာပဋိစ္စသမုပ္ပါဒ် သိမှ ရှောင်နိုင်သည် [နှာ-၅၇၀]။ ဒိဋ္ဌိ မရှင်းဘဲ ဝိပဿနာ လုပ်လျှင် ဒုဗ္ဗလဝိပဿနာ ဖြစ်၍ မဂ်ဉာဏ်ကို မရဘူး [နှာ-၅၇၁]။ ဒိဋ္ဌိ ရှင်းပြီး ရှုသော ဝိပဿနာသည်သာ အားကြီးသည် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသည်။ ဒိဋ္ဌိ မခွာဘဲရှုသော ဝိပဿနာသည် ကုသိုလ်တော့ ရပါ၏။ အရှင်ဆန္နကို ဥပမာထား၍ ဟောသည်။

ထို့နောက် မြင်စိတ်ကို ဝိပဿနာ ရှုပုံပြသည်။ မြင်စိတ်က တဏှာ၊ ဥပါဒါန် ကံဆက်၍ ဖြစ်ပုံကို သိအောင် ရှုတတ်ရမည်။ ရှုလိုက်တော့ ဖဿအနိစ္စ၊ ဝေဒနာ အနိစ္စ မြင်ရသည်။ ရှေ့စိတ်ဖြစ်ပြီး ချုပ်သည်။ နောက်စိတ် ပေါ်အောင်လည်း

ကျေးဇူးပြုခဲ့သည်။ [နာ–၅၇၈] ပျောက်သွားပုံ မြင်လိုက်တော့ နိုင်တယ်မြဲတယ် ထင်သော သဿတဒိဋ္ဌိ ပြုတ်သည်။ အစားထိုးတာ ကြောင်းကျိုးဆက်တာ မြင်ရ တော့ ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။ ဒိဋ္ဌိခွာပုံကို ပြနေခြင်း ဖြစ်သည်။ ခန္ဓာဖြစ်စဉ်မှာ ပျက်သွားသော်လည်း ပြတ်မသွားသည်ကို မြင်အောင် ရှုရမည်။ [နာ–၅၈၁] ပေါ်ရာ တရားတစ်ခုစီကို ဖြစ်ပျက်ရှုပါ။ အဖြစ်မြင်လျှင် ဥစ္ဆေဒစင်သည်။ အပျက်မြင်လျှင် သဿတစင်သည်။ [နာ–၅၈၅] ဖြစ်ပျက်မြင်ပြီး ဒိဋ္ဌိစင်ပြီး ရှုသောပုဂ္ဂိုလ်မှာ ဝိပဿနာဉာဏ်ပြီးလျှင် မဂ်ဉာဏ်လာရသည် [နာ–၅၈၈] အရှင်ဆန္န ဥပမာကို ဟောပြန်သည်။ ၄၅ နှစ် ဝိပဿနာရှုသည် ဒိဋ္ဌိမကွာဘဲရှု၍ မဂ်ဉာဏ်ဖိုလ်ဉာဏ် မရဖြစ်ပုံကို ပြသည်။ အရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်ပြပြီး ဒိဋ္ဌိခွာပေးမှ အရှင်ဆန္န ရဟန်း ကိစ္စပြီးသွားသည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၃) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၄)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၄)

**နိဒါန်း**

ဤအမှတ်စဉ်(၄) စာအုပ်ပါ တရားများမှာလည်း မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောကြားသော တရားများ ဖြစ်သည်။ တရားအားထုတ်ရာ၌ ပထမဦးစွာ ပြုလုပ်ရမည့် ဒိဋ္ဌိခွာမှု ကိစ္စကို အဓိကထား၍ ရှေ့ပိုင်းမှာ ဟောကြားထားသည်။ ဒိဋ္ဌိကို အသိနှင့် ပထမ မခွာဘဲ ဝိပဿနာ အားထုတ်လျှင် ဒုဗ္ဗလဝိပဿနာ ဖြစ်သည်။ အားနည်းသော ဝိပဿနာဖြစ်၍ မဂ်ဖိုလ်ကို မရနိုင်၊ ကုသိုလ်လောက်ပဲ ရနိုင်ကြောင်းကို ပေါ်လွင်အောင် ဟောထားပါသည်။ ထို့နောက် ဝိပဿနာ ရှုနည်းများကို ဟောကြားထားသည်။ စရိုက်နှင့် ကမ္မဋ္ဌာန်းကိုက်အောင် ပေးရေးကိုလည်း ညွှန်ပြထားသည်။ စိတ္တာနုပဿနာ ရှုနည်းကို ထပ်မံ ပြသတော်မူသည်။ သတိထားပြီး ပညာနှင့် ရှုပွားဟု နည်းပေးသည်။ ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်ဆိုသော အသုံးအနှုန်းကို စတင် သုံးစွဲထားသည်။ တရား အားထုတ်တာ ကြာပြီ။ သောတာပတ္တိမဂ်ကိုပင် မရသေးဟု ဆိုကြသူများမှာ ဖြစ်ပျက်နှင့်မဂ် မကိုက်ဘဲ ဖြစ်နေကြပုံကို ရှင်းထားသည်။ ဝေဒနာနုပဿနာ ရှုနည်းကိုလည်း အလုပ်ပေးတရားအဖြစ် ဤတွင် ထပ်မံ ဟောကြားပြန်ပါသည်။ ဉာဏ်သုံးဆင့်ဖြင့် မဂ်ကိစ္စ ပြီးနိုင်ပုံကိုလည်း ထပ်မံ ပြထားပါသေးသည်။

## ၁။ ဝိပဿနာမလုပ်ခင် ဒိဋ္ဌိ အရင်ဖြုတ်ရမည့် တရားတော်
[၁၃–၂–၆၁ ဦးချစ်ဆွေမမွှာရုံ မန္တလေးမြို့မှာ ဟောသောတရား]

'ခန္ဓာဉာဏ်ရောက်စေချင်တယ်' ဆိုသော စေတနာ စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ဖြစ်ပျက် မြင်သော်လည်း ဒိဋ္ဌိ တစ်ခုခု ခံနေလျှင် ဒုဗ္ဗလ (အားနည်းသော) ဝိပဿနာ ဖြစ်နေသည့်အတွက် မဂ်ဉာဏ်ဖိုလ်ဉာဏ် မရနိုင်ဘူး [နှာ–၁] ဟု ပြတ်ပြတ်သားသား ဟောထားသည်။ (သူတစ်ပါး မပြောကြားဝံ့သော ရဲရဲတောက်စကား ဖြစ်သည်) ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ဒိဋ္ဌိကပ်နေမည်။ ဒိဋ္ဌိကို မခွာနိုင်ပါ။ ပဋိစ္စသမုပ္ပာဒ်ကို သိမှ ခန္ဓာငါးပါးဖြစ်ကြောင်း ချုပ်ကြောင်းကို သိနိုင်သည်။ (ဒိဋ္ဌိဖြုတ်မှုနှင့် ပဋိစ္စသမုပ္ပာဒ် သိမှု ဆက်စပ်နေသည်)။

ဤတရားအတွက် ဝတ္ထုသက်သေအဖြစ် အရှင်ဆန္နအကြောင်း ဝတ္ထုကို ထုတ်ပြသည်။ အရှင်ဆန္နသည် ဖွားဖက်တော် မြင်းမြီးဆွဲမှာဆန် ဖြစ်သည်။ သူသည် နှစ်ပေါင်းများစွာ ဝိပဿနာကို အားထုတ်သည်။ ဖြစ်ပျက်ကိုလည်း မြင်သည်။ သို့သော် မဂ်ဉာဏ်မရ၊ နိဗ္ဗာန်ကို မမြင် ဖြစ်နေလေသည်။ သူသည် နောက်ဆုံး ကောသမ္ဗီပြည်မှာ ရောက်နေသော အရှင်အာနန္ဒာထံ သွားသည်။ အရှင်အာနန္ဒာက သူ့အားနည်းချက်ကို လေ့လာပြီး ပဋိစ္စသမုပ္ပာဒ်ကို ပြပြီး ဒိဋ္ဌိဖြုတ်ပေးလိုက်သည်။ ထိုအခါကျမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရသွားလေသည်။

ဘုရားရှင်က 'သပ္ပုရိသသံသေဝေါ' ဂါထာဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ် ရရေးတွင် သူတော်ကောင်းနှင့်ပေါင်း၊ သူတော်ကောင်းတရားနာ၊ သင့်လျော်စွာ နှလုံးသွင်း၊ လောကုတ္တရာ အားလျော်က အကျင့်ကို ကျင့်မှုရကြောင်း ဟောကြားပုံကို ဟောသည်။ ဒိဋ္ဌိမပြုတ်ဘဲ တရားအားထုတ်လျှင် ရှေ့နောက် အစီအစဉ် လွဲနေတတ်ပုံကိုလည်း ဆုံးမသည် [နှာ–၁၆] ဒိဋ္ဌိအပင်းခံနေလျှင် ဝိပဿနာရှု ဖြစ်ပျက် မြင်လည်း မဂ်ဉာဏ်မရနိုင်ဟု ဆိုသည်။ အရှင်ဆန္နဝတ္ထုကို မဟောမီ ဒိဋ္ဌိခွာနည်းကို ပြမည် ဆိုပြီးပြသည်။ ဉာတပရိညာကို မသိဘဲ ပွားမှု တီရဏပရိညာကို လုပ်လည်း အထမမြောက်ကြောင်း ဟောသည် [နှာ–၂၈] ရှေးဦးစွာ သိမှု ဉာတပရိညာကို လုပ်ရမည်။ ဉာဏ်အစီအစဉ် တည့်အောင် လုပ်ပေးခြင်း ဖြစ်သည်။ သိမှု၊ ပွားမှု၊ ပယ်မှု အစဉ် တည့်ရမည်။

ပြီးနောက် သဿတ၊ ဥစ္ဆေဒဒိဋ္ဌိ ရှိသူများ၏ သဘောလက္ခဏာကို ရှင်းပြသည်။ သဿတဒိဋ္ဌိသမားသည် ချက်ချင်း နိဗ္ဗာန်ကို မရချင်၊ သံသရာမှာ ဘဝသမ္ပတ္တိ ဘောဂသမ္ပတ္တိကိုပဲ လိုချင် တောင့်တသည်။ ဘုံစဉ်မှာပဲ ဖြစ်ချင်သည်။ ယောဂီများ

ကိုယ့်ကိုယ်မှာ ဘယ်ဒိဋ္ဌိ ရှိနေသလဲ ဝေဖန်နိုင်းသည်။ သေရင် အေးတာပဲ ဆိုသူများသည် ဥစ္ဆေဒဒိဋ္ဌိသမားများ ဖြစ်ကြသည်။

ထိုဒိဋ္ဌိနှစ်ခုစလုံးကို ပယ်ရမည်။ အသိနှင့် ဒိဋ္ဌိပြုတ်လျှင် စူဋသောတာပန်ဖြစ်ပါတယ် [ နှာ–၂၉ ]ဟု မိန့်သည်။ ဘုံဘဝ ကြိုက်သူများသည် အရိုးတောင်လိုပုံပြီး အရိုးကြီးပွားရေး ကြိုက်သူများဖြစ်သည်ဟု သုံးသပ်ပြသည်။ [ နှာ–၃၂ ] ဝိပဿနာရှုသောအခါ သဿတဥစ္ဆေဒဒိဋ္ဌိတွေ ပယ်ပြီး အလယ်လမ်းက လိုက်ရမည်။ မဂ္ဂင်လမ်းက လိုက်ရမည်။ ပဋိစ္စသမုပ္ပာဒ်ကို ပြပြီး ဒိဋ္ဌိဖြုတ်ပုံ ပြသည်။ ဓမ္မ၊ ခန္ဓာငါးပါး၊ သင်္ခါရတရားတို့၏ အဖြစ်ကိုမြင်လျှင် ဥစ္ဆေဒဒိဋ္ဌိစင်ပုံ၊ အပျက်ကိုမြင်လျှင် သဿတဒိဋ္ဌိ စင်ပုံကို ပြသည်။ ဖြစ်ပျက်မှတစ်ပါး ဒိဋ္ဌိခွာနည်းမရှိ [ နှာ–၅၂ ] ဟု မိန့်သည်။ ပြီးမှ အရှင်ဆန္နကို ရှင်အာနန္ဒာက ပဋိစ္စသမုပ္ပာဒ်ပြပြီး ဒိဋ္ဌိဖြုတ်ပုံဝတ္ထုကို ဟောသည်။ ဒိဋ္ဌိမဖြုတ်ဘဲ ဝိပဿနာရှုလျှင် မဂ်ဉာဏ်မရ ကသိလ်သာရမည်ဆိုသော စကားဖြင့် တရားနိဂုံး ချုပ်ထားသည်။

*

## ၂။ လောင်စာနှင့်မီးတွဲပုံတရားတော်

[၁၄–၂–၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား ]

ခန္ဓာရှိလို့ လူမှာ အိုဘေး၊ နာဘေး၊ သေဘေးတွေ ရှိနေသည်။ ရောဂါရှိလျှင် ဆေးရှာရသည်။ ခန္ဓာမှာ တဏှာလောင်နေသည်။ တဏှာကြောင့် ရောဂါတွေဖြစ်နေသည်။ ဝက်များမှာ အသားတိုးလွန်းလျှင်လည်း သေတတ်သည်။ လူမှာလည်း ခန္ဓာထဲပါသော ရောဂါ(တဏှာ) သတ်၍ သေရသည်။ အိုနာသေဘေး ရောဂါရှိနေသည်။ မအို၊ မနာ၊ မသေရာ ဆေးရှာသင့်သည်။ သို့သော် ပုထုဇဉ်တွေသည် အိုနာပျောက်ဆေး မရှာ၊ အိုနာရောက်ဆေးတွေကိုချည်း ရှာနေတတ်ပုံကို ပဋိစ္စသမုပ္ပာဒ် လည်နေပုံနှင့် ရှင်းပြသည်။ [ နှာ–၆၉ ] ယနေ့တော့ ရောဂါပျောက်ဆေးပေးမည်ဟု မိန့်တော်မူသည်။

ထို့နောက် ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ဒိဋ္ဌိမပြုတ်နိုင်ပုံကို ပြသည်။ ဒိဋ္ဌိ မပြုတ်လျှင် အပါယ်ဘေး ကျရောက်နိုင်ပုံ အပါယ်ဘေးကို ရောက်သူသည် သုဂတိဘဝသို့ ပြန်ရောက်ရန် ခဲယဉ်းပုံကို လိပ်ကန်းထမ်းပိုး ဥပမာ ဝတ္ထုဖြင့် ဟောသည်။ [ နှာ–၇၃ ] အလွန်ရခဲသော ဘဝကို ရထားချိန်တွင် ထိုဘဝကို အသုံးချပြီး အိုနာသေ လွတ်ရာကို ရှာသင့်ကြောင်း ပြောလိုခြင်း ဖြစ်သည်။

ရထားသော ဘဝမှ အောက်သို့ လျှောကျမသွားရအောင် လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းထားသည်။ ဤဘဝမှာပင် သစ္စာသိအောင် မဂ်ဉာဏ်ရအောင် လုပ်ရန်လည်း တိုက်တွန်းသည်။ ယခု ရထားသော ခန္ဓာငါးပါးမှာလည်း ဒုက္ခသစ္စာသာ ဖြစ်သည်။ အဝိဇ္ဇာ မသိမှုနှင့် သင်္ခါရ ပြုပြင်မှုကြောင့် ရလာသော ခန္ဓာဖြစ်သည်။ ထိုခန္ဓာသည်လည်း ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်တွေ လိုက်နေသည်။ ဝဋ်ဆိုသည်မှာ လုံးလည်လိုက်နေခြင်း ဖြစ်သည်။ တစ်သံသရာလုံး သမုဒယနှင့် ဒုက္ခပဲ တဝဲလည်လည် ဖြစ်ခဲ့သည်။ ဤအဖြစ်သည် မီးနှင့်လောင်စာ တွဲ၍ နေခဲ့ခြင်း ဖြစ်သည်။ [နှာ–၈၈] သမုဒယက မီး၊ ဒုက္ခဟာ လောင်စာ ခန္ဓာ [နှာ–၈၉] သစ္စာလေးပါး ရှိသော်လည်း သစ္စာနှစ်ပါးဖြင့် သံသရာ လည်ခဲ့ရသည်။ လောင်စာနှင့် မီးဖြင့်သာ နေခဲ့ရသည်။ သစ္စာနှစ်ပါး ကွယ်နေခဲ့သည်။ ဒါကြောင့် လူသားသည် လောင်စာသိမ်း၍ မီးငြိမ်းခြင်းကို ရှာရမည်။ တစ်သံသရာလုံးမှာ နေခြင်းဆိုးနှင့် နေခဲ့ရပြီး သေခြင်းဆိုးချည်း သေခဲ့ရသည် [နှာ–၉၀]။

ထို့နောက် အစေလကဿပဝတ္ထုကို ဆက်ဟောသည်။ လောင်စာသိမ်း မီးငြိမ်းသည့် အလုပ်ကို လုပ်ရတော့မည်ဟု ဆုံးမသည်။ ရာဇဂြိုလ်ပြည်မှာ ဆွမ်းခံစဉ် ဗုဒ္ဓမြတ်စွာဘုရားနှင့် အစေလကဿပ (အဖော်မပါသော ကဿပ)တို့ ဆွမ်းခံရင်း ဆုံတွေ့ကြသည်။ အစေလကဿပက မေးခွန်းမေးသည်။ ဘုရားက ဆွမ်းခံနေဆဲဖြစ်၍ မဖြေဘဲထားသည်။ သုံးကြိမ်တိုင်လိုက်၍ မေးသည်။ သုံးကြိမ် မေးပြီးမှ ဘုရားက ဖြေရန် ဝန်ခံသည်။ ဘုရားထုံးစံ ဖြစ်သည်။ မေးသူ ဉာဏ်ရင့်အောင် စောင့်ခြင်းဖြစ်သည်။ အစေလကဿပက ဒုက္ခကို မိမိပြုတာလား၊ ဘုရားက မဟုတ်ဘူးဟု ဖြေသည်။ ကိလေသာဝဋ်၊ ကမ္မဝဋ်ကြောင့် ဖြစ်သည်ဟု ဆိုလိုသည်။

ဒုတိယမေးခွန်းမှာ ဒုက္ခကို သူတစ်ပါး ပြုတာလား ဖြစ်သည်။ မဟုတ်ဘူးဟု ဘုရားက ဖြေသည်။ ကိလေသာဝဋ်၊ ကမ္မဝဋ်က လုပ်တာဟု နားလည်ရမည်။ တတိယမေးခွန်းမှာ ဒုက္ခကို မိမိ သူတစ်ပါးနှစ်ဦးပေါင်း ပြုတာလား မဟုတ်ဘူးဟု ဖြေသည်။ ငါ သူတစ်ပါးမပါဟု နားလည်ရမည်။ အကြောင်းအကျိုး ဖြစ်စဉ်ဟု နားလည်ရမည်။ စတုတ္ထမေးခွန်းမှာ ဒါဖြင့် ဒုက္ခခန္ဓာကြီးသည် သူ့အလိုလို ပေါ်တာလား မဟုတ်ဘူးဟု ဖြေ။ နောက်ဆုံး မေးခွန်းမှာ ဒုက္ခမရှိဘူးလား၊ အဖြေမှာ ဒုက္ခရှိသည်။ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခသစ္စာဖြေ။ ဒုက္ခကို သိနိုင်သလား သိနိုင်သည်။ ပုစ္ဆာခြောက်ခု မေးသည်။ ဒိဋ္ဌိစင်ပြီ။ ဒိဋ္ဌိစင်ပြီးမှ ဝိပဿနာ ရှုခိုင်းရာ အစေလကဿပ ရဟန္တာဖြစ်သည်။ အချိန်စေ့ တရားသိမ်းသည်။

*

## ၃။ တဏှာထက် ဒိဋ္ဌိကပို၍ ကြောက်စရာကောင်းပုံ တရားတော်

[၁၅–၂–၆၁ ဦးချစ်ဆွေမမွှာရဲ့ မန္တလေးမြို့မှာ ဟောသောတရား]

ဒိဋ္ဌိနှင့် တဏှာတွင် ဒိဋ္ဌိက ပိုပြီး ကြောက်စရာကောင်းတယ် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ဒိဋ္ဌိက အပါယ်လေးပါး အမြဲတမ်းချသည်။ တဏှာက အပါယ်မချသော တဏှာရှိသည်။ ဒိဋ္ဌိက သတ္တဝါကို ချည်တုပ်ပြီး တဏှာက သံသရာ ရှည်မျောအောင်လုပ်သူ ဖြစ်သည်။ တုပ်ချည်ထားသူကို ရေမှာမျောလျှင် သောင်ကမ်း၊ ဖောင်တွေ့ငြားသော်လည်း အားကိုးရာမဲ့ ဖြစ်သည်။ ဒိဋ္ဌိဆိုတာ ခန္ဓာငါးပါးကို ငါ ငါ့ဥစ္စာမှတ်တာ [နာ–၁၁၄]ဟုလည်း အဓိပ္ပာယ်ဖွင့်ပြသည်။

ပဋိစ္စသမုပ္ပါဒ်ကို ပြနေခြင်းမှာ ဒိဋ္ဌိဖြုတ်ဖို့ ဖြစ်သည်။ ဒိဋ္ဌိဖြုတ်လျှင် အပါယ်ဘေးက လွတ်သည်။ ခန္ဓာဖြစ်စဉ် မသိလို့ ဒိဋ္ဌိလာသည်။ [နာ–၁၁၅] ပဋိစ္စသမုပ္ပါဒ်အရ ခန္ဓာဖြစ်စဉ်ကြီး တစ်ခုဖြစ်ပြီးပျက်၊ နောက်တစ်ခု အစားထိုးပေါ်ပုံကို ဖဿပစ္စယာဝေဒနာ ဝေဒနာပစ္စယာတဏှာဖြင့် ပြသည်။ ခန္ဓာဖြစ်ပုံ အမှန်ကို သိလျှင် ဒိဋ္ဌိ မဖြစ်နိုင်ပုံကို ပြသည်။

မြင်လိုက်သည်နှင့် ကြားလိုက်သည်နှင့် ကံမြောက်သွားသည်။ ဝိပဿနာ မပါလျှင် ကံမြောက်သည်ချည်း ဖြစ်သည်။ ဝိပဿနာပါမှ ကံကို ဖြတ်နိုင်သည်။ ကံပြတ်တရားကသာ ကယ်မည့်တရား ဖြစ်သည် [နာ–၁၂၁]။ ကံပြတ်တရား ဝိပဿနာကိုသာ အားကိုးရမည်။ ဝိပဿနာမဂ်၊ ထို့နောက် လောကုတ္တရာမဂ်ကသာ ကံကို ဖြတ်ချနိုင်သည်။ တစ်နေ့လျှင် ကံဖြစ်တာက အကြိမ်မရေတွက်နိုင်ပါ။ ဝိပဿနာ မရှုမိလျှင် ကမ္မဘဝပစ္စယာဇာတိ အကြိမ်များစွာ သွားတော့သည် [နာ–၁၂၃] ဇာတိ၊ ဘယ်ဇာတိပဲဖြစ်ဖြစ် ဒုက္ခသစ္စာချည်း ဖြစ်သည်။ တစ်နေ့မှာ မျက်လုံးပေါက်၊ နားပေါက်၊ နှာခေါင်းပေါက်၊ လျှာပေါက်က ဖြစ်သည့် ကံတွေက မရေမတွက်နိုင် ဖြစ်သည်။

ထိုကံတွေကို အဟောသိကံ ဖြစ်သွားအောင် လုပ်ရမည်။ မလုပ်နိုင်ပါက အပါယ်လေးပါးမှာ ခါးစည်းခံပေတော့ [နာ–၁၂၄]ဟု မိန့်တော်မူသည်။ ဝိပဿနာ အလုပ်ဆိုတာက ကံကျေးတွေကို မဂ်နှင့် ဆပ်တာ [နာ–၁၂၆]ဟု မှတ်ရမည်ဟု မိန့်သည်။ တစ်သက်လုံး မုဆိုးလုပ်လာသူ၏ ကံကို ဝိပဿနာမဂ်က ကယ်သည်။ အင်္ဂုလိမာလ၏ အကုသိုလ်ကံတွေကို မဂ်ဉာဏ်က ဖြတ်ချလိုက်ပုံကို နမူနာ ပြသည်။

ပဋ္ဌာနန္တ ရိယကံမှတစ်ပါး ကျန်ကံတွေကို မဂ်ဉာဏ်က ဖြတ်ချနိုင်သည်။ [နာ-၁၂၇] အေးအေး နေချင်တယ်။ ထမင်းကြမ်း ယပ်ခတ် စားချင်တယ် မလုပ်ပါနှင့်ဦး။ ဝိပဿနာ အရင်လုပ်ပါဦးဟုလည်း တိုက်တွန်းသည်။

ဘာဝေတဗ္ဗကိစ္စ ပွားမှုများ လုပ်ရဦးမည်။ ပစ္စည်းပွားများမှုချည်း မလုပ်ဘဲ ဉာဏ်ပွားများရေး လုပ်ပါဟုလည်း တိုက်တွန်းသည်။ လောကီမဂ်ကို ပွားများဖန် များလျှင် လောကုတ္တရာမဂ် ပေါ်သည်။ [နာ-၁၃၅] ဝါးနှစ်လုံးကို ကြာကြာပွတ်လျှင် အချိန်ကျက မီးထွက်သလိုပင် ဖြစ်သည်။ ဝိပဿနာ မပါဘဲ လောကုတ္တရာမဂ် မရနိုင်ကြောင်း ဥပမာများဖြင့် ပြသည်။ လယ်ထဲမှာ အမှိုက်ပုံပြီး မီးရှို့သည့် ဥပမာကို ပြသည်။ ဝိပဿနာနှင့် ကိလေသာတွေကို စုပုံပြီး မဂ်နှင့် မီးရှို့ပြီး သောတာပန် မတည်သရွေ့ 'အနုတ္တရံပုညက္ခေတ္တံလောကဿ' စကားအရ စိုက်ပျိုး ရာ လယ်ယာမြေကောင်း မဖြစ်သေးဘူး [နာ-၁၄၀] ဟု ဆိုသည်။ ခန္ဓာ၏ ဖြစ်ပျက် မြင် ကိုယ့်အသေ ကိုယ်မြင်အောင်ရှု၊ အနိစ္စ ဒုက္ခ၊ အနတ္တ မြင်မှ ကိုယ့်သန္တာန် ဘုရား ပွင့်သည်မှတ် [နာ-၁၄၃] ဟုဆိုသည်။ စက္ခုဥဒပါဒိ ဖြစ်အောင် ဉာဏ်မျက်လုံး ပွင့်အောင် လုပ်ကြပါဟု တိုက်တွန်းသည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်မှ ကိုယ့်သန္တာန်မှာ ဘုရားပွင့်သည်။ စက္ခုံ ဥဒပါဒိဖြစ်သည်။ သေတာက အနိစ္စ၊ သေမှန်း သိတာက မဂ္ဂဖြစ်သည်။ လူ့ပြည် လာတာ နေဖို့လာတာ ထင်နေသော်လည်း သေဖို့လာသလို ဖြစ်နေသည်။ စိတ်တစ်ခု နှင့် အသက်ရှည်သည်။ ထိုစိတ်ပျောက်သွားလျှင် တစ်ကြိမ်သေပြီ။ အသက်ရှူချင်တဲ့ စိတ်နောက် တစ်ခါမလာလျှင် သေပြီ။ [နာ- ၁၄၉] ဖဿနှင့် အသက်ရှင် ဖဿ သေတော့၊ ဝေဒနာနှင့် အသက်ရှင်၊ ဝေဒနာသေတော့ တဏှာ၊ တဏှာသေတော့ ဥပါဒါန်နှင့် အသက်ရှင်နေခြင်းသည် သက်ဆိုးရှည်နေခြင်းဖြစ်သည်။ [နာ-၁၅၂] သက်ဆိုးရှည်နေတာကို မဂ်နှင့် ဖြတ်မှပြတ်မည်။ မဂ်နှင့် အသက်ရှည်မှ သက်ကောင်း ရှည် ဖြစ်မည်။ ဆရာတော်က 'ကိုယ့်အသေ ကိုယ်မြင်အောင်ရှုတာ ဝိပဿနာ' [နာ-၁၅၆] ဟု အဓိပ္ပာယ် ဖွင့်ပြထားသည်။ ဒုက္ခသစ္စာမြင်လျှင် သက္ကာယဒိဋ္ဌိ၊ ဥစ္ဆေဒ၊ သဿတဒိဋ္ဌိ အကုန် ပြုတ်သည်ဟု မိန့်ဆိုသည်။

ထို့နောက် အရှင်ဆန္နဝတ္ထုကို ပြန်ကောက်ဟောသည်။ အရှင်ဆန္နသည် ဖြစ်ပျက် ရှုတိုင်း ကြောက်စိတ်ပေါ်သည်။ အနတ္တကို ဆင်ခြင်လိုက်လျှင် သူ့မှာ ဘာအားကိုးစရာ ရှိတော့မလဲဆိုပြီး ရင်ဖိုသည်။ [နာ-၁၅၉] ဤသို့ဖြစ်ခြင်းသည် ပဋိစ္စသမုပ္ပာဒ်ကို သူ နားမလည်၍ နှလုံးသွင်း များခြင်းကြောင့် ဖြစ်သည်။

[နာ–၁၆၃] အရှင်ဆန္ဒ ဒိဋ္ဌိ မဖြုတ်ဘဲ ဝိပဿနာ ရှုလို့ အခက်ကြုံရသည်ဟု ဆရာတော်က မိန့်ဆိုသည်။ ဒိဋ္ဌိကို ခွာပြီး ဝိပဿနာရှုမှသာ ဖြစ်ပျက် မြင်ပြီးလျှင် ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို မြင်နိုင်သည်။ [နာ–၁၆၆] ဒိဋ္ဌိခွာပြီးမှ ဝိပဿနာရှုဖို့ကို ဤတရားတွင် တိုက်တွန်း ထားသည်။

*

## ၄။ ဒိဋ္ဌိခွာမှုရှေ့ထား၊ ဝိပဿနာရှုမှု နောက်ထားပုံ တရားတော်

[၁၅–၂–၆၁ ဦးချစ်ဆွေမမှာရဲ့ မန္တလေးမြို့မှာ ဟောသောတရား]

အာသဝေါတရားကို ကုန်ရပါလို၏ဟု ဗုဒ္ဓဘာသာ အများမှာ ဘုန်းကြီး ရှေ့က ဆိုပေးတိုင်း လိုက်ဆိုနေကြသည်။ အာသဝေါတရား ကုန်အောင် ဆုတောင်း၍ မရ။ ကုန်အောင် လုပ်မှရသည် ဆိုသော စကားအားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ကုန်ပုံကလေးကို ရှင်းပြမယ်ဆိုပြီး လျှာပေါ်မှာ ချိုချဉ်စပ်ငန်ဖန် ရသာကလေး ပေါ်ပုံ၊ အာရုံနှင့် ဒွါရတိုက်တော့ ချဉ်စိတ်ကလေး ပေါ်သည်။ ဇိဝှါဝိညာဉ် ပေါ်သည်။ ဖဿ ဖြစ်သည်။ ဖဿပစ္စယာ ဝေဒနာဆိုသော ပဋိစ္စ သမုပ္ပာဒ်အရ ဝေဒနာ ပေါ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်သော ဖြစ်စဉ် ဖြစ်သည်။ ဝေဒနာပစ္စယာတဏှာ ဆိုသောကြောင့် တဏှာ ပေါ်လာသည်။ တဏှာ ပေါ်လျှင် ဥပါဒါန်(စွဲလမ်းမှု) ပေါ်သည်။ ဥပါဒါန်ဖြစ်တော့ ကမ္မဘဝ ဖြစ်လာသည်။ တဏှာဥပါဒါန် ဦးစီးသော ကံတွေ ဖြစ်လာသည်။ တဏှာဥပါဒါန် အုပ်စိုးသော ကံသည် ကံကောင်းမဟုတ် ကံဆိုးဖြစ်သည် [နာ–၁၇၄] ကံဆိုး အကျိုးပေးတော့ ဆိုးကျိုးပဲရသည်။ ဒုက္ခသစ္စာ၊ ဒုက္ခခဲန္ဓာပဲ ရသည်။ တဏှာဥပါဒါန် ဦးစီးသော ကံသည် ဘယ်တော့မှ နိဗ္ဗာန် အကျိုးကို မပေးနိုင်ဟု မှတ်ရမည်။ [နာ–၁၇၅] ကာမာသဝ၊ ဘဝါသဝတွေပဲ အကျိုးပေးသည်။ [နာ–၁၇၆] ကာမာသဝကလောဘ၊ အဝိဇ္ဇာလည်း ပါသည်။ ဒိဋ္ဌိလည်း ပါနေသည်။ [နာ–၁၇၆]

ကာမာသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝကုန်ရာကို ရောက်ရပါလို၏လို့ ဆုတောင်း နေ၍မပြီး ရောက်အောင် စားစိတ်ကလေးပေါ်ရင် ထိုစားစိတ်ကလေး ဖြစ်ပြီး ပျက်ပုံ အနိစ္စကို မြင်အောင် ဝိပဿနာ ရှုရမည်။ 'ဇိဝှါဝိညာဏံ၊ အနိစ္စတော၊ ဇာနတော၊ ပဿတော အာသဝါသမုဂ္ဃာတံဂစ္ဆန္တိ' သံယုတ်ပါဠိတော်အရ စားစိတ်ကို ဖြစ်ပျက်ရှုရမည်။ [နာ–၁၇၈] စားရင်းစားစိတ်ရသာ သိစိတ်ကလေးကို ဝိပဿနာ မဂ်နှင့်ရှု၊ စားစိတ်ကို ဖြစ်ပျက် ရှုလိုက်လျှင် ဖြစ်ပျက်နောက်က မဂ်ဝင်လာသည်။

ထိုအခါ ဖဿနှင့် ဝေဒနာကြားမှာ မဂ်ဝင်လိုက်သောကြောင့် ပဋိစ္စသမုပ္ပာဒ် တန်းပြီး မဖြစ်တော့ ဝေဒနာနိရောဓ ဖြစ်သွားတော့သည်။ တဏှာ၊ ဥပါဒါန်ကလည်း မလာနိုင်တော့ ဘာကြောင့် မလာသလဲ ဇီဝိတိန္ဒြေကို ဖြစ်ပျက်ရှုသည့်အတွက် ဖြစ်ပျက်အနိစ္စနောက်က မဂ်ဝင်၍ မလာတာ။ အာသဝ ပြတ်သည်။ ခန္ဓာအစဉ် ပြတ်သည်။ မဂ်ဝင်လျှင် အာသဝေါ ကုန်သည်။ ခန္ဓာ အစဉ်ပြတ်သည်။ အာသဝ ကုန်အောင် ဘာလုပ်ရမလဲ။ အာသဝေါဖြစ်ကြောင်း အာရုံတွေကို ဝိပဿနာမဂ်နှင့် ဖြစ်ပျက်ရှုရမည်။ [နှာ-၁၈၂] ဓာတိ ဇရာ မရဏ မရှိတာ၊ အာသဝကုန်တာပဲ။

ဤကဲ့သို့ ဝိပဿနာမဂ်နှင့် ဖြစ်ပျက်ရှုခြင်းသည် ဘုရားပွင့်မှ ဘုရားပေးသော နည်းဖြစ်သည်။ ဤနည်းကို အသုံးချမှသာ မိမိသန္တာန်မှာ ဘုရားပွင့်သည်ဟု မှတ်ရမည်။ [နှာ-၁၈၄] ထိုအခါမှ သာသနာတွင်း မျက်လုံးရသည်။ အတိတ်ဘဝတုန်းက သာသနာပ မျက်လုံးနှင့် လိုချင်ရချင်လို့ လုပ်ခဲ့သော အာသဝတွေကို သာသနာတွင်း မျက်လုံးရမှ ပယ်နိုင်သည် [နှာ-၁၉၂] ပုထုဇဉ်တွေ အာသဝေါကုန်အောင် လုပ်မည် ကြံတော့ သားရေး သမီးရေး စီးပွားရေးတွေ လှည့်နေသည်။ ခွေးအိပ်မည်ကြံတော့ လှည့်ပတ်နေသည်နှင့် တူသည် [နှာ-၂၀၂]ဟု ပုံနိုင်း၍ ဟောသည်။ အာသဝ ကုန်အောင် ဝိပဿနာကို အမြန် ကြိုးစားကြပါဟု တိုက်တွန်းတော်မူသည် [နှာ-၂၀၆] ထို့နောက် ဗလဝဝိပဿနာဖြစ်အောင် ဒိဋ္ဌိဖြုတ်ပြီး ဝိပဿနာရှုဖို့ အရေးကြီး ကြောင်း ဟောပြန်သည်။ အရှင်ဆန္နဝတ္ထုကို ဟောပြန်သည်။ အချိန်စေ့၍ တရား ပြီးဆုံးသည်။

*

## ၅။ ကာယဝိညာဉ်ကို ဝိပဿနာရှုနည်း တရားတော်

[၂၇-၂-၆၁ ဦးချစ်ဆွေဓမ္မာရုံ မန္တလေးမြို့မှာ ဟောသောတရား]

တရားနာတာ တရားကို အားထုတ်ဖို့ ရည်ရွယ်ချက်နှင့် နာရမည်ဆိုသော လမ်းညွှန်ချက်ဖြင့် ဤတရားကို ဟောသည်။ တရား အားမထုတ်ဘဲနှင့် ကိုယ်ခန္ဓာ အကြောင်းကို ကောင်းကောင်း မသိနိုင်ဟုလည်း မိန့်သည်။ ဆရာတော်သည် ဤတရားစဉ်တွင် တစ်နေ့လျှင် ဒွါရပေါက် တစ်ခုစီ၌ ခန္ဓာပေါ်ပုံ တစ်ခုစီကို ရှင်းပြနေသည်။ မနေ့က လျှာအပေါက်က ခန္ဓာပေါ်ပုံကို ပြသည်။ ယနေ့ ကိုယ် (ကာယပေါက်)မှာ ခန္ဓာပေါ်ပုံကို အဓိကထား၍ ဟောသည်။ ကာယဝိညာဉ်၌

သုခ၊ ဒုက္ခ၊ ဥပေက္ခာ ဝေဒနာပေါ်ပုံကို ဦးစွာပြသည်။ ထိုသို့ ဝိညာဉ်ပြီး ဝေဒနာပေါ်ပုံကို ကိုယ်တိုင်တွေ့ဖို့ အရေးကြီးသည်။ ကာယဝိညာဉ်စိတ်ပေါ်တိုင်း သိပေးရမည်။ သုခ၊ ဒုက္ခ၊ ဝေဒနာပေါ်တိုင်း သိသိနေရမည်။ ဤဝိညာဉ်(စိတ်) ဝေဒနာစသည်တို့သည် ပေါ်ပေါက်နေခြင်းမှာ အကြောင်းမကင်းဘူးဟုလည်း သိရမည်။ ဖဿပစ္စယာ ဝေဒနာ ဖဿကြောင့် ဝေဒနာ ပေါ်ရပုံကိုလည်း သိရမည်။ ဝေဒနာကြောင့် တဏှာပေါ်လာရပုံကိုလည်း ရှင်းအောင် ဥပမာဖြင့် ပြသည်။ ချမ်းသောအချိန် နူးညံ့သော အနွေးခြုံထည်ကလေး ခြုံသောအခါ နှစ်သက်မှု၊ လိုချင်မှု၊ တဏှာလာပုံကို ပြသည်။ ကြမ်းတမ်းသော အာရုံများကြောင့် ဒေါသစိတ်ပေါ်ပုံ (ဒေါမနဿ ဖြစ်ပုံ)ကိုလည်း ရှင်းပြသည်။တစ်ခါတလေ ဘာဖြစ်လို့ဖြစ်မှန်း မသိလိုက်တာ မောဟဖြစ်ပုံကို ပြသည်။

ဤပဋိစ္စသမုပ္ပါဒ် ဖြစ်စဉ်သည် သံသရာဖြစ်ကြောင်း စတင်ခြင်း ဖြစ်သည်။ [နှာ–၂၃၀] တဏှာကစသည် ပဋိစ္စသမုပ္ပါဒ် အလယ်က စပြီး သံသရာလည်သည်။ ဒုက္ခဝေဒနာ ပေါ်လာလျှင် ဒေါမနဿစိတ်ပေါ်သည်။ ပဋိစ္စသမုပ္ပါဒ် အဆုံးက စသည်။ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဇာတိ၊ ဇရာ၊ မရဏအဆုံးက လည်သွားသည်။ [နှာ–၂၃၂] အဆုံးက ပြန်ပြီး ပဋိစ္စသမုပ္ပါဒ် ဆက်သွားခြင်း ဖြစ်သည်။ ခန္ဓာမှာ ဖဿပေါ်တာ ဘာစိတ်ပေါ်တာ ဘာဝေဒနာပေါ်တာတောင် မသိလိုက်တာက မောဟ၊ အဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာဖြစ်လျှင် ပဋိစ္စသမုပ္ပါဒ် အစက လည်သည်ဟု သိရမည်။ အဝိဇ္ဇာပစ္စယာသင်္ခါရ [နှာ–၂၃၃] မိမိတို့သည် သူ့အသက်ကို မသတ်ပါ။ သူ့ဥစ္စာကို မခိုးပါဆိုခြင်းမှာ သီလသဘောသာ ဖြစ်သည်။ ဝိပဿနာကျတော့ ဗွက်ပေါက်နေသည်ဟု မိန့်တော်မူသည် [နှာ–၂၃၄]။ ပဋိစ္စသမုပ္ပါဒ်က သုံးမျိုး လည်နေသည်။ ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်နှင့် ဖြတ်မှပြတ်သည်။ လောဘ၊ ဒေါသ၊ မောဟ သုံးပါးကို မပယ်နိုင်သေးသရွေ့ ပဋိစ္စသမုပ္ပါဒ် သုံးမျိုးလည်နေဦးမည်ဖြစ်၏။ ပဋိစ္စသမုပ္ပါဒ် လည်နေသရွေ့ ဒုက္ခအစု လာနေမည်သာဖြစ်၏။ လောဘ၊ ဒေါသ၊ မောဟ မလာမှသာ ဇာတိ၊ ဇရာ၊ မရဏ မလာနိုင်တော့ပါ။

အကြောင်းကို ဝိပဿနာနှင့် သတ်ရမည်။ ဖြစ်ပျက်ကို မြင်အောင် ရှုရမည်။ ဖြစ်ပျက်မြင်လျှင် သမာဓိမဂ္ဂင်ငါးပါး ပြည့်စုံသည်။ [နှာ–၂၄၀] ကိုယ်ပေါ်မှာ ပေါ်တဲ့ စိတ်ကာယဝိညာဉ်ကို ဖြစ်ပျက်ရှုရမည်။ နာစိတ်ပေါ်လည်း ဖြစ်ပျက်ရှု၊ ကောင်းစိတ်ပေါ်လည်း ဖြစ်ပျက်ရှု၊ ကာယဝိညာဉ်ပေါ်တာ မသိလိုက်လျှင် မောဟ

အဝိဇ္ဇာ၊ ကာယဝိညာဉ်ပေါ်တာ သဘောကျနေလျှင် လောဘ၊ ကာယဝိညာဉ်အတွက် စိတ်ပျက် ဒေါသထွက်လျှင် ဒေါသ၊ ပဋိစ္စသမုပ္ပာဒ်လည်ပြီး သံသရာမှာ အဖြတ်သမား အကုန်သမား မဖြစ်ချင်ရင် ကာယဝိညာဉ်ကို ဖြစ်ပျက်ရှုရမည်။ သို့မှသာ သာသနာတွင်းသားများ ဖြစ်ကြမည်။ [နှာ–၂၄၄]

သာသနာပမှာ ဝိပဿနာ မရှိဘူး။ သာသနာနှင့် ဆုံတုန်းမှာ ကြံအောင်လည်း လုပ်ကြပါဟု တိုက်တွန်းထားသည်။ သာသနာနှင့် ကြုံလို့ ဆရာကောင်းနှင့် ကြုံလို့ ကံကောင်းသည်ဆိုပြီး ရပ်မနေသင့်၊ ဉာဏ်ကောင်းအောင်လည်း လုပ်ရမည်ဟု မိန့်ပါသည်။

ဟောမှုပြောမှုက ဆရာ့ကိစ္စ၊ ကျင့်မှုကြံမှုက သာဝကကိစ္စဟု ခွဲပြသည်။ မိမိတို့မှာ ကိစ္စတွေ များလွန်းလို့ ဝိပဿနာ မရှုဖြစ်ပါဆိုလျှင် ကိုယ်ကျိုးနည်းပြီဟု မှတ်ပါ။ ကိုယ်က မရှုလျှင် ပဋိစ္စသမုပ္ပာဒ်က သဘာဝအတိုင်း လည်သွားပေမည်။ ကာယဝိညာဉ်ကလေး ပေါ်တာ ဉာဏ်နှင့် လိုက်ရမည်။ ဖြစ်ပျက် တစ်ချက်မြင်လျှင် တစ်သက်လုံး မေတ္တာပို့နေတာထက် သာသည် [နှာ–၂၅၈]။ ဒုက္ခကို မြင်မှ ဒုက္ခ သိမ်းနိုင်သည်။ ဒုက္ခအကြောင်း သိမ်းလျှင်လည်း ဒုက္ခအကျိုးကို သိမ်းပြီး သံသရာ ဓာတ်သိမ်းတော့သည်။ နိဗ္ဗာန်သည် ခန္ဓာနှင့် စပ်နေသည်။ ခန္ဓာအဆုံး နိဗ္ဗာန်၊ ဒုက္ခအဆုံးနိဗ္ဗာန် ဖြစ်သည်။ [နှာ–၂၆၆] သို့သော် ခန္ဓာကို ဒိဋ္ဌိက ဖုံးထားသည်။ ခန္ဓာကို မတွေ့တတ်ကြ။ ခန္ဓာအစဉ် တန်းနေသည်ကို မသိဖြစ်နေကြသည်။ ခန္ဓာကို ဖုံးနေသော ဒိဋ္ဌိကို မဖြုတ်ဘဲ အနိစ္စဝိပဿနာ ရှုနေလျှင်လည်း အားနည်းသော ဝိပဿနာ ဖြစ်နေတတ်သည်။ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ ဒိဋ္ဌိ ဖြုတ်နိုင်ပုံကို ဟောပြန်သည်။ ဒိဋ္ဌိမဖြုတ်ဘဲ အားနည်းသော ဝိပဿနာ ရှုနေလျှင် နိဗ္ဗာန် မပေါ်နိုင်ကြောင်း ရှင်းပြသည်။ အရှင်ဆန္နဝတ္ထုကို ဟောပြန်သည်။ အရေးတကြီး သိသင့်၍ အထပ်ထပ် ဟောခြင်း ဖြစ်ပါလိမ့်မည်။ ဒိဋ္ဌိဖြုတ်ပြီးမှ ဝိပဿနာရှုဖို့ကို တိုက်တွန်းထားပါသည်။

*

## ၆။ မနောပေါက်ဝိပဿနာရှုနည်း တရားတော်

[၁၈–၂–၆၁ ဦးချစ်ဆွေ ဓမ္မာရုံ မန္တလေးမြို့မှာ ဟောသောတရား]

(ရှေ့က တရားတွင် ရက်စွဲ ၂၇–၂–၆၁ ဟု တပ်ထားသည်။ ဆက်စပ်လေ့လာကြည့်သောအခါ ၁၇–၂–၆၁ ဖြစ်သင့်သည်။ ထိုရက်စွဲ မှားနေသည်ဟု

ထင်ပါသည်။) ဒွါရခြောက်ပေါက်မှာ ခန္ဓာပေါ်သည်။ ခန္ဓာပေါ်တိုင်း ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ ရှေ့မှာ ငါးမျိုးကို ပြခဲ့ပြီ။ ယခု မနောပေါက်မှာ ပဋိစ္စသမုပ္ပါဒ် ပေါ်ပုံကို ဆက်ပြခြင်း ဖြစ်သည်။ ဒွါရခြောက်ပေါက်မှာ ပေါ်သော ပစ္စုပ္ပန်ခန္ဓာတွေကို ဝိပဿနာ တင်ပြီး ဖြစ်ပျက်ရှုမှ ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်မှ နိဗ္ဗာန်ကို ရောက်သည်။ နိဗ္ဗာန် လိုချင်ရင် ကိုယ့်ပဋိစ္စသမုပ္ပါဒ် ကိုယ်ဖြတ်ဟု မိန့်ပါသည်။ [နာ-၂၈၃]

မနောပေါက် ဝိပဿနာရှုနည်းသည် အရှင်ဆန္ဒဝတ္ထုဇာတ်သိမ်း ဖြစ်သည် ဆို၏။[နာ-၂၈၄] မနောအကြည်မှာ သားခင်တဲ့စိတ်၊ သမီးခင်တဲ့စိတ်၊ မျှော်ရုံတွေ တိုက်တော့ စိုးရိမ်စိတ်၊ ကြောင့်ကျစိတ်တွေ ပေါ်သည်။ ပစ္စည်းဘက် လှည့်စဉ်းစား လိုက်လျှင်လည်း ပစ္စည်းခင်စိတ်၊ သောကတွေ ပေါ်သည်။ မနောပေါက်က အများဆုံး အလုပ်လုပ်သည် [နာ-၂၈၄] အိပ်ရာဝင် နဖူးပေါ် လက်တင်လိုက်လျှင် မနောအလုပ် လုပ်တော့သည်။ 'မနဉ္စပဋိစ္စဓမ္မေစနုပစ္စတိဉာဏံ' ဖြစ်သည်။ မနောမှန် အကြည်ကို မလှည့်တတ်၍ ဒုက္ခရောက်နေကြရသည်။ မှန်လှည့်တတ်ဖို့ အရေးကြီး သည်။ မှန်အကြည့်ကို လောဘဘက် လှည့်လျှင် တဏှာ ဥပါဒါန်ကံလာသည်။ ဇာတိ၊ ဇရာ၊ မရဏ ဆက်သွားပြီ။ မှန်အကြည်ကို ဒေါသဘက် လှည့်မိလျှင်လည်း ဒုက္ခဒေါမနဿ၊ ဥပါယာသ ဇာတိ ဇရာ မရဏ သွားပြီ။

ဘာကြောင့် ပဋိစ္စသမုပ္ပါဒ် ဆက်နေရတာလဲ မေးလျှင် မှန်ထောင်လွဲလို့ဟု ဖြေရမည်။ [နာ-၂၈၉] ချမ်းသာတဲ့ဘက်ကို မှန်မထောင်ဘဲ ဆင်းရဲဘက်ကိုသာ မှန်ထောင်လွဲနေကြသည်။ ခုနစ်စဉ်တန်းနေကြသည်ဟု ဆိုသည်။ ခုနစ်စဉ်တန်း တာက ပဋိစ္စသမုပ္ပါဒ်တန်းတာကို ဆိုလိုသည်။ [နာ-၂၉၀] မှန်ထောင်လွဲလျှင် ယခုဘဝလည်း ဒုက္ခရောက်သည်။ နောင်ဘဝလည်း ဒုက္ခပဲ ရသည်။ [နာ-၂၉၃] နံနက်စောစော ဘုရားရှင် ကိုယ်တော်မြတ်ကြီး မနောအကြည်မှန် ထောင်ပြီး အာရုံပြုလိုက်လျှင် ကျွတ်ထိုက်သောသူ သူ့မှန်မှာ အရိပ်ထင်ပုံ၊ ဗကဗြဟ္မာကြီးပင် ပေါ်လာပုံကို ဟောသည်။

ဘုရားမှာက မှန်ထောင်လိုက်လျှင် ကယ်တင်မည့်ဉာဏ် ပေါ်သည်။ လူမှာက မှန်ထောင်လိုက်လျှင် မျက်ရည်ကျစရာပဲ ပေါ်သည်။ [နာ-၂၉၅] လူတွေ လုပ်နေပုံကို ဆရာတော်က အရူး မှန်ရထားတာဟု ပုံနှိုင်း၍ ဆိုသည် [နာ-၂၉၆] မှန်ထောင် ချင်လျှင် ခန္ဓာဘက် လှည့်ထောင်ပါ။ မနောအကြည်မှာ ပေါ်တာဘာလဲ၊ ဒုက္ခသစ္စာပဲ ဟုသိလျှင် မဂ္ဂင်ဆိုက်ပြီ။ ကာမဝိတက်၊ ဗျာပါဒဝိတက် ဖြစ်မည့်ဘက်ကို လှည့် မထောင်ပါနဲ့ဟု တိုက်တွန်းတော်မူသည်။ အကြံကောင်းလျှင် မဂ္ဂင်၊ အကြံဆိုးလျှင်

ပဋိစ္စသမုပ္ပာဒ် ပေါ်သည်။ [နှာ–၃၀၂] မနောဝိညာဉ်ဆိုတာ အင်မတန် ကျယ်၊ အင်မတန် များသည်။ မှန်ထောင်တည့်မှ နိဗ္ဗာန်ရသည်။ [နှာ–၃၀၄] မှန်ထောင် လွဲလျှင် အိပ်ရာထဲကနေ ဒယ်အိုးကို နှုတ်ဆက်နေသည်ဟုလည်း တစ်တစ်ခွခွ ဟောသည်။ [နှာ–၃၀၅] မှန်ထောင်တာ ခန္ဓာဘက် လှည့်ထောင်ရမည်။ ခန္ဓာဘက် လှည့်ထောင်၍ ဒုက္ခသစ္စာမြင်လျှင် မဂ်ဖြစ်ပြီ။ သမုဒယသစ္စာမြင်ရင် မဂ်ဖြစ်ပြီ။ ပဋိစ္စသမုပ္ပာဒ်ပြတ်ပြီ။ ဒုက္ခနိရောဓဂါမိနီပဋိပဒါ ဖြစ်ပြီ [နှာ–၃၁၈]။

ယခုမှု လူတွေမှာ မှန်ထောင်လွဲသဖြင့် ဒုက္ခနွယသသမုဒယောဟောတိ ဖြစ်နေ ရပုံများကို ကွက်ကွက်ကွင်းကွင်း ရှင်းရှင်းပေါ်အောင် ဟောသည်။ မှန်ထောင်တည့်မှ ဒုက္ခသစ္စာ ပေါ်သည်။ မဂ္ဂသစ္စာပေါ်သည်။ မှန်ထောင်တယ်ဆိုတာ တွေးကြံတာကို ဆိုလိုခြင်း ဖြစ်သည်။ မဂ္ဂသစ္စာဆိုက်အောင် တွေးကြံတတ်ဖို့ လိုပုံကို ဟောသည်။ [နှာ–၃၂၃] နှလုံးသွင်းမှန်ဖို့ အရေးကြီးသည်။ ဤတရားတွင် မှန်ထောင်တည့်လျှင် ဒုက္ခနိရောဓ ဟောတိ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ မှန်ထောင်လွဲလျှင် (နှလုံးသွင်း မှားလျှင်) ဒုက္ခသမုဒယောဟောတိ ပဋိစ္စသမုပ္ပာဒ် ဆက်သည်ဆိုသော အချက် နှစ်ချက် အဓိက ဖြစ်သည်။

ခန္ဓာဘက်ကို မှန်ထောင်တတ်လျှင် သစ္စာဉာဏ် ပေါ်သည် [နှာ–၃၂၉] သစ္စာဉာဏ်ပေါ်အောင် ဆုတောင်း၍ မရကြောင်း ခါတိုင်း ဟောနေကြအတိုင်း ဟောသည်။ ခန္ဓာဘက်ကို မှန်လှည့်တတ်မှ သစ္စာဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် ပေါ်နိုင်သည်။ ခန္ဓာကြီးသည် နှိပ်စက်နေသော တရားဟုသိလျှင် ကိစ္စဉာဏ် ရပြီ။ နောက်တစ်ဆင့် ကတဉာဏ်ရလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ ဖြစ်သည်။ မှန်ထောင်တည့်လျှင် သုံးဆယ့်တစ်ဘုံ ဒုက္ခသိမ်းသည်။ ပဋာစာရီ မှန်ထောင်လွဲ၍ ရူးခဲ့ရပုံကို နမူနာပြဟောသည်။ မှန်ထောင်တည့်တာနှင့် တစ်ပြိုင်နက် ရဟန္တာမ ဖြစ်သွားပုံကို ပြသည်။ အရူးပျောက်ချင်ရင် မှန်ထောင်တည့်ပါ။ နှလုံးသွင်း မှန်ပါစေဟု တရား အဆုံးသတ် ဟောတော်မူသည်။

*

## ၇။ မဂ္ဂဖြဟ္မာစရိယာကျင့်ပုံတရားတော်

[၁၉–၂–၆၁ ဦးချစ်ဆွေမွှာရုံ မန္တလေးမြို့မှာ ဟောသောတရား]

ရထားတဲ့ ဘဝကို အလွဲသုံးစား မပြုကြပါနှင့်ဆိုသော တိုက်တွန်းချက်ဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ လူ့ဘဝ ရခဲလှသည်။ မရစဖူး

အရထူးသော ဘဝဟု မှတ်ရမည်။ လူ့ဘဝ ရခဲသလို သာသနာနှင့် ကြုံဖို့လည်း ခဲယဉ်းသည်။ ကြုံတောင့်ကြုံခဲ အခွင့်အရေးများ ကြုံခဲဖို့ ဤဘဝသည် "ငါတို့ ကျွတ်တမ်းဝင်မည့် ဘဝပဲ" ဟု ဆုံးဖြတ်ချက်ချရန် တိုက်တွန်းပါသည်။ ဟဒယဝတ္ထုမှာ ပေါ်သော ကိလေသာတွေက အပါယ်ငရဲတွေကို ထူထောင်နေကြသည်။ ကိုယ်လုပ်တဲ့ ငရဲ ကိုယ်သိမ်းတတ်လျှင်လည်း ရသည်။ ဒိုင်နမို လည်လို့ လျှပ်စစ်မီး ရသည်။ ဒိုင်နမိုကို ရပ်လိုက်လျှင် မီးငြိမ်းသည်။ အလားတူ ကိုယ့်ရင်ထဲက ကိလေသာ ဒိုင်နမိုကို ရပ်တတ်လျှင် ငရဲမီးတွေ ငြိမ်းနိုင်ပုံကို ပြပါသည်။

ပဋိစ္စသမုပ္ပာဒ်ကို ကြည့်လျှင် သားရေး၊ သမီးရေး၊ စီးပွားရေးအတွက် လုပ်ထားသော အကုသိုလ်တွေ အင်မတန် များပုံကို သိသာသည်။ [နှာ-၃၄၄] သို့သော် အားငယ်စရာ မရှိပါ။ ငရဲသွားမည် အမှန်ဖြစ်သော အကုသိုလ်များကိုပင် မဂ်ဉာဏ်ဖိုလ်ဉာဏ်က ဖြတ်ချနိုင်သည်။ မိလက္ခရဟန်း အကြောင်းကို ဝတ္ထုနမူနာ ထုတ်ပြထားသည်။ မုဆိုးမိလက္ခ အကုသိုလ်များ၍ ရေအိုးထဲ သောက်ဖို့ ရေခပ် သောအခါ မတွေ့ဖြစ်နေသည်။ ရဟန္တာမထေရ်က ရေခပ်ပေးမှ ရေသောက် ရသည်။ ငရဲမီးကို ရဟန္တာကြီးက ယူပြမှ ကြောက်ရွံ့ပြီး သံဝေဂဉာဏ်ရကာ တရား အားထုတ်သည်။ တရားရသည်။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ရ၍ အကုသိုလ်အားလုံး ပပျောက် သွားသည်။ အနာဂါမ် တည်သွားသည်။ [နှာ-၃၅၇]

ဤသို့ ဟောပြီးနောက် လူမိုက်နှင့် လူလိမ္မာ ခြားနားပုံကို ဆက်ဟောသည်။ ဝိပဿနာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ကံပျောက်တဲ့ ဆေးဟုလည်း ကင်ပွန်းတပ်သည်။ [နှာ-၃၅၉] ဝိပဿနာ အားထုတ်ရင်း သေသွားရင်လည်း အရေးမကြီးဘူး၊ ကိစ္စ မရှိဘူးဟုလည်း အားပေးထားသည်။ ဤတရားသည် ကြွေးဟောင်းကြွေးသစ် ပျောက်တဲ့တရားဟုလည်း ဆိုသည်။ ကြွေးဟောင်း အနန္တကြေအောင် ခန္ဓာနှင့် ပေးဆပ်ရမည့်အစား ဉာဏ်နှင့်ဆပ်ပါဟုလည်း ဆုံးမပါသည်။ အားမငယ်ပါနှင့် လုပ်ဖို့သာ စိတ်ကူးပါဟုလည်း တိုက်တွန်းထားသည်။

ပြီးမှ ပုထုဇဉ်တွေသည် တဏှာခိုင်းသမျှ ကျွန်လို လုပ်နေပုံကို ပြစ်တင်သည်။ ကိုယ့်ခန္ဓာက မွေးကတည်းက သေရွာသုသာန်သို့ ပြေးနေသည်ကို သတိမထားမိ ကြပုံကို ထောက်ပြသည်။ ခန္ဓာက သေတဲ့ဆီ အပြေးသွားနေသည်။ မိမိတို့က အပါယ်က လွတ်တဲ့တရားကို အနှေးလုပ်နေလျှင် မသင့်ပုံကို ပြသည်။ အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ဖို့ကို တိုက်တွန်းခြင်းဖြစ်သည်။ [နှာ-၃၆၆]

ထို့နောက် လူမိုက်နှင့် လူလိမ္မာ ခြားနားပုံ အကြောင်းကို ဟောပြန်သည်။ လူမိုက်နှင့် လူလိမ္မာ နှစ်ဦးစလုံး ကံလမ်းက လာကြတာ တူသော်လည်း ပြန်လမ်းက မတူပါ။ လူမိုက်ရော လူလိမ္မာပါ နှစ်ဦးစလုံး၊ အဝိဇ္ဇာသင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ် ခန္ဓာငါးပါး ရလာတာချည်း အတူတူပင် ဖြစ်သည်။ လူလိမ္မာသည် ဝဋ်လမ်းက လာသော်လည်း ဝဋ်ကျွတ်မည့် ဉာဏ်လမ်းသို့ သွားသည်မှာ ထူးခြားကြောင်း ပြသည်။ ဝဋ်ဖြတ်ရန်အတွက် လူလိမ္မာများ အနေနှင့် မဂ္ဂဗြဟ္မာစရိယာ အကျင့်ကို ကျင့်ကြပါဟု တိုက်တွန်းထားသည်။ ခန္ဓာငါးပါးကို ထိုးထိုးထွင်းထွင်း ကြည့်ခြင်း ဝိပဿနာအလုပ်သည် မဂ္ဂဗြဟ္မာစရိယာ အလုပ်ပင်ဖြစ်သည်။ [နာ–၃၈၄] ဉာဏ် မျက်စိတပ်ပြီး ခန္ဓာကို ကြည့်သောအလုပ် ဖြစ်သည်။ [နာ–၃၈၆] ခန္ဓာထဲမှာ အနိစ္စနှင့် ဒုက္ခပဲ ရှိသည်ဟု ရှုမြင်ခြင်းသည် သစ္စာအမြင် ဖြစ်သည်။ ထိုသို့မြင်မှ ဉာဏ်မျက်လုံး ဖြစ်သည်။ ဤကဲ့သို့ ဉာဏ်အမြင်နှင့် တစ်ချက် မြင်လိုက်လျှင် မဂ်ရပြီး လုပ်ထားခဲ့သမျှ အကုသိုလ် ကံဟောင်းကြွေး အကုန်ကြေသည် [နာ–၃၈၈]။ အချိန်စေ့၍ တရားရပ်နားသည်။

*

## ၈။ လူမိုက်နှင့် ပညာရှိ ခွဲပုံတရားတော်

[၂၁–၂–၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

မိမိတို့ ခန္ဓာကိုယ်ကြီးသည် အမြဲတမ်း သေရွာသို့ သွားနေတယ်ဆိုသော စကားကိုပင် ထပ်မံ ပြောဆိုပြီး ဤတရားကို စတင် ဟောကြားလေသည်။ ဒါကြောင့် ခန္ဓာရခြင်းသည် သေခြင်းကို ရခြင်းပင် ဖြစ်၏။ သစ္စာကို မသိသောကြောင့် အိုနာသေဘေးသို့ တစ်ပြေးတည်း ပြေးနေကြရသည်။ အသေဘေးက လွတ်သော နည်းကို ရှာဖို့ကောင်းသည်။ ဒကာ ဒကာမတွေက လမ်းလည်း မရှာတတ်၊ လမ်းပြမည့်သူလာလည်း မလိုက်ချင်ကြ။ ပဋိသန္ဓေ နေလိုက်၊ သေပြီးရင်း သေလိုက် အလုပ်ကိုပဲ လုပ်နေကြသည်။ ဒီအလုပ်ကိုပင် ရိုးရာပဲ မှတ်နေကြသည်။ မမှတ်သင့်။ သာသနာတွင်း တရားပေါ်ချိန်မှာ သာသနာတွင်း နားနှင့်နာရမည်။ မသေရာ အလုပ်ကို ကြိုးစားပြီး လုပ်ကြရမည်။ မသေရာ လမ်းခွဲကို ရှာကြရမည်။ ခန္ဓာ၏ ဝတ္ထုရားက သေတာ၊ ဉာဏ်ဝတ္ထုရားက မသေရာရှာတာဟု ခွဲခြားပြီး နားလည်အောင် ဟောသည်။ [နာ–၃၉၅]

ဤတွင် ဇာဏုသောနိပုဏ္ဏားက ဘုရားကို လျှောက်ထားပုံ ဝတ္ထုကို ထုတ်ဆောင်၍ ဟောသည်။ ပုဏ္ဏားက သေရမှာ မကြောက်တဲ့ ပုဂ္ဂိုလ်မရှိဘူးဟု ထင်ကြောင်း လျှောက်သည်။ ဘုရားက ကြောက်သော ပုဂ္ဂိုလ်ရှိသလို မကြောက်တဲ့ ပုဂ္ဂိုလ်လည်း ရှိကြောင်း ဟောသည်။ [နှာ–၃၉၆] ကြောက်ပြီး သေလျှင် ဒေါသနှင့် သေ၍ အပါယ်ငရဲကျသည်။ မကြောက်မရွံ့ သေတတ်ဖို့ လိုသည်။ မကြောက်သော သေနည်းကို သိသင့်သည်။ သေခါနီး ကြောက်သော ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း ဟောသည်။

သေခါနီး သားသမီး ပစ္စည်းတွေ တွယ်သောပုဂ္ဂိုလ်မှာ ကြောက်သည်။ ဒုတိယပုဂ္ဂိုလ်မှာ ကိုယ်ခန္ဓာကို ခင်သောပုဂ္ဂိုလ်၊ တွယ်သောပုဂ္ဂိုလ်၊ သေခါနီးမှာ ကြောက်သည်။ ကုသိုလ် မလုပ်ရသေး အကုသိုလ်တွေပဲ လုပ်ထားမိသော ပုဂ္ဂိုလ် သေခါနီးမှာ ကြောက်သည်။ တတိယ အမျိုးအစား ဖြစ်၏။ ခန္ဓာ၏ ပဋိစ္စသမုပ္ပါဒ် ကို မသိ၍ ယုံမှားဝိစိကိစ္ဆာ ရှိသူလည်း သေခါနီးမှာ ကြောက်သည်။ စတုတ္ထ အမျိုးအစား ဖြစ်၏။ ကြောက်ပြီး သေသူအားလုံး အပါယ်ချည်း ကျသည်။ ကိုယ်ကျိုးနည်းသူတွေချည်း ဖြစ်၏။ ဒါကြောင့် မကြောက်သော သေခြင်းဖြစ်အောင် သားသမီး ပစ္စည်းပေါ်မှာလည်း ဝိပဿနာ တင်ရမည်။ ကိုယ်ခန္ဓာ အပေါ်မှာလည်း ဝိပဿနာ တင်ရမည်။ ဝိပဿနာ ဉာဏ်ဝင်နေလျှင် သေခါနီးမှာ ကုက္ကုစ္စ မလာတော့ပါ။ ဝိပဿနာဉာဏ်ဝင်နေသူသည် ကိုယ်ခန္ဓာ၏ အချိန်တိုင်း ပေါ်နေသော အသေကို မြင်ပြီးဖြစ်သည်။ သေတယ်ဆိုတာ ရှေ့စိတ်ချုပ်ပြီး နောက်စိတ် မလာတာ သေတာပဲ၊ အဆန်းမဟုတ်ဟု သိထားသူသည် သေခြင်းကို ရဲရင့်စွာ ရင်ဆိုင်နိုင်သည်။ ထိုသူသည် သေရမည်ကို မကြောက်သော ပုဂ္ဂိုလ်ဖြစ်သည်။

ဒုက္ခသစ္စာ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး၍ နိရောဓမြင်သော ပုဂ္ဂိုလ်သည် ခန္ဓာဝန်ကြီးကို မြန်မြန်ချချင်သည်။ [နှာ–၄၀၉] ဘာကြောင့် သေချင်တာလဲ ဒုက္ခသစ္စာကြီး မလိုချင်တော့လို့။ ခန္ဓာဝန်ကြီး မထိန်းချင်၊ မပိုးချင်တော့လို့ ဖြစ်၏။ ထိုပုဂ္ဂိုလ်သည် သေရမည်ကို ဝန်ထုပ်ကြီးကျပြီဆိုပြီး ဝမ်းသာသည်။ [နှာ–၄၁၀] ဤသို့ သေလျှင် ပြုံးသေဖြစ်သည်ဟု ဆိုသည်။

ထို့နောက် သံဝေဂဖြစ်အောင် ခန္ဓာဝန် ထမ်းရတာ ပင်ပန်းကြီးပုံများကို ဆက်ဟောသည်။ ပြီးမှ ခန္ဓာခပ်သိမ်း(ဒုက္ခခပ်သိမ်း) ငြိမ်းရာအမှန် မြတ်နိဗ္ဗာန်ကို အရောက်သွားရန် တိုက်တွန်းသည်။ အိန္နာသေလမ်းက လမ်းခွဲပြီး မဂ်လမ်းကို

ရှာဖို့ တိုက်တွန်းသည်။ အအိုက အနာမရောက်ခင် အသေမရောက်ခင် ဉာဏ်ဦး အောင် ဝိပဿနာ အလုပ်လုပ်ရမည်ဟု ဆိုသည်။ [နာ၁-၄၂၁]

ထို့နောက် ဝိပဿနာ အလုပ်သင်တရားကို ဟောသည်။ ခန္ဓာငါးပါးသည် သူငါ သတ္တဝါ ယောကျ်ားမိန်းမမဟုတ် ဓမ္မဖြစ်စဉ် ဖြစ်ကြောင်း ရှင်းပြီး ဉာတပရိညာ ဖြင့် ဒိဋ္ဌိပြုတ်သည်။ ပြီးမှ လူမိုက်သည် အဝိဇ္ဇာ သင်္ခါရက လာပြီး ခန္ဓာကို ဒုက္ခ သစ္စာဟု မသိ၍ ခင်မြဲ ခင်နေပုံကို ဟောသည်။ *[နာ၁-၄၂၈]* မသိ၍ခင်ဆိုတာ မသိတာ အဝိဇ္ဇာ၊ ခင်တာက တဏှာဖြစ်ကြောင်း ရှင်းသည်။ ပဋိစ္စသမုပ္ပါဒ် ၁ အကွက်မှာ မိုက်ခဲ့ကြသည်။ ၂ အကွက်မှာ မိုက်ပြစ်သင့်ပြီးပြီ။ ၃ အကွက်မှာ ပြောင်းရမည်။ လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ ၃ နံပါတ်မှာ ထူးတယ်ဟု ဖွင့်ဆို ပြသည်။ ၃ နံပါတ်မှာ လူလိမ္မာက မဂ္ဂဖြဟ္မာစရိယာ အကျင့်ကို ကျင့်သည်။ ဝိပဿနာ ရှုသည်။ မဂ်ဉာဏ်ကို သွင်းသည်။ လူမိုက်က အဝိဇ္ဇာ သင်္ခါရ၊ တဏှာ ဆက်သွား သည်။ လူမိုက်က သံသရာ ဆက်သည်။ လူလိမ္မာက ခန္ဓာပြတ်၊ သံသရာပြတ်အောင် မဂ္ဂဖြဟ္မာစရိယမဂ် အကျင့်ကို ကျင့်သည်။ ဤသို့ထူးကြောင်း ဟောသည်။ ပြီးမှ ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ဝေပုံချပြသည်။ အချိန်စေ့၍ တရားပွဲ ရပ်နားသည်။

*

## ၉။ ဒိဋ္ဌိမကွာရင် နိဗ္ဗာန်မမြင်နိုင်တရားတော်

[၂၁-၂-၆၁ ဦးချစ်ဆွေဓမ္မာရုံ မန္တလေးမြို့မှာ ဟောသောတရား]

(ရက်စွဲ ထပ်နေပြန်ပြီ။ ရှေ့က ရက်စွဲမှာ ၂၀-၂-၆၁ ဖြစ်သင့်သည်။)

ဝိပဿနာ အားထုတ်ရာမှာ ဖြစ်ပျက်ကို မြင်ပါလျက် မဂ် ဘာကြောင့် မရသလဲဆိုသော အမေးဖြင့် ဤတရားကို စတင်သည်။ ဝိပဿနာ အားမထုတ်မီ ဒိဋ္ဌိကို အရင်ဖြုတ်ရမည်ဆိုသော အယူအဆသည် မိုးကုတ်မူ ဝိပဿနာလမ်းစဉ် ဉာဏ်အမြင် ဖြစ်သည်။ ဤအမြင်ကို ဆရာတော်သည် အထပ်ထပ် အခါခါ တရားဟောတိုင်းမှာ ထည့်ဟောသည်။ ဟောတိုင်းမှာလည်း အရှင်ဆန္နဝတ္ထုကို ကိုးကား ၍ ဟောလေ့ရှိသည်။ ယခုလည်း အရှင်ဆန္နကိုပင် ပြန်၍ ညွှန်းပြန်သည်။

ဒိဋ္ဌိမကွာဘဲ ဝိပဿနာ ရှုနေလျှင် ဒုဗ္ဗလဝိပဿနာ(အားနည်းသော ဝိပဿနာ) ဖြစ်၍ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရ၊ ကုသိုလ်ပဲ ရနိုင်သည်။ ဒိဋ္ဌိ ဘာကြောင့်

မဂ္ဂသာသလဲ ပဋိစ္စသမုပ္ပါဒ်ကို မသိနားမလည်၍ ဖြစ်သည်။ ဤအမြင်သည် မိုးကုတ်ဝိပဿနာ၏ သူများနှင့်မတူ တစ်မူ ထူးခြားသော အမြင်ဖြစ်သည်။ ဤတွင် ဖြစ်ပျက်သခါရချုပ်တာ နိဗ္ဗာန်ဆိုသော အဓိပ္ပာယ် ဖွင့်ဆိုချက်ကိုလည်း ပေးထားသည်။ [နှာ-၄၄၇] ပြီးမှ ပဋိစ္စသမုပ္ပါဒ် ခန္ဓာစဉ် ဖြစ်ပုံကို ဟောသည်။ ခန္ဓာပေါ်ရာကို ဖြစ်ပျက်မြင်အောင် ရှု၊ ရှေ့က ဖြစ်ပျက်၊ နောက်က မဂ်ဖြစ်အောင် ရှုရမည်။ ဖြစ်ပျက်ကို သိမှုမြင်မှုသည် ဝိပဿနာမဂ် ဖြစ်သည်။ ဤသို့ မြင်ခြင်းသည် ကိုယ့်အသေကို ကိုယ့်ဉာဏ်နှင့် မြင်ခြင်းဖြစ်သည်ဟု ဆရာတော်က သုံးသပ်သည်။ [နှာ-၄၅၆] ထိုသို့ မြင်ခြင်းကို ဝိပဿနာ ခေါ်ရကြောင်းကို ထပ်မံ ရှင်းပြခြင်း ဖြစ်သည်။

ကိုယ့်ခန္ဓာကို ကိုယ့်ဉာဏ်နှင့် ကြည့်ခြင်းသည် ဝိပဿနာဖြစ်သည်။ ကိုယ့်ခန္ဓာက အနိစ္စ(ဒုက္ခသစ္စာ) ကိုယ့်ဉာဏ်က မဂ္ဂသစ္စာ ဖြစ်တော့သည်။ [နှာ-၄၅၉] ပဋိစ္စသမုပ္ပါဒ် တရားအရ တစ်စိတ်ပြီး တစ်စိတ်ဖြစ်သည်။ တစ်ရုပ်ပြီး တစ်ရုပ်ဖြစ်သည်။ ထိုသို့ မြင်နေခြင်းကို ဉာဏ်မီအောင် မရှုနိုင်လျှင် ပဋိစ္စသမုပ္ပါဒ် ဆက်ပြီးလည်သည်။ ဉာဏ်က အမီလိုက်နိုင်လျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ ပဋိစ္စသမုပ္ပါဒ် ပြတ်လျှင် ဒုက္ခ ပြတ်တော့သည်။ ထို့ကြောင့် ဝိပဿနာသည် ဒုက္ခကို ဖြတ်ခြင်း သတ်ခြင်း ဖြစ်သည်။ [နှာ-၄၆၀]

ထို့နောက် ဝိပဿနာမဂ် မပါဘဲနှင့် လောကုတ္တရာမဂ်ကို မရနိုင်ကြောင်းကို ဟောသည်။ ပဋိစ္စသမုပ္ပါဒ် ခန္ဓာတွေ ဖြစ်နေခြင်းမှာ ဖြစ်ထိုက်သော အကြောင်းရှိ၍ ဖြစ်သည်။ ပျက်ထိုက်သော အကြောင်းရှိလျှင်လည်း ပျက်ရသည်။ ပျက်တတ်သော သဘောရှိသဖြင့် ခိုင်တယ်မြဲတယ်ဟု ယူသော သဿတဒိဋ္ဌိအမြင်ကို ပယ်ရသည်။ ထို့ပြင် အကြောင်းရှိသရွေ့ အကျိုးရှိနေမည်သာ ဖြစ်သည်ဟုသိလျှင် ပြတ်မသွားဘူးဟု နားလည်ရသည်။ ထိုသို့ နားလည်လျှင် ဘဝပြတ်သည်ဟု မြင်သော ဥစ္ဆေဒဒိဋ္ဌိအမြင်ကို ပယ်နိုင်သည်။ အရှင်ဆန္နအား အရှင်အာနန္ဒာက ဒိဋ္ဌိဖြုတ်ခန်းကို ဟောနေခြင်း ဖြစ်သည်။

ဤတရားတွင် ထူးခြားသော အမြင်မှာ တဏှာဥပါဒါန် ကံပြတ်အောင် အားထုတ်ရေး ဖြစ်သည်။ ကံပြတ်မှ နိဗ္ဗာန်ရသည်။ ကံသတ္တိ ဆက်နေသရွေ့ နိဗ္ဗာန်ကို မရနိုင်ဆိုသော အချက်ဖြစ်၏။ [နှာ-၄၇၂] ပြီးမှ ဟောနေကြအတိုင်း စိတ္တာနုပဿနာ ရှုပုံကို ဟောသည်။ အပြင်ဒွေ့သည် စိတ်၊ အတွင်းဒွေ့သည် စိတ်၊ ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရေးပင် ဖြစ်၏။

ထို့နောက် ခန္ဓာသည် အနိစ္စဖြစ်၍ ခန္ဓာမှာ အားကိုးစရာ ဘာမှ မရှိကြောင်း သံဝေဂဉာဏ်ဖြစ်အောင် ဟောသည်။ [နာ–၄၈၃] အားကိုးရာ အစစ်သည် ဝိပဿနာမဂ်၊ လောကုတ္တရာမဂ်ပဲ ရှိကြောင်း ရှင်းပြသည်။ [နာ–၄၈၅] ပေါ်ရာ စိတ်ကို ဟေိပဿိကောနည်းဖြင့် ရှုဖို့ကို ပြောပြန်သည်။ ဟေိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောဖြင့် ရှုဖို့ကို တိုက်တွန်းသည်။ ထိုသို့ရှုလျှင် အကာလိကော အခါမလင့် အကျိုးပေးလိမ့်မည်ဟု ပြောသည်။ တဏှာ၊ ဉပါဒါန်၊ ကံ ဖြစ်ပျက်အားလုံး ချုပ်ဆုံးရာ အမှန်နိဗ္ဗာန်၊ မဂ်ဉာဏ်ပေါ်လာမည် ဖြစ်၏။ ဒိဋ္ဌိခွာပြီး ရှုလို့ အရှင်ဆန္ဒရဟန္တာ ဖြစ်သွားကြောင်း ပြော၍ တရားနိဂုံး ချုပ်ထားသည်။

*

## ၁၀။ လူမိုက်နဲ့လူလိမ္မာထူးပုံတရားတော်

[၂၂–၂–၆၁ ဦးချစ်ဆွေမမ္ဘာရုံ မန္တလေးမြို့မှာ ဟောသောတရား]

'သံသရာစခန်း သတ်ချင်ရင် အလွယ်ကလေး' ဆိုသော စကားဖြင့် အစချီ၍ ဤတရားကို ဟောသည်။ 'လူမိုက်နှင့် လူလိမ္မာ ဘယ်လိုထူးသလဲ' ဤကား တရားသား ဖြစ်၏။ လူလိမ္မာဖြစ်မှ သံသရာစခန်း သတ်သည်။ ထို့ကြောင့် လူလိမ္မာ ဖြစ်အောင် ဘာလုပ်ရမလဲ သိရမည်။ သတ္တဝါအစ အဝိဇ္ဇာတဏှာက ဆိုသောကြောင့် လူမိုက်နှင့် လူလိမ္မာ ဘဝအစမှာ အတူတူပင် ဖြစ်၏။ သို့သော် သံသရာစခန်းသိမ်းမှာ ကွာခြားသွားသည်။

ထိုသို့ ပြဆိုပြီး ပဋိစ္စသမုပ္ပါဒ် သံသရာ ဘဝဆက် ဖြစ်ပုံကို အတိတ်၊ပစ္စုပ္ပန် ဆက်ပြသည်။ [နာ–၅၀၃] ခန္ဓာငါးပါးကို ရလာကြခြင်း၌ လူမိုက်နှင့် လူလိမ္မာ မထူးခြားပါ။ နှစ်ဦးစလုံး ဒုက္ခသစ္စာ တရားချည်းပဲ ရခဲ့ကြသည်ပင်။ ပဋိသန္ဓေနေပြီး မွေးဖွားလာပြီး ဖဿ၊ ဝေဒနာတွေ ပေါ်ရာမှာလည်း လူမိုက်နှင့် လူလိမ္မာ အတူတူပင် ဖြစ်၏။ ဝေဒနာသုံးပါး ခံစားတာလည်း အတူတူပင်။ လာပုံချင်းမှာ တူနေကျအောင် တူကြသည်။ လာပုံတူ၍ ခံစားပုံလည်း တူသေး၏။ သို့သော် လူမိုက်သည်ကား ဝေဒနာပစ္စယာတဏှာဘက်ကို သွားသည်။ လူလိမ္မာက ဝေဒနာ ပစ္စယာ ပညာဘက်ကို သွားသည် [နာ–၅၀၉]။ လာပုံ တူသော်လည်း သွားပုံမှာ ဤသို့ ကွာခြားသွားသည်။

သဘောမှာ လူမိုက်က နောက်ပဋိသန္ဓေ နေသည်။ လူလိမ္မာက တဏှာ၊ ဉပါဒါန်၊ ကံ မလာအောင် လုပ်တတ်သောကြောင့် နောက်ဇာတိမလာ၊ ပဋိသန္ဓေ

မနေရအောင် လုပ်သည်။ [နာ–၅၁၂] လူလိမ္မာက နောက်ပဋိသန္ဓေ မနေရအောင် မဂ္ဂဖြဟ္မာစရိယာအကျင့်ကို ကျင့်သည်။ [နာ–၅၁၃] လူလိမ္မာက ဝေဒနာနှင့် တဏှာ ကြားမှာ ဝိပဿနာမဂ်ပညာကို သွင်းသည်။ ဤသို့ ဝိပဿနာဉာဏ် သွင်းလိုက် သောကြောင့် လူလိမ္မာသည် နောက်ဇာတိ ဒုက္ခသစ္စာကို မရတော့ လူမိုက်က နောက်ဇာတိပဋိသန္ဓေနေ၍ ဒုက္ခသစ္စာကို ပင်ပြန်ရသည်။ [နာ–၅၁၄] လူလိမ္မာက ဝေဒနာနှင့် တဏှာကြားမှာ အကျင့်လိုက်သည်။ လူမိုက်က သာယာမှု လိုက်သည်။ [နာ–၅၁၅] ထို့ကြောင့် လူမိုက်လူလိမ္မာသည် မကျင့်မှု ကျင့်မှုမှာ ကွာခြားသည်။ [နာ–၅၁၆]

ထို့နောက် ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကို ပြပြီး ပဋိစ္စသမုပ္ပာဒ် ၃ ခုဆက်လျှင် လူမိုက်၊ ၂ ခုနှင့် ပြတ်လျှင် လူလိမ္မာဖြစ်ပုံကို ပြသည်။ လူလိမ္မာ ပညာရှိသည်။ ပစ္စုပ္ပန်မှ အနာဂတ်ဘဝ မကူးအောင်လုပ်သူ ဖြစ်ကြောင်းဟောသည်။ [နာ–၅၂၀] ဤတွင် အနာဂတ်ဘဝကို ဆုတောင်းနေသူများကို လူမိုက်စာရင်းထဲ ဆရာတော်က သွင်းသည်။ ဘုံစဉ်စံကြိုက်သူများကိုပင် လူမိုက်များဟု ဆိုသည် [နာ–၅၂၃]။ အင်္ဂုတ္တိုရ်ပါဠိတော် ဒုကနိပါတ်မှာ လာသော ဘဝရတာကို ကောင်းတယ်လို့ ဘယ်အခါမှ မဟောဘူးဆိုသော ပါဠိတော်ကို ကိုးကား၍ ဟောသည်။ ထို့ကြောင့် ဘုရားရှေ့မှာ ပန်းရေချမ်းကပ်ပြီး ဆုမတောင်းကြပါနှင့်ဟု ဆုံးမသည်။ ဘုံသုံးပါးမှာ ဘဝရတာသည် ထောင်ကျတာ၊ နှောင်အိမ်ကျတာဟု ပြသည်။ သူတော်ကောင်း တရား၊ ဒါန၊ သီလလုပ်တိုင်းမှာ နိဗ္ဗာန်ကိုသာ ရည်မှန်းပြီး လုပ်ပါဟုလည်း တိုက်တွန်းသည်။

ထို့နောက် ဘဝကို မခင်မိအောင် သံဝေဂ ဖြစ်စရာ အကြောင်းများကို ဟောကြားသည်။ ဘုရားကို ပူဇော်တာလည်း ဓမ္မာနု ဓမ္မပဋိပတ္တိနှင့် ပူဇော်ဖို့ တိုက်တွန်း သည်။ ထို့နောက် အချိန်စေ့သွားသည်။ မဂ္ဂဖြဟ္မာစရိယာအကျင့် ကျင့်ပုံ (ဝိပဿနာ အလုပ်ပေးကိစ္စ)ကို မဟောဖြစ်တော့။

*

## ၁၁။ စရိုက်နှင့် လျော်စွာ ကမ္မဋ္ဌာန်းပေးရပုံ တရားတော်

[၂၃–၁–၆၁ ဦးချစ်ဆွေမှော်ရုံ မန္တလေးမြို့မှာ ဟောသောတရား]

လူမိုက်နှင့် လူလိမ္မာ ထူးခြားပုံ ပြောခဲ့တာ သုံးရက်ရှိပြီဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ပြီးနောက် ပဋိစ္စသမုပ္ပာဒ်ကို စပြန်သည်။

သတ္တဝါအစ အဝိဇ္ဇာ တဏှာကို ပြန်ကောက်သည်။ အဝိဇ္ဇာ သင်္ခါရ အတိတ် အကြောင်းနှစ်ခုကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုသော ခန္ဓာငါးပါးကို ဒုတိယအကွက် ၂(ပစ္စုပ္ပန်)မှာ ရလာသည်။ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ သတ္တဝါ ပုဂ္ဂိုလ်စွဲသည် (ဒိဋ္ဌိ) ပြုတ်နိုင်သည်ဟု ပြသည်။ ထို့နောက် ခန္ဓာငါးပါးမှာ အဝိဇ္ဇာတဏှာ မလိုက်အောင် လုပ်ရမည့် အကြောင်းကို ဟောသည်။ [နှာ–၅၅၅] ဝိဇ္ဇာနှင့် အလောဘလာမှသာ ခန္ဓာဇာတ်သိမ်းမည်။ ဤသို့ လုပ်ခြင်းသည် လူလိမ္မာ၏ အလုပ်ဖြစ်သည်။ ပြီးမှ မနေ့က မဟောခဲ့ရဘဲ ထားသော ဝိပဿနာ အလုပ်ပေး တရားကို ဟောသည်။

ဝိပဿနာရှု ဆိုတာ ခန္ဓာငါးပါးကို ရှုခိုင်းခြင်း ဖြစ်သည်။ သို့သော် ခန္ဓာငါးပါးစလုံးကို ခြုံပြီးရှု၍ မဖြစ်ပါ။ ခန္ဓာတစ်ပါးပါးကို စိုက်၍ ရှုရမည်။ နာမက္ခန္ဓာလေးပါးသည် ဖြစ်အတူ ပျက်အတူ ဖြစ်သည်။ ခန္ဓာငါးပါးကို သတိပဋ္ဌာန်လေးပါးဖြင့် ဝေပုံချပြသည်။ ရုပ်(ရူပက္ခန္ဓာ)ကို ရှုလျှင် ကာယာနုပဿနာ ဖြစ်သည်။ ဝေဒနာကို ရှုလျှင်(ဝေဒနာက္ခန္ဓာ) ဝေဒနာနုပဿနာ ဖြစ်သည်။ သညာက္ခန္ဓာ–သင်္ခါရက္ခန္ဓာကို ရှုလျှင် ဓမ္မာနုပဿနာ၊ ဝိညာဉ်(စိတ်)ကို ရှုလျှင် စိတ္တာနုပဿနာ ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ–၅၆၁]

ဤသို့ ရှင်းပြပြီးမှ ထိုသတိပဋ္ဌာန်လေးပါးကို စရိုက်နှင့် ဝေဖန်ဖို့လိုကြောင်း ထပ်ရှင်းသည်။ [နှာ–၅၆၃] စရိုက်ဆိုသည်မှာ ဝါသနာကို ဆိုခြင်းဖြစ်ကြောင်းကိုလည်း ဟောထားသည်။ စရိုက်က ခြောက်ပါးရှိသည်။ အဋ္ဌကထာများမှာ ဒိဋ္ဌိစရိုက်ရှိသူ ဉာဏ်နည်းသူ စိတ္တာနုပဿနာ ရှုရမည်။ တဏှာများပြီး ဉာဏ်နံ့သော ပုဂ္ဂိုလ် ကာယာနုပဿနာ အားထုတ်ရမည် [နှာ–၅၆၅]။ ဤတွင် သောတာပတ္တိမဂ်သည် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာမင်ရမည် ဖြစ်ခြင်းကြောင့် လည်းကောင်း၊ မဂ်လေးပါးမှာ သောတာပတ္တိမဂ်က စရမည် ဖြစ်သောကြောင့် လည်းကောင်း၊ ဆရာတော်ကြီးသည် စိတ္တာနုပဿနာကို ပဓာနထား၍ ဟောလေ့ ရှိသည်။ [နှာ–၅၆၆]

စိတ္တာနုပဿနာသည် ကောင်းသည်။ ကိုယ့်စိတ်ကိုယ်ရှုရတာ ဝေဖန်ရတာ လွယ်သည်ဟု သဘောထားသည်။ ကိုယ့်စိတ် ကိုယ်ရှုတာသည် စိတ္တာနုပဿနာ ဖြစ်ကြောင်းလည်း ဟောထားသည် [နှာ–၅၆၇]။ စိတ်သည် ပြုံပြီး မဖြစ်ပါ။ စိတ်တစ်ခု ပျက်ပြီးမှ နောက်စိတ်တစ်ခု ပေါ်သည်။ 'အညဉ္ဉပစ္စတေစိတ္တ၊ အညံစိတ္တနိရုဇ္ဈတိ' ဟု ပါဠိတော်မှာ ဆိုသည်။ စိတ်နှစ်ခုပြိုင် ဖြစ်ခြင်းထုံးစံ မရှိပါ။ ရှေ့စိတ်ဖြစ်ပြီး ပျက်သွားတာကို နောက်မှ ပေါ်သောစိတ်နှင့် အကဲခတ်ပါ။ ရှုပါ။ ရှေ့စိတ်

ပျက်သွားတာက အနိစ္စ၊ နောက်စိတ်နှင့် အကဲခတ်၍ သိလိုက်တာက မဂ္ဂဖြစ်သည်။ [နှာ-၅၇၁] ဤသို့ ဖြစ်ပျက်အနိစ္စကို တွေ့ပြီဆိုလျှင် ထိုဖြစ်ပျက် အနိစ္စကို မလိုချင်တော့ဘူး။ မလိုချင်တာက အလောဘဖြစ်ပြီး သမာဓိမဂ္ဂင်ငါးပါးသည် အကဲခတ်သောစိတ်(ရှုဉာဏ်)ဟု မှတ်ရမည်။ ချုပ်ပျက်သွားတာကို သိတိုင်းသိတိုင်း အနိစ္စကို မြင်တိုင်းမြင်တိုင်း ဝိပဿနာမဂ် ဖြစ်သည်။ လောကုတ္တရာမဂ် မဟုတ်သေး။

သို့သော် ဝိပဿနာမဂ် မရဘဲ လောကုတ္တရာမဂ်ကို မရနိုင်ပါ [နှာ-၅၇၈] ဝိပဿနာ အလုပ်ကိုပဲ ယောဂီက လုပ်ဖို့လိုသူ လောကုတ္တရာမဂ်သည် ဝိပဿနာရှိနေသူမှာ အချိန်တန်လျှင် သူ့အလိုလို ပေါ်လာမည်ဖြစ်သည်။ [နှာ-၅၇၉] ဝါးနှစ်လုံး ပွတ်လျှင် မီးထွက်လာသော ဥပမာကို ပြထားသည်။ ကိုယ့်စိတ်ကို ကိုယ်အကဲခတ်လိုက်လျှင် မရှိတော့သောစိတ်၏ အနိစ္စဖြစ်ပုံကို မြင်တွေ့ရသည်။ တစ်နည်း ကိုယ့်အသေကို ကိုယ်မြင်ရတော့သည်။ [နှာ-၅၈၄] မရဏမွှ ဒုက္ခသစ္စာကို တွေ့ပြီ။ ကိုယ့်အသေကို မြင်မှ သမုဒယသစ္စာ မလိုချင်တော့ သမုဒယ ချုပ်လျှင် နောက်ခန္ဓာ မလာတော့ဘဲ နိရောဓသစ္စာ ပေါ်သည်။ ဒုက္ခသစ္စာကိုသိလျှင် သစ္စာလေးချက် တစ်ပြိုင်နက် မြင်သည်။ စိတ်၏ ဖြစ်ပျက်ကို မြင်လျှင် ဒိဋ္ဌိပြုတ်သည်။ ဒိဋ္ဌိပြုတ်လျှင် သောတာပန် ဖြစ်တော့သည်။ ဤကား လူလိမ္မာတို့ သွားရာလမ်းဖြစ်သည်။

*

## ၁၂။ စရိုက်နှင့်လျော်စွာ ကမ္မဋ္ဌာန်း ပေးရပုံ(အဆက်) တရားတော်

[၂၄-၂-၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

မြတ်စွာဘုရားသည် သူ့အတွက် သူ နိဗ္ဗာန်ယူမည်ဆိုလျှင် သုမေဓာရှင်ရသေ့ဘဝလာတည်းက ရနိုင်ပါလျက် သတ္တဝါအားလုံးကို ငဲ့၍ ဆင်းရဲခံကာ ပါရမီဖြည့်ခဲ့သည်။ စွန့်ခြင်းကြီးငါးပါး စွန့်ပြီး သဗ္ဗညုတဉာဏ်ကို ရအောင် အားထုတ်ခဲ့သည်ဆိုသော စကားဖြင့် စတင်၍ ဤတရားကို ဟောသည်။ ထို့နောက် ဘုရားက ၁၇၉၂ ကြိမ်တိုင် ဆရာကောင်းရှာပြီး ဝိပဿနာအလုပ် လုပ်ရစ်ကြဖို့ မှာကြားခဲ့ကြောင်း ပြောသည်။ 'ဉာယထဘိက္ခဝေမာပမာဒတ္ထ' ဆိုသော ပါဠိတော်ကို ထောက်ပြသည်။ သေရာညောင်စောင်း မွေ့ရာ ဖျာကပ် ဖြစ်သောအခါမှ ငါ့သားရေး သမီးရေး စီးပွားရေးနှင့် အချိန်ကုန်ခဲ့တာ မှားပြီလို့ ယူကျုံးမရ မဖြစ်ကြနှင့်ဟုလည်း မှာခဲ့ကြောင်း သတိပေးသည်။

ထို့နောက် သေခါနီး မရဏာဆန္န ဇောမှာ ဂတိနိမိတ်၊ ကမ္မနိမိတ် ထင်ပုံများကို ဟောသည်။ ငရဲနိမိတ်တွေ မြင်ခါမှ ခေါင်းအုံးပေါ် မျက်ရည်ကျလျှင် အချိန်နောက်ကျသွားပြီး မသေခင်က ဝိပဿနာဉာဏ် အလုပ်ကို ဦးအောင် လုပ်သင့်ပုံကို သံဝေဂဖြစ်အောင် ဟောသည်။ စီးပွားရေး ရောင်းရေးဝယ်ရေးလည်း လုပ်ပါ။ သည်ကြားထဲ ဝိပဿနာလည်း လုပ်ပါဟုလည်း ကရုဏာဖြင့် တိုက်တွန်းပြန်သည်။ ခန္ဓာဉာဏ် ရောက်တဲ့အလုပ် လိုနေသည်ဟု ဆိုသည်။ [နာ-၆၀၅] ဝိပဿနာ လုပ်ထားမှ ပြုံးပြီး မေးနိုင်မည်။ ဝိပဿနာသည် မလုပ်မဖြစ်သော အလုပ်ဖြစ်ကြောင်း နားလည်အောင် သဘောကျအောင် ဟောသည်။ ထိုသို့ လုပ်သောအခါ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက်ဆုံးအောင် လုပ်ဖို့ အရေးကြီးကြောင်း ဟောသည်။ ညည့်ခံကောင်းရုံ လုပ်လို့ မဖြစ်ကြောင်း သံတိပေး ဆုံးမသည်။ 'ဒုက္ခသ အန္တကရိဿတိ' ပါဠိတော်ကို ကိုးပြီး ဒုက္ခအဆုံး နိဗ္ဗာန်မြင်အောင် လုပ်သင့်ပုံကို တိုက်တွန်းသည်။

ပြီးမှ အလုပ်စခန်းကို ပြသည်။ ရှေးကအတိုင်း လူမိုက်နှင့် လူလိမ္မာ ကွာခြားပုံဖြင့် အစချီပြန်သည်။ ပဋိစ္စသမုပ္ပါဒ်အရ ခန္ဓာငါးပါး ပဋိသန္ဓေ ဖြစ်လာပုံကို ပြသည်။ ထို့နောက် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး၏ နာမ်နှင့်ရုပ် တစ်ခုကို တစ်ခု မှီပြီး အညမည အလုပ်လုပ်နေကြပုံကို ပြသည်။ [နာ-၆၂၁] နာမ်ရုပ် အလုပ် လုပ်နေပုံကို ပြပြီး ပုဂ္ဂိုလ်သတ္တဝါ မပါပုံ ဒိဋ္ဌိဖြုတ်ပုံ ပြသည်။ ထို့နောက် နာမ်လဲလျှင် ရုပ်လဲပုံကို ပြသည်။ ရုပ်ဖြစ်ဖြစ် နာမ်ဖြစ်ဖြစ် ဝိပဿနာမှာ တစ်ခုရှုလျှင် အကုန်ပါပုံကို ဟောသည်။

ပြီးမှ စိတ္တာနုပဿနာကို ပြန်ကောက်သည်။ ဒိဋ္ဌိများပြီး ဉာဏ်နုံ့သူ စိတ်ကို ရှုသင့်ပုံ ဟောသည်။ တဏှာစရိုက်(လောဘစရိုက်) သမားသည် ဝေဒနာ နုပဿနာကို ရှုရမည်ဟု ဆိုသည် [နာ-၆၂၅] ဒိဋ္ဌိပြုတ်လည်း နိဗ္ဗာန်၊ တဏှာချုပ်လည်း နိဗ္ဗာန်ရသည်။ ကိုယ့်စရိုက်နှင့် လိုက်သော ဝိပဿနာကို ရှုရမည်။ တဏှာစရိုက်နှင့် ဒိဋ္ဌိစရိုက် ရှိသူများကို သိမြင်လွယ်အောင် ခွဲခြားပြသည်။ [နာ-၆၂၇] အနာနှင့် ဆေးသင့်အောင် ပေးရမည်ဟု ဆိုသည်။ ဤတွင် အရှင်သာရိပုတ္တရာ ပန်းထိမ်သည်သားကို ကမ္မဋ္ဌာန်း ပေးမှား၍ တရားမရပုံကို နမူနာပြသည်။ ဤတွင် နည်းနှစ်နည်း ပေးသည်။ [နာ-၆၃၂]

ထို့နောက် ဝေဒနာနုပဿနာ ရှုပုံကို ဟောသည်။ ခန္ဓာထဲ ဝေဒနာသုံးမျိုးပဲ ပေါ်သည်။ ဒုက္ခဝေဒနာ၊ သုခဝေဒနာ၊ ဥပေက္ခာဝေဒနာ ဖြစ်သည်။ မျက်စိ၊ နား၊

လျှာပေါ်မှာ ဥပေက္ခာဝေဒနာ ပေါ်သည်။ ကိုယ်ပေါ်မှာ ဒုက္ခ၊ သုခ၊ ဥပေက္ခာ ပေါ်သည်။ ထိုအခါ စိတ်မှာ(မနောမှာ) ဒေါမနဿ၊ သောမနဿ၊ ဥပေက္ခာ ပေါ်ပုံများကို ရှင်းပြသည်။ ဝေဒနာနုပဿနာမှာလည်း ဝေဒနာ၏ ဖြစ်ပျက်ကို ရှုရမည်။ ရှုလျှင် ဖြစ်ပျက် ဒုက္ခသစ္စာဟု သိမြင်လာမည်။ ဒုက္ခသစ္စာကို သိလျှင် မဂ္ဂသစ္စာ ဖြစ်ပြီ။ ဝိပဿနာ ရှုသောအခါ ပထမ အာနာပါနလုပ်ပြီး သမာဓိ ထူထောင်၊ ထို့နောက် ဝေဒနာ ပေါ်ရာကို ဖြစ်ပျက်မြင်အောင် ရှုရမည် [နှာ–၆၄၄] တစ်ကိုယ်လုံး ဝေဒနာက္ခန္ဓာ ဖြစ်ပျက် ဒုက္ခသစ္စာချည်း တွေ့မည်။ ဒုက္ခသစ္စာကို တွေ့ပြီဆိုလျှင် သစ္စာဉာဏ်ရပြီ [နှာ–၆၄၆] ထို့နောက် ကိစ္စဉာဏ်ကို တက်ရမည်။ ပြီးမှ ကတဉာဏ် ရောက်လျှင် ကိစ္စပြီးပြီဟု မိန့်ပါသည်။

ဤတွင် တရားနိဂုံးချုပ်သည်။

○

**ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၄) ပြီး၏။**

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၅)

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၅)

**နိဒါန်း**

ဤနိဒါန်းကိုလည်း ဆရာကြီးဦးသံဒိုင်က ရေးသားသည်။ ဆရာတော်ကြီးသည် မန္တလေးမြို့ ဦးချစ်ဆွေ့မွှာရုံတွင် ၁၉၆၁ ခုနှစ်ဦးပိုင်းက ဝိပဿနာ တရားများကို ဆက်တိုက်ဟောတော်မူခဲ့လေသည်။ ပဋိစ္စသမုပ္ပာဒ် တရားကို အခြေခံ၍ ဒိဋ္ဌိဖြုတ်မှုကို ပဓာနထား၍ ဝိပဿနာ အလုပ်ပေးတရား (စိတ္တာနုပဿနာနှင့် ဝေဒနာနုပဿနာ) တရားများကို ထပ်ကာထပ်ကာ ဟောကြားတော်မူပါသည်။ ထိုသို့ ဟောကြားစဉ် တရားသားကို မဟောမီ တရားနာပရိသတ် သံဝေဂ ရလောက်အောင်လည်း ဟောပြီး အသေမဦးမီ ဉာဏ်ဦးအောင် ဝိပဿနာ အလုပ် လုပ်ကြဖို့၊ သားရေး သမီးရေး စီးပွားရေး ဝမ်းကြောင်းရေး ကိစ္စနှင့်ချည်း ဘဝတစ်ခု၏ အချိန်ကာလများကို အကုန်မခံ သွားကြဖို့ကိုလည်း အမြဲတိုက်တွန်း နှိုးဆော်ပါသည်။ ယခု ဤစာအုပ်ပါ တရားများတွင်လည်း တရား အားထုတ်မှုကို ပဓာနထားရေး ကိစ္စကို ဦးစားပေး ဟောထားကြောင်း လေ့လာရပါလိမ့်မည်။

### ၁။ အိုဘေး မစောင့်ဘဲ ဝိပဿနာ လုပ်သင့်ကြောင်း တိုက်တွန်းခြင်း တရားတော်

[၂၅–၂–၆၈ မန္တလေးမြို့ ဦးချစ်ဆွေ့မွှာရုံမှာ ဟောသောတရား]

စာအုပ်အမှတ်(၃)မှ စ၍ မန္တလေးမြို့ ဦးချစ်ဆွေ့မွှာရုံမှာ ဟောကြားတော်မူသော တရားများကို ရက်စွဲ အစီအစဉ်အလိုက် ပေါင်းဖွဲ့ပြီး စာအုပ် ဖန်တီးထားသည်။ ယခု အမှတ်(၅)သို့ ရောက်ပြီ။

ယခု ဤတရားခေါင်းစဉ်ကို မာတိကာတွင် အပြည့်အစုံ မဖော်ပြဘဲ 'ဝိပဿနာ လုပ်သင့်ကြောင်း တိုက်တွန်းခြင်းတရား' ဟု ဖော်ပြထားပါသည်။ ထို့ပြင် မိုးကုတ်ဝိပဿနာ အလုပ်စဉ် တရားများကို စာအုပ် မျက်နှာဖုံးတွင် 'သစ္စာလေးပါး တရားတော်' ဟု ပေးထားသော်လည်း ဤစာအုပ်၏ အဖွင့် စာမျက်နှာတွင်မူ 'ပဋိစ္စသမုပ္ပာဒ်တရားတော်' ဟု ပြောင်းလဲ တပ်ထားသည်ကို တွေ့ရသည်။ ဆရာတော်၏ တရားတိုင်းမှာ ပဋိစ္စသမုပ္ပာဒ် မပါမပြီး ပါသည်ချည်း ဖြစ်ပါသည်။ သို့သော် ယခင် အမှတ်စဉ်(၄)တွင်မူ အဖွင့်စာမျက်နှာ၌ 'အလုပ်ပေး တရားတော်' တပ်ထားသည်ကို တွေ့ရသည်။ တည်းဖြတ် သုတ်သင်သူတို့ သတိမူသင့်သော အချက်ကို ဖော်ပြရခြင်း ဖြစ်၏။

အိုမင်းမစွမ်း ရှိသည့် ကာလအထိ ဝိပဿနာ အလုပ်ကို မလုပ်ဘဲ စောင့်နေသလို နေခဲ့ခြင်းသည် မလုပ်သင့်တာကို လုပ်နေကြသလို ဖြစ်နေကြောင်း ထောက်ညွှန်၍ ဤတရားကို စတင် ဟောကြားပါသည်။ သူတော်ကောင်း အလုပ်ကို မလုပ်ဘဲ သားရေး သမီးရေး စီးပွားရေးနှင့် အချိန်ကုန်ခံနေကြတာသည် အိုဘေးကို စောင့်နေကြသလို ဖြစ်ပုံကို ဖော်ပြသည်။ ထိုသို့ နေခြင်းကို ဆရာတော်က တဏှာ ခိုင်းတာလုပ်ပြီး တဏှာ့ကျွန် ခံနေကြသည်ဟု ဆိုသည်။ အိုဘေးကို စောင့်နေတာသည် မိုက်ကန်းနေကြတာဟုလည်း နာလောက်အောင် ဆိုသည်။

ဤခန္ဓာသည် အမိဝမ်းခေါင်း အောင်းစဉ်က စပြီး အိုဘေးဆီသို့ ပြေးနေသည်။ ခန္ဓာ၏ အလုပ်မှာ အိုဘေးဆီသို့ ပြေးနေသော အလုပ်ဖြစ်သည်။ သူ့အလုပ်သူ လုပ်နေသည်။ မိမိ ဒုက္ခကင်းဝေး ချမ်းသာရေး အလုပ်ကို အားကောင်းမောင်းသန် တုန်း ကျန်းမာတုန်း နုပျိုဆဲအခါ လုပ်မှရသည်။ အိုမှ တရားအလုပ် လုပ်မည်ဆိုလျှင် တရားရဖို့ မလွယ်တော့ပါ။ အိုဘေးရောက်အောင် စောင့်ခြင်းသည် မစောင့်ကောင်း မလုပ်ကောင်းသော အလုပ်ဖြစ်သည်။ အိုဘေး မလာခင် ကိုယ့်ကိစ္စပြီးအောင် တစ်မဂ်တစ်ဖိုလ်ရအောင် လုပ်သင့်သည်။ အိုဘေးရောက်အောင် မစောင့်ကောင်းပါ။ မစောင့်ပါနှင့် တရားအလုပ်ကို ချက်ချင်းလုပ်ပါဟု ဆရာတော်ကြီး တိုက်တွန်းတော်မူပါသည်။ ရှောင်ရမည့် ကိစ္စကို စောင့်ကြိုပြီး နေခြင်းသည် တဏှာလှည့်စားမှုကို ခံနေရခြင်း ဖြစ်သည်ဟု ဆိုသည်။ အဝိဇ္ဇာ တဏှာကြောင့် ဒုက္ခရောက်ခဲ့ရခြင်း အကြောင်းကို သိထားပြီးဖြစ်လျှင် နောင်တစ်ခါ တဏှာ လှည့်စားခြင်း ခံဦးမည် ဆိုပါက နှစ်ခါမိုက် ဖြစ်တော့မည်။ ထို့ကြောင့် တဏှာ လှည့်စားခြင်းကို တွန်းလှန်ပြီး အချိန်ရှိခိုက် အားသန်ခိုက်မှာ ဝိပဿနာ အလုပ်ကို လုပ်ပစ်ကြပါဟုလည်း ကရုဏာကြီးစွာ တိုက်တွန်းထားပြန်သည်။

တရားအလုပ်ဆိုတာ ကံမွဲဉာဏ်မွဲမှ လုပ်လျှင် မအောင်မြင်နိုင်။ ကံကောင်းဉာဏ်ကောင်းတုန်းမှာ လုပ်မှ ခရီးရောက်နိုင်သည်။ [ နှာ–၂၂ ] ဒါကြောင့် အိုဘေးနာဘေး မရောက်မီ ကိုယ့်အရေး ကိုယ်သိအောင် လုပ်ပါ။ ကိုယ့်ကိစ္စ ကိုယ်ပြီးအောင် လုပ်ပါဟုလည်း နှိုးဆော်သည်။ ခန္ဓာက အိုဘေးဆီကိုသာ ရှေးရှု၍ အမြဲသွားနေသည်။ ထိုနေရာသို့ ခန္ဓာ အရောက်သွားမှာ သေချာသည်။ နာဘေးရောက်လာမှ မအိုမနာမသေရာ နိဗ္ဗာန်ရရေး အလုပ်ကို လုပ်ချင်သော်လည်း လုပ်၍ မဖြစ်တော့ပါ။ နောက်ကျသွားပြီ။

သားကိစ္စ၊ သမီးကိစ္စ၊ စားဝတ်နေရေးကိစ္စ ဆိုတာက ဘယ်တော့မှ မပြီးသော ကိစ္စတွေ ဖြစ်သည်။ မပြီးနိုင်သော ထိုအလုပ်တွေကိုချည်း လုပ်ရင်း နာဘေးကြီး စောင့်နေလျှင် ကိုယ်ကျိုးနည်းပေတော့မည်။ အိုဘေးနာဘေးအပြင် ဝါဒအမျိုးမျိုး ကွဲလို့ လူသင်းကွဲတဲ့ဘေး၊ တိုက်ခိုက် သတ်ဖြတ် စစ်ဘေးတွေ လာဦးမည်။ [ နှာ–၂၉ ] လူသင်းကွဲ ဘေးရောက်လျှင် သံဃာပါ သင်းကွဲပြန်ဦးမည်။ ဒါကြောင့် အိုဘေး၊ နာဘေး၊ သေဘေး၊ လူသင်းကွဲ၊ သံဃာသင်းကွဲဘေးတွေ မလာခင် နိဗ္ဗာန်ရကြောင်း ဝိပဿနာ အလုပ်ကို အားထုတ်ကြမှ ဖြစ်မည်။ ဘေးငါးဘေးသည် စောင့်ကောင်းသော အရာများ မဟုတ်ပါ။ ဘေးမရောက်ခင် တရားရအောင် အားထုတ်ထားမှ တော်ပေမည်။ လူတွေက ဘုရား ရှေ့မှာတော့ ဘေးအပေါင်း ရန်အပေါင်း ကင်းဝေးလိုကြောင်း ဆုတောင်းကြသည်။ လက်တွေ့မှာတော့ ဘေးတွေ ကျရောက်လာမည့် အချိန်ကို စောင့်ပြီးနေသလို နေနေကြသည်ဟု ဆိုသည်။ ဆေးလိပ် သောက်ပြီး အချိန်ဖြုန်းနေကြတာ ဖြီးလိမ်းပြီး အချိန်ကုန် ခံနေကြတာ၊ သူတော်ကောင်း အလုပ် မလုပ်ဘဲ ဘေးရောက်မည့် အချိန်ကို စောင့်နေကြတာနှင့် တူပုံကို ရှင်းပြထားသည်။

ပြီးမှ အချိန်တိုင်းမှာ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာမြင်အောင် ဝိပဿနာ အလုပ်ကို လုပ်သင့်ပုံကို ဟောထားသည်။ လူသည် ကိုယ့်ကိုယ်ကိုယ် ဆုံးမရ ခက်သည်။ ကိုယ့်ကိုယ်ကိုယ် ဆုံးမမှ ဖြစ်မည်။ ဘေးငါးဘေးကို စောင့်နေခြင်းမှာ မလုပ်ကောင်းသော အလုပ်ဖြစ်သည်။ ယနေ့က စပြုပြင်သင့်ပြီ။

ထို့နောက် အဝိဇ္ဇာသင်္ခါရ(တဏှာ)ကြောင့် ခန္ဓာဒုက္ခသစ္စာကို အဖန်တလဲလဲ ရနေပုံ ပဋိစ္စသမုပ္ပာဒ်ကို ထုံးစံအတိုင်း ရှင်းပြန်သည်။ လူလိမ္မာနှင့် လူမိုက် ဘာထူးသလဲဆိုသော ယခင် တရားများမှာအတိုင်း သုံးသပ်ပြပြန်သည်။ နောက်ခန္ဓာ ဒုက္ခသစ္စာ ရအောင်လုပ်နေရင် လူမိုက်၊ နောက်ခန္ဓာ ဒုက္ခသစ္စာမှ လွတ်အောင် ကျွတ်အောင်လုပ်မှသာ လူလိမ္မာ ဖြစ်သည်။

စာအုပ်အမှတ်(၄) နောက်ဆုံးတရားတွင် ဝေဒနာနုပဿနာမှာ သစ္စာဉာဏ်အထိ ပြောခဲ့သည်။ ယခု ဤတွင် ကိစ္စဉာဏ်ကို ဟောမည်ဆိုပြီး ဝေဒနာနုပဿနာ ရှုပုံကို ဟောသည်။ ဝေဒနာ အမျိုးအစား ခွဲပြသည်။ ပေါ်ရာ နာနမှာ ဖြစ်ပျက်ရှုဖို့ တိုက်တွန်းသည်။ ခန္ဓာမှာ အချိန်တိုင်း ဝေဒနာ ရှိသည်။ အန္တရာယ် မကင်းပါ။ ဝေဒနာပေါ်တိုင်းမှာ ဖြစ်ပျက် ရှုရမည်။ ဒေါမနဿပေါ်၍ မရှုလိုက်မိလျှင် သောက၊ ပရိဒေဝ၊ ဥပါယာသတွေ လာတော့မည်။ ဝေဒနာ သတ်လို့ သေကြရပုံများ ဟောသည်။ ဒါကြောင့် ဝေဒနာ ဆုံးအောင်လိုက်ဖို့ မှာကြားသည်။

*

## ၂။ ဒုလ္လဘတရားနှင့် ကြုံရိုက် အချိန်မဖြုန်းသင့်ကြောင်း တိုက်တွန်းခြင်း တရားတော်

[ ၂၆–၂–၆၁ မန္တလေးမြို့ ဦးချစ်ဆွေဇမ္ဘူရုံမှာ ဟောသောတရား ]

လူ့ဘဝရခိုက် အဖိုးတန်သော အချိန်ကို မဖြုန်းဘဲ တန်ဖိုးရှိအောင် အသုံးချရန် တိုက်တွန်းစကားဖြင့် ဤတရားကို စသည်။ ထို့နောက် ရခဲသော ဒုလ္လဘတရားများကို လိစ္ဆဝီမင်းသားများ တွေးတော ဆင်ခြင်ခဲ့ကြပုံကို ပြပြီး၊ ဒုလ္လဘတရားအကြောင်း ဘုရားဟောပုံကို ဟောသည်။ ဒုလ္လဘတရားများတွင် ပွင့်သော သာသနာနှင့် ကြုံဖို့ ခဲယဉ်းသည်။ ကြုံခဲသော သာသနာနှင့် ကြုံဆဲမှာ အလွဲမသုံးကြဖို့ တိုက်တွန်းသည်။ ဒီဘဝမှာပင် ဝိပဿနာဉာဏ်က မဂ်ဉာဏ်ကို ကူးအောင်လုပ်ဖို့ တိုက်တွန်းသည်။

ဒုတိယဒုလ္လဘမှာ ဘုရားတရားကို သဘောမှန်စွာ ဟောတတ်ပြောတတ် သင်ပြတတ်သော ဆရာနှင့် ကြုံဖို့ ခဲယဉ်းသည်။ ယခု ဒကာ ဒကာမများမှာ သူ့လို ဆရာကောင်းနှင့်လည်း ကြုံတောင့်ကြုံခဲ ကြုံနေကြရသည်။ ကြုံပင်ကြုံရသော်လည်း ကိုယ့်မှာ ထောင်တတ်တဲ့နား ရှိဦးမှ ဖြစ်သည်။ ထောင်တတ်သော နားရှိဖို့က သုံးနံပါတ် ခဲယဉ်းခြင်း ဒုလ္လဘပင်။ ယခု ဒကာ ဒကာမများမှာ ထောင်တတ်သော နားလည်း ရှိနေသဖြင့် ဒုလ္လဘသုံးပါး ပြည့်စုံနေပုံကို ရှင်းပြသည်။ အခွင့်ကောင်း အခါကောင်း ကြုံ၍ အင်မတန် ကောင်းနေသော အချိန်ကို တဏှာ နိုင်သော အလုပ်တွေ လုပ်ရင်း အကုန်မခံကြပါနှင့်ဟု တိုက်တွန်းသည်။ ဉာဏ်နိုင်းတာ လုပ်ကြပါဟု ဆိုသည်။ [ နှာ–၇၅ ] အချိန်ကောင်း အခွင့်ကောင်းနှင့် တစ်ခါ လွဲသွားလျှင် ကျောက်ခဲရေကျ ဖြစ်တတ်သည်။ ဤသို့ ဒုလ္လဘသုံးပါး တရားတွေနှင့်

ပြည့်စုံနေခြင်းသည် ပါရမီ ပြည့်နေပြီဟု မှတ်ရမည်။ [နှာ-၇၇] စတုတ္ထဒုလ္လဘမှာ ဓမ္မာနုဓမ္မပဋိပတ္တိ ဖြစ်ပျက်နှင့် မက်ကိုက်အောင် လုပ်ဖို့လည်း ခဲယဉ်းသည်။ အနိစ္စ ဖြစ်ဖို့ ဒုက္ခသစ္စာဖြစ်ဖို့ ခဲယဉ်းသည်။

ပထမ ဒုလ္လဘသုံးခုက ကံကောင်းလျှင် ဖြစ်နိုင်သည်။ စတုတ္ထ ဒုလ္လဘမှာ ဉာဏ်ဝီရိယကောင်းမှ ဖြစ်သည်။ ဖြစ်ပျက်နှင့် မက်မကိုက်လျှင် ဝိပဿနာမဂ် မဖြစ်တော့ပါ [နှာ-၈၀]။ လေးအချက်ပိုင်လျှင် တစ်၊ နှစ်၊ သုံးတွေ အကုန် ဖျက်ဆီးနိုင်သည်။ [နှာ-၈၁] နံပါတ်လေးက လုပ်ယူရမည့် တရားဟု သိရမည်။ [နှာ-၈၃] ဒါကြောင့် နံပါတ်လေးသည် ကိုယ့်အရေး ဖြစ်သည်။ ဖြစ်ပျက်နှင့်မက် ကိုက်အောင်လုပ်ရေး ဖြစ်၏။ အပျက်နှင့်မက်နှင့် မကိုက်လျှင် သံသရာ ဆက်သည်။ ပဋိစ္စသမုပ္ပာဒ် လည်လမ်း ဖြစ်သွားသည်။ [နှာ-၈၈] ဖြစ်ပျက်နှင့်မက် ကိုက်အောင် လုပ်ရာမှာ ကိလေသာ ကြားမဝင်အောင်လည်း လုပ်ရမည်။ ဤနေရာတွင် ပါရမီကို အကြောင်းရှာတတ်ကြပုံ ဟောသည်။

ထို့နောက် လူတွေသည် အပါယ်က တက်လာကြသူတွေ များပုံ၊ အပါယ်က လာတုန်းက အပါယ် ပြန်မရောက်ချင်စိတ်ဖြင့် တက်လာကြသည်။ လူ့ပြည် ရောက်တော့ အပါယ်က တက်လာစဉ် ရှိခဲ့သော စိတ်တွေ ပျောက်ပြီး အပါယ် ပြန်ရောက်မည့် အလုပ်တွေနှင့် မျောနေကြပြန်ပုံကို ဝေဖန်ပြသည် [နှာ-၉၇]။ ပဥ္စမ ဒုလ္လဘသည် ကတညုတကတဝေဒီ ဖြစ်သည်။ ဘုရားကို တရားနှင့် ပြန်ပြီး ပူဇော်ဖို့ ကျေးဇူးဆပ်နိုင်ဖို့မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရမှဖြစ်သည်။ ဒုလ္လဘတရား ငါးပါးတွင် လေးနံပါတ် အချက်သာ အရေးအကြီးဆုံး ဖြစ်သည်။ [နှာ-၁၀၂] လူတွေ တရားမရတာသည် ပါရမီ မရှိလို့ မရခြင်းမဟုတ်၊ ကိလေသာ ကြားခိုး၍ မရတာဟု ဆုံးဖြတ်ချက် ပေးထားသည် [နှာ-၁၀၄]။ တရား အားထုတ်စဉ် မလိုလားအပ်သော ဝေဒနာတွေ ပေါ်လာလျှင် အဖျက်လာတယ်ဟု မမှတ်သင့် အရှုခံလာသည်ဟု မှတ်ယူပြီး ရှုဖို့လည်း တိုက်တွန်းထားသည်။

ဟေဝိပဿီကောကို ဟောပြန်သည်။ ဤသို့ အရှုခံလာတိုင်း ရှုမှ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်နိုင်ပုံ ရှင်းပြသည်။ ထိုအခါမှ ဝဋ်ကျွတ်သည်။ ဝဋ်ကျွတ်တာ နိဗ္ဗာန်ပဲဟုလည်း ဆိုပါသည်။ ဝေဒနာနုပဿနာကို ဆက်ပြသည်။ ဝေဒနာသည် လူသတ်သမား ဖြစ်ပုံကို ရှင်းပြသည်။ ထို့နောက် ထိုဝေဒနာကို ဝိပဿနာဉာဏ်နှင့် သတ်ရမည့်အကြောင်း ဆုံးမသည်။

*

## ၃။ ဝေဒနာနုပဿနာရှုနည်း တရားတော်

[၂၇–၁–၆၁ မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသောတရား]

(ဤတရားမှာလည်း ရက်စွဲ မှားနေဟန် တူသည်။ ရှေ့က တရားမှာ ၂၆–၂–၆၁ ဖြစ်ပြီး နောက်လာမည့် တရားမှာ ၂၈–၂–၆၁ ဖြစ်ရာ ဤတရားသည် ၂၇–၂–၆၁ ပင် ဖြစ်လိမ့်မည် ထင်ပါသည်။ အကြောင်းအရာ နီးစပ်မှု အရလည်း ၆၁ ခု နှစ်လပိုင်း ဟောသောတရားသာ ဖြစ်နိုင်၏။)

သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို၊ ဖြစ်ချုပ်ဉာဏ်မြင်၊ ဤငါးအင်၊ အမှန်ပင် မဂ်ရကြောင်း၊ လင်္ကာကို ရှင်းခြင်းဖြင့် ဤတရားကို စတင်သည်။ မာဂဏ္ဍီပုဏ္ဏားကြီးကို ဘုရားဟောကြောင်း ရှင်းပြထားသည်။ ဆရာသမား သူတော်ကောင်းထံဆည်းကပ်ပြီး သစ္စာဂုဏ်ရမည့် တရားနာ၊ နာပြီးလျှင် ကိုယ်တိုင်လည်း ရုပ်နာမ်ဖြစ်ပျက်မြင်အောင် အားထုတ်ရမည် အားထုတ်သဖြင့် ဖြစ်ပျက်မြင်ပြီဆိုလျှင် ပုဗ္ဗဘာဂမဂ်ကို ရပြီဟု ဆိုသည် [နှာ–၂၁၇]။ ဤမဂ်ကို ရပြီဆိုလျှင် ဒုက္ခခပ်သိမ်း ငြိမ်းသော နိဗ္ဗာန်ကို မသေခင် မြင်ရရောက်ရနိုင်သည်။ သံသယ မရှိဘဲ ကြိုးစားကြပါဟုလည်း တိုက်တွန်းပါသည်။

ထို့နောက် တလပဏ္ဍိတသုတ် လူမိုက်နှင့် လူလိမ္မာအကြောင်းကို ပြန်ကောက်ပြီး ပဋိစ္စသမုပ္ပါဒ်ကို ရှင်းသည်။ လူမိုက်က ဒုက္ခချုပ်ကြောင်းကို မကျင့်ဘူး။ အဝိဇ္ဇာနှင့် တဏှာကို မပယ်ဘူး။ ကိုယ်ခန္ဓာသည် ဒုက္ခသစ္စာမှန်း မသိဘူး [နှာ–၁၂၈] မသိတော့ ခန္ဓာကို ခင်သည်။ ခင်မှုတဏှာကြောင့် အဝိဇ္ဇာ သခါရ လာပြန်ပုံကို ရှင်းပြသည်။ နောက် ဒုက္ခသစ္စာ ခန္ဓာကို ရပုံများကို ဟောသည်။ လူလိမ္မာက မဂ္ဂဗြဟ္မစရိယ ဝိပဿနာအလုပ်ကို အားထုတ်သည်။ ဝိပဿနာအလုပ်ကို အားထုတ်သောကြောင့် ခန္ဓာအဆုံး နိဗ္ဗာန်ကို ရောက်သည်။ ဤသို့ဆိုပြီးမှ ခန္ဓာငါးပါးကို ရှင်း၍ ဒိဋ္ဌိကို ဖြုတ်သည်။

ထို့နောက် ခန္ဓာငါးပါးကို ချုံ့လိုက် ရုပ်နာမ်နှစ်ပါး၊ ရုပ်နာမ်လည်း အနိစ္စဖြစ်၍ အနိစ္စတစ်လုံးသာ ရပုံကိုပြသည်။ ထို့နောက် ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ပိုင်းခြား ဝေဖန်ပြသည်။ ပြီးမှ တဏှာများပြီး ဉာဏ်ထက်သူ ဝေဒနာနုပဿနာ ရှုရမည်ဟု လမ်းညွှန်သည်။ ဝေဒနာ သုံးမျိုးရှိသည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ။ ခန္ဓာမှာ ဝေဒနာတစ်မျိုး ပေါ်နေခိုက်မှာ ကျန်ဝေဒနာ နှစ်မျိုး မပေါ်ပုံကို ပြပြီး ပေါ်သောဝေဒနာတစ်မျိုးကိုသာ ဝိပဿနာ ရှုရမည်ဟု

မိန့်သည်။ ဝေဒနာသုံးမျိုးမှာ ဘယ်ဝေဒနာမှ မကောင်းဘူးဟု မှတ် [ နှာ–၁၃၇ ] ဟုလည်း ဆိုသည်။ ဝေဒနာသည် သူသတ်ယောက်ျား ဖြစ်ကြောင်း ထပ်ရှင်းသည်။ ခန္ဓာမှာ အချိန်တိုင်း ဝေဒနာရှိသည်။ သေမင်းရှိနေသည်ကို ရှင်းပြသည်။ ဝေဒနာကို သေမင်းဟု ကိစ္စဉာဏ်ဖြင့်သိလျှင် မျက်မှောက်ဒ္ဒပင် အာသဝေါကင်းသည် [ နှာ–၁၄၆ ] ဝေဒနာသည် နှိပ်စက်တတ်သော တရား လူသတ်ယောက်ျားဟု သိဖို့ကို ဤတရား၌ ပဓာနထား၍ ဟောသည်။

'သောဝေဒနာ ပရိညာယ' ပါဠိတော်ကို အခြေခံသည်။ ဝေဒနာနိရောဓာ တဏှာနိရောဓော၊ ကာမာသဝ ချုပ်ပုံကို ပြသည်။ သူနှင့် သဟဇာတဖြစ်သော ဘဝါသဝ၊ ဒိဋ္ဌာသဝများပါ ချုပ်သည်။ ပြီးမှ ဝေဒနာနုပဿနာ ရှုနည်းကို ပြသည်။ ပထမ သုခ၊ ဒုက္ခ၊ ဥပေက္ခာဝေဒနာပေါ်ရာ ဌာနများကို ပြသည်။ သောမနဿ ဝေဒနာ၊ ဒေါမနဿဝေဒနာ မနောမှာ ပေါ်လျှင်လည်း မနောကို ဉာဏ်လှည့်ပြီး ရှုရမည်။ ဝေဒနာ ဖြစ်ပျက်မြင်မှ မဂ်ကလာတယ် [နှာ–၁၅၈] ဝေဒနာ နိရောဓာ၊ တဏှာနိရောဓော ဖြစ်သည်။ ဘုရားက သတိထားပြီး ပညာနှင့် ရှုဖို့မှာသည်။ လူတွေက ဖြစ်ရင် ခင်တွယ်သည်။ အပါယ်သွားဖို့ချည်း ဖြစ်နေသည်။ ဒါကြောင့် အသေမဦးမီ ဉာဏ်ဦးအောင် ဖြစ်ပျက်ရှုဖို့ ဝိပဿနာလုပ်ဖို့ အထပ်ထပ် မှာတော်မူသည်။ ဝေဒနာက္ခန္ဓာ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် ရှုဖို့ တိုက်တွန်း သည်။ ဝေဒနာက သတ်ရင် အပါယ်ကိုယ်က ဝေဒနာကို သတ်နိုင်ရင် နိဗ္ဗာန်ဟု သိလွယ်အောင် ဆုံးမတော်မူသည်။

*

## ၄။ အဖုံးငါးချပ် ဖွင့်လှစ်နည်းတရားတော်

[ ၂၈–၂–၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား ]

နားက တရားနာဉာဏ်က ခန္ဓာလှည့်ပါ ဆိုသော စကားဖြင့် ဤတရားကို စတင်သည်။ တရားကို နာပြီးမှ ခန္ဓာဘက်ကို ဉာဏ်လှည့်လျှင် ခန္ဓာပြောတာ ဉာဏ်က မြင်မည် [ နှာ–၁၇၄ ] ခန္ဓာက သူသည် ဒုက္ခသစ္စာဖြစ်ကြောင်း ပြောသည်။ ခန္ဓာကြောင့် ဒုက္ခသစ္စာကို ဉာဏ်ကမြင်လျှင် သမုဒယသစ္စာ တဏှာလောဘ ပြုတ်သည်။ သမုဒယသေလျှင် တဏှာနိရောဓာနိဗ္ဗာန် ဖြစ်တော့သည်။ ခန္ဓာကို ဉာဏ်လှည့်ပါဆိုတာ ဝိပဿနာရှုပါဟု ဆိုလိုသည် [ နှာ–၁၇၇ ]။

ခန္ဓာအကြောင်း ပြောလျှင် အဝိဇ္ဇာပစ္စယာသင်္ခါရကချည်း စရသည်။ သင်္ခါရကြောင့် ပဋိသန္ဓေဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတနဖဿဝေဒနာ ခန္ဓာငါးပါး ပေါ်ရသည်။ ခန္ဓာငါးပါးထဲ ငါ မပါ ယောက်ျားမိန်းမမပါ ပုဂ္ဂိုလ်သတ္တဝါမပါ။ ပညတ်မှာသာ ပါသည်။ ပရမတ်မှာ မပါ။ ဝိပဿနာမှာ ယောက်ျားမိန်းမ မပါ၊ ငါ မပါ၊ သက္ကာယဒိဋ္ဌိ ဖြုတ်ပြီး ရှုရမည်။

တရားအစမှာ လူမိုက်နှင့် လူလိမ္မာ နှိုင်းယှဉ်တရားကိုပင် ပြန်ဟောပြန်သည်။ ထို့နောက် ဒိဋ္ဌိဖြုတ်ခန်း ဟောသည် [*နာ–၁၈၀*] ခန္ဓာကို ခန္ဓာလို့ သိရင် ဒိဋ္ဌိစင်ပုံကို ပြသည်။ [*နာ–၁၈၄*] ဉာတပရိညာဖြင့် ဒိဋ္ဌိစင်အောင် ဖြုတ်ပြီးမှ ဝိပဿနာရှုလျှင် စူဠသောတာပန် ဖြစ်ပြီးမှ မဟာသောတာပန် ဖြစ်ခန်းကို လှမ်းခြင်းဖြစ်၍ ဝန်လေးစရာ မရှိဟု ဆိုသည် [*နာ–၁၈၄*]။ ထို့နောက် ဝိပဿနာမဂ္ဂဗြဟ္မာစရိယ အကျင့်ကို ကျင့်ဖို့ တိုက်တွန်းသည်။ ဝိပဿနာလုပ်၍ ပုဗ္ဗဘာဂမဂ်(ဝိပဿနာမဂ်) လာပြီးလျှင် လောကုတ္တရာမဂ် လာမည်ဖြစ်ကြောင်း အားတက်ဖွယ် ဆိုသည်။ [*နာ–၁၉၀*] ခန္ဓာငါးပါးကို ဒုက္ခသစ္စာပဲဟု မြင်အောင် ကြည့်သော အကျင့်ဖြစ်သည်ဟုလည်း အဓိပ္ပာယ် ဖွင့်ပြသည် [*နာ–၁၉၁*]။ ဝိပဿနာအကျင့် ကျင့်ဖို့ နည်းစုံပြပြီး တိုက်တွန်းသည်။ ပုထုဇဉ်မှာ ခန္ဓာကို ကြည့်၍ ဒုက္ခသစ္စာ မမြင်တာသည် အဖုံးတွေ ကွယ်နေလို့ ဖြစ်သည်။ [*နာ–၁၉၃*] ဒါကြောင့် ဒီအဖုံးအကွယ်ကို ဖယ်ရသည်။ ဘုရားက အဖုံးငါးချပ်ကို ဖွင့်ပြခဲ့သည်။ စာလုံးသုံးတော့ နီဝရဏငါးခု ဖြစ်သည်။ [*နာ–၁၉၅*] အဖုံးငါးချပ် နီဝရဏငါးခု လောဘ၊ ဒေါသ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ ဖြစ်သည်။ ဤတရားများက ဝိပဿနာဉာဏ်ကို ဖုံးကွယ်ထားသည်။

ပြီးမှ နီဝရဏ ဖယ်ရှားနည်းကို ဟောသည်။ ရေနက်ထဲ မျက်နှာ ဟပ်ကြည့်ပုံ ဥပမာဖြင့် ဟောသည်။ ရေထဲမှာ ဆေးနီဆေးပြာ ရောနေလျှင် မျက်နှာကို မမြင်ရ၊ ဆေးနီဆေးပြာ ဖယ်မှ ရေကြည်၍ မျက်နှာရိပ် ထင်ပုံပြသည်။ သင်္ဂါရဝသတို့သားကို ဟောသောတရား ဖြစ်သည်။ [*နာ–၂၀၀*] ဆေးနီ၊ ဆေးဝါ၊ ဆေးပြာဆိုတာ လောဘစိတ်တွေ၊ ကာမစ္ဆန္ဒနီဝရဏတွေ ဖြစ်သည်။ ထိုလောဘလာလျှင် လောဘကို ဝိပဿနာ ရှုရမည်ဟု သင်ပြသည်။ ဤသို့ ရှုမှသာ အဖုံးအကာကို ဖယ်၍ ရှုပုံရှုနည်း ဖြစ်သည်။

ဒေါသဖြစ်နေလျှင် မီးလောင်၍ ရေဆူနေသလို မျက်နှာရိပ် မထင်ပါ။ ထိုအခါ ဒေါသ ဖုံးနေမှုကို ဝိပဿနာ ရှုပြီး ဖတ်ရမည်။ ရေငြိမ်သွားမှ မျက်နှာရိပ် ပေါ်မည်။ ထို့နောက် ထိနမိဒ္ဓ ပျင်းရိစိတ်၊ အိပ်ငိုက်စိတ်(မောဟ) လာနိုင်သည်။

ရေခွက်ထဲ မှော်ဖုံးသည်နှင့် တူသည်။ ထိုမှော်ဖုံးသော မောဟစိတ်(ထိနမိဒ္ဓ)ကို အရင်ရှု၍ အဖုံးဖွင့်ရမည်။ တစ်ခါ ဥဒ္ဓစ္စ၊ ကုက္ကုစ္စနီဝရဏ ဖုံးနေတတ်ပြန်သည်။ ရေပေါ် လေတိုက်၍ လှုပ်နေလျှင် မျက်နှာရိပ် မထင်နိုင်ပုံ၊ ထိုအဖုံးကို ဖယ်ရမည်။ ပျံ့လွင့်စိတ်၊ ပူပန် ကြောင့်ကြစိတ်တွေကို ဝိပဿနာ ရှုပစ်ရမည်။ စတုတ္ထ အဖုံးကို ဖွင့်ရမည်။ [နှာ-၂၁၇] စိတ်လှုပ်ရှားလျှင် လှုပ်ရှားစိတ်ကို ရှုရမည်။ ရေငြိမ်မှ မျက်နှာရိပ် ထင်နိုင်သည်။

ပဉ္စမအဖုံးက ဝိစိကိစ္ဆာ ဖြစ်သည်။ ယုံမှား သံသယစိတ် ဖြစ်သည်။ ထို သံသယစိတ်ကိုလည်း ဖြစ်ပျက် ရှုရမည်။ [နှာ-၂၁၉] အနယ် ထနေသော ရေကို အနယ်ထိုင်အောင် လုပ်ပြီးမှ ရေကြည်မည်။ ထိုအခါမှ မျက်နှာရိပ်ပေါ်မည်။ ဝိပဿနာ ရှုသောအခါ ဝိစိကိစ္ဆာ အဖုံးကို ဖယ်ပြီးမှ ရှုရမည်။ ထိုသို့ နီဝရဏ အဖုံးငါးချပ်ကို ဖွင့်ပြီးရှုမှ ခန္ဓာ၏ဖြစ်ပျက် ဒုက္ခသစ္စာ မြင်လွယ်ပုံကို ရှင်းထားသည်။ ထိုအခါမှ အရှိနှင့်အသိ ကိုက်မည်ဟု ဟောထားပါသည်။

*

## ၅။ မိမိကိုယ်ကို သုံးသပ်ရန် သမ္မာသနတရားတော်

[၁-၃-၆၁ မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသောတရား]

သုံးဆယ့်တစ်ဘုံထဲမှာ အသေလွတ်ရာ နေရာရှာလျှင် မတွေ့ဘူးဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ခန္ဓာရလျှင် သေရမှာချည်း ဖြစ်သည်။ ထို့နောက် သူတော်ဆည်းကပ် မြတ်တရားနာ လင်္ကာကို ပြန်ကောက် သည်။ နားက တရားနာ ဉာဏ်က ခန္ဓာလှည့်ဖို့ကျ ထပ်မံ တိုက်တွန်းသည်။ ခန္ဓာကြီး သည် ဖြစ်ပျက် ဒုက္ခသစ္စာကြီး ဖြစ်မှန်းသိမှ မွေးသော ခန္ဓာကြီးပါကလားဟု သဘောပေါက်မည် [နှာ-၂၂၈] ဖြစ်တာက မွေးတာ၊ သေတာက ပျက်တာပင် ဖြစ်၏။ မွေးသေ ဖြစ်သည်ကို မြင်မှ ဤခန္ဓာကြီး အကောင်းမှတ်နေတာ မှားကြောင်း သိမည်။ ယောဂီသည် ခန္ဓာ ပြောတာ အမှန်ယူရမည်။ ကိုယ့်ခန္ဓာ ကိုယ် သုံးသပ်ပုံ ကို ဟောသည်။ ကုရုတိုင်းတွင် ရဟန်းတစ်ပါးက ကိုယ့်ကိုယ်ကိုယ် သုံးသပ်ရာမှာ ၃၂ ကောဋ္ဌာသ သုံးသပ်ပုံ ဝတ္ထုကိုယူ၍ ဟောပြန်သည်။ ခန္ဓာကြီးသည် သုံးသပ် ကြည့်လျှင် ဇရာ၊ မရဏ အိုသေ ဖြစ်စဉ်ကြီးဆီ သွားနေသည်။ ဤသည်မှာ ခန္ဓာ ၏ နိယာမဖြစ်သည်။ ဇရာ မရဏလမ်းသည် ရှောင်ရမည့်လမ်း ဖြစ်သည်။ သို့သော်

လူတွေမှာ ဘဝသမ္ပတ္တိ လူဖြစ်လိုမှု၊ နတ်ဖြစ်လိုမှုနှင့် ဆုတောင်းနေကြသည်။ သစ္စာကို မသိလို့ အိုနာသေ ဇရာမရဏဆိသို့သာ အပြေးသွားနေကြသည်။

ရှေ့ပိုင်းတွင် အမှား ပြုပြင်ရေး သံဝေဂတရားများကို ဟောရိုးအတိုင်း ဟောသည်။ ပြီးမှ ဇရာမရဏ ဘယ်က လာတာလဲဟု မေးသည်။ အဖြေမှာ ဇရာမရဏ ခန္ဓာငါးပါးက လာသည်။ ခန္ဓာရှိလို့ အိုမှု၊ နာမှု၊ သေမှုရှိသည်။ [နှာ–၂၃၉] အိုမှု၊ နာမှု၊ သေမှုကို မကြိုက်လျှင် အစကတည်းက ခန္ဓာကို မရချင်မှ ဖြစ်မည်။ [နှာ–၂၄၁] ဇရာမရဏရှိလျှင် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေလည်း ရှိဦးမည်ပင်။ ဤသို့ ခန္ဓာ ဒုက္ခသစ္စာကြီး ရနေမှုကို ဇာတ်သိမ်းချင်လျှင် ဝိပဿနာဉာဏ်နှင့်သာ ဇာတ်သိမ်းနိုင်သည် [နှာ–၂၅၀]။ အိုနာသေသော ခန္ဓာမှာ ရှိနေပုံကို သုံးသပ်ရမည်။ အိုနာသေသော ခန္ဓာက လာသည်။ ခန္ဓာ ဘယ်က လာသလဲ။ ဆုတောင်းတဏှာက လာသည်။ သမ္မာသနသုတ်ကို ကိုးကား၍ ဤတရားကို ဟောသည် [နှာ–၂၅၃]။

တဏှာ ဘယ်က လာသလဲ။ ခဝ်စရာ မင်စရာက လာသည် [နှာ–၂၅၈]။ တဏှာကို ပယ်မှ အိုနာသေ ခန္ဓာက လွတ်မည်။ တဏှာနှင့် နေသရွေ့ ဘယ်တော့မှ မတင်းတိမ်၊ ဘယ်တော့မှမဝ၊ အမြဲ ငတ်နေပုံကို ချဲ့ဟောသည်။ လူတွေနေ့စဉ် တဏှာ ခိုင်းရာလုပ်သော တဏှာကျွန်တွေ ဖြစ်နေပုံကို သရုပ်ဖော်၍ ရှင်းပြသည်။ တဏှာ ခိုင်းသမျှ လုပ်နေကြရသည်။ တဏှာက ငယ်ကြောက် ဖြစ်နေသည် [နှာ–၂၇၃] တဏှာသည် သမုဒယသစ္စာ ဖြစ်သည်။ ဆင်းရဲပဲ ပေးသည်။ အခိုင်းရက်စက်သလောက် အပေး ဆုတ်နစ်သည်။ အငတ်ထားတတ်သည်။ ချမ်းသာစစ် အလုပ်လုပ်မည်ဆိုလျှင် ကန့်ကွက်သည်။ [နှာ–၂၇၇] ပြောရင်း အချိန်စေ့သွားသည်။ ဝိပဿနာ မကူးနိုင်ဘဲ တဏှာအကြောင်း ပြောရင်း တရား ပြီးဆုံးသွားသည်။

*

## ၆။ ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ ကူးပြောင်းပုံ တရားတော်

[၂–၃–၆၁ မန္တလေးမြို့ ဦးချစ်ဆွေ၀မ္ဗာရုံမှာ ဟောသောတရား]

ဤရက်များအတွင်း ဆရာတော်သည် သစ္စာမသိမှာစိုးလို့ ဆိုသော စကားကို တွင်တွင်သုံးပြီး တရားများကို ဟောကြားလျက် ရှိသည်။ သစ္စာသိမှုတွင် အိုနာသေ ဗျာဒိ၊ ဇရာ၊ မရဏ တရား ခန္ဓာရှိ၍ ဖြစ်နေရပုံကို ဒကာ ဒကာမများ နလုံးသွင်း

တတ်အောင် နှိုးဆော် တိုက်တွန်းပြီး ဟောသည်။ သစ္စာသိမှ သံသရာ ပြတ်ကြောင်းကိုလည်း အကြိမ်ကြိမ် သတိပေးသည်။ ဤတရားတွင်လည်း သမ္မာသနသုတ်ကိုပင် အခြေခံထားသည်။ [နှာ-၂၈၁] ခန္ဓာငါးပါးထဲက အိနှာသေဘော ပေါက်ဖွားလာကြောင်း စကားကိုပင် ထပ်ပြောသည်။

ဒါကြောင့် ခန္ဓာငါးပါး ရချင်တဲ့ ပုဂ္ဂိုလ်သည် အိနှာသေ ရချင်၍ ဆုတောင်းသော ပုဂ္ဂိုလ်နှင့် တူသည် [နှာ-၂၈၄] ဆုမတောင်းကောင်းတာကို ဆုတောင်းများကြတာ ဘာကြောင့် ဆုတောင်းများသလဲ။ ဇရာ၊ ဗျာဒိ၊ မရဏဆိုသည်မှာ ဒုက္ခသစ္စာ ဖြစ်မှန်းမသိ၍ ဖြစ်သည်။ သစ္စာသိမှ သံသရာ ပြတ်သည်။ ဒါကြောင့် ဤတရားတွင် သစ္စာကို အဓိကထားကြောင်း ဖော်ပြသည်။ [နှာ-၂၈၆] သစ္စာသိအောင်ကလည်း ကိုယ့်ကိုယ်ကိုယ် ပြန်၍ သုံးသပ်ရမည်။ သုံးသပ်လျှင် ခန္ဓာက သမုဒယသစ္စာ၊ အိနှာသေက ဒုက္ခသစ္စာ၊ ခန္ဓာ မရှိအောင် ကျင့်သော အကျင့်က မဂ္ဂသစ္စာကျင့်၍ ခန္ဓာချုပ်ဆုံးသွားလျှင် နိရောဓသစ္စာ ဖြစ်သည် [နှာ-၂၉၀]။ ခန္ဓာမရှိမှ နိဗ္ဗာန်။ နောက်ဆုတ်တွေးလျှင် တဏှာကြောင့် ခန္ဓာ ဖြစ်လာသည်။ တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ ဖြစ်ပြန်သည်။

နိဗ္ဗာန်ဆိုတာ သမုဒယနှင့် ဒုက္ခချုပ်တာ ဖြစ်၏ [နှာ-၂၉၁]။ ထိုသို့ သမုဒယနှင့် ဒုက္ခချုပ်အောင် လုပ်ရန်မှာ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့်ရုပ်ကို ဖြစ်ချုပ်သိမြင်အောင် လုပ်ရမည်ဖြစ်ကြောင်း နည်းကောင်းလမ်းပြသည်။ [နှာ-၂၉၃] ခန္ဓာ ဘယ်ကလာ၊ တဏှာက လာသည် ဆိုတာ၌ တဏှာ ဘယ်ကလာသလဲ။ ခင်မှုမင်မှု ဝေဒနာက လာသည်။ ဝေဒနာ ဘယ်ကလာ၊ ဖဿက လာသည်။ ဖဿ ဘယ်ကဖြစ်၊ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနက ဖြစ်သည်။ သဠာယတန အာရုံပေါက်တွေက စသည်။ [နှာ-၂၉၅] အားလုံး အကြောင်းအကျိုးတရားပင် ဖြစ်၏။ အာယတနကြောင့် တဏှာဖြစ်လာသည်ဟုလည်း ဆိုနိုင်သည်။ ဒွါရခြောက်ခုမှ သာယာမှု၊ ခင်မှုမင်မှု တွေ လာနေသည်။ [နှာ-၂၉၇] ပုထုဇဉ်သည် တဏှာကို လက်ကိုင်ထားသည်။ ကိုယ့်ကိုယ်ကိုယ် ခင်မှု၌ ဂုဏ်ယူတတ်သည်။ ခန္ဓာကို ခင်ရမှာလား၊ ဒုက္ခသစ္စာ သိရမှာလားဟု မေးထားသည်။

ဘုရားသည် ပုထုဇဉ်မိုက်ကို ဆုံးမဖို့ ပွင့်လာသည်။ ဘုရားသည် ဝေဒနာနှင့် တဏှာ ကြားမှာ ပွင့်ပုံကို ရှင်းပြသည်။ တဏှာတွေသည် အဆိပ်နှင့် ရောထားသော အရက်တွေ ဖြစ်ပုံ၊ ထိုတဏှာနှင့် သောက်ပြီး ပျော်နေကြလျှင် အမူးသေ အရူးသေ

ဖြစ်နေကြသည်ဟု သရုပ်ဖော်၍ အမျိုးမျိုး ဆုံးမသည်။ ဒါကြောင့် ခန္ဓာ မလာမှ ဒုက္ခငြိမ်းမည်ဟု နားလည်ရမည်။ ဒါကြောင့် ဒုက္ခငြိမ်းချင်လျှင် တဏှာနှင့် မသာယာ မိဖို့ မခင်မိဖို့ အရေးကြီးပုံကို ဟောသည်။ [နာ၁-၃၂၃]

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ရောဂ၊ ဘယတွေက ကြောက်စရာ တောင်းတောက ဒုက္ခသစ္စာဖြစ်ပုံ၊ ထိုတရားများကို ကြောက်လျှင် မဂ္ဂဖြစ်ပုံ၊ သေတာက သမုဒယ ဖြစ်၍ နောက်ခန္ဓာ အနိစ္စ၊ ဒုက္ခမပေါ်တာက နိရောဓ ဖြစ်ပုံကို ရှင်းထားသည် [နာ၁-၃၂၅]။ ဒါတွေကို ရှုပါဆိုလည်း မဖြစ်သေး၊ သူတော်ကောင်း ဆရာကို ဆည်းကပ်ရဦးမည်။ သူတော်ကောင်းဆည်းကပ်ပြီး၊ မြတ်တရား နာပြီးမှ ဝိပဿနာ အလုပ် အားထုတ်ရမည်။ ဝိပဿနာမဂ်သည် ဖြစ်ပျက်မြင်လျှင် ရသည်။

ဝိပဿနာမဂ် ရင့်ကျက်သောအခါ လောကုတ္တရာမဂ် သူဟာသူ ဖြစ်လာသည် [နာ၁-၃၂၉] စိတ်ကြိုက်စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာ ရှုနိုင်သည်။ ဝိပဿနာမဂ်သည် လောကီမဂ်ပဲ ရှိသေးသည်။ ဝိပဿနာမဂ်ဖြင့် သေလျှင်ပင် နတ်ပြည် သုဂတိကို တန်းရောက်သည်။ [နာ၁-၃၃၀] နတ်ပြည် ရောက်လျှင်ရောက်ချင်း သောတာပန် တည်သည် [နာ၁-၃၃၁] ပူစရာ မလိုတော့ပါ။ ဝိပဿနာ ဉာဏ်ရင့် လာလျှင်လည်း ယခု မျက်မှောက်ဘဝမှာပင် ဖြစ်ပျက်ဆုံး လောကုတ္တရာမဂ် ပေါ်လာ လိမ့်မည်။ ထမင်းအိုး နပ်ချိန်မှာ နပ်သလို မဂ်လည်း သူ့အချိန်ကျရုံမည်ပင်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်းပြီးရင် လောကီမဂ်ကနေ ဖြစ်ပျက်ဆုံး လောကုတ္တရာမဂ် ဆီသို့ ပြေးဝင်သွားလိမ့်မည် [နာ၁-၃၃၆]။ ယောဂီအလုပ်က ဝိပဿနာ ရှုဖို့ပဲ ဖြစ်၏။ နိဗ္ဗာန်ဘက် ပြေးဖို့ရာက မဂ်၏ အလုပ်ဖြစ်သည်။ ဓမ္မ၏ အလုပ်ဖြစ်သည်။ ဒါကြောင့် ဖြစ်ပျက်မြင်မှ နိဗ္ဗာန်ဝင်မယ်ဟု မှတ်ရမည်ဟု ဆုံးမသည်။ အချိန်စေ့၍ တရားနိဂုံးချုပ်သည်။

*

## ၇။ ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ပုံတရားတော်

[၃-၃-၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံတွင် ဟောသောတရား]

သုံးဆယ့်တစ်ဘုံထဲမှာ အသေလွတ်ရာ ရှာမတွေ့နိုင်ဆိုသော စကားဖြင့်ပင် ဤတရားကို စတင်ပြန်သည်။ သတ္တဝါတွေ သုံးဆယ့်တစ်ဘုံထဲမှာ မရှိရာ ရှာပြီး ဟိုဘဝ ကောင်းနိုးနိုး၊ ဒီဘဝ ကောင်းနိုးနိုးနှင့် မျက်စိလည်ပြီး ကျင်လည်နေကြ

ရသည်။ ခန္ဓာရသမျှ ကာလပတ်လုံး သေဘေးက မလွတ်ဘဲ သေနေကြမည်သာ ဖြစ်၏။ ပဋိသန္ဓေ မနေမှ အသေက လွတ်လိမ့်မည်။ သစ္စာမသိဘဲ သုံးဆယ့်တစ်ဘုံမှာ အသေလွတ်ရာရှာလည်း အသေနှင့်ပဲ တွေ့ရပေမည်။ မဂ္ဂင်လမ်းမပေါ် ရောက်မှ အအို အနာ အသေလွတ်ရာ နိဗ္ဗာန်ကို ရောက်မည်။ သို့သော် ထိုသို့ရောက်အောင် ပို့ဆောင်တတ်သော သူတော်ကောင်းဆရာကို ဆည်းကပ်ရန် လိုပုံကို ထပ်မံ ဟောပြန်သည်။

ဤသို့ ထပ်ဆင့် ဟောခြင်းမှာ ဒကာ ဒကာမများ အမှတ်တရ ဖြစ်စေလို၍ ဖြစ်ဟန်တူ၏။ သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လွန်စွာအားထုတ်၊ နာမ်နှင့် ရုပ်ကို ဖြစ်ချုပ်သိမြင်အောင် လုပ်ရမည့်အကြောင်း ထပ်မံ ဖော်ပြပြန်သည်။ [ နှာ–၃၄၃ ] ဓမ္မသနသုတ် အကြောင်းကိုပင် ပြောပြန်သည်။ ကိုယ့်ကိုယ်ကိုယ် သုံးသပ်ဝေဖန်ရေးတရား ဖြစ်သည်။ ဤတွင် သမ္မသနသုတ်ပါ ယခင် ဟောပြီး တရားများကိုပင် ပြန်ဟောသည်။ အိုနာသေ ဘယ်ကလာ၊ ခန္ဓာငါးပါးက လာ။ ခန္ဓာငါးပါး ဘယ်ကလာ၊ တဏှာကလာ၊ တဏှာ ဘယ်ကလာ ခင်မှုမင်မှု ဝေဒနာက လာ၊ ပဋိစ္စသမုပ္ပာဒ်ကို ပြပြန်သည်။

ထို့နောက် သစ္စာလေးပါး သိတဲ့ဉာဏ်ကို ဟောချင်လို့ ကိုယ့်ကိုယ်ကိုယ် သုံးသပ်နိုင်းကြောင်း ဟောပါသည်။ ခန္ဓာငါးပါး၊ တဏှာက လာသည် ဆိုသောကြောင့် တဏှာက သမုဒယသစ္စာ၊ ခန္ဓာက ဒုက္ခသစ္စာ၊ သူတို့နှစ်ခု ချုပ်အောင် ကျင့်တာသည် မဂ္ဂသစ္စာ၊ နှစ်ခုစလုံး ချုပ်သွားလျှင် နိရောဓသစ္စာ ဖြစ်ပြီး [ နှာ–၃၄၉ ] သံဝေဂဖြစ်အောင် ဟောရာ၌ ခန္ဓာရလျှင် ရှင်လျက်လည်းမသာ၊ သေလျက်လည်း မသာ ဖြစ်နေပုံကို ပြသည်။ သေမသာကို လူတိုင်း မကြိုက်၊ အဓိကမှာ ရှင်မသာ မကြိုက်မှ ခန္ဓာကို မလိုချင်ဖြစ်မည်ဟု ဆိုသည် [ နှာ–၃၅၅ ] တဏှာကို သတ်ရမည်။ တဏှာ ရှိနေသရွေ့ ရှင်လျက်မသာ ဖြစ်နေဦးမည် [ နှာ–၃၅၉ ]။ နာမ်ရုပ်သည် နာမ်လည်းဖြစ်ပြီးပျက်၊ ရုပ်လည်း ဖြစ်ပြီးပျက်သည်။ အားလုံး မသာချည်းပင် ဒီမသာကြီးကို ခင်နေလျှင် ရူးလို့ ခင်နေတာ ဖြစ်ပုံကို ဟောသည်။ အထင်မှား၊ အမြင်မှား၊ အယူမှား၊ ဝိပ္ပလ္လာသကြောင့် ဖြစ်ပုံများကို ဤတရားတွင် ရှင်းထားသည်။

စိတ္တဝိပ္ပလ္လာသ အသိမှား၊ သညာဝိပ္ပလ္လာသ အမှတ်မှား၊ ဒိဋ္ဌိဝိပ္ပလ္လာသ အယူမှားပုံများကို ရှင်းထားသည်။ ဝိပ္ပလ္လာသသည် အရူးပဲဟုလည်း ဆိုထားသည်။

[နှာ–၃၇၄] လူတွေ၊ ပုထုဇဉ်တွေ ရှူးနေပုံ အမျိုးမျိုးကို သုံးသပ်ပြထားသည်။ ပြီးမှ သားသမီး၊ လင်မယားဟု မြင်နေလျှင် ဒိဋ္ဌိအယူမှား၊ ရုပ်နာမ်နှစ်ပါး၊ ခန္ဓာငါးပါးဟု မြင်မှ အမှတ်မှန်သည်။ သညာပြုတ်သည်။ ရုပ်နာမ် အသုဘပဲဟု သိတော့ ဒိဋ္ဌိပြုတ်သည်။ ဖြစ်ပျက်မြင်မှ အရှုးဓာတ်သိမ်းသည်။ ဒါကြောင့် အမှားသုံးချက်(ဝိပလ္လာသ သုံးပါး) ပျောက်အောင် အမှန်ငါးချက်(သမာဓိ မဂ္ဂင် ငါးပါး)ဖြင့် ကြိုးစားရမည် [နှာ–၃၇၉]။

ထို့နောက် ကိုယ့်စိတ်ကို ဝိပဿနာ ရှုဖို့ (စိတ္တာနုပဿနာ လုပ်ဖို့) တိုက်တွန်းသည်။ ဖြစ်ပျက်နှင့်မဂ် ကိုက်အောင် ရှုနိုင်လျှင်၊ ကိလေသာ မဝင်လျှင် မနက် အားထုတ်၊ ညနေမှာ တရား ရနိုင်သည်ဟု မိန့်သည်။ ဝိပဿနာမဂ်မှ လောကုတ္တရာမဂ် စိတ်ဘက်ကို ရှုရင်း ကူးသွားပုံကို မိလိန္ဒပဉှာကျမ်းလာအတိုင်း ဟောသည်။ ဖြစ်ပျက်ကိုသာ နှလုံးသွင်းနေလျှင် ဖြစ်ပျက်တွေ လွန်ဆုံးပြီး လောကုတ္တရာမဂ်ဆီသို့ ဉာဏ်လှည့်သွားပုံကို ဟောသည်။ [နှာ–၃၈၆] ဖြစ်ပျက်ချုပ်ရင် နိဗ္ဗာန်မြင်သည်။ တဏှာသေသည်။ သမုဒယ သေသည်။ သဥပါဒိသေသ နိဗ္ဗာန် ရသည်။

*

## ၈။ တောင်ကြီးလေးလုံး ကြိတ်သည်ကို ခံနေရပုံ၊ ပဗ္ဗတူပမသုတ် တရားတော်

[၄–၃–၆၁ မန္တလေးမြို့ ဦးချစ်ဆွေ ဓမ္မာရုံမှာ ဟောသောတရား]

မိမိတို့ ဘယ်လိုနေရသလဲ ဉာဏ်မျက်လုံး ဖွင့်ကြည့်ပါ ဆိုသော စကားဖြင့် ဤတရားကို စတင်ထားသည်။ သံဝေဂတရားကို ဟောသည်။ ကိုယ့်အဖြစ်ကိုယ်မသိလျှင် မသိပျော် ပျော်နေမည် စိုးရိမ်ကြောင်း ဆိုသည်။ ထို့နောက် ရွှေအခါ နေ့ခင်းကြီးမှာ ဘုရားထံသို့ ကောသလမင်းကြီး စစ်အင်အား အခင်းအကျင်းနှင့် ရောက်လာသည်။ ကောသလမင်းကို ဘုရားက တရားဟောသည်။ မင်းကြီး အရှေ့၊ အနောက်၊ တောင်၊ မြောက်လေးမျက်နှာက ဇရာ၊ မရဏာဆိုတဲ့ တောင်ကြီးတွေ ဗြဟ္မာပြည်အထိ မြင့်တဲ့ တောင်ကြီးတွေ လိမ့်လာနေကြသည်။ ထိုတောင်ကြီးတွေက မင်းကြီး၏ တိုင်းသူပြည်သား လူအများကို ကြိတ်နင်းကုန်ကြသည်။ လူတွေက အရှင်မင်းကြီး ကယ်တော်မူပါဟု အော်နေကြသည်။ ဒီဇရာမရဏာတောင်ကြီးတွေ လိမ့်ပြီး ကြိတ်နင်းသတ်နေတာကို မင်းကြီး၏ စစ်သည်ဗိုလ်ပါတွေ၊ လက်နက်တွေက

ကာကွယ် တားဆီးလို့ ရပါ့မလား။ အရှေ့၊ အနောက်၊ တောင်၊ မြောက်က လိမ့်လာနေသည့် ဇရာ၊ မရဏတောင်တွေကြားမှာ တရားနာသူတွေလည်း နာနေကြရသည်။ သတ္တဝါ မှန်သမျှ ဇရာမရဏတောင်တွေ ကြိတ်လို့ သေရမည့် သူချည်းပင် ဖြစ်၏။ လူပဲဖြစ်ဖြစ်၊ နတ်ပဲဖြစ်ဖြစ်၊ ဗြဟ္မာပဲဖြစ်ဖြစ်၊ တောင်ကြိတ်ပွဲထဲ သေရမည့်သူချည်း ဖြစ်၏။ [နာ-၃၉၈] ဤတရားလည်း သံဝေဂတရား ဖြစ်သည်။

ကောသလမင်းကြီးကို ဘုရားက ဒီတောင်ကြိတ်ပွဲ၊ ဇရာ မရဏပွဲကို မင်းကြီး လွတ်အောင် ဘယ်လိုကာမလဲဟု မေးသည်။ မင်းကြီးက တပည့်တော် အင်အား ပြတာတွေဟာ မှားကြောင်း၊ တောင်ကြိတ်ပွဲက မလွတ်နိုင်ပါကြောင်း ဝန်ခံသည်။ [နာ-၄၀၆] တရားအားထုတ်မှ ခန္ဓာမရှိအောင် လုပ်မှ လွတ်တော့မည်ဟု လျှောက်ထားသည်။ လူသတ္တဝါတွေမှာ သေခါနီးနေပါလျက် မသိပျော်ပျော်နေကြပုံကို ရေခန်းလာသော ကန်ကလေးထဲက ငါးများ ပျော်ပါးသော ကစားနေကြပုံနှင့် နှိုင်းပြသည်။ တိရစ္ဆာန်ပျော် ပျော်နေကြသည်ဟု မိန့်သည်။ [နာ-၄၁၃] ကိုယ့်အရေးကို သိပါဟု မှာသည်။ ဝိပဿနာအလုပ် (ဓမ္မစရိယာနှင့် သမစရိယာ)ပဲ တောင်ကြိတ်ပွဲ ဇရာမရဏက လွတ်လမ်းရှိသည်။ ကိုယ့်ခန္ဓာ ဖြစ်ပျက် မြင်ပြီးမှန်းမှ (ဒုက္ခသစ္စာ မလိုချင်ဖြစ်မှ) ခန္ဓာအဆုံး နိဗ္ဗာန်ရောက်မည်။ တောင်ကြိတ်ပွဲ ဇရာမရဏက လွတ်မည်။ [နာ-၄၁၆] ကိုယ့်ဟာကိုယ် ရှန်းမှ လွတ်မည်။ သစ္စာသိအောင် လုပ်ရမည်။ ခန္ဓာမရအောင် လုပ်မှ ဇရာမရဏက လွတ်မည်။ [နာ-၄၂၃]

ဤတရားတွင် သမထမပါဘဲ နိဗ္ဗာန်ရောက်တဲ့နည်း ပြောမယ်ဆိုသော ထူးခြားသော စကားကို မိန့်ဆိုထားသည်။ [နာ-၄၃၂] ပြီးမှ သုက္ခဝိပဿနာကို ဟောသည်။ သမထ မပါသော ဝိပဿနာ။ ပြီးမှ သုသိမပရိဗိုဇ်က တရားခိုးလာပုံ ဝတ္ထုကို ဟောပြန်သည်။ [နာ-၄၃၄] သုသိမတရားခိုးရင်း ရဟန္တာဖြစ်မည့် အရေးကို ဘုရားက မြင်၍ လက်ခံသည်။ [ဤတရားကို အလုပ်စဉ်စာအုပ် အမှတ်(၁) တရား အမှတ်(၁၃)မှာ ဟောခဲ့ပြီးပြီ] သုသိမက ရဟန္တာတိုင်း ဈာန်ပျံမည် ထင်နေပုံ၊ သမထ မပါသော သုက္ခဝိပဿနာသည် ဈာန်ဆိတ်သော ဝိပဿနာ ဖြစ်ပုံကို ရှေ့မှာ ဟောခဲ့ပြီးပြီ။ သုသိမသုတ်ကို အချိန်ကုန်သွားသဖြင့် ဆုံးအောင် မဟော ဖြစ်ပါ။ အဝိဇ္ဇာနှင့် ခန္ဓာဖုံးနေ၍ နိဗ္ဗာန်ကိုမမြင် ဖြစ်ကြပုံ ဟောရင်း တရားဆုံးသွားသည်။

*

## ၉။ ခန္ဓာခေါ်ရာ ဉာဏ်သွင်းရမည့် တရားတော်

[၅-၃-၆၁ မန္တလေးမြို့ ဦးချစ်ဆွေ့ဓမ္မာရုံမှာ ဟောသောတရား]

တရားနာပြီးနောက် ခန္ဓာဉာဏ် လှည့်ပါ ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ ခန္ဓာဉာဏ်လှည့်ပါဆိုကာ ခန္ဓာက ပြနေသည့် တရားများကို ဉာဏ်နှင့် အမှန်အတိုင်း သိအောင် လုပ်ပါဟု ဆိုလိုသည်။ ခန္ဓာက သူသည် အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဟု ပြောလိမ့်မည်။ ဟေိပဿိကော ခန္ဓာက သူ့ကိုရှုပါဟု ပြောလိမ့်မည်။ ဒါကြောင့် ခန္ဓာခေါ်ရာ ဉာဏ်နှင့် လိုက်ရမည်။ ထိုအခါ သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော ကိုယ်တိုင် တွေ့ထိ သိမြင်ရမည်။ ခန္ဓာက ပြတာ ဘာစိတ် ပေါ်ပေါ်၊ ဘာဝေဒနာပေါ်ပေါ် ဉာဏ်နှင့် လိုက်ကြည့်ရမည်။ ကြည့်လိုက်သည်နှင့် စိတ်လည်း မရှိ၊ ဝေဒနာလည်း မရှိတော့၊ ဉာဏ်မှာ အနိစ္စမြင်လျှင် မရှိတာကို သိလိမ့်မည်။ ထိုအခါ ခန္ဓာ၏ အသေကို မြင်ရမည်။ မရဏမ္ပိဒုက္ခသစ္စံ ဆိုသော ကြောင့် မိမိ အသေဆိုတာသည် ဒုက္ခသစ္စာပင် ဖြစ်၏။ [နှာ-၄၄၆] ခန္ဓာခေါ်ရာကို ဒေါသနှင့် မလိုက်ရ၊ လောဘနှင့် မလိုက်ရ၊ ဉာဏ်နှင့်သာ လိုက်ရမည်။ ခန္ဓာခေါ်ရာ ဉာဏ် မလိုက်လျှင် ဒေါသနှင့် လောဘလိုက်သည်။ ဉာဏ်နှင့် လိုက်လျှင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက မဂ္ဂသစ္စာ ဖြစ်သွားသည်။ ဟေိပဿိကောကို သန္ဒိဋ္ဌိကောနှင့် လိုက်လျှင် အကာလိကော အကျိုးပေး ထမြောက်သည်။ အကာလိကော အကျိုးပေး လျှင် အပါယ်တံခါး ပိတ်သည် [နှာ-၄၄၉]။ ဤတွင်လည်း သမထ မပါသော ဝိပဿနာကို ဆရာတော်က ပြသသည်။

သမထကြောင့် နိဗ္ဗာန် မရောက်နိုင်၊ ဝိပဿနာကြောင့် နိဗ္ဗာန်ကို ရောက်နိုင် သည် ဆိုသော အချက်ကို ဆရာတော်ကြီး လက်ကိုင်ထားသည်။ ဝိပဿနာရှုရင် ဖြစ်ပေါ်လာသော သမာဓိကိုသာ အရေးထားသည်။ သမထက ဦးမဆောင်တော့ပါ။ ဝိပဿနာ ရှုရာမှာ သမာဓိကလည်း သဟဇာတအဖြစ် ပါသည်။ ရေသောက်ချင်တာ ရေယူတော့ ခွက်ပါသလို ဖြစ်သည်။ ခွက်ကို မသောက်ချင်သော်လည်း ရေယူရင် ခွက်ပါ ပါသလိုပင် [နှာ-၄၅၇]။

ဤတွင် သုသိမသုတ်ကိုပင် ပြန်ကောက်သည်။ ခန္ဓာက အချိန်တိုင်း သူ့ကို ရှုပါဟု ခေါ်နေသည်။ ဉာဏ်ကသာ မလိုက်သည့် အချိန်ရှိသည်။ ဉာဏ်မလိုက်ခဲ့မိလို့ ဘုရားအဆူဆူနှင့် လွဲခဲ့ရသည် [နှာ-၄၆၅]။ ထို့နောက် လူ့ပြည်က ကျောင်းဒကာ နန္ဒိယ နတ်ပြည်မှာ ဘုံပေါက်ပုံကို ဥပမာ ပြဟောသည်။ [နှာ-၄၆၆] ဝိပဿနာ အလုပ်ကို လုပ်လျှင် ချက်ချင်း မျက်မှောက် အကျိုးပေးနိုင်ကြောင်း ဟောခြင်း

ဖြစ်၏။ မဂ်ရလျှင် လုပ်ပြီးသား အကုသိုလ်ကံတွေအားလုံး အဟောသိကံဖြစ်ပြီး ငြိမ်းသည်။ ထို့ကြောင့် ဝိပဿနာအလုပ်ကို အသေမဦးမီ ဉာဏ်ဦးအောင် မြန်မြန် သွက်သွက် လုပ်ဖို့ တိုက်တွန်းသည်။ [နာ-၄၇၃] ငရဲမီးတွေ ဒီကနေ ဝိပဿနာ လုပ်ပြီး ငြိမ်းသတ်နိုင်ကြောင်း ဟောသည်။ ခန္ဓာမရအောင် လုပ်ရမည်။ ခန္ဓာကို နောက်တစ်ခါ မရမှ ငြိမ်းအေးမည်။ [နာ-၄၇၈]

သုသိမဝတ္ထု ပြန်ဟောသည်။ သုသိမရဟန္တာများနှင့် တွေ့သည်။ ရဟန္တာ ဖြစ်ပြီး ကောင်းကင် ပျံနိုင်သလား မေးသည်။ ရေပေါ်သွားနိုင်သလား မေးသည်။ ရဟန္တာများက သူတို့သည် ပညာဖြင့် လွတ်မြောက်ကြောင်း (ပညာဝိမုတ္တမယ်) ဖြေသည်။ ဈာန်မပါဘူးဟု ဖြေသည်။ သုက္ခဝိပဿနာဆိုတာ ဈာန်ချောက်သည် [နာ-၄၉၃]။ သမထ မပါသော ဈာန်ချောက်သော ဝိပဿနာသည် ပညာဖြင့် လွတ်မြောက်သော ဝိပဿနာ ဖြစ်ပုံကို ရှင်းသည်။ အချိန်ကုန်၍ တရားကို ရပ်နား ပြန်သည်။

*

## ၁၀။ ခန္ဓာဝန်ထမ်း ခရီးကြမ်းသွားရပုံ တရားတော်

[၇-၃-၆၁ မန္တလေးမြို့ ဦးချစ်ဆွေမဗ္ဗာရုံမှာ ဟောသောတရား]

ခန္ဓာဝန်ထမ်းပြီး သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေရသည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ ခန္ဓာက ဝန်ထုပ်ကြီး နာမည်ခံသူတွေ က အထမ်းသမားတွေဟု မှတ်ရမည် ဆိုသည်။ ဝန်ထုပ်ပေးတာက တဏှာ၊ ဒါကြောင့် တဏှာက ဝန်တင်သမားဟု မှတ်ပါ။ လူ့ဘဝ အသက်ကြီးလေ ဝန်ထုပ် ကြီးလာလေ ဖြစ်ပုံကို လောကအကြောင်းနှင့် ရှင်း၍ ဟောသည်။

ဝန်ထုပ်ကြီး ထမ်း၍ သွားရသော လမ်းကလည်း ကိုးဆယ့်ခြောက်ပါး လမ်းကြောင်းကြီး ဖြစ်ပုံကို သရုပ်ဖော်ပြသည်။ သမုဒယ ဝန်တင်သမားက သံသရာ ဘဝ တစ်လျှောက်လုံးမှ မတန်တဆဝန်တွေ တင်ပြီး ကိုးဆယ့်ခြောက်ပါး လမ်းကြောင်းမှာ အပြေးခိုင်းလို့ လျှာထွက် မိုင်းမိုင်းလဲပြီး သေခဲ့ရတာ အကြိမ်ကြိမ် ဖြစ်၏။ [နာ-၅၀၄] (ခန္ဓာဝဂ္ဂသံယုတ် ဘာရဝဂ်ကို ကိုးကား၍ ဟောသောတရား ဖြစ်သည်။) တဏှာက တာဝန်အထပ်ထပ် တင်ပေးသည်။ ဝန်ထုပ်ကြီးမှ အပြေး ခိုင်းသည်။ အရှာခိုင်းသည်။ လူ့ဘဝ အဖြစ်ဆိုးပုံကို သံဝေဂရအောင် ဟောတော် မူသည်။ အဝိဇ္ဇာကြောင့် တဏှာက ဝန်တွေ အထပ်ထပ် တင်ပေးနေတာ တင်မှန်း

လည်း မသိတော့၊ ဘယ်မှာ ဝန်ချရမှန်းလည်း မသိဘူးဟု ဆိုသည်။ သမုဒယသစ္စာကိုမှ မသိတော့ သမုဒယ ကြောင့် ဖြစ်သော ဒုက္ခသစ္စာကိုလည်း မသိပါ။ ဝန်ထုပ်ပိုပြီး သေတာကိုပင် ဝန်ထမ်း ချင်လျက် သေပွဲဝင်ရသည်။ ဒါကြောင့် ခန္ဓာဝန်ထမ်းသမား အသေဆိုးသည်ဟု ဆုံးဖြတ်ချက် ချရမည်ဟု မိန့်သည် [နှာ-၅၀၈]။

တချို့ ဒကာမများ ကလေးက တစ်ဖက်၊ ဈေးရောင်းက တစ်ဖက်၊ သားလင်အတွက် ထမင်းဟင်း ချက်ရတာက တစ်ဖက်၊ ရေခပ်ရတာ တစ်ဖက်၊ ကလေးခါးမှာချီ၊ ဈေးတောင်း ခေါင်းမှာရွက်ပြီး ဝန်ထုပ်ကြီးကို မနိုင်မနင်း ထမ်းရင်းက ပြုံးနိုင်ရယ်နိုင်ကြတာ မိုက်လွန်းလို့ ပြုံးနိုင်တာ ရူးလွန်းလို့ ရယ်နိုင်တာ [နှာ-၅၀၉] ဟုလည်း မိန့်သည်။ သစ္စာမသိလို့ ရူးနေကြပုံကို သရုပ်ဖော်ပြသည်။ တဏှာက ဝန်ထုပ်ကြီး ထမ်းပြီး အပြေးခိုင်း၊ ဗိုင်းဗိုင်းလဲ၊ လျှာထွက်သေ၊ သေပြီးလည်း အပါယ်ကျအောင် တွန်းချသေးသည် [နှာ-၅၁၁]။ ထိုတဏှာ ခိုင်းသမျှ မလုပ်ဘဲ မနေဝံ့ ငယ်ကြောက် ဖြစ်နေ၍ လိုက်လုပ်နေရသည်။ ထိုတဏှာကို မဂ်နှင့် ပယ်ရမည်။ မဂ်နှင့် တော်လှန်ပစ်ရမည်။

'ကိလေသာမာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိမဂ္ဂေါ' အရ ကိလေသာကို သတ်၍ နိဗ္ဗာန်သို့ သွားတတ်၏။ ထို့ကြောင့် မဂ်မည်၏ ဆိုသောကြောင့် မဂ်ဖြင့် ထို ကိလေသာ အခိုင်းသမား၊ ဝန်တင်သမားကို သတ်ရမည်။ သမုဒယသစ္စာကို ပယ်ရမည်။ တဏှာကို သတ်မှ နိဗ္ဗာန်ရမည် [နှာ-၅၁၇]။ ထို့နောက်မှ အလုပ်တရားကို ဟောမည်ဟု မိန့်သည်။ ဤတရားကို နာလိုက်သောအခါ အစက အဝိဇ္ဇာနှင့် လောဘတဏှာကြောင့် မိမိမှာ ခန္ဓာအသုဘထမ်း ဒွန်းစဏ္ဍားဘဝ ရောက်နေခဲ့ရာက ဝိဇ္ဇာနှင့် အလောဘကို ရောက်သွားသည် [နှာ-၅၃၃]။

ဤသို့ သိခြင်းသည် သညာသိဖြစ်၏။ ဝိပဿနာ အားထုတ်မှ ပညာသိ ဖြစ်မည်။ ဉာဏ်နှင့် ခန္ဓာ၏ ဒုက္ခသစ္စာကို ထိုးထိုးထွင်းထွင်း သိရမည်။ သိအောင် စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ကြိုက်ရာ ရှုရမည်။ [နှာ-၅၃၄] စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက်ကို သမာဓိ မဂ္ဂင်ငါးပါးနှင့် ရှုပေးရမည်။ ရှုလျှင် ဖြစ်ပျက် ဒုက္ခသစ္စာ အသုဘကို မြင်လာသည်။ သိမြင်မှ ဝိဇ္ဇာဖြစ်သည်။ မလိုချင်တာက အလောဘ ဖြစ်သည်။ အဝိဇ္ဇာနှင့် တဏှာသေသည်။ [နှာ-၅၃၇] ထိုအခါ ဝန်ထမ်းလိုစိတ် ကုန်သည်။ ပညာနှင့် ကိလေသာ မလွတ်အောင် လုပ်ခြင်းဖြစ်သည်။ ဝိပဿနာ မဂ်ရှေ့သွားရှိလျှင် နောက်က လောကုတ္တရာမဂ် လိုက်လာသည်ဟု သုသိမပရိဗိုဇ်ကို ဘုရားက ဖြေသည် [နှာ-၅၄၃]။ နာရီစေ့၍ တရားသိမ်းသည်။

*

## ၁၁။ အဓိပတိထား၍ အားထုတ်ရမည့် တရားတော်

[၈-၃-၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံတွင် ဟောသောတရား]

တရားအားထုတ်သောအခါ မရမရှိနိုင်သော နည်းသုံးပါးကို ဘုရားဟောကြားတော်မူတယ် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ တရားအားထုတ်သောအခါ အဓိပတိ သုံးပါး ထားရမည်။ တိကနိပါတ်၊ အင်္ဂုတ္တိုရ်မှာ ဟောကြားသော တရားဖြစ်သည် ဆို၏။ [နှာ-၅၄၇]

အဓိပတိ သုံးပါးမှာ (၁) မိမိကိုယ်ကို အဓိပတိထား၍ အားထုတ်ခြင်း (၂) လောကကြီးကို အဓိပတိထား၍ အားထုတ်ခြင်းနှင့် (၃) တရားဂုဏ်တော်ကို အဓိပတိထား၍ အားထုတ်ခြင်းတို့ ဖြစ်၏။ တရားအားထုတ်သောအခါ မိမိကိုယ်ကို မိမိပင့်မြှောက် အားပေးရမည်။ ငါသည် စားစရာ မရှိလို့ အားထုတ်တာ မဟုတ်ပါ။ အိုနာသေဘေးကို ရွံ့မုန်းသောကြောင့် သံဝေဂဖြင့် အားထုတ်ခြင်းသာ ဖြစ်၏။ ဤဒုက္ခသစ္စာကြီးမှ လွတ်မြောက်လို၍သာ အားထုတ်ခြင်း ဖြစ်သောကြောင့် ငါ မဆုတ်မနစ် လုပ်ရမည်။ လုံလဝီရိယ ပြင်းစွာ အားထုတ်ရမည်ဟု ကိုယ့်ကိုယ်ကိုယ် အဓိပတိ တတ်ထားရမည်။ [နှာ-၅၄၉] ဝီရိယ ပြင်းထန်မှု (သမ္မပ္ပဓာန လုံ့လရှိမှု) ဖြင့် အားထုတ်ပါက မကြာမီ ခန္ဓာ၏ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်လာပါလိမ့်မည်။ [နှာ-၅၅၁] ဖြစ်ပျက် မမြင်နိုင်ဘူးဆိုလျှင် အဓိပတိသုံးပါး လွတ်နေလို့ဟု သဘောပေါက်ပါ။

ထို့နောက် ဒုတိယ အဓိပတိ လောကကို အဓိပတိထား၍ အားထုတ်ရမည်။ မိမိ သန္တာန်မှာ ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသဝိတက်တွေ ဝင်လာလျှင် ငါ တရားအားထုတ်နေတာပဲ ကိုယ်စောင့်နတ် သိတယ်။ ဒါတွေ စဉ်းစားနေတာ မင်း မရှက်ဘူးလားဟု ကိုယ့်ကိုယ်ကိုယ် မေးရမည်။ [နှာ-၅၅၂] တရား အားထုတ်တယ် ဆိုပြီး မကောင်းတဲ့စိတ်တွေ ဝင်နေတာ လောကကို စောင့်တဲ့နတ်တွေ သိတယ်။ မင်း မရှက်တတ်ဖူးလား။ မင်းမှာ ဟိရိဩတ္တပ္ပ မရှိဘူးလား မေ ပြီး ဆုံးမရမည်။ ထိုသို့ ဆုံးမလိုက်မှ တရားအားထုတ်သောအခါ အပစိတ်တွေကို ပယ်ပြီး မှန်ကန်သော ဝီရိယဖြင့် အားထုတ်နိုင်သည်။

နံပါတ်သုံး အဓိပတိမှာ တရားဂုဏ်ကို အောက်မေ့ပြီး အားထုတ်ခြင်း ဖြစ်သည်။ ဘုရားဟော တရားများမှာ ဘုရားက တကယ်ရှိပြီး တကယ်သိ၍ ဟောထားသော တရားများ ဖြစ်သည်။ ဧဟိပဿိကောကို သန္ဒိဋ္ဌိကောနှင့် လိုက်၊ အကာလိကော အခါမလင့် အကျိုးပေးသည်။ ကိုယ်တိုင် တရားကို မြင်ရမည်။

မမြင်ဘူးဆိုလျှင် ကိုယ်က တလွဲ လုပ်နေ၍ ဖြစ်သည်။ မိမိက တရားကို ဖျက်နေတာ ဖြစ်မည်။ တရားကို မကြည်ညိုသေး၍ ဖြစ်မည်။ မယုံမကြည် လုပ်နေ၍ ဖြစ်သည်။ ကိုယ့်ကိုယ်ကိုယ် ဆုံးမပါ။ ထိုသို့ ဆုံးမမှသာ ဝီရိယ ပြင်းစွာဖြင့် အားထုတ်မည်။ ဓမ္မကို အဓိပတိထားပြီး ကြည်ကြည်ညိုညို အားထုတ်ရမည်။ တရား မမြင်တာ သည် ကိုယ့်ကိုယ်ကိုယ် အဓိပတိ မထားလို့၊ လောကကို မရှက်တတ်လို့ တရား အပေါ်မှာ မကြည်ညိုသေးလို့ဘဲ ဟုနားလည်ရမည် [နှာ–၅၅၇]။ အဓိပတိ သုံးပါး ဖြင့် အားထုတ်လျှင် ၁။ ဝိပဿနာဉာဏ်၊ ၂။ မဂ်ဉာဏ်လာမည်။ ၁ ရလျှင် ၂ ရသည်။ [နှာ–၅၆၂] ၁။ ဝိပဿနာမဂ်က ဖြစ်ပျက်ကို မြင်သည်။ ၂။ လောကုတ္တရာမဂ်က ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို မြင်သည်။ [နှာ–၅၆၄] ဤတရားကို နှစ်ဉာဏ်တည်းနှင့် ကိစ္စပြီးပုံကို ဟောသည်။

နိဗ္ဗာန် အနီးကလေး နီးလျက်ဝေးနေခြင်းမှာ အဓိပတိသုံးပါး တစ်ပါးပါး လစ်ဟင်းနေ၍ ဖြစ်သည်ဟု မှတ်ရမည်။ ထို့နောက် သုသိမဝတ္ထုကို ပြန်ကောက် သည်။ ဝိပဿနာမှာ သမထရျာန်က လိုရင်းမဟုတ်ကြောင်း ဟောသည်။ ရဟန္တာ တွေက သူတို့ ပညာဖြင့် အားထုတ်လာပုံ ဉာဏ်နှစ်ဉာဏ်တည်းနှင့် နိဗ္ဗာန် ရခဲ့ပုံကို ဖြေသည်။ (ပညာဝိမုတ္တာမယံသုသာမ) ဖြစ်ပျက်မြင်သော ဝိပဿနာ ဉာဏ်ရင့် လာလျှင် ဖြစ်ပျက်ဆုံး နိဗ္ဗာန်ကို နောက်မဂ်ဉာဏ်က မြင်သည်။ [နှာ–၅၇၃] ပုထုဇဉ်တွေက ကံကောင်းဖို့ပဲ လိုချင်သည်။ ဉာဏ်ကောင်းဖို့တော့ မတောင့်တကြ ဉာဏ်ကောင်းမှ အပါယ်တံခါး ပိတ်မည်ဟု ဆိုသည်။ [နှာ–၅၈၃] အပါယ်တံခါး ပိတ်ဖို့မှာ ဉာဏ်လမ်းဖြင့် သွားရမည်။ ဤတွင် အဓိပတိသုံးပါး လက်ကိုင်ထားလျှင် ဉာဏ်နှစ်ဉာဏ်တည်းဖြင့် အပါယ်တံခါးပိတ်၊ နိဗ္ဗာန်မျက်မှောက် ပြုနိုင်ပုံကို အကျယ် ဟောထားသည်။

*

## ၁၂။ တရားနာနည်းနိဿရည်း တရားတော်

[၉–၃–၆၁ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

'နားက တရားနာ၊ ဉာဏ်က ခန္ဓာလည့်' ဆိုသော သတိပေး စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ နားက ကြားတတ်သော သတ္တိ၊ မှတ်တတ် သော သတ္တိပဲ ရှိသည်။ ခန္ဓာထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ဉာဏ်ကမှ သိသည်။ ဘုရားရှင် လက်ထက်တုန်းက ဘုရားတရား ဟောသောအခါ ပရိသတ်က နား

ကလည်း တရားနာသည်။ ထို့နောက် ဉာဏ်ကိုလည်း ခန္ဓာသို့ စေလွှတ်သည်။ ထို့ကြောင့် တရားပွဲပြီးလျှင် သတ္တဝါများ ကျွတ်တန်း ဝင်ကြသည်။ ဘုရားလက်ထက်မှာ တရားနာရင်း သောတာပန် ဖြစ်သွားကြသည်။ ဤသည်မှာ ဘုရားလက်ထက်က ပရိသတ်များ တရားနာနည်း ဖြစ်သည်။

ဤသို့ ဟောပြီးမှ ဆရာတော်ကြီးက သူ့တရားကို နာနေစဉ် ကုသိုလ်ရရုံ မနာဘဲ ဉာဏ်က ပဋိစ္စသမုပ္ပါဒ် ပြတ်သည့်တိုင်အောင် နာရန်လည်း တိုက်တွန်းသည်။ [နှာ-၅၉၈] ပဋိစ္စသမုပ္ပါဒ်ကို ဖြတ်သော ဝိပဿနာဉာဏ်သည် ရင့်ကျက်လာသောအခါ(ဉာဏ်ရင့်ရသ) ဉာဏ်ထက်မြက်လာသောအခါ 'ဒုက္ခသအန္တံကရိဿတိ' ဒုက္ခ၏ အဆုံးလို့ မျက်မှောက်ပြုသွားသည်။ (အရဏဝိဘင်္ဂသုတ်မှာ ဟောသည်။ သံယုတ်ပါဠိတော်) [နှာ-၆၀၀]။

ဤတရားတွင် ဆရာတော်ကြီးက ဘုရားလက်ထက်က တရား နာပုံနာနည်းကို ဟောသည်။ ပြီးနောက် 'အဲဒီတော့ အထူး အားထုတ်ဖို့ လိုသေးသလား၊ ဒီနေရာမှာပဲ ကိုယ့်ပါရမီ ကိုယ့်ဉာဏ်စွမ်းအလိုက် ကိစ္စမပြီးနိုင်ဘူးလား' ဟု မေးခွန်းထုတ်ထားသည်။ [နှာ-၆၀၂] ဘယ်လိုပဲပြီးပြီး အလွယ်နှင့်ပြီးလည်း အကောင်းဆုံးပဲ ပြီးဖို့သာ အရေးကြီးပါတယ်ဟုလည်း မိန့်ထားသည်။ တရားနာရင်း ခန္ဓာထဲကို လွှတ်သောဉာဏ်က ထက်မြက်လာပြီးလျှင် ခန္ဓာဒုက္ခသစ္စာပဲဟု ပိုင်းခြား သိလာသည်။ ထိုအခါ ဒုက္ခအဆုံးကို မြင်သော မဂ်ဉာဏ်ဖိုလ်ဉာဏ် ပေါ်လာမည်ဟု မိန့်ထားသည်။

ဤတရားတွင် အနာထပိဏ် သူဌေးကြီး၏သား ကာလအကြောင်း ဟောသည်။ အဖက သောတာပန် သားက တေလေ ဖြစ်နေသည်။ ထိုအခါ သားကို ဖခင် သူဌေးကြီးက ငွေနှင့် ဖြားယောင်းပြီး ဘုရားတရားကို နာခိုင်းသည်။ ကာလသတို့သား ငွေ(အသပြာ) တစ်ထောင်ရမည်ဆိုသောကြောင့် ဇေတဝန်ကျောင်းကို သွားပြီး တရားနာသည်။ တရားနာရင်း ခန္ဓာကို ဉာဏ်လွှတ်ပြီးနာသည်။ နာရင်း သောတာပန် တည်သွားသည်။ ဤဝတ္ထုကို ထောက်၍ နားက တရားနာ၊ ဉာဏ်က ခန္ဓာလှည့်နည်းကို ဆရာတော် ပြသည်။

ဤတွင် သောတာပန်ဖြစ်ပြီးနောက် အိမ်ပြန်လာသောအခါ ကာလစိတ်ထဲမှာ ငွေတစ်ထောင် ယူရမှာ ရှက်နေသည်။ ဒိဋ္ဌိဝိစိကိစ္ဆာ ပြုတ်လျှင် ဟိရိဩတ္တပ္ပတွေ ကပ်လာတယ် [နှာ-၆၂၃] ဟု ဆရာတော် ထောက်ပြသည်။ ကာလသတို့သား အကြောင်းကို ဟောပြီးနောက် သုသိမပရိဗိုဇ် အကြောင်းကို ဆက်ပြန်သည် [နှာ-

ဗ၃၁] ရျာန်မပါ(သမထမပါဘဲ) ဝိပဿနာဉာဏ်မှ မဂ်ဉာဏ်သို့ ကူးနိုင်ပုံကို ပြောသည်။ သုသိမပရိဗိုဇ်က ရဟန္တာဆို ရျာန်ပျံမည်။ မြေလျှိုးမည်ဟု ယူဆနေသည်။ ဤသို့ ယူဆခြင်းမှာ တိတ္ထိများအနေနှင့် ဝိပဿနာကို မသိ၊ သမထလောက်ကိုသာ နားလည်သည်။ ထို့ကြောင့် ရျာန်ပျံတာကို တရားထူးရသည်ဟု ထင်သည်။ ထိုထင်မြင် ယူဆချက်သည် အိန္ဒိယပြည်တွင် အများ နားလည် လက်ခံသော အယူ(အတ္တဝါဒ) ဖြစ်သည်။ ဘုရားက ရျာန်မပါ(ရျာန်ချောက်သော) ဝိပဿနာ ရှိကြောင်း၊ ပညာဖြင့် လွတ်မြောက်နိုင်ကြောင်းကို သုသိမ သဘောကျအောင် ဟောသဖြင့် နောက်ဆုံး သုသိမရဟန်းကိစ္စ ပြီးသွားသည်။

[မှတ်ချက်။ ။ ဘုရားလက်ထက်တော် အခါက ပရိသတ်သည် ဥဃ္ဃဋိတညူ၊ ဝိပဉ္စိတညူ ပုဂ္ဂိုလ်များ ဖြစ်သည်။ တရားနာရင်း ဉာဏ်ကို ခန္ဓာလှည့်တတ်သည်။ ယခုခေတ်နေယျ ပုဂ္ဂိုလ်များမှာ တရားနာရင်း သောတာပန်ဖြစ်အောင် ခန္ဓာသို့ ဉာဏ်လွှတ်တတ်သူ ရှားသည်။ တရားနာရုံနှင့် သောတာပန် မဖြစ် တရားအားထုတ်ဖို့ လိုကြောင်းကို နောက်ပိုင်း ဟောတရားများ၌ မိုးကုတ်ဆရာတော်ကြီး ဟောကြားတော်မူပါသည်။ လယ်တီဆရာတော်ကလည်း ခေတ်ကာလကို ထည့်သွင်း စဉ်းစားရကြောင်းကို ဟောတော်မူပါသည်။]

၁

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၅) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၆)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၆)

နိဒါန်း

ဤစာအုပ်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး ၁၉၆၁ ခုနှစ် ကုန်ပိုင်း၌ အမရပူရမြို့ မွှောရုံတွင် ဟောကြားသော တရားများကို စုစည်း တင်ပြထားသည်။ မာတိကာကို ကြည့်လျှင် ထိုအချိန်က ဆရာတော်ကြီးသည် ပဋိစ္စသမုပ္ပာဒ် ဒေသနာ တော်ကြီးကို အကျယ်တဝင့် ရှင်းလင်း တင်ပြတော်မူလျက် ရှိကြောင်း သိသာ ထင်ရှားပါသည်။ ဤစာအုပ် နိဒါန်းကိုလည်း ဆရာကြီးဦးသံဒိုင်ပင် ရေးသားသည်။ ဆရာကြီးက ပဋိစ္စသမုပ္ပာဒ် တရားတော်၏ အရေးပါပုံကို ရှင်းလင်း တင်ပြထား သည်။ ပဋိစ္စသမုပ္ပာဒ် ဆက်၍ သံသရာလည်ပုံကို သိမှ သံသရာပြတ်(ခန္ဓာ အဆက် ပြတ်)အောင် ပဋိစ္စသမုပ္ပာဒ် ပြတ်ပုံကို နားလည်နိုင်ပုံကို ရှင်းပြထားသည်။ ပဋိစ္စ သမုပ္ပာဒ် တရားကို နားလည်ခြင်း၏ အကျိုးအာနိသင် ခြောက်မျိုးကိုလည်း ခွဲခြမ်း တင်ပြထားသည်။

၁။ ပဋိစ္စသမုပ္ပာဒ် ကြောင်းကျိုးဆက်ပုံကို နားလည်လျှင် ပစ္စယပရိဂ္ဂဟ ဉာဏ် ပိုင်သည်။

၂။ ပဋိစ္စသမုပ္ပာဒ် ဖြစ်ပုံနှင့် ပျက်ပုံကို နားလည်လျှင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ နှစ်ပါးကို အသိဖြင့် စင်စေပါသည်။

၃။ ဗြဟ္မာသိကြား ထာဝရဘုရားက ဖန်ဆင်းခြင်းမဟုတ် အဝိဇ္ဇာသင်္ခါရ ကြောင့် ခန္ဓာတွေ ဖြစ်လာသည်ဟုသိလျှင် ဝိစိကိစ္ဆာ စင်ပါသည်။

၄။ ခန္ဓာဖြစ်စဉ်သည် အကြောင်းအကျိုး ဓမ္မဖြစ်စဉ်ဟု သိလျှင် ထိုဖြစ်စဉ်ထဲမှာ ပုဂ္ဂိုလ်သတ္တဝါ၊ ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မပါဟု သိသည်။ အတ္တဒိဋ္ဌိစင်သည်။

၅။ ပဋိစ္စသမုပ္ပါဒ် တရားမှာ အကြောင်းနှင့် အကျိုး မရပ်မနား တစ်သွားတည်း သွား၍ ဖြစ်နေသဖြင့် ဖြစ်ပျက် အနိစ္စခန္ဓာသည် သုခမဟုတ် ဒုက္ခအစစ်ပဲ ဟု ဒုက္ခသစ္စာကို ပိုင်းခြား၍ သိ၏။

၆။ ဝေဒနာပစ္စယာ တဏှာဆိုသောကြောင့် ဝေဒနာမှ တဏှာသို့ အစပ်မကူးအောင် ဝေဒနာကို ဖြစ်ပျက်ရှုခြင်းဖြင့် ဝေဒနာနိရောဓာ၊ တဏှာနိရောဓော နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပုံကို သိရသည်။

ဤကျမ်းတွင် မြန်မာဗုဒ္ဓဘာသာဝင်များ လှူတတ်အောင်လည်း သင်ကြားချက်များပါသည်။ တရားအားထုတ်သောအခါ ဆရာကောင်း ရရှိရန် အရေးကြီးကြောင်းကိုလည်း အကျယ် ဟောထားသည်။

## ၁။ ကိုယ့်အသေ ကိုယ်ရှုနည်းတရားတော်

[၁၅-၁၁-၆၁ အမရပူရမြို့ ဓမ္မာရုံ၌ ဟောသောတရား]

တရားနာကြတယ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် ကယ်တင်သော အလုပ်ကို လုပ်တာဟု မှတ်သင့်ကြောင်း ဆုံးမသော စကားဖြင့် ဤတရားကို စတင် ဟောကြားလေသည်။ ထို့ကြောင့် အလုပ်များ၍ တရားမနာနိုင်ဘူး ဆိုသူများမှာ ကိုယ့်ကိုယ်ကိုယ်တောင် မကယ်တင်နိုင်ဘူးဟု အဓိပ္ပာယ် ရပုံကို ရှင်းသည်။ ဉာဏ်သက်ရောက်ဖို့လိုသည် [နာ-၃]။ မသိနားမလည် ဉာဏ်မပါလျှင် ကိုယ့်ကိုယ်ကိုယ် ဖြစ်ချင်ရာဖြစ်၊ မျောချင်မျော၊ သံသရာမှာ နစ်ချင်နစ် ပစ်ထားသလို သဘောရောက်ပုံကို ရှင်းပြသည် [နာ-၄]။ မအားဘူးဆိုတာ ဘာကြောင့်လဲ စင်စစ်မှာ ကိလေသာ ခိုင်းသမျှ လိုက်လုပ်နေရ၍ မအားဖြစ်နေခြင်း ဖြစ်၏။ အိုဘေး၊ နာဘေးရောက်မှ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ချင်လည်း မရတော့ နောက်ကျသွားပြီ။ လက်ကိုင်မရှိ ဖြစ်ပြီ။ ဉာဏ်လက်ကိုင် မရှိသော ပုဂ္ဂိုလ်မှာ ကံစီမံသလိုသာ ခံရုံရှိတော့သည်။ ကံက သုံးဆယ့်တစ်ဘုံမှာ ကျင်လည်စေသည်။ ဉာဏ်ကမှ မအိုမနာ မသေရာ သုံးဆယ့်တစ်ဘုံမှ ကျွတ်လွတ်အောင် ပြုနိုင်သည်။ ဒါကြောင့် ကံစီမံရာ မလိုက်ရ၊ ဉာဏ်စီမံရာသာ လိုက်ရမည် [နာ-၉]။ ဉာဏ်စီမံရာ လိုက်မှ သမ္မာဒိဋ္ဌိဖြစ်သည် [နာ-၁၀]။

သစ္စာဉာဏ်ရဖို့ အရေးကြီးပုံကို ဟောသည်။ ပြီးမှ ကိုယ့်အသေ ကိုယ်မြင်အောင် ကြည့်ဖို့လိုပုံကို ဟောသည်။ ပက်လက်လန် သေပြီး သုသာန်ပို့ရတာက လူတိုင်းသိတဲ့ အသေ၊ ခုပြောမှာက လူတိုင်း မသိတဲ့အသေဟု ခွဲပြသည်။ တရားနာနေတာ လူတွေ၊ ပုဂ္ဂိုလ်တွေ၊ မိန်းမယောကျ်ားတွေ မဟုတ်၊ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးပဲ ဖြစ်သည်။

ထမင်းဆာသောစိတ် ပေါ်နေသည်။ ရေသောက်ချင်စိတ် ပေါ်တော့၊ ထမင်းဆာသောစိတ် ပျောက်သွားသည်။ ထမင်းဆာသူ သေသွားပြီ။ နောက်စိတ်နှင့် အသက်ရှင်နေပြန်သည်။ ဉာဏ်နှင့် ကြည့်လိုက်တော့ စားချင်စိတ်ကလေးနှင့် အသက်ရှင်နေတာ စားချင်စိတ် မရှိတော့ပါလားဟု သိလိုက်လျှင် ကိုယ့်အသေ ကိုယ်မြင်တယ် [နှာ–၂၄] ဟု ဆိုသည်။ ဒါ မသာမပို့ရဘဲ သေတာဟုလည်း မိန့်သည်။ စားချင်တဲ့လူ၊ မစားရဘဲနှင့် သေသွားသည်။ ဝေါ်ပြီး သေသွားသည့် မသာဟု ဆိုသည်။ [နှာ–၂၅]

နာမ်နှင့်ရုပ်သည် တစ်ခုပျက်ပြီး တစ်ခု ပေါ်နေသည်။ ဉာဏ်နှင့် ကြည့်လိုက်မှသာ သေသွားတာက(အနိစ္စ)၊ သိလိုက်တာ ကိုယ့်အသေ ကိုယ်မြင်လိုက်တာက မဂ္ဂ ဖြစ်သွားသည်။ [နှာ–၂၆] တစ်နေ့ ဘယ်နှကြိမ် သေသလဲ၊ မရေမတွက်နိုင်အောင် သေနေသည်။

ဒီအသေတွေကို မြင်နေမှ ဘဝကို လိုချင်သော ဆုတောင်းတဏှာ သေသည်။ ဝိပဿနာသည် တဏှာကို သတ်လိုက်သည် [နှာ–၂၆]။ သေတာ မြင်နေလျှင် မခိုင်မြဲပါလားဟု သိသဖြင့် သဿတဒိဋ္ဌိပြုတ်သည်။ တဏှာလည်း သေ၊ ဒိဋ္ဌိလည်း ချုပ်သည်။ တဏှာ၊ ဒိဋ္ဌိသေအောင် ဘာက လုပ်သလဲ၊ မဂ်ကလုပ်သည် [နှာ–၂၈] ကိုယ့်အသေ ကိုယ်မြင်တာက မဂ်ဖြစ်သည်။ ခန္ဓာကိုယ်မှာ စိတ်တွေပြောင်းတိုင်း အသေပြောင်းတာလို့ မှတ်ရမည်။ ကိုယ့်အသေကို မြင်အောင်ရှုတာ ဝိပဿနာဟု အဓိပ္ပာယ် ဖွင့်ပြသည်။ ကိုယ့်အသေ ကိုယ်မမြင်တာ အဝိဇ္ဇာ၊ အဝိဇ္ဇာရလျှင် သင်္ခါရကံတွေ လုပ်မည်။ ကံကြောင့် နောက်ဘဝ ပဋိသန္ဓေ ဝိညာဉ်ရမည်။ ဒုက္ခသစ္စာ ခန္ဓာရမည် မလွဲပြီ။ ကိုယ့်အသေ ကိုယ်မြင်မှ ဝေဒနာဖြစ်ပြီး ပျက်တာမြင်သည်။ စိတ်ဖြစ်လျှင်လည်း စိတ်ဖြစ်ပြီး ပျက်တာမြင်သည်။ ဝေဒနာကိုရှု၊ စိတ်ကို ရှုရမည်။ ဝေဒနာက ဖြစ်ပျက်၊ ရှုလို့ သိတာက မဂ်ဖြစ်သည်။ [နှာ–၄၁]

ရုပ်နာမ်တွေ သေနေတာ မြင်လိုက်၊ အစားထိုးပြီး ဖြစ်တာတွေ မြင်လိုက် ဤသို့ရှု၍ မြင်နေလျှင် ဝိပဿနာအလုပ် ဖြစ်နေသည် မှတ်ရမည်။ ဥဒယဗ္ဗယဉာဏ်

ဖြစ်ပြီ။ ကိုယ့်အသေ ကိုယ်ကြည့်နေရတာ ကြာတော့ မုန်းလာသည်။ အသေတွေ မုန်းလာသော အချိန်ရှုရင်း မိတ္တက အသေတွေ ဖျက်ဆို ချုပ်ဆုံးသွားတာ မြင်ရသည်။ အသေဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသည်။ [နှာ–၄၄] ရှုနေသည့် မဂ်ဉာဏ်က နိဗ္ဗာန်ကို သွားမြင်သည်။ အမြင်သုံးခု ပြောင်းသွားလျှင် ပြီးပြီဟု အောက်မေ့ [နှာ–၄၅]ဟု မိန့်ထားသည်။ သောတာပန် တည်တယ်လို့ အောက်မေ့ဟု ဆုံးဖြတ်ချက်ချဟု ဆိုသည်။ အချိန်စေ့၍ တရားရပ်နားသည်။

*

## ၂။ သတိပညာနှင့် ရှုရန် ပဋိစ္စသမုပ္ပာဒ်တရားတော်

[၁၆–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ဤတရားက စ၍ ပဋိစ္စသမုပ္ပာဒ်တရားကို စတင် ရှင်းလင်း သင်ကြားပေးသည်။ ပထမဦးဆုံးအကြိမ် စက်ဝိုင်းကပ်ပြားနှင့် ရှင်းလင်း သင်ကြားဟန်တူသည်။ ဤတရားကို နာဖို့လာတာသည် သံသရာဇာတ်သိမ်းဖို့ လာတာဟု မှတ်ရမည်ဟု မှာသည်။ ပြီးမှ သေခြင်းတရားက အနီးကလေး ဖြစ်ပုံကို ပြသည်။ ရှုထုတ်လိုက်သော အသက် နောက်တစ်ခါ ပြန်မရှုလျှင် သေပြီ။ ဒါကြောင့် ဘုရားက 'သတော ဘိက္ခဝေ ဘိက္ခု ဝိဟာရေယျ သမ္ပဇာနကာရီအယံဝေါအမှာကံအနုသာသနီ' ပါဠိတော်ကို ထောက်၍ သတိပညာနှင့် နေကြပါဟု ဆိုဆုံးမကြောင်း ဟောသည်။ [နှာ–၅၀] ခန္ဓာမှာ ဘာဖြစ်နေသလဲ သတိထားကြည့်ပြီးမှ ဖြစ်ပုံကို ဘယ်လိုဆိုတာ ပညာဖြင့် ဆုံးဖြတ်ချက်ချရန် ဖြစ်သည်။

သတိထားပြီး ကြည့်လျှင် စိတ်တစ်စိတ်ပြီး တစ်စိတ် တန်းပြီး ဖြစ်နေသည်ကို သိရသည်။ ပညာဖြင့် ကြည့်တော့ ပထမစိတ်လည်း မခိုင်မြဲ နောက်စိတ်တွေလည်း မခိုင်မြဲကြောင်း တွေ့ရမည်။ ကိုယ့်အသေ ကိုယ်မြင်အောင် သတိထားကြည့် ပညာဖြင့် ဆုံးဖြတ်ချက်ချဟု မိန့်သည်။ သတိမထားဘဲ ပညာဖြင့်လည်း မကြည့်လျှင် ကိုယ့်ခန္ဓာ ဘာဖြစ်နေသလဲ မသိနိုင်ပါ။ မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာရှိသော ပုဂ္ဂိုလ်သည် လုပ်မိလုပ်ရာ လုပ်ချင်တာလုပ်၊ ပြောချင်တာ ပြောနေမည်သာ ဖြစ်သည်။ အဝိဇ္ဇာပစ္စယာ သင်္ခါရာဘက် လှည့်သွားသည် [နှာ–၅၃] သတိထားပြီး ပညာနှင့် ဆုံးဖြတ်နိုင်လျှင် ပညာက ဝိဇ္ဇာဖြစ်သောကြောင့် အဝိဇ္ဇာချုပ်သည်။

အဝိဇ္ဇာချုပ်လျှင် အကျိုးဖြစ်သော ဇာတိ၊ ဇရာ၊ မရဏ မလာနိုင်တော့ပါ [နှာ–၅၅] အဝိဇ္ဇာချုပ်လျှင် ဝိဇ္ဇာဥဒပါဒိ ဖြစ်တော့သည်။ သတိထားပြီး ပညာနှင့်

ကြည့်လိုက်တော့ ခန္ဓာမှာ ဝေဒနာ တစ်ခုချုပ်ပြီး ဝေဒနာ တစ်ခုပေါ်နေသည်။ စိတ်တစ်ခု ချုပ်ပြီး စိတ်တစ်ခု ပေါ်နေသည်။ ယောကျ်ားမိန်းမ ထင်တာတွေ၊ ငါ သူတစ်ပါး ထင်နေတာတွေ မှားပြီဟု သိလာသည်။ ယောကျ်ားမိန်းမစွဲ ပျောက်သည်။ [နှာ-၅၈] ဝေဒနာခန္ဓာပဲ ရှိသည်ဟု သိမြင်လာရသည်။ သတိထားပြီး ပညာနှင့် ကြည့်လို့ အရှိကို အရှိအတိုင်း သိရသည်။ ပရမတ္ထသစ္စာကို သိရသည် [နှာ-၆၀]။ ခန္ဓာမှာ ဝေဒနာ မဖြစ်သောအချိန် မရှိပုံကို ပေါ်အောင် အသေးစိတ် ဟောသည် [နှာ-၆၅] ကို ဝေဒနာတွေကလည်း တစ်ခုချုပ်ပြီး တစ်ခု ဖြစ်နေသည်။ ပညာဖြင့် ဆုံးဖြတ်မှ ပေါ်သည်။ ဝေဒနာလည်း ဖြစ်ပျက်ပဲ ဖြစ်သည်။ [နှာ-၇၂] ဖြစ်ပျက်မြင်လျှင် ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်၏။ သတိမဂ္ဂင်၊ ပညာမဂ္ဂင် ပေါ်လာသည် [နှာ-၇၇]။ ပေါ်တာသိ သတိ၊ ပျက်တာမြင် ပညာဖြစ်သည်။ ထို့နောက် ဟောနေကြအတိုင်း မဂ်ဖိုလ်နိဗ္ဗာန်ကို ဆုတောင်း၍ မရကြောင်း ဟောသည်။ ဝိပဿနာရှုမှ ပဋိစ္စသမုပ္ပာဒ် ပြတ်ပုံကို ဟောသည်။

*

## ၃။ ခန္ဓာပဋိစ္စသမုပ္ပာဒ်ဖြစ်စဉ်တရားတော်

[၁၇-၁၁-၆၁ အမရပူရမြို့ ဓမ္မာရုံတွင် ဟောသောတရား]

ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကားချပ်မှ အကွက်လေးကွက်ကို ၁-၂-၃-၄ နံပါတ် ရေးထိုးရန် တိုက်တွန်းခြင်းဖြင့် ဤတရားကို စတင် ဟောကြားသည်။ စက်ဝိုင်းကို တီထွင်စ ကာလဖြစ်ပေလိမ့်မည်။ ထို့နောက် မြတ်စွာဘုရား သဗ္ဗညုတ ဉာဏ်တော်ကြီးကို ရပြီး အလုံးစုံဝင်ငြိမ်းသွားတာ ပဋိစ္စသမုပ္ပာဒ် ပြတ်သွားလို့ဖြစ်ကြောင်း ဟောသည်။ [နှာ-၈၇] သောတာပန် ဖြစ်ချင်ရင်လည်း ပဋိစ္စသမုပ္ပာဒ်ကို ပြတ်မှ ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် ဆိုတာက ခန္ဓာကြီးဟု မှတ်ရမည်။ ဘဝ စက်လည်နေသော ခန္ဓာကြီးပင် ဖြစ်၏ [နှာ-၈၈]။ ဤခန္ဓာကိုယ်ကြီးသည် စုတိနှင့် ပဋိသန္ဓေ ဆက်နေသည်။ ကံနှင့်အကျိုးပေး ဆက်နေသည်ဟု မှတ်ရမည်။ ခန္ဓာပဋိစ္စသမုပ္ပာဒ်ကို ပြတ်အောင် လုပ်ရမည်။ ပြတ်မှ နိဗ္ဗာန်ကို ရနိုင်သည် [နှာ-၈၉]။

ထို့နောက် လူ စတင် ဖြစ်ပေါ်မှုနှင့်ဆိုင်သော အယူအဆ အမျိုးမျိုးကို ဖော်ပြပြီး ပယ်သည်။ သံသယ ဖြစ်စရာ အငြင်းပွားစရာ အယူဝါဒတွေချည်း ဖြစ်ပုံကို ပြသည်။ ထိုအခါ ငါ ဘယ်လိုလူ ဖြစ်လာပါလိမ့်ဆိုသော ဒိဋ္ဌိနှင့် ဝိစိ

ကိစ္စာဝင်လာသည် [နှာ–၉၃]။ ပဋိစ္စသမုပ္ပာဒ်တရားကို နားမလည်၍ ဖြစ်၏။ ပဋိစ္စသမုပ္ပာဒ်ကို နားလည်မှ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်နိုင်မည် [နှာ–၉၄] ယခု ပဋိစ္စသမုပ္ပာဒ်ကို မသိ၊ သစ္စာ မသိတော့ သံသရာရှည်သည်။ ဒိဋ္ဌိဝိစိကိစ္ဆာ မပယ်နိုင်တော့ အပါယ်လားရသည် [နှာ–၉၅]။ ပဋိစ္စသမုပ္ပာဒ်ကို နားလည်လျှင် နားလည်ကာ အတ္တအပါယ်တံခါး ပိတ်သည်။ စူဠသောတာပန် ဖြစ်သည်။

ပြီးမှ ယခု ရထားတာ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ဖြစ်ပုံကို ပြသည်။ ရုပ်နာမ်သည် ဓမ္မပဲ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ပါ။ သတ္တဝါ အစကို ပုဂ္ဂိုလ်အဖြစ်နှင့် တွေ့လျှင် မဆုံးတော့ပါ။ မဂ္ဂင်ဖြစ်စဉ် အဖြစ်သာ တွေးရမည် [နှာ–၉၈]။ အဘယ် ကြောင့် ဆုံးသော အနမတဂ္ဂသံသရာမှာ လူတစ်ဦး၊ ပုဂ္ဂိုလ်တစ်ဦး သေခဲ့သည့် အကြိမ်ပေါင်းက မရေမတွက်နိုင် ဖြစ်သည်။ သံသရာသည် မသိအပ်သော အစ ရှိသည်။ [နှာ–၁၀၀] ဤကမ္ဘာမြေပြင်သည်ပင် ကိုယ့်အသား၊ အရိုးက ဖြစ်သော မြေထုဖြစ်သည်။ သံသရာ ရှည်ခဲ့ပုံကို သံဝေဂရအောင် ဟောပြီးနောက် ပဋိစ္စသမုပ္ပာဒ် ကို ပြန်ပြသည်။ ခန္ဓာငါးပါးကို အဝိဇ္ဇာသင်္ခါရဆိုသော ဓမ္မက တည်ထောင်ကြောင်း၊ ပုဂ္ဂိုလ်သတ္တဝါက တည်ထောင်ခြင်း မဟုတ်ကြောင်း ဆိုသည်။ အတိတ် အကြောင်း ခြင်းရာ ငါးပါးကြောင့် ပစ္စုပ္ပန် ခန္ဓာငါးပါး ဖြစ်လာရပုံကို ပြသည်။ အတိတ်က သမုဒယသစ္စာကြောင့် ပစ္စုပ္ပန်မှာ ဒုက္ခသစ္စာ ရလာပုံကို ရှင်းပြသည်။ [နှာ–၁၁၄] အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ အတိတ်အကြောင်း ငါးပါးကြောင့် ယခုဘဝ ခန္ဓာငါးပါး ဒုက္ခသစ္စာ ရလာပုံကို ပြပြီး ဖန်ဆင်းရှင်မရှိ အကြောင်းမဲ့လည်း မဟုတ် မိဖကြောင့် ဖြစ်လာတာလည်း မဟုတ်ကြောင်း ပေါ်အောင်ပြပြီး ပုဂ္ဂိုလ် သတ္တဝါစွဲ ဒိဋ္ဌိကို ဖြုတ်သည်။ ဥစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိကို ဖြုတ်သည်။

*

## ၄။ ပဋိစ္စသမုပ္ပာဒ်တရားတော် (၁)

[၁၈–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းစာရွက်သည် အိမ်မှာ မှန်ပေါင်သွင်းပြီး ကိုးကွယ်ဖို့ မဟုတ်။ ကိုယ်ခန္ဓာဖြစ်စဉ်ကြီးသည် ဤအတိုင်းပါကလားဟု သိဖို့ သံသရာလည်ပုံ ကို သိပြီး ဖြတ်ပုံကို သိဖို့အတွက်ဖြစ်ကြောင်း ပြောရင်း ဤတရားကို စတင် ဟောကြားသည်။ ပြီးနောက် ပဋိစ္စသမုပ္ပာဒ်စက်ဝိုင်း စာရွက်များကို မရသေးသူများ က သံသရာဝဋ် ဒုက္ခမှ ကျွတ်ချင်တယ်ဆိုသော စိတ်ဖြင့် အလှူခံဟု ဆိုသည်။

ထို့နောက် ပဋိစ္စသမုပ္ပါဒ် လည်ပုံကို ပြသည်။ အဝိဇ္ဇာတဏှာက သတ္တဝါစသည်ဟု မှတ်ရန် ပြောသည်။ အတိတ်ဘဝက သစ္စာလေးပါးကို မသိသော အဝိဇ္ဇာကြောင့် ပစ္စုပ္ပန် ခန္ဓာရလာပုံကို ရှင်းသည်။ တစ်ဖန် ယခုဘဝတဏှာ(သမုဒယ)ကြောင့် အနာဂတ် ခန္ဓာ ရဦးမည် ဖြစ်ကြောင်းပြသည်။ ပစ္စုပ္ပန် ခန္ဓာဖြစ်ကြောင်းမှာ အဝိဇ္ဇာ ဦးစီးသည်။ အနာဂတ်ခန္ဓာ ဖြစ်ကြောင်းမှာ တဏှာ ဦးစီးသည်။ [နာ–၁၃၃] အတိတ်ဘဝ အဝိဇ္ဇာ(သမုဒယသစ္စာ)ကြောင့် ပစ္စုပ္ပန်ဘဝမှာ ခန္ဓာငါးပါး ဖြစ်ပေါ်လာရသည်ဟု သိလျှင် ဖန်ဆင်းရှင်ကြောင့် ဖြစ်သည်မဟုတ် အကြောင်းမဲ့ ဖြစ်သည်လည်း မဟုတ်ကြောင်း သိရသည်။ အနာဂတ် ခန္ဓာဖြစ်ကြောင်းက တဏှာ (သမုဒယသစ္စာ)ကြောင့် ဖြစ်သည် [နာ–၁၃၆]။ ဤသို့ သိပြီးနောက် အကြောင်းဖြစ်သော အဝိဇ္ဇာတဏှာကို သတ်ရန်အတွက် ဝိပဿနာကို လုပ်ရမည်ဖြစ်ကြောင်း လမ်းညွှန်သည်။

ထို့နောက် အဝိဇ္ဇာကြောင့် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ ဖြစ်ပုံ၊ ကုသိုလ်ကြောင့် သုဂတိ ခန္ဓာရပုံ၊ အကုသိုလ်ကြောင့် အပါယ်ခန္ဓာရပုံ ကွာခြားသည်။ သို့သော် ခန္ဓာ ဒုက္ခသစ္စာ ရပုံချင်း အတူတူပင် ဖြစ်ကြောင်းပြသည်။ [နာ–၁၄၂] အတိတ်က ကိလေသာဝဋ် ကမ္မဝဋ်နှစ်ပါး (သမုဒယသစ္စာ) လုပ်ခဲ့၍ ပစ္စုပ္ပန်မှာ ဝိပါကဝဋ်(ဒုက္ခသစ္စာ) ရကြရပုံကို ပြပြန်သည်။ [နာ–၁၄၆] ဒုက္ခသစ္စာကို လေးမျိုး ပြသည်။ ရစ၊ ရလယ်၊ ဆုံးခါနီး အဆုံး ဒုက္ခသစ္စာဟု ဆိုသည်။ [နာ–၁၅၁] ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခကို ဆိုလိုသည်။ ထိုဒုက္ခတွေ ကင်းဝေးအောင် ဝေဒနာမှ တဏှာ မကူးအောင်(အကွက် နှစ်မှ အကွက် သုံးသို့ မကူးအောင်) ဝိပဿနာနှင့် ဖြတ်ရမည်။ သောတာပန် တည်ချင်လျှင် အကွက် နှစ်မှ အကွက် သုံးသို့ မကူးအောင် လုပ်ရမည်။ နှစ်မှသုံးသို့ မကူးဖို့ အရေးကြီးကြောင်းကို ဟောထားသည်။

*

## ၅။ ပဋိစ္စသမုပ္ပါဒ်တရားတော်(၂)

[၁၉–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံတွင် ဟောသောတရား]

ပဋိစ္စသမုပ္ပါဒ်ကို ဆက်ဟောသည်။ ဖန်ဆင်းရှင် အယူဝါဒ၏ အမှားကို ပြသည်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် ပဋိစ္စသမုပ္ပါဒ် အစကို သိ၍ သံဝေဂ

ဉာဏ်ပွားသည်။ အဆုံးကို သိသည်နှင့် ဘုရားအဖြစ်သို့ ရောက်သည် [နှာ–၁၆၆] ဟု မိန့်သည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသည် ပဋိစ္စသမုပ္ပာဒ်ကို သိမှ ကင်းစင်သည်။ ထိုအခါမှ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖြစ်ပေါ်သည်။ ဒိဋ္ဌိ ဝိစိကိစ္ဆာ မပယ်နိုင်လျှင် မဂ်မရနိုင်ကြောင်း ထပ်ဟောသည်။ ကိုယ်ခန္ဓာအကြောင်းကို သိအောင် စဉ်းစားပါဆိုပြီး ပဋိစ္စသမုပ္ပာဒ်အကြောင်း ဟောသည်။

ယခု ခန္ဓာငါးပါး ရနေသည်မှာ နှစ်အကွက်တွင် ဖြစ်သည်။ ပဝတ္တိဝိညာဉ်နှင့်လည်း နေ နေကြသည်။ ပဝတ္တိဝိညာဉ်ဆိုတာ အိပ်နေသောအခါ မသေအောင် စောင့်ရှောက်သော ဘဝင်စိတ်တွေကို ဆိုကြောင်း ရှင်းထားသည် [နှာ–၁၆၇]။ ယခု ပစ္စုပ္ပန် နှစ်အကွက်ထဲမှာ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာနှင့် နေကြသည်။ တစ်နည်း ခန္ဓာငါးပါးနှင့် နေကြသည်။ သစ္စာဖွဲ့လိုက်တော့ စက်ဝိုင်းထဲမှာ ဒုက္ခသစ္စာကို ပြထားသည်။ ဒုက္ခသစ္စာ ရနေသည်ဟု နားလည်ရမည်။ ရုပ်နာမ် ဖြစ်ပျက်နေတာသည် ဒုက္ခသစ္စာတွေချည်း မှတ်ရမည်။ ခမ္မစကြာမှာ သံခိတ္တေနပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခသစ္စာ ဆိုသောကြောင့် ခန္ဓာငါးပါး ဒုက္ခသစ္စာဟု နားလည်ရမည်။ ဒါကြောင့် လူ့ဘဝရတာ ဒုက္ခသစ္စာ ရတာပဲ ဖြစ်သည်။ သို့သော် လူတွေက လူချမ်းသာ နတ်ချမ်းသာ အကြိမ်ကြိမ် ခံစားရပါလို၏ဟု ဆုတောင်းနေတာ အကြိမ်ကြိမ် ဒုက္ခခံရပါလို၏ဟု ဆုတောင်းသည်နှင့် တူနေပုံကို ရှင်းထားသည် [နှာ–၁၇၁]။ မသိ၍ ဆုတောင်းမှားနေကြတာဟုလည်း ဆိုသည်။

တောင်ဝေ့ဆွဲမမှားဖို့ လိုသည်။ ရှေ့ဆောင်လမ်းပြ ကောင်းမှ နေရကြမည်ဟုလည်း သတိပေးသည်။ သစ္စာသိသော ပုဂ္ဂိုလ် ကုသိုလ်လုပ်လျှင် ဆုတောင်းတဏှာပါသောကြောင့် ခန္ဓာ ဒုက္ခသစ္စာပဲ ရကြောင်းဟောသည်။ သိသော ပုဂ္ဂိုလ် ကုသိုလ်လုပ်တာကို အားပေးကြောင်းလည်း ဆိုပါသည်။ ဤတရားတွင် ပဋိစ္စသမုပ္ပာဒ် နှစ်အကွက်ကို အဓိကထား၍ ဟောသည်။ အဝိဇ္ဇာတဏှာကြောင့် ခန္ဓာ ဒုက္ခသစ္စာ ရပုံအကြောင်းကို သံဝေဂဉာဏ်ရအောင် သရုပ်အမျိုးမျိုး ပြပြီးဟောသည်။ အဝိဇ္ဇာသည် ဒုက္ခသစ္စာလည်း မသိ၊ သမုဒယသစ္စာလည်း မသိ၊ လူချမ်းသာ နတ်ချမ်းသာကို နိရောဓသစ္စာ ထင်နေကြသည်။

ဘာသစ္စာမှ မသိတာ အဝိဇ္ဇာဖြစ်ကြောင်း ရှင်းပြသည်။ ကုသိုလ် သင်္ခါရလုပ်လည်း ဒုက္ခသစ္စာ ခန္ဓာရသည်။ အကုသိုလ်သင်္ခါရလုပ်လည်း ခန္ဓာဒုက္ခသစ္စာ ရသည်။ ဒါကြောင့် ကျောင်းဒကာ၊ ဘုရားဒကာနှင့် ခွေးသတ်လူ အတူတူပဲ ဆိုတာ ဤသဘောကို ပြောကြောင်း ရှင်းထားသည် [နှာ–၁၉၁]။ သို့သော် ကျောင်းဒကာ၊

ဘုရားဒကာရတာက သုဂတိ ဒုက္ခသစ္စာ၊ နွားသတ်သမား ရတာဟာ အပါယ် လေးပါး ဒုက္ခသစ္စာ၊ ဤနေရာ၌ ကွာခြားပုံကိုလည်း ရှင်းပြထားသည်။ သို့သော် ဒုက္ခသစ္စာရလျှင် ဘယ်ဟာမှ မကောင်းဘူးဟု မှတ်ရမည် ဖြစ်ကြောင်း ဆုံးမထား သည် [နာ–၁၉၂]။

ဒါနပြုသော ပုဂ္ဂိုလ်များ လှူတတ်ဖို့ လိုသည်။ နိဗ္ဗာန်ကို ရည်သန်ပြီး လှူမှ သံသရာ ပြတ်သည်။ ဝိပဿနာ အားထုတ်မှ သစ္စာသိသည်။ ပဋိစ္စသမုပ္ပာဒ် အလိုအားဖြင့် နှစ်အကွက်မှ သုံးအကွက် မပေါက်ပွားအောင် လုပ်ရမည်။ ပစ္စုပ္ပန် နှစ်အကွက်ထဲမှာ တဏှာ ဥပါဒါန်၊ ကံတွေလုပ်လျှင် အဆိပ်ပင်က အဆိပ်သီးတွေ သီးလာခြင်း ဖြစ်ပုံကို ပြသည်။ သုံးအကွက်ထဲမှာ တစ်အကွက်နှင့် သဘောတူတွေ ပြန်လုပ်သည်။ ထို့ကြောင့် လေးအကွက် ဒုက္ခသစ္စာ(အနာဂတ်) အကျိုးပေးမည်။ ထိုသို့ဖြစ်လျှင် တစ်–နှစ်–သုံး–လေး ချည်း လုပ်နေမည် [နာ–၂၀၃] သမုဒယကြောင့် ဒုက္ခဖြစ်၊ ဒုက္ခထဲမှာ သမုဒယပြန်လုပ်၊ နောက်ဒုက္ခ ပြန်ဖြစ် လည်နေတော့မည်။ [နာ–၂၀၄] ဤသို့ မလည်ချင်လျှင် ဖြတ်လမ်းရှာရမည်။ နှစ်နှင့်သုံး အစပ်သည် ထွက်လမ်းဖြစ်သည်။ ဤတွင် အချိန်စေ့၍ တရားပွဲနားသည်။

*

## ၆။ ပဋိစ္စသမုပ္ပာဒ်တရားတော်(၃)

[၂၀–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

စက်ဝိုင်းကို ကြည့်ရမည်။ မိမိတို့ ရထားသော ခန္ဓာကိုလည်း ကြည့်ရမည်။ စက်ဝိုင်းကို ကြည့်ခြင်းဖြင့် သံသရာဆက်ပုံ၊ သံသရာဖြတ်ပုံကို သိနိုင်ကြောင်း စတင် ဟောကြားပါသည်။

ထို့နောက် အဝိဇ္ဇာကြောင့် ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ လုပ်ကြပုံကို အကျယ်ပြသည်။ အဝိဇ္ဇာသင်္ခါရရှိလျှင် သုံးဆယ့်တစ်ဘုံမှာ ခန္ဓာရသည်။ ခန္ဓာရခြင်း သည် ဒုက္ခသစ္စာရခြင်း ဖြစ်သည်။ အကွက်တစ် အတိတ်က သမုဒယ်သစ္စာငါးပါး (အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ) လုပ်ခဲ့၍ ပစ္စုပ္ပန်ဘဝမှာ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဒုက္ခသစ္စာ၊ ခန္ဓာငါးပါးကို ရရှိသည်။ [နာ–၂၁၂] ပစ္စုပ္ပန်မှာ ခန္ဓာဒုက္ခသစ္စာ ရခြင်းသည် ကံမကောင်းလို့ မဟုတ် မသိမှု အဝိဇ္ဇာနှင့် လိုချင်မှု တဏှာကြောင့် ဖြစ်သည်။ [နာ–၂၁၃] လူတွေမှာ ပရိယေသန

ဒုက္ခ၊ တိုင်းရေးပြည်ရေး ဒုက္ခ၊ မင်းရေးစိုးရေး ဒုက္ခ၊ ကျန်းမာရေး ဒုက္ခ၊ လူမှုရေး ဒုက္ခ စသည်ဖြင့် ဒုက္ခပင်လယ်ဝေနေသည်။ လူချမ်းသာ၊ နတ်ချမ်းသာဆိုတာ အလကားပြောတာဟု မိန့်တော်မူသည် [နှာ–၂၁၆] ဤသို့ ဒုက္ခရောက်နေစဉ် ဒုက္ခဖြစ်ကြောင်း သမုဒယတွေကို အားထုတ်ကြလျှင် နှစ်ခါမိုက်ဖြစ်ပြီဟုလည်း ဆိုသည်။

နှစ်နံပါတ်ထဲက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန် ဘဝ ထပ်မံ မပေါက်ဖွားဖို့ သိပ်အရေးကြီးသည်ဟု သတိပေးသည်။ နှစ်ထဲက သုံးပေါက်ဖွားလာသည်။ ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး(သမုဒယသစ္စာ) ပေါ်လာနိုင်သည်။ [နှာ–၂၂၀] ပစ္စုပ္ပန် အကြောင်းခြင်းရာငါးပါး ပေါက်ဖွားသည့်အတွက် သေသည်၏ အခြားမဲ့၌ အနာဂတ် ခန္ဓာငါးပါး ပေါက်ဖွားရပြန်သည်။ ဒုက္ခသစ္စာ ရပြန်သည်။ သမုဒယက လောင်တတ်သော မီး၊ ခန္ဓာ ဒုက္ခသစ္စာက လောင်စာ၊ လောင်မီးနှင့် လောင်စာ တွဲလျက်ချည်း ဖြစ်နေလျှင် ဘယ်အခါမှ မငြိမ်းချမ်းတော့ပါ။ [နှာ–၂၂၄] ဒါကြောင့် ဤတရားတွင် နိရောဓသစ္စာနှင့် မဂ္ဂသစ္စာ ပေါ်အောင်ပြောရမည်ဟု မိန့်ကြားတော်မူသည်။ [နှာ–၂၂၆] ပဋိစ္စသမုပ္ပါဒ် လည်နေရသည်မှာ အစပ်ကလေးတွေကို မဖြတ် တတ်၍ ဖြစ်ကြောင်းပြောသည်။

နှစ်အကွက်နှင့် သုံးအကွက် အစပ်သည် ပစ္စုပ္ပန် အကျိုးနှင့် ပစ္စုပ္ပန် အကြောင်းစပ် ဖြစ်သည်။ ဤနေရာတွင် သုံးနံပါတ် ပစ္စုပ္ပန်အကြောင်း မပေါ်မှ သင့်မည်။ ထိုအကြောင်း မပေါ်အောင် ထိုအဆက်ကို ဖြတ်ရမည်။ ဝေဒနာမှ တဏှာသို့ မကူးအောင် လုပ်ရမည်။ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်အောင် လုပ်မှရမည် [နှာ–၂၂၈]။ ဒါမှ သံသရာပြတ်လမ်းသို့ ရောက်မည်။ ဝေဒနာ ချုပ်အောင် လုပ်နိုင်မှ တဏှာချုပ်သည်။ ဒါသမုဒယသစ္စာ ချုပ်အောင်လုပ်တာဟု ရှင်းပြသည်။

ထိုသို့ ပြတ်နိုင်အောင် ဝေဒနာပေါ်တိုင်း(ဘာဝေဒနာပေါ်ပေါ်) ဉာဏ်နှင့် ရှုပေးရမည်။ ဝေဒနာဖြစ်ပျက်ကို မြင်အောင် ရှုရမည်။ ဝေဒနာနိရောဓောတိ မဂ္ဂေါ ဖြစ်ပြီး မဂ်ကဝင်၍ ဖြတ်လိုက်သည်။ [နှာ–၂၃၂] နှစ်နှင့်သုံးအစပ် ပြတ်ပြီ။ ဝေဒနာ ဖြစ်ပျက်မြင်လျှင် ကြားထဲက မဂ်ဝင်ပြီး ဖြတ်သည်။ ဝိပဿနာမဂ်က ဖြတ်သည်။

နှစ်နှင့်သုံးအစပ်ကို ဖြတ်နိုင်လျှင် နိဗ္ဗာန်ရသည် [နှာ–၂၃၄]။ ဝိပဿနာ လုပ်မှ ဖြတ်နိုင်သည်။ ဝိပဿနာ အလုပ်သည် ကိုယ့်အကျိုးကို လုပ်ခြင်းဖြစ်သည်။

[နာ-၂၃၆]။ ဝိပဿနာ ရှုဖြစ်အောင် ရှုဖို့ တိုက်တွန်းထားသည်။ ဝိပဿနာအလုပ် မလုပ်ဖြစ်ဘဲ တခြားအလုပ် လုပ်နေခြင်းသည် နှစ်နှင့်သုံးအကွက်ကို ဆက်အောင် လုပ်နေခြင်းသာ ဖြစ်ပုံကိုလည်း ပြသည် [နာ-၂၄၀]။ သုံးဖြစ်လျှင် လေးအကွက် ဒုက္ခသစ္စာပေါ်မည် မလွဲပုံကိုလည်း သံဝေဂရအောင် ဟောသည်။ ဤတွင် လူတို့ အသုံးမကင်းတရား၏ အမှားတော်ပုံများကို သရုပ်ဖော် ရှင်းပြသည်။ ဝေဒနာနှင့် တဏှာဆက်အောင် လုပ်နေသရွေ့ မဂ်မရနိုင်ပုံကို ရှင်းပြန်သည်။ [နာ-၂၄၈] ဒုက္ခချုပ်ကြောင်း ရှာနိုင်လျှင် ဝေဒနာကို ဖြစ်ပျက်ရှုရမည်ဟု ဆိုသည်။ ဖြစ်ပျက်ရှုလျှင် ဝေဒနာနှင့် တဏှာကြားမှ မဂ်က အဆက်ဖြတ်ပေးသည်။ ဝေဒနာနိရောဓာ၊ တဏှာနိရောဓော နိဗ္ဗာန်ဖြစ်ပြီ။

အချိန်စေ့၍ တရားရပ်နားသည်။

*

## ၇။ ပဋိစ္စသမုပ္ပာဒ်တရားတော်(၄)

[၂၁-၁၁-၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

စာလိုပါဠိပြောလျှင် ပဋိစ္စသမုပ္ပာဒ်၊ မြန်မာလိုဆို ခန္ဓာလမ်းစဉ်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ ခန္ဓာဖြစ်စဉ်သည် ဤအတိုင်း ကြောင်းကျိုးဆက်ပြီး သွားနေသည်။ လူခန္ဓာ၊ နတ်ခန္ဓာ ဘာခန္ဓာဖြစ်ဖြစ် အဝိဇ္ဇာ မူတည်ပြီး သွားနေကြသည်။ အတိတ်ကလည်း သစ္စာလေးပါး မသိဘဲ နေခဲ့ကြသည်။ မသိဘဲ ကုသိုလ်တွေ ပြုခဲ့ကြသည်။ အကျိုးအားဖြင့် ခန္ဓာ ဒုက္ခသစ္စာ နှစ်အကွက်ထဲမှာ ရသည်။ [နာ-၂၅၂] သမုဒယသစ္စာ လုပ်ခဲ့လို့ ဒုက္ခသစ္စာ ခန္ဓာ ငါးပါးရခြင်း ဖြစ်သည်။ အလှူဒါန လုပ်ပါလျက် ဒုက္ခသစ္စာ ရတာရှုံးသည်။ ထို့ကြောင့် အလှူကို နောက်ထားပါ၊ အသိကို ရှေ့ထားပါဟု ဟောသည်။ [နာ-၂၅၅]

အသိ ရှေ့ထားပါ။ သိပြီးရင် လှူပါဟု ဆိုသည်။ [နာ-၂၅၈] ခန္ဓာရတာ ဒုက္ခသစ္စာဟု သိပေးပါ။ သိလိုက်ပါက ဝိဇ္ဇာဖြစ်သွားသည်။ [နာ-၂၆၁] ဝိဇ္ဇာဉာဏ် ရပြီ။ ဉာဏ်ရလျှင် နောက်ထပ် ဒုက္ခရစေသော သင်္ခါရတွေ မလုပ်တော့ပါ။ [နာ-၂၆၂] လှူလျှင်လည်း ဒုက္ခကို မလိုချင်၊ ဒုက္ခငြိမ်းရာသိမ်းရာ ရချင်လို့ လှူတာဟု ပြောင်းရမည်။ ဒါ သစ္စာသိပြီးမှ လှူသော အလှူဖြစ်သည်။ ခန္ဓာ ဒုက္ခသစ္စာဖြစ်ကြောင်း သိအောင်(စာတွေ့မဟုတ် ကိုယ်တွေ့ဖြစ်အောင်) ဝိပဿနာ ရှုရမည်။ ရှု၍ သိပြီး

ဆိုလျှင် ဒုက္ခသစ္စာ မလိုချင်ပြီ။ ထိုအခါ လူချမ်းသာ နတ်ချမ်းသာ ဒုက္ခသစ္စာ မလိုချင်သော စိတ်ဖြင့် လှူနိုင်ပြီ [နှာ–၂၆၅]။ နောက်နေ့တွင် အမရပူရမင်္ဂလာ တိုက်ဟောင်းမှာ ဘုံကထိန်ကြီး ရှိသည်။ ထိုအလှူ မပြုလုပ်မီ လှူတတ်အောင် သင်ပေးနေခြင်း ဖြစ်သည်။ မသိသော ပုဂ္ဂိုလ်လှူလျှင် သမုဒယသစ္စာဖြစ်သည်။ သိပြီးမှ လှူလျှင် ဒုက္ခသစ္စာ မလာဘူး။ သိပြီးလှူလျှင် မဂ္ဂသစ္စာ ဖြစ်သွားသည်။ ဤစကားမှာ ယမန်နေ့က စကားတွေထက် ထူးသည်ဟု မိန့်သည် [နှာ–၂၇၀]။ သိပြီး လှူလို့ မဂ္ဂသစ္စာဖြစ်လျှင် ရတာက နိရောဓသစ္စာ ဖြစ်သည် [နှာ–၂၇၁]။ သပျော်ပြီဟု မိန့်သည်။

ဒါနသီလက သံသရာရှည်တာ မဟုတ်ဘူး။ သိမှု မသိမှုကြောင့် သံသရာ ရှည်ရတာဟုလည်း ဆိုသည် [နှာ–၂၇၇]။ သိ၍ အားထုတ်မှ မဂ္ဂသစ္စာ ဖြစ်သည်။ မဂ္ဂသစ္စာကို အားထုတ်လျှင် နိရောဓသစ္စာ ရသည် [နှာ–၂၈၂]။ ဤတွင် အသိနှင့် ဒိဋ္ဌိဝိစိကိစ္ဆာပြုတ်တော့ စူဠသောတာပန် တည်ပြီဟု အတိအကျ မိန့်ထားသည် [နှာ–၂၈၄] ထို့ပြင် စူဠသောတာပန် တည်ပြီးမှ လှူလိုက်တော့ သောတာပန်အလှူ သွားဖြစ်တယ်ဟုလည်း ထပ်ဆင့်အဆို ပြုထားသည်။ နက်ဖြန် ကထိန်အလှူအတွက် စူဠသောတာပန် ဖြစ်ပြီးမှလှူရန် ဤတရားကို ပဓာနထား၍ ဟောခြင်းဖြစ်ကြောင်း ထင်ရှားသည်။ စူဠသောတာပန်နှင့် ပတ်သက်၍ ပြောရာ၌ သစ္စာသိတဲ့ ပုဂ္ဂိုလ် ဖြစ်ကြောင်းလည်း အဓိပ္ပာယ် ဖွင့်ပြထားသည်။ ထို့နောက်–

မသိဘဲ လှူတာ သမုဒယသစ္စာ၊ လှူလို့ရတာ ဒုက္ခသစ္စာ

သိပြီးလှူတာ မဂ္ဂသစ္စာ၊ လှူလို့ရတာ နိရောဓသစ္စာဆိုသော စကားဖြင့် တရားနိဂုံးချုပ်ထားသည်။

*

## ၈။ ကထိန်ရေစက်ချတရားတော်

[၂၂–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ဤတရားတွင် ဆရာတော်က ကထိန်အလှူကြီးကို သမထ၊ ဝိပဿနာ ခြံရံသော အလှူဖြစ်ရန် ရည်ရွက်ချက်ဖြင့် 'စိတ္တာလင်္ကာရ၊ စိတ္တပရိက္ခာယ ဒါနမေဝ သေဋ္ဌံ' ပါဠိဂါထာကို ထုတ်ဖော် ဟောကြားသည်။ ဝဋ်ကျွတ်ချင်၍ လှူသော အလှူဖြစ်အောင် ခန္ဓာကို နှလုံးသွင်းပြီး လှူရန် နှိုးဆော်ထားသည် [နှာ–၂၉၃]

သမထ ဝိပဿနာ ခြံရံသော အလှူ၌ ဝီရိယ၊ သတိ၊ သမာဓိ(သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ)ဆိုသော သမာဓိမဂ္ဂင်သုံးပါး ခြံရံသည်။ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ ပညာမဂ္ဂင်နှစ်ပါးခြံရံသည်။ ဤကထိန် အလှူကြီးကိုမုဉ္စစေတနာမှာ သမထ၊ ဝိပဿနာ ခြံရံပြီး လှူကြရန် ဆရာတော်က အာသီသထား၍ နည်းပေးလမ်းပြဆုံးမ၍ ဟောကြားတော်မူသည်။ [နှာ-၂၉၆] ထို့နောက် ပေါ်ရာစိတ်ကို ဖြစ်ပျက်ရှုရန် တိုက်တွန်းသည်။

သဒေါသစိတ္တံ၊ သမောဟစိတ္တန္တိ၊ ပဇာနာတိ လုပ်ပါဟု ဆိုသည်။ [နှာ-၂၉၈] အလှူမှာ ဝိပဿနာဉာဏ် ဦးစီးနေအောင် လုပ်ရမည်ဟု မိန့်သည်။ ထို့နောက် ဘဝအစ ပဋိသန္ဓေကပင် ဒုက္ခသစ္စာ ဖြစ်ပုံကို အကျယ်ဟောသည်။ ထိုဒုက္ခကြီးကို မတွေ့လို၊ မကြုံလို၍ သံဃိကဒါနအလှူကြီး လွတ်ချင်ကျွတ်ချင်သော အားဖြင့် သမထ၊ ဝိပဿနာ ခြံရံ၍ လှူဒါန်းသည်ဟု ယခုအချိန် စိတ်ပြောင်းလိုက်ပါဟုလည်း နည်းပေး တိုက်တွန်းသည်။ ဇာတိဒုက္ခမှ ယခုတစ်ဖန် ဇရာ(အိုခြင်း) ဒုက္ခနှင့် တိုးနေပြန်ပြီ။ အဝိဇ္ဇာပစ္စယာ သင်္ခါရာ လုပ်ခဲ့မိသည့် အမှားကြောင့် ခံရသော ဒဏ်ချက်ဖြစ်ကြောင်း ဟောသည် [နှာ-၃၀၂]။ ဤအမြင်ကို ဆရာတော်ကြီးက ရေစက်ချတရားတွင် ထည့်သွင်း၍ ဒကာ၊ ဒကာမ အများအား လိုက်ဆိုစေသည်။ ဆိုပုံမှာ

"တပည့်တော် တပည့်တော်မတို့သည် 'အဝိဇ္ဇာပစ္စယာသင်္ခါရာ' ကို အလုပ်မှားခဲ့မိသည့်အတွက် သမထဝိပဿနာ ခြံရံသော အလှူကို မလှူခဲ့မိသည့်အတွက် ဝိပါကဝဋ်ဒုက္ခကြီးကို ကိုယ်တိုင်တွေ့ရ လှလှကြီး ခံနေရသည် ဖြစ်ပါ၏။ ယခုမြင်သော ဒုက္ခဝဋ်မှ ရွံခြင်း၊ မုန်းခြင်း၊ ပျင်းရိခြင်း၊ ငြီးငွေ့ခြင်း ဖြစ်ပါ၍ အဇရာဟုဆိုအပ်သော မအိုရာအမှန် မြတ်နိဗ္ဗာန်ကိုသာ ရောက်လိုခြင်း၊ ရလိုခြင်း ဆန္ဒပြင်းပြသည် ဖြစ်ပါ၍ သံဃိကဒါန ဖြစ်သော အခြံအရံနှင့်တကွ ကထိန်လျာသင်္ကန်းကို ပုဂ္ဂိုလ်ကို မရည်မှန်းဘဲ သံဃာကိုသာ ရည်မှန်း၍ လှူဒါန်းပါ၏ အရှင်ဘုရား"

ဤတွင် ဆရာတော်က ပစ္စည်းလိုရင်း မဟုတ်ဘူး။ စိတ်စေတနာ မွန်မြတ်ဖို့ လိုရင်းပဲ ဆိုသော အလွန် အရေးပါသော စကားကို မိန့်ကြားတော်မူပါသည်။ [နှာ-၃၀၃] ထို့နောက် ယခုအခါ ဒကာ ဒကာမများ အိုဘေးဖမ်းပြီး နာဘေးဆီပြေးနေရပုံကို ထင်မြင်အောင်ပြသည်။ ပြီးမှ ရေစက်ချတရားကို လိုက်ဆိုခိုင်းပြန်သည်။ အိုဘေးနာဘေး ကင်းရာ နိဗ္ဗာန်ကိုသာ ရည်မှန်း၍ လှူဒါန်းကြောင်း လိုက်ဆိုစေသည်။ ထို့နောက် နာဘေးသင့် ခန္ဓာကြီးသည် မရဏဘက်သို့ ပက်လက်

မျှောပုံကို ပြဆိုတော်မူသည်။ နေခြင်းဆိုး၍ သေခြင်းဆိုး သေရပုံကိုလည်း ပြသည်။ သေဘေးလွတ်ရာ နိဗ္ဗာန်ကို ရည်မှန်း၍ လှူဒါန်းကြောင်း ရေစက်ချတရား ဆိုစေပြန်သည်။ ထို့နောက် ကထိန်ခင်းရာမှာ လိုရင်းကိစ္စမပါဘဲ အပေါ်ယံ ဟန်ပြကိစ္စများ နေပုံကို ထောက်ပြပြီး ရေစက်ချတရားတိုတို ချသည်။ (မချလည်း အထမြောက်ပါပြီ) ဟုလည်း မိန့်ကြားသည်[ နှာ–၃၂၀ ]။

ဤအလှူသည် အရိယာမျိုးစေ့ကို အပင်ပေါက်အောင် ရေလောင်း မြေတောင်မြှောက်သော အလှူဖြစ်ပုံကို ရှင်းပြသည် [ နှာ–၃၂၄ ]။ ထိုကထိန်သင်္ကန်းကို တဏှာနှင့် ပုဂ္ဂိုလ်မညွှတ်၊ ဒိဋ္ဌိနှင့် ပုဂ္ဂိုလ်မစွဲဘဲ လှူမှ သံဃဒိန္နမဟာပွဲလဲ အကျိုးကြီးပုံကို ဥပရိပဏ္ဏာသပါဠိ၊ ဒက္ခိဏာဝိဘင်္ဂသုတ်ကို ကိုး၍ ဟောပါသည်။ ထို့နောက် ဒါနက သံသရာရှည်တာမဟုတ် မသိဘဲ လှူချမ်းသာ နတ်ချမ်းသာကို အရွေးမှား၍ သံသရာ ရှည်ရပုံကို ဟောပြန်သည် [ နှာ–၃၃၆ ]။ ပြီးမှ ရေစက်ချတရား အရှည်ကို ဒကာ ဒကာမများအား လိုက်ဆိုစေသည်။

အမျှပေး၊ သာဓု ခေါ်ကြသည်။

*

## ၉။ ပဋိစ္စသမုပ္ပာဒ်တရားတော်(၅)

[၂၄–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား ]

ဤတရားတွင် မြတ်စွာဘုရားက အစေလကဿပအား ဟောသော တရားဖြင့် ပဋိစ္စသမုပ္ပာဒ်ကို ပြမည်ဆိုသော စကားဖြင့် အစပြု၍ ဟောကြားသည်။ အစေလကဿပသည် အဝတ်မဝတ်သော ဂိုဏ်းဘုန်းကြီး တက္ကဒွန်းဖြစ်သည်။ ရာဇဂြိုဟ်ပြည်တွင်း ဆွမ်းခံကြွရင်း ဆုံတွေ့ကြသည်။

အစေလကဿပက အကြံရပြီး မေးသည်။ ရှင်ကြီးဂေါတမ ဒုက္ခကို မိမိပြုတာလားဟု မေးသည်။ မဟုတ်ဘူးဟု ဘုရားက ဖြေသည်။ ဒါဆို ဒုက္ခကို သူတစ်ပါးပြုလို့ မိမိ ခံရတာလားဟု မေးပြန်သည်။ ဒါလည်း မဟုတ်ဘူးဟု ဘုရားက ဖြေသည်။ မဟုတ်ရင် ဒုက္ခကို မိမိ သူတစ်ပါး နှစ်ဦးသား ပြုကြတာလား မဟုတ်ဘူးဟု ဘုရားက ဖြေသည်။ မဟုတ်လျှင် ဒုက္ခသည် သူ့အလိုလို ပေါ်တာလား၊ ဒါလည်း မဟုတ်ဘူး၊ ဒါဆို ရှင်ကြီးဂေါတမ ဒုက္ခဆိုတာ မရှိဘူးလား။ ဒုက္ခရှိပါတယ်။ ဘုရားက ဖြေသည်။ ဒုက္ခရှိတယ်ဆိုရင် ရှင်ကြီးဂေါတမက မသိဘူးလား

လို့ မေးပြန်သည်။ သိတယ်ဟု ဘုရားက ဖြေသည်။ ဤဝတ္ထုကြောင်းက စပြီး ပဋိစ္စသမုပ္ပာဒ်ကို ဆရာတော်က ဆက်နွှယ် ရှင်းလင်းထားသည်။ [နှာ-၃၄၄]

ဒုက္ခကို မိမိ ပြုခဲ့လို့ မိမိ ခံရသည်ဟု ယူလျှင် သဿတဒိဋ္ဌိ ဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် နားမလည်၍ ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်ကို နားလည်လျှင် အဝိဇ္ဇာ ပစ္စယာသင်္ခါရာကြောင့် ခန္ဓာဒုက္ခသစ္စာကြီး ရခြင်းဖြစ်သည်။ ငါ သူတစ်ပါး မပါ၊ အကြောင်း သမုဒယကြောင့် အကျိုးဒုက္ခသစ္စာ ရခြင်းဖြစ်သည်ဟု နားလည်ရမည်။ [နှာ-၃၄၉] ပဋိစ္စသမုပ္ပာဒ် နားလည်မှ ဒိဋ္ဌိ ပြုတ်သည်။ သစ္စာဉာဏ် ပေါ်သည်။ အဝိဇ္ဇာသင်္ခါရ(သမုဒယသစ္စာ)ကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ(ခန္ဓာငါးပါး) ဒုက္ခသစ္စာရခြင်းသာ ဖြစ်သည်။ ငါ လုပ်လို့ ငါ ခံရသည် မဟုတ်ပါ။ [နှာ-၃၅၁] သို့သော် ဗုဒ္ဓဘာသာဝင်တွေ စိတ်ထဲမှာ ကိုယ်လုပ်လို့ ကိုယ်ခံရသည်ဟု ယုံကြည်နေကြပုံ၊ ပြုသူလည်း ကိုယ်၊ ခံသူ လည်း ကိုယ်ဟု သဿတဒိဋ္ဌိ အစွဲသန်နေပုံ ရှင်းပြပြီး၊ အခေါ်မှာ ဗုဒ္ဓဘာသာ၊ အယူမှာတော့ ဒိဋ္ဌိဟု ဆုံးဖြတ်ချက် ချကြသည်။ [နှာ-၃၅၃] ဤတရားတွင် ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ဒိဋ္ဌိမပြုတ်ဘူး [နှာ-၃၅၆]ဟု အလေးအနက် ဆိုထားသည်။

ငါလုပ်ငါရ ငါပြုငါခံ သဿတဒိဋ္ဌိ ဝင်နေပုံကို ရှင်းအောင်ပြပြီး ဒိဋ္ဌိ ပြုတ်နိုင်းသည်။ [နှာ-၃၆၀] မပြုတ်ဘဲ ဝိပဿနာလုပ်လျှင် လောကုတ္တရာမဂ် မရနိုင်ဘူး။ ဝိပဿနာမဂ်ပဲ ရနိုင်ကြောင်း ဆုံးဖြတ်ထားသည်။

ထို့နောက် အစေလကဿပ၏ ဒုတိယအမေးကို ပဋိစ္စသမုပ္ပာဒ်ဖြင့် ဝေဖန် ပြသည်။ [နှာ-၃၆၄] ပဋိစ္စသမုပ္ပာဒ်အကြောင်း သမုဒယ(အဝိဇ္ဇာသင်္ခါရ)ကြောင့် အကျိုးခန္ဓာငါးပါး (ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ) ဒုက္ခသစ္စာ ရခြင်းသာ ဖြစ်ကြောင်း ရှင်းထားသည်။ ငါ၊ သူတစ်ပါး မပါပါ။ ဤအမေးမှာ ပြုသူ တခြား၊ ခံသူက တခြားလားဟု မေးခြင်းဖြစ်သည်။ ဥစ္ဆေဒဒိဋ္ဌိဖြစ်သည်။ အကြောင်းအကျိုး ပြတ်သွားသည့်သဘော။ [နှာ-၃၆၆] ဤအမေးကိုလည်း ဘုရား က မဟုတ်ဘူးဟု ဖြေပုံကို နားလည်နိုင်ပြီ။ ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုးပဲဟု သိလျှင် ဥစ္ဆေဒဒိဋ္ဌိ ပြုတ်သည်။ အကြောင်းကြောင့် အကျိုးဖြစ်ခြင်းသာ ဖြစ်သည်ဟု သိခြင်းအားဖြင့် ဒုက္ခကို ငါသူတစ်ပါး နှစ်ဦးသား ပြုတာလားဆိုသော တတိယ အမေးကို မဟုတ်ဘူးဟု ဖြေသင့်ပုံ သိသာသည်။ [နှာ-၃၇၁]

စတုတ္ထမေးခွန်း 'ဒုက္ခသည် အလိုလို ဖြစ်တာလား' သည် အဟေတုက

ဘူးဟု ဖြေသည်။ ပဋိစ္စသမုပ္ပာဒ်အားဖြင့် နားလည်သင့်သည်။ အကြောင်း သမုဒယ ကြောင့် အကျိုးဒုက္ခ ဖြစ်ခြင်းသာ ဖြစ်၏။

ဤနည်းဖြင့် ဒိဋ္ဌိအားလုံး ပြုတ်အောင် ဟောသည်။ ဒိဋ္ဌိ ပြုတ်ပြီးလျှင် ဝိပဿနာ အလုပ်လုပ်ဖို့သာ အရေးကြီးတော့သည်။ [နှာ–၃၇၄] ပဋိစ္စသမုပ္ပာဒ် နားလည်၍ ဒိဋ္ဌိပြုတ်ခြင်း ဖြစ်သည်။ ထို့နောက် ဒုက္ခမရှိဘူးလား၊ ဒုက္ခကို မသိဘူးလားဆိုသော အမေးများ၏ အရေးမပါပုံ ရှင်းပြသည် [နှာ–၃၇၇]။ ခန္ဓာရှိလျှင် ဒုက္ခရှိပုံကို အကျယ်ပြသည်။ ဒုက္ခကို သိနိုင်သည်။ သိလျှင် သစ္စာဉာဏ်ရသည် [နှာ–၃၈၂]။ သစ္စာဉာဏ်ဖြင့် ခန္ဓာဆုံးအောင် သာလိုက်၊ ခန္ဓာအဆုံး(ဒုက္ခအဆုံး) နိဗ္ဗာန်ပေါ်သည်။ ဒကာဒကာမတို့ ဒိဋ္ဌိစင်ပြီးရင် ဝိပဿနာ လုပ်ပါတော့ဟု တိုက်တွန်းထားသည်။ [နှာ–၃၈၄]

*

## ၁၀။ ပဋိစ္စသမုပ္ပာဒ်တရားတော်(၆)

[၂၅–၁၁–၆၁, အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ပဋိစ္စသမုပ္ပာဒ်ကို နားမလည်ဘဲ အားထုတ်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မြင်ချင်မြင်မည်။ သို့သော် ဒိဋ္ဌိကပ်နေမည်သာ ဖြစ်ကြောင်းဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ (အတ္တဒိဋ္ဌိ၊ သဿတဒိဋ္ဌိ ကပ်နေသည်) ဒိဋ္ဌိနှင့် တရားအားထုတ်နေလျှင် ကုသိုလ်တော့ရသည်။ နိဗ္ဗာန်မဂ်ဖိုလ်ကိုတော့ မရဟု မိန့်ဆိုသည် [နှာ–၃၈၅] ပဋိစ္စသမုပ္ပာဒ်ဆိုတာ ခန္ဓာဖြစ်စဉ် ဖြစ်သည်။ ခန္ဓာဖြစ်စဉ်ကို မသိဘဲ အားထုတ်လျှင် ဒိဋ္ဌိရှိနေသောကြောင့် လုပ်ရကျိုး မနပ်ပါ [နှာ–၃၈၆]၊ ဉာတပရိညာ သိမှုပြီးမှ တီရဏပရိညာဆိုသော အားထုတ်မှု လုပ်ရမည်ဟု ဘုရား ဟော ဒေသနာစဉ်ရှိပုံကိုလည်း ဟောသည် [နှာ–၃၈၇] ဝဋ္ဋသုက်သေ သာဝကေ အလုံအလောက်ရှိကြောင်းလည်း မိန့်တော်မူသည်။

ထို့နောက် သစ္စာမသိဘဲ အဝိဇ္ဇာ ဦးစီးသော အလှူမှာ ဆုတောင်းတဏှာပါ၍ သမုဒယသစ္စာဖြစ်ပုံ၊ ဒုက္ခသစ္စာ အကျိုးပေးပုံကို ထပ်ဟောပြန်သည်။ [နှာ–၃၉၀] အကြောင်းအနတ္တဆိုလျှင် အကျိုးအနတ္တဖြစ်ပုံကို ဆက်ရှင်းသည် [နှာ–၃၉၅]။

ဓမ္မာ အနတ္တာ ဖြစ်ပုံကိုလည်း ထောက်ပြသည်။ အခြား ပါဠိဂါထာများကိုလည်း ထောက်ပြသည်။ [နှာ-၃၉၈] ဤတွင် အရှင်ဆန္နဝတ္ထုကို ထုတ်ပြန်သည်။ အရှင်ဆန္န စိတ်ထဲမှာ သဿတဒိဋ္ဌိခံနေ၍ နိဗ္ဗာန်ကို မရဖြစ်နေပုံကို ပြသည် [နှာ-၄၀၅]။ ပြီးမှ အရှင်အာနန္ဒာက ပဋိစ္စသမုပ္ပါဒ်ကို ပြပြီး ဒိဋ္ဌိဖြုတ်မှ မဂ်ရပုံကို ဟောသည်။ ပထမမဂ်မှာ နိဗ္ဗာန်၏ အန္တရာယ်သည် ဒိဋ္ဌိဖြစ်၏ [နှာ-၄၀၉]။

ဤတရားတွင် အကြောင်းကြောင့် အကျိုးဖြစ်ပုံကို အဓိက ထား၍ ဟောသည်။ [နှာ-၄၁၈] ဤတွင် သမုဒယကို နားလည်လျှင် ဥစ္ဆေဒဒိဋ္ဌိမရှိ၊ နိရောဓကို နားလည်လျှင် သဿတဒိဋ္ဌိ မရှိကြောင်း ထူးထူးခြားခြား ဆိုသည် [နှာ-၄၂၀]။ ဖြစ်တာမြင် ဥစ္ဆေဒ စင်သည်။ ပျက်တာမြင်ရင် သဿတဒိဋ္ဌိစင်သည် ကိုလည်း ပေါ်လွင်အောင် ရှင်းထားသည် [နှာ-၄၂၂]။

ဤသို့မြင်လျှင် ဉာဏ်စင်တတ်သည်။ ယထာဘူတဉာဏ်မှ နိဗ္ဗိန္ဒဉာဏ်သို့ တက်သည်။ ထိုဉာဏ်မှ တစ်ဆင့် မဂ်ဉာဏ်သို့ ကူးသွားသည် [နှာ-၄၂၄]။ ထို့နောက် ပဋိစ္စသမုပ္ပါဒ် နားလည်အောင် အလျှင်အားထုတ်ပြီးမှ ဖြစ်ပျက်မြင်အောင် အားထုတ်ဖို့ တိုက်တွန်းသည် [နှာ-၄၂၅]။ ကင်္ခါဝိတရဏဝိသုဒ္ဓိဆိုတာ ပဋိစ္စသမုပ္ပါဒ်ကို နားလည်ခြင်းပဲဟုလည်း မိန့်ပြီး ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်ပြီးမှ မဂ္ဂါ မဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ လုပ်ရန်လည်း နှိုးဆော်သည်။ တရားလုပ်ရာမှာ ရှေ့နောက် အစဉ်လွဲလို့ မရကြောင်း ဆုံးမထားသည် [နှာ-၄၂၆]။

*

## ၁၁။ ပဋိစ္စသမုပ္ပါဒ်တရားတော်(၇)

[၂၆-၁၁-၆၁ အမရပူရမြို့ ဓမ္မာရုံတွင် ဟောသောတရား]

ပဋိစ္စသမုပ္ပါဒ်တရား အစဉ်(၇)ဟု မာတိကာတွင် ပေးထားသည်။ ဤတရားတွင် အဝိဇ္ဇာဆိုတာ သစ္စာလေးပါး မသိတာဆိုသော စကားဖြင့် စတင် ဟောကြားထားသည်။ အဝိဇ္ဇာ မချုပ်သေးသမျှ အဝိဇ္ဇာပစ္စယာသင်္ခါရာ၊ သင်္ခါရပစ္စယာဝိညာဏံ ပဋိစ္စသမုပ္ပါဒ် သံသရာစက်လည်နေသည်သာ ဖြစ်သည်။ ယခုဘဝ ခန္ဓာ ဒုက္ခသစ္စာ ရရှိနေခြင်းသည်။ ရှေးဘဝက မသိမှုကြောင့် ပြုချင်ရာ ပြုခဲ့မိလို့ ဖြစ်သည် [နှာ-၄၃၀]။ အလိုလို ဖြစ်သည်မဟုတ်ပါ။ အရေးကြီးသည်မှာ ဒုက္ခသစ္စာထဲ ရောက်နေစဉ်

မှာ နောက်ထပ် သမုဒယသစ္စာ ဖြစ်မလာရေးပင် ဖြစ်၏။ အဝိဇ္ဇာသင်္ခါရ ပြန်မပေါ်မှ ဖြစ်မည်။ သမုဒယသစ္စာ ပြန်မပေါ်သော နည်းကိုသိမှ ဖြစ်မည် [ နှာ-၄၃၁ ]။

ယခု တရားနာနေကြတာသည် ပဋိစ္စသမုပ္ပာဒ် နှစ်ကွက်ထဲက သုံးအကွက် ပေါ်မလာရန် ဖြစ်၏။ ဒုက္ခသစ္စာထဲက သမုဒယသစ္စာ ပေါ်ထွက်လာလျှင် နောက် ဒုက္ခသစ္စာ ရဦးတော့မည်။ သို့ဆိုလျှင် သံသရာ အဝိုင်းပြေး ပြေးနေရမည်။ ဆုံလည် နွားဖြစ်တော့မည် သေချာသည် [ နှာ-၄၃၅ ]။ သံသရာရှည်တယ်ဆိုတာ အဝိုင်းပြေး ဖြစ်နေခြင်း ဖြစ်သည်။ ဒီဘဝမှာ ထွက်လမ်း မတွေ့လျှင် နေခြင်းဆိုး နေစဲ့၍ သေခြင်းဆိုး ကြုံရဦးတော့မည် [ နှာ-၄၃၇ ]။ အဝိဇ္ဇာချုပ်သရွေ့ အို နာ သေသော ကြုံရဦးမည်။

ထို့နောက် အဝိဇ္ဇာချုပ်နည်းကို ဟောမည်ဖြစ်ကြောင်း ဟောသည်။ ထို့နောက် အဝိဇ္ဇာ မသိမှုကြောင့် နောက်ဘဝ လူချမ်းသာ၊ နတ်ချမ်းသာ ဆုတောင်းမှားပုံ၊ ဆုတောင်း(တဏှာ)ကြောင့် နောက်ဘဝ ဒုက္ခသစ္စာ ခန္ဓာရပုံကိုပင် ပြန်ပြသည် [ နှာ-၄၄၆ ]။ ဒုက္ခခန္ဓာ ရတုန်းရဆဲမှာ နောက်ထပ် သမုဒယသစ္စာတွေ လုပ်နေခြင်းကို ဒုက္ခထဲမှာ မိုက်ပွဲဆင်တာဟု ဆရာတော်က ဆိုသည် [ နှာ-၄၅၀ ]။ အဝိဇ္ဇာကြိုလ် မွေသည်။ ဒုက္ခသစ္စာ မသိလို့ သမုဒယသစ္စာလုပ်၊ လုပ်တော့ ဒုက္ခသစ္စာ ပြန်ရ ချာချာလည်နေသည်။ မဆုံးနိုင်တော့ [ နှာ-၄၅၂ ] ဒါကြောင့် အဝိဇ္ဇာက ဝိဇ္ဇာ ဖြစ်အောင် လုပ်ရန် အရေးကြီးကြောင်း ဟောပါသည်။ [ နှာ-၄၅၇ ]

ယခု ပစ္စုပ္ပန်မှာ နှစ်အကွက်ထဲ ရောက်နေရတာသည် ခန္ဓာနှင့် ကြွေးဆပ်နေ ရတာ၊ နှစ်အကွက်ထဲမှာ အဝိဇ္ဇာ နောက်ထပ် မဖြစ်အောင်လုပ်ဖို့ အရေးကြီးသည် [ နှာ-၄၅၇ ]။ ပြီးမှ ဒီလိုလုပ်ဆိုတာ 'စက္ခုံစ၊ အနိစ္စတော၊ ဇာနတောပဿတော အဝိဇ္ဇာ ပဟီယတိဝိဇ္ဇာဉပ္ပဇ္ဇတိ' ပါဠိအရ စက္ခုကို ဖြစ်ပျက်ရှုရမည်။ ထို့ပြင် ရူပါရုံ (အဆင်း)ကိုလည်း ဖြစ်ပျက်ရှုရမည် [ နှာ-၄၅၈ ]။ ထို့နောက် စက္ခုဝိညာဉ်ကို ဖြစ်ပျက်ရှု၊ ထိုအခါ ဖြစ်ပျက်(ဒုက္ခသစ္စာ)ကို တွေ့မည်။ ပြီးမှ စိတ္တာနုပဿနာ ကြားစိတ်၊ မြင်စိတ်၊ နံစိတ်၊ စားစိတ်၊ ယားစိတ်၊ တွေးစိတ်၊ ကြံစိတ် အားလုံးကို ဖြစ်ပျက်ရှုရမည်။ ဝေဒနာ ကြိုက်လျှင်လည်း ဝေဒနာကို ဖြစ်ပျက် ရှုနိုင်သည်။

ခန္ဓာထဲက ဒုက္ခသစ္စာကို မြင်လျှင် အဝိဇ္ဇာ မလာနိုင်တော့ပါ။ အဝိဇ္ဇာ ပြုတ်သည် [ နှာ-၄၆၀ ]။ ဝိဇ္ဇာဖြစ်ပြီ [ နှာ-၄၆၁ ]။ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိတာက ဝိဇ္ဇာ မဂ္ဂသစ္စာဖြစ်၍ အဝိဇ္ဇာ ချုပ်တော့သည်။ အဝိဇ္ဇာချုပ်လျှင် သင်္ခါရ၊ တဏှာ၊ ဉပါဒါန်၊ ကံ အားလုံး ချုပ်တော့သည်။ [ နှာ-၄၆၃ ] ထိုသို့ ချုပ်ပြီဆိုလျှင် ဇာတိ

ကင်းချုပ်ပြီ။ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ဘာချုပ်ချုပ် နိဗ္ဗာန်ဖြစ်ပြီ၊ ဝိဇ္ဇာ ပေါ်ပြီ။ သံယုတ်ပါဠိတော်မှာ 'ကတံဘန္တေ သနဓာနုတော ပဿတော အဝိဇ္ဇာပဟီ ယတိဝိဇ္ဇာဥပ္ပဇ္ဇတိ' ဟု ရဟန်းက မေးသည်။ အဝိဇ္ဇာကို ဘယ်လိုပယ်မှ ဝိဇ္ဇာ ဖြစ်သလဲ အမေးကို ဘုရားက ဝိညာဉ်ခြောက်ပါး ပေါ်ရာကို ဖြစ်ပျက်ရှုရမည်ဟု ဘုရားက ဟောကြောင်း [နှာ-၄၆] ဟု ပြထားသည်။

*

## ၁၂။ ပဋိစ္စသမုပ္ပာဒ်တရားတော်(၈)

[၂၇-၁၁-၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ပဋိစ္စသမုပ္ပာဒ်ကို နားမလည်လျှင် ဒိဋ္ဌိဖြစ်တတ်သည်။ ဝိစိကိစ္ဆာ ဖြစ်တတ်သည်ဆိုသော ပြောနေကြ စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ ရှိနေလျှင်လည်း ဘယ်လိုပင် တရားအားထုတ်စေကာမူ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရနိုင်ကြောင်းကို ထပ်မံ၍ လေးနက်အောင် ဆိုထားသည်။ ထို့ပြင် ဒိဋ္ဌိကွာပြီးမှ ဝိပဿနာတရား၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဖြစ်ပျက်ကို အားထုတ်ရမည် ဆိုသော ဟောနေကြ စကားကိုပင် ထပ်ဟောတော်မူသည်။

ပဋိစ္စသမုပ္ပာဒ် တရားကို နားလည်မှ ကိုယ်ခန္ဓာ၏ ဖြစ်ကြောင်းနှင့် ဖြစ်စဉ်ကို နားလည်မည်။ ဖြစ်စဉ်ဆိုတာက ရုပ်နာမ်နှစ်ပါး ခန္ဓာငါးပါးတို့ ဖြစ်ပြီးပျက်၊ ပျက်ပြီး နောက်တစ်ခု ဖြစ်နေခြင်း ဖြစ်သည်။ ထိုဖြစ်စဉ်ထဲမှာ နာမ်နှင့်ရုပ်သာ ပါသည်။ ယောကျ်ားမိန်းမ မပါ၊ ပုဂ္ဂိုလ်သတ္တဝါ မပါ [နှာ-၄၇၃] ဖြစ်ကြောင်းနှင့် ဖြစ်စဉ်မှာ တခြားစီဟု မှတ်ရမည် [နှာ-၄၇၄] ပဋိစ္စသမုပ္ပာဒ် နားမလည်ဘဲနှင့် တရားအားထုတ်လျှင် ဒိဋ္ဌိဝိစိကိစ္ဆာ ခံနေသောကြောင့် သောတာပတ္တိမဂ်ကိုပင် မရနိုင်ပါ။

ထိုသို့ ပြဆွန်ပြီးနောက် ကဿပသံယုတ်ပါဠိတော်ကို ကိုးကားပြီး ဟောသည်။ အရှင်မဟာကဿပနှင့် အရှင်သာရိပုတ္တရာတို့ သာဝတ္ထိပြည်မှာ ဆုံကြသောအခါ အရှင်သာရိပုတ္တရာက မေးသည်။ သတ္တဝါသေလျှင် ဖြစ်သေးသလား ဟု မေးသည်။ ထိုအခါ အရှင်မဟာကဿပက ဒီအမေးကို ဘုရားက မဖြေကောင်းဘူးဟု မိန့်ကြောင်းပြောသည်။ ဖြေလျှင် သဿတဒိဋ္ဌိဖြစ်သည်။ ပဋိစ္စသမုပ္ပာဒ် တရားထဲမှာ အကြောင်းကြောင့် အကျိုးဖြစ်တာပဲ ရှိသည်။ သတ္တဝါ မပါပါ။

ခန္ဓာ၏ ဖြစ်စဉ်မှာ ဒီဘက်က ရုပ်နာမ်ချုပ်ပြီး ဟိုဘက်မှာ ရုပ်နာမ်ပေါ်တာပဲ ရှိသည် [နှာ–၄၈၂]။ မဖြေကောင်းတဲ့ ပုစ္ဆာကို အသိဉာဏ်ရှိလို့ မဖြေဘဲနေတာ [နှာ–၄၈၄] ဖြစ်၏။ နာမရူပပရိစ္ဆေဒဉာဏ်နှင့် ပစ္စယပရိဂ္ဂဟဉာဏ် ရှိခြင်းကို ဆိုလိုသည်။ မဂ်ဉာဏ်၏ အခြေခံဉာဏ်များ ဖြစ်သည်။

ထို့နောက် အရှင်သာရိပုတ္တရာက ဆက်မေးပြန်သည်။ 'ဒါဖြင့် သတ္တဝါ သေရင် မဖြစ်တော့ဘူးလား' အရှင်မဟာကဿပ ဒီမေးခွန်းလည်း မဖြေကောင်းဘူးဟု မိန့်သည်။ သတ္တဝါ မရှိဘူးဟု သိထားသောကြောင့် မဖြေခြင်း ဖြစ်သည်။ သတ္တဝါ သေရင် ဘာမှ ဖြစ်စရာ မရှိဘူး ဆိုပါက ဥစ္ဆေဒဒိဋ္ဌိ ဖြစ်ဦးမည် [နှာ–၄၈၆]။ တစ်ဖန် အရှင်သာရိပုတ္တရာက ဒါဖြင့် သတ္တဝါ သေသောအခါ ဖြစ်ချည်တစ်လှည့် မဖြစ်ချည်တစ်လှည့်လားဟု မေးပြန်သည်။ အရှင်မဟာကဿပက မဖြေကောင်း ဆိုပြီး မဖြေဘဲနေသည်။ စုတိစိတ်ပြီးရင် ပဋိသန္ဓေစိတ် ပေါ်တာပဲ ရှိသည်။ သတ္တဝါ မရှိ၍ မဖြေကောင်းပါ။ ထို့နောက် အရှင်သာရိပုတ္တရာက သတ္တဝါသေရင် မဖြစ်သည် မဟုတ် ဖြစ်တဲ့သဘောလားဟု လှည့်မေးပြန်သည်။ အရှင်မဟာကဿပက ဒါလည်း မဖြေကောင်းပါ။ ဖြေစရာမလိုဟု ပယ်သည် [နှာ–၄၉၀]။ ဘာကြောင့် အရှင်မဟာကဿပက မဖြေတာလဲ။ အကျိုးမရှိလို့ မဖြေပါ [နှာ–၄၉၁] ဘယ်ဟာ ဒုက္ခသစ္စာလဲ၊ ဘယ်ဟာ သမုဒယသစ္စာလဲ မေးလျှင် အကျိုးရှိသည်။ ရာဂကင်းဖို့ ဖြစ်သည်။ [နှာ–၄၉၂] ဒုက္ခသစ္စာကို သိမှ အကျိုး ဖြစ်ထွန်းသည်။ ဒုက္ခကင်းဝေးကြောင်း ရှာမည်။ ထိုအခါ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်။ [နှာ–၄၉၉]

ထို့နောက် ဒိဋ္ဌိကွာပြီး အလုပ်လုပ်မှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရကြောင်း၊ အလုပ်မလုပ်ဘဲ မရကြောင်း ဟောသည် [နှာ–၅၀၀]။ အလွယ် အချောင် မရနိုင်ကြောင်း ဟောသည်။ ပဋိစ္စသမုပ္ပါဒ်ကို မဂ်နှင့်ဖြတ်မှ ဝေဒနာနှင့် တဏှာ မဆက်ဘဲ ပြတ်သည်။

ထို့နောက် ပုဂ္ဂိုလ်သတ္တဝါ ငဲ့ပြီး ဂြိုဟ်ပြေနာမ်ပြေ အန္တရာယ်ကင်း လုပ်နေကြပုံ၊ ဘုရားကိုးဆူ လုပ်နေကြပုံများကို တစ်ဖန် ပြစ်တင်သည်။ [နှာ–၅၀၅] ဝဋ္ဋဒါန၊ ဝဋ္ဋသီလ လုပ်နေကြပုံများကို ဝေဖန်ပြသည်။ ဗုဒ္ဓဘာသာအစစ် ရှားသည်။ သဿတဒိဋ္ဌိသမားတွေက များသည် [နှာ–၅၀၆]။ ပြီးမှ ပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာထဲမှာ နားလည်ရန် လိုကြောင်းကို ဟောသည်။ စက်ဝိုင်း နားလည်တာ အလကား နားလည်တာဟုလည်း ဆိုသည် [နှာ–၅၁၁]။ ပဋိစ္စသမုပ္ပါဒ်ကို ခန္ဓာမှာ ဖြတ်မှ

ရသည်။ စက်ဝိုင်းထဲမှာ ဖြတ်၍မရပါ။ နှစ်ကသုံးကို မဆက်မှ သံသရာပြတ်သည် [နှာ-၅၁၄]။ အချိန်ကုန် တရားနားသည်။

*

## ၁၃။ ပဋိစ္စသမုပ္ပါဒ်တရားတော်(၉)

[၂၈-၁၁-၆၁, အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

မြတ်စွာဘုရားသည် တောင်းပန်၍ ဟောသော တရားလည်း ရှိသည်။ မတောင်းပန်ဘဲ အကြောင်း တိုက်ဆိုင်လို့ ဟောသောတရားလည်း ရှိကြောင်း စကားဖြင့် ဤတရားကို စဟောပါသည်။ ယခုဟောမည့် တရားက တောင်းပန်၍ ဟောတာလည်း မဟုတ်၊ အကြောင်း တိုက်ဆိုင်၍ ဟောခြင်းလည်း မဟုတ်၊ မဟာကရုဏာတော် သက်သက်ဖြင့် ဟောချင်၍ ဟောသော နိဗ္ဗာန်ရောက်ကြောင်း တရားဖြစ်သည်ဟု စကားပလ္လင်ခံ၍ ဟောသည်။ နိဗ္ဗာန်နှင့် နိဗ္ဗာန်ရောက်ကြောင်း တရားဟု မှတ်ရမည်။ 'နိဗ္ဗာနဥ္စဘိက္ခဝေ ဒေသေဿမိ နိဗ္ဗာနဂါမိဥ္စမဂ္ဂံ' ငါဘုရားသည် နိဗ္ဗာန်ကိုလည်းကောင်း၊ နိဗ္ဗာန်ရောက်ကြောင်းကို လည်းကောင်း ဟောအံ့ဟု ဆိုလိုသည်။

ပြီးနောက် နိဗ္ဗာန်ကို အဓိပ္ပာယ် ဖွင့်ပြသည်။ ရာဂ၊ ဒေါသ၊ မောဟကုန်လျှင် နိဗ္ဗာန်ဖြစ်သည် [နှာ-၅၁၇] 'နိဗ္ဗာနဂါမိဥ္စမဂ္ဂေါ' ဆိုသောကြောင့် သမ္မာဒိဋ္ဌိ အမြင်ရတာသည် နိဗ္ဗာန် ရောက်ကြောင်းပဲဟုလည်း အဓိပ္ပာယ် ဖွင့်ထားသည်။ [နှာ-၅၁၈] ဒုက္ခသစ္စာကို အမှန်အတိုင်း မြင်ခြင်းသည် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သည်။ (သံယုတ် ပါဠိတော်)။

ဤသို့ ပြပြီးနောက် နေ့တိုင်း ဟောနေသော ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်မှာ နှစ်မျိုးရှိကြောင်း ဆိုသည်။ အကြောင်းအကျိုးဆက်ပုံကို ပြတာ ဖြစ်ကြောင်း ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ အကြောင်းအကျိုး ပြတ်ပုံကို ပြတာသည် ပြတ်ကြောင်း ပဋိစ္စသမုပ္ပါဒ် ဖြစ်သည်။ ဝဋ်လည်သော ပဋိစ္စသမုပ္ပါဒ်နှင့် ခန္ဓာချုပ်ကြောင်း ပဋိစ္စသမုပ္ပါဒ်ဟုလည်း မှတ်သင့်သည်။ [နှာ-၅၂၀-၁] ပဋိစ္စသမုပ္ပါဒ် ဆက်နေလျှင် ဒုက္ခရောက်ကြောင်း၊ ပဋိစ္စသမုပ္ပါဒ် ပြတ်သွားလျှင် နိဗ္ဗာန်ရောက်ကြောင်းဟုလည်း မှတ်နိုင်သည်။ [နှာ-၅၂၂] ဒါကြောင့် ပဋိစ္စသမုပ္ပါဒ်ကို မသိလျှင် ဒုက္ခရောက်ကြောင်းကိုလည်း မသိ၊ နိဗ္ဗာန်ရောက်ကြောင်းကိုလည်း မသိနိုင်ပါ။

ထို့နောက် အဝိဇ္ဇာသင်္ခါရ အတိတ်ဘဝက ပြုခဲ့သော များပြစ် သမုဒယသစ္စာကြောင့် ယခုဘဝ ခန္ဓာငါးပါး ဒုက္ခသစ္စာမှာ ကျိုးရပုံကို ပြသည်။ [နာ-၅၂၄] အတိတ်ဘဝက ဒုက္ခဖြစ်ကြောင်းချည်း လုပ်ခဲ့ကြသည်။ မိုက်ခဲ့ကြ၍ မိုက်ပြစ်သင့်နေသည်ဟု ဆိုသည် [နာ-၅၂၆]။ ဒုက္ခသစ္စာကို ရနေပါလျက် ရနေမှန်းမသိလျှင် အဝိဇ္ဇာ ပြန်ပေါ်သည် [နာ-၅၂၈] နှစ်နံပါတ်(ဒုက္ခသစ္စာ)ထဲက သုံးနံပါတ် (သမုဒယသစ္စာ) ပေါက်ပွားပြန်သည် [နာ-၅၃၀]။ ပစ္စုပ္ပန်ကာလမှာ ပေါက်ပွားခြင်းဖြစ်၏။ နဂို အနာမပျောက်သေး နောက်အနာ ထပ်ပေါ်သလိုပင် ဖြစ်သည် [နာ-၅၃၃] ပစ္စုပ္ပန် အကြောင်းခြင်းရာ ငါးပါးလုံးကို ချုပ်အောင် သိမ်းအောင် ငြိမ်းအောင် မလုပ်နိုင်လျှင် နောက်ထပ် အနာဂတ် ခန္ဓာဒုက္ခသစ္စာ ပေါ်ဦးမည် [နာ-၅၃၅]။ ဒါကြောင့် နှစ်က သုံးကို မကူးစေသင့်၊ နှစ်ထဲက သုံးကို မကူးလျှင် ရာဂ၊ ဒေါသ၊ မောဟ ချုပ်သည်။ နိဗ္ဗာန်ပေါ်ပြီ။ 'နိဗ္ဗာနဉ္စ ဘိက္ခဝေ ဒေသေဿာမိ နိဗ္ဗာနဂါမိဉ္စ ပဋိပဒံ၊ ကတမဉ္စ ဘိက္ခဝေ၊ ရာဂက္ခယော၊ ဒေါသက္ခယော၊ မောဟက္ခယော၊ ဣဒံ ဝုစ္စတိ နိဗ္ဗာနံ' ဟု ဟောတော်မူသည်။ [နာ-၅၃၈]

နိဗ္ဗာန်မရသည်မှာ ဘာကြောင့်လဲဆိုလျှင် နှစ်ကွက်က သုံးကွက်ကို ကူးနေသောကြောင့် ဖြစ်၏။ [နာ-၅၃၉] ပဋိစ္စသမုပ္ပာဒ်အရ ပြောလျှင် နှစ်က သုံးကွက်မပေါ်တာ နိဗ္ဗာန်ဖြစ်ကြောင်း ရှင်းထားသည်။ [နာ-၅၄၀] လေးနံပါတ် ဒုက္ခမလာတော့ပါ။ နိဗ္ဗာန်ရောက်ကြောင်းမှာ နှစ်က သုံးမကူးရေး ဖြစ်သည်။ နိဗ္ဗာနဂါမိနီမဂ္ဂေါ သမ္မာဒိဋ္ဌိ ဖြစ်၏။ [နာ-၅၅၀] သမ္မာဒိဋ္ဌိမဂ်ဝင်အောင် နှစ်အကွက်ထဲ ပေါ်တဲ့ ခန္ဓာတွေကို ဝိပဿနာ ရှုရမည် [နာ-၅၅၃]။ ဉာဏ်နှင့် နောက်ခန္ဓာ မလာအောင် ဖြတ်ရမည်။ [နာ-၅၅၅] ပြတ်အောင် ဖြတ်တတ်လျှင် သမုဒယငြိမ်း နိဗ္ဗာန်၊ ဒုက္ခငြိမ်း နိဗ္ဗာန်ရပြီ။ သူများပြောမဟုတ် ကိုယ်ဟာကိုယ် သိနိုင်သည် [နာ-၅၅၆] 'နိဗ္ဗာနဂါမိနီ၊ မဂ္ဂေါ' ပေါ်ပြီ။ အချိန်စေ့၍ တရားနားသည်။

*

## ၁၄။ ပဋိစ္စသမုပ္ပာဒ်တရားတော်(၁၀)

[၂၉-၁၁-၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ဘုရားရှင်ကိုယ်တော်မြတ်က ဒကာ၊ ဒကာမများ ကိုယ့်ကိုယ်ကိုယ် တွေးလုံးထုတ်ကြပါဟု မှာကြောင်းဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ ငါ အိုပြီ။ ငါ မကြာခင် သေတော့မည်ဟု တွေးတော ဆင်ခြင်ရမည် [နာ-၅၅၉]။

အိုသေ ဘယ်ကလာသလဲ စဉ်းစား ဆင်ခြင်ရမည်။ အိုသေ ဇာတိ ပဋိသန္ဓေက လာသည်။ ပဋိစ္စသမုပ္ပာဒ်မှာ ပေါ်သည်။ အိုသေ ဇရာမရဏသည် ဒုက္ခသစ္စာ ဖြစ်သည်။ ဤတွင် ဇာတိ ပဋိသန္ဓေက သမုဒယသစ္စာ၊ အိုသေက ဒုက္ခသစ္စာ ဖြစ်သည် [ နှာ–၅၆၄ ] ဇာတိ ဘယ်ကလာသလဲ။ ကမ္မဘဝက လာကြောင်း ပဋိစ္စ သမုပ္ပာဒ်ကို နောက်ဆုတ်တွေးလျှင် သိရသည်။ [ နှာ–၅၆၅ ] ကမ္မဘဝက သမုဒယ သစ္စာ၊ ဇာတိက ဒုက္ခသစ္စာ၊ ထိုသစ္စာ နှစ်ခုချုပ်လျှင် နိရောဓသစ္စာ လာသည်။ ထိုသို့ ချုပ်ကြောင်းအကျင့်က မဂ္ဂသစ္စာ ဖြစ်သည်။ [ နှာ–၅၆၆ ] မဂ္ဂသစ္စာ မပါရင် မပြီးပါဟု ဆိုထားသည်။

တစ်ဖန် ဥပါဒါနပစ္စယာ ကမ္မဘဝကို သစ္စာဖွဲ့ပြသည်။ ဤတရားတွင် ပဋိစ္စသမုပ္ပာဒ်ကို နောက်ဆုတ်တွေးပုံများကို ပြသည်။ ခန္ဓာငါးပါးကြောင့် တဏှာ ဖြစ်ပုံအထိ ဖော်ပြသည်။ နီးသောအကြောင်းကတော့ ဝေဒနာဖြစ်ပုံကိုလည်း ဆိုသည် [ နှာ–၅၇၀ ] ကိုယ့်ခန္ဓာ ကိုယ်ခင်တာ တဏှာဖြစ်ကြောင်းလည်း ဆိုသည်။ တဏှာ ဘယ်ကလာသလဲ၊ ဥပမိက လာသည် [ နှာ–၅၇၂ ]။ ဥပမိဆိုတာ ခန္ဓာပဲဟုလည်း အဓိပ္ပာယ် ဖွင့်ပြထားသည် [ နှာ–၅၇၂ ] ခန္ဓာကို ခင်လို့ အိုနာသေရတာဟု ရှင်းပြပြီး ဆရာတော်က "ခန္ဓာခင် သေချင်လို့" ဟု သုံးနှုန်း ဖော်ပြထားသည် [ နှာ–၅၇၆ ]။

ထိုစကားမှ နှစ်အကွက် ခန္ဓာငါးပါးကို သုံးအကွက် တဏှာနှင့် ခင်မင် တွယ်တာ စွဲလမ်းသောကြောင့် လေးအကွက် ဇာတိ၊ ဇရာ၊ မရဏ ရသည်ဟု ဆိုလိုသည်။ သုံးအကွက် စပ်ရကြောင်းလည်း ဟောထားသည် [ နှာ–၅၇၈ ]။ ဘုရား အဆူဆူနှင့် လွဲခဲ့ရတာ ခန္ဓာခင်ပြီး သေပွဲချည်း ဝင်ခဲ့၍ ဖြစ်သည် [ နှာ–၅၇၉ ] ဟု ဆိုသည်။ လူတွေက ခင်ခင်မင်မင် နေဖို့ကို ဆုံးမတတ်သည်။ ထိုစကားသည် ဘုရားဟောတရားနှင့်မူ ဇီလာ ဆန့်ကျင်ဖြစ်ကြောင်းလည်း ဆိုထားသည် [ နှာ–၅၈၀ ]။ ခန္ဓာကို ဝိပဿနာရှုဆိုတာ သမုဒယ သေအောင်လို့ ဖြစ်သည်။ သမုဒယ သေ၍ ခန္ဓာကို မခင်လျှင် သေပွဲမဝင်ရတော့ပါ [ နှာ–၅၈၁ ] ဝေဒနာ ဖြစ်ပျက်ရှု ဝေဒနာနှင့် တဏှာကြားမှာ မဂ်ဝင်လျှင် ဇာတိ၊ ဒုက္ခသစ္စာ မလာတော့ပါ။ သေပွဲ လွတ်ပြီ [ နှာ–၅၈၉ ] ပဋိစ္စသမုပ္ပာဒ်ပြမှ ရှင်းတယ်။ ဘုရားမရှိလည်း ပဋိစ္စသမုပ္ပာဒ် လည်နေသည် [ နှာ–၅၉၀ ] နှစ်နံပါတ် ခန္ဓာကို သုံးနံပါတ်က တဏှာက ခင်ပြီဆိုမှ လေးနံပါတ် ဇာတိ ဇရာ မရဏ လာသည်။ [ နှာ–၅၉၂ ]

ဘုရားက ဤခန္ဓာကို မခင်ကြနှင့် ဒီခန္ဓာသည် အဆိပ် ရောထားသော အရက်ခွက်နှင့် တူသည်။ မူးချင်လို့ ပုထုဇဉ် အရူးက သောက်လျှင်သေမည်။

ဒါကြောင့် ဖဿမှာပေါ်သော စိတ်ကို ဖြစ်ပျက်ရှု၊ မြင်လို့ခင်တဲ့ ဝေဒနာကို ဖြစ်ပျက်ရှု၊ ရှုလျှင် ဝေဒနာနှင့် တဏှာကြားမှာ မဂ်ဝင်ပြီး ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်သည်။ သေဘေးဇာတိ မလာနိုင်ပြီ။ ဤကား အဆိပ်ရော အရက်ကို မသောက်မိအောင် ရှောင်နည်းဖြစ်သည်။ ရှောင်ဆိုတာ ဝိပဿနာရှုဟု ဆိုခြင်းဖြစ်သည်။ [*နာ-၅၉၆*] ဖြစ်ပျက် ဝိပဿနာရှုလျှင် အသေလွတ်သည်။ နိဗ္ဗာန်ရောက်သည်။ အချိန်စေ့၍ တရားသိမ်းသည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၆) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ် (၇)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၇)

**နိဒါန်း**

ဤအမှတ်စဉ်(၇) စာအုပ်သည် ၁၉၆၁ ခုနှစ် အတွင်းက အမရပူရမြို့ မင်္ဂလာတိုက်ဟောင်း ဓမ္မာရုံတွင် နိဝင်ဘာလနှင့် ဒီဇင်ဘာလ အတွင်း ဟောကြားခဲ့သော ပဋိစ္စသမုပ္ပါဒ် အကျယ်ဟောတရားများကို ပုံနှိပ်ထားသော အမှတ်(၆) စာအုပ်၏ အဆက်ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်တရားနှင့် စပ်သော အရေးပါသည့် အချက် ဆယ်ချက်ကို ဆရာကြီးဦးသံဒိုင်က သူ၏ နိဒါန်း အမှာစကားတွင် ဖော်ပြထားသည်။ ပဋိစ္စသမုပ္ပါဒ်သည်–

၁။ သံသရာအစ၊ ဒုက္ခခန္ဓာ အစသည် အဝိဇ္ဇာနှင့် တဏှာဖြစ်ကြောင်းကို ပြသည်။

၂။ သမုတိသစ္စာ ပုဂ္ဂိုလ်သတ္တဝါတို့၏ ရုပ်နာမ်ခန္ဓာဖြစ်စဉ်ကို ပြသည်။

၃။ ပုဂ္ဂိုလ်သတ္တဝါမရှိ ကြောင်းကျိုးအားဖြင့် ဓမ္မတွေဖြစ်၍ ဓမ္မတွေ ပျက်နေပုံကို ပြသည်။

၄။ သံသရာသည် သင်္ခါရနှင့် ဝိညာဉ်ဆက်စပ်ခြင်း၊ ဝေဒနာနှင့် တဏှာ ဆက်စပ်ခြင်း။ ကမ္မဘဝနှင့် ဇာတိ ဆက်စပ်ခြင်းဖြင့် အတိတ်ပစ္စုပ္ပန် အနာဂတ် လည်ပုံကို ပြသည်။

၅။ ဇာတိ ပဋိသန္ဓေကြောင့် အိုနာသေ သေပြီး ဇာတိပဋိသန္ဓေဖြစ်ပြီး မဆုံး သံသရာ လည်နေပုံကို ပြသည်။

၆။ သမုဒယသစ္စာကြောင့် ခန္ဓာဒုက္ခသစ္စာတွေ တန်းနေပုံကို ပြသည်။

၇။ သမုဒယက မီး၊ ခန္ဓာက လောင်စာ၊ မီးနှင့်လောင်စာ တွဲပြီး လည့်နေပုံကို ပြသည်။

၈။ အိုနာသေဘေး ပြေးမလွတ်သော ဒုက္ခခန္ဓာ အစဉ်တန်းပုံကို ပြသည်။

၉။ ဝဋ်သုံးပါး မရပ်မနား လည်နေပုံကို ပြသည်။

၁၀။ အတိတ်ကြောင့် ပစ္စုပ္ပန်၊ ပစ္စုပ္ပန်ကြောင့် အနာဂတ် ဆက်စပ်သွားပုံကို ပြသည်။

မိုးကုတ်ဆရာတော်သည် ပဋိစ္စသမုပ္ပာဒ်ဒေသနာကို စက်ဝိုင်းထောက်၍ ပြသော်လည်း အဓိကမှာ ခန္ဓာဉာဏ်ရောက်ရေး ဖြစ်သည်။ နံနက်အိပ်ရာထမှစ၍ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်မှာ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်၊ တွေးကြံစိတ်တွေ ဖြစ်ပြီး တစ်နေကုန် ပဋိစ္စသမုပ္ပာဒ် ခန္ဓာလည်နေပုံကို ပြသည်။ ဆရာတော်သည် ဒိဋ္ဌိပြုတ်မှုအတွက် စိတ္တာနုပဿနာကို အရေးထားပြီး ဟောကြားတော်မူသည်။ ထို့ပြင် ဒကာ၊ ဒကာမများအား သားရေး၊ သမီးရေးကို နောက်ထားပါ။ ဒိဋ္ဌိပြုတ်ဖို့အတွက် ဝိပဿနာလုပ်ရေးကို ရှေ့ထားရန် တိုက်တွန်းသည်။

*

## ၁။ ချည်တိုင်ကြိုးနှင့် လည်ပတ်ပြတ်ဥပမာပြ ပဋိစ္စသမုပ္ပာဒ်တရား(၁၁)
[၃၀–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ဤတရားကို ပဋိစ္စသမုပ္ပာဒ် အမှတ်(၁၁)ဟု ဖော်ပြထားသဖြင့် အလုပ်စဉ် တရားစာအုပ် အမှတ်(၆)၏ အဆက်အဖြစ် နားလည်သင့်သည်။ ဤတရားကို ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရေးမှာ အရေးကြီးကြောင်း သတိပေးစကားဖြင့် စတင် ဟောကြားတော်မူသည်။ တရား နာနေတာ၊ တရား အားထုတ်ကြတာသည် ကိုယ့်ကိုယ်ကိုယ် ကယ်တင်နေခြင်းဖြစ်ကြောင်း ပြောဆိုသည်။ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ခြင်း ဆိုသည်မှာ သံသရာဝဋ်ဒုက္ခမှ ကင်းဝေးအောင် ကြိုးပမ်းရေးပင် ဖြစ်၏ [နှာ–၂]။ ထိုသို့ ကိုယ့်ကိုယ်ကိုယ် ကယ်တင်ရန်မှာ ဆရာကောင်း တွေ့မှလည်း ဖြစ်သည်။ တရားနာမှု၊ တရားအားထုတ်မှုကို နက်ဖြန်မှ သန်ဘက်မှဟု ရက်ရွှေ့နေခြင်းသည် တဏှာနိုင်းရာလုပ်ပြီး မျက်စိလည်နေ၍ ဖြစ်သည်။ တဏှာ နိုင်းသည့်အလုပ်နှင့် ဉာဏ်နိုင်းသည့်အလုပ် ဘယ်အလုပ် လုပ်သင့်သလဲ စဉ်းစား သင့်ပုံကို ဟောသည် [နှာ–၅]။

ငွေရရင် ပျော်နေတာသည် ကိလေသာရှုး ဖြစ်နေတာဟုလည်း ဆိုသည်။ တဏှာခိုင်းတာ လုပ်ပြီး ဉာဏ်ခိုင်းသော သူတော်ကောင်း အလုပ် မလုပ်ဘဲနေလျှင် မျက်စိလည်နေခြင်း ဖြစ်ပုံကို ပြသည်။ [နှာ-၆] တဏှာအလိမ်မိနေတာ ဖြစ်ပုံကို ပြသည် [နှာ-၉]။ ရောဂါ ရောက်သောအခါ မသေရအောင် ဆရာကောင်း ဆေးကောင်းရှာပြီး ငွေကုန်ခံ ကုသသည်။ အလှူပေးသောအခါ မဏ္ဍပ်ကြီးထိုးပြီး လူချမ်းသာ နတ်ချမ်းသာ ဆုတောင်းပြီး သေဘေးကို ဆုတောင်းသည်ဟု ထောက်ပြသည်။ တဏှာ အလိမ်ခံရပုံ ဖြစ်သည်။ ကျွန်းမာတော့ အသေရှာသည်။ မကျန်းမာမှ အသေလွတ်ရာ ရှာသည်ဟု ဆိုသည် [နှာ-၁၈]။

ခန္ဓာကိုယ်ကြီးသည် ဒုက္ခခန္ဓာကြီး ဖြစ်သည်။ သူ့ကို ဖြစ်ပျက်မြင်အောင် ရှုရမည်။ ထိုခန္ဓာကို မလိုချင်အောင် မုန်းအောင် ကြည့်ရမည်။ [နှာ-၂၄] ဉာဏ် မရှိခင်က ဒီခန္ဓာကို ငါ့ဟာဟု ပြောသည်။ ဆရာကောင်းနှင့် တွေ့ပြီး ဉာဏ်အမြင် ရသောအခါ ဤခန္ဓာ ဒုက္ခသစ္စာဟု သိသည်။ [နှာ-၂၅] ဒုက္ခသစ္စာသည် သိမ်းပိုက်ရမည့် အရာမဟုတ်၊ ပစ်ထားခဲ့ရမည့် အရာသာ ဖြစ်သည်။ [နှာ-၂၆] ဒုက္ခသစ္စာကြီးကို ငါ ငါ့ဉစ္စာ ထင်နေခဲ့ကြသည်။ သာသနာတွင်းမှာ လူမဖြစ်သရွေ့ ဆရာကောင်း မတွေ့သရွေ့ အမြင်မှန် မရနိုင် [နှာ-၂၇] ငါဆိုတာက ဒိဋ္ဌိ၊ ငါ့ဉစ္စာဆိုတာက တဏှာ ဖြစ်သည်။ [နှာ-၂၉] ဒီခန္ဓာကြီးကို တဏှာဒိဋ္ဌိနှင့် စွဲပြီးသေလျှင် တဏှာ ဥပါဒါန်ကံ ပဋိစ္စသမုပ္ပါဒ်အရ ဒိဋ္ဌိဦးစီးသော ကံဖြစ်၍ အပါယ် အကျိုးပေးသည်။ [နှာ-၃၀] ငါက ဒိဋ္ဌုပါဒါန်၊ ငါ့ဉစ္စာက ကာမုပါဒါန် ဖြစ်သည်။ ဥပါဒါန်နှင့် သေလျှင် ဥပါဒါနပစ္စယာ ဘဝ၊ ဘဝ ပစ္စယာဇာတိ၊ ဇရာမရဏ၊ သောကပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ ဖြစ်တော့သည် [နှာ-၃၁]။ ခန္ဓာချည်တိုင်မှာ ခေါင်းစင်းပြီး သေရခြင်းဖြစ်သည်ဟု မိန့်ပါသည်။

ဤတွင် ဆရာတော်ကြီးက ခန္ဓာကိုချည်တိုင်၊ တဏှာကကြိုး၊ အဝိဇ္ဇာဒိဋ္ဌိက လည်ပတ်(ငါစွဲ) ခွေးနှင့်တူသော ပုထုဇဉ်၏ အဖြစ်ကို ပြသည် [နှာ-၃၂]။ အနမတဂ္ဂ သံယုတ်ပါဠိတော် ကိုးကား၍ဟောသည်။ ဒိဋ္ဌိလည်ပတ် ပတ်ထားသော ပုထုဇဉ် ခွေးသည် ခန္ဓာချည်တိုင်မှာ တဏှာကြိုးဖြင့် ချည်နှောင်ထားခြင်း ခံနေရပုံကို သရုပ်ဖော်ပြသည် [နှာ-၃၃]။ ပြီးမှ ခင်ဗျားတို့ဟာ ချည်တိုင်နဲ့ လည်ပတ်နဲ့ ကြိုးနဲ့ ခွေးဖြစ်လျက် အပါယ်ကျလိုက်ဟု ရင့်ရင့်သီးသီး ဆုံးမသည် [နှာ-၃၆]။

ဝိပဿနာ မလုပ်တဲ့ပုဂ္ဂိုလ် ငါ ငါ့ဉစ္စာစွဲ မပြုတ်တဲ့ ပုဂ္ဂိုလ်မှာ ခန္ဓာပိုင် ခြေလှည့်ပြီး ခွေးလို ပြေးနေရပုံကို ပြသည် [နှာ-၃၈]။ အပါယ်နှင့် ခွေးပဲ ဖြစ်နေ

ရသည် [နှာ–၃၉]။ ဒါဘာကြောင့် ဖြစ်ရသလဲ၊ ပုထုဇဉ်မှာ ခွေးစိတ် ပေါက်နေ၍ ဖြစ်သည်ဆို၏။ ဒါကြောင့် တိုင်မြေသက္ကာယနယ်က လွတ်ချင်လျှင် တဏှာကြိုးနှင့် ဒိဋ္ဌိလည်ပတ်ကို ပြတ်အောင် လုပ်ရမည်။

လည်ပတ်နှင့် ကြိုးပြတ်အောင် လုပ်မည်ဆိုလျှင် စိတ်ကိုဖြစ်စေ၊ ဝေဒနာကို ဖြစ်စေ ဖြစ်ပျက်ဝိပဿနာ ရှုရမည်။ [နှာ–၄၁] ဒါကြောင့် ကြိုးနှင့် လည်ပတ် ပြတ်မှ ခွေးဘဝဇာတ်သိမ်းနိုင်ပုံကို ပြထားသည်။ တဏှာကြိုးပြတ်၊ ဒိဋ္ဌိလည်ပတ် ပြတ်လျှင် ပုထုဇဉ်ဘဝက လွတ်ပြီ။ အရိယာဘဝကို ရောက်ပြီ [နှာ–၄၂]။ ဒါကြောင့် သတိပဋ္ဌာန်လေးပါး တစ်ပါးပါးကို ရှုရမည်ဟု ဆုံးမထားသည်။

*

## ၂။ တရားအားထုတ်မှ နိဗ္ဗာန်ရ ပဋိစ္စသမုပ္ပါဒ်တရား(၁၂)
[၂–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံ၌ ဟောသောတရား]

မိမိတို့ ခန္ဓာမှာ ပေါ်နေသော စိတ်များကို သစ္စာဖွဲ့ရမည်ဟု ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ ရထားသော ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတော့ နှစ်အကွက်ထဲမှာ ဖြစ်နေသည်။ စပေါ်သော စိတ်အားလုံး နှစ်အကွက်ထဲမှာ ပေါ်သည်။ တစ်အကွက် သမုဒယသစ္စာ လုပ်လိုက်လို့ နှစ်အကွက်ထဲ ဒုက္ခသစ္စာ ပေါ်နေခြင်းဖြစ်သည်။ [နှာ–၄၅] မိမိတို့ သန္တာန်ပေါ်သမျှ စိတ်တို့သည် ဖြစ်ပြီးပျက်ကုန်ကြသည်ချည်း ဖြစ်၏။ ဒါကြောင့် စပေါ်သော စိတ်ပျက်သွားပုံကို ကြည့်လျှင် ဒုက္ခသစ္စာကို သိနိုင်သည်။ အနိစ္စ ဟူသရွေ့ ဒုက္ခသစ္စာချည်း ဖြစ်သည်ဟု မှတ်ရမည်။ ခန္ဓာကိုယ်ကို ဉာဏ်လှည့်လိုက်လျှင် ဒုက္ခသစ္စာကို တွေ့မည်။ 'ဝိပရိဏာမလက္ခဏံ ဒုက္ခသစ္စံ' ဟု ဟောတော်မူသည်။

အဆင်းတစ်ခု မြင်လျှင်မြင်စိတ် စက္ခုဝိညာဉ် ပေါ်သည်။ ပေါ်ပြီး ပျက်သည်။ (အဆင်းပျက်သည်ဟု မယူရ မြင်စိတ်ပျက်မှုကိုသာ ဉာဏ်မှာ မြင်အောင် ရှုရမည်။) [နှာ–၅၁] သမုဒယသစ္စာကြောင့် ဖြစ်သော တရားမှန်သမျှ ဒုက္ခသစ္စာချည်းပင်၊ မိမိတို့ ခန္ဓာမှာ ဒုက္ခသစ္စာပဲ ရှိသည်။ [နှာ–၅၂] အနိစ္စ(ဒုက္ခသစ္စာ)တွေ တွေ့ဖန်များလျှင် ဒါတွေသည် ငြီးငွေ့စရာတွေပါလား ဆိုသော နိဗ္ဗိန္ဒာဉာဏ် ပေါ်လာမည် [နှာ–၅၃]။ ငြီးငွေ့လျှင် မဂ်ပေါ်လာမည်ဖြစ်၏ [နှာ–၅၄]။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော် 'ဒုက္ခမေဝ၊ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပဇ္ဇတိဒုက္ခံနိရုဇ္ဈမာနံ၊ နိရုဇ္ဈတိ' မိမိတို့ သန္တာန်မှာ ဒုက္ခဖြစ်ပြီး ဒုက္ခချုပ်တာပဲ ရှိကြောင်း ရှင်းပြသည် [နှာ–၅၉]။

ဒါကြောင့် စိတ်ကြိုက် စိတ်တစ်လုံးတည်း ပေးရှု၊ ဝေဒနာကြိုက်လျှင် ဝေဒနာ တစ်လုံးတည်း ပေးရှုဟု မိန့်ဆိုသည်။ ဘာရှုရှု ဖြစ်ပျက်ပဲ တွေ့မည်ဖြစ်၏။ ဖြစ်ပျက် တာက ဒုက္ခသစ္စာ၊ ရှုလို့ သိတာက မဂ္ဂသစ္စာ [နှာ–၆၁]။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ဆုတောင်း၍ မရကြောင်းကို ထပ်ပြောပြန်သည်။ ဆရာတော်ကြီး၏ လက်သုံးစကား ဖြစ်၏။ မဂ်ဉာဏ်ကို ဓမ္မက ပေးမှရသည်ဟုလည်း မိန့်ဆိုသည် [နှာ–၆၂]။ မဂ်ဉာဏ် ရချင်လျှင် တရားအားထုတ်မှ ရသည်ဟု မှတ်ရမည် [နှာ–၆၄]။ ဘုရားဆီ သွား တောင်း၍ မရနိုင်ပါ။

ထို့နောက် ဝိပဿနာရှုလျှင် ပဋိစ္စသမုပ္ပာဒ် နှစ်အကွက် ပစ္စုပ္ပန်ခန္ဓာကို ရှုရမည်ဖြစ်ကြောင်း ရှင်းပြသည် [နှာ–၆၆]။ ဆရာကောင်း နည်းကောင်းရလျှင် နှစ်အကွက်ထဲက တရားတွေက သမ္မာဒိဋ္ဌိကို ပေးသည် [နှာ–၆၇]။ သမ္မာဒိဋ္ဌိရလျှင် သမ္မာသင်္ကပ္ပ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ မဂ္ဂင်ငါးပါး ရသည်။ အနိစ္စ တစ်ချက် မြင်ရုံဖြင့် ရသည်။ [နှာ–၆၉] နှစ်အကွက်ထဲမှာ ရှု၊ နှစ်အကွက် ထဲပဲ မဂ္ဂင်ငါးပါး ပေါ်သည်။ မဂ္ဂင်သည် ယခုဘဝ လက်ငင်းရသည် [နှာ–၇၀]။ လက်ငင်းရနိုင်သော ဤတရားကို ဝဋ်ဘဝတိုတိုနှင့် မဂ်ဖိုလ်ရပါလို၏ ဆုတောင်း တာသည် လက်ငင်း ရနိုင်တာကို အကြွေးတောင်းသလို ဖြစ်နေသည်ဟု ရှင်းပြ ထားသည်။ ခုတရားအားထုတ် အခု ရပါလို၏ ဆိုရင် ကောင်းတယ်ဟုလည်း မိန့်ပါ၏ [နှာ–၈၀]။ ထို့နောက်မှ စိတ္တာနုပဿနာ အလုပ်ပေးတရားကို ဟောသည်။ ဉာဏ်သုံးဉာဏ်ဖြင့် တက်ရန် တိုက်တွန်းထားသည် [နှာ–၈၅]။ နှစ်အကွက်ထဲ အားထုတ် နှစ်အကွက်ထဲ သောတာပန် တည်သည်ဟုလည်း မိန့်မှာတော်မူသည်။

*

## ၃။ ကိုယ်သာနာ၍ စိတ်မနာစေနှင့် ဥပမာ ပဋိစ္စသမုပ္ပာဒ်တရား(၁၃)
[၄– ၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

နေ့တိုင်း တရားနာနေကြတာ ဘာအကျိုးအတွက်လဲ မေးလျှင် ကိုယ့်ခန္ဓာ ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်ဖို့အတွက် ဖြစ်သည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ သမုဒယက စ၍ ဒုက္ခပေါက်ပွားလာသည်။ သမုဒယနှင့် ဒုက္ခ၊ ဒုက္ခနှင့် သမုဒယ လှည့်နေသည်။ သမုဒယက မီး၊ ဒုက္ခက ထင်း၊ မီးနှင့်ထင်း၊ ထင်းနှင့်မီး လှည့်နေသည်။ ထို့ကြောင့် ထင်းသိမ်းမှသာ မီးငြိမ်းမည် ဖြစ်သည်

[နှာ–၈၈]။ သုံးဆယ့်တစ်ဘုံထဲ မီးဟုန်းဟုန်း တောက်နေသည်။ ထိုအထဲက ထင်းရှာထွက်သလို နေကြတာ အရုပ်ဆိုးလှသည်ဟု မိန့်သည် [နှာ–၉၁]။

နိဗ္ဗာန်ဆိုတာက လောင်စာသိမ်း၍ မီးငြိမ်းခြင်း ဖြစ်သည်။ ပဋိစ္စသမုပ္ပါဒ်အလို နှစ်နှင့်သုံးသိမ်းလျှင် နိဗ္ဗာန်ဖြစ်၏။ ဝိပဿနာလုပ်မှ လောင်စာသိမ်း၍ မီးငြိမ်းသည်။ မလုပ်သူမှာ မငြိမ်းပါ [နှာ–၉၂]။ တရားနာတာ ကုသိုလ်ရဖို့မဟုတ်၊ ကုသိုလ် ရချင်ရင် ရေအိုးစင်တည်လည်း ရသည်။ ပဋိစ္စသမုပ္ပါဒ်တော့ မပြတ်ဘူး။ သံသရာကို ကုသိုလ်က ဖြတ်၍မပြတ်၊ ဉာဏ်နှင့်ဖြတ်မှ ပြတ်သည်။ နှစ်အကွက်နှင့်သုံးအကွက် ကြားကို ဉာဏ်ဝင်မှ ပြတ်သည်။ ဝိပဿနာ မရှုဘဲ ရိုးရာအတိုင်းနေလျှင် နှစ်ထဲက သုံးပေါက်ပွားမည်သာ ဖြစ်သည် [နှာ–၉၆]။ ပြီးနောက် အင်္ဂဝဏ္ဏပုဏ္ဏားအား လောင်စာသိမ်း၍ မီးငြိမ်းတာ နိဗ္ဗာန်ဟု ဟောပုံကို ပြန်ပြောသည်။ [နှာ–၉၉] အဂ္ဂိဝစ္ဆဂေါတ္တသုတ်(သံယုတ်)မှာ ဘုရားဟောကြောင်းလည်း အထောက်အထား ပြပါသည်။ [နှာ–၁၀၂] ကုသိုလ်ရချင်လို့ တရားနာတာ မဖြစ်စေနှင့် ဒုက္ခသိမ်းသော နည်းကို ရချင်၍ တရားနာတာ ဖြစ်ပါစေဟုလည်း ဆုံးမသည် [နှာ–၁၀၄]။ သို့မှသာ သစ္စာဉာဏ်နှင့် ပြောခြင်း၊ သစ္စာဉာဏ်နှင့် နာခြင်းဖြစ်ကြောင်း ဟောသည်။ ဒါမှ ဝဋ်ကျွတ်သော အလုပ်ဖြစ်မည် [နှာ–၁၀၅]။ သာသနာတွင်း အလုပ်ဖြစ်သည် [နှာ–၁၁၀]။

ထို့နောက် နကုလမာတာ နကုလပိတာ အကြောင်းကို ဟောသည် [နှာ–၁၁၇]။ ဗုဒ္ဓမြတ်စွာဘုရားသည် ထိုအဘိုးကြီး အဘွားကြီး ဗိုက်ထဲမှာ အကြိမ်ငါးရာ ပဋိသန္ဓေ နေခဲ့ဖူးသည်။ သစ္စာမသိခင်က ပဋိသန္ဓေနေလျက် သေလိုက် (လောင်စာနှင့် မီး တွဲလျက်ချည်း) ဖြစ်ခဲ့သည်။ ထိုအချိန်က ခင်မှု သံယောဇဉ်တွေကြောင့် အဘိုးကြီး အဘွားကြီးက ဗုဒ္ဓကိုမြင်တော့ သားလိုမြင်၊ သားလို ခင်နေသည် [နှာ–၁၂၀]။ နကုလပိတာ အဘိုးကြီးက မြတ်စွာဘုရားအား မိမိတို့အသက်အရွယ်ကြီးပြီ။ တိုတိုနှင့် လိုရင်းရောက်သော တရားတစ်ပုဒ် ဟောပါဟု လျှောက်ထားသည် [နှာ–၁၂၂]။

ဘုရားက 'ယောတိကောဓိ၊ ဂဟပတိဏ္ဍမ်ကာယ်' အစရှိသော ဂါထာဖြင့် ဟောသည်။ အရိယာမျက်လုံးနှင့် ကြည့်လျှင် ဘယ်ခန္ဓာမှ မကျန်းမာဘူးဆိုပြီး အဘိုးအို အဘွားအိုက တိုတိုနှင့်လိုရင်း မိတဲ့တရား ဟောပါဆိုသဖြင့် ဘုရားက 'ကိုယ်သာ နာ၍ စိတ်မနာပါစေနှင့်' ဆိုသော တရားကို ဟောသည်။ အစိပ္ပာယ်ကို

အဘိုးကြီး၊ အဘွားကြီးက မသိ၊ မသိ၍ အရှင်သာရိပုတ္တရာကို မေးသည်။ ဤတွင် အချိန်စေ့၍ တရားနားလိုက်သည်၊

*

## ၄။ ကိုယ်သာ နာ၍ စိတ်မနာစေနှင့် အဆက်၊ ပဋိစ္စသမုပ္ပါဒ်တရား(၁၄)

[၅–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ပဋိစ္စသမုပ္ပါဒ်သည် သံသရာ၊ သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ဖြတ်ရာမှာလည်း သူ မပါမပြီးဆိုသော စကားဖြင့် ဤတရားကို စတင်သည်။ သူ့ကို နားလည်မှ သံသရာကို ဘယ်နေရာက ဖြတ်ရမည်ကို သိသည်။ ဝိပဿနာရှုတာ ဘာအကျိုး အတွက် ရှုတာလဲဆိုလျှင် နိဗ္ဗာန်ရောက်ဖို့သာ ပြောတတ်ကြသည်။ ခန္ဓာအစဉ် ဖြတ်ဖို့ ဆိုတာကိုမူ သိကြမည် မဟုတ်ပါ။ [နာ–၁၃၂]

ထို့နောက်မှ နကုလမာတာနကုလပိတာဝတ္ထုကြောင်း ပြန်ကောက်သည်။ သဂ္ဂတိုင်း သံသုမာရဂိရိတောင်မှာ ဘုရားသီတင်းသုံးစဉ် အခါက ဘဝပေါင်း ငါးရာ မိဘတော်ဖူးသော ပုဏ္ဏားကြီးလင်မယား အဘိုးအိုမောင်နှံနှင့် တွေ့ဆုံခြင်း ဖြစ်သည်။ ဤတွင် ဘဝငါးရာ ပဋိသန္ဓေ နေခဲ့ရခြင်းကို ဘုရားလောင်းပင် သေကြောင်း အားထုတ်ခဲ့၍ သေပွဲဝင်ခဲ့ရပုံ မြင်အောင် ရှင်းလင်း ဟောကြားသည်။ [နာ–၁၃၃] ဘာကြောင့် ဒီလို ပဋိသန္ဓေ နေလိုက်သေလိုက် ဖြစ်ခဲ့ရသလဲဆိုလျှင် ခန္ဓာအစဉ်ကို မဖြတ်တတ်သေးလို့ဟု ပဋိစ္စသမုပ္ပါဒ်ကို ညွှန်ပြသည် [နာ–၁၃၄]။

ခန္ဓာဒုက္ခသစ္စာကို သိသော ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် မရသေး၍ ဖြစ်သည်။ [နာ–၁၃၅] သစ္စာဉာဏ် မရသေး၍ သေကြောင်းလုပ်သည်။ သေကြောင်းလုပ်၍ သေထိပေါ်နေရခြင်း ဖြစ်သည် [နာ–၁၃၇]။ ဒုက္ခခန္ဓာ စက်လည်နေခြင်း ဖြစ်၏။ ထိုခန္ဓာစက်ကြီးကို နှစ်အကွက်ထဲ မဂ်ပေါ်အောင် ရှုပြီးဖြတ်လျှင် ပြတ်သည်။ [နာ–၁၄၄]။ ခန္ဓာဝန်ထမ်းသမားသည် ဘယ်အခါမှ ကျန်းမာသည် မရှိပါ [နာ–၁၄၅]။ ဘယ်အချိန်မှ အန္တရာယ် မကင်းပါဟု ဘုရားက မိန့်သောအခါ အဘိုးကြီးလင်မယားက မိမိတို့မှာ အိုပြီ၊ တရားအားထုတ်ဖို့ အချိန်မရှိတော့ပါ။ တိုရှင်းလိုရင်း တရားတစ်ပုဒ် ပေးပါဟု လျှောက်ထားသည်။ ဘုရားက ထိုအခါ 'အာရေဂ ကာယဿမေဿတော စိတ္တံ အနာတုရံ ဘဝိဿတိ ဧဝံဟိတေဂဟပတိ သိက္ခိတဗ္ဗံ' ဂါထာဖြင့် 'ကိုယ်သာ နာ၍ စိတ်မနာစေနှင့်' ဆိုသော တရားကို

ဟောတော်မူလိုက်သည်။ [နှာ–၁၄၇] ကျင့်ရမည့် တရားဖြစ်သည်။ နကုလပိတာ တို့က ထိုအကျင့်ကို ဘယ်လို ကျင့်ရမှန်း မသိ၍ အရှင်သာရိပုတ္တရာ အရှင်မြတ်ထံမှာ မေးရသည်။ [နှာ–၁၄၈]

ဤတွင် ခန္ဓာအသိနှင့် ဉာဏ်အသိ ကိုက်အောင်လုပ်ဖို့ အရေးကြီးပုံကို ဟောသည်။ [နှာ–၁၅၁] ထို့နောက် ကိုယ်သာနာ၍ စိတ်မနာစေနှင့် အကျင့်၏ သဘောကို အရှင်သာရိပုတ္တရာက ရှင်းပြသည် [နှာ–၁၅၂] ကိုယ်ဆိုတာ ဝိပဿနာ ရှုစရာ နှစ်နံပါတ် ခန္ဓာငါးပါးဖြစ်ပုံ။ စိတ်ဆိုတာက ဝိပဿနာ မဂ်စိတ်ကို ဆိုလိုကြောင်း ပုထုဇဉ်တွေမှာ ကိုယ်လည်းနာ၍ စိတ်နာနေကြကြောင်း။ ဘုရားက ကိုယ်သာနာ၍ စိတ်မနာအောင် ကျင့်ရန် ဟောထားကြောင်း။ ခန္ဓာမှာ ဝေဒနက္ခန္ဓာ က ဒုက္ခဝေဒနာ ဖော်ပြလျှင် စိတ်မှာ ဒေါမနဿ(မခံချင်စိတ်) ဖြစ်သည်။ ထိုအခါ ကိုယ်နာ၍ စိတ်နာခြင်း ဖြစ်သည် [နှာ–၁၅၄]။ ခန္ဓာ နှစ်အကွက်မှာ အနာပေါ်သော အခါ သုံးအကွက် အလောဘဒေါသ အနာတွေ မပေါ်အောင် တဏှာ၊ ဉပါဒါန် ကံတွေ မဖြစ်အောင် ဖြတ်တတ်ရမည်။ ထိုသို့ ဖြတ်တတ်မှသာ ကိုယ်နာ၍ စိတ်မနာ ခြင်း ဖြစ်သည်။

ခန္ဓာထဲက တစ်ခုခု ဖောက်ပြန်ပြပြီဆိုမှ ခန္ဓာကို ငါ စွဲထားသော ဒိဋ္ဌိကြောင့် ငါ ဘာများဖြစ်သွားသလဲ ဆိုပြီး စိုးရိမ်စိတ်၊ ပူပန်စိတ်၊ မခံချင်စိတ်၊ ဒေါသစိတ်တွေ ဖြစ်လာသည်။ ကိုယ်နာ၍ စိတ်နာခြင်း ဖြစ်သည် [နှာ–၁၅၆]။ ကိုယ်ကို ငါဟု စွဲယူထားသော ဒိဋ္ဌိကြောင့် ဖြစ်သည်။ ခန္ဓာကို ငါ၊ ငါ့ဉစ္စာ(အတ္တနှင့် အတ္တနိယ) လုပ်ထားလျှင် ကိုယ်နာသည်နှင့် စိတ်နာတတ်သည်။ ခန္ဓာကိုယ်ကို ဒိဋ္ဌိ၊ တဏှာနှင့် ခင်တွယ်နေသောကြောင့် ဖြစ်သည်။ ဝိပဿနာ မလုပ်သရွေ့ ကိုယ်နာစိတ်နာချည်း မှတ်ပါဟု မိန့်သည် [နှာ–၁၆၈]။ ကိုယ်က ဖြစ်ပျက်နေတာကို စိတ်က သိသိနေလျှင် (ဒုက္ခသစ္စာဟု သိနေလျှင်) ကိုယ်နာသော်လည်း စိတ်မနာတော့ပါ။ [နှာ–၁၆၉] မဂ်စိတ်သည် နာတတ်သော စိတ်မဟုတ်ပါ [နှာ–၁၇၀]။ ကိုယ်နာတာက ဒုက္ခသစ္စာ၊ စိတ်မနာတာက မဂ္ဂသစ္စာ ဖြစ်သည်။ [နှာ–၁၇၁] ကိုယ်နာ၍ စိတ်နာတာ သံသရာ ခရီးသည်အလုပ်၊ ကိုယ်နာ၍ စိတ်မနာတာမှ သံသရာခရီးဆုံး အလုပ်ဟုလည်း ရှင်းပြထားသည် [နှာ–၁၇၂]။ တရားမဆုံးသေးဘူး နာရီက စေ့ပြီဆို၍ ရပ်လိုက် သည်။

*

## ၅။ ကိုယ်သာနာ၍ စိတ်မနာစေနှင့် အဆက် ပဋိစ္စသမုပ္ပါဒ်တရား(၁၅)
[၆–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

နကုလမာတာ၊ နကုလပိတာ၊ အဘိုးအဘွားထံမှာ ဘဝငါးရာ(ဘိုးဘွားအဖြစ် ဘဝတစ်ထောင်) ပဋိသန္ဓေ နေခဲ့ရတာ သစ္စာမသိခင်က ဖြစ်ကြောင်း စ၍ ဤတရားကို ဟောသည်။ သစ္စာ မသိတာ အနေဆိုး ပဋိသန္ဓေနှင့် အသေဆိုး စုတိကို ပိုင်ရတယ်ဟုလည်း ထောက်ပြထားသည်။ [နှာ–၁၇၆] သစ္စာသိဖို့ အရေးကြီးပုံကိုလည်း ဘုရားလောင်း ပဋိသန္ဓေ နေခဲ့ရသော အဖြစ်ကိုပြပြီး ဟောသည်။ [နှာ–၁၇၇] သစ္စာမသိဘဲ စုလုပ်တာဟူသမျှ အလွဲချည်းပဲဟုလည်း ဆုံးမသည်။ [နှာ–၁၇၈]

ဝိပဿနာလုပ်ပြီး ဉာဏ်နှင့် ကြည့်လိုက်သောအခါ ဖြစ်ပျက်ဆုံး နိဗ္ဗာန် ပေါ်သည်။ ဒါကြောင့် နိဗ္ဗာန်ကို ဖြစ်ပျက်ဖုံးနေသည်ဟု ဆိုသည် [နှာ–၁၈၅]။ ခန္ဓာနိရောဓော နိဗ္ဗာန်။ အစမှာ ဒုက္ခသစ္စာကို မသိခင် ဉာဏ်အပေါ် အဝိဇ္ဇာကွယ်နေသည်။ ဖြစ်ပျက် ဒုက္ခသစ္စာတွေ့မှ ဉာဏ်မှာ နိဗ္ဗာန်ပေါ်သည် [နှာ–၁၈၈]။ ဖြစ်ပျက်တစ်ချက်တွေ့လျှင် အဝိဇ္ဇာကို တစ်ချက်လှန်သည်။ ဖြစ်ပျက်ဆက်ရှု၊ မုန်းလာလျှင် ဒုက္ခသစ္စာအစစ်ပဲ ဆုံးဖြတ်ချက် ချနိုင်ပြီ။ ပြီးမှ ဖြစ်ပျက်အဆုံးကို ဉာဏ်လှည့်သွားပြီး နိဗ္ဗာန်ပေါ်သည် [နှာ–၁၈၉]။

ထို့နောက် ကိုယ်သာနာ၍ စိတ်မနာပါစေနှင့် ဆိုသော တရားကို ဆက်ဟောသည် [နှာ–၁၉၈]။ ကိုယ်ဆိုတာက ခန္ဓာငါးပါး၊ လိုချင် စွဲလမ်းတာက စိတ်မှာ အံနာပေါ်တာဖြစ်ကြောင်း ရှင်းပြသည်။ ကိုယ်ကို ငါဟာ ငါ့ဥစ္စာဟု ဒိဋ္ဌိတဏှာနှင့် မမှတ်ယူသင့်၊ မှတ်ယူပါက ဒုက္ခသစ္စာ နှစ်အကွက်မှ သမုဒယသစ္စာ သုံးအကွက်သို့ ကူးတော့မည်။ ဒိဋ္ဌိနှင့် စွဲလမ်းနေတုန်းမှာ ခန္ဓာကြီးက ဖြစ်ပြီး ပျက်စီးသွားသည်။

ထိုအခါ ဖြစ်ရလေခြင်း ဆိုပြီး စိတ်နာတော့သည် [နှာ–၁၉၉]။ စိတ်ဘာကြောင့် နာသလဲဆိုလျှင် ငါကိုယ် ငါ့ဟာလုပ်၍ ဖြစ်သည်။ ခန္ဓာကို ငါ ငါ့ဟာဟု သိမ်းပိုက်ပါက ခန္ဓာ ပျက်စီးသောအခါ စိတ်ထိခိုက်သည်။ စိတ်နာသည် [နှာ–၂၀၆]။ မိမိကလည်း ခန္ဓာကို ဒိဋ္ဌိဖြင့်သိမ်းဆည်းထားလျှင် သူတစ်ပါး ခန္ဓာ ပျက်စီးသောအခါ ငါ စိတ်မကောင်းဘူးဟု လောကွတ် စိတ်နာတတ်သည်။ ကိုယ်သာနာ၍ စိတ်မနာနှင့် ဆိုတာ ဒိဋ္ဌိတဏှာ သတ်သောတရား ဖြစ်သည် [နှာ–၂၀၈] ဒိဋ္ဌိတဏှာရှိလျှင် ငိုပွဲဆင်ရသည်။ [နှာ–၂၁၀] ရစရာရှိ၍ ရလာလျှင် တဏှာဖြစ်ပြီး ပြုံးသည်။ ရတာ ဆုံးရှုံးလျှင် ဒိဋ္ဌိနှင့် ငိုပွဲဆင်သည် [နှာ–၂၁၁]။ လူ့ဘဝမှာ

ပြုံးပွဲဒိုပွဲ နေ့စဉ် ဖြစ်နေပုံများကို သရုပ်ပေါ်အောင် ရှင်းပြသည်။ ပြီးမှ တဏှာလမ်း ဒိဋ္ဌိဥပါဒါန်လမ်းကို မလိုက်ပါနှင့် အလယ် မဂ္ဂင်လမ်းကို လိုက်ပါဟု ဆုံးမသည် [နာ–၂၁၄]။ ပြုံးလမ်း မဲ့လမ်းကို ရှောင်ပြီး အလယ်လမ်းကို လိုက်ပါဟု တိုက်တွန်း ထားသည်။

ဤတွင် တရားပြီးသည်။

*

## ၆။ ကိုယ်သာနာ၍ စိတ်မနာစေနှင့်အဆက် ပဋိစ္စသမုပ္ပါဒ်တရား(၁၆)

[၇–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ခန္ဓာကိုယ်ကြီးကို ကျွေးနေရတာ ဒုက္ခသစ္စာပဲဆိုသော စကားဖြင့် ဤတရား ကို စတင် ဟောကြားတော်မူသည်။ နေ့စဉ် ခန္ဓာကိုယ်ကြီးကို ကျွေးမွေး သုတ်သင် ပြုပြင်နေရခြင်း ဒုက္ခကြီးပုံများကို သရုပ်ဖော်၍ ဟောကြားပြန်ပါသည်။ [နာ– ၂၂၀] ခန္ဓာ ခိုင်းသမျှကို ကျွန်ခံနေရသည်။ [နာ–၂၂၁] သို့သော် ပုထုဇဉ်သည် ခန္ဓာ၏ ကျွန်ခံနေရသည်ကို ဖော်ပြောမှ သိသည်ဟု မိန့်သည်။ ဒုက္ခကို ဒုက္ခဟု မထင်၊ ဒါလူ့ထုံးစံပဲဟုသာ သိမြင်နေကြသည်။ [နာ–၂၂၂] ဒုက္ခရောက်လို့ ဒုက္ခရောက်မှန်း မသိသဖြင့် ဒါလူ့ထုံးစံပဲဟု ပြောနေကြခြင်း ဖြစ်သည်။ မီးလောင် တာတောင် ရေတစ်မျိုးတည်းနှင့် မီးငြိမ်းအောင် သတ်နိုင်သည်။ ခန္ဓာကို ရေတစ်မျိုး တည်းနှင့် အေးငြိမ်းအောင် ပြု၍မရဟု ဆိုသည်။ ပုထုဇဉ်အဖြစ်မှာ ခန္ဓာက အမျိုးမျိုး နှိပ်စက်နေတာကို နှိပ်စက်မှန်းမသိ၊ နှိပ်စက်နေသည်ဟု မထင်တတ်ပုံ ရှင်းထား သည်။ [နာ–၂၂၇] မသိတာက အဝိဇ္ဇာ၊ မသိတော့ သင်္ခါရတွေ ပြုလုပ်သည်။ တဏှာ၊ ဥပါဒါန်ကတွေ ဆက်တိုက်ပေါ်သည်။ ဒုက္ခဖြစ်ကြောင်း သမုဒယတွေ ဖြစ်ရပြန်သည်။ ခရီးသွားလျှင် ပစ္စည်းမျိုးစုံ ယူရသည်။ အိမ်မှာ ပစ္စည်းမျိုးစုံ ဆောင်ထားရသည်။ လူမမာဖို့ ကုသပေးဖို့အတွက်ဖြစ်ကြောင်း ပေါ်ပေါ်လွင်လွင် ရှင်းပြထားသည် [နာ–၂၃၂]။

ထို့နောက် သစ္စာမသိရင် သံသရာရှည်တယ်ဆိုသော စကားဖြင့် တရား ပြသည်။ [နာ–၂၃၃] ထို့နောက် ခန္ဓာကို ဒုက္ခသစ္စာမှန်း မသိ၍ တဏှာမာန တက်ပုံများကို ရှင်းပြန်သည် [နာ–၂၃၆]။ လူ့အောက်ကျမှာထက် အပါယ်ကျမှာက ပိုပြီး ကြောက်စရာကောင်းကြောင်း ဆုံးမသည်။ ပြီးနောက် အနာမသိတဲ့လူ အနာ

ရှာသလို ဒုက္ခသစ္စာကို မသိသူသည် သမုဒယသစ္စာဖြစ်ကြောင်း ရှာကြမှာပဲဟု ဆိုပါသည် [နှာ-၂၃၉]။ သံသရာ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီး လည်နေသည်။ သမုဒယနှင့် ဒုက္ခချည်း ရနေသည်။ နိဗ္ဗာန်(နိရောဓ)နှင့် မဂ္ဂသစ္စာ မပါဘူးဟု ဆိုသည် [နှာ-၂၄၆]။ ဘဝကူးကောင်းဖို့လောက်သာ လူတွေက လိုချင်နေကြသည်။ ဒုက္ခသစ္စာရမှာကို မကြောက်ကြဘူးဟုလည်း မိန့်သည် [နှာ-၂၄၇]။

ဤအခန်းတွင် အယ်ဒီတာက(ဘဝပတ္တနာမှု ကင်းကွာရန် အမျိုးမျိုး တိုက်တွန်း ဟောကြားသော ဤအခန်းပါ စကားရပ်များသည် အထက်တန်း ဗုဒ္ဓဘာသာဖြစ်အောင် ပို့ဆောင်ကြောင်းကို မဇ္ဈိမပဏ္ဏာသနေဥ္ဇာနီသုတ်ကို ကြည့်က သဘောပေါက်မည်ဟု ကောက်ချက် ချထားသည်။) [နှာ-၂၄၉] ဆရာတော်က ဘယ်သူ ဘာပြောပြော ဘဝကူးကောင်းအောင် မလုပ်ပါနဲ့၊ ဘဝပြတ်အောင် ဘဝ ချုပ်ငြိမ်းရာ နိဗ္ဗာန် ရောက်ဖို့သာ လုပ်ပါဟု လေးလေးနက်နက် တိုက်တွန်းတော်မူ သည်။ [နှာ-၂၅၀] ထို့နောက် ဒုက္ခ သိ၍ ဒုက္ခငြိမ်းအောင် လုပ်ကြပါဟု တိုက်တွန်း လျက် ဒုက္ခ ငြိမ်းနည်းကို ပေးမည်ဟု ဆိုသည် [နှာ-၂၅၃] ပဋိစ္စသမုပ္ပါဒ်မှာ ပဋိသန္ဓေ စိတ်က စ၍ ခန္ဓာငါးပါး ပေါ်ပုံကို ပြသည်။ ပြီးနောက် ဘဝပြတ်အောင် လုပ်မှ အေးမည်ဟု မိန့်သည်။

ထို့နောက် ပုထုဇဉ် စိတ်၄၅ ပါးကို ဝိပဿနာ ရှုဖို့ ပြောသည်။ ပုထုဇဉ်စိတ် ၄၅ ပါးကို ချုံ့လိုက်လျှင် ၁၃ ပါးပဲ ရသည်။ ထိုစိတ် ၁၃ ပါးမှာ ပေါ်ရာစိတ်ကို ရှုရမည်။ ရှေ့စိတ်ကို နောက်စိတ်နှင့်ရှု၊ ရှေ့စိတ်က ဖြစ်ပျက် သိတာက နောက်က မဂ်ရသည် [နှာ-၂၅၈]။ စိတ်(ဖဿ)နှင့် ဝေဒနာကြားမှာ မဂ်ဝင်သည်။ ဝေဒနာ နိရောဓ ဖြစ်သွားသည်။ တဏှာကို မကူးဘဲ အဆက်ပြတ်သွားပုံကို ပြသည်။ [နှာ-၂၅၉] သမုဒယပြတ်သွားလျှင် နှစ်အကွက် ပစ္စုပ္ပန် ဘဝထဲမှာပဲ နိဗ္ဗာန်ကို ရနိုင်သည်။ [နှာ-၂၆၀] နှစ်ကသုံး မကူးလျှင် သံသရာပြတ်ပြီ။ ခန္ဓာပြတ်ပြီ [နှာ-၂၆၂] တစ်သက်လုံး ရှုနေရမှာလား၊ မဟုတ်ဘူး။ ဉာဏ်ထဲမှာ ခန္ဓာချုပ်ပြီး မဂ်တစ်ခါ ပေါ်လျှင်ပြီးပြီ။ နိဗ္ဗာန်ပေါ်ပြီ [နှာ-၂၆၁] တစ်မဂ်ရပြီ။ နှစ်မဂ် ရချင် ရင်လည်း ဖြစ်ပျက် ပြန်ရှုရမည်။ ဤတွင် ထူးခြားသော စကားမှာ "ခင်ဗျားတို့ တစ်ခါဖြတ်လို့ ရှိရင် ကျန်သုံးခါ ပြတ်တာ သူ့ဟာသူ ပြတ်တယ်" [နှာ-၂၆၁] ဆိုသော စကားဖြစ်သည်။

အချိန်စေ့၍ တရားရပ်နားသည်။

*

## ၇။ ရှေ့နှင့်နောက် ခွဲခြားသော ဥပမာ ပဋိစ္စသမုပ္ပာဒ်တရား(၁၇)
[၈-၁၂-၆၁ အမရပူရမြို့ ဓမ္မာရုံတွင် ဟောသောတရား]

ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကြီးသည် မိမိခန္ဓာ၏ ဖြစ်စဉ်ဖြစ်သည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ အတိတ်က ဖြစ်ခဲ့ပုံ၊ ယခု ဖြစ်နေပုံ ယခု အနေမတတ်၍ သုံးအကွက်သို့ ကူး၍ ထိုသို့ ကူးသောကြောင့် သေသည်၏ အခြားမဲ့၌ စိတ်မချရပုံ ဤလေးမျိုးကို စက်ဝိုင်းက ပြသည်။ [နှာ-၂၆၅] နှစ်အကွက်သည် ခန္ဓာရသော အကွက်ဖြစ်သည်။ ဒုက္ခသစ္စာကို ရခြင်း ဖြစ်၏။ အတိတ်က မသိမှု အဝိဇ္ဇာကြောင့် မိုက်မှားမှုတွေ ပြုခဲ့သည်။ အကျိုး ဒုက္ခသစ္စာ ရနေခြင်း ဖြစ်၏။ အတိတ်အကြောင်း မကောင်းခဲ့ဟု ဆိုသည် [နှာ-၂၆၈]။ ရှေးဘဝက စုံလုံးကန်း လမ်းသွားခဲ့သည် [နှာ-၂၆၉]။ ယခုဘဝ ရထားသော ခန္ဓာဒုက္ခသစ္စာကြီးကို နွေမှာတစ်မျိုး၊ ဆောင်းမှာတစ်မျိုး၊ မိုးမှာတစ်ဖုံ ပူဇော်ပသ နေရသည်။ ဘုရားထက်ပင် ပိုပြီး အလေးအမြတ် ပြုနေကြရသည်။ [နှာ-၂၇၃] ဟု မိန့်သည်။

ဒီဘဝ တရားနာနေကြတာ ရှေးဘဝက မိုက်ပြစ်သင့်ခဲ့တာတွေကို သိလို့ ဖြစ်သည်။ မိုက်ပြစ်သင့်နေမှန်း မသိသူတွေမှာ တရားလည်း မနာ၊ တရား အားထုတ် ရကောင်းမှန်းလည်း မသိဟု ဆုံးမသည် [နှာ-၂၇၆]။ ကိုယ့်ကိုယ်ကိုယ် ခန္ဓာ အကြောင်း မသိသဖြင့် မိုက်ထွန့်တက်နေပုံများကို ချဲ့ထွင်၍ ဟောသည် [နှာ-၂၈၇]။ ဒကာ၊ ဒကာမများ ခန္ဓာဒုက္ခသစ္စာကို မသိဘဲ ကံမကောင်းဘူး ဂြိုဟ်ဝင်တယ် ဆိုပြီး ဂြိုဟ်ပြေနံ့ပြေ လုပ်မနေသင့်၊ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်အောင် ကြည့်ရ မည်ဟု ဆုံးမသည် [နှာ-၂၈၇]။

အနိစ္စမြင်လျှင် ဒုက္ခသစ္စာမြင်မှ ဒုက္ခ ဓာတ်သိမ်းသည်။ မကောင်းကျိုး ဓာတ်သိမ်းသည် နည်းနှစ်နည်း ရှိသည်။ မကောင်းတာ မြင်အောင်ကြည့်လျှင် မကောင်းကျိုး ဓာတ်သိမ်းသည်က တစ်နည်းဖြစ်သည်။ ဖြစ်ပျက်ကို မုန်းအောင် လုပ်၊ ဝိပဿနာနှင့် သိမ်းရဲမည်ဟု မိန့်သည်။ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ကြိုက်ရာလုပ်ဟု တိုက်တွန်းသည် [နှာ-၂၉၁]။

ဝေဒနာနိရောဓာ၊ တဏှာနိရောဓော ဖြစ်အောင် လုပ်ရမည်။ ဒါမှ ဝဋ်ကျွတ် သည်။ ပဋိစ္စသမုပ္ပာဒ် နှစ်အကွက်က သုံးအကွက်ကို မကူးအောင် လုပ်ရင်ပြီးကြောင်း ဟောတော်မူသည် [နှာ-၂၉၃]။ ဤတရားတွင် ဆရာတော်ကြီးက နိဗ္ဗာန်သည်

မဝေးကြောင်း၊ နီးကြောင်း တစ်အကွက်မှာ မိုက်ခဲ့သော်လည်း နှစ်အကွက်မှာ ထပ်မံ မိုက်မဲခြင်း မရှိလျှင် နှစ်အကွက်ထဲမှာ နိဗ္ဗာန် ရနိုင်ကြောင်း ရှင်းရှင်း ဟောထားသည်။ [နှာ–၂၉၆] ဝိပဿနာရှုမှ ဝေဒနာနှင့်တဏှာ ကြားက အဆက် ပြတ်သည် [နှာ–၂၉၇] ဘဝမကူးတော့ဘူး။ ဒီကနေ တစ်ခါတည်း နိဗ္ဗာန်ဝင်သည်။ [နှာ–၂၉၉] ဃရာဝါသောဗဟုကိစ္စော ဆိုပြီး ဆင်ခြေတက်မနေသင့်ကြောင်း ပြောဆို သည် [နှာ–၃၀၂]။ သောတာပတ္တိမဂ်ဉာဏ် ရအောင်လုပ်ဖို့ အရေးကြီးကြောင်း [နှာ–၃၀၆] ပြောပြီး ထိုဉာဏ်ရလျှင် အပါယ်လေးပါး တံခါးပိတ်ပြီဖြစ်ကြောင်း ပြောသည်။ အပါယ် စိတ်ချရပြီးမှ ရောင်းကြဝယ်ကြပါဟုလည်း တိုက်တွန်းထား သည်။ အဓိကမှာ တရားရရေးကို ရှေ့ထားပါ။ စီးပွားရေး၊ လူမှုရေးတွေကို နောက်ထားပါဟု ပြောလိုရင်း ဖြစ်သည်။ ရှေ့နှင့်နောက် မလွဲသင့်ဟု ဆုံးမသည်။

*

## ၈။ အရှင်သာရိပုတ္တရာနှင့် မြတ်စွာဘုရား အမေးအဖြေ ဥပမာ ပဋိစ္စသမုပ္ပါဒ် တရား(၁၈)

[၉–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

မိမိခန္ဓာအကြောင်းကို ကောင်းကောင်းသိရန် အရေးကြီးသည်ဆိုပြီး ဤ တရားကို စတင် ဟောကြားသည်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို သိဖို့လိုသည်ဟု ဆိုလို သည်။ ခန္ဓာ ပဋိစ္စသမုပ္ပါဒ်ကို မသိလျှင် ငါစွဲ အတ္တဒိဋ္ဌိတွေ ဝင်လာတတ်သည်။ [နှာ–၃၁၂] ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ရပ်ထဲတွင် ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါ မပါပုံကို ပြသည်။ ပဋိသန္ဓေ နေရာမှာ ဟိုဘက်ဘဝကို ရုပ်နာမ်၊ ဒီဘက်ဘဝကို ဘာမှ ပါမလာပုံကို ရှင်းသည်။ စုတိနှင့် ပဋိသန္ဓေ အကြောင်းအကျိုး ဆက်တာပဲ ရှိသည်။ [နှာ–၃၁၃] အကြောင်း သမုဒယကြောင့် အကျိုး ဒုက္ခ ရနေတာ ဖြစ်သည်။ ခန္ဓာပေါ်သမျှ ဒုက္ခသစ္စာချည်းပင်။ ခန္ဓာသည် ဒုက္ခသစ္စာပဲဟု သိလျှင် မဂ်ပေါ်သည် [နှာ–၃၁၇]။ မသိသော အဝိဇ္ဇာနှင့် သင်္ခါရ လုပ်လျှင် ဒုက္ခခန္ဓာ ပေါ်သည်။ ခန္ဓာရဆဲမှာ သမုဒယတွေ ထပ်လုပ်လျှင် နောက်ဒုက္ခပဲ ထပ်ရသည်။ မီးပေါ်ထင်း၊ ထင်းပေါ်မီး လှည့်ပြီး ဖြစ်နေပုံကို ရှင်းထားသည် [နှာ–၃၂၁]။ ယခု ဟောရမည့်တရားက မီးထဲ ထင်းမထည့်ဖို့ ဟောရမည့်တရား ဖြစ်သည်ဟု ဆိုသည် [နှာ–၃၂၄] ထင်း ထပ်မထည့်လျှင် မီးငြိမ်းသည်။

ထို့နောက် လူ့ဘဝ နတ်ဘဝ ရပါလို၏ ဆုတောင်းချက် များပုံကို ပြသည်။ ထင်းဖြစ်ရပါလို၏ ဆုတောင်းသလို ဖြစ်နေကြောင်း အမှား ထောက်ပြသည် [နှာ–၃၂၅]။ ဘုရားက လောင်စာသိမ်းပြီး မီးငြိမ်းအောင်လုပ်ဖို့ ဟောသည်။ လူတွေက ဘုရားကို ကန့်လန့်တိုက်ပြီး လောင်စာထင်းဖြစ်ဖို့ချည်း ဆုတောင်းနေကြပုံကို ဖော်ပြသည် [နှာ–၃၂၆]။ ပုထုဇဉ် အမှားကြီးကျယ်ပုံကို ပြသည်။

ဤသို့ နားလည်ရန်မှာ သစ္စာကို နားလည်မှ ဖြစ်၏။ သစ္စာကို နားလည်အောင် သွန်သင် ဆုံးမတတ်သော ဆရာကောင်းကို ရှာရမည် [နှာ–၃၂၉]။ နောက်ဘဝတစ်ခုကို ရသည်ပဲထား။ မလိုချင်ဘဲနှင့် ရလျှင် နောက်တစ်ဘဝကျရင် နိဗ္ဗာန်ရမှာပဲ [နှာ–၃၃၄]ဟု မိန့်ဆိုသည်။ ဒီဘဝမှာ ခန္ဓာကြီး ဒုက္ခသစ္စာမှန်း သိသွားလျှင် နောင်ဘဝမှာ နိဗ္ဗာန်ရမှာပဲဟု တိတိကျကျ ဆိုသည်။ ဆုတောင်းတာ နှုတ်တက်နေသဖြင့် ဆုမတောင်းဘဲ မနေနိုင်လျှင်လည်း ခန္ဓာဝဋ်ကျွတ် ရပါလို၏ ဆုတောင်းပါဟု ဆုံးမထားသည် [နှာ–၃၃၅]။ ဒါက ဉာဏ်နှင့်တောင်းသော ဆု တဏှာနှင့်တောင်းသောဆုမဟုတ်ပါ။

ထို့နောက် ပဏ္ဍာဘူမက အရပ်သို့ ဝါကျွတ်ချိန် သွားလိုသော ရဟန်းငယ်ဆယ်ပါး အကြောင်းကို ဝတ္ထုထုတ်ပြီး ဘုရားမှာ ရာဂကိုပယ်သော ဝါဒရှိကြောင်း ဟောသည်။ ဘုရားက ရာဂကို ပယ်သည်။ လူတွေက ရာဂနှင့် ဆုတောင်းနေသည်။ ဘုရားအကြိုက်နှင့် မကိုက်ပုံကို ထောက်ပြသည် [နှာ–၃၄၂]။ ခန္ဓာပေါ်မှာ ရာဂမှီနေခြင်းကို ရှင်းပြသည် [နှာ–၃၄၅]။ ခန္ဓာငါးပါးပေါ် မှီသော ရာဂကို မစွန့်လျှင် သောကပရိဒေဝ၊ ဒုက္ခဒေါမနဿ၊ ဥပါယာသတွေ ဖြစ်သည်။ ဤအပြစ်တွေ သင့်သည် [နှာ–၃၄၈]။ ရာဂမီးလောင်သည် [နှာ–၃၅၀]။ ရာဂကို မပယ်နိုင်သရွေ့ မိုက်သံထွက်တတ်ပုံများကို ဟောသည် [နှာ–၃၅၆]။ ခင်မှုရာဂကြောင့် လူကြီးများ သောကပရိဒေဝ ဖြစ်ရပုံ(မိုက်ပုံ)များကို ဆိုခြင်းဖြစ်သည်။

အချိန်စေ့၍ တရားရပ်နားလိုက်သည်။

*

## ၉။ လောကီမဂ္ဂင်ငါးပါးကို လောကုတ္တရာမဂ္ဂင်ရှစ်ပါး ဖြစ်အောင် အားထုတ်သင့်ကြောင်း ဥပမာ ပဋိစ္စသမုပ္ပာဒ်တရား(၁၉)

[၂၅–၁၀–၆၁ အမရပူရမြို့ ဓမ္မာရုံတွင် ဟောသောတရား]

ဤတရားကို ၂၅–၁၀–၆၁နေ့က ဟောသည်ဟု ပြထားသဖြင့် ရှေ့က ၁၂လပိုင်း ဟောသောတရားများနှင့် တစ်ဆက်တည်း တရားမဟုတ်ဟု ထင်ရသည်။

သို့သော် ဤစာအုပ်အမှတ်(၇)တွင် ပဋိစ္စသမုပ္ပာဒ်နှင့် ဆိုင်သင့်ရာရာ တရားများကို စုပေါင်း ရိုက်နှိပ်လို၍ အကြောင်းအရာ နီးစပ်မှုအရ ဆယ်လပိုင်း ဟောတရားကို ထည့်သွင်း ဖော်ပြထားဟန် တူပါသည်။

ဤတရားကို "ဘုရားက သတ္တဝါအစကို ငါ မမြင်ဘူး" ဟု ဆိုသော စကားဖြင့် အစပြုထားသည်။ အစ နှစ်မျိုးရှိသည်။ အထည်စနှင့် ဓမ္မစ ဖြစ်သည်။ အထည်စဖြစ်ခြင်းကို မမြင်ဘူးဟု ဆိုခြင်းဖြစ်သည်။ 'အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော ပုဗ္ဗာကောဋိနပညာယတိ' ဆိုသော ပါဠိတော်ဖြင့် ရှင်းထားသည်။

အဓိပ္ပာယ်မှာ ခန္ဓာသံသရာကြီးသည် မသိအပ်သော အစရှိ၏ဟူ၍ ဖြစ်၏ [နှာ-၃၅၈]။ သို့သော် 'အဝိဇ္ဇာ နိဝရဏာနံ တဏှာသံယောဇနာနံ' ဆိုသော ပါဠိ ရှိသေးသည်။ အဝိဇ္ဇာနိဝရဏနှင့် တဏှာသံယောဇဉ်တို့သည် အထည်အစ အရင်းကျသော သဘောဖြင့်လည်း ဘုရား ဟောထားသေးကြောင်း ပြသည်။ ဘုရားဟာ သတ္တဝါအစ မသိဘူးဟု စွဲချက်မတင်သင့်ကြောင်း ဟောထားသည်။

ပြောလိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ ခန္ဓာအစဉ်ကို နောက်ဆုတ်ပြီး တွေးလိုက်လျှင် အဆုံးမမြင်နိုင်၊ အစမမြင်နိုင်။ ထိုသို့ တွေးဆဆင်ခြင်ခြင်းလည်း အကျိုးမထူးဟု ဆိုလိုခြင်းသာ ဖြစ်သည် [နှာ-၃၅၉]။ ဓမ္မအစကိုမူ သိသာသည်။ အဝိဇ္ဇာနှင့် တဏှာသည် သတ္တဝါအစဟု မှတ်သင့်ကြောင်း ဆိုထားသည် [နှာ-၃၅၉] ဖြစ်ကြောင်းကို သိသည်။ သို့သော် ဖြစ်ကျိုးမှာ တွေး၍ မဆုံးနိုင်လို့ မသိဘူး၊ အကျိုးမရှိဘူးဟု ဟောကြောင်းလည်း ဖော်ပြထားသည်။

အကြောင်းသတ်လျှင် အကျိုးပြတ်သောကြောင့် အကြောင်းသိဖို့သာ အရေးကြီးသည်။ ဓမ္မအစကို သိသည်ဆိုခြင်းမှာ အကြောင်းကိုတော့ သိသည်ဟု ဆိုခြင်းဖြစ်ကြောင်း ရှင်းထားသည် [နှာ-၃၆၀]။ ဤတွင် အဝိဇ္ဇာတဏှာ မချုပ်သောသူမှာ ခန္ဓာဒုက္ခဝဋ် ဘယ်တော့မှ မကျွတ်ဘူး သမုဒ္ဒရာ လေးစင်းက ရေသာ ခန်းချင် ခန်းမည်ဟု ဥပမာပြ၍ ဟောပုံကိုလည်း ပြထားသည်။

မြင့်မိုရ်တောင်ကြီးသာ ပျောက်ချင် ပျောက်သွားသည်။ အဝိဇ္ဇာတဏှာ ချုပ်အောင် မလုပ်နိုင်သူမှာ ခန္ဓာဒုက္ခဝဋ်ကျွတ်လမ်းကို ဘုရားက သူမမြင်ကြောင်း ဟောသည်ကို ဖော်ပြထားသည်။ အဝိဇ္ဇာတဏှာ ချုပ်ပြတ်သော အလုပ်မှာ ခန္ဓာကို ဝိပဿနာရှုမှ ပြတ်ကြောင်း [နှာ-၃၆၄]၊ ခန္ဓာအစဉ်မှာ ခန္ဓာသာ သေသည် တဏှာ အနုသယအားဖြင့် ဘယ်တော့မှ မသေဟုလည်း ပြထားသည် [နှာ-၃၆၅]။ အနုသယ ကိလေသာဘဏှာကို ဝိပဿနာနှင့် ဖြတ်၍လည်း မရ၊ မဂ်ဉာဏ်နှင့်

ဖြတ်မှုရသည်။ ထိုနောက် အနုသယကိလေသာ အဝိဇ္ဇာနှင့် တဏှာ မချုပ်တာသည် ခန္ဓာကို ငါ ငါ့ဥစ္စာစွဲ စွဲနေ၍ဖြစ်ကြောင်းလည်း ပြထားသည်။ [နှာ–၃၆၆]

ဒိဋ္ဌိက လွှမ်းမိုးထားသည်။ ဒိဋ္ဌိက ခေါင်းဆောင်သည် [နှာ–၃၆၇]။ အဝိဇ္ဇာ တဏှာက ခန္ဓာငါးပါးကို ဖြစ်အောင်လုပ်သည်။ အတိတ် အကြောင်းခြင်းရာ ငါးပါးက ပစ္စုပ္ပန်ငါးပါးကို ဖြစ်အောင် ဖန်တီးလိုက်သည်။ အကြောင်းငါးပါးက သမုဒယစက်၊ အကျိုးငါးပါးက ဒုက္ခစက်ဖြစ်သည်။ [နှာ–၃၇၁] ဝဋ်ဖြင့်ပြောလျှင် ကိလေသဝဋ်၊ ကမ္မဝဋ်က အကြောင်း၊ ဝိပါကဝဋ်က အကျိုးတစ်ခါ၊ ဝိပါကဝဋ်က ကိလေသဝဋ်၊ ကမ္မဝဋ် ဖြစ်ဦးမည်။ ဂျာအေး သူ့အမေရိုက် ဖြစ်နေပြီဟု ဆိုသည်။

ဘုရားလောင်း ဓမ္မပါလဇာတ်ကို ဤတွင် ဟောသည်။ ဓမ္မပါလ တက္ကသိုလ်ပြည် ပညာသင်စဉ် ပါမောက္ခဆရာကြီး၏သား သေသည်။ အသုဘပို့စဉ်တုန်းက လူများငိုသော်လည်း သူ မငိုဘဲ နေသည်။ ဘာကြောင့် မငိုသလဲဆိုတော့ သူတို့ဆီမှာ ငယ်ရွယ်စဉ်အခါ သေမျိုးထုံးစံ မရှိ၍ မငိုကြောင်း ပြောသည်။ သေမျိုးထုံးစံ မရှိချင်လျှင် ခန္ဓာပင် မပေါက်အောင် လုပ်မှုဖြစ်ကြောင်း ဟောလိုခြင်း ဖြစ်၏ [နှာ–၃၇၁]။

ဤသို့ ပြုလုပ်ရာမှာ ခန္ဓာဒုက္ခသစ္စာ ဆုတောင်းမမှားကြဖို့ ဆုံးမသည်။ ထို့နောက် ခန္ဓာမရအောင် ဘုရားက ပထမဒိဋ္ဌိသတ်၊ ဒုတိယအဝိဇ္ဇာတဏှာ သတ်ဖို့ ဟောထားကြောင်း ပြောသည်။ [နှာ–၄၇၅] ဒိဋ္ဌိနှင့် အဝိဇ္ဇာတဏှာတို့တွင် ဒိဋ္ဌိက အရင်းကျသည်ဟု ဖော်ပြသည် [နှာ–၃၇၆]။ ဒါကြောင့် ဒိဋ္ဌိရှေ့ထားသတ်ဟုလည်း မိန့်ထားသည်။ ထို့နောက် ခန္ဓာဖြစ်ကြောင်း တရားငါးပါးကို ဖြတ်၊ ခန္ဓာပြတ်ကြောင်း တရားငါးပါးကို ပွားများရန်လိုကြောင်း အကျယ်ပြောသည် [နှာ–၃၈၇]။ ဝိပဿနာလုပ်မှ ပုဗ္ဗဘာဂမဂ်ငါးခု ပေါ်သည်ဟု ဟောသည်။ အချိန်ကုန်သဖြင့် တရားရပ်နားသည်။

*

## ၁၀။ ခန္ဓာဖြစ် စက်ဝိုင်းထောက်ပြ၍ ဟောသော ပဋိစ္စသမုပ္ပါဒ် တရား(၂၀)
[၁၂–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ဒုလ္လဘတရားငါးပါး ရှိသည်ဆိုပြီး ဤတရားကို စတင် ဟောကြားတော်မူသည်။ လောကမှာ ဘုရားပွင့်ဖို့ ခဲယဉ်းသည်။ (ဗုဒ္ဓုပ္ပာဒဒုလ္လဘ) လူ့ဘဝရဖို့ ခဲယဉ်းသည်(မနုဿတ္တဘာဝဒုလ္လဘ) သဒ္ဓါတရားနှင့် ပြည့်စုံဖို့ ခဲယဉ်းသည်(သဒ္ဓါ

သမ္ပတ္တိ ဒုလ္လဘာ) သူတော်ကောင်း တရားနာဖို့ ခဲယဉ်းသည်။ ထို့နောက် လူ့ဘဝရဖို့ ခဲယဉ်းပုံ သာဓကများကို ဟောသည် [နာ-၃၉၂] အဖိုးတန်ဘဝကို ရထားသည်ဟု သိစေလို၍ ဟောခြင်းဖြစ်သည်။ အဖိုးတန်တဲ့ ဘဝမှာ အဖိုးတန်တဲ့ အလုပ်လုပ်ရမည်။ လူ့ဘဝ မှာ သစ္စာတရား နာရခြင်းသည် အကျိုးများလှသည်။ တန်ဖိုးရှိလှသည်။ နတ်မဖြစ်ချင်နှင့် ပြဟ္မာမဖြစ်ချင်နှင့်ဟု ဆုံးမသည်။ ဘယ်ခန္ဓာကို ရရ ကိလေသာလောင်မီး ကြောင့် အိုနာသေပွဲချည်း ကြုံနေရပုံများကို ဟောနေကျအတိုင်း သံဝေဂရအောင် ဟောသည်။

ပြီးမှ အဝိဇ္ဇာအတွင်းရန်ကို အတွင်းသား ဝိဇ္ဇာဉာဏ်နှင့် တိုက်ရမည်ဟု ဆိုသည် [နာ-၄၀၅]။ ထို့နောက် ဝိပဿနာ ရှုဖို့၊ ဖြစ်ပျက်ရှုဖို့ ထုံးစံအတိုင်း တိုက်တွန်းသည်။ ဤသို့ ရှုခြင်းသည် အတွင်းရန် အဝိဇ္ဇာကို သတ်တာဟု ဆိုသည် [နာ-၄၀၆]။ ခန္ဓာဖြစ်ပျက် မြင်မှ ဝိဇ္ဇာ၊ ဝိဇ္ဇာဖြစ်မှ အဝိဇ္ဇာသေသည်။ ဉာဏ်နှင့်သာ ခန္ဓာဒုက္ခသစ္စာကို မြင်ပါစေ၊ အဝိဇ္ဇာချုပ်ပြီ [နာ-၄၀၈]။ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်သော ပုဂ္ဂိုလ်မှာ သုံးအကွက် သမုဒယသစ္စာ နေရာမှာ မဂ္ဂသစ္စာ ရေးနိုင်ပြီ။ ထိုအခါ လေးအကွက် ဒုက္ခသစ္စာ နေရာမှာ နိရောဓသစ္စာ ရေးနိုင်ပြီ [နာ-၄၁၂]။ ချမ်းသာရှာချင်လျှင် အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ရမည်ဟု ဘုရားဟောကြောင်း ဆိုသည် [နာ-၄၁၆]။

လူ့ချမ်းသာ ရှာရန်သွားတိုင်း ဆင်းရဲပွဲ ကြုံတတ်ပုံကို ဟောသည်။ အဝိဇ္ဇာနှင့် တဏှာက ပဋိစ္စသမုပ္ပာဒ် ဝင်ရိုးဖြစ်ပြီး သေလမ်းချည်း လှည့်နေပုံကို ပြသည်။ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ ဒီဝင်ရိုး ကျိုးပြီး မလှည့်နိုင်တော့ဘဲ သံသရာပြတ်ကြောင်း ဟောသည် [နာ-၄၂၅]။ ဒီနေ့ တရားသည် ဝင်ရိုးကျိုးသောတရားဟု ဆိုသည် [နာ-၄၂၆]။ ဖြစ်ပျက်မြင်သော ဝိဇ္ဇာဉာဏ်ဖြင့် အဝိဇ္ဇာဝင်ရိုးကို ချိုးလိုက်သည်ဟု မိန့်သည်။

မသိတာ(အဝိဇ္ဇာ)ကို သိတာ(ဝိဇ္ဇာ)နှင့် သတ်သည်။ လိုချင်ခြင်း(တဏှာ လောဘ)ကို မလိုချင်သော(အလောဘ)နှင့် သတ်သည်။ အာသဝဝင်ရိုး ကျိုးလျှင် ဝဋ်ကျွတ်ပြီဟု ပြထားသည်။ [နာ-၄၃၀] ဒါကြောင့် ဝိပဿနာအလုပ်မှ တစ်ပါး အသေဓာတ်သိမ်းသောနည်း အလုပ် မရှိပြီ [နာ-၄၃၀]။ ဖြစ်ပျက်ရှုပါ ဆိုတာ ကိုယ့်အသေ ကိုယ်မြင်အောင် ကြည့်ရန်ဖြစ်၏။ ထိုအခါ ဝိဇ္ဇာဥဒပါဒိ ဖြစ်၏။ အာလောကောဥဒပါဒိ ဖြစ်၏။ မျက်စိနှစ်ကွင်း ဉာဏ်အလင်းရပြီ။ အဝိဇ္ဇာမှောင်ထဲမှာ မလျှောက်ရတော့ ဝဋ်ကျွတ်ပြီ [နာ-၄၃၃]။ အရေးကြီးသည်မှာ အာသဝဝင်ရိုး

ကျိုးရေးဖြစ်သည်။ ဝင်ရိုးကျိုးအောင် စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက် ကြိုက်ရာ ရှုနိုင်သည်။

နာရီစေ့၍ တရားနားသည်။

*

## ၁၁။ အားကိုးရာအစစ် ရှာကြပါ၊ ပဋိစ္စသမုပ္ပါဒ်တရား(၂၁)

[၁၃–၁၂–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

"ဒကာ ဒကာမများမှာ အားကိုးရာ ရှိကြပါ" ဆိုသော တိုက်တွန်းစကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ အားကိုးရာ နှစ်မျိုးရှိသည်။ အမြဲအားကိုးရာ အစစ်နှင့် ယာယီအားကိုးရာ အတု ဖြစ်သည်။ ဒါနနှင့် သီလသည် ယာယီ ခိုကိုးရာ အားထားရာသာ ဖြစ်သည် [နှာ–၄၃၇]။ လူ့ပြည် မရောက်ခင်က လူ့ပြည်ကို ခိုကိုးရာ အစစ်ထင်ပြီး ရွေးချယ်ခဲ့သည်။ သို့သော် လူ့ပြည်မှာလည်း အိုဘေး၊ နာဘေး၊ သေဘေးနှင့် ကြုံရသည်။ အမှန်မှာ ခိုကိုးရာအစစ်က နိဗ္ဗာန်ဓမ္မသာ ဖြစ်သည် [နှာ–၄၃၉]။

'အတ္တဒီပါ ဘိက္ခဝေ ဝိဟရထသတ္တသရဏာ အနညသရဏာ ဓမ္မဒီပါ ဓမ္မသရဏာ' ဆိုသော ပါဠိကို ထောက်ပြီးဟောသည်။ [နှာ–၄၄၀] မဂ္ဂင်ရှစ်ပါး ဓမ္မသည်သာ နိဗ္ဗာန် ပို့နိုင်သော ဓမ္မဖြစ်သည်။ ဤဓမ္မကိုသာ အားကိုးအားထား ပြုရမည် [နှာ–၄၄၁]။ မဂ္ဂင်ဓမ္မကိုရအောင် အားထုတ်ရသည်။ အားထုတ်မှ ရနိုင်သည် [နှာ–၄၄၃]။ မဂ္ဂင်ဓမ္မသည် ကိလေသာရန်သူကိုလည်း နိုင်သည်။ မဂ်ပေါ်လျှင် သမုဒသစ္စာကိုလည်း ပယ်သည်။ လေးနံပါတ်နောက် ဒုက္ခသစ္စာလည်း မလာတော့ပါ [နှာ–၄၄၅]။ မဂ္ဂင်ကို ရချင်လျှင် ဖြစ်ပျက်မြင်အောင် ရှုရန်လည်း တိုက်တွန်းသည် [နှာ–၄၄၉]။ နှစ်အကွက်မှာ ဖြစ်ပျက်မြင်မှ မဂ်ဝင်လာသည်။ အသခ်တဂါမိမဂ္ဂေါ ဖြစ်အောင်လုပ်ပါဟု တိုက်တွန်းထားသည်။ [နှာ–၄၆၂]

နိဗ္ဗာန်ကို မဂ်လမ်းက သွားမှရောက်သည်။ သို့သော် မဂ်လမ်းကို မိစ္ဆာဒိဋ္ဌိချုံတွေက ဖုံးနိုင်သည် [နှာ–၄၆၈]။ နှစ်အကွက်ထဲ ဖြစ်ပျက် မမြင်လျှင်လည်း မဂ်မပေါ်နိုင်ပါ [နှာ–၄၆၉]။ နှစ်အကွက် ဖြစ်ပျက် ဒုက္ခသစ္စာမြင်မှသာ သုံးအကွက် နောက်ထပ် သမုဒယ မလုပ်မိတော့ပါ။ နှစ်အကွက်က သုံးအကွက် မကူးအောင် လုပ်ဖို့ အရေးကြီးသည် [နှာ–၄၇၀]။

ထို့နောက် စိတ်ကို ဝိပဿနာ ရှုပုံများကို ပြသည်။ ဖြစ်ပျက် မြင်ပြီးနောက် ဆက်ရှုလျှင် ဖြစ်ပျက်မှန်း၍ ဖြစ်ပျက်အဆုံး(နိဗ္ဗာန်)ကို မျက်မှောက်ပြုပုံကို ဟောသည် [နှာ–၄၇၂]။ ဤသို့ ဖြစ်ပျက်အဆုံးကို မြင်ပြီဆိုလျှင် မိမိ အပါယ်တံခါးပိတ်ပြီ။ ငါးပါးသီလ မြဲပြီဟု ဆုံးဖြတ်ချက် ချနိုင်ကြောင်း ဟောထားသည်။ [နှာ–၄၇၅] အားကိုးစရာ အစစ်တွေ့ပြီ ဖြစ်သည်။

အချိန်ကုန်၍ တရားရပ်နားသည်။

*

## ၁၂။ အားကိုးရာ အစစ် ရှာကြပါ။ ပဋိစ္စသမုပ္ပါဒ်တရား(၂၂)
[၁၄–၁၂–၆၁. အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

မာတိကာတွင် ခန္ဓာဖြစ်စဉ် စက်ဝိုင်းထောက်ပြ၍ ဟောသော ပဋိစ္စသမုပ္ပါဒ် တရားတော်ဟု ဖော်ပြထားသည်။ ဤတရားတွင် နှလုံးသွင်း မလွဲစေနှင့်ဆိုသော စကားဖြင့် အစချီထားသည်။ 'ယောနိသောဘိက္ခဝေ မနသိကရောတော၊ မဟာတော အတ္တာယသံဝတ္တတိ' နှလုံးသွင်းမှန်လျှင် ကြီးစွာသော အကျိုးဖြစ်ထွန်း၏။ နှလုံးသွင်း မှန်လျှင် နိဗ္ဗာန်ရောက်သည်ဟု ဘုရား ဟောတော်မူကြောင်း ဆိုထားသည်။ [နှာ–၄၇၇]

နှလုံးသွင်း မှန်တယ်ဆိုတာ ခန္ဓာငါးပါးစလုံး ဖြစ်ပျက်ပဲ ဒုက္ခသစ္စာပဲ ငါ သူတစ်ပါး ယောက်ျားမိန်းမ မဟုတ်ဘူးဟု အသင့်အားဖြင့် ရှုမြင်တာ ဖြစ်သည်။ ခန္ဓာငါးပါးကို ငါ ငါ့ဥစ္စာဟု နှလုံးသွင်းတာသည် နှလုံးသွင်း မှားနေခြင်းဖြစ်သည်။ [နှာ–၄၇၉] နှလုံးသွင်း မှားသောအခါ စိတ်ကို ငါ လုပ်သည်။ ဝေဒနာကို ငါ လုပ်သည်။ ခန္ဓာငါးပါး တစ်ခု ပေါ်လာတိုင်း ငါ လုပ်သည်။ ဒီဠိကြောင့် နှလုံးသွင်း မှားနေကြသည်။ နှလုံးသွင်း မှားသဖြင့် အပါယ်ကျသည် [နှာ–၄၈၁]။ ခန္ဓာငါးပါးကို ငါ့သမီးဟု နှလုံးသွင်းမှားသည်နှင့် သောကပရိဒေဝ ဒေါသလိုက်လာမည်။ ပူပန် စိုးရိမ်စိတ် ဖြစ်လာသည်။ နှလုံးသွင်းမှားလို့ မျက်ရည်ကျရသည်။ နှလုံးသွင်းမှားတာ မြင်ကြပါ [နှာ–၄၈၈] ဟု မိန့်သည်။ လောကမှာ နှလုံးသွင်းမှားပြီး မသင့်မတင့် ဖြစ်နေပုံတွေကို ကြက်ညီနောင် အိုးမည်းသုတ်ပြီး ခွပ်ခိုင်းခြင်းနှင့် ပမာနှိုင်းပြထား သည် [နှာ–၄၉၁]။ နှလုံးသွင်းမှားမှုက အိုးမည်းသုတ်သည်ဟု ဆိုသည်။

အယောနိသောမနသိကာရသည် ရန်တိုက်ကောင်းပုံကို သရုပ်ဖော် ဟောကြားသည် [နှာ–၄၉၃]။ ထို့နောက်မှ နှလုံးသွင်း မှားနေကြတာကို ဇာတ်သိမ်း

ရမည်ဟု ဆုံးမသည် [နှာ-၅၀၂]။ ထို့နောက် သုံးဆယ့်တစ်ဘုံမှာ အိုနာသေဘေး မလွတ်ကြောင်းပြသည်။ ထိုလမ်းသည် နလုံးသွင်းများသူတို့ သွားရာလမ်းဖြစ်ကြောင်း ဟောကြားသည် [နှာ-၅၀၅]။ အာသဝေါတရား လေးပါးကြောင့် ပဋိစ္စသမုပ္ပာဒ် သံသရာစက်ဝိုင်းကြီး လည်နေပုံကို ရှင်းပြသည်။ အဝိဇ္ဇာ ဘယ်ကလာသလဲ၊ အာသဝ က လာသည်။ အာသဝ ဘယ်ကလာသလဲ။ အယောနိသောမနသိကာရက လာသည်ဟု ဖော်ပြထားသည်။ [နှာ-၅၀၉] နလုံးသွင်းများတော့ အာသဝ ပေါ်တယ်။ အာသဝနှင့် လှည့်လိုက်တော့ ကာမ၊ ရူပ၊ အရူပ၊ အပါယ်ဘုံလေးပါးကို ရောက်ရသည် [နှာ-၅၁၁]ဟုလည်း ရှင်းပြထားသည်။

ဤတွင် အာသဝကို ပဓာနထားပြီး ဟောပြန်သည် [နှာ-၅၁၄]။ ခန္ဓာငါးပါး ရှု၍ ဖြစ်ပျက်မြင်မှ နလုံးသွင်း မှန်ပြီး ဘယ်ဘုံဘဝကိုမှ မလိုချင်တော့ပါ [နှာ-၅၁၉]။ တရားခေါင်းစဉ်တွင် အားကိုးရာအစစ် ရှာကြပါဟု တိုက်တွန်းထားသည်။ သို့သော် နလုံးသွင်းမှန်မှု အာသဝပယ်မှုကိုသာ ပဓာနထား၍ ဟောတော်မူသောကြောင့် နလုံးသွင်း မှန်မှုကို အားထားရမည်ဟု နားလည်သင့်ပါကြောင်း။

အချိန်ကုန်၍ တရားနားသည်။

*

## ၁၃။ အိမ်တွင်း ပဋိစ္စသမုပ္ပာဒ်တရား(၂၃)

[၁၄-၁၂-၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

(၁၄-၁၂-၆၁) နေ့စွဲမှာ ထပ်နေပြန်သည်။ ဒကာ၊ ဒကာမတို့၏ သန္တာန်မှာ တရားတွေ ရှိနေလို့ ဘုန်းကြီးက တရား အားထုတ်ဖို့ တိုက်တွန်းရကြောင်းဖြင့် စတင် ဟောကြားပါသည်။ ခန္ဓာထဲမှာ ရှိသော တရားများမှာ လေးမျိုးဖြစ်သည်။ မည်းနက်သော တရားတစ်မျိုး၊ ဖြူစင်သော တရားတစ်မျိုး၊ အမည်းအဖြူရောသော တရားတစ်မျိုး၊ မမည်းမဖြူသော တရားတစ်မျိုး ဖြစ်သည် [နှာ-၅၂၆]။ လူတွေ အများ သိထားကြတာက အကောင်းအဆိုး တရားနှစ်မျိုးပဲ ရှိသည်ဟု ထင်ကြသည်။ [နှာ-၅၂၇]

သတ္တဝါများမှာ ခန္ဓာကိုခင်၍ ရာမိုးခြင်း ဖြစ်လာရပုံကို ပဋိစ္စသမုပ္ပာဒ်အရ ရှင်းသည်။ တဏှာ၊ ဥပါဒါန်၊ ကံဖြစ်ပုံ ပြသည်။ ထိုသို့ ရာမိုးကြရသောကြောင့် မည်းနက်သော တရားတွေ ဖြစ်လာသည် [နှာ-၅၃၀]။ ညဥ့်အမှောင်ထဲ မြွေပွေး

ကိုက်သည်။ ဘာကောင် ကိုက်မှန်းမသိသော အဖြစ်မျိုး ကြုံနေရသည်။ ဝေဒနာန် ပဋိစ္စတဏှာ၊ တဏှာကို အစွဲပြု၍ ပရိယေသန ဝမ်းစာရှာကြရပုံကို ဟောသည်။ ဝမ်းစာရှာရသော တဏှာကပင် ပုထုဇဉ်ကို အပါယ်ပို့သည်။ အသီးသီးသော ဝါးပင်၊ ငှက်ပျောပင် အသီးသီး၍ သေရသလို ဖြစ်ပုံကို ဥပမာဖြင့် ဟောသည် [နှာ–၅၃၂]။ ဒီဃနိကာယ် သုတ်မဟာဝါ မဟာနိဒါနသုတ်ကို အခြေခံ၍ ဟောသည် [နှာ–၅၃၃]။

ခန္ဓာခင်တာလည်း တဏှာ၊ ရှာမှီးချင်တာလည်း တဏှာ တဏှာက နှစ်မျိုးဖြစ်သည်။ [နှာ–၅၃၄] ဤသို့ လည်နေသော ပဋိစ္စသမုပ္ပါဒ်မှာ သံသရာလည်သော ပဋိစ္စသမုပ္ပါဒ် မဟုတ်။ အိမ်တွင်းမှာ လည်သော ပဋိစ္စသမုပ္ပါဒ် ဖြစ်ကြောင်း ရှင်းပြထားသည် [နှာ–၅၃၆]။ ထို့နောက် ရှာ၍ ရလာတော့ လာဘံ ပဋိစ္စဝိနိစ္ဆယော လာဘ်လာဘရတော့ ဆုံးဖြတ်ရသည်။ အရှင်အာနန္ဒာက သူ့အမြင် ပဋိစ္စသမုပ္ပါဒ် လွယ်သည်ဟု ဘုရားကို လျှောက်ထားသောကြောင့် မလွယ်ပုံ ဤတရားတွင် ဟောကြားခြင်း ဖြစ်သည်။ ဤဆုံးဖြတ်ချက်မှာလည်း တဏှာဒိဋ္ဌိဖြင့် ဝေပုံချခြင်း ဖြစ်သည် [နှာ–၅၄၀]။ ရလာသော ပစ္စည်းဥစ္စာကို ဝေပုံချခြင်း ဖြစ်သည်။ ဆုံးဖြတ်ချက်ချကာ တဏှာ၊ မာန၊ ဒိဋ္ဌိဖြစ်သည်။ အပါယ်သွားမည့် တရားများဖြစ်၏။ [နှာ–၅၄၄] လူကြီးတွေက ဤတရားတွေ လက်ကိုင်ထားတာ များသည်။

ဒါကြောင့် လူကြီး ငရဲမှာ ကျရောက်တာ များသည် [နှာ–၅၄၇]။ အိမ်ထဲနေရင်း အပါယ်ကျရခြင်း ဖြစ်သည် [နှာ–၅၄၉]။ ခန္ဓာက စခဲ့တာ အပါယ်ကျအောင် ခန္ဓာ နိပ်စက်သည် [နှာ–၅၅၀]။ ဝိနိစ္ဆယံ ပဋိစ္စ ဆန္ဒရာဂေါ ဆုံးဖြတ်မှုက ဆန္ဒရာဂကို ဖြစ်စေပြန်သည်။ စိတ်အထင်က တစ်မျိုး အကျိုးပေးချိန် ပိုလုပ်မှ ဆိုသည်က ဆန္ဒရာဂ ပိုလုပ်သဖြင့် အပါယ်ကျဖို့ လမ်းပိုများတာက ဓမ္မဖြစ်စဉ် ထိုဖြစ်စဉ်က တစ်မျိုးဖြစ်၏ [နှာ–၅၅၁]။

ထို့နောက် အဇ္ဈောတသာန်ပဋိစ္စပရိဂ္ဂဟော ရတုန်းအားသွန် ရှာဖွေပြီး သိမ်းဆည်းသည်။ ပရိဂ္ဂဟံပဋိစ္စမစ္ဆရိတာ သိမ်းဆည်းတာ မစ္ဆရိယဖြစ်လို့ [နှာ–၅၅၈] မစ္ဆရိယပဋိစ္စာ အာရက္ခော သိမ်းဆည်းသဖြင့် စောင့်ရှောက်ရပြီ။ [နှာ–၅၅၉] အာရက္ခာနှင့် ပဋိစ္စသတ္တဒါန် စောင့်ရှောက်မှုကြောင့် လက်နက်ရှာရသည်။ တဏှာမူလက ကိုးချက် [နှာ–၅၆၄]။ အိမ်တွင်းက အပါယ်သွားသော ပဋိစ္စသမုပ္ပါဒ် တရားတွေ ဖြစ်သည်။ ဒါကြောင့် လူတစ်သန်းသေနတ်ရှာသုဂတိ ရောက်သူ

တစ်ယောက်မျှ မရှိဟု ဟောခြင်းဖြစ်၏။ [နှာ-၅၆၆] ဤဖြစ်စဉ်ကို ဝိပဿနာနှင့် ဖြတ်မှရမည်။ ဒါနနှင့် ဖြတ်၍မရပုံကို ပြထားသည် [နှာ-၅၆၇]

အချိန်စေ့၍ တရားနားသည်။

၀

ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၇) ပြီး၏။

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စခန်းတရား

စာအုပ်အမှတ်(၈)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၈)

**နိဒါန်း**

ဤအမှတ်စဉ်(၈) စာအုပ်မှာလည်း ၁၉၆၁ ခုနှစ်၊ နိဝင်ဘာလ အတွင်းက အမရပူရမြို့ ဓမ္မာရုံမှာ ဟောကြားတော်မူသော ဝိပဿနာ အလုပ်ပေးတရားများကို စုပေါင်း ရိုက်နှိပ်ထားသော စာအုပ်ဖြစ်၏။ ၁၉၆၁ ခုနှစ်၊ ၁၁ လပိုင်း၊ ၁၅ ရက်မှ ၂၈ ရက် အတွင်း ဟောကြားသော တရားဖြစ်သည်။ အမှတ်စဉ်(၇) စာအုပ်မှာ ၃၀–၁၁–၆၁ နောက်ပိုင်း ဟောတရားများ ဖြစ်သည်။ အမှတ်စဉ်(၈)က စောပြီး အမှတ်စဉ်(၇)က နောက်ဟောတရားများ ဖြစ်သည်။ သို့သော် နိဒါန်း ရေးသားသူ ဆရာကြီးဦးသံဒိုင်၏ စိတ်တွင် အကြောင်းအရာ နီးစပ်မှုကို ဦးစားပေး၍ စာအုပ်များကို စီစဉ်ထားဟန် တူသည်။ သူ၏ နိဒါန်းတွင် ဆရာကြီးဦးသံဒိုင်က အမှတ်စဉ်(၈) တရားစာအုပ် ထုတ်ဝေရာတွင် ၎င်းစာအုပ်ပါ တရားများမှာ အလုပ်ပေးတရားချည်းသာ ဖြစ်ကြောင်း၊ ဤစာအုပ်ကို ဖတ်ရှုလျှင် ကမ္မဋ္ဌာန်းဆရာတစ်ဦးက အလုပ်ပေး တရားကို သင်ပေးနေသကဲ့သို့ ထင်ရမည် ဖြစ်ကြောင်း ရေးသားထားသည်။

ဤစာအုပ် အဖွင့်တွင် မိုးကုတ်ဆရာတော်ကြီး၏ အောက်ပါ ဆောင်ပုဒ်လင်္ကာများကိုလည်း ဖော်ပြထားသည်။

– သူတော်ဆည်းကပ်၊ မြတ်တရားနာ၊ လျော်စွာပြုကျင့်၊ မဂ်ဖိုလ်ခွင့်၊ ရလင့် ကေန်သာ၊

– ဖြစ်ပျက်သမ္မာ သဒ်ါရ၊ ဒုက္ခသစ္စာမှတ်၊

– ဖြစ်ပျက်မှုတွင် ငါကောင်ထင်၊ ခင်မင် သမုဒယမှတ်၊

– ရုပ်နာမ်အားလုံး ဖြစ်ပျက်သည်း၊ ချုပ်ဆုံးနိဗ္ဗာန်မှတ်၊
– ချုပ်ဆုံးမှုတွင် ဉာဏ်သက်ဝင်၊ သိမြင်မဂ်ဟု မှတ်၊

## ၁။ ညအလုပ်ပေးတရား

[၁၅–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသော တရား]

ဘုရားက ဓဇဂ္ဂသုတ်မှာ 'သွာက္ခာတော ဘဂဝတာ ဓမ္မော' ဟု ဟောထားကြောင်းဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ မြတ်စွာဘုရားသည် တရားတော်ကို ကောင်းစွာ ဟောကြားထားသည်။ ဘာတွေ ဟောသလဲ၊ ပဋ္ဌာန်း၊ ပဋိစ္စသမုပ္ပာဒ် သစ္စာတရားများကို ဟောသည်။ မဖောက်ပြန်သော တရားများဖြစ်သည်။ ဤတရားများမှာ ဘုရားမပွင့်လည်း ရှိ၊ ပွင့်လည်းရှိသော တရားများ ဖြစ်ကြ၏။ ကောင်းစွာ ဟောကြားသော တရားတွင် ဝိပဿနာ ရှုပုံရှုနည်းကိုလည်း သင်ထားသည်။ သန္ဒိဋ္ဌိကော ကိုယ်တိုင် သိမြင်ရသော တရားများဖြစ်၏။ [နှာ–၃] သန္ဒိဋ္ဌိကော သာမံပဿိတဗ္ဗော ကိုယ်တိုင် သိမြင်အောင် ကြိုးစားရမည်။ ပိဋကအမြင်ဖြင့် နိဗ္ဗာန် မရောက်ကြောင်းလည်း ဘုရား ဟောကြားထားကြောင်း ပြသည်။ သာမံပဿိတဗ္ဗောဆိုသော စကားဖြင့် အလုပ်စဉ်ကို စတင်ပေးသည်။ [နှာ–၄]

ကိုယ်တိုင်မြင် ဆိုသည်မှာ မျက်လုံးဖြင့် မြင်ခြင်းကို မဆိုလို ဉာဏ်ဖြင့်မြင်ခြင်းကို ဆိုလိုသည်။ ပဋ္ဌာန်း ဘယ်မှာရှိ၊ ခန္ဓာမှာရှိသည်။ ပဋိစ္စသမုပ္ပာဒ် ဘယ်မှာရှိ ခန္ဓာမှာ ရှိသည်။ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ဘယ်မှာရှိ၊ ခန္ဓာမှာရှိသည်။ ဆရာမတွေ့သေးသရွေ့ ခန္ဓာမှာ ဤသစ္စာ နှစ်ခုပဲ ရှိသေးသည်။ [နှာ–၅] သံသရာလည်သည် ဆိုခြင်းမှာ သမုဒယသစ္စာနှင့် ဒုက္ခသစ္စာ လည်နေခြင်း ဖြစ်သည် [နှာ–၆]။ လောကမှာ ဝန်ထုပ်ကြီး ထမ်းနေရသူတို့က ဒုက္ခသစ္စာကို သုခသစ္စာ ထင်နေကြသည်။ ဝန်ပေါ့သူ ပစ္စည်း မရှိသူတွေကလည်း သုခကို ဒုက္ခသစ္စာ ထင်နေကြသည်။ မျက်စိလည်နေကြပုံကို ထင်ရှားအောင် ပြသည်။ [နှာ–၁၅၊၁၈] ဤသို့ ဖြစ်နေခြင်းသည် သာမံပဿိတဗ္ဗော ကင်းနေခြင်းကြောင့် ဖြစ်သည်။

သန္ဒိဋ္ဌိကောသည် ဘုရားရှိခိုး လုပ်ရမှာ မဟုတ် ခန္ဓာကို သစ္စာမြင်အောင် ကြည့်ရမှာ ဖြစ်သည် [နှာ–၁၉]။ လူတွေက မရှိတာကို ဆင်းရဲသည် ရှိတာကို ချမ်းသာသည်ဟု ထင်နေကြသည်။ မရှိသူလည်း အလွဲ၊ ရှိသူလည်း အလွဲ ဖြစ်နေကြသည် [နှာ–၂၀]။ အရူးနှစ်ယောက် ဖြစ်နေသည် [နှာ–၂၂]။ ဤအရူးနှစ်ယောက်

ကို ဘယ်ဆေးနှင့် ကုမလဲဟု ဘုရားက ရှာလိုက်တော့ သန္တိဋ္ဌိကော ဆေးနှင့် ကုရမည်ဟု ဆိုသည်။ ခန္ဓာကို အမှန်အတိုင်း မြင်မှ ဤအရှုး ပျောက်လိမ့်မည် [နှာ–၂၃]။ သန္တိဋ္ဌိကောကို ယနေ့ကစ၍ အသုံးချပါဟု တိုက်တွန်းသည်။ သန္တိဋ္ဌိကော တစ်လုံးကို ပိုင်လျှင် ဒုက္ခဝဋ်ကျွတ်သည်ဟုလည်း မိန့်သည် [နှာ–၂၄]။ သန္တိဋ္ဌိကော က ပဋိစ္စသမုပ္ပာဒ်ပြတ်အောင် လုပ်နိုင်သည် [နှာ–၂၅]။ ခန္ဓာဖြစ်ပျက် ဒုက္ခသစ္စာကို သန္တိဋ္ဌိကောဖြင့် ကိုယ်တိုင် မြင်လိုက်ပြီဆိုလျှင် အဝိဇ္ဇာလည်း ချုပ်၊ တဏှာလည်း ချုပ်သည် ဒိဋ္ဌိလည်း ချုပ်သည်ဟု မိန့်ပါသေးသည်။ [နှာ–၂၆]

သူတစ်လုံးကို ပိုင်လျှင် သောတာပန်တည်သည် [နှာ–၂၇]။ သန္တိဋ္ဌိကော ဆိုတာ၊ အလယ်လမ်း၊ မဇ္ဈိမပဋိပဒါ ဖြစ်ကြောင်းလည်း ဟောသည် [နှာ–၂၉]။ ခန္ဓာဒုက္ခသစ္စာက ဖြစ်ပျက်၊ သန္တိဋ္ဌိကောက မဂ်၊ အလယ်လမ်းကို ရောက်သွား သည် [နှာ–၃၃] ဟုလည်း ညွှန်ပြတော်မူသည်။ သန္တိဋ္ဌိကောသည် ရွတ်ဖို့မဟုတ်၊ ကျင့်ဖို့ဖြစ်သည်။ သောက်ဆေးကို လိမ်းဆေး မလုပ်ပါနှင့်လည်း ဆုံးမသည်။ ခန္ဓာဖြစ်ပျက် ရှုသောအခါ ကာမသုခလ္လိကနုယောဂလည်း မလိုက်ရ၊ အတ္တကိလမထ နုယောဂလည်း မလိုက်ဘဲ အလယ်မဇ္ဈိမပဋိပဒါကျအောင် သန္တိဋ္ဌိကောကို လိုက်ရ မည်ဟုလည်း ညွှန်ပြထားသည် [နှာ–၃၈]။ ဝိပဿနာ ရှုသည့်အခါ ဒေါသနှင့်လည်း မလိုက်ရ၊ လောဘနှင့်လည်း မလိုက်ရ ဟိုပဿိကော ခေါ်ရာကို သန္တိဋ္ဌိကောနှင့် လိုက်ရမည်။ [နှာ–၃၉] ဒါမှ အလယ်လမ်းကျကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၂။ အပုံးနှစ်ချပ် ဖွင့်မှ နိဗ္ဗာန်မြင်မည့်တရား

[၁၆–၁၁–၆၁ အမရပူရမြို့ ဓမ္မာရုံမှာ ဟောသောတရား]

ဒကာ၊ ဒကာမများ နေ့တိုင်း ရှုနေကြသော ဖြစ်ပျက် ဝိပဿနာမဂ်သည် နိဗ္ဗာန်သို့ ရောက်အောင် ပို့လိမ့်မည်ဆိုသော အမှာစကားဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။ နိဗ္ဗာန်သည် အချိန်မရွေး ရှိသည်။ ပြုပြင်ထားသော တရားမဟုတ်။ အတ္တိဘိက္ခဝေ နိဗ္ဗာန်ဆိုသော ပါဠိတော်အရ ထင်ရှားသည်။ [နှာ–၄၂] ဥဒါန်းပါဠိတော်မှာ လာသည်။

အပစ္စယောဓမ္မာ ဘယ်သူမှ မပြုလုပ်ဘဲ ဖြစ်နေသောတရား ဖြစ်သည်။ အသင်္ခတဓမ္မာလည်း ဖြစ်သည်။ အသင်္ခတနိဗ္ဗာန်ကို သင်္ခတနယ်မှ ထွက်မှ

ရောက်မည်။ ခန္ဓာသည် သစ်တမွေ ဖြစ်သည်။ ခန္ဓာနယ်၊ သစ်တနယ်က ထွက်နည်းကို ဗုဒ္ဓဘုရားပွင့်မှ သိကြသည်။ [နှ၁–၄၅] မဂ္ဂင်ရထားစီးမှ နိဗ္ဗာန်သို့ ရောက်နိုင်သည်။ ဘုရားမပွင့်မီက နိဗ္ဗာန်ရှိမှန်း မသိ၍ သုဂတိလမ်း၊ ဥဂ္ဂတိလမ်းကိုပဲ သွားနေကြသူတွေ များသည်။ နိဗ္ဗာန်ကို လူတိုင်းသိအောင် ပန်းချီရေးပြလို့လည်း မရပါ။ လုံးရပ်သဏ္ဌာန်၊ ပုံဟန်နိမိတ် မရှိသောကြောင့် ဖြစ်၏ [နှ၁–၄၈]။ နိဗ္ဗာန်သည် တစ်ခေါက်လျှင် တစ်ခေါက် မပြန်သော နေရာဖြစ်သည်။ ပျက်စီးခြင်းလည်း ကင်းသည်[နှ၁–၄၉]။ ဝိပဿနာသည် သစ်တ ဖြစ်ပျက်ကို ရှုခြင်းဖြစ်သည်။ သစ်တ ဖြစ်ပျက်ကိုမြင်၊ သစ်တကို မုန်း၊ သစ်တ ဆုံးအောင်လိုက်မှ နိဗ္ဗာန်ကို ရောက်သည်။ အသံခတသို့ ရောက်သည် [နှ၁–၅၁]။ သစ်တဆုံးလျှင် နိဗ္ဗာန်ကို တွေ့ပြီဟု ဟောထားသည်။ သစ်တနယ်အဆုံး နိဗ္ဗာန်ဆိုသောကြောင့် ခန္ဓာအဆုံး တစ်လံကွာလောက်မှာ နိဗ္ဗာန်ရှိသည်ဟု မှတ်ရမည် [နှ၁–၅၂]။ နိဗ္ဗာန်ကို ရှာတွေ့ရန် ကိစ္စမှာ သစ္စာတရားကို နှာမှုသည် ပထမဖြစ်၏။ [နှ၁–၅၅]။ နိဗ္ဗာန်ကို ဒုက္ခဖုံးကွယ်နေသည် [နှ၁–၅၆]။ ဒါကြောင့် ကိုယ့်ဒုက္ခကို ကိုယ်သိအောင် လုပ်ရမည်။ ကိုယ့်ကိုယ်ထဲမှာ မဂ်ဉာဏ်ပေါ်အောင် လုပ်ရမည်။ [နှ၁–၅၇] မဂ်ရထားပေါ်ကို သူတစ်ပါးက ဆွဲတင်ချင်လို့ မရဘူး။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အမျှဝေလို့ မရဘူးဟု မိန့်သည် [နှ၁–၅၈]။

ဤသို့ မိန့်ဆိုပြီးနောက်တွင် တရားတွင် မဂ္ဂပစ္စယော သုံးမျိုးရှိပုံကို ပြသည် [နှ၁–၆၃]။ သုဂတိမှ ဒုဂ္ဂတိသွားလည်း မဂ္ဂပစ္စယော၊ ဒုဂ္ဂတိမှ သုဂတိသွားလည်း မဂ္ဂပစ္စယောပဲ။ သုဂတိမှ နိဗ္ဗာန်ကို သွားရင်လည်း မဂ္ဂပစ္စယောပဲဟု ပြသည်။ ထို့ကြောင့် ရထားစီးမှန်ဖို့ မမှားဖို့ အရေးကြီးသည်ဟု ဆိုသည်။ တစ်သံသရာလုံး ရထားစီး လွဲခဲ့လို့ချည်း ဒုက္ခရောက်ရတာဟုလည်း မိန့်သည် [နှ၁–၆၄]။ ရထားစီးမှားခဲ့လို့ သာသနာတွင်း မရောက်ကြတာ ဝိပဿနာရှုမှ သာသနာတွင်း ရောက်မည်ဆိုသည်။ ဟေပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့် လိုက်ရမည်ဆိုသော စကားကို ထပ်ပြောသည်။ [နှ၁–၆၉] ဟေပဿိကောက အာရုံ သန္ဒိဋ္ဌိကောက အာရုမ္မဏိက ဖြစ်ကြောင်းပြသည် [နှ၁–၇၀]။

နဂိုက နိဗ္ဗာန်ကို သစ်တဖုံးနေတယ် [နှ၁–၇၁]ဟုလည်း မိန့်သည်။ သစ်တကို မုန်းအောင်ရှု၊ သစ်တဆုံးတော့ နိဗ္ဗာန်ပေါ်သည် [နှ၁–၇၂]။ အရဏဝိဘင်္ဂသုတ်မှာ မြတ်ဗုဒ္ဓက ဒုက္ခသဿဒ္ဓကရဿတိ ဒုက္ခဆုံးမှ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြောင်း ဟောသည် [နှ၁–၇၂]။ ဒုက္ခ အဝိဇ္ဇာတဏှာ ဖုံးသည်။ နိဗ္ဗာန်ကို ဒုက္ခဖုံးသည်။ ထိုအဖုံးနှစ်ချပ်ကို ဖွင့်တတ်ရမည်ဟု မိန့်သည်။ ဖြစ်ပျက်ကို မမြင်တာ ကိလေသာ

ဖုံးလို့ နိဗ္ဗာန်ကို မမြင်တာက ဖြစ်ပျက် ခန္ဓာဒုက္ခသစ္စာ ဖုံးလို့ ဖြစ်ပုံကို ရှင်းထားသည် [နှာ-၇၄]။ နိဗ္ဗာန်ကို ကိလေသာ ဖုံးသည်။ ဒုက္ခသစ္စာ ဖုံးသည် [နှာ-၇၅]။ အဖုံးနှစ်ချပ် ဖွင့်တတ်မှ ရသည်။ နိဗ္ဗာန် လိုချင်ရင် ကိလေသာကို ဖောက်ထွင်း ရမည်။ ကိလေသာကို ဖောက်ထွင်းမှ ဖြစ်ပျက် ဒုက္ခသစ္စာကို မြင်ပြီး ဒုက္ခသစ္စာ မလိုချင်သော ဉာဏ်ပေါ်မှ နိဗ္ဗာန်ကို မျက်မှောက်ပြုမည် [နှာ-၇၆]။ ကိလေသာ ကိုလည်း နိုင်၊ ဒုက္ခကိုလည်း ပိုင်ပိုင်နိုင်နိုင် သိပြီဆိုလျှင် နိဗ္ဗာန်သည် အနီးကလေး ဖြစ်ကြောင်း ဟောကြားထားသည်။ အချိန်ကုန်၍ တရားရပ်နားသည်။

*

## ၃။ ညအလုပ်ပေးတရား

[၁၇-၁၁-၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်၌ ဟောသောတရား]

မာတိကာတွင် 'အလုပ်သင်တရား' ဟု ပြထားသည်။ ဤတရားသည် အလုပ်သင်တရားဟု မှတ်ပါဆိုပြီး စတင် ဟောကြားသည်။ ဘုရားက သွာက္ခာတော ဘဂဝတာဓမ္မောဟု ဟောထားကြောင်း နိဗ္ဗာန်ရောက်ကြောင်း ကောင်းမြတ်သော တရားကို ဘုရားက ဟောကြားထားသည်။ ထိုတရားကို ကိုယ်တိုင်မြင်အောင် (သန္ဒိဋ္ဌိကော) လုပ်ပါဟု မိန့်ထားသည်။ ကောင်းစွာ ဟောထားသော တရားဆိုတာ ခန္ဓာက တရားတွေဖြစ်ကြောင်း ပြညွှန်ထားသည် [နှာ-၈၀]။ ထိုတရားများကို သာမံပဿိတဗ္ဗောဖြစ်အောင် လုပ်ရမည်။ ရွတ်ဖတ်နေရုံဖြင့် မပြီးကြောင်း ပြသည်။ [နှာ-၈၂] ဤ တရားသည် အလုပ်စဉ်တရားပင် ဖြစ်သည် [နှာ-၈၄]။ ဤတရား တွင်လည်း ဟေဝိပဿိကော ခေါ်ရာကို သန္ဒိဋ္ဌိကောနှင့်လိုက်ပါ ဆိုသော စကားကိုပင် ထပ်ဟောသည် [နှာ-၈၅]။

သန္ဒိဋ္ဌိကောဆိုတာ ဘာလဲဟု ဉပဝါဏက မေးသည်။ ကိုယ့်သန္တာန်မှာ လောဘဖြစ်လျှင် လောဘဖြစ်မှန်းသိ၊ ဒေါသဖြစ်လျှင် ဒေါသဖြစ်မှန်း သိပါ။ သိလျှင် ထိုတရားများကို ဉာဏ်နှင့် လိုက်ရမည်။ လိုက်ကြည့်ပါက ၎င်းတို့သည် ပေါ်ပြီး ပျောက်ဖြစ်ပြီး ပျက်သွားသော တရားများဖြစ်ကြောင်း သိရမည်။ အနိစ္စကို တွေ့ရမည်။ [နှာ-၈၆] မရှိတာပဲ တွေ့ရမည်။ ဘယ်လို မရှိတာလဲ ဟုတွာအဘာ ဝတ္တေနအနိစ္စ ရှိပြီးနောက် မရှိဖြစ်သွားတာ ဖြစ်သည်။

ထို့နောက် တရားနောက်ကို လောဘတဏှာနှင့် လိုက်ပုံ၊ ဒေါသနှင့် လိုက်တတ်ပုံကို သရုပ်ပေါ်အောင် ရှင်းပြသည် [နှာ-၈၇]။ ဓမ္မခေါ်ရာကို လောဘ၊

ဒေါသနှင့် မလိုက်ရ ဉာဏ်နှင့် လိုက်ရမည်။ အနိစ္စခေါ်ရာကို ဉာဏ်နှင့် လိုက်ရမည်။ ထိုကဲ့သို့ ရှုလိုက်သဖြင့် သာမံပဿိတဗ္ဗော ကိုယ်တိုင် အနိစ္စကို မြင်သွားသည့်အတွက် ကိလေသာတွေ မလာနိုင်တော့ပါ [နှာ–၈၈]။ လောဘ၊ ဒေါသ၊ မောဟချုပ်တာ နိဗ္ဗာန်ခေါ်သည် [နှာ–၈၉]ဟုလည်း ဆုံးဖြတ်ပြထားသည်။ အခါမလင့် အကျိုးပေးတာ နိဗ္ဗာန်ဖြစ်ပုံကို ပြသည်။ သို့သော် ဟေိပဿိကောနှင့် သန္ဒိဋ္ဌိကောကို မပိုင်လျှင် နိဗ္ဗာန်မရကြောင်း ထောက်ပြသည် [နှာ–၉၁]။ ဟေိပဿိကော ခေါ်ရာ သန္ဒိဋ္ဌိကောနှင့် လိုက်တတ်လျှင် အကာလိကော အခါမလင့် အကျိုးပေးသည်ဟု ဆိုသည်။ [နှာ–၉၂]

နိဗ္ဗာန်သည် ရာဂ ဒေါသ မောဟ ချုပ်တာဖြစ်သည်။ [နှာ–၉၄] ဉာဏ်နှင့် လိုက်လျှင် အဝိဇ္ဇာချုပ်၍ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ ကိလေသာ ပြတ်သည်။ ထိုအခါ သဉပါဒိသေသနိဗ္ဗာန် ခန္ဓာမှာ ပေါ်သည် [နှာ–၉၄]။ နိဗ္ဗာန်မှာ မဝေးပါဟု ဆိုသည်။ ပြီးမှ ပါရမီ မလို၊ နိဗ္ဗာန်ရရေးမှာ ကလျာဏမိတ္တသာ လိုကြောင်းဟောသည် [နှာ–၉၅]။ ဤတရားတွင် လှေကို ဥပမာထားပြီး ဟောသည်။ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ပင် ဘုရားနှင့် တွေ့၍သာ ရဟန္တာများ ဖြစ်ကြရပုံကို အကျယ် ဟောသည် [နှာ–၉၉]။ ပါရမီထက် ဆရာ အရေးကြီးပုံကို ပြခြင်းဖြစ်သည်။ [နှာ–၁၀၀]

ထို့နောက် ကိလေသာတို့၏ ငြိမ်းအေးခြင်းကို နိဗ္ဗာန် ခေါ်ကြောင်းကို ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာကို ကိုးကားပြီး ဟောသည် [နှာ–၁၀၃]။ ဒါအလုပ်စဉ် တရားပဲ ဟုလည်း မိန့်သည်။ ဓမ္မခေါ်ရာ ဉာဏ်နှင့် လိုက်ရမည်။ ခန္ဓာပြောပုံဟု ဆိုသည်။ ထိုသို့ လိုက်တတ်လျှင် ခုချက်ချင်း အကျိုးပေးသည် [နှာ–၁၀၅]။ အလိုက်မှန်ဖို့သာ အရေးကြီး၏။

ဓမ္မကို အဓိပ္ပာယ် ဖွင့်ပေးပြန်သည်။ ဓာရေတီတိဓမ္မော၊ နိဗ္ဗာန်ကို ဆောင်ပို့တတ်၏။ ထို့ကြောင့် ဓမ္မမည်၏ [နှာ–၁၀၆]။ ထို့နောက် ရှုစိတ်၊ ရှုဉာဏ်ကလည်း နိဗ္ဗာန်သို့သာ ပို့ဆောင်တတ်ကြောင်း ပြသည်။ 'အတ္တနော စိတ္တံ နပနေတဗ္ဗော' ဤတွင် ဆောင်ပို့သည်ဆိုသော စကား၏ အနက်သွားပုံကို ရှင်းလင်းထားသည်။ ပစ္စတ္တံဝေဒိတဗ္ဗော အသီးသီး ဆောင်၏။ ရအပ်၏။ ခံစားအပ်၏။ လုပ်သောသူမှာ ဆောင်သည်ရသည်ဟု ဆိုလိုသည်။ ကိုယ့်ပဋိစ္စသမုပ္ပာဒ်ကို ကိုယ်ဖြတ်၊ ကိလေသာ ပြတ်လျှင် နိဗ္ဗာန်ကို ရှုဉာဏ်က ဆောင်သည် [နှာ–၁၀၉]။ လုပ်သောသူသာ ရသည်။ ရသော မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အမျှဝေ၍ မရပါ။ [နှာ–၁၁၀] တရား

ဂုဏ်တော် ခြောက်ပါးသည် အလုပ်စဉ်ပြတာဟု ဆရာတော် ရှုမြင် သုံးသပ်သည် [နှ၁–၁၁၂]။ တရားဂုဏ်တော်ကို ရွတ်နေရုံဖြင့် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မရနိုင်၊ ကုသိုလ်တော့ ရနိုင်သည်ဟုလည်း ထောက်ပြသည် [နှ၁–၁၁၃]။ ဆရာကောင်းတွေ့ပြီး အလုပ်စဉ်မှန်လျှင် မနက်အားထုတ် ညနေ တရားရသည်ဟု မိန့်သည် [နှ၁–၁၁၆]။

ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်ဆိုလျှင် ထိုစကားကို သူတစ်ပါး မကြိုက်လည်း ပြောရမည်ဖြစ်ကြောင်းကို ကလေးတစ်ဦး မန်ကျည်းစေ့ မျိုု၍ လည်ချောင်းပိတ်နေလျှင် အာခေါင်ဟပြီး အတင်း ကလော်ထုတ်ရမည်။ ကလေးက မကြိုက်သော်လည်း လုပ်ရမည် ဖြစ်ပုံကို ဥပမာ ပြသည် [နှ၁–၁၂၀]။ ဒါကြောင့် ဟုတ်တာမှန်တာ၊ အကျိုးရှိတာကို ပြောလျှင် လိုက်နာရမည်ဟု တိုက်တွန်းသည်။ အချိန်စေ့၍ တရားရပ်နားသည်။

*

## ၄။ ကာမစ္ဆန္ဒနီဝရဏသဘောနှင့် ၎င်းမှ ထွက်မြောက်ကြောင်း ညအလုပ်ပေး တရား

[၁၈–၁၁–၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာ ကျောင်းပေါ်မှာ ဟောသော တရား]

အလုပ်ပေးတရားပေးလျှင် ရှုရမှာက ဝေဒနာကြိုက် ဝေဒနာရှု၊ စိတ်ကြိုက် စိတ်ဆယ့်သုံးပါးကိုရှု ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ရှုသောအခါ တွေဝေ ငေးမောနေသောကြောင့် မသိလိုက်တာတွေ ရှိနိုင်သည်။ သင်္ဂါရဝ သတို့သားက မြတ်စွာဘုရားအား မေးသော အမေးစကားကို ဟောသည်။

ရပြီးသား စာတွေ မေ့ပျောက်တာ၊ ပြန်ပြီး သတိရတာ ဘာအကြောင်းလဲဟု မေးသည် [နှ၁–၁၂၇]။ ဘုရားက ရေခွက်တစ်ခုထဲ ဆေးဖြူ၊ ဆေးဝါ၊ ဆေးနီ၊ ဆေးပြာတွေ ရောမွှေထားသောကြောင့် နောက်ကျိနေသောအခါ ကိုယ့်မျက်နှာအရိပ်ကို မမြင်နိုင်သလို၊ ကာမစ္ဆန္ဒနီဝရဏ ရှိနေလျှင် (အလိုရှိအပ်သော ပစ္စည်းကို လိုချင်ခြင်း တဏှာလောဘကြောင့်) မဂ်ဖိုလ်(ဉာဏ်)ကို ပိတ်ပင်သည် [နှ၁–၁၂၈]။ တရားရှုမှတ်နေစဉ် မိုက်ဆာလာလျှင် ဤတွင် ကာမက ထမင်း၊ ဆန္ဒက စားချင်မှု(ကာမစ္ဆန္ဒ)က ဖြစ်ပျက်မြင်သောဉာဏ်ကို ပိတ်ပင်လိုက်ကြောင်း ဟောထား

သည်။ ကာမစ္ဆန္ဒနီဝရဏက ဝိပဿနာဉာဏ်ကို ပိတ်ပင်လိုက်သည်။ [ နှာ–၁၂၉ ] ငါးပါးအာရုံ ကာမဂုဏ်ကို ဖယ်ရှားရေး နည်းလမ်းကို သိရမည်။ ပယ်နည်းကို သိရမည်။ အလုပ် လုပ်သူများမှာ ဤကိစ္စကို သိဖို့ အရေးကြီးသည် [ နှာ–၁၃၀ ]။ ဆရာတော်သည် ကာမစ္ဆန္ဒနီဝရဏ ဖြစ်တတ်ပုံ အမျိုးမျိုးကို သရုပ်ဖော် ဟောကြား ထားပါသည်။

လောကီအလို အလုပ်များသည်၊ ကိစ္စများသည် ဆိုခြင်းကို ဂုဏ်ယူရသော် လည်း လောကုတ္တရာ အမြင်မှာတော့ ထိုကာမစ္ဆန္ဒနီဝရဏများက မက်ဖိုလ်ထားသော တရားများ ဖြစ်နေပုံကို ပေါ်အောင် ဟောထားသည် [ နှာ–၁၃၃ ]။ အပြောယဉ် သလောက် အသွား အရုပ်ဆိုးသည်ဟု ထောက်ပြသည်။ [ နှာ–၁၃၄ ]

ကိစ္စကြီးငယ်တွေ၊ မလွဲတာတွေ၊ မအားတာတွေ၊ မကင်းတာတွေ၊ ခင်မှု မင်မှု ဆိုတာတွေအားလုံး ကာမစ္ဆန္ဒနီဝရဏများချည်း ဖြစ်သည်။ သစ္စာဖွဲ့ကြည့်လျှင် သမုဒယသစ္စာတွေပင် ဖြစ်သည်။ [ နှာ–၁၃၆ ] ကာမစ္ဆန္ဒနီဝရဏတွေ တစ်နေ့ ဘယ်နှကြိမ် ဖြစ်သလဲ၊ မရေမတွက်နိုင်အောင် ဖြစ်သည် [ နှာ–၁၃၇ ]။ ပဋိစ္စသမုပ္ပာဒ် အလယ်တဏှာက စဖောက်သည်။ တဏှာ၊ ဥပါဒါန်၊ ကံ ဖြစ်သွားတော့သည်။ ဝိပဿနာ ရှုနေတုန်း ကာမစ္ဆန္ဒ ဝင်လာတာ တားဆီးဖို့ ဝင်လာတာဖြစ်ကြောင်း သတိပေးသည်။ လူတွေက ချေးရောင်း ကောင်းချင်သည်။ ချေးရောင်းကောင်းတာ ကာမစ္ဆန္ဒများ လာခြင်းဖြစ်သည်။ သို့သော် ပုထုဇဉ်က အကျိုးပေးပါပြီဟု ထင်သည်။ အပါယ်သွားဖို့ အကျိုးပေးလာခြင်း ဖြစ်ပုံကို ထောက်ပြသည် [ နှာ–၁၃၈ ]။ တဏှာ ဥပါဒါန်နှင့် ကံမြောက်အောင် လုပ်တာမှန်သမျှ အပါယ်အကျိုးပေးသည်။ ကာမစ္ဆန္ဒ တွေ ဖြစ်နေလျှင် ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တအရိပ်များကို မမြင်နိုင်တော့ပါ [ နှာ–၁၄၄ ]။

ထို့နောက်မှ ကာမစ္ဆန္ဒနီဝရဏများကို ဖယ်နည်းပြသည်။ ကာမစ္ဆန္ဒနီဝရဏ လာလျှင်(လောဘလာလျှင်) လောဘကို ဖြစ်ပျက်ရှု၊ သောမနဿ ဝေဒနာလာလျှင် ဝေဒနာကို ဖြစ်ပျက်ရှုရမည်။ [ နှာ–၁၄၆ ] ကာမစ္ဆန္ဒနီဝရဏကိုလည်း အရှုခံတရား များအဖြစ် အသုံးချနည်းကို ပြထားသည်။

ဤအချက်သည် ဆရာတော်ကြီး၏ ထိုးထွင်း သိမြင်ခြင်း ဖြစ်သည်။ ဉာဏ်သေးသော သူများက ဘုရားက နီဝရဏလို့ပဲ ဟောထားသည်ဟုသာ နားလည် မည် ဖြစ်သည်ဟုလည်း ထောက်ပြထားသည်။ [ နှာ–၁၄၉ ] ကာမစ္ဆန္ဒကို ဝေဒနာ အဖြစ်မြင်လျှင် သောမနဿဝေဒနာ၊ ဥပေက္ခာဝေဒနာ ဖြစ်ပုံကိုလည်း ပြထားသည်။

စိတ်အဖြစ် ယှူလျှင် လောဘစိတ် ဖြစ်ပျက်ရှုနိုင်ပုံကို ပြသည်။ [နှာ–၁၅၀] ကာမစ္ဆန္ဒကို နိဝရဏဟု တထစ်ချ မယူဘဲ ဝေဒနာအဖြစ် ယူလျှင် ဝေဒနာ နုပဿနာ သတိပဋ္ဌာန်ဖြစ်ကြောင်း ပြထားသည်။ [နှာ–၁၅၁] ပါဠိတော်မှာ 'သရာဂံ ဝါ စိတ္တံသရာဂံ စိတ္တန္တိ ပဇာနာတိ'ကို ထောက်ပြသည်။ တားဆီးဖို့လာသော စိတ်ကို ဖြစ်ပျက် ရှုလိုက်တော့ ဖြစ်ပျက်က ဒုက္ခသစ္စာ၊ သိလိုက်တာက မဂ္ဂသစ္စာ ဖြစ်သွားသည်။ နိဝရဏသည် ဆရာကောင်း တွေ့သောကြောင့် ရန်သူမဟုတ်တော့၊ တရားရအောင် ကူညီသော မိတ်ဆွေ ဖြစ်သွားသည်။ [နှာ–၁၅၄]

ဤတရားတွင် နိဝရဏကို အသုံးချပုံ ပြသည်။ [နှာ–၁၅၅] နိဝရဏကို ဝေဒနာအဖြစ် ရှုလျှင် 'သုခံဝါ ဝေဒနံဝေဒယမာနော သုခံ ဝေဒနံ ဝေဒယာမိတိ ပဇာနာတိ' သဘောဖြင့် ရှုနိုင်ပုံကို ပြသည်။ ဤတွင် ဆရာတော်ကြီး၏ ထိုးထွင်းကြံဆ၍ အနက် ကောက်ယူပုံကို ထင်ရှားစွာ ပြသည်။ ကာမစ္ဆန္ဒကို လောဘအဖြစ် ရှုလျှင် ဖြစ်နေတုန်း သမုဒယ ပျက်သွားတော့ ဒုက္ခသစ္စာအဖြစ် ရှုမြင်နိုင်ကြောင်း ပြသည်မှာ ထူးခြား နက်နဲလှသည်။ [နှာ–၁၅၇] ကျမ်းစုံကြည့်ညှိပြီး ပြောမှ ဤအဓိပ္ပာယ်ထွက်ကို နားလည်နိုင်ကြောင်းလည်း ဟောထားသည် [နှာ–၁၆၃]။ (မှတ်ချက်– ဤသို့ ရှုရမည်ဟု ဘုရားက ဘယ်ပါဠိမှာ ဟောသလဲဟု ကန့်ကွက်လိုသူများကို ချေပထားဟန်တူသည်။)

*

## ၅။ ဗျာပါဒနိဝရဏနှင့် ထိနမိဒ္ဓနိဝရဏတို့အကြောင်း ညအလုပ်ပေးတရား

[၁၉–၁၁–၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်မှာ ဟောသော တရား]

ဤစာအုပ်ပါ တရားများသည် ညပိုင်းမှာ ဟောသော အလုပ်ပေးတရားများ ဖြစ်သည်။ ထိုစဉ်က နေ့ပွဲညပွဲ ဟောကြားနေကြောင်း ထင်ရှားပါသည်။ [နှာ–၁၄၃] နေ့လည်က ဟောထားတယ်ဆိုသော စကားသုံးထားပုံ တွေ့ရသည်။ ဤတရားတွင် ဗျာပါဒဆိုသော ပုဒ်၏ အဓိပ္ပာယ်ကို ရှင်းရှင်း စတင်သည်။ အလိုမကျခြင်း ဖြစ်ပွားခြင်းသည် ဗျာပါဒဖြစ်ကြောင်း ပြသည်။ [နှာ–၁၆၅] ဗျာပါဒသည် ကိုယ့်ကြောင့်လည်း ဖြစ်သည်။ သူတစ်ပါးကြောင့်လည်း ဖြစ်နိုင်ကြောင်း ပြသည်။ [နှာ–၁၆၆] ဒါကြောင့် ဝိပဿနာ လုပ်သော ပုဂ္ဂိုလ်မှာ ကိုယ့်ကိုယ်ကိုယ်လည်း

စိတ်မဆိုးနှင့် သူတစ်ပါး အတွက်လည်း ရတက်မပွေနှင့်ဟု ဆုံးမသည်။ ဆုတ်နစ်သော ဒေါသသည် ဗျာပါဒ။ ထိုတရားမှာ မဂ်ဖိုလ်တရားကို တားသော နီဝရဏ ဖြစ်သည်။

ဤဗျာပါဒသည် တချို့နေရာမှာ ကိုယ့်အတွက် ဖြစ်ကောင်းသည် ဆိုပြီး ရဟန်းကြီးတစ်ပါးအကြောင်း ဝတ္ထုကို ထုတ်သည်။ အရှင်နာဂဝံသဝတ္ထု ဖြစ်သည်။ ၁၂နှစ်ကြာအောင် အားထုတ်သော်လည်း နိဗ္ဗာန်မဂ်ဖိုလ်ကို မရ၍ ငိုသော ရဟန်းကြီး ဖြစ်သည်။ သစ်ပင်စောင့်နတ်သမီးက သူ့အနား လာငိုပြီး တရားပြသည်။ ငိုရင် တရားရမလား ထင်ပြီး ငိုနေတာဟု နတ်သမီးက ဆိုမှ သတိတရားရပြီး အရှင်နာဂဝံသ ဗျာပါဒကို သိမ်း၍ အားထုတ်ပုံကို ပြသည်။ [နှာ-၁၆၈] တရားအားထုတ်စဉ် ရခဲလိုက်တာ ပြန်ချင်လှပြီဆိုလျှင် ရကိုမရဘူး [နှာ-၁၆၉] မိန့်သည်။

ထိုနောက် ဗျာပါဒဝိတက် ဝင်လာလျှင်လည်း ဖြစ်ပျက်ရှုဖို့ ညွှန်ပြသည်။ [နှာ-၁၇၁] ဖြူပြီး အခိုးထွက်နေသော ရေမှာ မျက်နှာရိပ် မပေါ်နိုင်ကြောင်း သိဂ်ါရဝသတို့သားကို ဟောသောတရားကို ဆက်ဟောသည်။ [နှာ-၁၇၂] ဒေါသကို ဝိပဿနာ ရှုနိုင်းသည်။ သဒေါသစိတ္တံ ဝါ စိတ္တံ သဒေါသ စိတ္တန္တိပဇာနာတိ ပါဠိတော်ကို ထူးခြားသော အနက်ဖြင့် နားလည်ပုံကို ထုတ်ဖော် ဟောပြသည်။ [နှာ-၁၇၃] ဗျာပါဒကို ဒေါသစိတ်အဖြစ် စိတ္တာနုပဿနာပြောင်းပြီး ဖြစ်ပျက်ရှုလျှင် ရပုံကိုပြသည်။

ဤတွင် ဆဆက္ကသုတ်ကို ကိုးကားပြီး ဟောသည်။ သုခဝေဒနာ နောက်က တဏှာလိုက်သည်။ ဒုက္ခဝေဒနာ နောက်က ဒေါသလိုက်သည်။ ဥပေက္ခာဝေဒနာ နောက်က မောဟလိုက်ပုံကို ပြသည်။ [နှာ-၁၇၈] သာကီဝင်မင်းသား အရှင်အနုရုဒ္ဓာမာန၊ ဥဒ္ဓစ္စကုက္ကုစ္စခံပြီး အထက်မဂ်ကို တက်မရ ဖြစ်နေစဉ် အရှင်သာရိပုတ္တရာက မာန၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စကို ဖြစ်ပျက်ရှုခိုင်း၍ ရှုလိုက်မှ ရဟန္တာဖြစ်ပုံကို ထုတ်ပြသည်။ [နှာ-၁၈၀]

ထို့နောက် ဋ္ဌသာမဇ္ဈရိယ၊ ကုက္ကုစ္စ ဖြစ်တတ်ပုံများကို ရှင်းလင်း ဖော်ပြသည်။ [နှာ-၁၈၄၊၁၈၅] ထို့နောက် ဒေါသတစ်လုံးကို ဖြစ်ပျက်ရှုလိုက်လျှင် ကျန်သော နီဝရဏတရားတွေ အကုန်ပါသွားကြောင်း ဟောသည်။ [နှာ-၁၈၆] အသုံးမချတတ်လျှင် နီဝရဏ၊ အသုံးချတတ်လျှင် မဂ္ဂဖြစ်သွားနိုင်ပုံကို ပြသည်။ [နှာ-၁၈၉]။ ထို့နောက် မဂ်နှစ်မျိုး၊ မိစ္ဆာမဂ်၊ သမ္မာမဂ် ရှိကြောင်း ရှင်းပြသည်။

[နာ–၁၉၀] ဝိပဿနာ မရှုတဲ့အချိန် မိစ္ဆာမဂ်ဆောင်သည်။ ရှုသော အချိန်မှာ သမ္မာမဂ် ဖြစ်ပုံကိုလည်း ရှင်းပြထားသည်။

ထို့နောက် ထိနမိဒ္ဓနီဝရဏအကြောင်း ဆက်ဟောသည်။ [နာ–၁၉၂] စိတ်မနိုင်တာ ထိနမိဒ္ဓနီဝရဏ ဖြစ်ပုံကို ပြသည်။ ထိနမိဒ္ဓနီဝရဏသည် ပိုပြီး ကြောက်စရာကောင်းပုံကို ဟောသည်။ [နာ–၁၉၃] ထိနမိဒ္ဓသည် လူ့ဘဝသက်တမ်း ထက်ဝက်ကို ဖြုန်းသောကြောင့် ကြောက်စရာကောင်းသည်။ [နာ–၁၉၄] ထိနမိဒ္ဓ ဝင်လျှင် ဉာဏ်မဝင်တော့ [နာ–၁၉၆] ဟု ပြသည်။ ထိနမိဒ္ဓသည် သိမ်မွေ့စွာ ဝင်တတ်သည်။ ရန်သူကြီး ဖြစ်သည်။ ထိနမိဒ္ဓ၏ အပြစ်များကို ထုတ်ပြသည်။ [နာ–၂၀၀] ထိနမိဒ္ဓကို သင်္ဂြိုဟ်အဖွင့်ကိုလည်း ပြသည်။ [နာ–၂၀၂] သင်္ခါရိက ငါးခု၊ လောဘထဲ လေးခု၊ ဒေါသထဲ တစ်ခု၊ နှစ်ခုပေါင်း ဖြစ်ပုံကို ပြသည်။ ကိုယ့်ကိုယ်ပုံသော လောဘ၊ သူတစ်ပါး စိတ်ဆိုးတာ ဒေါသဖြစ်သည်။ ထိနမိဒ္ဓသည် လောဘနှင့် လည်းကောင်း ဒေါသနှင့်လည်းကောင်း တွဲဝင်တတ်ကြောင်း ပြသည်။ [နာ–၂၀၃] ဤထိနမိဒ္ဓသည် ကျန်နီဝရဏများထက် ကြောက်စရာကောင်းပုံကို ပြရင်း အချိန်ကုန်၍ တရားကို ရပ်နားသည်။

*

## ၆။ ထိနမိဒ္ဓနီဝရဏနှင့် ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏ အဆက် ညအလုပ်ပေးတရား

[၂၀–၁၁–၆၁ အမရပူရ မင်္ဂလာရိပ်သာ ကျောင်းပေါ်မှာ ဟောသောတရား]

နီဝရဏတရား၏ သဘောမှာ မဂ်ဉာဏ်ဖိုလ်ဉာဏ် နိဗ္ဗာန်ကို တားဆီးသည့် သဘောဖြစ်ကြောင်းဖြင့် စတင်၍ ဤတရားကို ဟောသည်။ ဤတရားကို အသုံး မချတတ်လျှင် နိဗ္ဗာန်မဂ်ဖိုလ်ကို တားဆီးသည်။ အသုံးချတတ်လျှင် နိဗ္ဗာန်မဂ်ဖိုလ် သို့ ပို့ဆောင်သော တရားဖြစ်ကြောင်း ဖော်ပြသည်။ [နာ–၂၀၇] ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်မှာ သင်္ဂါရဝသတို့သားကို ဟောကြောင်း အဆက်ကို ဟောသည်။ ထိနမိဒ္ဓ ကို ဆက်ဟောရာ၌ ရေပြင်ကို အပုပ်နေသော မှော်တွေဒိုက်တွေနှင့် ပမာပြ ဟောသည်။ [နာ–၂၀၈] ရေပြင်ပေါ်မှာ မှော်တွေ၊ အမှိုက်တွေ အုပ်နေလျှင် မျက်နှာ ရိပ် မပေါ်နိုင်ကြောင်း ထို့အတူ ခန္ဓာမှာ ထိနမိဒ္ဓ မှော်တွေ အုပ်နေလျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို မမြင်နိုင်ကြောင်း ပြသည်။

ထိုထိနမိဒ္ဓ မှော်တွေကို ဖယ်ချင်လျှင် စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာကို ရှုရမည်။ ထိနမိဒ္ဓကိုပင် ဖြစ်ပျက်ရှု။ ထိနမိဒ္ဓလည်း ဝေဒနာနှင့် စိတ်ပင် ဖြစ်သည်။

[နာ–၂၀၉] ထိနမိဒ္ဓသည် လောဘစိတ် လေးနှင့် ဒေါသစိတ် တစ်အပေါင်း ဖြစ်ကြောင်း ပြခဲ့ပြီ။ ဝေဒနာအဖြစ် ရှုလျှင် သောမနဿ၊ ဒေါသမနဿ၊ ဥပေက္ခာ၊ သုံးမျိုးပေါင်း ဖြစ်သည်။ [နာ–၂၁၀] ကမ္မဋ္ဌာန်းကို မဝေဖန်တတ်လျှင် ဤတရား သည် အဖျက်တရား၊ ဝေဖန်တတ်ပါက အလုပ်တရား ဖြစ်သည်။ ထိနမိဒ္ဓကို စိတ်အဖြစ်၊ ဝေဒနာအဖြစ် သတ်မှတ်ပြီး ရှုနိုင်ပုံကို ပြသည်။ [နာ–၂၁၁]

ဤနေရာ၌ ဆရာတော်သည် သူ၏ ထိုးထွင်း သိနိုင်စွမ်းကို ထုတ်ဖော်ပြီး ဟောသည်။ [နာ–၂၁၅] နီဝရဏတရားကို စိတ်အဖြစ်၊ ဝေဒနာအဖြစ် ပြောင်းလဲပြီး မရှုတတ်၍ အတားအဆီး ထင်နေခြင်းဖြစ်ကြောင်း ဆုံးမထားသည်။ အရှင်သာရိ ပုတ္တရာ တရားဟောညှဲ၍ ခေနွှနီပုဏ္ဏားကြီး ကျွတ်တမ်းမဝင် ဖြစ်ရပုံကို ဟောသည်။

ထို့နောက် စကားကြောင်းလွှဲပြီး တပည့် ညံ့၍ မဂ်ဖိုလ်မရတာလည်း ရှိပုံကို ဟောပြန်သည်။ [နာ–၂၂၁] သေယျအကြောင်းဖြစ်သည်။ ထိနလာလည်း ဖြစ်ပျက်ရှု၊ မိဒ္ဓလာလည်း ဖြစ်ပျက်ရှုဟု ဆုံးမသည်။ [နာ–၂၂၈] ထိနမိဒ္ဓကို ဝေဒနာအဖြစ် လည်းကောင်း၊ စိတ်အဖြစ် လည်းကောင်း ရှုနိုင်ပုံကို ပြသည်။ [နာ–၂၂၈]

**ဥဒ္ဓစ္စ ကုက္ကုစ္စနီဝရဏ။** ။ ထို့နောက် ပျံ့လွင့်စိတ် ဥဒ္ဓစ္စနှင့် မတရား တွေးတော ခြင်း ကုက္ကုစ္စနီဝရဏအကြောင်း ဆက်ဟောသည်။

ပြေးသောစိတ်နှင့် မတရား တွေးတောခြင်းဖြစ်ကြောင်း ရှင်းပြထားသည်။ [နာ–၂၃၃] ဥဒ္ဓစ္စကုက္ကုစ္စဟု စာမှာ တွဲခေါ်သော်လည်း သဘောချင်းတော့ မတူပါ။ သို့သော် ဥဒ္ဓလာလျှင် ကုက္ကုစ္စလာသောကြောင့် တွဲသုံးရကြောင်း ဖော်ပြသည်။ အကုသိုလ် လုပ်မိလို့ တွေးမိတာရော ကုသိုလ်မလုပ်ရသေးလို့ တွေးတောလည်း ကုက္ကုစ္စဖြစ်သည်။ ဥဒ္ဓစ္စထက် ပိုဆိုးသည်။ [နာ–၂၃၄] ထို့နောက် ကုက္ကုစ္စ ဖြစ်ပုံ အမျိုးမျိုးကို ပြသည်။ [နာ–၂၄၀] ပြီးမှ ဝိပဿနာဉာဏ်အဆုံး၌ မဂ်ဉာဏ်ဖြစ်ပုံကို 'ပုဗ္ဗေခေါ သုသိမဓမ္မဋ္ဌိတိဉာဏံဟောတိ၊ ပစ္ဆာနိဗ္ဗာနေဉာဏံ' ပါဠိတော်ကိုထုတ်ပြပြီး ဟောသည်။ နှစ်ဉာဏ်ထဲနှင့် ကိစ္စပြီးနိုင်ကြောင်း ပြသည်။ ဤတရားတွင် နှစ်ဉာဏ် တည်းနှင့် တက်နိုင်ပုံကို ပြသည်။ [နာ–၂၄၁] နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၌ သုသိမ ပရိဗိုဇ်ကို ဟောကြောင်း အထောက်အထား ပြုထားသည်။ [နာ–၂၄၂] ကုက္ကုစ္စသည် သေပေါက်သေဝမရဏသန္တိအာသန္နကံမှာ လာပုံကို ပြသည်။ အချိန်ကုန်၍ တရား ရပ်နားသည်။

*

၇။ ဥဒ္ဒစ္စ ကုက္ကုစ္စ နီဝရဏ အာသန္နကံ ပြောင်းနည်း၊ ညအလုပ်ပေးတရား

[၂၁-၁၁-၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်မှာ ဟောသော တရား]

ဥဒ္ဒစ္စ၊ ကုက္ကုစ္စသည် မင်္ဂဉာဏ် ဖိုလ်ဉာဏ်ကို တားသည်ဟု မှတ်ရမည် ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ ဥဒ္ဒစ္စသည် စိတ်ပြားတာ၊ စိတ်ပြန့်တာ၊ စိတ်ပြေးတာ ဖြစ်ပြီး ကုက္ကုစ္စသည် အကုသိုလ် ပြုမိတာကို ကြံတွေး စိုးရိမ်ပြီး ကုသိုလ် မပြုရသေးတာကို ပူပန်ခြင်းဖြစ်ကြောင်း ထပ်ရှင်းသည်။ တစ်ခု ဖြစ်လျှင် ကျန်တစ်ခု ဖြစ်တတ်သောကြောင့် ဤတရားနှစ်ခုကို တွဲဟောခြင်း ဖြစ်သည်။ ကုက္ကုစ္စသည် ဥဒ္ဒစ္စထက် ပိုကြောက်စရာ ကောင်းကြောင်း ဟောသည်။ [နှာ-၂၄၆] ကုက္ကုစ္စ မလာစေနှင့်ဟု ဆုံးမသည်။

ဤတရားနှစ်ခု လူတိုင်းမှာ ဖြစ်တတ်သည်။ မလ္လိကာမိဖုရားကြီး သေခါနီး အာသန္နကံမှာ ကုက္ကုစ္စဖြစ်ပုံကို ဝတ္ထုထုတ်ပြသည်။ [နှာ-၂၄၈] ကုက္ကုစ္စဖြစ်ပြီး မသေဖို့ အရေးကြီးကြောင်းကို ပြလို၍ ဖြစ်သည်။ ဖြစ်ပျက်ရှုပြီး သေလျှင် ထိုအချိန် မှာပင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ဖြစ်နိုင်ကြောင်း ပြသည်။ [နှာ-၂၅၁] သေခါနီးမှာ ကုသိုလ်လည်း မတွေးနှင့်၊ အကုသိုလ်လည်း မတွေးနှင့်၊ ဖြစ်ပျက် ဒုက္ခသစ္စာသာ မြင်အောင် ရှုရမည်။ [နှာ-၂၅၇] သေခါနီးမှာ ဝိပဿနာ အာသန္နကံ ဖြစ်အောင် လုပ်ရမည်။ [နှာ-၂၅၈] တချို့ နားမလည်သူတို့က သေခါနီး မိမိ စွန့်ကြဲ ပြီးခဲ့တာတွေ အောက်မေ့ဟု ပြောတတ်ကြသည်။ သေခါနီး မင်္ဂဖိုလ် ရနိုင် ပါလျက် ဓာဂါနုဿတိ ပေးမိသဖြင့် နိဗ္ဗာန်ရောက်နိုင်ပါလျက် ဒုက္ခရောက်သော ဘုံဘဝကို ပို့လိုက်သလို ဖြစ်သွားကြောင်း ဟောသည်။ [နှာ-၂၅၉] ဝိပဿနာ ရှုရင်း သေနိုင်အောင် ကြိုးစားရန် တိုက်တွန်းထားသည်။

ဖဂ္ဂုဏရဟန်းဝတ္ထုကို သာဓက ထုတ်ပြသည်။ [နှာ-၂၁၆] (အင်္ဂုတ္တိုရ် ပါဠိတော်) ဤတရားသည် ကုက္ကုစ္စသတ်သော သတိပေးတရား ဖြစ်သည်။ အဝိဇ္ဇာ နှင့် လှျံသောအလှျံ သမုဒယသစ္စာ (ဝဋ္ဋကုသိုလ်)သာ ဖြစ်သည်။ အဝိဇ္ဇာချုပ်ပြီး လှျံသောအလှျံဖြစ်မှ ဝိဝဋ္ဋမဂ္ဂကုသိုလ်ဖြစ်ကြောင်း ထပ်ဆင့် ရှင်းပြသည်။ [နှာ-၂၆၂] ထို့နောက် အာသန္နကံ အကျိုးပေးပုံ၊ နွားခြံထဲ နွားများ သွင်းသောအခါ နွားအိုကြီး နောက်ကျကျန်ပြီး ခြံဝမှာအိပ်ရပုံ၊ ပြန်ထွက်တော့ ခြံဝက နွားအိုကြီး ပြန်ထွက်ပုံ၊ ဋီကာကျော်လာ၊ ဥပမာဖြင့် ရှင်းပြန်သည်။ [နှာ-၂၆၃] ထို့အတူ ကုက္ကုစ္စသည် သေပေါက်ဝနှင့် ဦး၍ အကျိုးပေးသောအခါ အလျင် အကျိုးပေး ကြောင်း ရှင်းပြထားသည်။ [နှာ-၂၆၄]

ထို့ကြောင့် သေပေါက်သေဝမှာ အာသန္နကံနှင့် ကုဏ္ဍုစ္စ မလာနိုင်အောင် အာစိဏ္ဏကံ လုပ်ထားသော ဝိပဿနာ ဖြစ်ပျက်ရှုရန် ဆုံးမထားသည်။ [နာ–၂၆၆] ဤကဲ့သို့ အာသန္နကံမှာ ပြုပြင်၍ သုဂတိဘဝ ရသွားသော် ရဟန်းတစ်ပါး၏ ဖခင်မုဆိုးကြီးဝတ္ထု(အရှင်သောဏမထေရ်ဝတ္ထု) အာသန္နကံ ပြောင်းလဲ၍ရကြောင်း သာဓကေ ပြသည်။ [နာ–၂၆၉] ထို့နောက် တိဿရဟန်း ဝတ္ထုကို ထပ်ပြသည်။ နှမလှူသော ချည်ရောသင်္ကန်းကို စွဲသွားသဖြင့် သေသောအခါလ သန်းကြီးဖြစ်ပုံ ဝတ္ထုဖြစ်သည်။ [နာ–၂၇၂] ကုဏ္ဍုစ္စကို ဖြစ်ပျက်ရှုပါ အနိစ္စဟု သိမြင်လျှင် မဂ္ဂ ဖြစ်ပြီး [နာ–၂၇၈] မဂ်ဇောဇောလျှင် နိဗ္ဗာန်ကို ဆောင်နိုင်ပြီ။ [နာ–၂၈၀] ကံဇောကို ဉာဏ်ဇောဖြင့် ပြောင်းရမည်ဟု မိန့်သည်။ [နာ–၂၈၃]

ဤသို့ ကံကို ဉာဏ်ဖြင့် ပြောင်းတတ်လျှင် နိဝရဏသည် နိဗ္ဗာန်သို့ဆောင်ပို့သော တရားဖြစ်နိုင်ကြောင်းကို ဟောသည်။ [နာ–၂၈၄] ဝိပဿနာတရားကို နှလုံးသွင်း ဆင်ခြင်ပြီး သေတတ်လျှင် သေခါနီးမှာ သောတာပန်၊ သကဒါဂါမိ၊ အနာဂါမိ ဖြစ်နိုင်ကြောင်း ဖဂ္ဂုဏဝတ္ထုကို ထောက်၍ ဟောပြန်သည်။ [နာ–၂၈၅] ထို့နောက် ဥဒ္ဒစ္စ ပျံ့လွင့်ခြင်းကို ဟောသည်။ စိတ်က ပြေးသည် ပျံ့သည်ဆိုတာ မဟုတ်ကြောင်း ရှင်းသည်။ [နာ–၂၈၈] အာရုံပြုတဲ့ သဘောပဲ ရှိသည်။ စိတ်က ဘယ်မှမပြေးဟု မိန့်သည်။ ဘဝင် အကြည်မနောပေါ် စိုက်ပြီး ဉာဏ်ဖြင့် ဝိပဿနာရှုပုံကို ဟောသည်။ [နာ–၂၈၉] စိတ်အပေါ် သဿတဒိဋ္ဌိ ကပ်နေပုံကို ရှင်းပြသည်။ အသက်ထွက်တယ် ဆိုပုံနှင့် တူကြောင်းရှင်းသည်။ [နာ–၂၉၀] ထို့ကြောင့် ဥဒ္ဒစ္စလာလျှင် ဟဒယဝတ္ထုကို ဉာဏ်စိုက်ပြီး ဖြစ်ပျက်မြင်အောင် ရှုလိုက်လျှင် နိဝရဏသည် နိယျာန ဖြစ်သွားကြောင်း ပြသည်။ နိယျာနဆိုတာ နိဗ္ဗာန်ကို ပို့ဆောင်ပေးသော တရားဖြစ်သည်။ အချိန်စေ့၍ တရားနားလိုက်သည်။

*

## ၈။ ဥဒ္ဒစ္စနှင့် ဝိစိကိစ္ဆာနိဝရဏဆိုးဝါးပုံနှင့် မဂ်အမြတ်ထုတ်ပုံ ညအလုပ်ပေး တရား

[၂၃–၁၁–၆၁ အမရပူရမြို့ မဂ်လာရိပ်သာကျောင်းပေါ်မှာ ဟောသော တရား]

ဖြစ်ပျက် ရှုနေတုန်း ဝိပဿနာမဂ် ဖြစ်နေစဉ် ကြားထိုးပြီး ဥဒ္ဒစ္စ ဝင်လာလျှင် ထိုဥဒ္ဒစ္စသည် အရှုခံ လာတာပဲဟု သိပြီး ဖြစ်ပျက်ရှုရမည်။ ရေမျက်နှာပြင်ပေါ်

မှာ လှိုင်းထပြီး လှုပ်ရှားနေလျှင် မျက်နှာပြင်အရိပ် မထင်သလို ဥဒ္ဒစ္စကြောင့် စိတ်ပျံ့လွင့် လှုပ်ရှားနေလျှင် ဉာဏ်အမြင် မပေါ်နိုင်ပုံကို ဟောသည်။ [နှာ–၂၉၃]

ဥဒ္ဒစ္စသည် ဥပေက္ခာဝေဒနာနှင့် တွဲပြီး ပေါ်လာသည်။ ဥပေက္ခာဝေဒနာကို ဖြစ်ပျက်ရှု ဝေဒနာနုပဿနာ ဖြစ်ပုံကိုပြသည်။ [နှာ–၂၉၄] ဥဒ္ဒစ္စကြောင့် ဝိပဿနာ ရှုမကောင်းဘူးဆိုပြီး နောက်ဆုတ်တတ်သည်။ နောက်မဆုတ်သင့် အနှောင့်အယှက် ဟု သဘော မထားသင့် သူလည်း ဖေဿသိကော ဆိုပြီး အရှုခံလာတာပဲဆိုပြီး ရှုသင့်ကြောင်း ဆုံးမထားသည်။ [နှာ–၂၉၅] ဥပေက္ခာသဟဂုတ် ဥဒ္ဒစ္စ သမ္ပယုတ္တံ ဆိုသော ပါဠိတော်ကို ထောက်ပြသည်။ သူ့ကို စိတ္တာနုပဿနာထဲ ထည့်ပြီး ဝိစိတ္တံဝါ စိတ္တံ ဝိစိတ္တံ စိတ္တန္တိ ပဇာနာတိ အရ ရှုနိုင်ကြောင်း ပြသည်။ [နှာ–၂၉၆] ဥဒ္ဒစ္စသည် မောဟနှင့် ယှဉ်သောတရား ဖြစ်သည်။ [နှာ–၂၉၇] ထို့ကြောင့် 'သမောဟံဝါ သမောဟံ စိတ္တန္တိပဇာနာတိ' လုပ်ရမည်ဟု မိန့်သည်။ [နှာ–၂၉၈] မောဟစိတ် အဖြစ် ပြောင်းပြီး ဖြစ်ပျက်ရှုခိုင်းကြောင်းက ပြသည်။ ဖေဿသိကော ခေါ်ရာကို သန္နိဋ္ဌိကောနှင့် လိုက်ရမည်ဟု ညွှန်ပြပြန်သည်။

လောကီစိတ် ဟူသရွေ့ ရှုနိုင်တာချည်းပဲ။ [နှာ–၃၀၀] ဒီလို နားလည်လျှင် နီဝရဏကိုလည်း အသုံးချ၍ ရနိုင်ကြောင်း ပြသည်။ [နှာ–၃၀၃] ဥဒ္ဒစ္စကို ဖြစ်ပျက် အနိစ္စဖြင့် ရှုလိုက်လျှင် မောဟချုပ်သည်။ ပဋိစ္စသမုပ္ပါဒ် အစက စဖြတ်လိုက်ခြင်း ဖြစ်သည်။ [နှာ–၃၀၉] ဥဒ္ဒစ္စရှုလျှင် ဘာအကျိုးရှိသလဲ၊ သံသရာအစပြတ်သော အကျိုးရှိသည်ဟု ဖြေနိုင်သည်။ [နှာ–၃၁၃]

**ဝိစိကိစ္ဆာ နီဝရဏ။** ။ဝိစိကိစ္ဆာကိုလည်း စိတ်ထဲ သွင်းနိုင်သည်။ မောဟစိတ် [နှာ–၃၁၄] ဝေဒနာနုပဿနာထဲ သွင်းလျှင်လည်း ဥပေက္ခာ ဝေဒနာ ဖြစ်သည်။ သူ့ကို လက်ခံထားရင် ဒုဂ္ဂတိဖြစ်သည်။ သူ့ကို ဖြစ်ပျက်ရှုလိုက် လျှင် နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သည်။ [နှာ–၃၁၇]

ဤသို့ နီဝရဏကို ဖြစ်ပျက် ဝိပဿနာ ရှုတတ်လျှင် စိုင်ကော်လို့ ချုံပေါ် ရောက်သည်ဟု မှတ်ရမည်ဟု မိန့်သည်။ [နှာ–၃၁၈–၃၁၉] ဝိစိကိစ္ဆာကို ဉာဏ်ဆေး သမားဟု ဆရာတော်က ခေါ်ပြီး အကုရခက်သည်ဟုလည်း မိန့်သည်။ [နှာ–၃၁၉] ဝိစိကိစ္ဆာ ရှိလျှင် ဒိဋ္ဌိရှိသည်။ သူပြုတ်မှ ဒိဋ္ဌိပြုတ်ကြောင်းလည်း ဟောထားသည်။ ထို့နောက် တဏှာလောဘထက် ဝိစိကိစ္ဆာနှင့် ဒိဋ္ဌိက ကြောက်စရာကောင်းပုံ ကို ပြသည်။ [နှာ–၃၂၁] ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာသည် အပါယ်ချတတ်သော တရား

ဖြစ်သောကြောင့် သောတာပတ္တိမဂ်ဖြင့် သူ့ကို အလျင် ပယ်ရကြောင်း ဟောသည်။ [နှာ–၃၂၃] ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုး ဆက်ပြတာသည်၊ ဝိစိကိစ္ဆာကို သတ်ခြင်းဖြစ်သည်။ [နှာ–၃၂၄] ဤတွင် ပဋိစ္စသမုပ္ပါဒ် မသိဘဲ ဝိပဿနာ လုပ်ကြလျှင် ထိုဝိပဿနာသည် အကျိုးမများသော ဝိပဿနာဖြစ်သည်ဟု မိန့်ကြား သည်။ [နှာ–၃၂၄] ပြီးမှ အရှင်အနုရာဓကို တိတ္ထိတွေက သတ္တဝါသေရင် ဖြစ်သေး သလား မေးပုံကို ဟောပြန်သည်။ အရှင်အနုရာဓက ဘုရားက ဒီလို မဟောဘူးဟု ဖြေပုံကို ပြသည်။ တိတ္ထိတွေက ကျေနပ်သော အဖြေကို မရဘဲ ပြန်သွားသောအခါ အရှင်အနုရာဓ ဝမ်းမှာ ဝိစိကိစ္ဆာ ဝင်လာကြောင်း ဟောသည်။ [နှာ–၃၂၆] အရှင်အနုရာဓ သည် ဝိစိကိစ္ဆာ ခံနေသောကြောင့် ဖြစ်ပျက် မြင်ပါလျက် မဂ်မရ ဖြစ်နေခဲ့လေသည်။ ယုံမှားခြင်း ၁၆ ပါးရှိကြောင်း ဟောရင်း အချိန်ကုန်၍ တရားကို နားလိုက်သည်။

*

## ၉။ အဓိပတိ သုံးပါးထား၍ တရားအားထုတ်ရပုံ ညအလုပ်ပေးတရား

[၂၄–၁၁–၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်မှာ ဟောသော တရား]

မဂ်ဖိုလ်ဉာဏ်ကို တားဆီးရန်လာသော နီဝရဏကို အသုံးချတတ်လျှင် နိဗ္ဗာန် ပို့ဆောင်သော တရားဖြစ်နိုင်ကြောင်း ရက်ဆက် ဟောခဲ့ပြီဖြစ်ကြောင်း ပြောရင်း ဤတရားကို စတင်သည်။ ရှုတတ်လျှင် နီဝရဏသည် ဝိပဿနာအာရုံ ဖြစ်နိုင်သည်ဟု ထပ်မံဟောသည်။ [နှာ–၃၃၁] နီဝရဏပဲဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ် အရှုခံနှင့် ရှုဉာဏ်နှင့် တွဲတတ်လျှင် ဝိပဿနာ ဖြစ်သည်။ [နှာ–၃၃၂] ထို့နောက် တိကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဒေဝဒူတဝဂ်၊ အဓိပတေယျသုတ်ကို ကိုး၍ ဝိပဿနာ ရှုသူ၏ စိတ်နေစိတ်ထားကို ဟောသည်။ [နှာ–၃၃၃] အတ္တာဓိပတိ၊ လောကာဓိပတိ၊ ဓမ္မာဓိပတိ သုံးပါးဖြစ်သည်။ (၁) အတ္တာဓိပတိ မိမိကိုယ်ကို အကြီးအမှူးထားခြင်း ဖြစ်၏။ (၂) လောကာဓိပတိ လောကကို အကြီးအမှူးထားခြင်း ဖြစ်၏။ (၃) ဓမ္မာဓိပတိ တရားတော်ကို အဓိပတိ အကြီးအမှူးထားခြင်း ဖြစ်၏။

**အတ္တာဓိပတိ** ။ ။ မိမိကိုယ်ကို အကြီးအမှူး ထားရမည်ဆိုတာ ဘယ်လို ထားရ မှာလဲ။ ယခု အားထုတ်တာ ပစ္စည်းလေးပါး လိုချင်လို့ အားထုတ်တာ မဟုတ်ဘူး။ အိုဘေး၊ နာဘေး၊ သေဘေး သံသရာဝဋ် ဒုက္ခကြီးက

လွှတ်မြောက်ခြင်းကို အလိုရှိလို့ အားထုတ်တာဆိုသော စိတ်ဓာတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် မြှင့်တင်ခြင်း ဖြစ်သည်။

**လောကာဓိပတိ**။ ။တရား အားထုတ်နေစဉ် ကာမဝိတက်၊ ဗျာပါဒဝိတက်၊ ဝိဟိံသ ဝိတက်တွေ ဝင်လာလျှင် ဘေးလူ မသိသော်လည်း ကိုယ်စောင့်နတ်က သိတယ်။ မင်း မရှက်ဘူးလား။ တရားအားထုတ်နေတာလား၊ ဟန်ဆောင်နေတာလား။ ဒါကြောင့် ယုတ်မာတဲ့ အကုသိုလ်ဝိတက်တွေ ဗွက်ပေါက်နေတာ ရှက်စရာပဲဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမပြီး သတ္တလောကကို အဓိပတိထားရမည်။ လောကကို ရှက်တတ်သော စိတ်ဖြင့် ကိုယ့်ကိုယ်ကိုယ် အဓိပတိတတ်ထားရမည်။ [နှာ–၃၃၉]

တရား အားထုတ်နေစဉ် အကုသိုလ်စေတသိက်များ လာလျှင် ပေါ်ရာကို ဖြစ်ပျက်ရှုချ တတ်ရမည်။ လောကမှာရှိသော သမ္မာဒေဝနတ်များ ကဲ့ရဲ့မည်ကို ရှက်ကြောက်သော စိတ်ဖြင့် အားထုတ်ခြင်းသည် လောကကို အဓိပတိထားခြင်း ဖြစ်သည်။

ထို့နောက် ဆက္ကနိပါတ် ဓမ္မဇဗောတ်လာ ကျီးအကြောင်းကို ဟောသည်။ မြေပေါ် ခြေတစ်ချောင်း ထောက်ပြီး ပါးစပ်ဟ၍ နေသည်။ မြေပြို့မှာစိုး၍ လေကို စားနေသည်ဟု အခြားကျီးများကို အယုံသွင်းသည်။ အခြားငှက်များက သူတို့ဥတွေ ထားပစ်ခဲ့ပြီး သူ့ကို စောင့်ရှောက်ပေးပါဟု အပ်နှံကာ ပျံသွားကြသည်။ ထိုအခါ သူက အခြားငှက်ဥများကို ဖောက်စားသည်။ [နှာ–၃၄၆] တရားအားထုတ်စဉ် လောကကို အဓိပတိ မထားသူ၊ လောက ကဲ့ရဲ့မှာ မစိုးရိမ်သူကို ဓမ္မဇကျီးနှင့် ပုံခိုင်း၍ ဟောသည်။ [နှာ–၃၄၇]

လောကကို အဓိပတိထား၍ အားထုတ်သူသာလျှင် တရားထူး ရနိုင်သည်။ [နှာ–၃၄၈] တရားအားထုတ်စဉ် ကိုယ့်ကိုယ်ကိုယ် မလိမ်ဖို့၊ မညာဖို့ ဖြောင့်မတ်စွာ ကျင့်ဖို့ ဆုံးမသည်။ ဓမ္မပဒမှာ 'အတ္တာဟိကိရဒုဒ္ဓမော' ကိုယ့်ကိုယ်ကိုယ် ဆုံးမရ ခက်ကြောင်း ဟောထားပုံကို ပြသည်။ [နှာ–၃၅၁] ကိုယ့်ကိုယ်ကို လိမ်တာ သူများ မသိဘူး မထင်သင့်၊ ကိုယ်စောင့်နတ်နှင့် လောကကို စောင့်သော နတ်များ သိကြသည်။ လောကကို အဓိပတိထားမှ လောက ကဲ့ရဲ့မည်ကို စိုးရိမ်ပြီး တရားကို ဖြောင့်မတ်စွာ ကြိုးစားအားထုတ်နိုင်ပုံကို ဟောသည်။

**ဓမ္မာဓိပတိ**။ ။တရားကို အဓိပတိထားခြင်း ဖြစ်သည်။ 'သွာက္ခာတော ဘဂဝတော ဓမ္မော' နိဗ္ဗာန်သို့ ပို့ဆောင်တတ်သော တရားကို ဘုရားက ဟောထားခြင်း

ဖြစ်ကြောင်း ပြသည်။ ထိုတရားကို အဓိပတိထားပြီး ကျင့်ကြံပွားများ အားထုတ်ရမည်။ မဟုတ်လျှင် ဘုရားဟောထားသော တရားအတိုင်း မကျင့်ပါက တရားကို ဖျက်ရာကျမည်။ [နှာ–၃၅၄] 'သဗ္ဗေသင်္ခါရာအနိစ္စာ ယဒါ ပညာယ ပဿတိ' အကျင့် ပြုပြင်တတ်သော တရားတို့သည် အနိစ္စ အမြဲမရှိကြောင်းကို ပညာဖြင့် ပဿတိ ရှုရမည်။

ထိုသို့ ရှုမှသာ 'သောမဂ္ဂေါ ဝိသုဒ္ဓိယာ' ဖြစ်သည်။ ဤသို့ ရှုခြင်းဖြင့်သာ စင်ကြယ်သော နိဗ္ဗာန်သို့ ရောက်ကြောင်းမဂ္ဂ ဖြစ်သည်။ [နှာ–၃၅၅] ဘုရားက ကောင်းစွာ ဟောထားသော တရားကို ကိုယ်က ကောင်းစွာ မကျင့်လျှင် ဖျက်ရာကျသည်ဟု ကိုယ့်ကိုယ်ကိုယ် ဆုံးမသင့်ပုံကို ဟောသည်။ [နှာ–၃၅၈]

ဓမ္မကို အဓိပတိမထားလျှင် မိမိသည် ဓမ္မန္တရာယ် ဖြစ်တတ်ပုံကို ပြသည်။ [နှာ–၃၅၉] ဓမ္မကို အဓိပတိ မထားဘဲ ကိလေသာကို အဓိပတိထားလျှင် အပါယ်ချည်းပဲဟု မှတ်ရမည်။ [နှာ–၃၆၅] ကိလေသာ မဝင်အောင် ကိုယ့်ကိုယ်ကိုယ် ဆုံးမရမည်။ ဓမ္မကို အဓိပတိထားပြီး တရားအားထုတ်ကြလျှင် လိုရာခရီး အပြီး ရောက်နိုင်သည်ဟု ဆိုသည်။ [နှာ–၃၇၁]

*

## ၁၀။ ဒွါရခြောက်ပေါက် တစ်ပေါက်ကနေ၍ အမိဖမ်းရမည့် တရား

[၂၆–၁၁–၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်မှာ ဟောသော တရား]

တရားအားထုတ်နည်း သင်နေတယ်ဆိုပြီး စတင် ဟောကြားတော်မူသည်။ ဤတရား အားထုတ်နည်းမှာ ဒွါရခြောက်ပေါက် တစ်ပေါက်ပေါက်က အမိဖမ်းနည်း ဖြစ်သည်။ ဤတွင် မနောပေါက်က ဝိပဿနာရှုရန် တိုက်တွန်းထားသည်။ [နှာ–၃၇၅] မနောပေါက်ကမှ အမှန်အကန် သိသည်ဆို၏။ တခြား ဒွါရပေါက်က သိတာတွေက မမှန်ကြောင်းလည်း ဟောသည်။

သဠာယတနဝဂ္ဂသံယုတ် အာသီဝိသောပမတ် ဆပ္ပါဏကောပမသုတ်ကို ကိုး၍ ရှင်းပြသည်။ [နှာ–၃၇၆] ဘုရားက မျက်လုံးသည် အရှုပ်အထွေး ကြိုက်သည်။ မြွေနှင့်တူသည်ဟု ဟောသည်။ နားက အအေးကြိုက်သည် မိကျောင်းနှင့် တူသည်။ နှာခေါင်းက အသန့်ဟင်းလင်းပြင်မှာ လေရှူပြီး နေရတာ ကြိုက်သည်။ ငှက်နှင့် တူသည်။ လျှာက မီးဖိုချောင် စားရသော နေရာ ပြာပုံရှိရာ ပျော်သည်။ အိမ်ခွေးနှင့် တူသည်။ ကိုယ်ပေါက်က ခပ်အေးအေးနေရာမှာ ခွေနေချင်သည်။ တောခွေးနှင့်

တူသည်။ မနောပေါက်သည် သစ်ပင်အမြင့်ကို တက်ပြီး ဟိုမျှော်ဒီမျှော် လုပ်တတ်သော မျောက်နှင့် တူသည်။ [နှာ–၃၇၈၊၃၇၉]

ဒါကြောင့် ဒကာ၊ ဒကာမများ သားကောင်ခြောက်ကောင်ကို ကျောင်းနေရသည်နှင့် တူပုံကို ဟောသည်။ [နှာ–၃၈၁] သားကောင်ခြောက်ကောင် ဆွဲရာ ပါနေရသည်။ [နှာ–၃၈၅] ဒွါရခြောက်ပေါက်၏ ကျွန်ခံနေရသည်။ [နှာ–၃၈၆] တိရစ္ဆာန်ခြောက်ကောင် ထိန်းနေရသည်။ မအားမလပ် ဖြစ်နေသည်။ တရားအလုပ် မလုပ်နိုင်ပါ။ ဒွါရခြောက်ပေါက်ကို ထိန်းမနိုင်ပုံများကို သရုပ်ပါအောင် ရှင်းပြထားသည်။ [နှာ–၃၉၄၊၃၉၅]

ဤသို့ ဗျာများနေသဖြင့် အသေခက်ပုံကို ပြသည်။ လောဘနှင့် သေလျှင် ပြိတ္တာ၊ ဒေါသနှင့် သေလျှင် ငရဲ၊ မောဟနှင့် သေလျှင် တိရစ္ဆာန်ဖြစ်ပုံ အဋ္ဌသာလိနီ အဋ္ဌကထာကို ထောက်ပြီး ဟောသည်။ [နှာ–၃၉၈] ဒွါရခြောက်ပေါက်မှာ ပဋိစ္စသမုပ္ပာဒ်ခြောက်မျိုး ဖြစ်နေပုံကို ဟောခြင်း ဖြစ်သည်။ [နှာ–၄၁၃] လူတွေ ဒါကြောင့် အနေခက်နေခြင်း ဖြစ်၏။ အလုပ်နှင့်လက် မပြတ်ဘူး မအားမလပ်နိုင် ဖြစ်နေရ၏။ [နှာ–၄၁၅] ဒွါရခြောက်ပေါက်သည် တဏှာအရှင်သခင် ခြောက်ယောက် ဖြစ်၏။ [နှာ–၄၁၆] အခိုင်းခံက တစ်ယောက်တည်း ဘဝက အတော်ဆိုး၏။ သို့သော် ဆိုးလျက်လည်း မသိပျော် ပျော်နေနိုင်ကြ၏။ [နှာ–၄၁၇] အလှူလုပ်ရာမှာလည်း ဒွါရခြောက်ပေါက် အလိုလိုက်ပြီး ကာမာသဝ အုပ်ချုပ်သော အလှူဖြစ်နေပုံကို ပြသည်။ [နှာ–၄၁၉]

ဝဋ္ဋကုသိုလ် ဖြစ်နေသည်။ [နှာ–၄၂၀] ဘဝတိုင်းမှာ ကျွန်က တစ်ယောက်၊ တဏှာသခင်က ခြောက်ယောက် ဖြစ်ခဲ့ပုံကို ရှင်းပြသည်။ [နှာ–၄၂၃] ဒါကြောင့် သားကောင်ခြောက်ကောင်၊ တဏှာခြောက်ယောက်ကို နိုင်မှသာလျှင် အနေကောင်း၊ အသေကောင်း ဖြစ်မည်။ အချိန်ကုန်၍ တရားကို နားလိုက်သည်။

*

## ၁၁။ ဝိဝေကသုံးပါး ကျင့်ရမည့် ညအလုပ်ပေးတရား

[၂၇–၁၁–၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်မှာ ဟောသော တရား]

တစ်ကိုယ်လုံးမှာ အနာတွေ အပြည့်ဖြစ်နေသူသည် ဆူးတောထဲ တိုးဝင်လျှင် သူ့ကိုယ်မှာ ထိခိုက်မည့် နေရာချည်းသာ ဖြစ်သည်ဟု ဆို၍ ဤတရားကို စတင် ဟောကြားပါသည်။ ထိုအတူ ဒကာ၊ ဒကာမများမှ မျက်စိ၊ နား၊ နှာ၊ လျှာ၊

ကိုယ်၊ မနောပေါက်တိုင်းမှာ ကိလေသာ ရှိသည်။ ဘယ်နေရာသွားသွား ထို့ဒွါရ ခြောက်ပေါက်မှာ ကိလေသာ လာမည်ဖြစ်၏။ [နှာ-၄၂၇] ဒါကြောင့် ဆိတ်ငြိမ်ရာ (ဆူးမရှိသောနေရာ) နေဖို့ရာ အရေးကြီးသည်။ အနာရှိသော ပုဂ္ဂိုလ် အငြိမ်မနေဘဲ ဆူးတောထဲ တိုးသောကြောင့် ဒုက္ခရောက်ရပုံများ ဟောသည်။ [နှာ-၄၃၀]

ဒါကြောင့် ဘုရားက ကာယဝိဝေက၊ စိတ္တဝိဝေကဆိုသော ကိုယ်စိတ် ဆိတ်ငြိမ်ရာနေရန် ဆုံးမသည်။ ပုထုဇဉ်အကြိုက်က တစ်မျိုး၊ ဘုရားအကြိုက်က တစ်မျိုး ဖြစ်နေသည်။ ပုထုဇဉ်အကြိုက်နှင့် ဘုရားအကြိုက် မကိုက်ပါ။ [နှာ-၄၃၁] ပုထုဇဉ်အကြိုက်မှာ ခွေးပြာပုံ ကြိုက်သလို ဖြစ်နေသည်ဟု ဆိုသည်။ [နှာ-၄၃၄] ထို့နောက် ဗုဒ္ဓဘာသာဝင်တွေထဲမှာ ကမ္ဗဝါဒီ(ကံကိုချည်း ပုံချသူတွေ) သိပ်များပုံကို ဟောသည်။ [နှာ-၄၃၈] ဤတရားတွင် ဆရာတော် ငယ်စဉ်က ဟောခဲ့ရသော ညောင်လေးပင် တရားပွဲအတွေ့အကြုံကို ထည့်ဟောသည်။ [နှာ-၄၄၀]

ပြီးနောက် ပုထုဇဉ်တွေက အပါယ်သွားတာ ကြိုက်ပုံ၊ ဘုရားက နိဗ္ဗာန်ဘက် မျက်နှာမူပုံ၊ ဘုရားနှင့် လူတွေ ကျောချင်းကပ် ဖြစ်နေပုံကို ပြသည်။ [နှာ-၄၅၂] ဘုရားက စရိယသုံးပါး ကျင့်သည်။ [နှာ-၄၅၄] လောကသုံးပါး အကျိုးငှာ ကျင့်ခဲ့သည်။ သို့သော် လူတွေက ဘုရား မကြိုက်တာ လုပ်သည်။ အရေးကြုံမှ ဘုရားတသည်။ ကယ်တော်မူပါ လုပ်သည်။ ထို့နောက် အနာမရှိသူ အဆိပ်ကိုင် လည်း ဘာမှ မဖြစ်ပုံကို ဓမ္မပဒလာကုက္ကုဋမိတ္တနေသော ဝတ္ထုကို ဟောပြန်သည်။

ပြီးမှ ကာယဝိဝေကကောင်းပုံ၊ စိတ္တဝိဝေက ကိုယ်စိတ် ဆိတ်ငြိမ်မှုရမှ ကောင်းကြောင်းဟောသည်။ [နှာ-၄၅၆] ဥပဓိဝိဝေကဆိုတာ နိဗ္ဗာန်မြင်မှ ရသော ဆိတ်ငြိမ် အေးချမ်းမှုဖြစ်ကြောင်း ဟောသည်။ [နှာ-၄၅၇] ဝိဝေကဆိုတာ အာရုံ တွေထဲက ကိုယ်ခန္ဓာကို ဆွဲနုတ်ထားခြင်း ဖြစ်သည်ဆို၏။ ကာယဝိဝေကနှင့် စိတ္တဝိဝေကကို မူတည်ပြီးမှ ဝိပဿနာလုပ်ပါဟု မိန့်ထားသည်။ [နှာ-၄၅၈] “ကိုယ်စိတ်နေရာမှာ စိတ္တဝိဝေကဖြစ်ပြီး သမာဓိတည်အောင် လုပ်ပြီးတော့မှ ဖြစ်ပျက်ရှုလို့ ရှိရင်ဖြင့် ဥပဓိဝိဝေက ရပါလိမ့်မည်” [နှာ-၄၅၉]ဟု မိန့်ဆိုထားရာ ဆရာတော်သည် ဝိပဿနာအလုပ်တွင် သမာဓိကိုလည်း ရှေ့ထားကြောင်း သိသာ ထင်ရှားပါသည်။ ကာယဝိဝေက၊ စိတ္တဝိဝေက နှစ်ခုပြီးမှ ဝိပဿနာ လုပ်ပါဟုလည်း သတိပေးစကား ဆိုသည်။ [နှာ-၄၆၄] ဆိတ်ငြိမ်တဲ့နေရာ ကာယဝိဝေကဆိုတာ သမာဓိပါလို့ ပြောတာ ရှင်းပလားဟုလည်း ဖော်ပြထားသည်။

ပြီးမှ အနိစ္စရှိတဲ့ နေရာကို ဉာဏ်လှည့်ဟု ဟောသည်။ ထိုအခါ ခန္ဓာငါးပါး ချုပ်ငြိမ်းသော ဥပမိဝိဝေက နိဗ္ဗာန်ကိုရကြောင်း ပြသည်။ [နာ-၄၆၆] ဥပမိဝိဝေက ဖြစ်လျှင် ခန္ဓာကိုယ် အထည်ပျောက်သဖြင့် အနာမပေါက်နိုင်တော့ [နာ-၄၆၇] ပါ။ ကာယဝိဝေကဖြစ်အောင် ဦးစွာနေပါ။ ဆူးတော မတိုးပါနှင့် သမာဓိ အလုပ်ကို လုပ်ပါဟု ဆိုသည်။ [နာ-၄၇၀] အာနာပါနသမာဓိလုပ်ပါဟု တိုက်တွန်းသည်။ ထိုအခါ စိတ္တဝိဝေက (စိတ်ငြိမ်မှု သမာဓိ) ဖြစ်သည် ပြီးမှ ဥပမိဝိဝေက ဖြစ်အောင် ခန္ဓာဖြစ်ပျက်မြင်အောင်၊ ဖြစ်ပျက်မုန်းအောင်၊ ဖြစ်ပျက်ဆုံးအောင် ရှုဖို့တိုက်တွန်းထားသည်။ [နာ-၄၇၂] ထိုအခါ ခန္ဓာချုပ်သော နိဗ္ဗာန်ပေါ်လာပုံကို ဟောသည်။

အချိန်စေ့၍ တရားကို နားသည်။

*

## ၁၂။ ကံနှင့်တဏှာတွင် တဏှာက အရေးကြီးပုံ ညအလုပ်ပေးတရား

[၂၈-၁၁-၆၁ အမရပူရမြို့ မင်္ဂလာရိပ်သာ ကျောင်းပေါ်မှာ ဟောသော တရား]

ဆပ္ပါဏ ကောပမသုတ်လာ သတ္တဝါခြောက်ကောင်နှင့်တူသော အာရုံဒွါရ ခြောက်ပေါက်တို့ ထိန်းချုပ်နိုင်လျှင် နိဗ္ဗာန်ပေါက်တယ်ဆိုပြီး ဤတရားကို စတင်ဟောကြားသည်။ ပုထုဇဉ်သည် ကာမဂုဏ် အာရုံခြောက်ပါး ဆွဲဆောင်ရာသို့ ပါသွားနေကြသည်။ ဒွါရခြောက်ပေါက်မှာ ပဋိစ္စသမုပ္ပါဒ် ခြောက်မျိုးတန်းပုံကို ပြသည်။ [နာ-၄၈၀] ပဋိစ္စသမုပ္ပါဒ်သတ်လျှင် ဒုက္ခရောက်သည်။ ဖြတ်မှ နိဗ္ဗာန်ရောက်သည်။ [နာ-၄၈၁] ဤသတ္တဝါခြောက်ကောင်ကို မထိန်းတတ်လျှင် အပါယ်သို့ ဆွဲသွားသည်။ ထိန်းတတ်လျှင်လည်း အကျိုးပြုသည်။ [နာ-၄၈၃] ချည်တိုင်မြဲအောင် စိုက်ရမည်။ ဘယ်ဆွဲဆွဲ ချည်တိုင်မြဲလျှင် တိုင်ခြေ လာဝပ်ကြရမည် ဖြစ်သည်။ [နာ-၄၈၄] ဒါဖြင့် ဘာလုပ်ရမလဲ မေးလျှင် သမာဓိတည်းဟူသော တည်ကြည်မှုကို လုပ်ပါ။ ဝိပဿနာ လုပ်မယ်ဆိုရင် သမာဓိ တည်ကြည်မှုကို တည်တည်တံ့တံ့ လုပ်ပါ။ [နာ-၄၈၄] (ဤတွင် ဝိပဿနာ မလုပ်ခင် သမာဓိ ထူထောင်ရန် အရေးကြီးပုံကို ဟောသည်။ ဈာနပစ္စယောဆိုတာ သမာဓိကို ဟောတာ ဟုလည်း ဆိုသည်။)

သမာဓိ ထူထောင်ပုံ အကျယ်ကို ဟောထားသည်။ [နှာ-၄၈၅] ဈာန်ဆိုတာ (စိတ်ကို မြဲမြဲစွဲစွဲ စိုက်ထားနိုင်တာ ဖြစ်ကြောင်းလည်း ညွှန်ပြထားသည်။ အာနာပါန ဖြင့် သမာဓိ ထူထောင်မှုကို ဟောပြထားသည်။ ပြီးမှ တိုင်ခြေ လာဝပ်တဲ့နည်းသည် စိတ္တာနုပဿနာ အကောင်းဆုံးဟု မိန့်သည်။ [နှာ-၄၈၇] မနောဒွါရတိုင်ခြေမှာ ဝပ်နိုင်းသောနည်း၊ ဝိပဿနာကို မနောဒွါရမှာ ရှုသောနည်း [နှာ-၄၈၉] မြင်စိတ် ပေါ်လျှင် မြင်စိတ်ကို ဖြစ်ပျက်ရှုရမည်ဟု ဆိုသည်။

ထို့နောက် နိဗ္ဗာန်အကြောင်း ပြောသည်။ လောဘကုန်ရာ၊ ဒေါသကုန်ရာ၊ မောဟကုန်ရာသည် နိဗ္ဗာန်ဖြစ်သည်။ [နှာ-၄၉၁] မြင်စိတ်ကို ဖြစ်ပျက်ရှုလျှင် အပါယ်ပို့မည့် တဏှာ၊ ဥပါဒါန်၊ ကံတွေကို မဂ်က ဖြတ်ချသည်။ [နှာ-၄၉၂] ဝိပဿနာ ရှုသောကြောင့် အကြောင်းတို့၏ ကုန်ရာကို ငါသိ၏။ (ယံတော ပစ္စယာ နံခယံ အဝေဒိ) ကို ကိုးကားပြီး ဟောသည်။ [နှာ-၄၉၅] ခြောက်ဒွါရမှာ ပေါ်သော စိတ်ခြောက်ခုကို ဖြစ်ပျက်ရှုလျှင် ပဋိစ္စသမုပ္ပာဒ် အစက ပြတ်သည်။ [နှာ-၄၉၈]

ပြီးမှ ကံနှင့်တဏှာကို အထူးဟောသည်။ တဏှာ မလာလျှင် ကံမလာဘူး။ ဒါကြောင့် တဏှာကို သမုဒယသစ္စာ ဖွဲ့ရသည်။ ဒါကြောင့် တဏှာချုပ်ရင် နိဗ္ဗာန် ဖြစ်သည်။ ကံချုပ်တာ နိဗ္ဗာန် မခေါ်နိုင်ကြောင်း ဟောသည်။ [နှာ-၄၉၉] တဏှာက ဟိဘဝနှင့် ဒိဘဝကို ဆက်ပေးသည်။ တဏှာသည် အပ်ချုပ်သမားနှင့် တူသည်ဟု အင်္ဂုတ္တိုရ်မှာ ဟောကြောင်းလည်း မိန့်သည်။ [နှာ-၅၀၀] သို့သော် ကံသည် ပဋိသန္ဓေနှင့် နီးသောကြောင့် ဟိဘဝ ဒိဘဝ ဆက်တာ ကံဟု ထင်ကြပုံကို ဟောသည်။ [နှာ-၅၀၂] ကံအကျိုးပေး နီးသော်လည်း တဏှာချုပ်လျှင် ကံ ဘာမှ မတတ်နိုင်ဟု မိန့်သည်။ [နှာ-၅၀၃]

ကံနှင့်တဏှာ ဘယ်ဟာ ပိုပြီး ကြောက်စရာ ကောင်းသလဲ တဏှာ ကြောက်စရာကောင်းသည်။ [နှာ-၅၀၄] ဒါဖြင့် ကံက အလကားဟု မေးလျှင် တဏှာ မချုပ်သေးသော ပုဂ္ဂိုလ်မှာ ကံအရေးကြီးသည်။ [နှာ-၅၀၄] တဏှာချုပ်လျှင် ကံပြုတ်သည်။ [နှာ-၅၀၅] တဏှာသည် ကံတွေကို စုပြီး သိမ်းဆည်းသူနှင့် တူသည်ဟုလည်း ရှင်းပြထားသည်။ အကြောင်း တဏှာကြောင့် အကျိုးကံ ဖြစ်ရ သည်။ ဒါကြောင့် တဏှာကို ကြောက်သင့်ပုံကို ဟောသည်။ [နှာ-၅၁၃]

ပြီးမှ သားကောင်ခြောက်ကောင်နှင့် တူသော မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိသိစိတ်၊ ကြံတွေးစိတ်များကို ဖြစ်ပျက်ရှုရန် တိုက်တွန်းသည်။ ဖြစ်ပျက်

ရှုခြင်းသည် ထိုသတ္တဝါခြောက်ကောင်ကို မနောတိုင်ခြေမှာ ဝပ်အောင် လုပ်ခြင်း ဖြစ်ကြောင်း ရှင်းပြထားသည်။ [ နှာ–၅၂၁ ] ဤတွင် ဘဝင်စိတ်ကို ဖြစ်ပျက်ရှုရန် မလိုဘဲ ဇောစိတ်များကိုသာ ဖြစ်တိုင်း ဖြစ်ပျက်မိအောင် ရှုရမည်ဟုလည်း မိန့်ထား သည်။ [ နှာ–၅၂၂ ] ဝိပဿနာ ရှုခြင်းသည် ကုသိုလ်ရအောင် လုပ်တာမဟုတ်၊ ပုထုဇဉ်စိတ်ကို အရိယာစိတ် ဖြစ်အောင် ပြောင်းတာဖြစ်သည် [ နှာ–၅၂၃ ] ဟုလည်း ဆိုသည်။ ပြီးမှ ပုထုဇဉ်စိတ်ကို ဖြစ်ပျက်ရှုလို့ အရိယာဖြစ်တာဟုလည်း ဖော်ပြသည် [ နှာ–၅၂၄ ] အရိယာဖြစ်အောင် ဆုတောင်း၍ မရပါ။ ဖြစ်ပျက်ရှုပြီး စိတ်ပြောင်းမှ ရကြောင်း အချိန်ကုန်၍ တရားကို ရပ်နားလိုက်သည်။

မှတ်ချက်။ ။ မနောပေါက်၌ ဝိပဿနာ ရှုနည်းကို အမှတ်(၄)စာအုပ်မှာ လည်း ဟောခဲ့သည်။

○

**ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၈) ပြီး၏။**

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား

စာအုပ်အမှတ်(၉)

## မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား စာအုပ်အမှတ်(၉)

**နိဒါန်း**

အမှတ်စဉ်(၉)စာအုပ် အတွင်းခေါင်းစဉ်မှာ 'ဝိပဿနာ လုပ်ငန်းစဉ် ည အလုပ်ပေးတရား' ဖြစ်သည်။ ၁၉၆၁ ခုနှစ်ကုန်ပိုင်းတွင် ဆရာတော်ကြီးသည် မန္တလေးမြို့နှင့် အမရပူရမြို့များတွင် နေ့တရားပွဲ၊ ညတရားပွဲ ဟောကြားခဲ့ကြောင်း ထင်ရှားပါသည်။ ဤစာအုပ်ပါ တရားများသည် ဘယ်နေရာမှာ ဟောသောတရားများ ဖြစ်ကြောင်း ဖော်ပြထားခြင်း မရှိပါ။ သို့သော် အမှတ်(၈)တွင် အမရပူရမြို့ မင်္ဂလာရိပ်သာ ကျောင်းပေါ်မှာ ဟောသည်ဟု ပြထားပြီး ဤတရားများမှာလည်း အဆိုပါ တရားများနှင့် ရက်စွဲ ဆက်စပ်လျက် ရှိသောကြောင့် အမရပူရမြို့ မင်္ဂလာရိပ်သာကျောင်းပေါ်မှာပင် ဟောသောတရားများ ဖြစ်ဟန်ရသည်ဟု ယူဆနိုင်ဖွယ် ရှိ၏။

ဤကျမ်း၏ နိဒါန်းကိုလည်း ဆရာကြီးဦးသံဒိုင်ပင် ရေးသားခဲ့လေသည်။ မာတိကာပါ အကြောင်းအရာများအရ ဤကျမ်းတရားများမှာ ဒိဋ္ဌိနှင့် ဒိဋ္ဌိဖြုတ်တရားက များသည်။ ဆရာကြီးဦးသံဒိုင်ကလည်း အပါယ်မျိုးစေ့ဖြစ်သော သက္ကာယဒိဋ္ဌိကို ဉာတပရိညာအားဖြင့် တစ်ဆထက် တစ်ဆ ကွာနိုင်ပါစေဟူသော ရည်ရွယ်ချက်ဖြင့် မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားခဲ့ပုံ အကြောင်းကို ဖော်ပြထားသည်။ ထို့ပြင် ဗုဒ္ဓဘာသာဝင် မှန်ပါက ကလျာဏပုထုဇဉ်ဖြစ်ရန် အခြေခံ သဘောတရားများဖြစ်သော ခန္ဓာအာယတနဓာတ်၊ သစ္စာပဋိစ္စသမုပ္ပာဒ် တရားများကို သိသင့်သိထိုက်ပုံကို ဖော်ပြထားသည်။

သို့ပါ၍ ကလျာဏပုထုဇဉ် အဆင့်အတန်း ရောက်ရှိ၍ ဤသာသနာတော်ကြီး၌ ဆောက်တည်ရာ ရကြရလေအောင် အခြေခံ ဗုဒ္ဓဘာသာ တရားများကို လေ့လာကြပါဟုလည်း တိုက်တွန်းထားသည်။ ထို့နောက် ရိုးရာဗုဒ္ဓဘာသာဝင်များသည် ဘုရားဟောတရားများကို ကျင့်ရမည့် တရားကို မကျင့်ဘဲ ရွတ်ဖတ်ရုံဖြင့် ပြီးနေကြသည်ကိုလည်း ဆရာတော်ကြီးက သောက်ဆေးကို လိမ်းဆေးလုပ်နေသည်ဟု ပြတ်ပြတ် ဆုံးမထားသည်။

ဤကျမ်းတွင် ပုထုဇဉ် အရူး ၁၂ မျိုး ပျောက်မှု၊ ဒိဋ္ဌိပြတ်မှုကို အဓိကထားဟောသော တရားများကို စုပေါင်း တင်ပြထားသည်။ ဤတရားများကို ဖတ်လည်း ဖတ်ပါ။ မှတ်လည်းမှတ်ပါ။ ပြီးနောက် အားလည်း ထုတ်ကြပါဟု တိုက်တွန်းထားသည်။ အားထုတ်ပုံမှာ သိပ်မခက်ပါ။ မိမိ ခန္ဓာကိုယ် အရှိကို မိမိဉာဏ်အသိနှင့် ကိုက်အောင် အရှိကို အရှိအတိုင်း မြင်အောင် လုပ်ခြင်းဖြစ်သည်ဟုလည်း ဖော်ပြထားသည်။

## ၁။ နှလုံးသွင်းမှား၍ ဝိပ္ပလ္လာသ သုံးပါးဖြစ်ပေါ်လာပုံ ညအလုပ်ပေးတရား
[၂၉-၁၁-၆၁ ဟောကြားသော တရား]

ယနေ့ ယောနိသောမနသိကာရနှင့် အယောနိသော မနသိကာရ ထူးခြားပုံ ဟောမည်ဆို၍ တရားကို စသည်။

နှလုံးသွင်းမှန်တာ ယောနိသောမနသိကာရ၊ နှလုံးသွင်းမှားတာ အယောနိသောမနသိကာရ ဖြစ်ကြောင်း စရှင်းသည်။ အင်္ဂုတ္တိုရ်ပါဠိတော်မှာ 'အယောနိသော ဘိက္ခဝေ မနသိကာရောတော အနုပ္ပန္နာစေဝ အကုသလာ ဓမ္မာဥပ္ပဇ္ဇန္တိ' ဟု ဟောထားကြောင်း၊ နှလုံးသွင်းမှားလျှင် မဖြစ်သေးသော အကုသိုလ်များ ဖြစ်လာသည်။ ဖြစ်ပြီးသား အကုသိုလ်တွေလည်း ပွားလာသည်ဟု ဟောထားကြောင်း ရှင်းသည်။ [နှာ-၂]

မိဖရိုးရာ သင်ထားတာက နှလုံးသွင်း အမှားချည်း ဖြစ်၏။ ဆရာသမားကောင်း တွေ့ပြီး ပြင်ပေးမှရသည်။ နှလုံးသွင်း ဘယ်လို မှားသနည်း။ အနိစ္စခန္ဓာ၊ ဒုက္ခခန္ဓာ၊ အနတ္တခန္ဓာ၊ အသုဘခန္ဓာကြီးကို နိစ္စ၊ သုခ၊ အတ္တ၊ သုဘဟု ထင်မြင်ယူဆခြင်း ဖြစ်၏။ နှလုံးသွင်း မှားလျှင် မဖြစ်သေးသော အကုသိုလ်တွေ ဖြစ်သည်။ ဖြစ်ပြီးသော အကုသိုလ်တွေ တိုးပွားသည်ဟု ထပ်ဟောသည်။ [နှာ-၄] နှလုံးသွင်းမှားတယ်ဆိုတာ ဘုရားက သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ ဖြစ်၏။

[နာ-၅] အမှတ်များ၊ အသိများ၊ အယူများ ဖြစ်၏။ ဘုရားအမြင်မှာ လူတွေအားလုံး အရူးနှင့် တူနေကြသည်။ [နာ-၆] ဘာအရူးလဲ၊ တဏှာရူး၊ မာနရူး၊ ဒိဋ္ဌိရူး ဖြစ်သည်။ ဒါကြောင့် သေနေကြတာ အရူးမသာချည်းပဲ၊ အရူး သေတော့ အပါယ် သွားချည်း ဖြစ်နေသည်။ [နာ-၇] အရူး ဝိပ္ပလ္လာသ ရှိနေလျှင် ဝိပဿနာမဂ် အတားအဆီး ဖြစ်နေမည်။ သစ္စာမသိလျှင် နိဗ္ဗာန် မရနိုင်တော့ပါ။ ဝိပ္ပလ္လာသပယ် ခန်းရက်ရှည် ရမှရမည်ဟု မိန့်သည်။ [နာ-၉]

အယောနိ သောမနသိကာရ ဖုံးလိုက်လျှင် အနိစ္စ မမြဲတာကို နိစ္စမြဲတယ် ထင်သည်။ ဒုက္ခဆင်းရဲတာကို သုခချမ်းသာ ထင်သည်။ အနတ္တအစိုးမရ မပိုင်တာကို အတ္တ၊ အစိုးရသည်ဟုပင် ထင်၏။ အသုဘ မတင့်တယ်တာကို သုဘတင့်တယ် တယ် ထင်သည်။ မလာနိုင်သော ပဋိစ္စသမုပ္ပာဒ် မရှိတော့ပါ။ [နာ-၁၀] မဂ် ဆိုက်အောင် လုပ်မှ အရူးပျောက်သည်။ ဝိပဿနာ လုပ်စမ်းပါဟုလည်း တိုက်တွန်း သည်။ [နာ-၁၁] အရူးပျောက်အောင် အနိစ္စဆေး၊ ဒုက္ခဆေး၊ အနတ္တဆေးဖြင့် ကုပါဟုလည်း ဆုံးမထားသည်။ [နာ-၁၂]

ဘုရားက သူသည် လောကအရူး ပျောက်အောင် ဟောသော ဆေးသမားကြီး ဖြစ်ကြောင်း အင်္ဂုတ္တိုရ် စောဝနသုတ်မှာ ဟောထားကြောင်းလည်း မိန့်သည်။ [နာ-၁၄] လူတွေသည် မီးနှင့်ရွှေစင်၊ မစင်နှင့် စန္ဒကူး မထူးအောင်ဘဲ ရူးနေသည်ဟု ထက်ထက်မြက်မြက် ပြောဟောထားသည်။ [နာ-၁၅]

ထို့နောက် ဘုရား၏ ကရုဏာသည် အကြောင်းကို ပြပြီး ဘုရားကို ကြည်ညို ပူဇော်ခြင်း အကျိုးကို ဟောသည်။ ဘုရားကို ရှိခိုးခြင်း၊ ပူဇော်ခြင်းဖြင့် သုဂတိသို့ ရောက်နိုင်ကြောင်း အလဂဒ္ဒူပမသုတ်မှာ ဟောကြောင်း ကျမ်းကိုးပြသည်။ [နာ- ၁၈] ထို့ထက် ဝိပဿနာအလုပ်က ပို၍ အကျိုးများပုံကို ဟောသည်။ [နာ-၁၉]

ထို့နောက် ဝိပ္ပလ္လာသ သုံးချက်သည် နှလုံးသွင်းများမှုက လာပုံကို ဟောသည်။ [နာ-၂၄] ဖြစ်ပျက် တစ်လုံးသည် အရူးပျောက်ဆေးဟု မှတ်ပါဆိုသည်။ [နာ- ၂၆] ဤတွင် မြင်လျှင် မြင်ကာမျှရပ်၊ ကြားလျှင် ကြားကာမျှ ရပ်ကြဟု ဘုရား ဟောပုံကို ဟောသည်။ [နာ-၂၈] ဤသို့ မရပ်တတ်လျှင် ရူးမည်ဖြစ်ကြောင်း ပြသည်။ ဝိပဿနာအန်ဆေးကို သောက်မှ အရူးပျောက်မည်။ [နာ-၃၃] အရူးနာ အမြစ်ပြတ်အောင်မှု မဂ်ဆေးဖြင့် ဖြတ်ရသည်။ [နာ-၃၆] ဖြစ်ပျက်အဆုံး ပထမ မဂ်ရအောင် လုပ်ရမည်။ [နာ-၃၇] အပါယ်လေးဘုံကို အယောနိသောမနသိကာရ တည်ထောင်ပုံကို ပြပြန်သည်။ [နာ-၄၁] အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အပေါ်မှာ

အမှတ်များ၊ အသိများ၊ အယူများ သုံးချက်ဖြင့် မြောက်၊ အရှုး ၁၂ ချက် ဖြစ်ပုံကို ပြသည်။

နှလုံးသွင်းမှား၍ ဖြစ်နေသော အပါယ်အဆောက်အအုံကြီးကို မိုးကြိုးပစ် ထန်းလျက်ကာ၍ မရကြောင်း မဂ်နှင့် ဖြတ်မှ ပြတ်ကြောင်း ရှင်းပြသည်။ [နှာ–၄၀] မီးစက်ဒိုင်နမိုရပ်မှ မီးပွင့်အားလုံး ငြိမ်းသလို ဝိပဿနာရှု၍ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်ဆုံး မဂ်ဆိုက်မှ အရှုးရောဂါအားလုံး ပျောက်ကြောင်း ပြောရင်း အချိန်စေ့၍ တရား ရပ်နားလိုက်သည်။

*

## ၂။ ဝိပ္ပလ္လာသ(အရှုး) ၁၂ မျိုး ညအလုပ်ပေးတရား

[၃၀–၁၁–၆၁ အမရပူရမြို့တွင် ဟောသောတရား]

မကျန်းမာသောအခါ ဆရာဝန်ကောင်း ဆေးကောင်း ရှာတာ၊ ဘာရှာတာ တုန်း အသေလွတ်ရှာတာဖြစ်ကြောင်း စကားဖြင့် ဤတရားကို စတင် ဟောကြား သည်။ တရား အားထုတ်တာလည်း အသေလွတ်နည်းကို ရှာတာဖြစ်ကြောင်း ဆရာဝန်ရှာတာက လုံးဝ အသေမလွတ်ပါ။ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကမှ ပဋိစ္စသမုပ္ပာဒ် ကို ဖြတ်ပြီး လုံးဝ အသေလွတ်စေနိုင်ပါသည်။ [နှာ–၅၂] ပြီးနောက် တရား အားထုတ်ရေးကို ပိုပြီး ဦးစားပေးသင့်ပုံများကို ဟောသည်။ [နှာ–၅၄] ပြီးမှ နှလုံးသွင်းမှားခြင်းနှင့် နှလုံးသွင်းမှန်ခြင်း ကိစ္စကို ဟောသည်။

ထို့နောက် ယခုဘဝ လောကုတ္တရာမဂ်ဉာဏ် မရဘဲ ဝိပဿနာ ဖြစ်ပျက် မြင်ရုံလောက်ဖြင့် သေသွားသည် ဆိုစေဦး၊ နောက်ဘဝမှာ အသေလွတ်ရာ နိဗ္ဗာန်ကို ရနိုင်ကြောင်း အားပေးထားသည်။ [နှာ–၅၆] နှလုံးသွင်းမှန်သည် ဆိုခြင်းမှာ အနိစ္စမြင်ခြင်း၊ ဒုက္ခမြင်ခြင်း၊ အနတ္တမြင်ခြင်း ဖြစ်သည်။ [နှာ–၅၇] နှလုံးသွင်း မှန်မှုကို ရှေးရှုရမည်။ အားကိုးအားထား ပြုရမည်။ နှလုံးသွင်း မှန်မှုအတွက် ဆရာကို ရှာကြရမည်(ယထာဘူတံ ဉာဏာယ သတ္ထာ ပရိယေသိတဗ္ဗော)ဟု ပါဠိတော်ကိုပါ ပြသည်။ [နှာ–၅၉] ထို့နောက် ဆရာကောင်း၊ သစ္စာကို ပြတတ် သော ဆရာကို ရှာဖို့ အရေးကြီးပုံများကို အကျယ်ပြသည်။ [နှာ–၆၂၊၆၃]

ထို့နောက် နှလုံးသွင်းမှန်ရန်မှာ သညာသိနှင့် ပညာသိ မတူပုံ ရှင်းပြသည်။ [နှာ–၆၆] အလုပ်ခွင် ဝင်ပြီး ခန္ဓာက ပြောတာသိမှ ပညာသိဖြစ်သည်။ ဒါကြောင့် သိမှုဖြင့် မပြီးသော ကျင့်မှုနှင့် စခန်း သတ်ရမည် [နှာ–၆၇]ဟု မိန့်ထားသည်။ ကျင့်မှုသိမှသာလျှင် ပယ်မှုမဂ်ဆိုက်မည်ဟုလည်း ဆိုပါသည်။ ပွားမှုရမည်၊ အလွယ်

ပြောနေကြတာတွေကို မယုံနှင့်ဟုလည်း ဆုံးမထားသည်။ [နာ-၆၈] (တရားကို နာရုံဖြင့် ရသည်။ ကျင့်စရာမလိုဆိုသော အမြင်မှားကို ဤစကားများက ပယ်ထားကြောင်း ထင်ရှားသည်။)

ထို့နောက် ဝိပ္ပလ္လာသ ၁၂ မျိုး ဖြစ်ပုံကို ပြသည်။ [နာ-၆၉] ဤသို့ သိပြီး အားထုတ်သဖြင့် သောတာပတ္တိမဂ်ရပါက ဝိပ္ပလ္လာသ ရှစ်မျိုးကို ပယ်ပုံကို ပြသည်။ [နာ-၇၀] အနာဂါမိမဂ်ကျမှ ဝိပ္ပလ္လာသ ဆယ်ပါး ပယ်နိုင်သည်။ သိပြီးမှ ပွားများ၊ ပွားများမှ ပယ်နိုင်ကြောင်းလည်း ဆိုထားသည်။ ပရိညာ သုံးပါးရှိကြောင်း ဟောသည်။ ဝိပ္ပလ္လာသ ၁၂ ပါးကို မပယ်နိုင်ဘဲနှင့် မဂ္ဂင်လမ်းပေါ် မရောက်နိုင်ပါ။ [နာ-၆၃] ဒါကြောင့် နိဗ္ဗာန် ရောက်ချင်လျှင် ဝိပ္ပလ္လာသ အရှုးကို အလျင်ပယ်ဟု ဆိုသည်။ [နာ-၇၆]

ပဋိစ္စသမုပ္ပာဒ် လည်နေရတာသည် ဝိပ္ပလ္လာသကြောင့် ဖြစ်ကြောင်း ရှင်းသည်။ [နာ-၇၉] ပဋိစ္စသမုပ္ပာဒ် ပြတ်ချင်လျှင် ဝိပ္ပလ္လာသ ပယ်နိုင်လျှင် ပြတ်သည်ဟုလည်း ဆိုသည်။ [နာ-၇၉] သောတာပတ္တိမဂ် ရလျှင် နလုံးသွင်း မှန်လျှင် ပဋိစ္စသမုပ္ပာဒ် ဆယ်မျိုးပြတ်ပုံကို ပြထားသည်။ [နာ-၈၀] ဒွါရခြောက်ဌာနမှ ပဋိစ္စသမုပ္ပာဒ်နှင့် အပါယ်လေးပါးသွားသော ပဋိစ္စသမုပ္ပာဒ် နှစ်မျိုးပေါင်းလျှင် ဆယ်မျိုးရသည်။ နလုံးသွင်းမှန်မှ ပဋိစ္စသမုပ္ပာဒ် ပြတ်သည်။ ခန္ဓာနှင့် ဉာဏ်နှင့် တည့်မှလည်း နလုံးသွင်း မှန်သည်။ [နာ-၈၄] သို့သော် သိရုံဖြင့် နလုံးသွင်း မမှန်သေး။ အလုပ်ခွင် ဝင်ပြီး ကျင့်ကြံအားထုတ်မှ ရနိုင်ကြောင်းကိုလည်း ထပ်မံဟောကြားပြန်သည်။ ထို့နောက် အလုပ်ခွင်ကျလျှင် စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာရှုဖို့ တိုက်တွန်းသည်။ [နာ-၈၅]

ပြီးမှ အနိစ္စသိလျှင် နိစ္စာသညာကို ပယ်ပုံ၊ ဒုက္ခသစ္စာကို သိလျှင် သုခသညာကို ပယ်ပုံ၊ မခိုင်မမြဲတဲ့ တရားတွေဟု သိလျှင် သဿတဒိဋ္ဌိကို ပယ်ပုံ(ဒိဋ္ဌိဝိပ္ပလ္လာသ) သောတာပတ္တိမဂ်က အတ္တသညာကိုလည်း ပယ်နိုင်ပုံများကို ပြသည်။ [နာ-၈၆] နလုံးသွင်းမှားမှု၏ အပြစ်များကို ဖော်ပြပြီး ဟောသည်။ [နာ-၈၉] ဤတရားတွင် အလုပ်ခွင် မဝင်တဲ့ ပုဂ္ဂိုလ်ဝိပ္ပလ္လာသ မပျောက်ဘူးဟုလည်း မိန့်ထားသည်။ [နာ-၉၂] လူတွေမှာ နေ့စဉ် ဝိပ္ပလ္လာသကို မပယ်နိုင်ဘဲ တိုး၍သာ လာသည်။ အရိုးသာရင့် ဉာဏ်မပွင့် ဖြစ်နေပုံကို ဟောသည်။ [နာ-၉၇] မနောပေါက်က မျက်လုံးမှိတ်ပြီး ဝိပဿနာ အလုပ်ဖြင့် ခန္ဓာကို စိုက်ကြည့်ပါ။ နလုံးသွင်း မှန်ပါလိမ့်မည်။ [နာ-

၉၉] ထိုအခါ အရှုံးပျောက်လိမ့်မည်။ မဂ်မပေါ်သေးသရွေ့ ဝိပ္ပလ္လာသ အရှုံး ၁၂ မျိုး မပျောက်ကြောင်း ရှင်းပြထားသည်။ အချိန်စေ့၍ တရားသိမ်းလိုက် သည်။

*

## ၃။ အနိစ္စသညာကြောင့် ပပဉ္စဖြစ်ပေါ်လာပုံ ညအလုပ်ပေးတရား
[၁–၁၂–၆၁ ဟောသောတရား]

နိစ္စသညာ(မြဲသည်ဟု မှတ်မှုအမှား)ကြောင့် မာနတက်သည်ဆိုသော စကား ဖြင့် ဤတရားကို စတင်သည်။ သညာဝိပ္ပလ္လာသကြောင့် မာနဖြစ်သည်ဟု မှတ်ပါ ဆိုသည်။ [နှာ–၁၁၀] နိစ္စသညာ ဘယ်က လာသလဲ ပြန်စစ်တော့ အယောနိသော မနသိကာရ(နှလုံးသွင်းမှားမှု)က လာသည်။ မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာကို ကိုးကား၍ ဟောသည်။ [နှာ–၁၀၃]

မာနသည် သံသရာကို ချဲ့သော ပပဉ္စတရား ဖြစ်သည်။ မာနသည် တဏှာ ပင် ဖြစ်သည်။ နှလုံးသွင်းမှား ဘယ်က လာသလဲ၊ မသိမှု အဝိဇ္ဇာက လာသည်။ ဤသို့ သိမှသာ ဘာကို ဝိပဿနာဉာဏ်နှင့် ဖြတ်ရမလဲ ပေါ်လာသည်။ [နှာ– ၁၀၅] မာနမှာ ကုသိုလ်မာန၊ အကုသိုလ်မာန ရှိသည်။ ကုသိုလ်မာနလည်း ရှိသေး သည်။ [နှာ–၁၀၆] ဝိပဿနာ မလုပ်လျှင် ပပဉ္စမာနက လုပ်ထားသော ဒုက္ခသစ္စာကို ရဦးမည်သာ ဖြစ်သည်။ [နှာ–၁၀၇] နှလုံးသွင်း မှားတာ မှန်အောင်တည့်ပေးသော ဆရာကောင်း မတွေ့လို့ ဖြစ်သည်။

တစ်သံသရာလုံးမှာ အဝိဇ္ဇာကြောင့် အယောနိ သောမနသိကာရ၊ အယောနိ သောမနသိကာရကြောင့် နိစ္စသညာ၊ နိစ္စသညာကြောင့် မာန၊ မာန(ပပဉ္စ)ကြောင့် သံသရာရှည်ရသည်။ [နှာ–၁၀၉] အကြောင်းအကျိုး ဆက်ပုံကို ပြသည်။ အကြောင်း မဲ့ ဖြစ်သည်ထင်လျှင် အဟေတုကဝါဒ ဒိဋ္ဌိ၊ သီလ၊ သမာဓိကြောင့် မာန ဖြစ်နိုင်ပုံ ရှင်းပြသည်။ အရှင်အနုရုဒ္ဓါကို ဥပမာပြသည်။ [နှာ–၁၁၁] မာန၏ အရင်းခံက အဝိဇ္ဇာဖြစ်သည်။ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်မှ မာနကို ပယ်နိုင်သည်။ [နှာ–၁၁၄] ဤတွင် ခွေးတစ်ကောင် ကျင်ကြီးပုံ တွေ့ပြီး မာနတက်ပုံ ဥပမာ ပြသည်။

လူတွေမှာ ရထားသော ဥစ္စာစည်းစိမ် ဂုဏ်ရှိန်တွေကို နိစ္စမြဲသည်ထင်သော အမှတ်မှားမှု သညာဝိပ္ပလ္လာသကြောင့် မာနဖြစ်ပုံကို ရှင်းပြသည်။ [နှာ–၁၁၇] အဋ္ဌကထာ မေးသော ဥပမာဟု ဆိုသည်။ [နှာ–၁၁၈] ထို့နောက် မာနမှာ အထက်

သွား မာန၊ အောက်သွား မာနရှိပုံ သို့သော် မာနက နိဗ္ဗာန်သို့ သွားကြောင်း ဟောသည်။ [နာ–၁၂၀] ဝိပဿနာသွင်းလျှင် နိစ္စသညာကို အနိစ္စသညာ လုပ်ရမည်။ ထိုအခါ နလုံးသွင်း မှန်မည်။ အဝိဇ္ဇာလည်းချုပ်မည်ဟု မိန့်သည်။ [နာ–၁၂၁] နလုံးသွင်းမှန်ပြီး အဝိဇ္ဇာချုပ်လျှင် မာနကို အထူး သတ်စရာ မလိုတော့။ မာနနှင့်စပ်သော သံသရာပြတ်ပြီ။ ဝိပဿနာနှင့် သတ်မှ ပပဉ္စ ဖြတ်သည်။ [နာ–၁၂၈] ခန္ဓာကို ဉာဏ်စိုက်မှ ရသည်။ [နာ–၁၃၇] အနိစ္စဉာဏ်ရမှ ဖြစ်သည်။ ထိုဉာဏ် မရသရွေ့ သာသနာတွင်း ရွေးသော်လည်း သာသနာပပဲဟု ဆုံးဖြတ်သည်။ [နာ–၁၄၂] အနိစ္စသညာ ထင်မြင်မှသာ သာသနာတွင်း သမ္မာဒိဋ္ဌိဖြစ်ကြောင်း ပြသည်။ [နာ–၁၄၃] သာသနာတွင်း မဖြစ်လျှင် ကျွတ်တမ်း မဝင်သေးကြောင်း လည်း ပြသည်။ [နာ–၁၄၄]

ထို့နောက် ဝိပဿနာဉာဏ်သွင်းပုံကို ပြသည်။ အနိစ္စသညာ ထင်အောင် ကြိုးစားရန် တိုက်တွန်းထားသည်။ [နာ–၁၄၆] သို့မှသာ အဝိဇ္ဇာနှင့် အယောနိသော မနသိကာရသည် ဝိဇ္ဇာနှင့် ယောနိသောမနသိကာရ ဖြစ်သည်။ [နာ–၁၄၆] ဝိပဿနာသည်သာ သာသနာတွင်း သမ္မာဒိဋ္ဌိ ဖြစ်သည်။ [နာ–၁၄၇] သစ္စာသိတာ ဝိပဿနာဟု မှတ်ရမည်။ [နာ–၁၄၈] အချိန်စေ့၍ တရားကို နားလိုက်သည်။

*

## ၄။ ဝိပ္ပလ္လာသတံတိုင်းကြီး ဖြိုဖျက်ရန်တရား
[၂–၁၂–၆၁ ဟောသောတရား]

သညာဝိပ္ပလ္လာသ၊ စိတ္တဝိပ္ပလ္လာသ၊ ဒိဋ္ဌိဝိပ္ပလ္လာသ အကျဉ်းအားဖြင့် သုံးပါး ရှိကြောင်း စတင် ဟောကြားသည်။ အမှတ်မှား၊ အသိမှား၊ အယူမှားဖြစ်ကြောင်း ရှင်းပြသည်။ ဝိပ္ပလ္လာသ သုံးပါးကို အနိစ္စမှာ သုံးချက်မှား၊ ဒုက္ခမှာ သုံးချက်မှား၊ အနတ္တမှာ သုံးချက်မှား၊ အသုဘမှာ သုံးချက်မှား ပေါင်း ၁၂ ချက်မှားကြောင်း အကျယ်ပြသည်။ [နာ–၁၄၉] ထို ၁၂ ချက် အမှားကို တော်လှန်ရမည်။ ထိုအမှတ်မှား၊ အသိမှား၊ အယူမှားသည် ဘာကို ကျေးဇူးပြုသလဲ မေးလျှင် တဏှာကို ကျေးဇူး ပြုသည်ဟု ဖြေသည်။ [နာ–၁၅၀] တဏှာသည်လည်း သံသရာရဲ့တရား ပပဉ္စပင် ဖြစ်သည်။ တဏှာဖြစ်လျှင် ဥပါဒါန် ကံလာသောကြောင့် တဏှာပပဉ္စဖြစ်လျှင် ကိုယ့်အိမ်မှာ သားမယားနှင့် ပျော်နေရင်း အပါယ်သို့ သွားနေသည်ဟု မှတ်ရမည်။ ဝိပ္ပလ္လာသကို မဖြတ်နိုင်လျှင် အပါယ်ချည်းသွားမည် ဖြစ်၏။ [နာ–၁၅၃] ဝိပ္ပလ္လာသ

အများသုံးချက်က ကာမာသဝပဲ အကျိုးကျေးဇူးပြုသည်။ ကာမဘုံမှာ ပဋိသန္ဓေ အကျိုးပဲ ပေးသည်။ [နာ-၁၅၄]

ထို့နောက် 'အနောကပ္ပနပါကရဲ့ ဝိပ္ပလ္လာသပရိက္ခိတ္တံ' ပါဠိတော်အရ ပုထုဇဉ်ကို ဝိပ္ပလ္လာသ တံတိုင်းကြီးများ အထပ်ထပ် ကာရံထားပုံကို ဟောသည်။ [နာ-၁၅၇] အနိစ္စ ဝိပဿနာဉာဏ်၊ ဒုက္ခဝိပဿနာဉာဏ် မလာသေးသရွေ့ ဝိပ္ပလ္လာသတံတိုင်း အထပ်ထပ် ကာရံထားမှုကို မဖြိုဖျက်နိုင်သေးကြောင်း ဟောသည်။ [နာ-၁၅၉] မဖြိုဖျက်နိုင်လျှင် ထိုအထဲသို့ သစ္စာဉာဏ် မဝင်နိုင်ကြောင်း ရှင်းပြသည်။ [နာ-၁၆၃] ဝိပဿနာ လက်နက်ဖြင့်သာ ဝိပ္ပလ္လာသတံတိုင်းများကို ဖြိုဖျက်နိုင်ကြောင်း ရှင်းပြထားသည်။ [နာ-၁၈၄]

ဝိပဿနာ လုပ်ရမည် ဆိုသောကြောင့် ဒါန၊ သီလ မလုပ်ရဘူးဟု မဆိုကြောင်း သို့သော် ဝိဝဋ္ဋဒါန၊ ဝိဝဋ္ဋသီလ ဖြစ်အောင် လုပ်သင့်ကြောင်း ဆုံးမသည်။ [နာ-၁၈၇] ပြီးမှ စိတ္တာနုပဿနာ ရှုဖို့ဟောသည်။ [နာ-၁၈၈] ဝိပ္ပလ္လာသ ဖျက်နည်းပေးမည်ဆိုပြီး ခန္ဓာထဲမှာ အနိစ္စကို မြင်အောင်ကြည့် ဒုက္ခကို မြင်အောင်ကြည့်ဟု မိန့်ကြားသည်။ [နာ-၁၉၀] အနိစ္စဉာဏ်၊ ဒုက္ခဉာဏ်၊ အနတ္တဉာဏ် ရပြီးနောက် ထိုဉာဏ်များ ရင့်လာသောအခါ နိဗ္ဗိန္ဒာဉာဏ် ဖြစ်ပေါ်လာပုံ ထိုမှ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဝင်လာပုံများကို ဟောသည်။

မဂ်ဉာဏ် ဝင်လာလျှင် ဒိဋ္ဌိတံတိုင်း လေးခု အကုန်ပြုတ်သည်ဟု ဆိုသည်။ ဝိပဿနာမဂ် ထို့နောက် လောကုတ္တရာမဂ်မှတစ်ပါး ဝိပ္ပလ္လာသတံတိုင်း ဖြိုပြီး အလင်းဆောင် အမှောင်ခွင်း ပေးနိုင်သောတရား အခြား မရှိကြောင်း ဟောသည်။ [နာ-၁၉၁] ခန္ဓာဟာ ဒုက္ခသစ္စာပဲဟု ပိုင်ပိုင်သိပြီဆိုလျှင် မဂ္ဂင်ရှစ်ပါး ပြည့်စုံပြီဟု ဆိုသည်။ ထုံးစံအတိုင်း ဝိပဿနာမှတစ်ပါး အားကိုးစရာ မရှိပုံကို ထပ်ဟောသည်။ [နာ-၁၉၇] ဝိပဿနာ အားထုတ်နည်းမှအပ ဝိပ္ပလ္လာသတံတိုင်း ဖြိုနည်း တခြား မရှိကြောင်း ဟောရင်း အချိန်ကုန်၍ တရားနားလိုက်သည်။

*

## ၅။ ဒိဋ္ဌိဝိပ္ပလ္လာသပြုတ်ရေး ညအလုပ်ပေးတရား

[၄-၁၂-၆၁ ဟောသောတရား]

ဝိပ္ပလ္လာသတွေ ဟောရခြင်း အကြောင်းက ဝိပ္ပလ္လာသ ဒဏ်ချက်ကြောင့် အပါယ်လေးပါး ရောက်ရသည်ဟု ဟောထားခြင်းကြောင့် ဖြစ်ကြောင်း အစချီ၍

ဤတရားကို ဟောကြားသည်။ ဝိပ္ပလ္လာသက သုဂတိလည်း ရှိသည်။ သို့သော် နိဗ္ဗာန်ကိုတော့ မပို့ကြောင်း ရှင်းပြထားသည်။ သစ္စာသိတဲ့ လူက သုဂတိလည်း မကြိုက်ကြောင်း၊ ဒုဂ္ဂတိလည်း မကြိုက်၊ ဂတိ ပါနေကတည်းက ဒုက္ခသစ္စာ ထိုက်နေပြီ။ လားရာပါနေလျှင် ခရီးလမ်းမဆုံးသေး၊ သံသရာ ခရီးရှည်ဦးမည့် သဘောဖြစ်ပုံကို ရှင်းပြထားသည်။ [နှာ-၂၀၁] ဓမ္မပဒလာဂါထာဒွိနော၊ ဝိသော ကဿ အစချီ ဂါထာကို ပြပြီး ခရီးဆုံးပြီး သူ ရဟန္တာ၏ သဘောကို ဟောသည်။ [နှာ-၂၀၂] ဘုံသုံးပါးသည် မီးပုံကြီး ဖြစ်ပုံ 'တယောဘာဝေ အဒ္ဓုဃရံ ဝိယ ဒဠ္ဟဗ္ဗော' ပါဠိတော်ဖြင့် ရှင်းပြီး ဘုံသုံးပါး၌ ဂတိရပြီး ကျင်လည်ရခြင်း အပြစ်ကို ပြသည်။ [နှာ-၂၀၃] ဝိပ္ပလ္လာသကို ဥဒယဗ္ဗယဉာဏ်က စပြီး တစ်စတစ်စ ပယ်နိုင်ကြောင်း ခရီးဆုံးသွားလိုသူ ခရီးလမ်းစကို တွေ့ပြီဖြစ်ကြောင်း ဖြစ်ပျက်မြင်မှုက မရကြောင်း ရှင်းပြသည်။ [နှာ-၂၀၅]

ပြီးမှ ဤတရားတွင် ဒိဋ္ဌိဝိပ္ပလ္လာသကို အဓိကထားပြီး ဟောသည်။ စကား ပြောသောအခါ သန်ဘက်ခါ လာခဲ့မယ်ဟု ပြောကြသည်။ မိမိ အတ္တမြဲနေမည်ဟု ထင်မြင် ယူဆသော သဿတဒိဋ္ဌိဖြင့် ပြောခြင်းဖြစ်ကြောင်း ဒိဋ္ဌိဝိပ္ပလ္လာသ ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ-၂၀၆] အရိယာများက အခန့်သင့်လျှင် အကြောင်း ညီညွတ်လျှင် လာနိုင်ပါလိမ့်မည်ဟုသာ ပြောသည်။ မုချလာမည်ဟု ယုံကြည်ချက် ဖြင့် မပြောပါ။ ဒိဋ္ဌိဝိပ္ပလ္လာသ ခွာပြီးသော ပုဂ္ဂိုလ်၏ အသံ။ ဒိဋ္ဌိ ဘယ်ကလာသလဲ။ ခန္ဓာကို အမြင်မှားသူက လာသည်။ [နှာ-၂၀၉] ဖောက်ပြန်သော အမြင် အယူအဆ ဒိဋ္ဌိဝိပ္ပလ္လာသ ဖြစ်သည်။ [နှာ-၂၁၁]

ပြီးနောက် ဒိဋ္ဌိဝိပ္ပလ္လာသ ရှိသူမှာ သောက ပရိဒေဝ၊ ဒုက္ခ ဒေါမနဿ၊ ဥပါယာသ အဝိဇ္ဇာသခါ်ရ ပဋိစ္စသမုပ္ပာဒ် လည်ပုံကိုပြသည်။ [နှာ-၂၁၅] ဒိဋ္ဌိ ဝိပ္ပလ္လာသ၏ မျက်ရည်မျက်ခွက် ဖြစ်အောင် ဖန်တီးပုံ အပြစ်များကို ပြသည်။ [နှာ-၂၂၀၊၂၂၁] ဒိဋ္ဌိပယ်ပြီးသား ပုဂ္ဂိုလ်(ဝိသာခါ)မှာ သောကပရိဒေဝ ရှိသော်လည်း အပါယ် မကျတော့ပါ။ [နှာ-၂၂၂] ဒိဋ္ဌိကသာ အပါယ်ကို ကျစေတတ်သော တရား ဖြစ်သည်။ ဒိဋ္ဌိပြုတ်ပြီး ဖြစ်လျှင် သောကပရိဒေဝ ဒုက္ခဒေါမနဿ အဝိဇ္ဇာ သခါ် ဖြစ်သော်လည်း အပါယ်မကျနိုင်တော့ဟု ဟောသည်။ [နှာ-၂၂၃] ဒိဋ္ဌိပြုတ်ရေး ကိုသာ အဓိကထားပါဟု တိုက်တွန်းသည်။ [နှာ-၂၂၅] ဒိဋ္ဌိဝိပ္ပလ္လာသ အယောနိ သောမနသိကာရက လာပုံကို ထပ်ဟောပြန်သည်။ [နှာ-၂၂၆] ဒိဋ္ဌိဝိပ္ပလ္လာသကို ပယ်ချင်လျှင် ယောနိသောမနသိကာရ ဖြစ်အောင် ပြောင်းရမည်ဟု ညွှန်ပြသည်။

ပြီးနောက် ဒိဋ္ဌိဖြစ်ကြောင်း ရှစ်မျိုးကို ရှင်းပြသည်။ ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်သည်။ အဝိဇ္ဇာကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။ အယောနိသောမနသိကာရကြောင့် ဒိဋ္ဌိဖြစ်သည်။ ဖဿကြောင့် ဒိဋ္ဌိဖြစ်သည်။ သညာကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။ တက္ကကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။ တက္ကကြောင့်၊ (ကြံစည်မှု)ကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။ မိုက်မဲသော အဆွေခင်ပွန်းကြောင့်လည်း ဒိဋ္ဌိဖြစ်သည်။ သူတစ်ပါးအရေးကို နာမိသောကြောင့် ဒိဋ္ဌိဖြစ်သည်။ [နာ-၂၃၂] ဒိဋ္ဌိဖြစ်ကြောင်း ရှစ်မျိုးကို ဖော်ပြသည်။ ကဂ္ဂသကတဉာဏ်သည် ဒိဋ္ဌိကို မခွာနိုင်ကြောင်းလည်း ပြသည်။ [နာ-၂၃၄] ဗုဒ္ဓဘာသာဝင်များမှာ သဿတဒိဋ္ဌိ ဖြစ်ပုံကို ရှင်းပြမည်။ စတိနှင့် ပဋိသန္ဓေစိတ် ဖြစ်ပုံကို ပဋ္ဌာန်းဒေသနာဖြင့် ရှင်းပြသည်။ [နာ-၂၃၉] သဿတဥစ္ဆေဒ လွတ်အောင် ရှင်းပြပြီး အချိန်စေ့၍ တရားနားသည်။

*

## ၆။ ကြောက်စရာဒိဋ္ဌိကြီး ညအလုပ်ပေးတရား

[၅-၁၂-၆၁ ဟောသောတရား]

ဒိဋ္ဌိ ဘယ်ကလာသလဲဆိုလျှင် အတ္တသညာက လာသည် ဆိုသော စကားဖြင့် ဤတရားကို စသည်။ ဤတရားမှာလည်း သညာဝိပ္ပလ္လာသသည် နှလုံးသွင်းမှားမှုကြောင့် ဖြစ်ကြောင်းကိုပင် ဟောခြင်းဖြစ်သည်။ နှလုံးသွင်း ဘာကြောင့် မှားပါလိမ့်ဆိုသော် အဝိဇ္ဇာ(မသိမှု)ကြောင့် မှားသည်။ ဤတွင် အဝိဇ္ဇာ ဘယ်က လာသလဲ ဆိုသော အမေးကို နီဝရဏက လာသည်ဟု ဖြေထားသည်။ (ကျမ်းဂန်များ၌ အဝိဇ္ဇာ ဘယ်ကလာ၊ အာသဝေါက လာသည်ဟု အဖြေပေးသည်။) ဆရာတော်က အင်္ဂုတ္တိုရ်မှာ ဤအတိုင်းလာသည်ဟု ကျမ်းညွှန်းပြသည်။ [နာ-၂၄၂]

ဤတရားတွင် ခန္ဓာငါးပါးကို မပိုင်းခြားတတ်သဖြင့် ဃနကြီး ဖြစ်နေကြောင်း အစိုင်အခဲကြီးအဖြစ် ခိုင်တယ်မြဲတယ် ထင်နေကြကြောင်း အမှတ်မှားပြီး အားကိုးတတ်ကြောင်း ပြသည်။ [နာ-၂၄၃] နီဝရဏငါးပါးက အဝိဇ္ဇာကို ဖြစ်စေတယ်ဟု ထပ်၍ ဆိုပြန်သည်။ ထို့နောက် အဝိဇ္ဇာသည် မိစ္ဆာဉာဏ် ဖြစ်သည်ဟုလည်း ဆိုသည်။ [နာ-၂၄၄] မိစ္ဆာဉာဏ်ကို မိုးကုတ်မြို့က ကုလားတွေ ဉာဏ်အမျိုးမျိုး ဆင်ပြီး ငါးဖမ်းတတ်ပုံကို ဥပမာပြသည်။ [နာ-၂၄၅] ကာမစ္ဆန္ဒနီဝရဏကြောင့် ငါ ငါ့ဥစ္စာ ခင်ကြသည်။ ဘာကြောင့် ခင်သလဲ။ မသိလို့ ခင်သည်။ ဒုက္ခသစ္စာဟု မသိဘူးဟု မိန့်သည်။ [နာ-၂၄၆]

မသိ၍ နှလုံးသွင်းမှားသည်။ နှလုံးသွင်းမှား၍ အတ္တသညာ ဖြစ်သည်။ အတ္တသညာကြောင့် ဒိဋ္ဌိမပြုတ်ခြင်း ဖြစ်ပုံကို ဆက်ပြသည်။ ဤတွင် ဆရာက အတ္တသညာကို အနတ္တဟု ပြင်ပေးနိုင်လျှင် ဒိဋ္ဌိ အလိုလို ပြုတ်သည်ဟုလည်း ပြသည်။ ထို့နောက် ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာဟု သုံးနှုန်းပြန်သည်။ 'ရူပံ အတ္တတော သမနုပဿတိ' ရူပံ၊ ရုပ်ကို အတ္တတော ငါဟူ၍ သမနုပဿတိ ရှု၏။ ရုပ်ကို ငါဟု ရှုလိုက်သည်။ [နှာ-၂၄၇] ပြီးနောက် ခန္ဓာငါးပါးကို ငါ လုပ်နေကြပုံကို ပြသည်။

ထို့နောက် ဒိဋ္ဌိလာလျှင် ဒိဋ္ဌုပါဒါန်လာ၊ ဥပါဒါန်လာလျှင် ကမ္မဘဝလာ၊ ကမ္မဘဝလာလျှင် အပါယ်ဇာတိ(နောက်ဘဝ ပဋိသန္ဓေ) လာပုံကို ပြသည်။ [နှာ-၂၄၈] အဇာတသတ် အတ္တဒိဋ္ဌိစွဲကြောင်း အဖ သတ်ပြီး ငရဲကျပုံကို ရှင်းပြသည်။ ဗုဒ္ဓဘာသာများမှာလည်း မိဖရိုးရာ အတ္တဒိဋ္ဌိတွေ ရှိနေကြသည်ကို ညွှန်ပြသည်။ အမည်က ဗုဒ္ဓဘာသာ အယူက ဒိဋ္ဌိတွေ ဖြစ်နေကြပုံကို ပြသည်။ [နှာ-၂၅၁] သံဝေဂဖြစ်အောင် လောဟကုမ္ဘီငရဲ၌ အဇာတသတ် ခံနေရပုံကို သရုပ်ဖော်ပြီး ပြသည်။ [နှာ-၂၅၆]

အတ္တဒိဋ္ဌိက အဝီစိအထိ ချနိုင်သည်။ ဒိဋ္ဌိက ပစ္ဆေက ဗုဒ္ဓအလောင်းတွေကို တောင် ငရဲ ပစ်ချလိုက်သည်။ ဒိဋ္ဌိ မနိပ်စက်ဘူးဆိုလျှင် အဇာတသတ် ဤဘဝမှာ ကျွတ်တမ်းဝင်သည်။ [နှာ-၁၅၇] ဒိဋ္ဌိကြောင့်ပင် ဒေဝဒတ်မှာ ရပြီးသားဈာန် အဘိညာဉ်တွေအားလုံး ဆုံးရှုံးရပုံကို ရှင်းပြသည်။ ဒိဋ္ဌိက ပြည့်ပြီးသား ပါရမီကိုပင် ဖျက်ချနိုင်သည်။ [နှာ-၂၅၉] အဝိဇ္ဇာတဏှာတို့ထက် ဒိဋ္ဌိက ပိုပြီး ကြောက်စရာ ကောင်းကြောင်း သတိပေးသည်။ [နှာ-၂၆၀] တဏှာနှင့် လျှာဒါန်းပြီး ဆုတောင်းကြတာ တဏှာက သုဂတိကို ပို့နိုင်သေးသည်။ ဒိဋ္ဌိက မပို့ဘူး အပါယ်ကို ဆွဲချသည်။ သောတာပတ္တိမဂ်က အပါယ်သံသရာကို ရှင်းနိုင်သည်။ တဏှာ ကျန်ရစ်သည်။ အရေးမကြီး၊ တဏှာက ဒိဋ္ဌိလောက် ကြောက်စရာ မကောင်းဟု ပြထားသည်။ [နှာ-၂၆၁]

ထို့နောက် နှလုံးသွင်းမှား၍ အတ္တသညာ ဖြစ်၊ အတ္တသညာ ဖြစ်၍ အတ္တဒိဋ္ဌိဖြစ်ပုံကို ပြသည်။ နှလုံးသွင်းမှန်မှုတွင် ကလျာဏမိတ္တကို ပေါင်းမှ ရနိုင်ကြောင်း ဆုံးမထားသည်။ [နှာ-၂၆၃] နှလုံးသွင်း မှန်ချင်လျှင် စိတ်ကို စိတ်ပဲမှတ်ပါ။ စိတ်သည် ဖြစ်ပြီးပျက်သော အနိစ္စတရား၊ ဒုက္ခတရားဟု သိပါဟု တိုက်တွန်းသည်။ [နှာ-၂၆၄] ဖြစ်ပျက် အနိစ္စကို မြင်မှ အတ္တသည် ပြုတ်သည်။ ဝိပဿနာ အလုပ် လုပ်မှ နှလုံးသွင်း မှန်သည်။ [နှာ-၂၆၅]

ထို့နောက် ဝိပဿနာကသာ ဒိဋ္ဌိကို နိုင်သည်။ သမထက ဒိဋ္ဌိ မနိုင်ပုံကို ဖြဟ္မာများသေလျှင် ဝက်ဖြစ်ရပုံ ဝတ္ထုကို ရှင်းပြသည်။ [နှာ–၂၆၆] ဒါန၊ သီလကိုပင် ဝိပဿနာ လုပ်ပြီး၊ ဒိဋ္ဌိပြုတ်ပြီးမှ လုပ်ကြပါဟုလည်း ဆရာတော်က တိုက်တွန်းသည်။ [နှာ–၂၆၈] ရုပ်ကို ရုပ်လို့သိလျှင် နှလုံးသွင်းမှန်ပြီ၊ နောက် ရုပ်ပျက်တာပဲဟု သိလျှင် သမ္မာဒိဋ္ဌိဖြစ်၍ မိစ္ဆာဒိဋ္ဌိ ပျောက်သည်။ ထို့နောက် ဉာတပရိညာ၊ တီရဏ ပရိညာ၊ ပဟာနပရိညာ ဖြစ်ပုံကို ဆက်ဟောသည်။ [နှာ–၂၇၀]

ဤတရားသည် ဒိဋ္ဌိပြုတ်နည်း အလုပ်သင်တရားဖြစ်ကြောင်း ပြောသည်။ ရုပ်ကို ရုပ်ဟုသိလျှင် ဉာတပရိညာ၊ ရုပ်သည် ဖြစ်ပြီးပျက်သည်ဟုသိလျှင် တီရဏ ပရိညာ၊ ဒိဋ္ဌိပြုတ်လျှင် ပဟာနပရိညာဟု ဆိုသည်။ [နှာ–၂၇၁] ဒိဋ္ဌိပြုတ်လျှင် ငရဲသံသရာ ပြုတ်သည်။ [နှာ–၂၇၃] နှလုံးသွင်းမှန်မှု(၁)၊ ပွားမှု(၂)၊ ပယ်မှု(၃) ဖြစ်သည်။ [နှာ–၂၇၄] ကိုယ့်ကိုယ်ကိုယ် သနားသော ပုဂ္ဂိုလ်ဖြစ်ဖို့ လိုပုံကို ဟောသည်။ [နှာ–၂၇၈] ဒိဋ္ဌိကို ပရိညာသုံးပါးဖြင့် ဖြတ်ရမည်ဖြစ်ကြောင်း ဟောသည်။ [နှာ–၂၈၁] ဒကာ၊ ဒကာမများမှာ ကံတွေ လုပ်ထားပေမဲ့ ဒိဋ္ဌိပြုတ်နိုင် လျှင် အပါယ်က လွတ်နိုင်ရန် အချိန်ရှိသေးသည်။ ဝိပဿနာ လုပ်ဖို့ အချိန်မိ သေးသည်။ [နှာ–၂၈၄] ဆေးမိသေးသည်။ ခန္ဓာက ဖြစ်ပျက်ပြတိုင်း ဉာဏ်က လုပ်နေရမည်။ ဉာဏ်မျက်ခြည် မပြတ်စေနှင့်ဟု တိုက်တွန်းသည်။ [နှာ–၂၈၈] ဒိဋ္ဌိစင်အောင် ဝိပဿနာ ကော်ပတ်ဖြင့် စားပါဟု ဆုံးမထားသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၇။ သဿတနှင့် ဥစ္ဆေဒဒိဋ္ဌိပြုတ်ရေး ညအလုပ်ပေးတရား
[၆–၁၂–၆၁ ဟောသောတရား]

ဝိပ္ပလ္လာသ ၁၂ပါးသည် ခန္ဓာ၏ အနိစ္စကို ဉာဏ်က စူးစိုက် မကြည့်တတ် သောကြောင့် နိစ္စအမြဲဟု ထင်မှတ်မှားမှုအပေါ်မှာ တည်၍ဖြစ်သည်။ ဤစကားဖြင့် ဤတရားကို စတင် ဟောကြားပါသည်။ ဒါအမှတ်မှားပြီ။ အမှတ်မှားလျှင် တဏှာ၊ မာန၊ ဒိဋ္ဌိလာသည်။ အနိစ္စကို အမှတ်မှား၍ နိစ္စဟု မှတ်လျှင် ဝိပ္ပလ္လာသ သုံးချက် လိုက်သည်။ အမှတ်မှား(သညာဝိပ္ပလ္လာသ)၊ အသိမှား(စိတ္တဝိပ္ပလ္လာသ)၊ အယူမှား (ဒိဋ္ဌိဝိပ္ပလ္လာသ)တို့ ဖြစ်သည်။

အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးပါးဟောခြင်းမှာ ပပဉ္စသေအောင်လို့ဟု ဆိုသည်။ [နှာ–၂၉၃] အနိစ္စ မမြဲဘူး၊ မနိုင်ဘူးဟု သိမြင်လျှင် မာနစင်သည်။ ဒုက္ခကို

မြင်လျှင် လိုချင်သော တဏှာ သမုဒယ သေသွားသည်။ အနတ္တ တစ်လုံးပိုင်လျှင်လည်း ဒိဋ္ဌိစင်သည်။ [နှာ-၂၉၄] ဒါကြောင့် ဖြစ်ပျက်ကို မြင်လျှင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးပါးစလုံး မြင်သည်။ တဏှာ၊ မာန၊ ဒိဋ္ဌိ အားလုံး ပြုတ်သည်ဟု ဟောသည်။ ထိုသို့ သိမြင်ရန်မှာ နလုံးသွင်း မှန်ဖို့လိုသည်။ 'နေတဲ့ မမ နေသော ဟမသို့၊ နမေသောအတ္တ' ပါဠိကို ပြပြီး ရှင်းထားသည်။ [နှာ-၂၉၆]

အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘကို ပင်ကိုရှိ အတိုင်းတိုင်း သဘာဝ အတိုင်း ရှုမြင်လျှင် ယောနိသောမနသိကာရ ဖြစ်သည်။ ယောနိသော မနသိကာရ လေးမျိုး ဖြစ်နိုင်ပုံကို ပြသည်။ [နှာ-၂၉၇] ထိုလေးမျိုးပါလျှင် လက္ခဏာရေး သုံးပါးကို မြင်သည်။ လက္ခဏာရေးသုံးပါးကို မြင်လျှင် တဏှာ၊ မာန၊ ဒိဋ္ဌိ ပပဉ္စကို သတ်ပြီး ဖြစ်သည်။ ဤတရားသည် နိဗ္ဗာန်ရောက်ကြောင်း အစစ်ဟု မှတ်ရမည် ဆိုသည်။ ဤတရားတွင် အနာထပိဏ်သူဌေးအား တိတ္ထိများက ဂေါတမဘုရား အယူ ဘာ အယူလဲ မေးသော ဝတ္ထုကို ပြသည်။ [နှာ-၂၉၉]

ဒသကနိပါတ် အင်္ဂုတ္တိုရ် ဤတွင် လောကဆိုသော စကားကို ဆရာတော်က ဖြစ်တတ်ပျက်တတ်တာ မှန်သမျှ လောကချည်းပဲ မှတ်ပါဟု အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ [နှာ-၃၀၀] အနာထပိဏ်သူဌေးက တိတ္ထိတို့၏ အယူများကို ဦးစွာ မေးသည်။ တိတ္ထိများက ဒသဝတ္ထုက ဒိဋ္ဌိ၊ ဒိဋ္ဌိ ဆယ်မျိုးပြောသည်။ အနာထပိဏ်က တိတ္ထိများ အယူမှားကြောင်း ဖော်ပြသည်။ [နှာ-၃၀၃]

ထို့နောက် တရားနာရာ၌ နလုံးသွင်းမှားမှုကြောင့် သဿတဒိဋ္ဌိကပ်ပုံကို ဝိသာခါဝတ္ထုကို ထောက်ပြီး ဟောသည်။ [နှာ-၃၀၅] မြန်မာပြည်မှာ သုတ္တန်တရားကို ဝတ္ထုကြောင်းလောက် နာလျှင် သဿတဒိဋ္ဌိ သွားဖြစ်တယ်ဟု အမှားတစ်ခုကိုလည်း ထောက်ပြထားသည်။ [နှာ-၃၀၉]

ထိုအမှားကို ဆရာတော်ကြီးက ဗုဒ္ဓဘာသာဒိဋ္ဌိဟု ခေါ်ထားသည်။ [နှာ-၃၁၀] ဘဝတစ်ပါးသို့ ပြောင်းသွားလေသူဟု ခေါ်ပြီး ရေစက်ချနေခြင်းများကို ဒိဋ္ဌိ အယူဖြစ်ကြောင်း ဝေဖန် သုံးသပ်ထားသည်။ [နှာ-၃၁၃] သဿတဒိဋ္ဌိကို လွတ်အောင်ပြောတော့ ဥစ္ဆေဒဒိဋ္ဌိဘက် ပြေးသွားပုံကို ပြသည်။ [နှာ-၃၁၄] ဒိဋ္ဌိ ကပ်နေပုံကို ခင်ဗျားတို့က လူ့လွယ်အိတ် ဖြစ်နေသည်ဟု ပုံနှိုင်းပြသည်။ [နှာ-၃၁၆]

ပြီးမှ ဤဘဝ ရုပ်နာမ်သည် စုတိမှာ ချုပ်ပြီး ဟိုဘဝ ရုပ်နာမ်သည် ပဋိသန္ဓေမှာ ဖြစ်ပေါ်လာပုံကို ရှင်းပြသည်။ [နှာ-၃၁၉] နာမ်ရုပ်တစ်ခု ချုပ်သွားသော်လည်း

နောက်နာမ်ရုပ် အသစ်တစ်ခု ဖြစ်ပေါ်လာအောင် ကျေးဇူးပြုသည်။ ဤတွင် အရှင်ဆန္ဒ ဝတ္ထုကို ဟောပြန်သည်။ [နှာ–၃၂၀] ဒီဘဝက ရုပ်နာမ် ဟိုဘဝသို့မလိုက်၊ သို့သော် အကြောင်းအကျိုး မကောင်းပုံကို ပြသည်။ [နှာ–၃၂၃]

တိတ္ထိများ အယူမှားနေပုံကို အနာထပိဏ်သူဌေးက ပြီးမှ ပြန်ရှင်းပြပုံကို ဟောသည်။ [နှာ–၃၂၄] တရားနာများလို့၊ နှလုံးသွင်းမှားလို့ ဒိဋ္ဌိဖြစ်ပုံကို ရှင်းထားသည်။ [နှာ–၃၂၅] ဗုဒ္ဓဘာသာဝင်များ ဘဝပြောင်း အမြင်မှာ သဿတဒိဋ္ဌိဖြစ်ပြီး နိဗ္ဗာန်အမြင်မှာ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တတ်ကြကြောင်း ပြပြန်သည်။ [နှာ–၃၂၆] ဒိဋ္ဌိ တန်းလန်း ဖြစ်နေကြသော အမည်ခံဆိုင်းဘုတ် ဗုဒ္ဓဘာသာဝင်များကို ဝေဖန်ပြရင်း အရိုန်စေ့၍ တရားနိဂုံးချုပ်သည်။

*

## ၈။ ဆားတစ်လျက်နှင့် သံသရာအကြွေး အကျေဆပ်နည်း ညအလုပ်ပေးတရား [၇–၁၂–၆၁ ဟောသောတရား]

ဝိပ္ပလ္လာသ ဟာ အရေးကြီးတယ်လို့ မြတ်စွာဘုရားက ဟောသည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ နိစ္စသညာကြောင့် မာနလာသည် ကို ပြခဲ့ပြီးပြီ။ ဒိဋ္ဌိနှင့် ယှဉ်သောကြောင့် မာနလည်း လောဘပါပဲဟု မိန့်သည်။ [နှာ–၃၂၉] တဏှာပဲ ယူလိုက်ပါက တဏှာ၊ ဥပါဒါန်ကံဘက် ပဋိစ္စသမုပ္ပာဒ် လှည့်သွားသည်။

ထို့နောက် သုဘသညာက လာသော ပဋိစ္စသမုပ္ပာဒ်ကို ရှင်းပြသည်။ လိုချင် အောင် ဈေးဆိုင်မှာ ကုန်အလှ ပြင်ထားပုံ၊ မြင်၍ သုဘသည် တင့်တယ်သည် ထင်ပုံ၊ ထင်၍ ဝယ်သွားကြပုံကို ပြသည်။ [နှာ–၃၃၀] နိစ္စသညာကြောင့် ရုံးပြင် ကနားရောက်သည်။ သုဘသညာကြောင့် ဈေးရောင်းကောင်းသည်။ အတ္တသညာ ကြောင့် ဒိဋ္ဌိလာသည်။ [နှာ–၃၃၁] ခိုင်တယ်၊ မြဲတယ်၊ ကြာကြာခံတယ် ဆိုသည်မှာ အတ္တသညာ ဖြစ်သည်။

ဒိဋ္ဌုပါဒါန်ဖြစ်ပြီး ပဋိစ္စသမုပ္ပာဒ် လည်ပြန်သည်။ နိစ္စ၊ သုဘ၊ အတ္တသည် အားလုံး သံသရာချဲ့၊ ပပဉ္စတရားချည်း ဖြစ်ကြောင်း ရှင်းပြသည်။ [နှာ–၃၃၂] ပြီးမှ ဒါန၊ သီလဖြင့် ပပဉ္စကို မပယ်နိုင်၊ သို့သော် ဒါန၊ သီလက ဥပနိဿယပစ္စည်း အဖြစ်ပါသည်။ အဓိကမှာ မဂ္ဂပစ္စယောဖြစ်ဖို့ လိုသည်မှာ ဟောသည်။ [နှာ–၃၃၅] ဤတရားတွင် ဥပနိဿယပစ္စယောနှင့် မဂ္ဂပစ္စယော ကျေးဇူးပြုပုံကို

ဟောသည်။ နှစ်ခုစလုံး လွတ်လို့မရဘူးဟုလည်း ဆုံးဖြတ်သည်။ လှေပြိုင်သလို လှော်တာ ညံ့လို့လည်း မဖြစ်၊ ပန်းဆွတ်တာ ညံ့လို့လည်း မဖြစ်ပုံကို ပြသည်။ [နာ၁–၃၃၆]

အနိစ္စ၊ ဒုက္ခ၊ အနတ္တကို ရှုမှသာ အနိစ္စသညာ၊ သုဘသညာ၊ အတ္တသညာ ပြုတ်ပုံကို ဖော်ပြသည်။ မဂ္ဂပစ္စယောက အလုပ်လုပ်ရမည့် ကိစ္စဖြစ်သည်။ ဤတွင် ဥပနိဿယပစ္စယောနှင့် မဂ္ဂပစ္စယော ကျေးဇူးပြုပုံကို ရှင်းပြသည်။ [နာ၁–၃၃၇] ဤပစ္စည်းနှစ်မျိုးကို နားမလည်လျှင် အယူဖောက်ပြန်နိုင်ကြောင်းလည်း ဟောသည်။ [နာ၁–၃၃၈] ဥပနိဿယပစ္စယောနှင့် မဂ္ဂပစ္စယောကို သဘာဝကျကျ နားလည်ရန် ဟောသည်။ မဂ္ဂပစ္စယော ဖြစ်ဖို့ ဥပနိဿယပစ္စယောက ထောက်ကူရသည်။ ဒါန၊ သီလ၊ သမထက ဥပနိဿယပစ္စည်း ဖြစ်သည်။ လှေလှော်ခြင်းနှင့် တူသည်။ မဂ္ဂပစ္စယောက ပန်းဆွတ်ခြင်းနှင့် တူသည်။ ဒါန၊ သီလ၊ သမထက သံသရာ လည်တာ မဟုတ်၊ အကူးအဆက် နားမလည်လို့ သံသရာလည်တာ [နာ၁–၃၃၉] ဟု မိန့်ပါသည်။

ဥပနိဿယပစ္စည်းက ဒွိဟိတ်က တိဟိတ်ဖြစ်အောင် တင်ပေးနိုင်သည်ဟု လည်း ပြသည်။ ပြီးမှ ဒါနသီလလည်း မပယ်နှင့် ဥပနိဿယကိုလည်း မပယ်နှင့် မဂ္ဂ ကိုလည်း မလျှော့နှင့်ဟု ဆုံးမသည်။ [နာ၁–၃၄၀] ထိုနောက် မနေ့က အနာ ထပိဏ် သူဌေးနှင့် တိတ္ထိများ တွေ့ဆုံ မေးမြန်းပုံဝတ္ထုကို ပြန်ဆက်သည်။ [နာ၁–၃၄၅] ပြီးမှ အမရာဝိက္ခေပဒိဋ္ဌိ အကြောင်းကို ရှင်းပြသည်။ [နာ၁–၃၄၆] အမရာ ဝိက္ခေပ ဒိဋ္ဌိအယူမှာ မဖြစ်သည်လည်း မဟုတ်၊ ဖြစ်သည်လည်း မဟုတ်ဟု ယူသော မတင် မကျ အယူဖြစ်သည်။ အဖမ်းရ ခက်သော ငါးလို အယူမျိုးဟု စာမှာဆိုသည်။ တိတ္ထိများ၏ အယူသည် နှလုံးသွင်းမှားမှု(အယောနိသောမနသိကာရ)နှင့် သူတစ်ပါး ဆရာမှားတို့၏ အသံကြားပြီး အမှားဖြစ်ခြင်း(ပရတော ဃောသ) ဖြစ်မှုကြောင့် ဒိဋ္ဌိဖြစ်ပုံကို ရှင်းပြထားသည်။ (ဒိဋ္ဌိဖြစ်ကြောင်းနှစ်ပါး) [နာ၁–၃၄၉]

တစ်နေ့လျှင် ဒွါရခြောက်ပါးက ဒိဋ္ဌိဦးစီးသော ပဋိစ္စသမုပ္ပါဒ်တွေ အကြိမ် ပေါင်း မရေမတွက်နိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့် အဝိဇ္ဇာဖြင့်နေသော ပုဂ္ဂိုလ်မှာ တစ်နေ့လျှင် အပါယ်သွားမည့် ကံတွေ၊ ကြွေးတွေ များစွာ တင်နေပုံကို ရှင်းပြသည်။ [နာ၁–၃၅၉] ထိုကံတွေကို ဝိပဿနာမဂ်ကသာ အဟောသိကံ ဖြစ်အောင် လုပ်နိုင် သည်။ ကံကြွေးဟောင်း အနန္တကို ဝိပဿနာဉာဏ်နှင့် ဆပ်မှ ကျေသည်။ ခန္ဓာနှင့် ဆပ်လျှင် ဘယ်တော့မှ မကျေပါ။ ဒါကြောင့် ကြွေးအားလုံးကို ဆားတစ်လျက်နှင့်

ကျေအောင် မဂ်တစ်ကြိမ် ကျေလျှင်ပြီးသည်။ [နာ၁-၃၆၅] မဂ်သည် ဆားတစ်လျက် ပါပဲဟုလည်း ဆိုသည်။ [နာ၁-၃၆၈] ဖြစ်ပျက်နှင့်မဂ် ကိုက်နေလျှင် ဘယ်ပဋိစ္စ သမုပ္ပာဒ်မျှ မဖြစ်နိုင်တော့ပါ [နာ၁-၃၇၀] ယခုမဂ်မှာ ဝိပဿနာမဂ် ဖြစ်သည်။ [နာ၁-၃၇၂]

ထို့နောက် ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ် ထူးခြားပုံကို ဟောသည်။ [နာ၁-၃၇၆] တရားအားထုတ်ရာမှာ ဝိပဿနာမဂ်ကို ရှေ့ထားရမည်။ ထိုမဂ် ရင့်ကျက်လာမှ လောကုတ္တရာမဂ်သို့ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးဖြင့် သွားပုံကို ပြသည်။ [နာ၁-၃၇၈] အချိန်စေ့၍ တရားကို ရပ်နားသည်။

*

## ၉။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိရှိပုံ အကဲခတ်နည်း ညအလုပ်ပေးတရား
[၈-၁၂-၆၁ ဟောသောတရား]

ဒိဋ္ဌိဝိပ္ပလ္လာသ အရေးကြီးတယ် ဆိုစကားဖြင့် ဤတရားကို စတင်သည်။ ဒိဋ္ဌိအုပ်ချုပ်သော ကံတွေ ပဋိစ္စသမုပ္ပာဒ် လည်သွားအောင် ပြမည်ဆို၏။ ထို့နောက် သက္ကာယဒိဋ္ဌိကို ခွဲလိုက်လျှင် သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ ရပုံကို ပြသည်။ [နာ၁-၃၈၀] ကိုယ့်မှာ ဘယ်ဒိဋ္ဌိ ရှိနေသလဲဆိုတာ အကဲခတ်ရမည်။ အကဲခတ်လျှင် သဿတဒိဋ္ဌိ ရှိသူတွေ တရားနာလိုက်လျှင် တွန့်သွားသည်။ စိတ်နောက်ဆုတ်သွားသည်။ ဥစ္ဆေဒဒိဋ္ဌိ ရှိသူသည် လွှန်သွားသည်။ ဘုရားအလို အလယ်မကျဘူး (အစွန်းရောက်သွားသည်ဟု ဆိုလိုဟန်တူသည်)။ သဿတဒိဋ္ဌိရှိသူသည် ဘဝ ပြတ်အောင် ဟောသောတရားကို မကြိုက်တတ်ပါ။ တွန့်ဆုတ်သွားတတ်သည်။

ဥစ္ဆေဒဒိဋ္ဌိ ရှိသူကမူ လွန်ထွက်သွားသည်။ ဘယ်သူမျှ အချိုးမကျဟု ဆိုသည်။ [နာ၁-၃၈၂] သဿတဒိဋ္ဌိ ခံနေသူသည် ရုပ်နာမ်အဆုံး နိဗ္ဗာန်ကို ဟောလျှင် မကြိုက်ချင်ပါ။ ဘဝထဲမှာပဲ နေချင်သည်။ ရုပ်နာမ် ချုပ်ငြိမ်းသည်ဆိုလျှင် ဘယ်လို နေမလဲ၊ ဘယ်လို စားမလဲဟု စဉ်းစားသည်။ ဘုံစဉ်ခံဘဝကို ကြိုက်သည်။ [နာ၁-၃၈၄] သဿတဒိဋ္ဌိသမား ဘဝမှာ ပျော်သည်။ [နာ၁-၃၈၆] အပါယ်မကျဘဲ ဘုံစဉ်စံရမည်ဆိုလျှင် ကြိုက်သည်။ [နာ၁-၃၈၇] ထိုသူ နိဗ္ဗာန် မရပါ။ လူ့ပြည် နတ်ပြည်ပဲ ရနိုင်သည်။ အပါယ်ကို ကြောက်သော်လည်း ထိုဒိဋ္ဌိရှိသူသည် လူ့ခန္ဓာ၊ နတ်ခန္ဓာ ဒုက္ခသစ္စာတွေကို ကြိုက်သည်။ [နာ၁-၃၈၉] ဤဒိဋ္ဌိ ဒါကြောင့် မဂ် တားသည်။ ပဋိသမ္ဘိဒါမဂ် ပါဠိတော်ကို ကိုး၍ ဟောသည်ဆို၏။ ဒိဋ္ဌိမဂ္ဂါဝိမေဿ

နိဝါရဏာ ပါဠိကို ပြသည်။ [နှာ-၃၉၀] ဘဝသံသရာ ရှည်ခဲ့တာလည်း ဤဒိဋ္ဌိကြောင့် ဖြစ်သည်ဟု ဆိုသည်။ [နှာ-၃၉၅]

သဿတဒိဋ္ဌိသည် လောဘစရိုက် ဖြစ်၏။ ဒိဋ္ဌိနှင့် လောဘတွဲနေသည်။ [နှာ-၄၀၂] ထို့နောက် ဥစ္ဆေဒဒိဋ္ဌိ ရှိသူ၏ စိတ်နေစိတ်ထား သဘောသွားကို ဟောသည်။ [နှာ-၄၀၇] သူက ဘဝပြတ်တာကို ကြိုက်တယ်ဟု ဆိုသည်။ သူက လွန်သွားဟတ်တယ်ဟု မိန့်ပြီး လွန်သွားပုံကို ရှင်းပြသည်။ ဘာမှ မဖြစ်မှ ကောင်းတယ်ဟု ယူသဖြင့် နိဗ္ဗာန်သည် ဒုက္ခချုပ်ငြိမ်းပြီး သုခချမ်းသာရှိသည် ဆိုသည်ကိုပင် လွန်ထွက်သွားသည်။ [နှာ-၄၀၈] ဘာမှ မရှိရင် ပြီးရော နိဗ္ဗာန်လည်း မလိုချင်ဘူး အထိလွန်သွားသည်။ သည်ဒိဋ္ဌိ ရှိနေလျှင်လည်း မဂ် မရနိုင်ပါ။ [နှာ-၄၀၉] အလယ်လမ်းကို မရောက်နိုင်ပါ။ [နှာ-၄၁၂] သဿတဒိဋ္ဌိက ကာမသုခလ္လိကာနုယောဂ ဖြစ်ပြီး ဥစ္ဆေဒဒိဋ္ဌိက အတ္တကိလမထာနုယောဂ ဖြစ်သည်။ အလယ်လမ်း ဖြစ်မှ မဂ္ဂင်ဆိုက်ကြောင်း ဟောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၁၀။ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိ သဘောအလေ့အကျင့်
[၉-၁၂-၆၁ ညပိုင်းဟောသောတရား]

သဿတဒိဋ္ဌိဆိုတာ ဝိပ္ပလ္လာသလို့ မှတ်ရမယ် ဆိုသော စကားဖြင့် ဤတရားကို စတင်ဟောကြားလေသည်။ သဿတဒိဋ္ဌိ ရှိသူတွေ ဘဝထဲ ပျော်မွေ့သည်။ နိဗ္ဗာန်နှင့် ဝေးသည်။ ဥစ္ဆေဒဒိဋ္ဌိသမားက ဘဝပြတ်တာကို သဘောကျသည်။ သို့သော် နိဗ္ဗာန်ကိုလည်း သဘောမကျပါ။ [နှာ-၄၁၇] ဘဝကို ဆုတောင်းသူ သဿတဒိဋ္ဌိ၊ သေတစ်နေ့ မွေးတစ်နေ့ ဘာမှမထူးဆိုသူက ဥစ္ဆေဒဒိဋ္ဌိ [နှာ-၄၁၈] သဿတ ဥစ္ဆေဒ ရှိသူတွေ ဉာဏ်အမြင်ရှိအောင် လုပ်ကြရမည်။ ဉာဏ်အမြင်ဆိုတာ ခန္ဓာအရှိနှင့် ဉာဏ်အသိ ကိုက်အောင်လုပ်တာကို ဆိုသည်။ ထိုသို့ ဖြစ်ပျက်ကို မသိမြင်ဘဲ သေသွားသူသည် မှောင်ထဲနေ၍ မှောင်ထဲသေသူ ဖြစ်သည်။ [နှာ-၄၁၉] ဖြစ်ပျက်မြင်သော ဉာဏ်မရှိလျှင် အကန်း၊ ဝိပ္ပလ္လာသရှိလျှင် အရူး၊ အရူးအကန်း အဖြစ်နှင့် မသေဘဲ စက္ခုမန္တော ဝပဿန္တိ ဉာဏ်မျက်စိအမြင် ရှိသူ ဖြစ်အောင် လုပ်ကြရမည်ဆို။ [နှာ-၄၂၁] အရူးအကန်း သဘောပေါ်အောင် မျက်မမြင် ပုဏ္ဏားခြောက်ယောက် ဆင်စမ်းဥပမာဖြင့် ပြသည်။ [နှာ-၄၂၂] (ဇွဲ့သွ သုတ်)

ဒါဖြင့် သဿတဥစ္ဆေဒဒိဋ္ဌိ လွတ်အောင် ဘယ်လို လုပ်ကြမလဲ။ ဉာဏ်အမြင်ရှိမှ လွတ်မည်။ [နှာ-၄၂၆] အအိုအသေ လွတ်သောလမ်းကို မဇ္ဈိမပဋိပဒါ အလယ်လမ်းက တက်မှရသည်။ မဟုတ်လျှင် သုဂတိ၊ ဒုဂ္ဂတိ ခန္ဓာဒုက္ခာ သစ္စာချည်းရသည်။ ခန္ဓာရသရွေ့ မရဏာသေမင်းကို အစွန်ဆက်နေရသည်။ [နှာ-၄၂၈] အလယ်လမ်း(မဂ်လမ်း)ကို တက်ဖို့အတွက် ဝိပဿနာ လုပ်ရမည်။ [နှာ-၄၃၇] အလယ်လမ်းပေါ် ရောက်အောင် ကလျာဏမိတ္တနှင့် ပေါင်းပြီး တရားနာ၊ နာပြီးလျှင် ဓမ္မာနု ဓမ္မပဋိပတ္တိ ဆိုတာနှင့် နှလုံးသွင်းပါ ဤသို့ နှလုံးသွင်းလျှင် အလယ်လမ်းရောက်ကြောင်း ပြထားသည်။ [နှာ-၄၄၁]

ထို့နောက် သဿတဒိဋ္ဌိ ရှိသူ၏ စိတ်နေစိတ်ထားကို ဖော်ပြသည်။ ကုသိုလ်ကို အင်မတန် ပြုသည်။ အကုသိုလ်ကို ကြောက်သည်။ သူတော်ကောင်းဟု ထင်ရသည်။ [နှာ-၄၄၆] (မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ လာသည်ဆို) ဘဝသမ္ပတ္တိ၊ ဘောဂသမ္ပတ္တိကို လိုလားသည်။ နိဗ္ဗာန်ကို ရအောင်လုပ်ပါဆိုလျှင် နောက်တွန့်သွားသည်။ [နှာ-၄၄၇] သူသည် ဘဝတဏှာ ငြိနေလို့ ထွက်ရပ်လမ်းကျတော့ မလုပ်ချင်ဘူးဟု မိန့်ထားသည်။

ထိုဒိဋ္ဌိရှိသူ ဘုရားနှင့် တွေ့တာတောင် ကျွတ်ခဲသည်။ [နှာ-၄၄၈] ဘုံစဉ်ခံချင်သော သဘောက များသည်။ အပြစ်တော့ သေးသည်။ အဖြတ်ကျတော့ ခက်သည်။ သဿတဒိဋ္ဌိသဘော နူးညံ့သည်။ သူတော်ကောင်းယောင် ဆောင်ပြီး ထွက်ရပ်လမ်းကိုတော့ မသွားဘူးဟု ဆိုသည်။ [နှာ-၄၅၀] ချွတ်ရခက်သည်။ မွေးစကလေး ဆံပင်နသောကြောင့် ရိတ်ရခက်သလို ဖြစ်သည်ဆို [နှာ-၄၅၁]

ဥစ္ဆေဒဒိဋ္ဌိသမားက အကုသိုလ် မကြောက်တတ်၊ အပြစ်တော့ ကြီးသည်။ အယူစွန့်ဖို့ကျတော့ လွယ်သည်။ [နှာ-၄၅၃] သူက ကျွတ်တမ်းဝင်ဖို့ လွယ်သည်။ [နှာ-၄၅၅] ဝိပဿနာ ဖြစ်ပျက်ရှုသောအခါ အဖြစ်ကို မြင်လျှင် ပြတ်သည် ထင်သော ဥစ္ဆေဒဒိဋ္ဌိ ခင်သည်။ အပျက်မြင်လျှင် ခိုင်သည်မြဲသည် ထင်သော သဿတဒိဋ္ဌိ စင်သည်။ [နှာ-၄၅၈] ဒါကြောင့် ဖြစ်ပျက်မြင်သော ဉာဏ်ဒိဋ္ဌိကို ပယ်လှန်နိုင်သည်။ ဖြစ်ပျက်မြင်လျှင် ဒိဋ္ဌိ အစွန်းနှစ်ဖက်ကို ပယ်နိုင်ပြီး အလယ်လမ်းသို့ ရောက်သည်။ [နှာ-၄၆၀] စိတ်ရှုသော ပုဂ္ဂိုလ်စိတ်၏ ဖြစ်ပျက်မြင်လျှင် ဝေဒနာရှုသော ပုဂ္ဂိုလ် ဝေဒနာဖြစ်ပျက် မြင်လျှင်ပြီးသည်။ [နှာ-၄၆၁]

ထို့နောက် ဒိဋ္ဌိနှစ်မျိုးကို စရိုက်ဖြင့် ဝေဖန်ပြသည်။ သဿတဒိဋ္ဌိက ရာဂစရိုက်၊ ဥစ္ဆေဒဒိဋ္ဌိက ဒေါသစရိုက် ဖြစ်ကြောင်း ဟောသည်။ [နှာ-၄၆၂] ခန္ဓာ

ဖြစ်စဉ်သည် မြစ်ရေစီးသည်နှင့် တူသည်။ ခန္ဓာမှာ ဖြစ်ပြီး ပျက်တာပဲ ရှိသည်။ ဖြစ်ပျက်ဆုံး နိဗ္ဗာန် တေသံ ရူပသမောသုခေါ ဖြစ်ကြောင်းဟောရင်း အချိန်စေ့၍ တရားနားလိုက်သည်။ [နှာ-၄၇၀]

*

## ၁၁။ အလယ်လမ်းသို့ ရောက်ရန်နည်းလမ်း ညအလုပ်ပေးတရား [၁၀-၁၂-၆၁ ဟောသောတရား]

ဘုရား ဘယ်လို ဖြစ်လာတယ်ဆိုတာ နည်းယူရမည်ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ သံယုတ်ပါဠိတော်မှာ နတ်သားတစ်ဦးက ဘုရားအား ဘယ်လိုနည်းဖြင့် သံသရာဝဲသြဃကို ကူးမြောက်ခဲ့သလဲဟု မေးသည်။ ဘုရားက သံသရာဝဲထဲ မကူးဘဲ နေလျှင်လည်း မြုပ်မည်။ ကူးပြန်လျှင်လည်း မျောမည်။ ဒါကြောင့် မြုပ်လည်း မမြုပ်အောင် မျောလည်း မမျောအောင် ကူးလည်း မကူး၊ ရပ်လည်း မနေဘဲ အလယ်အလတ် ကျင့်စဉ် ကျင့်ခဲ့ကြောင်း ဖြေသည်။ မိရိုးဖလာ ဘာမှ မလုပ်ဘဲ နေလျှင်လည်း မြုပ်သည်။ နောက်ဘဝအတွက် အထုပ်ကလေးပါအောင် လုပ်ဦးမှဆိုလျှင်လည်း မျောပြန်သည်။ ဆရာတော်ကြီးက ဘုံစဉ်ခံကြိုက်လျှင် မျောပြီမှတ်ဟု မိန့်ဆိုသည်။ [နှာ-၄၇၅] ဒါကြောင့် သံသရာခရီးမှာ မြုပ်လမ်းမျောလမ်း ရှောင်ခဲ့ပုံကို ဟောသည်။

ကာမောဃဆိုတာ ငါးပါးအာရုံကာမဂုဏ်ကို ခံစားချင်တာ၊ ဘဝေါဃဆိုတာ ဘုံဘဝကို ကြိုက်တာ ထိုလမ်းလိုက်လျှင် မျောလမ်းဖြစ်သည်။ ဒိဋ္ဌောဃ အဝိဇ္ဇောဃနှင့် နေပြန်လျှင်လည်း မြုပ်လမ်းရောက်သည်။ [နှာ-၄၇၇] ထိုလမ်းနှစ်သွယ်ကို လျှောက်ခဲ့ပုံကို ဘုရားက ဟောသည်။ ပဋိစ္စသမုပ္ပါဒ်မှာ ဝဋ်မြစ်နှစ်သွယ်ပါသည်။ သုဂတိ ခေါင်းဆောင်တာက တဏှာ၊ အပါယ် ခေါင်းဆောင်တာက အဝိဇ္ဇာ ဖြစ်သည်။ [နှာ-၄၈၄] မြုပ်လမ်း မျောလမ်းကို ရှောင်ရမည်။

လူကြပေးကြလျှင် ဘယ်တော့မှ ခန္ဓာကို မလိုချင်နှင့် ခန္ဓာ ဝဋ်ကျွတ်ချင်သော ကြောင်းခံဖြင့်သာ လှူ၊ ဒါမှသာ အလယ်လမ်း ကိုက်သည်ဆိုသည်။ ဒိဋ္ဌိစွဲတွေ ပြုတ်မှသာ မြုပ်လမ်းက လွတ်သည်။ နောက်ဘဝ ကောင်းစားရေးကို ငဲ့ကွက်လျှင် မျောလမ်းသို့ ရောက်ရပြန်သည်။ ဒါကြောင့် 'အဝိဇ္ဇာ တဏှာ ဝသေန ဒွေမူလာနိ' မြုပ်လမ်းမျောလမ်း၏ မူလနှစ်ဖြာ အဝိဇ္ဇာနှင့်တဏှာ ဖြစ်သည်။ [နှာ-၄၈၅] ခန္ဓာ ဒုက္ခသစ္စာကို မြင်ပြီး ရှုမှသာ မျောလမ်းသို့ မသွားတော့ဘူးဟု မိန့်သည်။

မိစ္ဆာဒိဋ္ဌိ သမ္မာဒိဋ္ဌိဖြစ်လျှင် မြုပ်လမ်းက လွတ်သည်။ တဏှာက အလောဘဖြစ်လျှင် မျောလမ်းက လွတ်သည်။ [နှာ–၄၈၆] ဒါကြောင့် အဝိဇ္ဇာနှင့် တဏှာကို ဝိဇ္ဇာနှင့် အလောဘဖြစ်အောင် မြင်ကြရမည်။

မကူးဘဲနေလျှင်လည်း မြုပ်သည်။ ကူးလျှင်လည်း မျောသည်ဟု စတင်ဟောကြားခဲ့သော အလယ်အလတ်ကျအောင် ကျင့်သုံးတတ်ကြရမည်။ ပြီးမှ အကုသိုလ်စိတ် ၁၂ ခုက မြုပ်လမ်း၊ ကုသိုလ်စိတ် ရှစ်ခုက မျောလမ်းဖြစ်ကြောင်း ဟောပြန်သည်။ [နှာ–၄၈၈] မဂ္ဂင်က အလယ်လမ်း ဖြစ်သည်။ အလယ်လမ်း ဆိုတာ ဘာလဲ၊ ပစ္စဝေက္ခဏာ ပါတာ အလယ်လမ်းပဲ ဝိပဿနာဉာဏ်ပါ ရမည်။ [နှာ–၄၈၉] ဝဋ်ကျွတ်ချင်တဲ့ ဒါန၊ သီလ အလယ်လမ်းပဲ ဒီထက်ပိုပြီး ပြောရလျှင် ခန္ဓာ မလိုချင်တာ အလယ်လမ်းပဲဟု ဆိုသည်။ ရှင်းပါ၏။ [နှာ–၄၉၀]

သစ္စာလေးပါး သိမှသာလျှင် မြုပ်လမ်း မျောလမ်းက လွတ်သော အလယ်လမ်းသို့ ရောက်သည်။ [နှာ–၄၉၁] သာသနာပမှာ အလယ်လမ်း အမြင်မရှိ သာသနာတွင်းမှသာ အလယ်လမ်း အမြင်ရှိသည်။ [နှာ–၄၉၂] ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်က ကျွတ်မှသာ အလယ်လမ်း ဖြစ်သည်။ [နှာ–၄၉၃] ဝဋ်သုံးပါး ချုပ်တာ ကျွတ်တမ်းဝင်တာ ဖြစ်သည်။ အမှန်မှာ ကိလေသဝဋ် သမုဒယသစ္စာ တစ်ခုချုပ်လျှင် နောက်ဒုက္ခသစ္စာ ချုပ်ပြီး အလယ်လမ်း ဘယ်နှလမ်း ရှိသလဲ၊ သောတာပတ္တိမဂ်၊ သကာဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် လေးပါး ရှိသောကြောင့် လေးလမ်းရှိသည်ဟု မှတ်ရမည်။ သမ္မာဒိဋ္ဌိ ဉာဏ်အမြင် ရင့်သထက် ရင့်ကျက်သွားခြင်းကို ဆိုလိုသည်။

ဘုရားက 'သတောဘိက္ခဝေ ဘိက္ခုဝိဟာရေယျ သမ္ပဇာနဏာရော အယံဝေါ အမှာကံ အနုသာသနီ' ဟု ဘုရားက ဆုံးမသည်။ သတိသမ္ပဇဉ် လက်လွတ်သွားလျှင် အလယ်လမ်းကို မရောက်တော့ဘူး။ အလယ်လမ်းကျအောင် သတိထားပြီး ပညာနှင့် ရှုရမည်။ [နှာ–၅၀၄] ထို့နောက် ဆရာကောင်းရမှသာ အလယ်လမ်းကို ရောက်နိုင်ပုံကို ဟောကြားတော်မူသည်။ [နှာ–၅၀၈]

*

## ၁၂။ ဝိသာခါနှင့် ဓမ္မဒိန္နာ အမေးအဖြေ ညအလုပ်ပေးတရား
[၁၃–၁၂–၆၁ ဟောသောတရား]

အနာဂါမိသူဌေးကြီး ဝိသာခါနှင့် ရဟန္တာ ထေရီဓမ္မဒိန္နာကို အမေးအဖြေ ပြုလုပ်ခြင်း အကြောင်းဖြင့် အစပျိုး၍ ဟောကြားထားသည်။ သက္ကာယဒိဋ္ဌိ

အကြောင်းကို အဓိက အမေးအဖြေလုပ်ခြင်း ဖြစ်သည်။ ဘာကြောင့် သက္ကာယဒိဋ္ဌိ ဖြစ်ရတာလဲ အဖြေမှာ ရှေးက အရိယာ သူတော်ကောင်းတရားကို မနာရလို၊ မသိရလို ဖြစ်ကြောင်း ဖော်ပြသည်။ [နာ-၅၀၉] သက္ကာယဒိဋ္ဌိသည် အလွန် အရေးကြီးသည်။

သပ္ပုရိသာနံ အဒဿာဝီ သူတော်ကောင်းတရားကို မမြင်မကြားရလျှင် သက္ကာယဒိဋ္ဌိက ဘယ်တော့မှ မပြုတ်ဘူးဟု မိန့်ထားသည်။ [နာ-၅၁၀] ဆရာတော်က ခန္ဓာငါးပါးကို မသိလို့ ခန္ဓာပေါ်ပုံကို မသိလျှင် သက္ကာယဒိဋ္ဌိ ဖြစ်တယ်ဟု မိန့်ကြားပါသည်။ ခန္ဓာငါးပါး ပဋ္ဌာန်းမှာ ပေါ်ပုံကို နားမလည်သူသည် ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်၊ ဝါယောဓာတ် ဖောက်ပြန်ပုံများကို ငါ ဖောက်ပြန်သည် ဟု ယူဆတတ်ပုံကို ရှင်းထားသည်။

ထို့နောက် ရုပ်(ရူပက္ခန္ဓာ)ကို ငါ ထင်ပုံ၊ ဝေဒနာ(ဝေဒနာက္ခန္ဓာ)ကို ငါ ထင်ပုံ၊ သညာ(သညာက္ခန္ဓာ)ကို ငါ ထင်ပုံ၊ သင်္ခါရ(သင်္ခါရက္ခန္ဓာ)ကို ငါ ထင်ပုံ၊ ဝိညာဏ် (ဝိညာဏက္ခန္ဓာ)ကို ငါ ထင်တတ်ပုံများကို ဟောသည်။ [နာ-၅၁၂] ပြီးမှ ပုရမတ်တွေ ပေါ်တိုင်း သူတော်ကောင်းတရား မနာရလျှင် ဒိဋ္ဌိချည်းဖြစ်သည်ဟု ဆိုသည်။ [နာ-၅၁၄] သက္ကာယဒိဋ္ဌိ မရှိအောင် ဘယ်လိုလုပ်မလဲ။ နေထံမမနေသောဟမသို့ နမေသော အတ္တာ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ မဟုတ်ဘူးဟု ယူလိုက်လျှင် သက္ကာယ ဒိဋ္ဌိ ပြုတ်ကြောင်းရှင်းသည်။ [နာ-၅၁၅] ဝိပဿနာ ရှုသောအခါတိုင်း ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ့ဥစ္စာ သဘောကို ပယ်ပြီး ခန္ဓာငါးပါးသည် ဓမ္မများသာ ဖြစ်ကြောင်း မမြဲကြောင်း ပေါ်ပြီးပျက်သော တရားများဖြစ်ကြောင်း ဉာဏ်မှာ နားလည်ထားရ မည်။ သက္ကာယဒိဋ္ဌိကို ပြုတ်အောင် မဂ္ဂင်ရှစ်ပါးနှင့် ရှုမှပြုတ်သည်ဟုလည်း ဆိုသည်။ [နာ-၅၁၆] ဝိသာခါက ဒါဆို မဂ္ဂင်တွေသည် အကွဲအပြား မရှိဘူးလား မေးသည်။ ရှိသည်။ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာမဂ္ဂင် ကွဲပြားကြောင်း ရှင်းသည်။

ထို့နောက် ဝိပဿနာအလုပ် လုပ်သူမှာ သမာဓိမဂ္ဂင် သုံးပါးလိုပုံကို ပန်းခူး သူ သုံးဦးဥပမာဖြင့် ရှင်းပြသည်။ [နာ-၅၁၉] ဝိပဿနာ ရှုသူ ယောဂီသည် ဖြစ်ပျက်ကို ရှုတာတော့ ကြာပြီ မမြင်ပါဆိုလျှင် ဝီရိယ၊ သတိ၊ သမာဓိ တစ်ခုခု ချွတ်ယွင်းနေပြီ မှတ်ရမည်။ [နာ-၅၂၀] သမာဓိက ဖြစ်ပျက်မြင်သည် မဟုတ်၊ ဉာဏ်ကမှ ဖြစ်ပျက်ကို မြင်နိုင်သည်။ သမာဓိမဂ္ဂင်သည် ပညာမဂ္ဂင်၏ အကူအညီ အထောက်အပံ့သာ ဖြစ်သည်။ [နာ-၅၂၃]

ထို့နောက် သမ္မာသင်္ကပ္ပ၏ အရေးပါပုံကို ရှင်းပြသည်။ [နာ-၅၂၅] ဆရာ တော်က သမ္မာသင်္ကပ္ပကို မျက်လုံးမွဲသူ မျက်မှန်တပ်၍ မျက်စိအမြင် ကြည်လင်ပုံဖြင့်

ဥပမာ ပေးသည်။ [နှာ-၅၂၇] သမ္မာဒိဋ္ဌိကို သမ္မာသက်ပွနှင့် အကူအညီ ပေးရပုံကို ဟောသည်။ ဝိပဿနာ ရှုသောပုဂ္ဂိုလ်များမှာ သမ္မာကမ္မန္တ ဝင်လာလျှင် သမ္မာဝါစာနှင့် သမ္မာအာဇီဝက ထွက်သွားသည်။ သမာဓိနှင့် ပညာကတော့ တွဲဝင်နိုင်ကြောင်း ဖော်ပြထားသည်။ [နှာ-၅၂၉]

ဤတွင် ဆရာတော်က ဝိပဿနာ လုပ်နေစဉ် သီလမဂ္ဂင် မပါနိုင်သေးဘူး။ သီလမဂ္ဂင်သည် ကံသုံးပါး တွဲဝင်၍ မရသောကြောင့် ဖြစ်ကြောင်း သောတာပတ္တိမဂ်ရ၍ နိဗ္ဗာန်ကို အာရုံပြုသောအခါကျမှ သီလမဂ္ဂင် ပါဝင်ကြောင်း ရှင်းပြထားသည်။ [နှာ-၅၃၁] ကာယကံ၊ ဝစီကံ၊ မနောကံသည် အနိယတစေတသိက်၊ ဝိရတိစေတသိက် ဖြစ်ကြောင်း တစ်ခုဝင်လျှင် တစ်ခု မရှိနိုင်ကြောင်း သဂြိုဟ်ကို ကိုးကား၍ အခိုင်အမာ ဆိုသည်။ [နှာ-၅၃၂] မဂ်ရမှသာ ၎င်းတို့သည် ပြိုင်ပြီး ဝင်နိုင်ကြောင်း ဖွင့်ဆိုသည်။ မိစ္ဆာဒိဋ္ဌိ တစ်လုံးကို မဂ်ဖြင့် ပယ်လိုက်ပြီးမှသာ သီလ လုံခြုံသွားသည်။ [နှာ-၅၃၃] သမ္မာဒိဋ္ဌိ မဖြစ်လာသေးသရွေ့ သီလမမြဲဘူး [နှာ-၅၃၂] ဟု မိန့်ဆိုသည်။ ဒိဋ္ဌိ ပယ်နိုင်လျှင် သီလမြဲသည်။ သောတာပန် တည်ပြီးလျှင် ဒိဋ္ဌိကို ပယ်ပြီးသောကြောင့် သီလမြဲသွားပုံကို ထပ်မံ ရှင်းပြထားသည်။ [နှာ-၅၃၃]

ဒါကြောင့် ဒိဋ္ဌိ မပြုတ်သေးသရွေ့ အပယ်တံခါး ပိတ်မှုတွင် သီလကို အားကိုး၍ မရသေးဟု ဆိုသည်။ [နှာ-၅၃၄] သီလမြဲသော်လည်း ဒိဋ္ဌိ မပယ်နိုင်သေး၍ သံသယကုက္ကုစ္စဖြစ်ပြီး အပါယ်ကျပုံကို ဓမ္မပဒမှ ဧရကပတ္တရဟာန်းဝတ္ထုကို ပြပြီး ဟောသည်။ [နှာ-၅၃၅]

သက်န်းကို စွဲသဖြင့် သေသောအခါ သန်းချေး ဖြစ်သွားသော တိဿရဟာန်းဝတ္ထုကိုလည်း ပြသည်။ ဒိဋ္ဌိပြုတ်မှ အပါယ်လေးပါးက လွတ်ပုံကို ပြခြင်းဖြစ်သည်။ သက္ကာယဒိဋ္ဌိပြုတ်နည်း တစ်ခုမှာ အနိစ္စပြလျှင် မာနစင်သည်။ ဒုက္ခပြလျှင် လောဘစင်သည်။ အနတ္တပြလျှင် ဒိဋ္ဌိစင်သည်ဟု ရှင်းထားသည်။ [နှာ-၅၃၉] ဒါကြောင့် သက္ကာယဒိဋ္ဌိပြုတ်လျှင် ပပဉ္စပြုတ်သည် ဆို၏။ ဒိဋ္ဌိပြုတ်လျှင် ဝိစိကိစ္ဆာ မကျန်တော့ အလိုကို ပြုတ်တော့သည်။ [နှာ-၅၄၁] ဒိဋ္ဌိပြုတ်ပြီးလျှင် အထက်မဂ်၊ အထက်ဖိုလ် ရဖို့သာ ရှိတော့၏။ [နှာ-၅၄၂] ဒိဋ္ဌိပြုတ်ချင်လျှင် ငါ ငါ့ဥစ္စာစွဲ ဖြုတ်၊ စိတ်ဖြစ်ပျက်၊ ဝေဒနာဖြစ်ပျက် မြင်အောင်ရှုဟု ဆိုသည်။ [နှာ-၅၄၆] ဖြစ်ပျက်စိတ်အောင် ဒိဋ္ဌိ ကြားမဝင်အောင် ရှုရမည်။ ဤတွင် ဘဝင်ခြားတာ အရေးမကြီးကြောင်း ကိလေသာ မခြားဖို့ ကြားမနိုဖို့သာ လိုအပ်ကြောင်း ပြဆိုသည်။

အချိန်စေ့၍ တရားသိမ်းသည်။

*

## ၁၃။ ဝိသာခါနှင့် ဓမ္မဒိန္နာ အမေးအဖြေ
[၁၄-၁၂-၆၁ ဟောသောတရား]

မဂ္ဂင်သည် အလယ်လမ်း(မဇ္ဈိမပဋိပဒါ) ဖြစ်သည်ဆိုသော စကားဖြင့် ဤ တရားကို စတင်သည်။ မဂ္ဂင်ရှစ်ပါး ရှိသည်။ မဂ္ဂင်မှာ အရေးကြီးသော အချက်သည် သမာဓိ ဖြစ်သည်ဟု မိန့်သည်။ သမာဓိကိုလည်း ဧကဂ္ဂတာ ဖြစ်ကြောင်း၊ ဧကဂ္ဂတာသည် အာရုံတစ်ခုတည်းကို ယူခြင်းဖြစ်ကြောင်း ဝိပဿနာ အားထုတ်သော ပုဂ္ဂိုလ်များမှာ တစ်ခုတည်းသော အာရုံကို ယူနိုင်ရမည် ဖြစ်ကြောင်း အနိုင်အမာ ဆိုထားသည်။ [နာ၁-၅၅၇] သို့သော် ဤတွင် ဧကဂ္ဂတာကို ဥပစာရသမာဓိဟု အဓိပ္ပာယ် မဖွင့်ဆိုဘဲ ခန္ဓာငါးပါးတွင် ခန္ဓာတစ်ပါးပါးကို အာရုံပြုခြင်းကို ဆိုလိုကြောင်း ဖော်ပြထားသည်။ အာရုံ တစ်ခုခုကို စူးစူးစိုက်စိုက် ရှုနိုင်လျှင် ကိလေသာ ရန်သူကို နိုင်တာပဲဟု ဆိုသည်။

ထို့နောက် ဝိသာခါနှင့် ဓမ္မဒိန္နာ အမေးအဖြေ စသည်။ သမာဓိနိမိတ် အကြောင်းကို ဟောသည်။ သမာဓိနိမိတ် ဆိုတာ သတိပဋ္ဌာန်လေးပါး ဖြစ်သည်ဟု ဖြေသည်။ [နာ၁-၅၅၈] ထို့နောက် သတိပဋ္ဌာန် နိမိတ်သည် ဘာလဲကို ဖြေသည်။ ပုဂ္ဂိုလ်သတ္တဝါ၊ မိန်းမယောကျ်ား သညာန် ပျောက်ပြီး စိတ်၊ ဝေဒနာအပေါ်မှာ အာရုံရောက်လျှင် သတိပဋ္ဌာန်၏ နိမိတ် ဖြစ်သည်ဟု ဆိုသည်။ အနိစ္စ မြင်တာ၊ ခိုင်မြဲတာ ထောက်ပြီး၊ မခိုင်မြဲဘူး ဆိုတာကို မြင်တာသည်။ သတိပဋ္ဌာန်၏ နိမိတ် ဖြစ်သည်။ [နာ၁-၅၆၁] သတိပဋ္ဌာန်၏ အခြံအရံသည် ဝီရိယဖြစ်သည်။ ဝီရိယ စိုက်ပြီးရှုလျှင် နိစ္စနိမိတ် ပျောက်ပြီး အနိစ္စနိမိတ်ပေါ်ကြောင်း ရှင်းထားသည်။ [နာ၁-၅၆၂] ထို့နောက် ဝီရိယနှင့် ဧကဂ္ဂတာက သမာဓိမဂ္ဂင်ဖြစ်ပြီး သတိပညာက ပညာမဂ္ဂင် ဖြစ်သည်ဟု ဆိုသည်။

ပြီးမှ တရားကို ပွားများဖို့ လိုပုံ ဘာဝေတဗ္ဗ ကိစ္စကို ဟောသည်။ ကြေး ဖလားကို တိုက်ချွတ်မှု ပြောင်သလို ကိလေသာကိုလည်း ပွတ်တိုက်မှ ပြောင်ပုံကို ဟောသည်။ လူသည် အဝိဇ္ဇာနှင့် တဏှာကို အမေအမေ လုပ်ပြီး ကြီးလာရ သဖြင့် နေ့စဉ် ကိလေသာချေး တက်နေသည်ဟု ဖော်ပြသည်။ [နာ၁-၅၆၅] ဒိဋ္ဌိ လည်း အခြံအရံ အဖြစ်ပါသည်။ ဒါကြောင့် သတိပဋ္ဌာန် နိမိတ်ထင်အောင် ဧကဂ္ဂတာ ကျအောင် ဝီရိယဖြင့် အားမထုတ်ဘဲ တရားမရနိုင်ကြောင်း ဓမ္မဒိန္နာက ဝိသာခါကို ဟောသည်။ [နာ၁-၅၆၆] ကြိမ်ဖန်များစွာ 'ဘာဝိတာဗဟုလီကတာ' အားထုတ်

ရမည်။ ကြိမ်ဖန်များစွာ ပွားများခြင်းဖြင့်သာ အဝိဇ္ဇာ၊ တဏှာနှင့် ဒိဋ္ဌိကို စင်ကြယ်အောင် ပြုလုပ်နိုင်သည်။ [နှာ–၅၆၇] ဒါကြောင့် သိရုံဖြင့် နိဗ္ဗာန် ရောက်တယ်လို့ ဟောတဲ့ ဆရာတွေကို ဘယ်တော့မှ မယုံလေနှင့်ဟု အတိအကျ ဆုံးမထားသည်။ [နှာ–၅၆၇]

ဖြစ်ပျက်ကို မြင်အောင် အားထုတ်စဉ် ဘာဝေတဗ္ဗ ကိစ္စလိုသည်။ နိဗ္ဗာန် မြင်သော လောကုတ္တရာမဂ်ရလျှင် ဘာဝေတဗ္ဗ မလိုတော့ဟုလည်း မိန့်ထားသည်။ [နှာ–၅၆၈] ဘာဝေတဗ္ဗ ကိစ္စသည် လှေဖြင့် ဝန်တင်ပြီး ကိလေသာ တစ်ဖက်ကမ်းကို ကူးခြင်းနှင့် တူပုံကို ရှင်းထားသည်။ [နှာ–၅၇၀–၅၇၁] ပွားများဖို့ လိုခြင်းကိစ္စကို ကြက်မကြီး ဥပြီး ဝပ်ရသည့် ဥပမာဖြင့်လည်း ရှင်းပြသည်။ [နှာ–၅၇၄] တရားကို ပွားများမှလည်း ကိလေသာခန်းခြောက်၊ အဝိဇ္ဇာ ဥခွံပါး၊ ဉာဏ်ခြေထောက် နှုတ်သီးမာပြီး ထက်လာ ထိုအခါ ဥခွံထဲက ရုန်းထွက်နိုင်ပုံကို ပြသည်။ [နှာ–၅၇၇] 'ဇာနတော ဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ' ပါဠိတော်လည်း ပြသည်။ ရှုသော မြင်သော ပုဂ္ဂိုလ်သည်သာလျှင် အာသဝေါ ကုန်ခန်းခြင်းသို့ ရောက်သည်ဟု ငါဘုရား ဟော၏ ဟူလို။

ထို့နောက် ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွင် 'ဘာဝိတာဗဟုလီကတာ' ကို ဟောထားပုံကို ပြသည်။ [နှာ–၅၈၂] ဓမ္မဝိစယသမ္ဗောဇ္ဈင်သည် သမ္မာဒိဋ္ဌိကို ဟောခြင်းဖြစ်ကြောင်းလည်း ပြသည်။ ပွားများ အားထုတ်မှ ရနိုင်ကြောင်း သိသာစေရန် မဂ္ဂင်ကို ဗောဇ္ဈင်နှင့် တွဲ၍ဟောသည်ဟု ဆို [နှာ–၅၈၄] ဗောဇ္ဈင်အဖြစ် ဟောလျှင် ပွားမှရသည်။ မဂ္ဂင်လုပ်လျှင် ဗောဇ္ဈင်ပါပြီ မှတ်ဟုလည်း မိန့်သည်။ [နှာ–၅၈၅] ထို့နောက် ဆောက်ရိုက်တုတ် လက်ကိုင်မှာ ရိုက်ဖန်များလျှင် လက်ချောင်းရာ ထင်လာပုံ ဥပမာကို ပြသည်။ [နှာ–၅၈၇] ဖြစ်ပျက်မြင်သော ဝိပဿနာအမြင်သည် ဖြဟ္မာ့ အမြင်ထက်သာပုံကို ဆက်၍ ဟောသည်။ အချိန်စေ့၍ တရားသိမ်းသည်။

ဝ

**ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၉) ပြီး၏။**

အနှစ်ချုပ်

# မိုးကုတ်ဝိပဿနာအလုပ်စဉ်တရား

စာအုပ်အမှတ်(၁၀)

## မိုးကုတ်ဝိပဿနာ အလုပ်စဉ်တရား စာအုပ်အမှတ်(၁၀)

**နိဒါန်း**

ဤအမှတ်စဉ်(၁၀) စာအုပ်သည်လည်း ညအလုပ်ပေး တရားများကို စုပေါင်း ရိုက်နှိပ်ထားသော စာအုပ်ဖြစ်သည်။ စာအုပ်အတွင်း အဖွင့်မျက်နှာစာ၌ အမရပူရ မြို့ ဓမ္မာရုံ၌ ဟောကြားသော တရားများဖြစ်ကြောင်း ဖော်ပြထားသော်လည်း အတွင်း တရားစာများ ထိပ်တွင်မူ မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောကြားတော်မူသော တရားများဖြစ်ကြောင်း ဖော်ပြထားသဖြင့် ကွဲလွဲနေသည်။

ဤစာအုပ် နိဒါန်းကိုလည်း ဆရာကြီးဦးသံဒိုင်က ရေးသားထားသည်။ ဆရာတော်ကြီးသည် ဒိဋ္ဌိဖြုတ်ရေးကို သစ္စာ၊ ပဋိစ္စသမုပ္ပါဒ် ဒေသနာတော်များ နည်းတူ၊ အလွန်အမင်း အရေးထားကြောင်း ဖော်ပြသည်။ ဒိဋ္ဌိသည် ပဋိစ္စသမုပ္ပါဒ် သံသရာဆက်ကြောင်း၊ သံသရာရှည်ကြောင်း၊ အပါယ်ရောက်ကြောင်း၊ တရားခံ အစစ်ကေန် ဖြစ်ကြောင်းကို ပါဠိတော် အဋ္ဌကထာများကို ကိုးကား၍ ရေးသား ထားသည်။

ထို့နောက် ဤစာ နိဒါန်းတွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ငယ်စဉ်က ဂန္ထဓုရမှ ဝိပဿနာဓုရသို့ ပြောင်းလဲခဲ့ပုံ ထေရုပ္ပတ္တိအကျဉ်းကို ဖော်ပြထားသည်။ ဤစာအုပ်ပါ တရားများသည် မိုးကုတ်မြို့၌ ဟောကြားသော တရားများဖြစ်ကြောင်း ကိုလည်း ဖော်ပြထားသည်။ မိုးကုတ်မြို့က ဒကာ၊ ဒကာမများ သဒ္ဓါထက်သန်ကြပုံ ကိုလည်း အမွှမ်းတင်၍ ပြထားသည်။

ဆရာတော်ကြီးက ဒါန၊ သီလတရားများသည် အပါယ်တံခါး ပိတ်မှု အတွက် စိတ်ချရသော တရားများ မဟုတ်သေး ဝိပဿနာတရားကသာ အပါယ်

မကျအောင် တားဆီးနိုင်ပုံကို ပြပြီး အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ကြဖို့ အရေးကြီးပုံကို ပြညွှန်ထားသည်။ အပါယ်ဘေးက လွတ်အောင် ချည်တိုင်စိုက်၍ ငုတ်ရိုက်ရမည်။ သတိပဋ္ဌာန် တရားလေးပါး တစ်ပါးပါးကို လက်ကိုင်ထားရမည်ဟု ဆိုလိုသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးသော မဂ်ဉာဏ်အထိ ရအောင် အားထုတ်ထားသင့်ကြောင်း ဆုံးမထားသည်။

သောတာပန်ဖြစ်ရေးမှာ (၁) သပ္ပုရိသသံသေဝ ဆရာကောင်း၊ မိတ်ဆွေကောင်းကို ရှာရမည်။ (၂) သဒ္ဓမ္မသဝနံ သစ္စာတရားကို နာရမည်။ (၃) ယောနိသောမနသိကာရ သစ္စာနှလုံး သွင်းခြင်း ရှိရမည်။ (၄) ဓမ္မာနု ဓမ္မပတ္တိ ဖြစ်ပျက်မြင်အောင် ဝိပဿနာ အလုပ်ကို အားထုတ်ရမည်။ တရားမနာဘဲနှင့် တရားအားထုတ်၍ မဖြစ်နိုင်ကြောင်းကိုလည်း ဖော်ပြထားသည်။

*

### ၁။ ကိလေသာအစေး မပယ်သေးလျှင် ချမ်းသာဟူ၍ မရှိနိုင်ပုံ (စိရ ရုက္ခောပမ သုတ် တရားတော်)

[၂၉-၅-၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

ဤတရားသည် ခန္ဓာကို အစေးထွက်သော သစ်ပင်နှင့် ဥပမာထား၍ သရုပ်ဖော် ဟောကြားသော တရားဖြစ်သည်။ အစေးရှိသော သစ်ပင်ကို ဓားချက်ထိတိုင်း အစေးထွက်သလို ခန္ဓာမှာလည်း မျက်လုံးနှင့် အဆင်းတိုက်တိုင်း အသံနှင့် နားတိုက်တိုင်း အာရုံနှင့် ဒွါရတိုက်တိုင်း ကိလေသာ အစေးထွက်တတ်ပုံကို ချဲ့ထွင် ဟောကြားထားသည်။

ပုထုဇဉ်မှာ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်း၊ ထိတိုင်း၊ ကိလေသာ အစေးထွက်တတ်သည်။ ဘုရားရဟန္တာမှာ ကိလေသာ အစေးကုန်သောကြောင့် မြင်တိုင်းကြားတိုင်း ကိလေသာ အစေး မထွက်တော့ကြောင်း ဖော်ပြ၍ ဟောသည်။ မဂ်ရမှသာ ကိလေသာ အစေးထွက်မှု ရပ်တန့်မည်ဟု ဆိုသည်။ [နှာ-၇] ကိလေသာ အစေးမခန်းသေးသရွေ့ မအေးချမ်းသေးဘူးဟု မိန့်သည်။ [နှာ-၉] ရူပါရုံ၊ သဒ္ဒါရုံ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံဆိုတာ ဓားခြောက်စင်းလို့ မှတ်လိုက်ဟုလည်း ဆိုသည်။ [နှာ-၁၁] ဘဝများစွာ သံသရာမှာ ခန္ဓာသည် ဓားခုတ်ခံရင်း အစေးထွက်ပြီး နေခဲ့ရသည်ဟု ရှင်းပြသည်။ [နှာ-၁၂]

ဘဝများစွာ သံသရာတစ်လျှောက်လုံးမှာ ပုထုဇဉ်များ ကိလေသာ အစေး ခန်းအောင် လုပ်နည်း နိဿရည်းကို မရခဲ့ကြောင်းကို ပြသည်။ [နာ–၁၅] ထို့နောက် ပုထုဇဉ်၏ ခန္ဓာမှာ ကိလေသာ အစေးထွက်တတ်ပုံကို ပဋိစ္စသမုပ္ပါဒ် တရားဖြင့် ရှင်းပြသည်။ ပြီးမှ ကိလေသာအစေး သိမ်းအောင်၊ ခန်းအောင် လုပ်ရမည်ဟု ဆိုသည်။ အစေးထွက်သော သစ်ပင်သည် အစေးလောင်၍ သေရသလို ပုထုဇဉ် လည်း ကိလေသာ အစေးလောင်၍ သေခြင်းဆိုး သေခဲ့ကြပုံကို ဟောပြန်သည်။ [နာ–၂၈].

ပဋိစ္စသမုပ္ပါဒ် သဘောတရားအရ ခန္ဓာက ကိလေသာ အစေးထွက်နေသေး သရွေ့ 'ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ' ဖြစ်ပုံကို ပြသည်။ [နာ–၄၃] ခန္ဓာ ထဲမှာ ကိလေသာ ၁၅၀၀ အစေးတွေ အောင်းနေသည်။ မဂ်ရမှသာ ထိုအစေးများ ခန်းခြောက်နိုင်ကြောင်း ဟောထားသည်။ [နာ–၅၁] ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးလျှင် ကိလေသာ အစေး ခန်းခြောက်နိုင်သည်။ အစေးခန်းသော မဂ် အလုပ်မှတစ်ပါး အခြား အားကိုး မရှိကြောင်းကို ပြထားသည်။

*

## ၂။ သစ္စာလေးပါးပြ ဆပ္ပာဏကောပမသုတ်

[၃၀–၅–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောသောတရား]

သံသရာ တစ်လျှောက်လုံး ခန္ဓာဖောက်သိမ်းတရားကို မနာခဲ့ကြရသောကြောင့် အိုနာသေဘေးချည်း ကြုံခဲ့ကြရသည်။ ဒီတစ်ခါမှ ခန္ဓာဖောက်သိမ်းတရားကို နာကြား ခွင့် ကြုံရသည်။ ယခုအချိန်တွင် သတိပဋ္ဌာန် တရားလေးပါးမှ တစ်ပါးပါးကို လက်ကိုင်ထားကြမှသာ အာရုံခြောက်ပါး ကိလေသာတဏှာ ဆွဲရာသို့ မပါဘဲ အသေလွတ်အဖြစ်သို့ ရောက်နိုင်မည် ဖြစ်ကြောင်းကို ဆပ္ပာဏကောပမသုတ်ကို အခြေခံပြီး ဟောတော်မူသည်။

ဆပ္ပာဏကောပမသုတ်သည် တိရစ္ဆာန်ခြောက်ကောင်ကို ဥပမာထားပြီး ဟောသော သုတ်ဖြစ်သည်။ [နာ–၇၂] အာရုံခြောက်ပါး မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်သည် စရိုက်မတူသော တိရစ္ဆာန်ခြောက်ကောင်နှင့် တူသည်။ ထိုအာရုံ ခြောက်ပေါက်သည် ဆူးနှင့်တူကြောင်းကိုလည်း ပထမ ဟောသည်။ မျက်စိပေါက်က မြင်လျှင်လည်း လောဘ၊ ဒေါသ၊ မောဟ၊ မာန ဆူးစူးသည်။ နားပေါက်က ကြားလျှင်လည်း ဆူးစူးသည်ပင်။

ပုထုဇဉ်သည် အနာရှိလျက် ဆူးတောတိုးနေသူနှင့် တူပုံကို ပြသည်။ ဆူးကြားထဲ သွားသော ပုဂ္ဂိုလ် အနွံ ရာယ်ကင်း အေးရှင်း မဖြစ်နိုင်ကြောင်း ပြသည်။ [နာ–၇၉] အနာရှိသော ပုဂ္ဂိုလ် ဆူးတောမတိုးဘဲ အနာပျောက်အောင် လုပ်ဖို့သာ လိုကြောင်း ဆုံးမသည်။ [နာ–၈၅] ထို့နောက် တစ်ဖန် ပုထုဇဉ်သည် အပူကြိုက်တတ် ပုံကို မီးပုံထဲ တိုးဝင်တတ်သော ပိုးကောင်နှင့် ပုံနှိုင်းပြပြန်သည်။

ပြီးမှ သားကောင်ခြောက်ကောင် ဥပမာကို ပြသည်။ မြွေ၊ မိကျောင်း၊ ငှက်ဆင်၊ အိမ်ခွေး၊ တောခွေး၊ မျောက်တို့သည် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်နှင့် နှိုင်းပြသည်။ သားကောင်ခြောက်ကောင်သည် အကြိုက် မတူကြ၊ မြွေက အရှုပ်ကြိုက်သည်။ မျက်စိလည်း ရှုပ်မှ ကြိုက်သည်။ နားက အေးအေးနေချင်သည်။ မိကျောင်းနှင့် တူသည်။ ငှက်က ကောင်းကင်ကြိုက်သည်။ နှာခေါင်းလည်း လေကို ကြိုက်သည်။ ပါးစပ်က အိမ်ခွေးလို စားစရာရှိရာကို သွားလိုသည်။ ကိုယ်က တောခွေးနှင့် တူသည်။ မျောက်က မနောပေါက်နှင့် တူသည်။ ထိုအကြိုက် မတူသော သားကောင်ခြောက်ကောင်ကို ပုထုဇဉ်သည် အထိန်းရခက်သည်။ ၎င်းတို့က သန်ရာသို့ ဆွဲနေသည်။ ထိုသားကောင်ကို ထိန်းချင်လျှင် သတိပဋ္ဌာန်တိုင်ငုတ် စိုက်၍ ချည်ထားမှသာ ထိန်းနိုင်ပေတော့မည်ဟု ဟောကြားထားသည်။

*

## ၃။ စကားခြောက်ခွန်း လူ့ဥ္စထွန်း၊ နှစ်ခွန်းကိုဆောင် လေးခွန်းရှောင် ပပဥ္စနှင့် နိပ္ပပဥ္စ ဖြစ်ပုံပြတရား

[၃၁–၅–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

မြတ်စွာဘုရား တရားဟောရာမှာ စကားနှစ်မျိုးပဲ ရှိသည်ဟု မှတ်ပါဆိုသော အဆုံးအမဖြင့် ဤတရားကို ဟောကြားသည်။ စကားတစ်မျိုးမှာ ဟုတ်တယ်၊ မှန်တယ်၊ အကျိုးရှိတယ်။ သူတစ်ပါး မကြိုက်သော စကား။ နောက်တစ်မျိုးမှာ ဟုတ်တယ်၊ မှန်တယ်၊ အကျိုးလည်း ရှိတယ်၊ သူများလည်း ကြိုက်သောစကား။ ထိုစကား နှစ်မျိုးစလုံးကို ဘုရားဟောတော်မူကြောင်း ရှင်းပြထားသည်။ ဘုရားက ထိုစကားနှစ်မျိုးကို ကာလကို ကြည့်ပြီး ဟောတတ်ကြောင်းကိုလည်း ဖော်ပြသည်။ ထို့အတူ ဆရာတော်ကလည်း ဒိဋ္ဌိဖြုတ်ဆိုသော စကားကို လူများ မကြိုက်စေကာမူ သေလျှင် သက္ကာယဒိဋ္ဌိ တန်းလန်းနှင့် သေပါက အပါယ် ရောက်မည်စိုးသောကြောင့် မကြိုက်သော်လည်း ဟောသင့်ကြောင်း ဖော်ပြသည်။

သို့သော် ဘယ်စကားကိုပဲဖြစ်ဖြစ် ကာလကို ကြည့်ပြီးမှ ဟောရကြောင်းကိုလည်း ရှင်းပြထားသည်။ ဟော၍ ကျွတ်သောတရားသည် သစ္စာဆိုက်သော တရားဖြစ်သည်။ [နှာ–၁၁၅] ထိုတရားတွင် နိဗ္ဗာန်ရောက်သော တရားနှင့် သုဂတိရောက်သောတရားက တစ်မျိုး ရှိသေးသည်။

ထို့နောက် ဆဋ္ဌာဏ ကောပမသုတ်ကို ဟောပြန်သည်။ ဒွါရခြောက်ပေါက်မှ အာရုံခြောက်မျိုး ဖြစ်ကာ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန် ဖြစ်နေသည်။ ထိုသို့ ဖြစ်နေခြင်းသည် သဘာဝချင်း မတူသော မြွေ၊ မိကျောင်း၊ ငှက်၊ အိမ်ခွေး၊ တောခွေးနှင့် မျောက် သတ္တဝါခြောက်ကောင်ကို ကြိုးဖြင့်ချည်ပြီး ကိုင်ဆွဲထားရသည်နှင့် တူပုံ၊ အားသန်ရာ တိရစ္ဆာန်တစ်ကောင်က ဆွဲလိုက်လျှင် ကျန်အကောင်များက ဆွဲရာပါသွားကြပုံနှင့် နှိုင်းယှဉ်၍ ဟောသည်။

မျက်စိက မြွေနှင့် တူသည်။ နားက မိကျောင်းနှင့် တူသည်။ ငှက်က နှာခေါင်း၊ အိမ်ခွေးက ပါးစပ်၊ တောခွေးက ကိုယ်၊ မျောက်က မနောနှင့် တူပုံကို ပြသည်။ ထိုတိရစ္ဆာန်ခြောက်ကောင် ဆွဲရာ မပါရအောင် သတိပဋ္ဌာန်တရား တစ်ခုခု လက်ကိုင်ထားမှ ဖြစ်မည်ဖြစ်ကြောင်းကို ပြသည်။ [နှာ–၁၃၅] သတိပဋ္ဌာန်အကြောင်းကို ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ဟောရမည် ဖြစ်သည်ဟု ဆိုသည်။ သတိပဋ္ဌာန်ဖြင့် ငုတ်စိုက်ပြီး တိရစ္ဆာန်ခြောက်ကောင်ကို ချည်ထားမှသာ ထိန်းနိုင်ပေမည်။

သတိပဋ္ဌာန်တရား လက်ကိုင်ထားမှသာ (ငုတ်စိုက်ပြီး ချည်ထားမှသာ) ခန္ဓာက မိမိအလိုသို့ လိုက်မည် ဖြစ်သည်ဟု ဆိုလိုသည်။ [နှာ–၁၃၈] သို့မဟုတ်ပါက ခြောက်ဒွါရ ဆွဲရာသို့ ပါနေရမည်သာ ဖြစ်ကြောင်း ရှင်းထားသည်။ သတိပဋ္ဌာန်တရားတစ်ခု လက်ကိုင်ထားပြီး ဖြစ်ပါက ဘယ်အာရုံကဆွဲဆွဲ မပါနိုင်တော့ဘဲ ဝိပဿနာနှင့် နေသဖြင့် သေလျှင် နိဗ္ဗာန်သွားရုံ ရှိတော့သည်။

ထို့နောက် ဆရာတော်ကြီးက တရားသိမှ ဘုရား၏ ကျေးဇူးဂုဏ်ကို သိနိုင်ပုံကို ဆက်ရှင်းသည်။ ဤတွင် သတိပဋ္ဌာန် ငုတ်စိုက်ဆိုတာ အလုပ်ပေးတာ ဖြစ်ကြောင်းလည်း ညွှန်ပြထားသည်။ ကောယနောအ္ဘသံ ဘိက္ခဝေ၊ မဂ္ဂေါ ဤ တစ်လမ်းတည်းသာ နိဗ္ဗာန်ရောက်သော လမ်းဖြစ်ကြောင်းလည်း ဟောထားသည်။ ဝိပဿနာမဂ်နှင့် ဖြစ်ပျက်ရှုနေသော သူ၏ ဝမ်းထဲမှာ တဏှာ၊ မာနဒိဋ္ဌိ၊ ပပဉ္စတရားအားလုံးချုပ်သည်။ [နှာ–၁၄၆] သံသရာချဲ့ထွင်သော တရားအားလုံး ချုပ်သွားပါက နိပ္ပပဉ္စ ဖြစ်သွားတော့သည်။ [နှာ–၁၄၇]

နိဗ္ဗပဥ္စဆိုတာ နိဗ္ဗာန်ပော့ဟုလည်း အတိအလင်း ကြွေးကြော်ထားသည်။ တဏှာဆုံး နိဗ္ဗာန်၊ မာနဆုံးနိဗ္ဗာန်၊ ဒိဋ္ဌိဆုံး နိဗ္ဗာန်။ စိတ္တာနုပဿနာ တိုင်ခြေမှာ ဝေဒနာနုပဿနာ တိုင်ခြေမှာ တဏှာ၊ မာန၊ ဒိဋ္ဌိအားလုံး လာဝပ်ပြီး သေကြရသည်။ [နှာ-၁၄၈] ဤတွင် ဖြစ်ပျက်က ဒုက္ခသစ္စာ၊ ချုပ်သွားတာက သမုဒယသစ္စာ သမုဒယချုပ် နိဗ္ဗာန်နိရောဓသစ္စာ ဖြစ်တော့သည်။ အချိန်ကုန်၍ တရားနားသည်။

*

## ၄။ ဓမ္မ စီမံတဲ့အတိုင်း ဖြစ်ပေါ်နေကြပုံ ညအလုပ်ပေးတရား

[၁-၆-၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်၌ ဟောသောတရား]

လူသတ္တဝါတွေမှာ အဖြစ်ခြင်း မတူ တစ်မူစီ ကွဲပြား ခြားနားနေရခြင်းသည် ဘာကြောင့် ဖြစ်ရသလဲဆိုလျှင် ဓမ္မ စီမံသောအတိုင်း ဖြစ်နေရကြောင်း စတင် ဟောကြားတော်မူသည်။ သတ္တဝါတွေ အမျိုးမျိုး အစားစား ကွဲပြားနေရခြင်းမှာလည်း ဓမ္မကြောင့်ပင် ဖြစ်သည်။

ဓမ္မဆိုတာ ဘယ်သူ့တုံး၊ ခန္ဓာ၏ ဖြစ်စဉ်ပင် ဖြစ်သည်။ ခန္ဓာထဲမှာ ပေါ်သော ဓမ္မတွေက နောက်အကျိုးတွေကို စီမံခြင်းပင် ဖြစ်သည်။ [နှာ-၁၅၂] မိမိ ခန္ဓာထဲမှာရှိသော ဓမ္မက ယခုဘဝက စီမံလိုက်လျှင် နောက်ဘဝမှာ အကျိုးတွေ ဖြစ်ပေါ်ရသည်။ ဓမ္မသည် ကောင်းတာကို စီမံသော ဓမ္မ၊ မကောင်းတာကို စီမံသော ဓမ္မဟူ၍ ကွဲပြားသည်။ ဒါကြောင့် ဘယ်သူဘယ်ဝါ ဖန်ဆင်းတာမှ မဟုတ်ဘူး။ ဓမ္မ စီမံသလို ဖြစ်နေရခြင်းသာ ဖြစ်ကြောင်း ရှင်းပြထားသည်။ ခန္ဓာထဲမှာ ဓမ္မတွေ ဘာကြောင့် ပေါ်ရတာလဲဟု မေးလျှင် အာရုံဒွါရကြောင့် ဖြစ်သည်ဟု ဖြေရမည်။ [နှာ-၁၅၇]

ဝမ်းထဲရှိသော ဓမ္မဆိုတာ ပဋိစ္စသမုပ္ပါဒ်ဓမ္မတွေပင် ဖြစ်သည်။ [နှာ-၁၅၈] အာရုံဒွါရခြောက်ပေါက်သည် မှန်အကြည် ခြောက်ချပ်နှင့် တူသည်။ အာရုံနှင့် ဒွါရတိုက်လျှင် မြင်စိတ်၊ ကြားစိတ် စသည်ပေါ်သည်။ သားကိုမြင်လျှင် သားကို ခင်သောစိတ်၊ လင်ကိုမြင်လျှင် လင်ကိုခင်သော စိတ်ပေါ်သည်။

ခန္ဓာပဋိစ္စသမုပ္ပါဒ် စပြီ။ မြင်ဓမ္မကြောင့်၊ ခင်ဓမ္မပေါ်ရသည်။ ခင်ဓမ္မကြောင့် စွဲလမ်းသော ဓမ္မပေါ်သည်။ စွဲလမ်းသော ဓမ္မကြောင့် ကာယကံ၊ ဝစီကံ စသည် ပြုသော ကမ္မဓမ္မတွေ ပေါ်ရပြန်သည်။ ကမ္မဘဝဖြစ်လျှင် ကမ္မဘဝ ပစ္စယာဇာတိ ဖြစ်သည်။ ဇာတိရလျှင် ခန္ဓာငါးပါးပေါ်ပြီ။ သို့ဆိုလျှင် ခန္ဓာငါးပါးပေါ်ခြင်းသည်

ဘယ်သူ ဖန်ဆင်းသလဲဆိုလျှင် ဓမ္မ ဖန်ဆင်းသည်။ ဓမ္မ စီမံသည်။ [နှာ–၁၆၉] မြင်၍ ခင်သည်။ ခင်၍ စွဲလမ်းသည်။ စွဲလမ်း၍ မရမနေ ပြုလုပ်သည်။ ပြုလုပ်၍ ဇာတိခန္ဓာ ရသည်။ ဒါကိုပင် ခန္ဓာသံသရာဟု ဆိုခြင်းဖြစ်သည်။ [နှာ–၁၇၀]

ဤသို့ နားလည်လျှင် ဝိစိကိစ္ဆာကို ပယ်နိုင်သည်။ ဘယ်က လာပါလိမ့် ဆိုသော သံသယ ကင်းရှင်းသွားပြီ။ ထို့နောက် ပဋိစ္စသမုပ္ပာဒ်အရ ဓမ္မ တစ်ခုပြီး တစ်ခု ဖြစ်ပေါ်ပုံကို ပြသည်။ မြင်တော့ ခင်သည်။ ခင်တော့ လိုချင်သည်။ လိုချင်တော့ စွဲလမ်းသည်။ စွဲလမ်းတော့ မရမနေ ပြုလုပ်မည်။ ထိုကမ္မဘဝကြောင့် ဇာတိပဋိသန္ဓေ ရသည်။ ဇာတိကြောင့် ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ဆက်ဖြစ်သည်။

ဤဖြစ်စဉ်သည် ပုထုဇဉ်တို့ လာရာလမ်းပင် ဖြစ်သည်။ ကိုယ့်ဖြစ်စဉ်ကို ကိုယ် သိရမည်။ ကိုယ်လာသောလမ်း၊ ကိုယ်သွားရာလမ်းသည် လမ်းဆိုးလား၊ လမ်းကောင်းလား ခွဲခြား၍လည်း သိဖို့ လိုသေးသည်။ ဤဖြစ်စဉ်ကို အရင်းစစ်လျှင် မြင်မှု၊ ခင်မှုက စသည်။ စွဲလမ်းမှု၊ အားထုတ်မှုကြောင့် ပဋိသန္ဓေနေမှု ဖြစ်နေသည်။ ဇာတိရတော့ အိုရ၊ နာရ၊ သေရသည်။ အိုနာသေကြောင့် သောကပရိဒေဝ ဖြစ်ရတော့သည်။

ထို့ကြောင့် မြင်မှုကို ဇာတ်သိမ်းတတ်လျှင် နောက်ဆက်ဖြစ်သော သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေကို ဇာတ်သိမ်းစေနိုင်သည်။ [နှာ–၁၇၇] ထိုသို့ ဇာတ်သိမ်းစေရန် စိတ္တာနုပဿနာကို ရှုပွားရမည်။ [နှာ–၁၇၈] ဝိပဿနာ ရှု၍ မြင်စိတ် ဖြစ်ပျက်ကို မြင်လျှင် ဝေဒနာနိရောဓ၊ တဏှာနိရောဓ ဖြစ်ပြီး သောက၊ ပရိဒေဝ အကုန် ချုပ်ငြိမ်းသည်။ [နှာ–၁၇၉] အိုနာသေ ငိုကြွေး ပူဆွေးခြင်း ဇာတ်သိမ်းချင်လျှင် မြင်စိတ်၊ ကြားစိတ်၏ ဖြစ်ပျက်ကို မြင်အောင်ရှု ရမည်။ ထိုသို့ ရှုလိုက်လျှင် ဓမ္မ စီမံသည့်အတိုင်း သံသရာ မလည်တော့ဘဲ ဓမ္မလမ်းကို ပြောင်းလဲနိုင်သည်။ [နှာ–၁၈၀]

မြင်စိတ်၊ ကြားစိတ်ကို ဖြစ်ပျက်(ဝိပဿနာ) ရှုတတ်လျှင်၊ ဖြစ်ပျက်က ဒုက္ခသစ္စာ မြင်တာက မဂ္ဂသစ္စာ ဖြစ်သွားသည်။ တဏှာ၊ ဥပါဒါန်ကံ မလာတော့ သဖြင့် သမုဒယသစ္စာ ချုပ်ငြိမ်းသည်။ သမုဒယ မလာလျှင် နောက်ခန္ဓာ ဒုက္ခခန္ဓာ ဇာတ်သိမ်းသည်။ နိရောဓသစ္စာ(နိဗ္ဗာန်)ကို မျက်မှောက်ပြုပြီ။ ဤသည်မှာ မဂ်ဖြင့် လမ်းခွဲခြင်း ဖြစ်သည်။ လည်လမ်းက သမုဒယနှင့် ဒုက္ခဆက်သည်။ ဖြတ်လမ်းက

သမုဒယနှင့် ဒုက္ခကို ပယ်သည်။ [နှာ–၁၈၄] ပဋိစ္စသမုပ္ပာဒ်လမ်းကို လိုက်နေလျှင် ဓမ္မစိမ်ရာကို မိရိုးဖလာအားဖြင့် လိုက်နေခြင်းနှင့် တူသည်။ ထိုလမ်းကို မလိုက်သင့် မင်္ဂလမ်းကိုသာ လိုက်သင့်သည်။ [နှာ–၁၈၅] သမုဒယက ကိလေသာမီး ဖြစ်သည်။ ခန္ဓာ ဒုက္ခသစ္စာက လောင်စာဖြစ်သည်။ မဂ္ဂင်လမ်းကို လိုက်မှ မီးနှင့် လောင်စာ သိမ်းနိုင်သည်။

ဒါကြောင့် မဂ္ဂင်လမ်းကို လိုက်မည်ဆိုလျှင် မြင်စိတ်၊ ကြားစိတ်ပေါ်တိုင်း ဖြစ်ပျက် မြင်အောင်ရှုရမည်။ ရှု၍ အနိစ္စကို မြင်လျှင် မဂ္ဂဖြစ်ပြီး ရှုဉာဏ်က မဂ္ဂ သမုဒယနှင့် ဒုက္ခချုပ်သွားတာက နိရောဓ ဖြစ်သည်။ [နှာ–၁၈၇] တဏှာချုပ်လည်း နိဗ္ဗာန်၊ ခန္ဓာချုပ်လည်း နိဗ္ဗာန်ပင် ဖြစ်သည်။ [နှာ–၁၈၈] ဒါကြောင့် ပဋိစ္စသမုပ္ပာဒ် လမ်းကို မလိုက်ဘဲ မဂ္ဂင်လမ်း လိုက်ရသည်။ ဘုရား ဖြစ်တာတောင် မဂ္ဂင်လမ်း လိုက်မှဖြစ်သည်ဟု မိန့်ထားသည်။ [နှာ–၁၈၉] မဂ္ဂင်လမ်းသည်သာ ကိုယ့်မီး ကိုယ်ငြိမ်း၊ ကိုယ့်ဒုက္ခ ကိုယ်သိမ်းသော လမ်းဖြစ်သည်။ [နှာ–၁၉၀] ပဋိစ္စသမုပ္ပာဒ်၌ သဘောအရ ခန္ဓာပေါ်တိုင်း ထင်ပေါ်တာပဲ ဖြစ်သည်။ ထင်ပေါ်လျှင် ကိလေသာမီး ထတောက်မည်သာ ဖြစ်၏။ [နှာ–၁၉၁]

ထိုလမ်းကား လမ်းမှားဖြစ်သည်။ မီးနှင့်ထင်း တွဲ၍ လောင်နေသော ပဋိစ္စသမုပ္ပာဒ်လမ်းကို မလိုက်သင့် ခန္ဓာသိမ်း၍ မီးငြိမ်းသော လမ်းကိုသာ လိုက်သင့်သည်။ [နှာ–၁၉၅] အိုလမ်း၊ နာလမ်း၊ သေလမ်းမှ အိုလွတ်၊ နာလွတ်၊ သေလွတ် လမ်းသို့ လိုက်ရမည်။ ပဋိစ္စသမုပ္ပာဒ်က ဒုက္ခသစ္စာ ရသောလမ်း၊ မင်္ဂလမ်းကသာ ဒုက္ခငြိမ်းသောလမ်း ဖြစ်သည်။ ထို့ကြောင့် မင်္ဂလမ်းကို လိုက်မှသင့်သည်။ မင်္ဂလမ်း သည်သာ လောင်စာသိမ်း၍ မီးငြိမ်းရာလမ်း ဖြစ်သည်။ [နှာ–၁၉၈]

ထို့နောက် ဝတ္ထုသက်သေ ထုတ်ပြသည်။ သက္ကတိုင်း ဒေဒဒယရွာမှ ရဟန်း များ ဝတ္ထု။ ထိုဝတ္ထုတွင် ပဏ္ဍာဘူမကသို့ သွား၍ ဝါဆိုချင်သော ရဟန်းများကို အရှင်သာရိပုတ္တရာက ဘုရား၏ အယူဝါဒကို ရှင်းပြသည်။ ဘုရားဝါဒသည် တဏှာ ကို ချုပ်ငြိမ်းစေသော ဝါဒဖြစ်ကြောင်း ရှင်းပြထားသည်။ [နှာ–၂၀၃] စိတ္တာနုပဿနာ ရှုပွားရန် တိုက်တွန်းထားသည်။ စိတ်ကို ဖြစ်ပျက်ရှုခြင်းအားဖြင့် တဏှာဥပါဒါန် ကံချုပ်ငြိမ်း ရပ်သိမ်းသည်။ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်သည်။

အချိန်စေ့၍ တရားရပ်နားသည်။

*

## ၅။ ဒုက္ခရဲ့တတ်ပုံနှင့် ဒုက္ခသိမ်းတတ်ပုံ

[၂-၆-၆၂ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံမှာ ဟောသောတရား]

ပပဥ္စတရား အကြောင်းကို ရှင်းပြမယ်ဟု ဆို၍ ဤတရားကို စတင်သည်။ မနေ့က ၁-၆-၆၂နေ့က မိုးကုတ်မှာ တရားဟောခဲ့ပြီး ယနေ့ မန္တလေးမှာ ဟောသည်။ ရန်ကုန်မြို့သို့ ကြွခါနီးအချိန် ဖြစ်မည် ထင်ပါသည်။ ပပဥ္စတရား ဆိုသည်မှာ သံသရာကို အကျယ်ရဲ့သော ဒုက္ခကို ချဲ့တတ်သော တရားဖြစ်သည်။ သံသရာမှာ စုတိနှင့် ပဋိသန္ဓေဆက်၍ ဖြစ်နေသည်။ ဒုက္ခဒုက္ခချင်း ဆက်၍ မွေးလိုက် သေလိုက် ဖြစ်နေကြရသည်။ ခန္ဓာကိုယ်ထဲမှာ သံသရာရဲ့၊ ဒုက္ခရဲ့တတ်သော တရားလည်း ရှိသည်။ နိပပဥ္စခေါ် သံသရာစခန်းသတ်တရားလည်း ရှိသည်။

သံသရာရဲ့တရားက သူ့ဓမ္မတာအတိုင်း ဖြစ်နေသည်။ သံသရာ ချုံ့တရားက ဆရာ ကူညီမှ ရသောတရား ဖြစ်သည်။ [နှာ-၂၀၇] သံသရာရဲ့တရားသည် တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်သည်။ သံသရာစခန်းသတ် တရားက မဂ္ဂင်ဖြစ်သည်။ မဂ္ဂင်တရားသည် သာသနာတွင်းမှာသာ ပေါ်သောတရား ဖြစ်သည်။ [နှာ-၂၀၈] ဤတရားအကြောင်းကို အရှင်သာရိပုတ္တရာနှင့် အရှင်မဟာကောဋ္ဌိတတို့ အမေး အဖြေ ပြုကြပုံနှင့် ရှင်းထားသည်။ ရဟန္တာပုဂ္ဂိုလ်ကြီး နှစ်ပါးက နောင်လာ နောက်သားများ အတွေးမမှားရအောင် အမေးအဖြေ လုပ်ကြခြင်း ဖြစ်သည်။

'ဆန္နံဖဿာယတနာနံ အသေသဝိရာဂနိရောဓာ အတ္ထည် ကိဉ္စိ' ဟု ပါဠိလို အရှင်မဟာကောဋ္ဌိတက မေးသည်။ အာယတနခြောက်ပါး ချုပ်လျှင် တခြား ကိလေသာ များလာသေးလားဟု မေးခြင်းဖြစ်သည်။ အရှင်သာရိပုတ္တရာက ထိုသို့ မဟုတ်ကြောင်း ဖြေသည်။ အဘယ်ကြောင့်ဆိုသော် အာယတနခြောက်ပါး ချုပ်လျှင် နိဗ္ဗာန်ပေါ်သောကြောင့် ဖြစ်သည်။ [နှာ-၂၁၃] အရှင်မဟာကောဋ္ဌိတ အမေးက ဥစ္ဆေဒဒိဋ္ဌိ ပါနေမည်။ ထိုအခါ အရှင်မဟာကောဋ္ဌိတက ဒါဆို အာယတန ခြောက်ပါး ချုပ်သွားလျှင် ဘာမှ အဖြစ်မရှိတော့ဘူးလားဟု မေးပြန်သည်။ အရှင်သာရိပုတ္တရာ ထိုသို့ မမေးသင့်ဟု ဆိုသည်။

ထိုအခါ အရှင်မဟာကောဋ္ဌိတက ဒါဖြင့် အာယတနခြောက်ပါး ချုပ်သွား လျှင် တစ်စုံတစ်ခု ဖြစ်ချည်တစ်လှည့်၊ မဖြစ်တစ်လှည့်လားဟု မေးပြန်သည်။ အရှင်သာရိပုတ္တရာက ဒီလို မမေးနှင့်ဟု မိန့်သည်။ ဒါဖြင့် မဖြစ်သည်မဟုတ် ဖြစ် သယောင်ယောင်လားဟု မေးပြန်သည်။ ဒိဋ္ဌိနှင့် မေးသော အမေးများ ဖြစ်သည်။ အရှင်သာရိပုတ္တရာက ထိုသို့ မမေးနှင့်ဟု မိန့်သည်။ [နှာ-၂၁၅]

မိုးကုတ်ဆရာတော်ကြီးက ဤတရားကို စိတ္တာနုပဿနာ ရှုနည်းသို့ ပြောင်း၍ ဟောသည်။ ပပဥ္စချုပ်သွားအောင် စိတ္တာနုပဿနာကို ရှုသင့်ကြောင်း ပြသည်။ အာယတနတွေ ချုပ်သွားလျှင် တစ်စုံတစ်ခု ဖြတ်သေးသလားဟု မေးသော အမေးကို အရှင်သာရိပုတ္တရာက ဒီလို မမေးနှင့်ဟု မိန့်ခြင်းမှာ ပပဥ္စချုပ်လျှင် နိဗ္ဗာန်ပေါ်သောကြောင့် ဖြစ်သည်။ ခန္ဓာလွတ်တဲ့ နိဗ္ဗာန်ပေါ်တယ် [နာ၁–၂၂၂]ဟု မိန့်ထားသည်။

ဖြစ်ပျက်ဆုံးအောင် လိုက်ရမည်။ ဖြစ်ပျက်အဆုံးမှာ နိဗ္ဗာန်ရှိသည်။ ဖြစ်ပျက်အဆုံးမှာ တစ်စုံတစ်ခု မဖြစ်တော့ဘူးလားဟု မေးခြင်းမှ ဥစ္ဆေဒဒိဋ္ဌိဖြင့် မေးခြင်း ဖြစ်သည်။ စိတ်တွေ အကုန်ချုပ်သွားလျှင် မောက္ခ(နိဗ္ဗာန်) ပေါ်သည်။

တတိယမေးခွန်းမှာ အာယတနတွေ အကုန်ချုပ်သွားလျှင် တစ်စုံတစ်ခု ဖြစ်ချည်တစ်လှည့် မဖြစ်ချည်တစ်လှည့်လားဟု မေးပြန်သည်။ ဧကစ္စသဿတ ဒိဋ္ဌိအမေး ဖြစ်သည်။ အရှင်သာရိပုတ္တရာက ဒီလို မမေးနှင့်ဟု မိန့်သည်။ ဖြစ်ပျက်အဆုံးမှာ အမြဲရှိသော နိဗ္ဗာန်လာသဖြင့် ဖြစ်ချည်တစ်လှည့်၊ မဖြစ်ချည်တစ်လှည့် မဟုတ်တော့ပေ။ [နာ၁–၂၂၅]

လေးခုမြောက် အမေးက ပပဥ္စတွေ ချုပ်သွားလို့ရှိလျှင် တစ်စုံတစ်ခု မဖြစ်သည် မဟုတ် ဖြစ်သယောင်ယောင် ဆိုသော အမေး ဖြစ်သည်။ ပုဂ္ဂိုလ်သတ္တဝါအစွဲနှင့် မေးခြင်းဖြစ်သည်။ မမေးသင့်ဟု အရှင်သာရိပုတ္တရာက ပြောသည်။ အမရဝိက္ခေပသဿတဒိဋ္ဌိ အမေးဖြစ်သောကြောင့် ဖြစ်သည်။ ပပဥ္စရှိသော ပုဂ္ဂိုလ်မှာ ခန္ဓာပေါ်ဦးမည်။ အာယတနတွေ ပေါ်ဦးမည်။ အာယတနတွေ မချုပ်သေးလျှင် ပပဥ္စတွေ ပေါ်ဦးမည်သာ ဖြစ်၏။ [နာ၁–၂၂၆] အာယတနတွေ ချုပ်ဆုံးသွားမှသာ နိဗ္ဗာန် ပေါ်မည်။ ပပဥ္စ ချုပ်သွားပြီး အာယတနတွေ ချုပ်ဆုံးသော ပုဂ္ဂိုလ်မှာ နောက်ခန္ဓာ ပဋိသန္ဓေ နေရဦးမည်။ [နာ၁–၂၂၇] ဤအမေးအဖြေကို ဒိဋ္ဌိပြုတ်ပြီးသား ရဟန္တာနှစ်ပါး ပြုလုပ်ထားခဲ့ခြင်း ဖြစ်သည်။

နောင်လာနောက်သားများ အတွေးအခေါ် မမှားဖို့ ဖြစ်သည်။ ပပဥ္စချုပ်အောင် လုပ်သောနည်းပဲ ရဖို့ အရေးကြီးကြောင်း မိုးကုတ်ဆရာတော်က ပြဩန်ထားသည်။ ပြီးမှ အလုပ်ကို ပြောတော့မယ်ဟု ဆိုပြီး စိတ်ကို ဖြစ်ပျက်ရှုနည်းကို နိုင်းသည်။ [နာ၁–၂၃၁] ထိုသို့ ရှုသောအခါ ဖြစ်ပျက်မြင်အောင် ရှု၊ ဖြစ်ပျက်မုန်းအောင် ရှုရ မည်။ ဖြစ်ပျက်မြင်လျှင် ယထာဘူတဉာဏ် ရပြီ။ ဖြစ်ပျက်မုန်းလျှင် နိဗ္ဗိန္ဒာဉာဏ် ရပြီး ဖြစ်ပျက်ဆုံးအောင် ရှုပါက နိဗ္ဗာန်ကို မြင်သောမဂ်ဉာဏ်ကို ရသည်။

ထို့နောက် ရှေ့စိတ်ကို နောက်ဉာဏ်နှင့် လိုက်ရမည်။ ထိုသို့လိုက်လျှင် ရှေ့စိတ်က ဖြစ်ပြီးပျောက်သည်။ ထို့ကြောင့် နောက်ဉာဏ်ထဲမှာ မရှိတာ တွေ့မည်။ အနိစ္စကို မြင်ခြင်းဖြစ်သည်။ ထိုသို့ မြင်တာက မဂ်ဉာဏ်(ဝိပဿနာမဂ်) ဖြစ်သည်။ [နှာ–၂၃၅] ထိုသို့မြင်သော မဂ်လာလျှင် ပပဉ္စ(သမုဒယ) ချုပ်တော့သည်။ [နှာ–၂၃၆] ဖြစ်ပျက်မလာလျှင် ပပဉ္စချုပ်ပြီ။ နိဗ္ဗာန်သည် ပပဉ္စချုပ်လျှင် ပေါ်ပြီ။ ပပဉ္စ မလာအောင် တားသော ဉာဏ်ပေါ်အောင် အားထုတ်ကြရမည်။ [နှာ–၂၃၉] အလင်းရောက်လျှင် အမှောင်ပျောက်ရသည်။ အချိန်ကုန်၍ တရားနားသည်။

*

၆။ ဝိဇ္ဇာနှင့် စရဏဒေသနာ

[၃–၆–၆၂ မန္တလေးမြို့ ဦးချစ်ဆွေဓမ္မာရုံတွင် ဟောသောတရား]

"ဝိဇ္ဇာနှင့် စရဏကို ဟောမယ်" အစချီ၍ ဤတရားကို ဟောတော်မူသည်။ ဗုဒ္ဓဘာသာဝင်များသည် ဝိဇ္ဇာနှင့် စရဏ ပြည့်စုံတော်မူသော မြတ်စွာဘုရားကို ရှိခိုးရာ၌သာ ဤတရားကို ရွတ်ဆိုနေကြသော်လည်း ဤတရားသည် ကျင့်ရမည့် အလုပ်ဖြစ်မှန်း မသိကြဟု ထောက်ပြထားသည်။

ပဓာနကိစ္စမှာ ရွတ်ဆိုရန်မဟုတ် ကျင့်ကြံရန်သာ ဖြစ်သည်ဟု မှတ်ရမည်။ ဝိဇ္ဇာက မျက်လုံးနှင့်တူသည်။ စရဏက ခြေထောက်နှင့် တူသည်။ နိဗ္ဗာန်သွားရေး အလုပ်ကြီးသာ ဖြစ်သည်။ [နှာ–၂၄၄] ဤတရားနှစ်ပါး ကိုယ်သန္တာန်မှာ ပေါ်ရမည်။ ဘာကြောင့်ဆိုတာ ဝိဇ္ဇာမျက်လုံးနှင့် စရဏခြေထောက် မပါဘဲ နိဗ္ဗာန်ကို မရောက်နိုင်သောကြောင့် ဖြစ်၏။ မျက်လုံးလည်း မြင်၊ ခြေထောက်လည်း ပါမှသာ လိုရာခရီး ကျရောက်နိုင်မည် ဖြစ်၏။ [နှာ–၂၄၅] ဝိဇ္ဇာစရဏ သမ္ပန္နောကို ရွတ်ဆိုပြီး ဘုရားဂုဏ်ကို ချီးမွမ်းနေခြင်းသည် ကောင်း၏။

သို့သော် ဝိပဿနာ မဖြစ်၊ သမထသာ ဖြစ်သည်။ နိဗ္ဗာန် မရောက်နိုင်ဘူး ဟု မိန့်ဆိုထားသည်။ [နှာ–၂၄၆] "ခင်ဗျားတို့ လုပ်နေကြတာတွေက သောက်ဆေးကို လိမ်းဆေး လုပ်နေတဲ့ အဓိပ္ပာယ်ရောက်တယ်" ဟုလည်း မှတ်ချက် ချထားသည်။ [နှာ–၂၄၇]

ရိုးရာ နိုပ်စက်နေတာဟုလည်း ဝေဖန်ပြသည်။ [နှာ–၂၄၈] ရိုးရာက ဒါကို ဘုရားရှိခိုးပဲ လုပ်နေကြတယ်။ လွဲတယ်လို့ မဆိုဘူး။ လိုသေးတယ်လို့သာ ဆိုလို

ကြောင်း မိန့်ထားသည်။ [နှာ–၂၅၀] အလွဲတွေကို ပြုပြင်ရေးမှာ ဆရာကောင်းလိုကြောင်း ဘုရားဟော ဒေသနာကို ပြသည် (ယံထာဘူတံ ဉာဏယသတ္တာပရိယေသိတဗ္ဗော)။ [နှာ–၂၅၁] ဝိဇ္ဇာနှင့်စရဏ ပြည့်စုံသော ဘုရားကို ရှိခိုးတာက သမထ၊ ဝိဇ္ဇာနှင့်စရဏ ကိုယ်တိုင် ပြည့်စုံအောင် လုပ်တာမှ ဝိပဿနာဖြစ်ကြောင်း ရှင်းပြထားသည်။

ထို့နောက် အရှင်သာရိပုတ္တရာနှင့် အရှင်ဥပဝါဏတို့ အမေးအဖြေ ဝတ္ထုကြောင်းကို ဖော်ပြသည်။ ရဟန္တာကြီးနှစ်ပါး မေးဖြေပုံ ဖြစ်သည်။ အရှင်ဥပဝါဏက မေးသည်။ "အရှင်ဘုရား ဝိဇ္ဇာဉာဏ်ဖြင့် ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်နိုင်မလား" "နောဟိဒံ အာဝုသော" "မရောက်နိုင်ဘူး" ဟု အရှင်သာရိပုတ္တရာက ဖြေသည်။ မျက်လုံးသာ ရှိပြီး ခြေထောက် မပါဘဲနှင့် နိဗ္ဗာန် မရောက်နိုင်ကြောင်း ထောက်ပြသည်။ အရှင်ဥပဝါဏက ထပ်မေး စရဏဆိုတဲ့ သီလ၊ သမာဓိနဲ့ကော ဒုက္ခအဆုံး နိဗ္ဗာန်ကို ရောက်နိုင်သလား မရောက်နိုင်ဘူးဟု အရှင်သာရိပုတ္တရာက ဖြေသည်။ မျက်လုံး မပါ၊ ခြေအားကိုး သက်သက်ဖြင့်လည်း နိဗ္ဗာန်ကို မရောက်နိုင်ကြောင်း ပြသည်။ ဒါဖြင့် ဝိဇ္ဇာနဲ့စရဏ ပြည့်စုံလျှင် နိဗ္ဗာန်ကို ရောက်နိုင်သလား။ မရောက်နိုင်ဘူးဟု အရှင်သာရိပုတ္တရာ မိန့်သည်။ မျက်စိလည်စရာ ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ခန္ဓာ ရှိနေသေး၍ ဖြစ်သည်။ ခန္ဓာကို နိဗ္ဗာန်က လက်မခံ၊ ခန္ဓာ အဆုံးရောက်မှ နိဗ္ဗာန်သို့ ရောက်သည်။

ခန္ဓာရှိနေသေးလျှင် နိဗ္ဗာန်ကို မြင်ရုံပဲ မြင်သည်။ နိဗ္ဗာန်ကို မရောက်နိုင်သေး၍ ဖြစ်သည်။ သဘောမြင်အောင် ကြည့်ရမည်။ [နှာ–၂၆၂] ခန္ဓာက ဒုက္ခသစ္စာ၊ ခန္ဓာရှိနေတုန်းမှာ ဝိဇ္ဇာစရဏနှင့် ပြည့်စုံလျှင် နိဗ္ဗာန်ကို နီးနီးကပ်ကပ် မြင်နိုင်သည်။ နိဗ္ဗာန်ကို ရောက်တော့ မရောက်သေးဘူး။ ဤသို့ဖြေသော် အရှင်ဥပဝါဏက ဒါဆို ဝိဇ္ဇာစရဏ မပါဘဲ နိဗ္ဗာန် ရောက်နိုင်သလားဟု မေးပြန်သည်။ မကျေနပ်သံပါသည်။ မရောက်နိုင်ကြောင်း အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက ဖြေသည်။

ထို့နောက် ဆရာတော်က စရဏမပါဘဲနှင့် ဝိဇ္ဇာ ဖြစ်မလာနိုင်ကြောင်း ရှင်းပြထားသည်။ သမထပျက်ရင် ဝိဇ္ဇာမဖြစ်နိုင်ဟု မိန့်ဆိုသည်။ [နှာ–၂၆၆] စရဏနှင့် ဝိဇ္ဇာ ပြည့်စုံပါက ခန္ဓာကို စွန့်ပြီးဖြတ်လျှင် နိဗ္ဗာန်ကို ရောက်ကြောင်း ဖော်ပြသည်။ ဥပါဒါနက္ခန္ဓာက ဒုက္ခသစ္စာ ဖြစ်သည်။ ဒုက္ခသစ္စာကို စွန့်ပြီးမှသာ နိရောဓသစ္စာ နိဗ္ဗာန်ကို ရောက်နိုင်သည်။

ဤကား ဓမ္မဥပဒေသ ဖြစ်၏။ လူ့ခန္ဓာသည် အသုဘာခန္ဓာ၊ ဒုက္ခသစ္စာ ဖြစ်ပုံကို ပြရန် ဆရာတော်က မာဂဏ္ဍီဝတ္ထုကို ထုတ်ပြထားသည်။ ဆက်စပ်ပြီး နားလည်စေရန် ဖြစ်သည်။ ခန္ဓာရှိနေရင် ဝိဇ္ဇာစရဏ ပြည့်စုံသော်လည်း နိဗ္ဗာန်ကို မရောက်နိုင်ဆိုသော အချက်ကို အလေးအနက် ပြထားသည်။

ထို့နောက် ဝိဇ္ဇာစရဏ မပါဘဲနှင့်လည်း နိဗ္ဗာန်ကို မရောက်ကြောင်း ရှင်းပြပြန်သည်။ ပြီးမှ စရဏမပါဘဲ ဝိဇ္ဇာ မဖြတ်နိုင်ကြောင်း စရဏပျက်လျှင် ဝိဇ္ဇာ ဉာဏ်နုံ့ကြောင်း ထိုကြောင့် သီလသမာဓိဖြင့် ကာယကံ၊ ဝစီကံ လုံအောင်ထိန်းပြီး မနောကံကို ဝိပဿနာရှုဖို့ ထိုသို့ ရှုလိုက်လျှင် ပေါက်ရောက်နိုင်ကြောင်း ပြောရင်း အချိန်စေ့၍ တရားနားသည်။

*

## ၇။ ` လူ့ဘဝရနိုက် ဝဋ်သုံးပါးမှ လွတ်အောင်

[၇–၆–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသောတရား]

တရားဟော ရက်စွဲများကို သတိထားကြည့်မိသည်။ ထိုရက်များအတွင်း ဆရာတော်ကြီးသည် မန္တလေးနှင့် မိုးကုတ်မြို့များသို့ သွားချည်လာချည် လုပ်နေဟန်တူသည်။ ရောက်ရာအရပ်တွင် နေ့တရား၊ ညတရားများကို ဟောပြောခြင်းကား မပျက်။

တရားဟောနေတယ်ဆိုတာ မှန်တာကို ပြောနေတာဆိုသော စကားဖြင့် ဤတရားကို အစပြုသည်။ အမှန်ဓမ္မကို ပြောနေတာကို မနာယူကြဘူး၊ မလိုက်နာကြဘူးဆိုလျှင် မတရား(အဓမ္မ) ဖြစ်ပုံကို အဓိပ္ပာယ် ဖော်ပြသည်။ မတရား လုပ်နေတယ်ဆိုတာ ပဋိစ္စသမုပ္ပာဒ် ဆက်နေတယ်။ တရားနှင့် နေတာက ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်နေတာ ဖြစ်ကြောင်းလည်း ညွှန်ပြသည်။ [နာ–၂၈၀] တရားနာတာ၊ တရားအားထုတ်နေတာသည် သံသရာ ဒုက္ခစက်ကြီးကို မလည်အောင် ဖြတ်နေတာ ဖြစ်ကြောင်းလည်း သဘောပါအောင် ပြသည်။

တရားနှင့် မတရား သဘောကို ဤသို့ ထူးထူးခြားခြား ခွဲပြထားသည်။ အိမ်မှာနေရင်း သားသမီးတွေ လုပ်ကြတာ မကျေနပ်လို့ ဒေါသဖြစ်ပြီး သူတို့အတွက် သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿတွေ ဖြစ်နေကြရင် မတရားသောအားဖြင့် နေနေကြတာ ဖြစ်ပုံ သားသမီးက အရေးမကြီး မအေမိဘက အပါယ်သွားနေကြရပုံကို သရုပ်ပေါ်အောင် ပြသည်။ [နာ–၂၈၂] တရားနှင့် မနေတတ်ရင် မိဘလည်း

အပါယ်ရောက်သည်။ တစ်ခါတစ်ရံ ရောင်းရေးဝယ်ရေးနှင့် ပျော်နေပြန်လျှင်လည်း တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဖြစ်ပြီး အပါယ်သွားကြရပြန်သည်။ တဏှာဥပါဒါန် ကံကြောင့် နောက်ဘဝ ဇာတိ၊ ဇရာ၊ မရဏ လာရသည်။ ဤဖြစ်စဉ်လည်း မတရား ဖြစ်စဉ်ပင်။ သံသရာမှာ အပါယ်သွားရတာကို ဆိုလိုသည်။

ဤသို့ နေခြင်းသည် ကိုယ့်ကိုယ်ကိုယ် သနားရာ မရောက်ကြောင်း၊ ပဋိစ္စ သမုပ္ပာဒ်ကို ပြတ်အောင် လုပ်တတ်သော ပုဂ္ဂိုလ်သာလျှင် ကိုယ့်ကိုယ်ကိုယ် သနားရာ ရောက်ကြောင်း ရှင်းပြသည်။ တရား အားမထုတ်နိုင်ဘူး၊ မအားဘူး ဆိုသူတွေကို ဆုံးမသည်။ မအားတာ ဘာတွေတုံး၊ မတရားတာတွေနှင့် မအားကြတာ ဖြစ်ကြောင်း ထောက်ပြသည်။ အပါယ်သွားကြောင်းတွေ ဆည်းပူးနေလို့သာ အားကြတာဟု အဓိပ္ပာယ်ပေါ်အောင် ပြသည်။ [နှာ–၂၈၄]

ဤသို့သာ မတရားတာတွေ လုပ်နေကြရင်ဖြင့် အရင်းရှုံးလိမ့်မည်ဟု သတိ ပေးသည်။ လူ့ဘဝ ရလာတာ တရားကြောင့် ရလာတာ၊ မတရားတာတွေနှင့် အချိန်ကုန်သွားမည်ဆိုလျှင် အရင်းရှုံးပြီဟု ဆိုသည်။ အလွန် နစ်နာကြရပုံကို ပြသည်။

ထို့နောက် လူ့ဘဝကို ရောက်လာတာသည် လက်သည်းခွံပေါ်သို့ ရောက်လာ သော မြေမှုန့်နှင့် တူပုံကို နှိုင်းယှဉ်ပြသည်။ [နှာ–၂၈၆] လူ့ဘဝရခိုက် အပါယ်တံခါး ပိတ်အောင် အားထုတ်ရန် အရေးကြီးကြောင်း ဆုံးမ တိုက်တွန်းသည်။ အပါယ် တစ်ခါကျပြီးလျှင် လူ့ဘဝ ပြန်ရဖို့ ခဲယဉ်းပုံကို လိပ်ကန်းထမ်းပိုး ပေါက်စွတ်ဖို့ ခဲယဉ်းပုံဝတ္ထုကို ပြ၍ ဟောသည်။

ပြီးမှ ထွက်ရပ်လမ်းသည် ဝဋ်သုံးပါးမှ ထွက်သည့် တရားဖြစ်ကြောင်း ဟောသည်။ [နှာ–၂၉၂] နိဗ္ဗာန်သွားသည့် တရားဖြစ်ပုံကို ဟောသည်။ ဝဋ်သံသရာ က မထွက်သည့် တရားမှာ ဒါနပြုပြီး လူ့ပြည်နတ်ပြည် စုန်ဆန် စံစားသည့်တရား ဖြစ်သည်။ ထိုတရားသည် ထွက်ရပ်လမ်းတရား မဟုတ်၊ လည်လမ်းတရားသာ ဖြစ်သည်။ ဒါနသီလလောက်နှင့် တင်းတိမ် မနေသင့်ပုံကို ပြသည်။ သာသနာတွင်း ထွက်ရပ်လမ်း တရားမှာ ဝိပဿနာ အားထုတ်ရေးတရား ဖြစ်သည်။ ကြိုက်ကြိုက် မကြိုက်ကြိုက် ထိုလမ်းကိုသာ လိုက်ရမည်ဟု မိန့်မှာထားသည်။ [နှာ–၂၉၃]

ထို့နောက် ရှင်ဘူမိဇဝတ္ထုကို ထုတ်ဟောသည်။ အရှင်ဘူမိဇသည် ဗိမ္ဗိသာရ မင်း၏ သားတော် အဇာတသတ်၏ညီ ဖြစ်သည်။ အရှင်ဘူမိဇကို ဇယသေန မင်းသားက နိဗ္ဗာန်ကို ဆုတောင်းလည်း မရ၊ ဆုမတောင်းလည်း မရ၊ ဘာကြောင့်

လဲဟု မေးသည်။ အရှင်ဘူမိဇကေ နှလုံးသွင်း မမှန်လျှင် မရကြောင်း ဖြေသည်။ ထိုအဖြေကို ဘုရားက ထောက်ခံသည်။ ဆရာတော်က နှလုံးသွင်းမှန်မှု ကိစ္စကို ရှင်းပြသည်။ [နှာ–၁၀၂]

နှလုံးသွင်း မှန်ရန်မှာ တရားအားထုတ်မှု ဖြစ်သည်ဟု မိန့်ပြီးနောက် အလုပ်သင် တရားကို ပြသည်။ ပထမ အာနာပါနဖြင့် ၁၅ မိနစ်လောက် ကြာအောင် သမာဓိကို ထူထောင်ရမည်။ ဝင်လေထွက်လေကို သတိကပ် ရှုပြီး ဝင်တိုင်း သိ၊ ထွက်တိုင်း သိ၊ ထိသိ၊ သတိဖြစ်နေအောင်လုပ်။ စိတ်ကို သတိကြိုးဖြင့် ချည်ထား ရမည်။

ထို့နောက် ခန္ဓာမှာ ပေါ်လာသော ဖောက်ပြန်ပုံများကို ပေါ်ရာ လိုက်ရှု ရမည်။ ပူတာတွေ၊ အေးတာတွေ၊ လှုပ်တာတွေ၊ ရှရှမ္မမ္မ ဖြစ်လာတာတွေ၊ ထုံလာ ကျဉ်လာနာလာတာတွေ ဘာပဲပေါ်ပေါ် ပေါ်ရာကို လိုက်ရှု၊ ခန္ဓာက ပြောတာ ခန္ဓာက ပြတာ ဘာပဲပြောပြော၊ ဘာပဲပြပြ လိုက်ရှု၊ ဒါအလုပ်ပေးနေတာ ခန္ဓာ ပြောတာ၊ ပြတာအားလုံး ဖောက်ပြန်နေတာချည်းပဲ ခါတိုင်းလည်း ပြောနေပြနေ တယ်။ ဖောက်ပြန်နေတယ် မသိဘူး၊ သမာဓိ မရှိလို့ အဝိဇ္ဇာဖုံးနေလို့ မသိတာ၊ သမာဓိ ရှိတဲ့အခါကျမှ သိတယ်။ 'သမာဟိတော၊ ယထာဘူတံ၊ ပဇာနာတိ' သမာဓိရှိတော့ ခန္ဓာဖောက်ပြန်နေတာကို ဟုတ်တိုင်းမှန်စွာ သိသည်။ ဖောက်ပြန် တာကို သတိက သိလိုက်လို့ သမာဓိ ရှုဉာဏ်က ကြည့်လိုက်လျှင် ဖောက်ပြန်တာ ကလေး ပျောက်သွားသည်။ ဒါဖြင့် ဖောက်ပြန်တာရယ်၊ ပျက်စီးတာရယ် (ဖြစ်လိုက်၊ ပျက်လိုက်ပဲ)ကိုပဲ သိသည်။

ထိုဖြစ်ပျက်ကို ယောဂီမြင်ပြီဆိုလျှင် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ယောကျ်ား၊ မိန်းမ မဟုတ်ဘူး။ ခန္ဓာသည် ဖြစ်ပျက်သဘောပဲရှိကြောင်း ဉာဏ်အမြင် ဖြစ်ပေါ်လာသည်။ [နှာ–၁၁၁] ဉာဏ်မျက်လုံး ဖွင့်ကြည့်လိုက်တော့ ဖောက်ပြန်တာရယ်၊ ပျက်သွား တာရယ်ပဲ တွေ့နေရသည်။ [နှာ–၁၁၂] ဤကဲ့သို့ ဖောက်ပြန်၊ ပျက်စီးတာကိုချည်း တွေ့နေရပြီဆိုလျှင် ရုပ်တွေနာမ်တွေ ခွဲမနေနှင့်တော့ ဖောက်ပြန် ပျက်စီးနေတဲ့ ခန္ဓာဟာ ယောကျ်ား၊ မိန်းမ မဟုတ်ဘူး။ သူ ငါ သတ္တဝါ မဟုတ်ဘူး သစ္စာအမြင်နဲ့ ကြည့်။ ဒုက္ခသစ္စာ။ သစ္စာမြင်သော ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဖြစ်သွားပြီ။ [နှာ–၁၁၄]

ဖောက်ပြန် ပျက်စီးတာက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာပဲလို့ မြင်လိုက်တာက မဂ္ဂသစ္စာ၊ မဂ်မျက်လုံးနှင့် ကြည့်လိုက်တော့ ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စံ

(ဖောက်ပြန် ပျက်စီးတာ ဒုက္ခသစ္စာ)မှန်း သိသွားသည်။ ထိုကဲ့သို့ ဖောက်ပြန် ပျက်စီးတာကို တွေ့ပြီဆိုလျှင် နှလုံးသွင်းတည့်ပြီ။ [နှာ–၃၁၅]

မိမိခန္ဓာရယ်လို့ ပြောနေတာ လက်စသတ်တော့ ဖောက်ပြန် ပျက်စီးနေတဲ့ ဒုက္ခတုံး၊ ဒုက္ခခဲကြီး၊ ဒုက္ခသစ္စာကြီးပါကလားလို့ အမှန်အတိုင်း မြင်သွားပြီ။ သမ္မာဒိဋ္ဌိ အမြင်ဉာဏ် အမြင်ပေါ်ပြီ။ ထိုအခါ နှလုံးသွင်း မှန်ပြီ။ မဂ်ဉာဏ်ပေါ်တာ ဆုတောင်းလို့ ရသလား၊ နှလုံးသွင်းမှန်လို့ ရသလား ပေါ်သွားပြီ။ [နှာ–၃၁၇] ဖြစ်ပျက် ရှုနေတာသည် ဒုက္ခသစ္စာ ရှုနေတာပဲဟု ဆိုထားသည်။ [နှာ–၃၂၁] ဖြစ်ပျက် ရှုနေလျှင် ဆင်းရဲလည်းမဟုတ်၊ ချမ်းသာလည်း မဟုတ် မဇ္ဈိမပဋိပဒါ အမြင်ဖြစ်သည်။ [နှာ–၃၂၂] တဏှာလမ်းလည်း မဟုတ်၊ ဒေါသလမ်း၊ အလယ်လမ်း အမြင်ဖြစ်သည်။

ဖြစ်ပျက်မြင်ပြီဆိုလျှင် ကာမသုခလ္လိကနုယောဂလမ်း၊ အတ္တကိလ မထာနုယောဂလမ်း၊ အစွန်းနှစ်ဖက်က လွတ်ပြီး အလယ်လမ်း(မဇ္ဈိမပဋိပဒါ)သို့ ရောက်ပုံကို ဟောပြန်သည်။ ဤအမြင် ဖြစ်ပေါ်လာသောအခါ နဂိုက လူ့ခန္ဓာရတာ အရတော် လေစွ အောက်မေ့ခဲ့သမျှ ခုမှ ဒုက္ခသစ္စာကြီး ရထားပါကလားဟု သိမြင်သွားသဖြင့် ကြာကြာရှုတော့ ဒီဒုက္ခကြီးကို မုန်းလာသည်။ ဤသို့ မုန်းဉာဏ် ဖြစ်ပေါ်လာပြီး နောက် မုန်းရင်းမတွေ၊ မုန်းရုံတွင် မကဘဲ ဤဘ၀ မနေချင်ပါဘူး။ ဤခန္ဓာ မရ ချင်ပါဘူးဆိုသော ဉာဏ်အမြင် ထက်လာသည်။

ထိုဉာဏ်အမြင် ဖြစ်ပေါ်လာပြီဆိုလျှင် ဖြစ်ပျက်နေတဲ့ ခန္ဓာကြီး ပျောက်ထွက်သွားပြီး ဖြစ်ပျက်အဆုံး နိဗ္ဗာန်ကို မြင်သောဉာဏ် ဖျတ်ခနဲ ပေါ်လာပေလိမ့်မည်။ နိဗ္ဗာန်ပေါ်လာတာ ဘယ်လိုပါလိမ့်ဆိုတော့ ဓာတ်ရှင်ပြသလိုပဲလို့ မှတ်လိုက်။ ပိတ်ကားပေါ်မှာ ပေါ်နေတဲ့ ရှုပ်နေတဲ့ အရုပ်တွေ ရုပ်ရှင်သိမ်းတွေ့ ဖျတ်ဆို ပျောက်ပြီး ပိတ်ကားဖြူကြီး ဘွားခနဲ ပေါ်လာသလိုပဲဟု နမူနာပြပြီး ဟောသည်။ [နှာ–၃၂၆] ဤတရားသည် အလုပ်သင်တရားဖြစ်ကြောင်း ပြောရင်း အချိန်စေ့၍ တရား နားလိုက်သည်။

*

## ၈။ ဓာတ်၊ ဓရာ၊ မရဏ ဒုက္ခမြင်အောင် ရှုပုံ

[၅–၆–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသောတရား]

သစ္စာကို သိအောင်ပြောမှ ကိုယ်ရထားတဲ့ ဘ၀ဟာ အဖြစ်ဆိုးကြီး ကြုံနေပါကလားဟု သိနိုင်ကြောင်းဖြင့် ဤတရားကို စတင် ဟောကြားတော်မူသည်။

သစ္စာသိဖို့ အရေးကြီးပုံကို အလေးထား၍ ဟောသည်။ ရထားသော ခန္ဓာကြီး၏ အတွင်းသားမှာ ဇာတိ၊ ဇရာ၊ မရဏဆိုသော ဒုက္ခသစ္စာပဲ ရှိသည်။ လာခြင်းလည်း မကောင်း၊ နေခြင်းလည်း မကောင်း၊ သေခြင်းလည်း မကောင်း မကောင်းသုံးချက် ဆုံနေသည်။ မကောင်းသုံးချက် ဆုံနေသော်လည်း ဘဝတဏှာက ရောက်ရာဘဝ ပျော်အောင် ချော့ထားသည်။ [နှာ-၃၂၉]

ဒီဘဝရတာ တော်သေးရဲ့ဟု အတွေးဝင်လာလျှင် ငါသစ္စာမသိတဲ့ ပုဂ္ဂိုလ်ပဲဟု ဆုံးဖြတ်ချက်ချဟု မိန့်ထားသည်။ ဒုက္ခသုံးချက်ကို မသိအောင် အဝိဇ္ဇာကလည်း ဖုံးဖိထားသည်။ ယခုအခါ တရားဟောနေကြတာတွေမှာလည်း များသောအားဖြင့် ဘဝကောင်းစားရေး ပြောနေကြတာက များကြောင်းကိုလည်း ဝေဖန်ပြသည်။ [နှာ-၃၃၁] သစ္စာမသိလို့ အဝိဇ္ဇာဒဏ်ချက်၊ ဘဝတဏှာဒဏ်ချက်မိနေကြရသည်။ ဘုရားသည်ပင် သစ္စာမသိ၍ သံသရာ ရှည်ခဲ့ရကြောင်း ထောက်ပြသည်။ ပြီးနောက် ဇာတိအကြောင်းကို အကျယ်တဝင့် ဟောပြထားသည်။

ဇာတိကြောင့် တစ်ဘဝမှ ဆွေမျိုးသားချင်းတွေနှင့် ခွဲပြီး နောက်ဘဝ အမိဝမ်းခေါင်းမှာ ကျဉ်းမြောင်းစွာ အောင်း၍ ထောင်ကျခဲ့ရပုံများကို သံဝေဂရအောင် ဟောပြပါသည်။ ဇာတိ၏ နှိပ်စက်ပုံကို ပြသည်။ ပြီးမှ သစ္စာမဆိုက်သော တရားမှန်သမျှ ဘုံဘဝကို တွယ်တာသော တဏှာပါသည်သာ ဖြစ်ကြောင်း ဟောသည်။ [နှာ-၃၃၈] အကောင်းဆုံးကတော့ သစ္စာသိမှ ပြီးသည်ဟု မိန့်ထားသည်။

သစ္စာအမြင်ဖြင့် ကြည့်လျှင် လူဇာတိ၊ နတ်ဇာတိ၊ ဘယ်ဇာတိမှ မကောင်းကြောင်း ပြသည်။ ဝက်သည် မစင်ကို ကြိုက်၍ စားနေပုံကို လူ့မျက်လုံးနှင့် ကြည့်လျှင် အကြိုက်မှားနေသည်ဟု ရှုမြင်နိုင်ပုံ၊ ဘုံဘဝ ကြိုက်နေကြတာလည်း ဝက် မစင်ကြိုက်သလို အကြိုက်မှားနေပုံကို ပြသည်။ အဇာတိ ရှိသည်။ အဇာတိ ဖြစ်မှ ကောင်းသည်။ ဇာတိပဋိသန္ဓေနေပြီး အမိဝမ်းတိုက် အပြင်ဘက်ကို ရောက်သည့် အချိန်ကစပြီး ဇရာ၏ နှိပ်စက်မှု စတင် ဖြစ်ပေါ်ပုံကို ဟောပြန်သည်။ [နှာ-၃၅၂] ဇာတိပြီးလျှင် ဇရာက ရိုက်နှက်၍ နှိပ်စက်ပြန်သည်။

သို့သော် သစ္စာ မသိတော့ ပီဠနဋ္ဌော(နှိပ်စက်ခြင်း)ကို နှိပ်စက်နေမှန်း သူ မသိဘူးဟု ဆိုသည်။ [နှာ-၃၅၆] ဇရာ၏ ဒဏ်ချက် ရိုက်နှိပ်ခံနေရဆဲမှာပင် တဏှာက ချော့ထားသဖြင့် ပြုံးနိုင်ရယ်နိုင်ကြသေးသည်။ ဇရာ ရိုက်နှက်တာကို မမြင်အောင် ဖုံးထားတာ အဝိဇ္ဇာပင် ဖြစ်၏။ ဇာတိဒုက္ခသစ္စာ လက်ထဲကို ရောက်နေရပြန်ပြီ။ ဇရာ၏ အလုပ်ကလည်း နှိပ်စက်သည့် ခလုတ်ပင် ဖြစ်၏။ ဇရာကလည်း

ဘယ်လိုပုဂ္ဂိုလ်ကိုမှ ချမ်းသာမပေး၊ နိပ်စက်မြဲပင် ဖြစ်၏။ ဇရာ နိပ်စက်ပြီးနောက် မသေသေအောင် သတ်မည့် မရဏလက်ထဲ ထိုးအပ်ပြန်သည်။

သို့သော် ပုထုဇဉ် လူမိုက်တွေသည် နွားသတ်ရုံသို့ ဆွဲသွားသော နွားများ လမ်းမှာ တွန်ကြ၊ မြူးကြ၊ ခွာယက်ကြ လုပ်သလို မသိပျော် ပျော်နိုင်ကြသည်။ သေခါနီး ပျော်ပျော်နေကြသည်။ မရဏ လက်တွင်းက လွတ်အောင် ရုန်းရ ကောင်းမှန်း မသိကြ။ ဒါကြောင့် တရားသဘောမှာ အသေလွတ်အောင် ရုန်းကြရမည်။ ဝိပဿနာ အလုပ်ကို အားထုတ်ကြရမည်။ [နှာ–၃၆၇] အသေမဦးခင် ဉာဏ်ဦးအောင် လုပ်နည်းကို ငါ သင်ပေးနေတာဟုလည်း ပြတ်ပြတ်သားသား ဆိုသည်။ ဇရာ၊ မရဏ မရောက်ခင် လမ်းခွဲရှာရမည်ဟုလည်း မိန့်သည်။

ကာမသုခလ္လိကလမ်းကိုရော အတ္တကိလမထာလမ်း နှစ်လမ်းကို ရှောင်ပြီး အလယ်လမ်း၊ ဝိပဿနာမဂ္ဂင်လမ်းကို လိုက်ကြရမည်။ ခုအချိန်သည် လမ်းခွဲရှာချိန် ရောက်ပြီ။ [နှာ–၃၆၉] ခန္ဓာမရသောလမ်းကို ရှာရမည်။ ထိုလမ်းသည် ဝိပဿနာ လမ်းပင် ဖြစ်၏။ ခန္ဓာကို မလိုချင်ဖို့မှာ ခန္ဓာဒုက္ခသစ္စာ အကြောင်းကို ကောင်းကောင်း သိမှဖြစ်သည်။ ခန္ဓာကို မလိုချင်မှ ခန္ဓာမရသော အဖြစ်ကို ရမည့်အကြောင်း ဟောကြားထားသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၉။ တဏှာကို ပယ်ခြင်းသည် ဘုရား၏ဝါဒ

[၆–၆–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသောတရား]

ဇာတိ၊ ဇရာ၊ မရဏတို့သည် နိပ်စက် ထောင်းထု သတ်ဖြတ်တတ်သော တရားများ ဖြစ်သည်။ မဆက်ဆံသင့်သော တရားများ ဖြစ်ကြောင်း ဖော်ပြ၍ ဤတရားကို စတင် ဟောကြားတော်မူသည်။ လူ့ပြည်နတ်ပြည် ဆုတောင်းတာသည် ဇာတိဒုက္ခသစ္စာကို ဆုတောင်းခြင်းမည်ပုံကို ပြသည်။ ဇာတိကင်းရာ ပဋိသန္ဓေ မနေရာကိုသာ တောင့်တအပ်သည်။

ယခု ဒကာ၊ ဒကာမတွေမှာ ဇရာလက်တွင်းကို ရောက်နေကြသည်။ ဇရာက မရဏလက် အပ်မည့်ဆဲဆဲမှာ အရောင်းအဝယ် အမြတ်အစွန်းကလေးတွေနှင့် ပျော်နေကြတာသည် ယဇ်ပူဇော်ဖို့ အသတ်ခံရမည့် နွား သနပ်ခါးလိမ်း၊ ပန်းပန်ပြီး သားသတ်ရုံ သွားနေကြသည်နှင့် တူသည်ဟု ဆရာတော်က ဝေဖန်ပြသည်။ သေခါနီး ပျော်ပျော်နေကြတာ မသိသော အဝိဇ္ဇာနှင့် လိုချင်မှု တဏှာ၏ အရှော

ကြောင့်ဖြစ်ပုံ၊မျက်မမြင် အကန်းကလေး အရူးထပုံနှင့် တူပုံကိုလည်း နှိုင်းပြပြန်သည်။ [နာ-၃၈၄] အကန်းရူးကလေး ပြုံးနေတာဟု ဆိုသည်။ ဤသို့ ဖြစ်ရသည်မှာ သစ္စာ မသိ၍ဖြစ်ကြောင်း သစ္စာမသိမှုသည် အတော်ပင် ဆိုးဝါးကြောင်းကို ပြသည်။ သစ္စာသိအောင် ပြသော ဆရာနှင့် တွေ့ကြုံတုန်းမှာ မသိပျော် ပျော်သော လမ်းကို မသွားဘဲ လမ်းခွဲရှာရမည်ဖြစ်ကြောင်း ညွှန်ပြသည်။ [နာ-၃၈၈]

လမ်းခွဲ ဘယ်အချိန်ရှာမလဲ၊ ယခု ချက်ချင်း ရှာရမည်။ နေ့ရွှေ့ ညရွှေ့ မရွှေ့သင့်၊ အချိန်ရွှေ့နေတာသည် သဿတဒိဋ္ဌိကြောင့် ဖြစ်ပုံကို ရှင်းပြသည်။ ဒကာ၊ ဒကာမတွေ အရူးအကန်း လုပ်နေလို့ မတော်ဘူးဟု ဆုံးဖြတ်ကြဟု မိန့်သည်။ ဇရာနှင့် မရဏကြားမှာ လွတ်မြောက်ရေး လမ်းခွဲကို ရှာကြရတော့မည်။ လမ်းခွဲ ရှာတွေ့လို့ သွားမည်ဆိုလျှင်လည်း ယာဉ်ရထားဖြင့် သွား၍ သေဘေးက မလွတ်ပါ။ ဉာဏ်ဖြင့်သွားမှ လွတ်ပါလိမ့်မည်။ [နာ-၃၉၉] ခန္ဓာကို ကြောက်ပြီး မုန်းသော ဉာဏ်ဖြင့် သွားမှသာ လွတ်မည်။

ထို့နောက် ဒေဝဒဟသုတ် ဝတ္ထုကို ထုတ်ပြသည်။ ရဟန်းဆယ်ပါးက ဘုရားထံ ချဉ်းကပ်ပြီး ပစ္စာဘူမက အရပ်မှာ သွားပြီး ဝါဆိုလိုကြောင်း လျှောက်ထားသည်။ ဘုရားက အရှင်သာရိပုတ္တရာထံ သွားပြီး တောင်းပန်ချေဦးဟု မိန့်တော်မူသည်။

အရှင်သာရိပုတ္တရာက ထိုရဟန်းများအား ဘုရားဝါဒ ဘာလဲဟု မေးလာလျှင် ဖြေတတ်အောင် သင်ပေးသည်။ ဆန္ဒရာဂ(တဏှာ)ကို ပယ်ခြင်းသည် ဘုရားဝါဒ ဖြစ်သည်ဟု ဆိုသည်။ ဘယ်ဆန္ဒရာဂလဲဟု မေးလျှင် ခန္ဓာငါးပါးအပေါ် ခင်မင်တွယ်တာသော ဆန္ဒရာဂ(တဏှာ)ဟု ဖြေရမည်။ ခန္ဓာက ဒုက္ခသစ္စာ၊ ဒါကြောင့် ခန္ဓာအပေါ်မှာ ဖြစ်သော ဆန္ဒရာဂကိုပယ် ဆိုတာ ဒုက္ခသစ္စာကို ပယ်ရမည်ဟု ဆိုလိုသည်။ [နာ-၄၀၈]

ခန္ဓာငါးပါးကို မခင်တွယ်ရေးသည် ဘုရား၏ ဝါဒဖြစ်သည်။ ခန္ဓာကို ခင်တွယ်လျှင် ဘာအပြစ် ရှိသလဲဟု မေးလိမ့်မည်။ ခန္ဓာကို ခင်တွယ်လျှင် ခန္ဓာကြီး ဖောက်ပြန် ပျက်စီးတော့ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသတွေ ဖြစ်ရလိမ့်မည်။ ဒါဖြင့် ခန္ဓာကို မခင်ခဲ့သော် ဘာအကျိုး ရှိမလဲဟု မေးနိုင်သေးသည်။ ခန္ဓာကို ဖောက်ပြန် ပျက်စီးနေတာချည်းပဲဟု မြင်လျှင် ယထာဘူတဉာဏ် ရပြီ။

ထိုမှတစ်ဆင့် ခန္ဓာကြီး ဖြစ်ပျက်နေတာ မြင်ဖန်များသော ခန္ဓာကို မုန်းသော ဉာဏ် ဖြစ်ပေါ်လာမည်။ ဖြစ်ပျက်ဒုက္ခသစ္စာကြီးကို မုန်းလာသောအခါ ယောဂီ၏

ဉာဏ်ထဲမှာ အနုဗောဓဉာဏ် ပေါ်လာသည်။ ထိုဉာဏ် ပေါ်လာပြီဆိုလျှင် ပဋိဝေဓ ဉာဏ်ပေါ်ရန် မခဲယဉ်းတော့ပါ။ ပဋိဝေဓဉာဏ်ကို ရောက်လျှင် ခန္ဓာအဆုံး နိဗ္ဗာန်ကို မျက်မှောက်ပြုရပြီ။

ဒါကြောင့် ဒကာ၊ ဒကာမတွေ ဒီအလယ်လမ်းက နေပြီး ဒီဉာဏ်သုံးချက် (ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးဉာဏ်)ဖြင့် တက်သွားကြလျှင် နိဗ္ဗာန်ကို မြင်ရတယ် [နာ-၄၂၂]ဟု မိန့်ထားသည်။ ဒီတော့ ဉာဏ်စခန်းက သွားရမည့် အလုပ်သည် သေခါနီးမှ သွား၍မဖြစ်။ အသေမဦးမီ ဉာဏ်ဦးအောင် လုပ်ဖို့ အရေးကြီးကြောင်း တိုက်တွန်းထားသည်။ ခန္ဓာ မခင်ခြင်း၏ အကျိုးဟာ ပြုးသေ ဘက်ကို သွားတယ်ဟုလည်း ဆုံးမထားသည်။ အချိန်စေ့၍ တရားနားသည်။

*

## ၁၀။ ဉာဏ်ကမှ နိဗ္ဗာန်ကို ပို့နိုင်ပုံ

[၇-၆-၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော ညအလုပ်ပေးတရား]

နေ့စဉ် ကိုယ့်မှာ ဆုံးရှုံးနေရတာကို သိဖို့ အရေးကြီးတယ်ဆိုသော စကား ဖြင့် ဤတရားကို စတင် ဟောကြားသည်။ ကိုယ့်မှာ နေ့စဉ် ဆုံးရှုံးနေတာ ဘာတုံး ဆိုလျှင် သက်တမ်းက တစ်နေ့ပြီး တစ်နေ့ ဆုံးရှုံးနေသည်။ ကံရှုံးနေခြင်း ဖြစ်သည်။ အသက်ကြီးလာတော့ ဉာဏ်လည်း မွဲလာသည်။ ဒါကြောင့် နေ့စဉ် ကံရှုံး၊ ဉာဏ်ရှုံး ဖြစ်နေကြရသည်။ အရွယ်ကောင်းတုန်းမှာ ဉာဏ်ကို အသုံးချတတ်လျှင် နိဗ္ဗာန်ကို ရောက်နိုင်သည်။ ကံက ခန္ဓာဒုက္ခသစ္စာ ဖြစ်အောင်သာ ပို့နိုင်သည်။ နိဗ္ဗာန်ကို မပို့နိုင်၊ ဉာဏ်ကသာ နိဗ္ဗာန်ကို ပို့နိုင်သည်။ ကံက ဒုက္ခသစ္စာကို ပို့သည်။ ဉာဏ်က သုခသစ္စာ(နိဗ္ဗာန်)ကို ပို့သည်။ [နာ-၄၂၅]

လူတွေက ကံကောင်းချင်ကြသည်။ ကံကောင်းလျှင် ဒုက္ခရောက်တတ်သည် ဆိုသည်ကို မသိကြဟု မိန့်ထားသည်။ အသက်ကြီးလာလေ ကံမွဲဉာဏ်မွဲ ဖြစ်လာလေ ဖြစ်သည်။ ကံမွဲတာ အရေးမကြီးသော်လည်း ဉာဏ်မွဲလျှင် နိဗ္ဗာန်မရ ဖြစ်နိုင်သည်။ [နာ-၄၂၆] ကံဆက်လျှင်လည်း နိဗ္ဗာန်မရပါ။ ကံဖြတ်မှသာ နိဗ္ဗာန်ကို ရနိုင်သည်။ ကံကို ဉာဏ်ကသာ ဖြတ်နိုင်ပုံကို အင်္ဂုတ္တိုရ်သံဓိတ္တသုတ်မှ အကဏှအသုက္ကကံ အကြောင်း ထုတ်ဖော် ဟောကြားသည်။

တစ်ဆက်တည်း မြန်မာဗုဒ္ဓဘာသာဝင်များ ယုံကြည်ထားသော ငယ်စဉ်အခါ ပညာရှာ၊ အရွယ်လတ်မှာ ဥစ္စာရှာ၊ ကြီးမှ တရားရှာဆိုသော အမြင်များကြောင်းကို

ဝေဖန်ပြသည်။ [နာ–၄၂၇] ကံခြယ်လှယ်လျှင် ဒုက္ခသစ္စာ ခန္ဓာနယ်ကျယ်ရသည်။ ဉာဏ်ပါမှ ဝိဝဋ္ဋဖြစ်သည်။ ကံက ပဋိစ္စသမုပ္ပာဒ်ကို မဖြတ်နိုင်၊ ဉာဏ်ကသာ ဖြတ်နိုင်သည်။ ဉာဏ်က ကံကို ဖြတ်သည်ဆိုခြင်းမှာ ပဋိစ္စသမုပ္ပာဒ်ကို ဖြတ်တာကို ဆိုခြင်းဖြစ်သည်။ ကံဖြင့် ပြုလုပ်ထားသော အပြစ်တွေကို ဉာဏ်က ဖြတ်ချလိုက်နိုင်သည်။ (အင်္ဂုလိမာလ အဟိံသကကို သက်သေပြသည်။) ကံတွေက အများကြီး ဘယ်နှယ့်ကြောင့် ဉာဏ်က နိုင်ပါသလဲဟု မေးနိုင်သည်။ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်က သူတစ်ပါးက မထိုးဖောက်နိုင်တာကို ထိုးဖောက်နိုင်သည်။ ကံကိစ္စများဖြစ်သော ဒါနလောက်၊ သီလလောက်မှာ အားမကိုးလောက်သေးကြောင်း ပြသည်။ ဓမ္မပဒလာ 'နသီလဗ္ဗတ မတ္တေန' ဂါထာကို ကိုးကား၍ ဟောသည်။

ထို့နောက် အရှင်သာရိပုတ္တရာနှင့် အရှင်ကောဋ္ဌိတတို့ အမေးအဖြေ လုပ်ပုံကို ဟောသည်။ အရှင်ကောဋ္ဌိတက သီလနှင့် ပြည့်စုံသောသူ ပြုဖွယ်ကိစ္စ ကျန်သေးသလားဟု မေးပုံ၊ အရှင်သာရိပုတ္တရာက ပြုဖွယ်ကိစ္စ အများကြီး ကျန်သေးကြောင်း ဟောပုံကို ပြသည်။ ဒါန၊ သီလနှင့် ပြည့်စုံကာမျှဖြင့် မပြီးသေး နှလုံးသွင်းတည့်ဖို့ အများကြီး လိုကြောင်း ရှင်းသည်။ သီလ ပြည့်စုံသော်လည်း နှလုံးသွင်း မမှန်သေးလျှင် အတ္တဒိဋ္ဌိက မဖြုံသေးဟု မိန့်သည်။ [နာ–၄၃၉] အတ္တဒိဋ္ဌိ မပယ်နိုင်သေးလျှင် အပါယ်သို့ ဆွဲချနိုင်သည်။ နှလုံးသွင်း မှန်ရမည်ဆိုတာ ဘယ်အပေါ် မှန်ရမှာလဲဟု မေးသည်။ ခန္ဓာအပေါ်မှာ နှလုံးသွင်းမှန်ဖို့ အရေးကြီးသည်။

အရှင်ကောဋ္ဌိတ က ဘယ်လို နှလုံးသွင်း မှန်အောင်လုပ်ရမလဲဟု ထပ်ဆင့် မေးပြန်သည်။ ခန္ဓာသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တမှန်းသိမှ နှလုံးသွင်းမှန်သည်။ ထိုသို့ နှလုံးသွင်းမှန်အောင်လည်း အလုပ် လုပ်ရမည်။ ဝိပဿနာကို အားထုတ်ရမည်။ ထို့နောက် သမုတိသစ္စာနှင့် ပရမတ္ထသစ္စာအပေါ် နှလုံးသွင်းမှန်ဖို့ကို ရှင်းပြထားသည်။ သမုတိသစ္စာကိုလည်း မပယ်ဘဲ ပရမတ္ထသစ္စာဉာဏ်အမြင် ရအောင် ရှင်းလင်း ဟောကြားသည်။ ခန္ဓာငါးပါးအပေါ် နှလုံးသွင်းမှန်ဖို့ အရေးကြီးပုံကို အရှင်သာရိပုတ္တရာက ဟောသည်။ ပြီးမှ ဆရာကောင်း ကလျာဏမိတ္တ အရေးကြီးပုံကို ဟောပြန်သည်။ ထို့နောက် ခန္ဓာငါးပါးကို သတိပဋ္ဌာန် လေးပါးနှင့် ဝေပုံချပြသည်။ [နာ–၄၅၆] ကြိုက်ရာ နုပဿနာနည်းဖြင့် ရှုနိုင်ပုံကို ပြသည်။

ကာယာနုပဿနာ တစ်ခုတည်း ရှုလျှင်လည်း နိဗ္ဗာန် ရောက်နိုင်တယ်ဟု မိန့်သည်။ စိတ္တာနုပဿနာ၊ ဝေဒနာနုပဿနာ ကြိုက်ရာ တစ်ခုကို အစအဆုံးလိုက် နိဗ္ဗာန်ရောက်တာချည်းပဲဟု ဆိုသည်။ ဘယ်နည်းနှင့်ပဲ ရှုရှု၊ ခန္ဓာငါးပါး၏ ဖြစ်ပျက်

(အနိစ္စ)ကို မြင်ဖို့သာ အရေးကြီးသည်။ ဖြစ်ပျက်ကို မြင်ပြီဆိုလျှင် နှလုံးသွင်းမှန်ပြီဟု မှတ်ရမည်။ [နာ-၄၅၈] ဖြစ်ပျက် မြင်ပြီဆိုလျှင် ယောကျ်ား၊ မိန်းမ ပုဂ္ဂိုလ်သတ္တဝါ အမြင်သက္ကာယဒိဋ္ဌိ ပျောက်သည်။ [နာ-၄၆၀] ဖြစ်ပျက်ကို တွေ့ခြင်းသည် အနိစ္စ၊ ဒုက္ခ၊ အနတ္တကို တွေ့ခြင်းဖြစ်သည်။ ဖြစ်ပျက်က အနိစ္စ၊ မြင်တာက မဂ္ဂဖြစ်ပြီး ဝိပဿနာမဂ်ဖြစ်ပြီ။ ထိုအခါ ဖြစ်ပျက်သည် အနိစ္စသာဖြစ်၍ ခန္ဓာ မဟုတ်၊ ခန္ဓာကို ထိုအမြင်က စွန့်ပြီ။ [နာ-၄၆၂] ဖြစ်ပျက်မြင်၍ ခန္ဓာကို စွန့်သောအခါ ခန္ဓာကို လိုချင်သော ဥပါဒါန်ကံများ မလာတော့ပါ။

ဝိပဿနာမဂ် တစ်ချက်ပေါ်လျှင် ထိုအမြင်သည် ခန္ဓာကိုလည်း စွန့်သည်။ တဏှာကိုလည်း စွန့်သည်။ [နာ-၄၆၃] ဖြစ်ပျက်မြင်ပြီး သေလျှင် နတ်ပြည် သုဂတိ တစ်ဘဝရောက်ကြောင်း အာမခံထားသည်။ နတ်ပြည် ရောက်ရောက်ချင်း မဟာသောတာပန် ဖြစ်သည်။ [နာ-၄၆၄] ဖြစ်ပျက်မြင်ပြီး ဆက်ရှုလျှင် ဖြစ်ပျက် အဆုံး လောကုတ္တရာမဂ်ပေါ်သည်။ 'တေသံဝူပသမောသုခေါ'အရ ဖြစ်ပျက်နှစ်ပါး မရှိသော နိဗ္ဗာန်သည် ချမ်းသာဖြစ်တော့၏။ သောတာပန် တည်ပြီ။ ထိုအခါ အရှင်ကောဋ္ဌိတ က သောတာပန် တည်ပြီးသော ပုဂ္ဂိုလ် ဘာဆက်လုပ်ရဦးမလဲဟု မေးသည်။ သောတာပန်တည်သော သူမှာ သီလမြဲသွားပြီ။ သောတာပန် ဖြစ်ပြီးနောက် သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်အောင် ဆက်ရှုဖို့ လိုသေးကြောင်း ကိလေသာငြိမ်းအောင် အားထုတ်ပြီး ဖလသမာပတ် ဝင်စားနိုင်အောင် လုပ်ဖို့ လိုသေးကြောင်း အရှင်သာရိပုတ္တရာက ဆက်ဟောသည်။

အချိန့်စေ့၍ တရားကို ရပ်နားသည်။

*

## ၁၁။ သာသနာနှင့် ဆရာကောင်းတွေ့ခိုက် လုံ့လစိုက်

[၈-၆-၆၂ မိုးကုတ်မြို့ မဂ်လာတိုက်၌ ဟောကြားသော ညအလုပ်ပေး တရား]

ခန္ဓာကြီး ရထားတာ မင်းဘေး၊ မီးဘေး၊ ခိုးသူဘေး၊ အိုဘေး၊ နာဘေး၊ သေဘေးအပေါင်း အမြဲ ဝန်းရံနေပုံကို ပြ၍ ဤတရားကို စတင် ဟောကြားသည်။ ခန္ဓာ၏ အပြစ်မှာ ဘေးရန် အန္တရာယ်ပေါင်း များစွာ ဝန်းရံနေသော အပြစ်ဖြစ်သည်။ [နာ-၄၇၂] ဘေးရန်များ ဝိုင်းနေသည့်အထဲ တဏှာက အမျိုးမျိုး ရာကျွေးခိုင်းနေ

သေးသည်။ တဏှာမာနဒိဋ္ဌိကလည်း အမြဲနိုင်နေသည်။ ခန္ဓာအပြစ် ကြီးကျယ်ပုံကို သံဝေဂဖြစ်အောင် ဟောသည်။ သမုဒယသစ္စာက ဆားရန်ထဲ အတိုးခိုင်း ဒုက္ခသစ္စာက ဆားရန်တွေ ဝိုင်းပြီး နှိပ်စက်ခြင်း ခံနေရသည်။ ဤသစ္စာနှစ်ပါးကို ပယ်ရှားနိုင်မှ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကို ရမည်။ [နှာ-၄၇၇]

မွေးကတည်းက (ခန္ဓာရကတည်းက) သမုဒယသစ္စာနှင့် ဒုက္ခသစ္စာထဲမှာ နေခဲ့ကြရသည်။ သမုဒယသစ္စာက မီး၊ ခန္ဓာ(ဒုက္ခသစ္စာ)က လောင်စာ၊ မီးနှင့် လောင်စာတွဲ၍သာ နေခဲ့ကြရသည်။ သမုဒယနှင့် ဒုက္ခက ပယ်ရမည့် သစ္စာနှစ်ပါး၊ မဂ္ဂနှင့် နိရောဓသစ္စာတွေက သိမ်းပိုက်ရမည့် သစ္စာနှစ်ပါး၊ နိရောဓနှင့် မဂ္ဂသစ္စာကို ရမှ ဒုက္ခဇာတ်သိမ်း ပေတော့မည်။ ထိုသို့ ဒုက္ခဇာတ်သိမ်းနိုင်အောင် ဆရာကောင်း ကလျာဏမိတ္တနှင့် တွေ့ဆုံခိုက်မှာ လုံ့လစိုက်ပြီး ကြိုးပမ်းသင့်ပုံကို အကျယ် ဟောထားသည်။

သံသရာ တစ်လျှောက်လုံး ဘယ်တုန်းကမှ ဆရာကောင်းနှင့် မတွေ့ခဲ့၊ နည်းကောင်း မရခဲ့သောကြောင့် သံသရာ ရှည်ခဲ့ကြရသည်။ ဆရာကောင်းနှင့် တွေ့စဉ်မှာ သစ္စာတရားကို နာတတ်သော နားရှိဖို့လည်း လိုသေးသည်။ ယခုလို ဆရာကောင်းနည်းကောင်း ရသည်။ ခေတ်ကောင်း ကြုံရတုန်းမှာ တန်ဖိုးရှိအောင် အသုံးမချတတ်လျှင် ဆုံးရှုံးမှုကြီး ကြုံပြီသာ မှတ်တော့ဟု မိန့်ဆိုသည်။ [နှာ-၄၈၂]

ဗုဒ္ဓဘာသာဝင်တွေ ကုသိုလ် လုပ်ကြသည်။ ကုသိုလ် လုပ်သော်လည်း သမုဒယတဏှာ အုပ်ချုပ်သော ကုသိုလ်ကိုသာ လုပ်တတ်သည်။ အဝိဇ္ဇာ ဦးစီးသော ကုသိုလ်ပဲ လုပ်တတ်သည်။ ခန္ဓာချုပ်ငြိမ်းသော ကုသိုလ်ကိုမူ မလုပ်တတ်ကြောင်း ဟောသည်။ ဒါကြောင့် အဝိဇ္ဇာလက္ခဏာကို သိအောင် ပြောမည်ဟု ဆို၍ အဝိဇ္ဇာ၏ သဘောကို စတင် ဟောကြားသည်။ သမုဒယသစ္စာ၊ ဒုက္ခသစ္စာနှင့် မိမိတို့ နေခဲ့ရတာ ဘယ်လောက် ကြာပြီလဲဟု မေးလျှင် မြတ်စွာဘုရားက သံသရာ အစ မထင်ကြောင်း ပုဂ္ဂိုလ်၊ သတ္တဝါ အစကိုပြောရန် မဖြစ်နိုင်ကြောင်း ဓမ္မသဘောကိုသာ ပြောနိုင်ကြောင်းကို ဟောသည်။

ဒုက္ခသစ္စာ၊ သမုဒယသစ္စာ ဖြစ်ကြောင်း အစကို ဓမ္မသဘောအရ ရှာလျှင် အဝိဇ္ဇာနှင့် တဏှာ(မူလနှစ်ဖြာ)ကိုသာ တွေ့ရမည်ဟု ဆိုသည်။ အဝိဇ္ဇာနှင့် တဏှာကြောင့် သမုဒယသစ္စာ မီးနှင့် ဒုက္ခသစ္စာ လောင်စာတွဲလျက်ချည်း ဖြစ်ခဲ့ရပုံကို ပြသည်။ ယခုဘဝ လူဖြစ်စဉ် လောင်စာသိမ်း၍ မီးငြိမ်းအောင် လုပ်ရမည်။ [နှာ-

၄၈၅] ဉာဏ်နှင့်ကြည့်တတ်လျှင် အကျိုးမပေးသော၊ နိပ်စက်သော သစ္စာနှစ်ပါးသာ ကိုယ်ပိုင် ရထားသည်။ လောင်စာသိမ်း မီးငြိမ်းသော နိရောဓသစ္စာနှင့် မဂ္ဂသစ္စာကို မူကား မရခဲ့ကြ။ မီးငြိမ်းပေးမည့် တရားကို မရခဲ့ကြသေး။ [နှာ-၄၈၇] နိရောဓနှင့် မဂ္ဂသစ္စာကို မရသေးသရွေ့ အခက်ကြီး ကြုံဆဲဖြစ်သည်ဟု မှတ်ရမည်။ လောင်စာ မသိမ်း မီးမငြိမ်းသေးသရွေ့ ကိုယ်ရထားသော ဘဝကို တော်သေးတယ်ဟု မအောက်မေ့သင့်သေး။ လောင်စာသိမ်း၊ မီးငြိမ်းမှသာ တော်သေးတယ်ဟု ဆိုသင့်သည်။ [နှာ-၄၈၉] လောင်စာထင်းနှင့်မီး တွဲလျက်ကြီးကျအောင် ဘယ်သူလုပ်သလဲ။ မသိမှုအဝိဇ္ဇာက လုပ်သည်။ အဝိဇ္ဇာဆိုတာက အရိယာသစ္စာကို မသိတာဖြစ်သည်။ သစ္စာလေးပါး မသိတာ အဝိဇ္ဇာ။ မသိဘဲလုပ်၍ ထင်းနှင့်မီး တွဲလျက်ချည်းဖြစ်ခဲ့ရသည်။ သိမှု ဝိဇ္ဇာဉာဏ် ဖြစ်ပေါ်လာလျှင် လောင်စာနှင့်မီး တွဲလျက်ချည်း ကျအောင် မလုပ်တော့ပေ။

ထို့ကြောင့် အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်ကြရမည်။ အဝိဇ္ဇာ ဘယ်က လာသတုန်း။ အာသဝေါက လာသည်။ အဝိဇ္ဇာမှာ မသိသော လက္ခဏာ ရှိသည်။ တွေဝေခြင်း ကိစ္စရှိသည်။ သစ္စာဉာဏ် မထင်အောင် ဖုံးလွှမ်းခြင်းသဘော ရှိသည်။ ထိုအဝိဇ္ဇာကို ဆရာကောင်း တွေ့နိုက်မှာ ဝိဇ္ဇာဖြစ်အောင် ပြောင်းနိုင်ရမည်။ [နှာ-၄၉၆] သာသနာမကွယ်သေး။ ထိုအချိန်တွင် သစ္စာထိုက်သော အဆုံးအမများကို နာခွင့် ရနိုင်သေးသည်။ [နှာ-၄၉၇] သစ္စာကို ဟောတတ်သော ဆရာတွေ ရှိနေသေးသရွေ့ သာသနာ ၅၀၀၀ ကျော်လည်း မကွယ်သေးဟု မိန့်သည်။ [နှာ-၄၉၈] ရဟန္တာ မဆိတ်သုဉ်းသေးသရွေ့ 'သစ္စာတရား မကွယ်သေး၊ ဒါကြောင့် သစ္စာတရားကို သိအောင် အဝိဇ္ဇာက ဝိဇ္ဇာဖြစ်အောင် ပြောနိုင်ပြနိုင်သော ပုဂ္ဂိုလ်တွေ ရှိသေးသည်။ ဝမ်းသာနိုင်သေးသည်။

ထို့နောက် သစ္စာတရား ထွန်းကားရာ လသာနေသော ဗုဒ္ဓဘာသာထဲ လူဖြစ်ရတာ ထူးခြားကြောင်း ဟောသည်။ [နှာ-၄၉၉] ဗုဒ္ဓဘာသာအပမှာ လောကသည် မှောင်အတိ ကျနေသည်။ ဒါကြောင့် ကွက်ကွက်ကလေး လသာနေတဲ့ အလင်းရောင် ရှိနေတဲ့ နေရာကို ရောက်နေနိုက်မှာ ဆရာသမား(ကလျာဏမိတ္တ) ပြောဆို ဆုံးမသည့်အတိုင်း လိုက်နာ ကျင့်ကြံကြဖို့ လိုကြောင်းဟောသည်။ ထို့နောက် ဝိဇ္ဇာဖြစ်အောင် ဟောတော့မည် ဖြစ်ကြောင်း မိန့်သည်။ သံယုတ်ပါဠိတော်ကို ကိုးကားပြီး ဟောသည်။

ဝိဇ္ဇာဆိုတာ ဘာလဲ၊ သစ္စာသိတော့ ဝိဇ္ဇာ၊ ဝိဇ္ဇာဖြစ်အောင် သစ္စာသိနည်းကို ပြောရမည်ဟု ဆိုပြီး 'စက္ခုဝိညာဏံ၊ အနိစ္စတော၊ ဓာနတော၊ ပဿတော သက္ကာယ ဒိဋ္ဌိ ပဟီယတိ၊ အဝိဇ္ဇာပဟီယတိ၊ ဝိဇ္ဇာ ဥဒပါဒိ' ပါဠိတော်ကို ထုတ်ပြသည်။ မျက်စိမှာ မြင်စိတ်ကလေး ပေါ်သည်။ ထိုသို့ ပေါ်ပြီး ပျက်သွားတာကို သိသိပေးရမည်။ (အနိစ္စတော၊ ဓာနတော၊ ပဿတော) မြင်စိတ်ကလေး ဖြစ်ပြီးပျက်တယ်ဟု သိသိနေရမည်။ ထိုသို့ သိအောင် ရှုနိုင်သော ပုဂ္ဂိုလ်အား၊ သက္ကာယဒိဋ္ဌိကို ပဟီယတိ= ပယ်လိုက်နိုင်၏။ ဒါတင်ပဲလား မဟုတ်ဘူး။ အဝိဇ္ဇာ ပဟီယတိ= အဝိဇ္ဇာကိုလည်း ပယ်နိုင်သည်။ [နာ–၅၀၁]

ဒါကြောင့် မြင်စိတ်ကလေး၏ ဖြစ်ပျက်ကို မြင်အောင် ရှုတတ်လျှင် ဒိဋ္ဌိကိုရော၊ အဝိဇ္ဇာကိုပါ ပယ်နိုင်သည်ဟု မှတ်ရမည်။ ပြီးမှ ဒိဋ္ဌိပယ်ပုံကို အကျယ်ရှင်းပြသည်။ မြင်စိတ်ကလေးတွေ တစ်ခုဖြစ်၊ တစ်ခုပျက်ပြီး ပြောင်းနေတာကို မြင်လျှင် မြင်စိတ်သည် တစ်ခုတည်းပဲ ခိုင်တယ်၊ မြဲတယ်ထင်သော သဿတဒိဋ္ဌိ စင်သည်။ မြင်စိတ်က မြင်နေတာပဲ၊ ပုဂ္ဂိုလ်က မြင်တာမဟုတ်ဘူးဟု သိလျှင် သက္ကာယဒိဋ္ဌိ စင်သည်။ မြင်စိတ် ဖြစ်ပျက်မြင်ကတည်းက ဒိဋ္ဌိလည်း ပယ်သည်။ ဒုက္ခသစ္စာကိုလည်း မြင်သည်။ [နာ–၅၀၄]

မိစ္ဆာဒိဋ္ဌိကို ပယ်လိုက်ပြီဆိုလျှင် သမ္မာဒိဋ္ဌိ ဖြစ်သွားပြီ။ သမ္မာဒိဋ္ဌိသည် ဝိဇ္ဇာဉာဏ်ပင် ဖြစ်၏။ [နာ–၅၀၅] မြင်စိတ်ပေါ်တိုင်း ဖြစ်ပျက်ရှု၊ ကြားစိတ်ပေါ်တိုင်း ဖြစ်ပျက်ရှု စိတ္တာနုပဿနာ ဖြစ်ပြီ။ စိတ်သည် ခန္ဓာအားဖြင့် ဝိညာဏက္ခန္ဓာ ဖြစ်သည်။ ခန္ဓာသည် ဖြစ်ပြီး ပျက်နေပုံကို သိသောအခါ မမြဲ(အနိစ္စ)ကို မြင်ရသည်။ ထိုသို့ မြင်လျှင် သက္ကာယဒိဋ္ဌိ ပြုတ်သည်။ ဒိဋ္ဌိပြုတ်တာလည်း ဝိဇ္ဇာဉာဏ် ပေါ်ခြင်းပင် ဖြစ်၏။

ဒါကြောင့် ဘာစိတ်ပေါ်ပေါ် ဖြစ်ပျက် ရှုပေးရမည်။ ခု သာသနာတွင် ပြောဟောတတ်သော ဆရာသမားလည်း ရှိ၊ မိမိတို့မှာ ထောင်တတ်သော နားလည်း ရှိနေခိုက်မို့ လုံ့လစိုက်ရမည်။ ကုသိုလ်စိတ်ကလေး ပေါ်လည်း ဖြစ်ပျက်ရှု၊ မရှုလျှင် ငါစွဲဝင်လာမည်။ [နာ–၅၀၉] ငါစွဲဝင်လာလျှင် ကုသိုလ်ရပါ၏။ နိဗ္ဗာန်မရ ဖြစ်သွားနိုင်သည်။ ဖြစ်ပျက် မရှုလိုက်လျှင် အဝိဇ္ဇာနှင့် ဒိဋ္ဌိတွဲပြီး ဝင်လာတတ်သည်။ ဒါကြောင့် ဘယ်စိတ်ပဲပေါ်ပေါ် ဖြစ်ပျက်သာ ရှုပါဟု တိုက်တွန်းထားသည်။ ဘာကြောင့် ရှုသင့်သလဲ။ ဒိဋ္ဌိပြုတ်ပြီး ဝိဇ္ဇာဉာဏ် ပေါ်ချင်၍ ဖြစ်သည်ဆို၏။ အဝိဇ္ဇာက ဝိဇ္ဇာဉာဏ် ဖြစ်သွားလျှင် ပဋိစ္စသမုပ္ပါဒ် အစကပင် ဖြတ်ပြီ။ [နာ–

၅၁၀] သံသရာ အစပြတ်ပြီ။ တဏှာ၊ သက္ကာယဒိဋ္ဌိ ပြုတ်လျှင် ပဋိစ္စသမုပ္ပာဒ်အလယ်က ပြတ်သည်။ ခန္ဓာကို လုပ်မည့် အဝိဇ္ဇာ တဏှာဒိဋ္ဌိချုပ်လျှင် ခန္ဓာပြတ်စဲပြီး ခန္ဓာသိမ်း(လောင်စာသိမ်း)လျှင် မီးငြိမ်းရတော့မည်။

ဒါဖြင့် လောင်စာသိမ်း မီးငြိမ်းတဲ့ တရားသည် ဝိပဿနာပဲ ရှိတယ် [နာ–၅၁၂]ဟု ဆိုထားသည်။ ထိုအခါ သမုဒယနှင့် ဒုက္ခသစ္စာကို ပယ်ပြီးသား ဖြစ်သွားသည်။ [နာ–၅၁၄] စိတ္တာနုပဿနာ အလုပ်သည် ဒိဋ္ဌိပြုတ်တဲ့ ကိစ္စမှာ အကောင်းဆုံး ဖြစ်သည်ဆို၏။ အပြင်ဒွေ့သည်စိတ်၊ အတွင်းဒွေ့သည်စိတ် အားလုံးကို ဝိပဿနာ ရှု၊ ဖြစ်ပျက်ရှု၊ စိတ်ပေါ်တိုင်း အကုန်ရှု ထိုသို့ရှုလျှင် ဖြစ်ပျက်တွေ မြင်လိမ့်မည်။ ဖြစ်ပျက်မြင်လျှင် သက္ကာယဒိဋ္ဌိ ပြုတ်ပြီ။ ဖြစ်ပျက်မြင်လျှင် ဝိဇ္ဇာမျက်လုံး ပေါ်ပြီ။ [နာ–၅၁၆] ဝိဇ္ဇာဉာဏ်ပေါ်လျှင် အဝိဇ္ဇာနှင့်တဏှာ ချုပ်သည်။ လောင်စာသိမ်း၍ မီးငြိမ်းသည်။ လောင်စာသိမ်းတာက ဝိဇ္ဇာမဂ္ဂင်ဟု ဆိုသည်။ [နာ–၅၁၆] မီးငြိမ်းတာလည်း ဝိဇ္ဇာမဂ္ဂင်ပင်။ လောင်စာသိမ်းတာက မဂ္ဂသစ္စာ၊ မီးငြိမ်းသွားတာက နိရောဓသစ္စာ ဖြစ်သည်။ [နာ–၅၁၇]

အချိန်စေ့၍ တရားသိမ်းသည်။

*

## ၁၂။ သစ္စာလေးပါး

[၁၀–၆–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်မှာ ဟောသော ညအလုပ်ပေးတရား]

'တရားနာတာ တရားအလုပ် လုပ်နေတာ' ဆိုသော စကားဖြင့် ဤတရားကို စတင် ဟောကြားသည်။ တရားမနာဘဲ တဏှာခိုင်းရာ၊ ဒေါသခိုင်းရာ၊ မာနခိုင်းရာ လုပ်နေကြတာက မတရား အလုပ်လုပ်နေကြတာဟု ဆိုသည်။ ဉာဏ်ပညာ အလိမ္မာ မရှိဘဲ အကုသိုလ်ဖြစ်သော အလုပ်မှန်သမျှ မတရားအလုပ်တွေပင် ဖြစ်သည်။ အတိတ်က တရားအလုပ်(ကုသိုလ်)တွေရော၊ မတရားအလုပ်(အကုသိုလ်)တွေပါ လုပ်ခဲ့ကြသည်။ ယခုဘဝ လူဖြစ်လာတာက တရားအလုပ်(အကုသိုလ်ကံ) တွေကြောင့် ဖြစ်သည်။ [နာ–၅၁၉] ယခုလူ့ဘဝမှာ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာ နေရတာ တရားက အကျိုးပေးနေတာဖြစ်ကြောင်း မိန့်ကြားသည်။ [နာ–၅၂၀]

ဓမ္မနှင့် အဓမ္မ(တရားနှင့် မတရား) နှစ်မျိုးပဲ ရှိသည်။ သံသရာခရီးမှာ တရား(ဓမ္မ)နှင့် မတရား(အဓမ္မ)သည် နောက်က လိုက်နေသော ခွေးနှစ်ကောင်နှင့်

တူသည်ဟု ဥပမာပြသည်။ [ နာ–၅၂၁ ] တရားနှင့် တူသော ခွေးက စောင့်ရှောက်သည်။ မတရားနှင့် တူသော ခွေးက လိုက်ကိုက်သည်။ ခွေးနှင့် ဥပမာပြသောကြောင့် အထည်က လိုက်နေသည် မဟုတ်။ ကံသတ္တိက လိုက်နေခြင်းကိုသာ ဆိုလိုသည်။ [ နာ–၅၂၂ ]

တရားသတ္တိ၊ မတရားသတ္တိ နှစ်မျိုးစလုံး ရှိသည်။ အကြောင်းအကျိုးအားဖြင့် ဖြစ်ပေါ်နေကြသည်။ တရားက အကျိုးပေးနေစဉ် ကျန်းမာ ချမ်းသာသည်။ မတရားက အကျိုးပေးသောအခါ ရောဂါအနာ ဖြစ်သည်။ ဆင်းရဲကျပ်တည်းသည် တရားက ထောက်ပံ့သောအခါ ကောင်းကောင်းမွန်မွန် နေရသည်။ မတရား အလှည့်ကြုံသောအခါ နာမကျန်းဖြစ်ပြီး ဗိုင်းဗိုင်းလဲသည်။ စင်စစ် တရားသော ကုသိုလ်ကံက အကျိုးပေးလျှင်လည်း ခန္ဓာ ဒုက္ခသစ္စာပဲ ဖြစ်သည်။ စီးပွားဥစ္စာရတနာတွေလည်း သစ္စာဖွဲ့လိုက်တော့ ဒုက္ခသစ္စာပဲ ရသည်။ မတရားသော ကံအကျိုးပေး၍ ဗိုင်းဗိုင်းလဲလျှင်လည်း ဒုက္ခသစ္စာပဲ ရသည်။ ဉာဏ်မျက်လုံးဖြင့် ကြည့်လျှင် တရားတာရော၊ မတရားတာရော ဒုက္ခသစ္စာပဲ ဖြစ်သည်။ [ နာ–၅၂၆ ]

ကုသိုလ်ကံ၊ အကုသိုလ်ကံ နှစ်ခုစလုံးသည် နောက်က လိုက်နေသော ခွေးနှစ်ကောင်နှင့် တူသည်။ ကံခွေးနှစ်ကောင်ဟု မှတ်ရမည်။ ကုသိုလ်ကံကလည်း ခန္ဓာဖြစ်အောင် လုပ်သည်။ ခန္ဓာရတော့ အိုဘေး၊ နာဘေး၊ သေဘေး ပါလာသည်။ ဒုက္ခသစ္စာပဲ ဖြစ်သည်။ အကုသိုလ်ကံ ခွေးမီလာတော့လည်း နှိပ်စက်သည်။ ပုထုဇဉ်သည် မသိနားမလည်ဘဲ ကံကောင်းချင်ကြသည်။ ကံဘယ်တော့ ကောင်းမလဲဟု မျှော်ကြသည်။ ကုသိုလ်ကံက အကျိုးပေးလည်း ဇာတိ၊ ဇရာ၊ မရဏာပဲ ဒုက္ခသစ္စာပဲ ရသည်။ [ နာ–၅၂၉ ] အကုသိုလ်ကံ အကျိုးပေးလည်း ဇာတိ၊ ဇရာ၊ မရဏာပဲ ရသည်။ ဒုက္ခသစ္စာချည်း ရသည်။ ကုသိုလ်ကံ အကျိုးပေး နေ့စဉ် ပြုံးနေကြသည်မှာ သစ္စာမသိ၍သာ ပြုံးနေကြခြင်း ဖြစ်သည်ဟု မိန့်ထားသည်။ [ နာ–၅၂၉ ] ဒါကြောင့် ကံခွေးနှစ်ကောင်၊ ဘယ်ခွေးကိုမှ မနှစ်သက်သင့်။

ဉာဏ်ရင့်လာသောအခါ သစ္စာ သိလာသောအခါ ကုသိုလ်၊ အကုသိုလ် ဘယ်ကံကိုမှ မကြိုက်တတ်တော့ပါ။ [ နာ–၅၃၀ ] သစ္စာ မသိသေးခင်မှာ လူ့ပြည်၊ နတ်ပြည် ကံအကျိုးပေးကို ကြိုက်နေတတ်ကြသည်။ သစ္စာသိမှ ကံအကျိုးပေး အားလုံး ဒုက္ခသစ္စာချည်းပဲဆိုတာ နားလည်ရသည်။ ဒါကြောင့် သစ္စာသိသော ဉာဏ်ရအောင် ဝိပဿနာအလုပ် လုပ်ပါဟု တိုက်တွန်းထားသည်။ [ နာ–၅၃၁ ]

ဝိပဿနာမဂ်နှင့် လောကုတ္တရာမဂ် ရပြီဆိုတော့ ကံဒွေးနှစ်ကောင်စလုံး သေအောင် သတ်နိုင်သည်။

ဤသစ္စာတစ်လုံး သိလျှင် သေပျော်ပြီ။ သံသရာတစ်လျှောက်လုံး သစ္စာ တစ်လုံးကို မသိခဲ့ကြ။ ကုသိုလ်၊ အကုသိုလ် နှစ်ခုနှင့်ပဲ ပြီးခဲ့ကြသည်။ ဤသစ္စာဉာဏ် အမြင်ကို ရှေးကသာ ရခဲ့ဖူးလျှင် သောတာပန် ဖြစ်တာ ကြာလှပြီ။ [နာ-၅၃၃] သစ္စာသိမှ သောတာပန် ဖြစ်သည်။ သစ္စာသိသော အဝိဇ္ဇာက ဖုံးနေတော့ ကုသိုလ်ကံ ကို ကြိုက်နေကြသည်။ ကံကောင်းတာ ကြိုက်နေကြသည်။ [နာ-၅၃၄] မသိကြိုက် ဖြစ်သည်။ ဒုက္ခသစ္စာမှန်း မသိလို့ လူ့စည်းစိမ်၊ နတ်စည်းစိမ်တွေကို ကြိုက်နေကြခြင်း ဖြစ်သည်။

ဒါကြောင့် သစ္စာမသိသော ပုဂ္ဂိုလ်မှာ သံသရာ ရှည်ရသည်။ [နာ-၅၃၇] ဝိပဿနာကို လုပ်၍ သစ္စာသိတော့မှ သံသရာဒုက္ခမှ ဝဋ်ကျွတ်သော ကုသိုလ်ကို လုပ်တော့မည်။ သစ္စာသိတဲ့ ကုသိုလ်မျိုးကို ရဲရဲလုပ်ပါဟု မိန့်ထားသည်။ ဒီကုသိုလ် က ဒုက္ခသစ္စာကို မရချင် မလိုချင်လို့ လုပ်တဲ့ ကုသိုလ်မျိုး ဖြစ်သည်။ သူက နိဗ္ဗာန်ကို အကျိုးပြုသည်။ သစ္စာမသိဘဲ လုပ်သော ကုသိုလ် ဒုက္ခသစ္စာကို အကျိုး ပေးသည်။ သစ္စာသိပြီး လုပ်သော ပုဂ္ဂိုလ်မှာ နိရောဓသစ္စာ(နိဗ္ဗာန်)ကို အကျိုးပေး သည်။ [နာ-၅၃၈] နိဗ္ဗာန်ကို ဆုတောင်း၍ မရ အသိဉာဏ်(သစ္စာဉာဏ်) ရှိမှရသည်။

အသိဉာဏ်က ပဓာနကျသည်ဟု မှတ်ရမည်။ ဒါန၊ သီလ လုပ်ရာမှာပင် သစ္စာသိပြီး လုပ်မှ နိဗ္ဗာန် အကျိုးပေးသည်။ ဝိဝဋ္ဋ ဖြစ်သည်။ သစ္စာမသိဘဲ လုပ်သော ဒါန၊ သီလသည် ဝဋ္ဋကုသိုလ်သာ ဖြစ်သည်။ ဤတရားမှာ လုပ်နည်း လုပ်ဟန် ပြောင်းလဲရန် ဟောသောတရား ဖြစ်ကြောင်း၊ ဒါန သီလ ပယ်တာ မဟုတ်ကြောင်း သတိပေး ဟောထားသည်။ [နာ-၅၄၀]

ခန္ဓာကိုယ်ကို ဝိပဿနာဉာဏ်နှင့် ကြည့်လိုက်တော့ ခန္ဓာငါးပါးသည် အားလုံး ဖြစ်ပြီး ပျက်နေကြသည်ကို တွေ့ရမည်။ ဖြစ်ပျက် ဘာသစ္စာလဲ။ ဒုက္ခသစ္စာ ဖြစ်သည်။ ဝိပဿနာ အလုပ်ကို လုပ်လို့ ဖြစ်ပျက်ကို မြင်လျှင် ခန္ဓာဒုက္ခသစ္စာမှန်း သိလျှင် ဤဒုက္ခခန္ဓာတွေကို ဘယ်သူမှ မလိုချင်တော့ ဒါနကိုလည်း ခန္ဓာကို မလိုချင်သော စိတ်ဖြင့် ပြုလုပ်မှသာ နိဗ္ဗာန်ကို အကျိုးပေးသည်။ ခန္ဓာကို ဉာဏ်နှင့် ကြည့်တော့ ဖြစ်ပျက် ဒုက္ခသစ္စာကို တွေ့လိမ့်မည်။ သစ္စာသိတော့ ဒီဒုက္ခသစ္စာကို မလိုချင်၊ မရချင်သော စိတ်ဖြစ်မည်။ အသိကို ရှေ့ထားပြီး၊ ဒါနကို နောက်မှ လုပ်သင့်သည်။

ဝိပဿနာလုပ်ကြည့်မှ ခန္ဓာဒုက္ခသစ္စာဆိုတာ ပေါ်လာသည်။ [နှာ-၅၄၂] ခန္ဓာကို မလိုချင်၊ မရချင်သော သစ္စာဉာဏ် ပေါ်လာမှ နိဗ္ဗာန်ကို ရသည်။ အတိတ်က သစ္စာ မသိဘဲ လုပ်ထားခဲ့ကြသော ကုသိုလ်တွေ၊ အကုသိုလ်တွေ အစုအပုံလိုက် ရှိသည်။ ထိုကုသိုလ်၊ အကုသိုလ်ကံတွေကို အကုန် ဖြတ်ကြရမည်။ [နှာ-၅၄၅] ခန္ဓာကို ဝိပဿနာ ရှုတော့ စိတ်လည်း ဖြစ်ပျက်၊ ဝေဒနာလည်း ဖြစ်ပျက်၊ ရုပ်လည်း ဖြစ်ပျက်ပဲလို့ သိ။

ထိုသို့သိလျှင် မြင်လျှင် ထိုအသိသည် ဝိပဿနာမဂ် ဖြစ်သွားသည်။ မဂ် ဝင်လိုက်တော့ ပဋိစ္စသမုပ္ပါဒ်စက်မှာ တဏှာ၊ ဥပါဒါန်၊ ကံတွေ အားလုံးပြတ်သည်။ ဝေဒနာနိရောဓာ၊ တဏှာနိရောဓာ ဖြစ်သွားသည်။ ဖြစ်ပျက် မြင်လိုက်တော့ နဂိုက ခန္ဓာကိုစွဲသော တဏှာ မလာတော့၊ မစွဲတော့ အနိစ္စမြင်တော့ စွဲသော တဏှာ ပြတ်ထွက်သွားသည်။ ဝိပဿနာက ကံကို ဖြတ်ချလိုက်သည်။ [နှာ-၅၄၆] ပစ္စုပ္ပန်ကံကို ဖြတ်လိုက်သည်။ ဝိပဿနာ မရှုဘဲ လွှတ်ထားလိုက်လျှင် ပစ္စုပ္ပန် တဏှာ ဥပါဒါန် ကံတန်းသွားတော့မည်။ ခုတော့ ဝိပဿနာ ရှုလိုက်သော ကြောင့် မဂ်ပေါ်ပြီး ကံကို ဖြတ်ချလိုက်သည်။ ကံကို ဖြစ်စေသောအကြောင်း ဥပါဒါန်၊ တဏှာက စဖြတ်လိုက်ခြင်း ဖြစ်သည်။ ဝိပဿနာအလုပ်သည် ကံဖြတ် သော အလုပ်ဖြစ်သည်။ [နှာ-၅၄၈] ကုသိုလ်ကံ၊ အကုသိုလ်ကံတွေ ရှိနေသမျှ ကံကြွေးတွေ ရှိနေသည်။ ကံကြွေးတွေ ကျေအောင် ခန္ဓာနှင့် ပေးဆပ်ကြရမည်။ ထိုကြွေး ကျေမှ ခန္ဓာအကျိုး မပေးတော့။ နိဗ္ဗာန်ကို ရနိုင်သည်။ [နှာ-၅၅၃]

ခန္ဓာမပေါ်မှ နိဗ္ဗာန်ပေါ်သည်။ ခုမှ တရား အရည်လည်သည်။ ပြီးမှ ဆရာ တော်ကြီးက ဝိပဿနာအလုပ်ကို မဂ်ဆိုက်အောင် လုပ်ပါဟု တိုက်တွန်းတော် မူသည်။ [နှာ-၅၅၃] ထို့နောက် ပဋိစ္စသမုပ္ပါဒ် သဘောအရ မြင်လျှင်စွဲ၊ စွဲလျှင် လိုချင်၊ လိုချင်လျှင် ရှာဖွေ၊ ရှာဖွေတော့ မရ ရအောင်လုပ်သည်။ ကံကြွေးတွေ တင်ပြီဖြစ်ကြောင်း ရှင်းပြသည်။ ဒါကြောင့် မြင်စိတ်ကလေးက စပြီး ဝိပဿနာ ရှုတတ်မှ ကံဖြတ်ပုံကို ပြသည်။ ဝိပဿနာ မဂ်ကသာ ပစ္စုပ္ပန်ကံကို ဖြတ်ပုံကို ပြသည်။ [နှာ-၅၅၇] လောကုတ္တရာမဂ်(ဖြစ်ပျက်အဆုံးကို မြင်သောမဂ်) ဖြစ်ပေါ် လာပါက အတိတ်ကံကြွေး ပစ္စုပ္ပန်ကံကြွေး အကုန်ကျေကြောင်း ဟောသည်။ ဒါကြောင့် လောကုတ္တရာမဂ် ရအောင် လုပ်ထိုက်ကြောင်း ဆုံးမသည်။

ပြီးမှ ဗြဟ္မာယုနတ်သား ဝတ္ထုကြောင်းကို ထုတ်ပြပြီး အသေမဦးခင် ဉာဏ်ဦးအောင် လုပ်ရန် တိုက်တွန်းထားသည်။ ပန်းခူးရင်း နတ်သက်ကြွေပြီး

ငရဲသို့ ကျသွားကြသော နတ်သမီးများအဖြစ် ကျန်သော နတ်သမီးများ ငရဲကျရဦးမည်ကို မြင်ပြီး ထိတ်လန့် သံဝေဂဖြစ်ကာ ဗြဟ္မာယုနတ်သား ဘုရားထံ နည်းခံပုံ၊ တရားအားထုတ်သဖြင့် သောတာပန် တည်ပုံ၊ ပစ္စုပ္ပန်ကံ၊ အနာဂတ်ကံ အားလုံးကို ဉာဏ်ဖြင့် ဖြတ်လိုက်ပုံကို ဝတ္ထုသာဓကဖြင့် ရှင်းပြထားသည်။ မဂ်ရကြောင်း ဝိပဿနာ အလုပ်ကို ကြိုးပမ်းလုပ်ဆောင်မှသာ ကံကြွေးအားလုံး ကျေနိုင်ကြောင်းကို ဟောရင်း အချိန်စေ့သဖြင့် တရားနားလိုက်သည်။

[မှတ်ချက်/ စာအုပ်အမှတ်စဉ်(၂)မှာလည်း သစ္စာလေးပါး တရားအမည်ဖြင့် ဟောကြားခဲ့သေးသည်။]

*

### ၁၃။ ဗာလပဏ္ဍိတသုတ်

[၁၁–၆–၆၂ မိုးကုတ်မြို့ မဂ်လာတိုက်မှာ ဟောသော ညအလုပ်ပေးတရား]

[မှတ်ချက်/ စာအုပ်အမှတ်စဉ်(၄)တွင် လူမိုက်နှင့် လူလိမ္မာထူးပုံ အမည်ဖြင့် ဟောခဲ့သည်။]

သာသနာတွင်း တရားကို ဟောမည်ဟု ဆိုကာ ဤတရားကို စတင် ဟောကြားတော်မူသည်။ ဒုက္ခချုပ်ကြောင်းကို ဟောတာ သာသနာတွင်းတရား ဖြစ်သည်။ ဒုက္ခဆက်ဖြစ်ကြောင်း တရားကို ဟောတာက သာသနာပတရား ဖြစ်သည်ဟု အဓိပ္ပာယ် ခွဲခြား သတ်မှတ်ပြသည်။

ထို့နောက် ဤကား သာသနာတွင်းတရား၊ ဤကား သာသနာပတရားဟု ခွဲခြားနိုင်ရန် တရားနာသူမှာ ဉာဏ်ချိန်ခွင်ရှိဖို့ လိုကြောင်းဟောသည်။ ဘယ်တရားကို နာသင့်သည်။ ဘယ်တရားကိုတော့ မနာသင့်ဟု ခွဲခြား သိမြင်ရန် ဉာဏ်ချိန်ခွင် ရရှိရေးအတွက် အံရှင်သာရိပုတ္တရာနှင့် သာရမဏ္ဍပရိဗိုဇ်တို့ အမေးအဖြေ လုပ်ပုံကို ကိုးကားပြထားသည်။

ပါဠိတော်မှာ 'အဘိနိဗ္ဗတ္တိဒုက္ခံ၊ အနဘိနိဗ္ဗတ္တိသုခံ' ဖြစ်သည်။ အဓိပ္ပာယ်မှာ နောင်တစ်ဖန် ပဋိသန္ဓေ နေရသော တရားသည် ဒုက္ခပေးသော တရားဖြစ်သည်။ နောင်တစ်ဖန် ပဋိသန္ဓေ မနေရသော တရားသည်သာ ချမ်းသာပေးသော တရား ဖြစ်ကြောင်း တရားကို အဆုံးအဖြတ် ပေးမည့်စံကို ထုတ်ပြသည်။ ပဋိသန္ဓေ နေစေသော တရားကို မနာသင့်၊ နာပြီး ကြိုက်နေလျှင် သစ္စာမသိလို့ဟု မှတ်ရမည်။

နာသင့်သည်မှာ ပဋိသန္ဓေ နောင်တစ်ဖန် မနေရသော တရားဖြစ်သည်။ [နှာ-၅၇၄] သံသရာမှာ ချောက်တွန်းချသော တရားကို မနာသင့်၊ ကယ်တင်မည့် တရားကို နာသင့်သည်။ ဤတရားကား ကောင်း၏။ ဤတရားကား မကောင်းဟု ခွဲခြားနိုင်ရန်မှာ ဉာဏ်ချိန်ခွင် လိုသည်။

ထိုဉာဏ်သည် သစ္စာသိသောဉာဏ် ဖြစ်သည်။ [နှာ-၅၇၇] သစ္စာဖြင့် ဝေဖန်တတ်ရမည်။ မဇ္ဈိမပဏ္ဏာသပါဠိတော်လာ 'ယောဂက္ခမံကာယံနိက္ခိပတိ' ဂါထာကိုလည်း ချိန်ခွင်အဖြစ် သုံးနိုင်သည်။ ထိုဂါထာအရ ဤကိုယ်ကို ချပြီးနောက် တစ်ပါးသော ခန္ဓာကို ယူပြန်၏။ ဤခန္ဓာ စုတိပြီးနောက် ပဋိသန္ဓေ နေပြန်သည်။ ထိုအဖြစ်ကို ငါဘုရားသည် အပြစ်အကြီးဆုံး သင့်ခြင်းဖြစ်သည်ဟု ဟော၏။ ဘဝတစ်ခုမှာ သေပြီး နောက်ဘဝ တစ်ခုမှာ ဇာတိပဋိသန္ဓေ နေရခြင်းသည် အပြစ်အကြီးဆုံးဟု မြတ်ဗုဒ္ဓ ဆုံးဖြတ်တော်မူသည်။ ထိုဆုံးဖြတ်ချက်ကို ဉာဏ်ချိန်ခွင်အဖြစ် သုံးနိုင်သည်။ [နှာ-၅၈၀]

သို့သော် သစ္စာကို မသိကြသူများက ဘုရားရှိခိုးလျှင် နောက်ဘဝ လူချမ်းသာ နတ်ချမ်းသာကို ရပါလို၏ဟု ဆုတောင်းနေကြခြင်း အမှားကို ဆရာတော်ကြီးက ဝေဖန်ပြသည်။ [နှာ-၅၈၄] ဘုရားသည် သားတော်ရာဟုလာကိုပင် ငါ ရခဲ့သော နိဗ္ဗာန်ကို မင်းလည်းယူတော့ဟု မပေးနိုင်၊ နိဗ္ဗာန်ရအောင် ရာဟုလာကိုပင် ကျင့်နည်းကိုသာ ပေးနိုင်သည်။ နိဗ္ဗာန်မဂ်ဖိုလ်ကို ဆုတောင်း၍မရ၊ ကျင့်ယူမှ ရသည့်အကြောင်းကို ဟောသည်။ တရားကိုလည်း ဟောရုံနာရုံဖြင့် မပြီးကြောင်း ကိုယ်တိုင် နာပြီး ကျင့်မှသာ အကျိုးခံစားရကြောင်းကို ဟောသည်။ တရားနာရုံဖြင့် ကုသိုလ်ပဲ ရမည်။ နိဗ္ဗာန်ကိုတော့ မရဘူးဟု မိန့်ထားသည်။ [နှာ-၅၈၉]

ပြီးမှ နိဗ္ဗာန်ရောက်ကြောင်း တရားကို ပြောတော့မည်ဟုဆိုကာ ဗာလပဏ္ဍိတသုတ်ကို ထုတ်ဖော်ပြီး ဟောသည်။ [နှာ-၅၉၀] ဗာလပဏ္ဍိတသုတ်သည် ကျင့်မှ ရကြောင်းကို သက်သေခံသော သုတ်ဖြစ်သည်ဆို၏။ [နှာ-၅၉၁] နိဒါနဝဂ္ဂသံယုတ် ပါဠိတော်လာသုတ် ဖြစ်သည်။ ဗာလလူမိုက်နှင့် ပဏ္ဍိတလူလိမ္မာမှာ ထူးခြားပုံမှာ လူမိုက်က မကျင့်၊ လူလိမ္မာက ကျင့်သည်။ တရားကို မကျင့်လျှင် မရ၊ ကျင့်မှ ရသည်ကို သိစေလို၍ ဟောခြင်းဖြစ်၏။

ဘုရားက ဇေတဝန် ကျောင်းတော်မှာ ရဟန်းများကို လူမိုက်နှင့် လူလိမ္မာ ဘာခြားနားသလဲဟု မေးခွန်း ထုတ်ခဲ့သည်။ ရဟန်းများက မဖြေနိုင်ဘဲ နေသည်။ လူမိုက်နှင့် လူလိမ္မာ ဘာထူးသလဲ။ ဘုရားအမြင်က ပုထုဇဉ်အမြင်နှင့် မတူ ပုထုဇဉ်

အမြင်က ကျောက်ကလေးအောင်၍ ငွေရလျှင် လူမိုက်က ရူးရူးမူးမူး သုံးဖြုန်းပစ်သည်။ လူလိမ္မာက စုဆောင်းသည်။ ထိုနှစ်ဦးသည် ဉာဏ်ချိန်ခွင်နှင့် ချိန်ကြည့်ပါက တဏှာကြောင့် သုံးသူနှင့် တဏှာကြောင့် စုသူပဲ ကွာသည်။ တဏှာအခြေက အတူတူပင် ဖြစ်သည်။ ဘုရားအမြင်မှာ ထိုသို့မဟုတ်၊ သံသရာမှာ အတိတ်ကံကြောင့် ပဋိသန္ဓေ ခန္ဓာရလာကြချင်းမှာတော့ လူမိုက်နှင့် လူလိမ္မာ အတူတူပင်။ လာပုံချင်းတူကြသည်။

အဝိဇ္ဇာသင်္ခါရကြောင့် ယခုဘဝ ဒုက္ခသစ္စာ ခန္ဓာကြီး ရလာကြချင်းကား အတူတူပင် ဖြစ်၏။ လာတာချင်း တူကြသလို လူမိုက်နှင့် လူလိမ္မာ ယခုဘဝမှာ ခန္ဓာငါးပါး ရတာချင်းလည်း တူကြသည်။ ပဋိစ္စသမုပ္ပါဒ်အရ သဠာယတန၊ ဖဿ၊ ဝေဒနာ ဖြစ်ကြတာချင်းလည်း အတူတူပင် ဖြစ်၏။ သို့သော် လူမိုက်က ဝေဒနာပစ္စယာတဏှာ ဖြစ်ပြီး သံသရာဆက်လည်သည်။ လူလိမ္မာကမူ ဝေဒနာပစ္စယာ ပညာဖြစ်ပြီး မဂ်ဖြင့် သံသရာ အဆက်ဖြတ်နိုင်သူ ဖြစ်သည်။

အလာတူသော်လည်း လူမိုက်နှင့် လူလိမ္မာ အပြန်ကြတော့ ကွဲပြား ခြားနား သွားသည်။ လူမိုက်က ကံလမ်းအတိုင်း သွားသည်။ လူလိမ္မာက ဉာဏ်လမ်းပေါ်မှာ သွားသည်။ ကံသမားနှင့် ဉာဏ်သမား ကွာခြားသွားသည်။ လူမိုက်က ပဋိစ္စသမုပ္ပါဒ် နှစ်အကွက်မှ သုံးအကွက်ကို ကူးသည်။ လူလိမ္မာက နှစ်အကွက်က သုံးအကွက်ကို မကူးအောင် ဉာဏ်ဖြင့် ဖြတ်တတ်သည်။ ဝေဒနာ ပစ္စယာ ပညာဖြစ်ပြီး မဂ်ဝင်လိုက်လျှင် တဏှာ မဖြစ်တော့ပေ။ တဏှာ နိရောဓဖြစ်ပြီး ချုပ်သွားသည်။ [နှာ-၆၀၄] ဝေဒနာကို သိမ်းဆည်းသော ပုဂ္ဂိုလ်က လူလိမ္မာ၊ ဝေဒနာကို မသိမ်းဆည်းသော ပုဂ္ဂိုလ်က လူမိုက်ဖြစ်သည်။

လူမိုက်နှင့် လူလိမ္မာ ဘယ်မှာ ခြားနားသလဲဆိုလျှင် ဘုရားက လူလိမ္မာက မဂ္ဂဗြဟ္မာစရိယကို ကျင့်သည်။ လူမိုက်က ဗြဟ္မာစရိယကို မကျင့်။ ဤတွင် ခြားနားသည်။ မဂ္ဂဗြဟ္မာစရိယ အကျင့်ဆိုသည်မှာ ဝိပဿနာအလုပ် ဖြစ်သည်။ ဝိပဿနာသည်သာ သာသနာတွင်းတရား ဖြစ်သည်။ မဂ္ဂဗြဟ္မာစရိယအကျင့်(ဝိပဿနာ) ဆိုတာ ခန္ဓာငါးပါးနောက်က မဂ္ဂဗြဟ္မာစရိယ အကျင့်လိုက်တာကို ဆိုလိုသည်။ ခန္ဓာငါးပါး၏ ဖြစ်ပျက်ကို မြင်အောင် ရှု၊ ခန္ဓာငါးပါးက ဒုက္ခသစ္စာ၊ မြင်တာက မဂ္ဂသစ္စာ ဖြစ်သည်။ လောကုတ္တရာမဂ် မရခင် ဉာဏ်စဉ်ဆိုတာတွေသည် ပုဗ္ဗဘာဂမဂ်ချည်း ဖြစ်သည်။ [နှာ-၆၀၉] ရှေ့မဂ် ဝိပဿနာမဂ်ပါမှ နောက်မဂ် လောကုတ္တရာ

မဂ်(သောတာပတ္တိမဂ်)ကို ရနိုင်ကြောင်း ဟောထားသည်။ [နှာ–၆၁၀] ကျင့်နည်းကြံနည်းကိုတော့ နက်ဖြန်မှ ဟောမည်ဆိုပြီး တရားသိမ်းထားသည်။

*

## ၁၄။ ဗာလပဏ္ဍိတသုတ်(အဆက်)

[၁၂–၆–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောကြားသော ည အလုပ်ပေးတရား]

ဗာလပဏ္ဍိတသုတ်သည် အလုပ်ပေးတရားဖြစ်ကြောင်းဖြင့် ဤတရားပွဲကို စတင် ဟောကြားတော်မူသည်။ ဤတွင် ဗာလလူမိုက်နှင့် ပဏ္ဍိတလူလိမ္မာ ဆိုသော ပြောရိုးစကားမှာ ပညတ်အလိုဖြင့် ပုဂ္ဂိုလ်ကို ယူသော်လည်း ‑စင်စစ်ပုဂ္ဂိုလ်ကို ယူသင့် မိုက်မဲသော တရား၊ လိမ္မာသော တရားအမြင် ဓမ္မသဘောကျသာ ယူရမည်ဖြစ်ကြောင်း ဟောကြားသည်။

အဝိဇ္ဇာတရားသည် မိုက်မဲသောတရား ဖြစ်သည်။ ပညာ(ဝိဇ္ဇာ) လိမ္မာသော တရားဖြစ်သည်။ တရားဓမ္မ အနေဖြင့်သာ ယူသင့်ကြောင်း ဗာလနှင့် ပဏ္ဍိတသည် အဝိဇ္ဇာနှင့် ဝိဇ္ဇာဖြစ်ကြောင်း ရှင်းထားသည်။ [နှာ–၆၁၅] လူမိုက်နှင့် မပေါင်းနှင့် ဆိုသည်မှာ ‘မိမိကိုယ်တွင်းမှာ အဝိဇ္ဇာဖြစ်အောင် မလုပ်နှင့်၊ ပညာရှိနှင့်ပေါင်း ဆိုတာက မိမိ၏ အဇ္ဈတ္တသန္တာန်မှာ ဝိဇ္ဇာ၊ ပညာဖြစ်ပေါ်လာအောင် လုပ်ဖို့ကို ဆိုလိုကြောင်း ရှင်းထားသည်။

ဝိပဿနာလုပ်၍ မဂ်ပညာ ပေါ်လာလျှင် အကုသိုလ်ကို ဖြတ်ချသည်။ အကုသိုလ်ဖြတ်လျှင် မင်္ဂလာဖြစ်သည်။ (မင်္ဂပါပံ လုနာတိ ဆိန္ဒတီတိ မင်္ဂလံ) ပါဠိတော်အရ အကုသိုလ်ကို ဖြတ်တာ မင်္ဂလာဆိုသောကြောင့် ပုဂ္ဂိုလ်ဟောတာ မဟုတ် ဓမ္မကို ဟောတာဟု ဆရာတော်က အခိုင်အမာဆိုသည်။ ဤတရားကို ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ တလွဲ နားလည်နေခဲ့ကြသည်။ ပုဂ္ဂိုလ်နှင့် ဓမ္မ မကွဲပြား ရှိခဲ့ကြသည်။

ဝိဇ္ဇာဉာဏ်ပညာ(မဂ်ဉာဏ်)နှင့် ဖြတ်မှ အကုသိုလ်(ကိလေသာတွေ) တဏှာ၊ ဥပါဒါန်ကံပြတ်သည်။ ပဋိစ္စသမုပ္ပာဒ် ဖြတ်သည်။ ဒါကြောင့် ဝိဇ္ဇာနှင့်ပေါင်း၊ ပညာနှင့်ပေါင်းမှ အကုသိုလ် အစဉ်ပြတ်သည်။ မင်္ဂလာဖြစ်သည်။ [နှာ–၆၁၈] ဗာလပဏ္ဍိတသုတ်အရ လူမိုက်က အဝိဇ္ဇာနှင့် ပေါင်းသဖြင့် နောက်ခန္ဓာရသည်။

လူလိမ္မာက ဝိဇ္ဇာ(ပညာ)နှင့် ပေါင်းသဖြင့် နောက်ခန္ဓာ မရဘဲ၊ အဓောတိ နိဗ္ဗာန်ကို ရသည်။ ဒါကြောင့် နေ့စဉ် အိပ်ရာက ထချိန်မှာ ဝိပဿနာဉာဏ် ဖြစ်ပျက်မြင်ပြီး အိပ်ရာက ထလျှင် မင်္ဂလာ၊ စားဖို့သောက်ဖို့ လုပ်ဖို့ကိုင်ဖို့ အမြင်နှင့် နိုးထလျှင် အမင်္ဂလာဖြစ်ပုံကို ရှင်းပြထားသည်။ [ နှာ–၆၂၁ ]

ပြီးမှ ဗာလက အဝိဇ္ဇာကို ဆိုလိုကြောင်း ပဏ္ဍိတက ဝိဇ္ဇာ(ပညာ)ကို ဆိုလိုကြောင်း ပုဂ္ဂိုလ်အနေနှင့် မယူသင့်ကြောင်း ဖော်ပြထားသည်။ ပြီးမှ ဗာလပဏ္ဍိတ သုတ်ကို အလုပ်ပေးတရားအဖြစ် ဟောသည်။ ပညတ်တင် ဟောလျှင် လူမိုက် မှာလည်း အဝိဇ္ဇာသင်္ခါရကြောင့် ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ ခန္ဓာငါးပါး ရသည်။ လူလိမ္မာလည်း အဝိဇ္ဇာသင်္ခါရက လာပြီး ပဋိသန္ဓေမှာ ခန္ဓာငါးပါး ရသည်။ လာလမ်းက အတူတူပင် ဖြစ်သည်။ ခန္ဓာငါးပါးကို အဝိဇ္ဇာသင်္ခါရက တည်ထောင်ခဲ့သည်။ သိကြား ဗြဟ္မာ ဘုရား အလ္လာဟ်က ဖန်ဆင်းသည် မဟုတ်။

သို့သော် ပဋိစ္စသမုပ္ပါဒ်အရ ဝေဒနာ နောက်က တဏှာ၊ ဥပါဒါန်၊ ကံ လိုက်လျှင် (ပဋိစ္စသမုပ္ပါဒ်တန်းလျှင်) လူမိုက်။ ဝေဒနာ နောက်က တဏှာ၊ ဥပါဒါန်၊ ကံ မလိုက်ဘဲဖြစ်လျှင် လူလိမ္မာဖြစ်သည်။ လူမိုက်က တဏှာ၊ ဥပါဒါန်၊ ကံနှင့် ပေါင်းသည်။ လူလိမ္မာက တဏှာ၊ ဥပါဒါန်၊ ကံနှင့် လမ်းခွဲသည်။ လူမိုက်က အဝိဇ္ဇာတဏှာနှင့် ပေါင်းသည်။ လူလိမ္မာက ဝိဇ္ဇာပညာနှင့် ပေါင်းသည်။ လူလိမ္မာက ဒုက္ခသိမ်းသည်။ လူမိုက်က ဒုက္ခဆက်သည်။ လူမိုက်က ဗြဟ္မာစရိယ အကျင့်ကို မကျင့်ဘူး။ လူလိမ္မာက ဗြဟ္မာစရိယ အကျင့်ကို ကျင့်သည်။ [ နှာ–၆၂၈ ] လူမိုက်က ဝိပဿနာ မရှုဘူးပြောတာဟုလည်း မိန့်သည်။ လူလိမ္မာက ဝိပဿနာ ရှုတော့ တဏှာ၊ ဥပါဒါန်၊ ကံ မလာတော့ပါ။

ဝေဒနာနိရောဓ ဖြစ်သွားသည်။ ဖဿ နောက်က မဂ်ဝင်လျှင် ဝေဒနာ နိရောဓ ဖြစ်သည်။ ဝေဒနာနောက်က မဂ်ဝင်လျှင်လည်း ဝေဒနာက တဏှာ မကူးတော့ပါ။ တစ်နည်း ဝိပဿနာ မရှုလျှင် ပဋိစ္စသမုပ္ပါဒ် ဆက်သည်။ ဝိပဿနာ ရှုလျှင် ပဋိစ္စသမုပ္ပါဒ် ပြတ်သည်။ ခန္ဓာဖြစ်စဉ်ကို သိသော မဂ်ဉာဏ်ပေါ်လျှင် ဘုရားပွင့်ခြင်းပင် ဖြစ်ကြောင်းလည်း ရှင်းပြထားသည်။ [ နှာ–၆၃၃ ] တစ်ဆက်တည်း မင်္ဂလာနှင့် အမင်္ဂလာကို ခွဲခြားပြသည်။

ထို့နောက် ဝိပဿနာ အလုပ်သွင်းပုံကို ဟောသည်။ ခန္ဓာငါးပါး ဒုက္ခသစ္စာ မြင်အောင် ဖြစ်ပျက်ရှုလျှင် သတိပဋ္ဌာန်လေးပါး အကုန်ပါသည်။ [ နှာ–၆၄၁ ] ဒုက္ခသစ္စာ တစ်လုံးပဲ ရှုစရာရှိသည်။ [ နှာ–၆၄၂ ] ဖြစ်ပျက်တစ်လုံးကို မှတ်ရမည်။

သတိပဋ္ဌာန်သုတ်မှာလည်း သမုဒယ ဓမ္မာနုပဿိဝါ၊ ကာယသ္မိံ ဝိဟာရတိ၊ ဝယဓမ္မာ နုပဿိဝါ ကာယသ္မိံ ဝိဟာရတိဟု ကာယ၌ ဖြစ်ပျက်ရှုဖို့ပင် ပြထားကြောင်း ပါဠိတော်ကို ထုတ်ပြထားသည်။ [နှာ–၆၄၅] ဝိပဿနာမှာ ဖြစ်ပျက်ရှုမှု အရေးကြီး ပုံကို ဆက်၍ဟောသည်။

ဖြစ်ပျက်ဆုံး နိဗ္ဗာန်မြင်ပုံကိုလည်း သဘောကျအောင် ဟောထားသည်။ [နှာ–၆၄၇] ဖြစ်ပျက်မြင်အောင် ရှုမှုသည် မင်္ဂကိစ္စ ပြီးမှုအတွက် အရေးကြီးကြောင်း ရှင်းပြထားသည်။ ဖြစ်ပျက်မြင်၊ ဖြစ်ပျက်မုန်း၊ ဖြစ်ပျက်ဆုံးအောင် ရှုဖို့ အရေးကြီး ကြောင်းလည်း ဆုံးမထားသည်။

ထို့နောက် စိတ္တာနုပဿနာ ရှုနည်းကို ဟောသည်။ ဤတွင် စိတ်ဆယ့်နှစ်မျိုး ကို ရှုဖို့ဟောသည်။ စာအုပ်ရှေ့ပိုင်းမှာ ပြထားသော·စိတ္တာနုပဿနာ ရှုပွားနည်းမှာ စိတ်၁၃ မျိုး ရှုဖို့ ပြထားသည်။ [နှာ–၆၅၄] စိတ်ကြိုက်ရာ စိတ်တစ်ခုကိုရှု၊ ဝိပဿနာ ဉာဏ်အဆုံးမှာ နိဗ္ဗာန်ကို မြင်သည်။ ဇော်မင်္ဂလမုတ္တမံဆိုတာ နိဗ္ဗာန်ရခြင်းကို ဆိုကြောင်း အဓိပ္ပာယ် ဖွင့်ဆိုထားသည်။ [နှာ–၆၆၁] ဤတွင် တရားပြီးဆုံးသည်။

*

## ၁၅။ စန္ဒာရှိရင် အိုမှာသေဘေး မလွတ်နိုင်

[၁၃–၆–၆၂ မိုးကုတ်မြို့ မင်္ဂလာတိုက်တွင် ဟောသော ညအလုပ်ပေးတရား]

ကိုယ့်ဒုက္ခ ကိုယ်သိမ်းချင်လို့ တရားနာနေကြတယ်လို့မှတ် ဆိုတာ ဤတရား ကို စတင် ဟောကြားတော်မူသည်။ ကိုယ့်သန္တာန်မှာ ဒုက္ခဖြစ်ကြောင်း တရား သမုဒယတွေ (တဏှာ၊ ဥပါဒါန်၊ ကံတွေ) ဖြစ်နေကြသည်။ ကံတွေဖြစ်တော့ ကမ္မဘဝပစ္စယာ၊ ဇာတိ၊ ဇရာ၊ မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသဆိုသော ဒုက္ခသစ္စာတွေ ဖြစ်လာရသည်။

ဒါကြောင့် ဒုက္ခက ကျွတ်ချင်လွတ်ချင်လျှင် ကိုယ့်သန္တာန်မှာ ဖြစ်နေသော ဒုက္ခဖြစ်ကြောင်း တရားတွေကို ဉာဏ်နှင့် ဖြတ်တတ်မှသာ ဒုက္ခသိမ်းနိုင်သည်။ [နှာ–၆၆၃] ဒါကြောင့် ကိုယ့်သန္တာန်မှာ ဖြစ်သော ဒုက္ခသည် သူများပြုသော ဒုက္ခမပါ။ ကိုယ်ပြုသော အကြောင်းကြောင့်ဖြစ်သော ဒုက္ခသာ ရှိသည်။ ဖွဲချက် မလွဲစေနှင့်ဟု သတိပေး ဆုံးမထားသည်။ [နှာ–၆၆၆] ဘယ်သူမှ မကယ်နိုင်ဘူး။ ဒုက္ခဖြစ်ကြောင်း သမုဒယတွေက ကိုယ့်သန္တာန်မှာ ဖြစ်နေကြသည်။ ထိုအကြောင်း တွေကို ကိုယ်တိုင် ဖြတ်မှရသည်။ ဖြတ်တတ်သော ဉာဏ်ရှိဖို့သာ အရေးကြီးသည်။

ဒုက္ခကို ကိုယ့်ဉာဏ်နှင့် ကိုယ်သိမ်းမှ ရသည်။ သိမ်းချင်လျှင် ကိုယ့်ခန္ဓာ ကိုယ်သုံးသပ်ကြရမည်။ သိဝိတိုင်းက ရဟန်းများကို မြတ်စွာဘုရားက ဟောခဲ့ဖူးသည်။ [*နှာ-၆၆၉*] (မှတ်ချက် ကိုယ့်ကိုယ်ကိုယ် သုံးသပ်ရေး တရားအကြောင်းကို ရှေ့မှာလည်း ဖော်ပြခဲ့ဖူးပြီ) ရဟန်းများက သုံးဆယ့်နှစ်ကောဋ္ဌာသ၊ ကေသာ၊ လောမာ၊ ဒန္တာ၊ တစောကို သုံးသပ်ကြောင်း ပြောကြသည်။ ဘုရားက အလိုမကျ၊ အဲဒီလို သုံးသပ်တာက သမထပဲ ရှိသေးသည်။ [*နှာ-၆၇၀*]

အရှင်အာနန္ဒာက အရှင်ဘုရား ဟောမှ သိရပါမည်။ ဟောတော်မူပါဆိုမှ ဘုရားက ဟောသည်။ မိမိခန္ဓာမှာ ဇရာက ရိုက်နှက်နေပုံ၊ မရဏာက သတ်ဖြတ်နေပုံကို ဟောသည်။ ဒီခန္ဓာထဲ ဇရာ၊ မရဏာ ဘာကြောင့် ရောက်နေပါလိမ့်။ တွေးရှုဆင်ခြင် သုံးသပ်စေသည်။ နိဒါနဝဂ္ဂသံယုတ်မှာ လာသည်။ ဇရာ၊ မရဏာ ဘယ်က လာသလဲ။ ခန္ဓာက လာသည်။ ခန္ဓာထဲက လာသည်။ ခန္ဓာထဲက တေဇော ကပဲ အိုအောင်၊ နာအောင် လုပ်ပြီး သေအောင်လည်း သူပဲ သတ်သည်။ ဒါကြောင့် သစ္စာဖွဲ့လိုက်တော့ ခန္ဓာသည်ပင် ဒုက္ခသစ္စာ ဖြစ်နေသည်။ 'သံခိတ္တေန၊ ပဉ္စုပါဒါနက္ခန္ဓာ ဘိဒုက္ခာ' ဖြစ်သည်။ [*နှာ-၆၇၈*] သေမင်း အိုမင်း ကိုယ်တွင်းမှာပင် ရှိကြောင်း ပေါ်အောင် ဟောပြသည်။ [*နှာ-၆၈၀*] ဒါကြောင့် ခန္ဓာရှိရင် အိုမင်း၊ နာမင်း၊ သေမင်း အမြဲရှိပုံကို ဉာဏ်နှင့် သုံးသပ်ကြည့်တတ်ရမည်။

မြေက ပေါက်လာသော မှို မြေပိပြီး သေရပုံ ဥပမာကို ပြသည်။ ပထဝီ၊ တေဇော၊ အာပေါရှိသော ကိုယ်မှာ ပထဝီကလည်း သတ်သည်။ အာပေါ၊ ဝါယော၊ တေဇောကလည်း သတ်သည်။ နိဗ္ဗာန်မှာတော့ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော မရှိ ဒါကြောင့် သေခြင်းလွတ်သည်။ အိုခြင်း၊ နာခြင်း လွတ်သည်။ အမတဆိုသော အမည်ကို ရသည်။ အိုမင်း၊ သေမင်း ဘယ်ကလာသလဲ။ ခန္ဓာက လာသည်။ ခန္ဓာ ဘယ်ကလာသလဲ ဆက်တွေးပါဦး။ ဆုတောင်းတဏှာက လာသည်။

သိုးတစ်ကောင် သေလျှင် နောက်သိုးတစ်ကောင်က လည်စင်းခံပြီး မိုက်နေကြသလို မိဘတွေက သေပြီ ဒါတောင် ကိုယ်က လူဖြစ်ရပါလို၏ ဆုတောင်းကြတုန်း ရှိသေးသည်။ သိုးမိုက် မိုက်နေကြသည်ဟု ဥပမာပြထားသည်။ [*နှာ-၆၈၅*] သစ္စာ မသိလို့ ဆုတောင်းနေကြတာ ဖြစ်သည်။ သစ္စာသိဖို့ အလွန် အရေးကြီးကြောင်း ဟောထားသည်။(သမ္မာသနသုတ်) ခန္ဓာအိမ် ဆောက်တာ တဏှာ လက်သမား ဖြစ်သည်။ [*နှာ-၆၈၉*] ထိုတဏှာကို အသေသတ်ရမည်။ တဏှာသေမှ ခန္ဓာ ပြတ်စဲမည်။

ခန္ဓာ မရမှသာ ဇရာ၊ မရဏ ကင်းဝေးမည်။ တဏှာကလည်း ဖဿဝေဒနာကြောင့် လာသည်။ မြင်လို့ခင်လို့ လိုချင်သော တဏှာ၊ စွဲလမ်းသော ဉပါဒါန် လာသည်။ ထိုတဏှာ မလာရအောင် ခန္ဓာဖြစ်စဉ်ကကို ဝိပဿနာ ရှုရမည်။ ဤ ခန္ဓာသည် အနိစ္စခန္ဓာ၊ ဒုက္ခခန္ဓာ၊ အနတ္တခန္ဓာ၊ ရောဂခန္ဓာဖြစ်ကြောင်း သိအောင် ဉာဏ်နှင့် ရှုမြင် သုံးသပ်တတ်ရမည်။ တဏှာ မလာအောင် ဝေဒနာကို ဝိပဿနာ ဉာဏ်ဖြင့် ဖြစ်ပျက်မြင်အောင် ရှုရမည်။ ဝေဒနာ ချုပ်ဆုံးသွားပုံကို မြင်လျှင် စိတ်ချုပ်ဆုံးသွားပုံကို မြင်လျှင် ဝေဒနာမှ တဏှာသို့ မကူးတော့ဘဲ တဏှာ နိရောဓ ဖြစ်သွားသည်။ တဏှာ သေသွားသည်။

ဘုရားက အဆိပ် ရောထားသော အရက်ကို မသောက်ဖို့ တားမြစ်ထားသည်။ ဝေဒနာချုပ်လျှင် တဏှာချုပ်သည်။ တဏှာချုပ်လျှင် ခန္ဓာချုပ်သည်။ [နှာ–၇၀၈] ခန္ဓာချုပ်ပြီဆိုလျှင် အိုမှု၊ နာမှု၊ သေမှု ချုပ်သည်။ နိဗ္ဗာန်ကို မျက်မှောက်ပြုတော့သည်။ ဝိပဿနာ ရှုရမည်။ စိတ်ကြိုက် စိတ်ရှု၊ ဝေဒနာကြိုက် ဝေဒနာ ရှုပါ။ ဖြစ်ပျက်မြင်အောင် ရှု၊ ဖြစ်ပျက်မြင်ပြီးလျှင် ဖြစ်ပျက်မုန်းပြီး၊ ဖြစ်ပျက်အဆုံး နိဗ္ဗာန်သို့ ဉာဏ်လှည့်သွားမည်။ ဉာဏ်က နိဗ္ဗာန်ဘက် လှည့်သွားသည်။ [နှာ–၇၁၀] 'အပရာပရံ မနသိကရောတော ဥပ္ပါဒံ အတိက္ကမိတွာ အနုပ္ပါဒံ ဩက္ကမတိ' ပါဠိဂါထာကို ကိုးကားထားသည်။ ဝိပဿနာမှာ မဂ်ကနေ လောကုတ္တရာမဂ်ဘက်သို့ ဉာဏ်လှည့်သွားပုံကို ပြထားသည်။ [နှာ–၇၁၂] ဖြစ်ပျက်ဆုံး နိဗ္ဗာန်ဖြစ်ကြောင်းဖြင့် တရားနိဂုံးချုပ်ထားသည်။

ဝ

**ဤတွင် အလုပ်စဉ်တရား စာအုပ်အမှတ်(၁၀) ပြီး၏။**